# ဝိပဿနာဉာဏတဋ္ဌဋီကာ

ရာမညရဋ္ဌဝါသီ၊ ဒွါရဝါဒီ၊ မဟာထေရ်ကျော်၊
ကျေးဇူးတော်သျှင်၊ အရှင်အုဂ်ဖိုဂ်ဆရာတော်ဘုရားကြီး၊
ရေးသားစီရင်တော်မူအပ်သော။

# ဝိပဿနဉာဏတ္တဒီ၊

စ ၁ တ န်း ၏ အ ဖွင့်

ပြည်ဒိစတြိုတ်ဆိုင်ရာ, မူလဒွါရမဟာနိကာယ
ဓမ္မသေနာပတိ
( အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့ခံ )
ပန်းတောင်း, ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူအပ်သော

# ဝိပဿနာဉာဏတ္တဒီဋီကာ။

ကျမ်းသည်

၁၂၉၉-ခုတပို့တွဲလပြည့်နေ့တွင် ပုံနှိပ်ပြီးစီးသည်။



# အဘိယာစကာ—ချောက်လွှာ။

အောက်စာရင်းပါ ဒါယကာတစုတို့က၊ ရှိသေစွာ ချောက်ထား တောင်းပန်ပါသည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ,ပန်းတောင်းဆရာတော်အရှင် မြတ်ဘုရား။ ။

ကျေးဇူးတော်ရှင် – အုဂ်မိုရ်ဆရာတော်ဘုရားကြီး၊ ရေးသားစီရင် တော်မူအပ်သော။ဝိပဿနာ,ဥာဏတစ်ကျ်၊အမည်ရှိသော ကျမ်းသည် ဆန်း ကြယ်လေးနက်သော သဘော,အနက် အဓိပ္ပါယ်တို့ဖြင့်။ ပြည့်နက်လျှက်ရှိ သော်လည်း။စာပေကျမ်းဂန်-ဓါတ်ခံ နည်းပါးကုန်သော လူပုဂ္ဂိုလ်တို့အား၊ အလုံးစုံနားမလည်နိုင်။အဓိပ္ပါယ် မထင်မမြင်နိုင်ရှိရပါသည်။ သို့အတွက် ထိုကျမ်း၏ပါဠိအနက် အဓိပ္ပါယ်စကားအစဉ်၊ မြင်တင်မြွက်သော ပုဒ် ဝါကျအားလုံးတို့ကိုပါအကျယ်တဝင့် အဖွင့်ဋီကာ ရေးသား၍ သနား ချီးမြှင့်ပါရန် ရှိသေစွာ ချောက်ထားတောင်းပန်ပါသည်။အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ခံ ပန်းတောင်းဆရာတော်ဘုရား။

| အမည်။ | အလုပ်။ | မြို့။ |
| --- | --- | --- |
| ဦးဘိုးတက် | ဆန်စက်ပိုင်သူဌေး | ရန်ကုန်မြို့လဏ္ဍာလမ်း။ |
| ဦးတူ | မြေပိုင်ရှင် | မိုလ်ကလေးမြို့။ |
| ဦးဩ | ဆန်စက်ပိုင် | ။ |
| ဦးစော | ဆန်စက်ပိုင် | ။ |
| ဦးကြွင်သိန်း | ဆန်စက်ပိုင် | ဒေးဒရဲမြို့။ |
| ဦးပျားချို | ဒေါ်ဆင်ဘဏ်မန်နေဂျာ | မိုလ်ကလေးမြို့။ |
| ဦးတင်ထွင် | M. A.,I. C. S. | ရန်ကုန်မြို့။ |
| ဦးစိန်ရှက် | ပညာမင်းကြီးအပါးတော်ဝန် | ။ |
| ဦးဘသန်း | ကိုယ်စားလည်ကြီး | ရန်ကုန်မြို့။ပုဇွန်တောင် |
| ဦးမောင်စိန် | ဆရာဝန် | ရန်ကုန်မြို့။ |
| ဦးအောင်ညွှန့် | သမဝါယမဉက္ကဋ္ဌ၊ဆံတော်ရှင်ဗုဒ္ဓဂေါပက | ပြည်မြို့။ |
| ဦးအောင်သိန်း | တီ–ဂျီ–ဘရားသားပိုင်ရှင် ရင်း | ။ |
| ဦးကျော်ဒင် | အရေးပိုင်မင်း | ။ |

| အမည်။ | အလုပ်။ | မြို့ |
| --- | --- | --- |
| ဦးဘိုးကြင် | ရာဇဝတ်ဝန်ကြီး | ပြည်မြို့။ |
| ဦးဘိုးစံ | ရာဇဝတ်ဝန်ကလေး | ။ |
| ဦးအောင်ခ | မြို့ဒင်ဟောင်း,သမာဓိမှုဝန် ပွဲစားကြီး | ။ |
| ဦးသစ် | သမာဓိမှုဝန် ပွဲစားကြီး | ။ |
| ဦးဘသန်း | မြို့ဒင်-မင်းတိုင်ပင်အမတ် | ။ |
| ဦးသာဒွန်း | ရေစစ္စရီဝန်ထောက်မင်း | ။ |
| ဦးရွှေနှံ | ၁-ရာဘက်တရားသူကြီး | ။ |
| ဦးဘဦး | နေ့ရှင်နယ်ကျောင်းဆရာကြီး | ရေနံချောင်းမြို့။ |
| ဦးလူကလေး | ကိုယ်စားလှယ်ကြီး | ပြည်မြို့။ |
| ဦးမောင်ထွန်း | လမ်းဒိုယ်ကြီး | သထုံမြို့။ |
| ဦးအောင်ခင် | ရွှေပြည်ဒိုးစာပုံနှိပ်တိုက်,မန်နေဂျာ | ပြည်မြို့။ |
| ဦးကျော်ဒင် | ပွဲစားကြီး | ။ |
| ဦးမောင်မောင် | ပွဲစား | ။ |
| ဦးမောင်ငွေ | ကုန်စာရေးဟောင်း | ။ |
| ဦးဘိုးလှိုင် | ဆီစက်ပိုင် | ။ |
| ဦးဘညွန့် | သစ်တောဝန်ထောက် | ။ |
| ဦးဘိုးသင်း | သစ်တောဝန်,အငြိမ်းစား | ငါးသိုင်းချောင်း။ |
| ဦးဘိုးကဲ | မြို့ဒင်,အငြိမ်းစားဝန်ထောက် | ။ |
| ဦးဗန်းဘော | ရာဘက်တရားသူကြီး | တွံတေးမြို့။ |
| ဦးစန်းမောင် | မြို့အုပ်မင်း | ပဲခူးမြို့။ |
| ဦးသာဒွန်း | ကျောင်းဒါယကာ | ပေါင်းခံမြို့။ |
| ဦးကံထော် | ကုန်သည် | ။ |
| ဦးဘိုးရှင် | မြေပိုင်ရှင် | ပန်းတောင်းမြို့။ |
| ဦးထွန်းရွှေ | မြေပိုင်ရှင် | ။ |
| ဦးဗန် | ကျောင်းဆရာကြီး | ။ |
| ဦးခင်မောင် | ကံထရိုက်ကြီး | ။ |
| ဦးလှရွှေ | ကံထရိုက်ကြီး | ရွှေတောင်မြို့။ |
| ဦးကျော်ဟန် | မြေပိုင်ရှင် | ပန်းတောင်းမြို့။ |
| ဦးမိုးမောင် | မြေပိုင်ရှင် | ။ |

## ဝိပဿနာဉာဏတန္တိဋီကာ ကျမ်း၏မှီငြမ်းတည်ရာ-ပါဠိတော် အဋ္ဌကထာ-ဋီကာ ,ကျမ်းစုတို့ကား။

| | | |
|---|---|---|
| ၁။ | ပဋိသမ္ဘိဒါမဂ် ........ | ပါဠိတော်။ |
| ၂။ | ၎င်း | အဋ္ဌကထာပါဠိ၊ |
| ၃။ | မူလပဏ္ဏာသ.... .... | ပါဠိတော်။ |
| ၄။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၅။ | မဇ္ဈိမပဏ္ဏာသ........ | ပါဠိတော်၊ |
| ၆။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၇။ | ဥပရိပဏ္ဏာသ .... .... | ပါဠိတော်။ |
| ၈။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၉။ | သုတ်သီလက္ခံ........ | ပါဠိတော်။ |
| ၁၀။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၁၁။ | သုတ်မဟာဝါ.... .... | ပါဠိတော်။ |
| ၁၂။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၁၃။ | သုတ်ပါထေယျ.... ... | ပါဠိတော်။ |
| ၁၄။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၁၅။ | သံယုတ် .... .... | ပါဠိတော်။ |
| ၁၆။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၁၇။ | ဇာတ် .... .... | ပါဠိတော်။ |
| ၁၈။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၁၉။ | သုတ္တနိပါတ် .... | ပါဠိတော်။ |
| ၂၀။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၂၁။ | ဝိသုဒ္ဓိမဂ် .... .... | အဋ္ဌကထာပါဠိ။ |
| ၂၂။ | မဟာဋီကာပါဠိ။ | |
| ၂၃။ | သင်္ဂဟ .... .... | အဋ္ဌကထာပါဠိ။ |
| ၂၄။ | ဝိဘာဝနီ .... .... | ဋီကာ။ |
| ၂၅။ | ဓမ္မသင်္ဂဏီ.... .... | ဋီကာ။ |
| ၂၆။ | အဋ္ဌသာလိနီ .... | အဋ္ဌကထာပါဠိ။ |
| ၂၇။ | ဝိဘင်း .... .... | ပါဠိတော်။ |
| ၂၈။ | သမ္မောဟ,ဝိနောဒနီ .... | အဋ္ဌကထာပါဠိ။ |
| ၂ ။ | ပဋ္ဌာန်း .... .... | ပါဠိတော်။ |
| ၃၀။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၃၁။ | ပါရာဇိကဏ်.... .... | ပါဠိတော်။ |
| ၃၂။ | ၎င်း | အဋ္ဌကထာပါဠိ။ |
| ၃၃။ | ပါစိတ် .... .... | ပါဠိတော်၊ |
| ၃၄။ | ၎င်း | အဋ္ဌကထာပါဠိ။ |

# ဝိပဿနာဉာဏတန္တိဋီကာကျမ်း။

## ( မာတိကာ )

| ဦးရေ နံပါတ် | အကြောင်းအရာ | စာမျက်နှာ နံပါတ် |
|---|---|---|

### ပဌမပိုင်း


၁၊ ဥပေါဒ္ဃာတနှင့်နိဒါနကထာ .... ....... .... (က)
၂၊ ဝိပဿနာဉာဏ်ဆယ်ပါးပါဠိ ........ .... ........ ၁။
၃၊ ခန္ဓာငါးပါး၌ သုံးသတ်ဆင်ခြင်ခြင်း(သမ္မသနဉာဏ်ဖြစ်ပုံ) ၁။
၄၊ ခန္ဓာငါးပါးတို့ ဖြစ်ခြင်းပျက်ခြင်းကို သုံးသတ်ဆင်ခြင်ခြင်း (ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ) ၂။
၅၊ ခန္ဓာငါးပါးတို့ ချုပ်ခြင်းပျက်ခြင်း၌ သုံးသတ်ဆင်ခြင်ခြင်း (ဘင်္ဂဉာဏ်ဖြစ်ပုံ) ၃။
၆၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၌ ဘေးရန်ကို ဆင်ခြင်ခြင်း (ဘယဉာဏ်ဖြစ်ပုံ) ၄။
၇၊ ခန္ဓာငါးပါးတို့၏ ပျက်ခြင်း၌ အပြစ်ဒေါသတို့ကို ထင်ခြင်း (အာဒီနဝဉာဏ်ဖြစ်ပုံ) ၄။
၈၊ ခန္ဓာငါးပါးတို့ ပျက်ခြင်း၏ အစွမ်းဖြင့် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း(နိဗ္ဗိဒါဉာဏ်ဖြစ်ပုံ) ၄။
၉၊ ခန္ဓာငါးပါးတို့ကို မီးပုံကြီးကဲ့သို့ ထင်၍ ထိုခန္ဓာတို့မှ လွတ်ရာလွတ်ခွင့်ကို ဆင်ခြင်ခြင်း(မုဉ္စိတုကမျတာဉာဏ်ဖြစ်ပုံ) ၄။
၁၀၊ ခန္ဓာငါးပါးတို့၌ အဖန်ဖန် အထပ်ထပ် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း၌ ပဋိသင်္ခါဉာဏ်ဖြစ်ပုံ) ၅။
၁၁၊ ခန္ဓာငါးပါးတို့၌ မုန်းခြင်း ချစ်ခြင်းကို ပယ်ဖျောက်၍လျစ်လျူ ဆင်ခြင်ခြင်း(သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ) ၅။
၁၂၊ ခန္ဓာငါးပါးတို့၌ လက္ခဏာရေးကို အာရုံပြု၍ (သစ္စာနုလောမဉာဏ်ဖြစ်ပုံ) ၅။
၁၃၊ ဝိပဿနာဉာဏ် (၁၀)ပါးတို့၌ ရွတ်ဘတ်သရဇ္ဈာယ်ရန် မှာထားခြင်း။ ၆။
၁၄၊ ဝိပဿနာဉာဏ်(၁၀)ပါးတို့တွင် သမ္မသနဉာဏ်၏အနက် ယောဇနာ ၆။
၁၅၊ ဥဒယဗ္ဗယဉာဏ်၏ အနက်ယောဇနာ ........ ........ ၁၃။

# ( မာတိကာ )


| ဦးရေ နံပါတ် | အကြောင်းအရာ | စာမျက်နှာ နံပါတ် |
|---|---|---|
| ၁၆၊ | ဘင်္ဂဉာဏ် အနက်ယောဇနာ .... .... | ၁၅။ |
| ၁၇၊ | ဘယဉာဏ်၏အနက်ယောဇနာ .... .... | ၁၆။ |
| ၁၈၊ | အာဒီနဝဉာဏ်၏အနက်ယောဇနာ .... .... | ၁၇။ |
| ၁၉၊ | နိဗ္ဗိဒါဉာဏ်၏အနက်ယောဇနာ .... ........ | ၁၈။ |
| ၂၀၊ | မုဉ္စိတုကမျတာဉာဏ်၏အနက်ယောဇနာ .... | ၁၈။ |
| ၂၁၊ | ပဋိသင်္ခါ နုပဿနာဉာဏ်၏အနက်ယောဇနာ ........ | ၁၉။ |
| ၂၂၊ | သင်္ခါရုပေက္ခာဉာဏ်၏အနက်ယောဇနာ ........ | ၂၀။ |
| ၂၃၊ | သစ္စာနုလောမဉာဏ်၏အနက်ယောဇနာ ........ | ၂၁။ |
| | **( ဒုတိယပိုင်း )** | |
| ၂၄၊ | ထောမနာနိဒါန်း ........ .... .... | ၂၃။ |
| ၂၅၊ | ဝံသာခဓောဟူသော ဂုဏ်ပုဒ်ကို ထုတ်ဆို၍ ချီးကြူးခြင်း | ၂၇။ |
| ၂၆၊ | သံဝရေဟူသော ဂုဏ်ပုဒ်ကို ထုတ်ဆို၍ ချီးကြူးခြင်း | ၂၈။ |
| ၂၇၊ | မူလပဋိညာအရာ၌ ဖွင့်ဆိုခြင်း .... ........ | ၃၀။ |
| ၂၈၊ | သန္တုဋ္ဌိဟူသော ဂုဏ်ပုဒ်ကိုထုတ်ဆို၍ ချီးကြူးခြင်း | ၃၂။ |
| ၂၉၊ | သဒ္ဓါဟူသော ဂုဏ်ပုဒ်ကိုထုတ်ဆို၍ ချီးကြူးခြင်း | ၃၃။ |
| ၃၀၊ | ဩကောဟူသော ဂုဏ်ပုဒ်ကိုထုတ်ဆို၍ ချီးကြူးခြင်း | ၃၅။ |
| ၃၁၊ | အန္တဂိယောဟူသော ဂုဏ်ပုဒ်ကို ထုတ်ဆို၍ ချီးကြူးခြင်း | ၃၇။ |


## ( တတိယပိုင်း )

# ( ဝိပဿနာဉာဏ်တန္တိဋီကာ )


| | | |
|---|---|---|
| ၃၂၊ | ဝိပဿနာဉာဏ်(၁၀)ပါးကို အကျယ်မဖွင့်ဆိုမီ ဝိပဿနာ လုပ်ငန်းနှင့်စပ်၍ မှတ်ဖွယ်စကားရပ်များကိုပြဆိုခြင်း | ၄၃။ |
| ၃၃၊ | ဝိပဿနာဉာဏ်(၁၀)ပါး အစီအစဉ်ကို ပြဆိုခြင်း | ၄၅။ |
| ၃၄၊ | ထိုငါးပါးတို့တွင် ရူပကမ္မဋ္ဌာန်းကို သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်ခြင်း | ၄၅။ |
| ၃၅၊ | အတိတ် အနာဂါတ်-ပစ္စုပ္ပန်ရုပ်တို့နှင့် ၎င်းတို့၏သင်္ချာ | ၅၀။ |
| ၃၆၊ | အဒ္ဓ-ဥတုဇ-သမယ-ခဏ စသည်တို့၏အစွမ်းအားဖြင့် အတိတ်-အနာဂါတ်-ပစ္စုပ္ပန်ရုပ်တို့ကို ဝေဘန်၍ပြခြင်း | ၅၂။ |

# ( မာတိကာ )


| ဦးရေ နံပါတ် | အကြောင်းအရာ | စာမျက်နှာ နံပါတ် |
|---|---|---|
| ၃၇၊ | ဒုက်လေးပါးအကြောင်း ........ ........ | ၅၅။ |
| ၃၈၊ | သုခုမရုပ်ကို ပြဆိုခြင်း .... .... .... | ၆၃။ |
| ၃၉၊ | ဟဒယဒုက်ကို ပြဆိုခြင်း ........ ........ ........ | ၆၄။ |
| ၄၀၊ | ဒွါရဒုက်ကို ပြဆိုခြင်း .... .... .... | ၆၆။ |
| ၄၁၊ | ဒွါရသင်္ကြေရုပ်ကို ခွဲခြားဝေဘန်၍ ဩကာသဟူသော ဖြစ်ရာအရပ်ကို စွဲ၍ ခွဲဝေခြင်း | ၆၈။ |
| ၄၂၊ | အတီတာဒိတ်ဖြင့် အနိစ္စာသမ္မသနဉာဏ်၌ဆင်ခြင်သုံးသပ်ခြင်း | ၆၉။ |
| ၄၃၊ | ရူပက္ခန္ဓာကို-တိက်-ဒုက်-အပြားတို့ဖြင့် ဝေဘန်၍ သမ္မသနဉာဏ်(၁၀)ပါးဖြစ်ပုံကို ပြဆိုခြင်း | ၇၁။ |
| ၄၄၊ | ဝေဒနက္ခန္ဓာ၌ သမ္မသနဉာဏ်ကို ပြဆိုခြင်း ........ | ၈၀။ |
| ၄၅၊ | သညက္ခန္ဓာ၌ သမ္မသနဉာဏ်ကို ပြဆိုခြင်း .... | ၈၉။ |
| ၄၆၊ | သင်္ခါရက္ခန္ဓာ၌ သမ္မသနဉာဏ်ကို ပြဆိုခြင်း ........ | ၉၃။ |
| ၄၇၊ | ဝိညာဏက္ခန္ဓာ၌ သမ္မသနဉာဏ်ကို ပြဆိုခြင်း ...... | ၉၆။ |
| ၄၈၊ | ရူပက္ခန္ဓာ၏အရာ၌ သမုဒယနိရောဓတည်းဟူသော ဥဒယဗ္ဗယကို ပြဆိုခြင်း | ၁၀၀။ |
| ၄၉၊ | စေတသိက်ခန္ဓာ ၃-ပါးအရာ၌သမုဒယနိရောဓတည်းဟူသော ဥဒယဗ္ဗယကို ပြဆိုခြင်း | ၁၀၈။ |
| ၅၀၊ | ဝိညာဏက္ခန္ဓာကို ပြဆိုခြင်း .... .... | ၁၁၀။ |
| ၅၁၊ | ဘင်္ဂါနုပဿနာဉာဏ်ကို ဖွင့်ဆိုခြင်း .... | ၁၁၇။ |
| ၅၂၊ | ဝိပရိဏာမ,ဝိပရိတ,နှစ်ပုဒ်ဖြင့် ထုတ်ဆိုအပ်သော ပရမတ်, ပညတ်မှတ်ဖွယ်အထူးကို ပြဆိုခြင်း | ၁၂၇။ |
| ၅၃၊ | အာဒီနဝဉာဏ်ကို ဖွင့်ဆိုခြင်း ...... ........ | ၁၂၉။ |
| ၅၄၊ | နိဗ္ဗိဒါဉာဏ်ကို ဖွင့်ဆိုခြင်း .... ........ | ၁၅၅။ |
| ၅၅၊ | မုဉ္စိတုကမျတာဉာဏ်ကို ဖွင့်ဆိုခြင်း .... | ၁၅၈။ |
| ၅၆၊ | ပဋိသင်္ခါနုပဿနာဉာဏ်ကို ဖွင့်ဆိုခြင်း .... | ၁၆၅။ |
| ၅၇၊ | သင်္ခါရုပေက္ခာဉာဏ်ကို ဖွင့်ဆိုခြင်း .... | ၁၈၆။ |
| ၅၈၊ | သစ္စာနုလောမဉာဏ်ကို ဖွင့်ဆိုခြင်း ........ | ၂၁၃။ |
| ၅၉၊ | နိဂုမ်း ........ ........ .... .... | ၂၇၀။ |



ဝိပဿနာ ဉာဏတက္ကိကျမ်းပြု၊ မူလဒွါရ,မဟာနိကာယ၏

**မူလ ပ ဘ၁၀-အာဒိကမ္မိက ဖြစ်တော်မူသော**

**ကျေးဇူးတော်သျှင်**

**အရှင်အုဂ်ဖိုရ် ဆရာတော်ကြီးဘုရားပုံတော်။**

# ဥယျောဇန,နိဒါနကထာ။

အနန္တဇိန,အသဒိသဟု၊သမန္တစက်၊ဘဝဂ်လျှံထိန်။ အစိန္တေယျ,ဂုဏ်ပေါင်းခဲသော၊ သမ္ဗုဒ္ဓဗောဓါး,စောဘုရား၏။ ဟောကြားမိန့်မှာ။ဒေသနာတော်မွေ့သည်။ ပဌမဗုဒ္ဓဝစန။မဇ္ဈိမဗုဒ္ဓဝစန၊ပစ္ဆိမဗုဒ္ဓဝစနအားဖြင့်။ ဌာနပိုင်းခြား၊သုံးပါးရှိရာဝယ်။ကုသိနာရုံ,အင်ကြွင်းပင်ပျိုစုံတို့၏အကြား၌။ခင်းထားအပ်သော၊ရတနာရောင်မောင်း၊ ရွှေညောင်စောင်းထက်ဝယ်။ စမ္ပါယ်တော်မူခိုက်။ အမြိုက်အမတံ၊ ထူးကဲလျှသော။နိဗ္ဗာန်ရွှေနန်းသို့၊ ကြွမြန်းအံ့ဆဲဆဲ၌။သတ္တဝါဝေနေယျ၊ဗိုလ်ချေခပဲတို့အား။ သတိသမ္ပဇည်၊ဉာဏ်ရှည်စွဲမြဲလျက်။ဝမ်းထဲနှလုံး။ မှတ်ပိုက်ကြိုးစိမ့်သောငှါ။ နောက်ဆုံးဩဝါဒ။အနုသာသန၏အဖြစ်ဖြင့်၊ ဖွင့်လှစ်ထုတ်ဖော်၊အမိန့်တော်ရှိခဲ့သည်ကား။ ။

ဟန္ဒ,ဒါနိ၊ဘိက္ခဝေ၊အာမန္တ,ယာမိဝေါ၊ ဝယဓမ္မာ,သင်္ခါရာ၊အပ္ပမာဒေန,သမ္ပာဒေထ။ ။ဟူသော,မဟာပရိနိဗ္ဗာနသုတ်လာဒေသနာသည်။ အဆုံးစွန်သော။ဒေသနာတော်မြတ်ပင်ဖြစ်၍။ ယင်းအဆုံးအမတော်သည်။ ပစ္ဆိမဗုဒ္ဓဝစန ဖြစ်ချေသည်။ထိုဒေသနာတော်ကို မြန်မာပြန်ဆိုမူ။ ။

ဘိက္ခဝေ၊ ဆိန္န,ဘိန္န,ပဋ္ဌ ခြောက်ဆူ၊ ဆောင်ရွက်မူသည်။ သူတော်တလွှား၊ ဒိုချစ်သားတို့ ဟန္ဒဒါနိ၊ ရွှေပြည်နိဗ္ဗာန်၊ စံဝင်ခါနီး၊ တိုင်ပြီးလုလု၊ ဤယခု၌။ အဟံ၊သင်တို့ဆရာ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ လာကြွ-လာကြွ-လာကြွအများ၊ ငါ့တရားကို။မျက်ဝါးတိတိ သိစေအံ့။သင်္ခါရာ,ကံ,အာဟာရ၊ စိတ္တ,ဥတုလေးခုအကြောင်း။ ပေါင်း၍ဖြစ်ကြုံ။တေဘုမ္မက၊သင်္ခါရတရားတို့သည်။ဝယဓမ္မာ၊ကုန်ပျောက်ပြုံးတီး။ပျက်စီးခြင်းသဘောရှိကုန်၏။အပ္ပမာဒေန၊မမေ့မလျော့။ မပေါ့မစား။ သတိအားနှင့်။သမ္ပာဒေထ၊ ကောင်းစွာကုန်လုံ ပြည့်စုံကြစေကုန်လော့။ ။

ဤသို့အနက်မြန်မာ၊ ယောဇနာအပ်သော၊ထိုဒေသနာကို ဥပမာပြဆိုရမူကား။ ဘဝတပါး၊ ပြောင်းသွားရအံ့သောအခါ၌။ မိဘနှစ်ပါးတို့သည်။ အလွန်တရာ ချစ်မြတ်နိုးစွာကုန်သော။သ္မီးသားတို့ကို မိမိတို့၏ အနီးအပါး၌ နေစေပြီးခါ။မှာထားရန် အသီးသီးတို့တွင်။ အရေးအကြီးဆုံး။နှလုံးပိုက်ဖွယ်ဖြစ်သော၊ ဩဝါဒစကားကိုသာလျှင်။ပဌါနထား၍။မြွက်ဆိုပြောကြားမှာထား၍ သွားကုန်သကဲ့သို့။ ထို့အတူလျှင်။ မဟာကရုဏာတော်သျှင်။သဗ္ဗညုဘုရားသခင်သည်လည်း။ လေးဆယ့်ငါးဝါ၊ ရှည်ကြာသမျှ။ကာလပတ်လုံး၊သာမုက္ကံသိက နိယျာနိက,ဒေသနာ၊ရတနာရွှဲ၊ ပုလဲပွင့်ပြုံး

တို့ကို၊ စိရယိသိကုံးသကဲ့သို့ ဆုံးမတော်မူရာ။ ဓမ္မခန္ဓာခပင်း၌။ လိုရင်းအချုပ် အချာသည်ကား။ သဒ္ဓါရဓမ္မတို့၏ ကုန်ပျောက်ပြုံးတီး၊ ပျက်စီးခြင်းသဘော ကို ဉာဏ်ဖော၍သိမ်းမွေ့။ တစေ့စေ့ဖြင့်။ မမေ့ မလပ်။ မပြတ်အစဉ်၊ အောက်မေ့ဆင်ခြင်ခြင်းသာလျှင် ပဋ္ဌာနဇနိက လိုရင်း အချက်ကြီးဖြစ် သတည်းဟု။ သိမ်းဆည်းစေရန် ထုတ်ပြန်သစ်သစ်၊ ခွန်းမိန့်လှစ်ခဲ့သော။ ပစ္ဆိမ ဗုဒ္ဓဝစနပေတည်း။ ထိုပစ္ဆိမ ဗုဒ္ဓဝစန စကားတော်အရကိုရင်း။ ။

မရဏမဉ္စေ၊ နိပ္ပန္နဿ၊ ကထာနာမ၊
ယာဝဇီဝံ၊ အနုဿရိတဗ္ဗာ။ ။

မရဏမဉ္စေ၊ သေရာညောင်စောင်း၌။ နိပ္ပန္နဿ၊ လျောင်းစက်သောသူ ၏။ ကထာနာမ၊ မိန့်ဆိုမြွက်ကြား၊ မှာထားခဲ့သော စကားမည်သည်ကို ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အနုဿရိတဗ္ဗာ၊ အစဉ်မပြတ်၊ အောက်မေ့အပ် ၏။ ။ဤသို့အလိုတော်ကျ၊ ဖွင့်ဆိုပြအပ်သော။ ပထေယျအဋ္ဌကထာသျှင်၏ သွန်သင်ဆုမ္မ၊ ဩဝါဒ စကားတော်အရကိုရင်း။ ထိုကဲ့သို့ ဟောဖေါ်ဖွင့်ပြ၊ အဆုံးအမတော်တို့ကို၊ မြတ်နိုးချီငေါ်၊ ရှိပူဇော်သျှက်။ ကော်ရော်ပျဝပ်၊ ရိုညွှတ်ဦးတင်၊ အမြဲပန်ဆင်လေ့ရှိတော်မူသော ကျေးဇူးတော်သျှင်၊ အရှင် ဆရာတော်ဘုရားကြီးသည်၊ ပွားစီးနှမူ၊ ဆယ်ဆူရင့်သန်၊ ဝိပဿနာဉာဏ်၏ ခန္ဓာအစဉ်၌၊ ဖြစ်အင်လုံးစုံ၊ သိမ်းဆည်းပုံကို အာရုံကျုန၊ သင်္ခါရတို့၏။ ခယ–ဝယ- ဖြစ်ခြင်းကို မြော်တင်း ရှေ့ရှုလျက်။ ဝိပဿနာ ဉာဏဘန္တီ, စာတန်းကို၊ ကြိုးပန်းတည်ထွင် စီရင်ရေးသားတော်မူခဲ့လေသတည်း။ ။ ယင်းသို့ ဇမ္ဗူဒိပ်ကျွန်းကြီး၏။ ပတ္တမြားဘီးရိပ်၊ ရောင်လျှံဖိတ်သျှက်။ အဝိန္တ သဏ္ဍာန္ဓ၊ ပဝိဝိဘ္ဘ,ပါပဂရဟိ၊ စရှိလုံးပုံ။ ဂုဏ်တော်အပေါင်းတို့၏။ ကောင်း စွာထွန်းသစ်၊ တည်ရာခေတ်အထူးဖြင့်။ ချီးကျူးခြင်းငှါ၊ စင်စစ်ထိုက်ပေ သော ကျေးဇူးတော်သျှင်၊ အရှင်အခုဂ်ဗိုရ်ဆရာတော်ဘုရားကြီးသည်။ အား သီးမှန်စွာ၊ ကသျာဏမိမုတ္တိက၊ ဝိသေသခေါ် နှလုံးတော်မြော်ဖြင့်။ အနာ ဂတ်ကာလ၌။ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့သည်။ ကောင်းစွာလေ့ ကျက်၊ နှုတ်ဘက်အာဂုံ၊ ဆောင်ယူကုန်လျက်။ ဆယ်စုံသော ဝိပဿနာဉာဏ် ဖြစ်ဟန်အစီအစဉ်ကို၊ မိမိကဲ့သို့။ ပျက်ပျက်ထင်ထင်၊ သိမြင်စိမ့်သောငှါ၊ စီရင်ရေးသား ထားတော်မူခဲ့သည့် အားလျော်စွာ။ ထိုဝိပဿနာဉာဏ တန္တိစာကိုယ်ကိုရင်း၊ ထိုစာကိုယ်၌လျှို့ဝှက်ခက်ခဲနက်နဲသိမ်မွေ့လှသော နိပုဏသဘာဝတို့ကို၊ အကျယ်တဝင့်၊ ဖွင့်ပြပါမည်အကြောင်းဖြင့်။ ဒါယကါ

အပေါင်းတို့က၊ တောင်းပန်လျှောက်ထားအပ်သည်ဖြစ်၍၊ အဖွင့်သံဝဏ္ဏနာ။ ကျမ်းလာစကားတို့နှင့်အညီ။ လဗ္ဘိပေသလ၊ သိက္ခါကာမ ပိဋကတ္တယဆောက ဂန္ထန္တရ ဗဟုသုတ၊ အဂ္ဂမဟာပဏ္ဍိတ လစ္ဆနဘွဲ့ယင်၊ ဂုဏ်ထူးဆင်အပ်သော၊ ငါတို့ကျေးဇူးသျှင်၊ အရှင်ပန်းတောင်း ဆရာတော်ဘုရားသည်။ ချဲ့ထွင်စီရင်ရေးသားအပ်သော ဝိပဿနာဉာဏဘာသ္ကိ စာကိုယ်၏ဋီကာကို ၎င်း။ ဤကဲ့သို့စာကိုယ်နှင့်တကွ အဖွင့်ဋီကာတို့ကို၊ ပြည်မြို့-သိရိမင်္ဂလာရုမ်တိုက်ကြီး၏။ ဦးစီးနာယက၊ ပရိယတ္တိမာမက၊ ဂဏဝါစက ရူရနှစ်ပါး။ ပွားများအားထုတ်လျက်ရှိသော။ ဘဒ္ဒန္တဝိရက္ကာဒ္ဓ၊ ဘိဓါနဖြင့် မွက်ဟချီးကျူး။ ကျေးဇူးတော်သျှင် ဆရာရှင်တို့ နှုတ်မင်္ဂလာ သညာသတ်မှတ်၊ ပညာဝတ်ပုံယင်၊ ဘွဲ့ထူးဆင်သော အကြင်ငါသည်၊ ကောင်းစွာစီစဉ် အက္ခရာမင်တို့ဖြင့်၊ စက်တင်ပုံရိုက်၊ ဖြန့်ဝေလိုက်သည်ကို နှစ်ချိုက်ကြည်ဖြူ။ ရှင်လူရဟန်းတို့သည်။ ရှင်လမ်းနှစ်သက်၊ နေ့မပျက်ဘဲ။ လေ့ကျက်နိုင်ကြပါစေကုန်သတည်း။

ဘဒ္ဒန္တ၊ ဝိရက္ကာဒ္ဓ၊
သိရိမင်္ဂလာရုမ်တိုက်။
ပြည်မြို့။

# ဝိပဿနာဉာဏ်ဆယ်ပါးအမွှန်း ၃ ဂါထာ။

၁။ အနမတဂ္ဂသာဂရေသဒ္ဒါ၊ ဘယာဒိကိစ္စော့ဝအဘူတဘူတာ။
သဗ္ဗေတာဝပုနပ္ပုနာဝဋ္ဋာ၊ ခေမံယာဝစနုဂမိသင်္ခေ့။ ။
၂။ ဘယာဒိကိစ္စော့မိတတောဝဆေတွာ၊ ပဒုဋ္ဌတုတြုံသဖီနာဝိပါရံ။
ဗဟုံဗဟုနေ့ာအရိယာဟိတေသံ၊ နိဗ္ဗာနသောပါနမဟာဝိမုက္ခံ။ ။
၃။ တံတံမဂ္ဂဖလမဂ္ဂံ၊လက္ခဏာညာဏာဘာဝနံ။
အဖွသံဝေဂစိတ္တံဝ၊ ဘောဘာဝေတွာဘယောဝတံ။ ။

## ရှင်းအနက်။

သဗ္ဗေအသေသကော၊ကြွင်းမဲ့လုံးရုံ၊ ခပ်သိမ်းကုန်သော၊ အဘူတဘူတာ
ရုပ်ကိုယ်ခန္ဓာမဲ့၊ချုတ်ဲ့သောအါး၊မထင်ရှားကုန်သော၊စတုဝေါကာရ၊အရူပ
သတ္တဝါ၊ရုပ်ကိုယ်ခန္ဓာများ၊ဖြစ်သောအားဖြင့်၊ ထင်ရှားကုန်သော၊ ပဉ္စဝေါ
ကာရကာမရူပသတ္တဝါ။ ဧကဝေါကာရအသညသတ် သတ္တဝါတို့သည်၊
ယာဝစယတ္တကံကာလံ၊ အကြင်ရွေ့လောက်၊မျက်မှောက်ထင်ထင်၊ သစ္စာ
တရား၊မြတ်လေးပါးကို၊ ပိုင်းခြားကုန်စင်၊ မမြင်သမျှ၊ကာလပတ်လုံးလျှင်။
ခေမံအဘယံ၊ဘေးမရှိမှန်၊မြတ်နိဗ္ဗာန်သောင်ကမ်းသို့၊ နုဂမိသင်္ခေ့၊ ကူး
သန်းထုတ်ချောက်၊မရောက်ရကုန်သေး။ တာဝတတ္တကံကာလံ။ ထိုသို့ ကူး
သန်းထုတ်ချောက်၊ မရောက်သမျှ၊ ကာလပတ်လုံးပင်၊ သဒါသဗ္ဗကာလံ၊
ဖြစ်ပျက်ကြုံလာ၊အကမ္ဘာဘာ၊ အခါခါတိုင်း၊ ဘယာဒိကိစ္စော့ဝ၊ ဘဝအ
ထူးထူး၊ပြောင်းကူးဖေါက်ပြန်၊ပဋိသန်မကင်း၊ဆင်းရဲခြင်းဟု ဆိုအပ်သော
ဇါတိဒုက္ခ၊ထင်ရှား-မထင်ရှားသောအားဖြင့်၊နှစ်ပါးရုပ်ကို၊အိုရခြင်းတည်း
ဟူသော ဇရာဒုက္ခ၊မန္တာဒိဋ္ဌ၊စသည်ဆယ်ပါး၊အပြားအားဖြင့်၊ ဘောက်ပြား
ရွတ်ယို၊အိုခြင်းတည်းဟူသောဝယဒုက္ခ၊ ကိုးဆဲ့ခြောက်ဖြာ၊ ရောဂါခပင်း
နှိပ်စက်ခြင်းတည်းဟူသော၊ ဒုက္ခဒုက္ခ၊ အာယုသက်တမ်း၊ မလှမ်းမဆက်၊
အသက်နှင့်ကိုယ်။တိုပျက်ရခြင်းတည်းဟူသော၊ဝိပရိဏာမဒုက္ခ၊နာမ်ရုပ်အ
သက်၊ သုံးချက်ခဆောင်ယ် လွယ်ကူပြုန်းတီး၊ ပျက်စီးရခြင်းတည်းဟူသော၊
သင်္ခါရဒုက္ခ၊လယ်ယာကိုင်းလုပ်၊မုဆိုးတံငါ၊မင်းမှာခညောင်း၊လူအပေါင်း
နှင့်၊ ရောင်းဝယ်ဖေါက်ကား၊ကုန်ကစားသူတို့၏၊ဆူလှယ်မပျက်၊ အသက်
မွေးရန်၊ရှာကြံရခြင်းတည်းဟူသော ပရိယေသနဒုက္ခ၊မချစ်သသူ၊လူနှင့်တ
ကွ၊ပေါင်းပေါ်ရခြင်းတည်းဟူသော၊အပ္ပိယသမ္ပယောဂဒုက္ခ။ချစ်သူနှင့်ပေ၊

အတုမနေ၊ကွေ့ကွင်းရခြင်းတည်းဟူသော၊ ငယ်ဝိပ္ပယောဂဒုက္ခ၊ သမ္ပတ္တိ ခဏ်တ၊သမုန္ဒြေဒအားဖြင့်၊ သုံးပါးသောသေခြင်းဟု ဆိုအပ်သော၊မရဏ ဒုက္ခ၊ဆာလောင်မွတ်သိပ်၊အဆိပ်နှင့်မြွေ၊မီးရေ လက်နက် အားဖြင့်၊ ခုနစ် ပါးသော သေခြင်းဟု ဆိုအပ်သော မရဏဒုက္ခ။ သလိပ်သည်းခြေ၊ လေ ကြီးဒေါသ၊ အာဟာရ ဥတု၊ ဥပက္ကမ ဝိပါကအားဖြင့်၊ ရှစ်ပါးသော သေ ခြင်းဟု ဆိုအပ်သော။ မရဏဒုက္ခ၊ ငရဲတိရိစ်၊ ပြိတ္တာ အသူရကာယ်၊ အပါယ်လေးပါးတို့၌၊ကြီးမားသော ဆင်းရဲခြင်းဟု ဆိုအပ်သော၊ အပါယ ဒုက္ခ၊ ဩကာသလောက၊ ဘဝန္တောင်အိမ်၌၊ ပူရှိန်မစဲ ဆင်းရဲအစုံစုံ အပုံပုံ အခန်းခန်း၊ ဘေးဘျမ်းအပေါင်းတို့သည်၊ ကောင်းစွာရောနှောက်၍၊ ထက် အောက်ချောက်ချားလျက်၊ ဘမ်းစားနှိပ်စက်ရာဖြစ်သော။ အနမတဂ္ဂသာ ဂရေ၊ အစအမြိတ်၊ စွန်းရိပ်မထင်၊ မမြင်တိမ်မြုပ်သော။ သမုဒ္ဒအဏ္ဏဝါ၊ သံသရာရေကြော၌။ ပုနပ္ပုနာဝဋ္ဋာ၊ ရှောင်တခင်ခင် စုတ်စုက်ငင် ဝင် မြော၍၊ ပေါလော ကြီမ်ဘန်နှင့်။ မရဏာသန်၊ ဓောင်းတန် ကြွေပျက် သဖြင့်၊ကြောက်မက်လန့်ဘွယ်၊ ကျယ်လောင်လောင် ဟစ်ကြွေး လျက်။ သေဘေးကြီး ကိုယ်စီရောက်ကုန်ပြီ။ သဖိနာပါ၊ ၆၂ ဖြာ၊ မိစ္ဆာအစွဲရှိ၊ များ ဒိဋ္ဌိနှင့်၊ ကပ်ငြိပါသဏ္ဍာ၊ ထိုမှတသွန်၊ ငါးပါးမာရ်ကို၊ လုပ်ကြံအောင်မြင်၊ ဘုရားရှင်တည့်။ ဓမ္မဋ္ဌရ၊ သုံးလောကမျက်မှန်၊ သယမ္ဘူဦး၊ အမှူးလည်း ရှိတော်မူကုန်သော။ ဗဟုံဗဟုနေ၊ အင္ဂမဟာ၊ ငယ်စွာပကတိ၊ မုနိသုံး ပါး၊သရုပ်အားဖြင့်၊များမြတ်ကုန်သော၊ အရိယာဟိ အရိယာပန၊ သူတော် မြတ်စွာ အရိယာပုဂ္ဂိုလ်တို့သည်ကား။ တေဘယာဒိကိစ္စေပိ၊ ထိုသမုဒ္ဒ အဏ္ဏဝါ၊ သံသရာရေကြော၌။ ရောနှောချောက်ချားလျက်။ ဘမ်းစားနှိပ် စက်ကြံကုန်သော၊အဖုံဖုံ အခန်းခန်း၊ ဘေးဘျမ်း အပေါင်း တို့ ကိုလည်း။ ဆေတွာဝ၊ သမုန္ဒြေဒပဟာန်၊ မဂ်လေးဉာဏ်၊ သန်လျက်ထားဖြင့်၊ ငယ် ရှားချုတ်ထွင်၍သာလျှင်။တတော၊ ထိုသမုဒ္ဒအဏ္ဏဝါ၊ သံသရာရေကြောမှ။ ပါရံဝါ ဒူ့ပုဉ္ဆတိရံ၊ ထောက်မှီစွဲလမ်းရာ၊ သောင်ကမ်းသဘွယ် ဖြစ်သော။ ပဒန္တံ၊ ဘေးမရှိမှန်၊ မြတ်နိဗ္ဗာန်သောင်ကမ်းသို့။ ဥတြုံ၊ ကူးမြောက်ရုံညီ ရောက်ကုန်ပြီ။ ဘောမာရိသာ၊ ဘော်ရွှေတသင်း၊ ဒါ်သားချင်းတို့။ အဇ္ဇ ဣမသ္မိံကာလေ။ စည်းဝေးညီညာ၊ ဤအခါ၌။တေသံ၊ထိုသူတော်မြတ်စွာ အရိယာ ပုဂ္ဂိုလ်တို့၏။ နိဗ္ဗာနသော ပါနမဟာဝိမုတ္တံ၊ ဝိမောက္ခထူး၊ နိဗ္ဗာန်သောင်ဦးသို့ ကူး ရောက်ရာ လမ်းကြောင်း။ မြစောင်းတန်း ရွှေ ပြာသာဒ်၊ တံခါးမြတ်သဘွယ်လည်း ဖြစ်ထသော။ တံတံမဂ္ဂဖလမဂ္ဂံ၊ထိုထို

တသင်း၊ရန်ခပင်းတို့၊ ပျောက်ကင်းမြုပ်တိမ်၍၊ ချမ်းငြိမ်းသာမော၊မဂ်ဖိုလ်ဓောရှစ်အင်။ တန့်နားပျော်စံရာ စခန်းခွင်သို့၊ ချောက်ဝင်ရာစင်စစ်၊ နတ်လမ်းမသဘွယ်လည်း ဖြစ်ထသော။ တံလက္ခဏာဉာဏဘာဝနံ၊ ထိုဝိပဿနာဉာဏ် ဆယ်တန်ဆင့်ပွား၊ ဖြစ်အင်များကို။ သံဝေဂစိတ္တံဝ၊ သူငါတို့ကိုယ်ခန္ဓာ၊ သံသရာရေကြော၊ မျောအံ့သော အခရေး၌။ ဘေးဘျမ်းကြီးရောက်သကဲ့သို့၊ကြောက်လှသော၊ သံဝေဂစိတ်ကိုသာ ချှင်။ ဘာဝေတွာ၊ ဣဿာကင်းကွာ ဉာဏ်ပညာဖြင့်၊ ကောင်းစွာထင်ရှား၊ပွါးစေကုန်၍။ မယံ၊ ငါတို့သည်။ ဘဏာမ၊ သာယာနှုးညှံ့၊ ရွတ်ကုန်အံ့။ ။

ဝိပဿနာအမွှန်းပြီး၏။



ဝိပဿနာ ဉာဏတန္တိဒီပိကာကျမ်းပြု–ဆဋ္ဌသင်္ဂါယနာတင်
နိုင်ငံတော်ဩဝါဒါစရိယ သံဃနာယက အဂ္ဂမဟာပဏ္ဍိတ

**ကျေးဇူးသျှင် ပန်းတောင်းဆရာတော်ဘုရား**
**ပုံတော်။**

# ဝိပဿနာဉာဏ်တော်

## ဝိပဿနာဉာဏ်ဆယ်ပါးပါဠိ။

### ခန္ဓာငါးပါး၌ သုံးသပ် ဆင်ခြင်ခြင်း
### သမ္မသနဉာဏ်ဖြစ်ပုံ။

ဣဒံမေရူပံ၊ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓံဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ၊ ပဏီတံဝါ၊ ယံဒူရေသန္တိကေဝါ၊ ခယဋ္ဌေန၊ ဝယဋ္ဌေန၊ အနိစ္စံ၊ ဘယဋ္ဌေန၊ ပိဠနဋ္ဌေန၊ ဒုက္ခံ၊ အသာရကဋ္ဌေန၊ အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အနတ္တာ၊ ဧဝံသမ္မသနံ သမ္မသနေ ဉာဏံ။ ။

အယံမေဝေဒနာ၊ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တာဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ၊ သုခုမာဝါ၊ ဟီနာဝါ၊ ပဏီတာဝါ၊ ယာဒူရေသန္တိကေဝါ၊ ခယဋ္ဌေန၊ ဝယဋ္ဌေန၊ အနိစ္စာ၊ ဘယဋ္ဌေန၊ ပိဠနဋ္ဌေန၊ ဒုက္ခာ၊ အသာရကဋ္ဌေန၊ အနိဿ ရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အနတ္တာ၊ ဧဝံသမ္မသနံ သမ္မသနေဉာဏံ။ ၊

အယံမေသညာ၊ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တာဝါ၊ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ၊ သုခုမာဝါ၊ ဟီနာဝါ၊ ပဏီတာဝါ၊ ယာဒူရေသန္တိကေဝါ၊ ခယဋ္ဌေန၊ ဝယဋ္ဌေန၊ အနိစ္စာ၊ ဘယဋ္ဌေန၊ ပိဠနဋ္ဌေန၊ ဒုက္ခာ၊ အသာရကဋ္ဌေန၊ အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အနတ္တာ၊ ဧဝံသမ္မသနံ သမ္မသနေဉာဏံ။ ။

ဣဒမေ၊ မေသင်္ခါရာ၊ အတီတာနာဂတပစ္စုပ္ပန္နာ၊ အဇ္ဈတ္တာဝါ၊ဗဟိဒ္ဓါဝါ၊ ဩဠာရိကာဝါ၊ သုခုမာဝါ၊ ဟီနာဝါ၊ ပဏီတာဝါ၊ ယေဒူရေသန္တိကေဝါ၊ ခယဋ္ဌေန၊ ဝယဋ္ဌေန၊ အနိစ္စာ၊ ဘယဋ္ဌေန၊ ပိဠနဋ္ဌေန၊ ဒုက္ခာ၊ အသာရကဋ္ဌေန အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အနတ္တာ၊ ဧဝံသမ္မသနံ သမ္မသနေဉာဏံ။ ။

ဣဒံ မေ ဝိညာဏံ၊ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ၊ ပဏီတံဝါ၊ ယံဒူရေသန္တိကေဝါ၊ ခယဋ္ဌေန၊ ဝယဋ္ဌေန၊ အနိစ္စံ၊ ဘယဋ္ဌေန၊ ပိဠနဋ္ဌေန၊ ဒုက္ခံ။ အသာရကဋ္ဌေန၊အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အနတ္တာ၊ ဧဝံ၊ သမ္မသနံ သမ္မသနေ ဉာဏံ။ ။

## ခန္ဓာငါးပါး၌ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင်ခြင်း ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ။

၂။ အဝိဇ္ဇာသမုဒယာ၊ ရူပသမုဒယော၊ တဏှာသမုဒယာ၊ ရူပသမုဒယော၊ ကမ္မသမုဒယာ၊ ရူပသမုဒယော၊ အာဟာရ သမုဒယာ၊ ရူပ သမုဒယော။ ။

အဝိဇ္ဇာသမုဒယာ၊ ဝေဒနာသမုဒယော၊ တဏှာသမုဒယာ၊ ဝေဒနာ သမုဒယော၊ ကမ္မသမုဒယာ၊ ဝေဒနာ သမုဒယော၊ ဖဿသမုဒယာ၊ ဝေဒနာ သမုဒယော။ ။

အဝိဇ္ဇာသမုဒယာ၊ သညာသမုဒယော၊ တဏှာသမုဒယာ၊ သညာသမုဒယာ၊ ကမ္မသမုဒယာ၊ သညာသမုဒယော။ ဖဿသမုဒယာ၊ သညာ သမုဒယော။ ။

အဝိဇ္ဇာသမုဒယာ၊ သင်္ခါရသမုဒယော။ တဏှာသမုဒယာ၊ သင်္ခါရ သမုဒယော။ ကမ္မ သမုဒယာ၊ သင်္ခါရ သမုဒယော။ ဖဿ သမုဒယာ၊ သင်္ခါရသမုဒယော။ ။

အဝိဇ္ဇာသမုဒယာ၊ ဝိညာဏ သမုဒယော။ တဏှာ သမုဒယာ၊ဝိညာဏ သမုဒယော။ ကမ္မသမုဒယာ၊ ဝိညာဏသမုဒယော။ နာမရူပ သမုဒယာ၊ ဝိညာဏသမုဒယော။ ။

အဝိဇ္ဇာနိရောဓါ၊ ရူပ နိရောဓော၊ တဏှာ နိရောဓါ။ ရူပ နိရောဓော။ ကမ္မနိရောဓါ၊ ရူပနိရောဓော။ အာဟာရနိရောဓါ၊ ရူပနိရောဓော။ ။

အဝိဇ္ဇာ နိရောဓါ၊ ဝေဒနာ နိရောဓော။ တဏှာ နိရောဓါ၊ ဝေဒနာ

နိရောဓော၊ ကမ္မနိရောဓော၊ ဝေဒနာနိရောဓော။ ဖဿနိရောဓော၊ ဝေဒနာနိရောဓော၊ ။

အဝိဇ္ဇာနိရောဓော၊ သညာနိရောဓော၊တဏှာနိရောဓော၊ သညာနိရောဓော။ ကမ္မနိရောဓော၊ သညာနိရောဓော၊ ဖဿနိရောဓော၊ သညာနိရောဓော။ ။

အဝိဇ္ဇာနိရောဓော၊ သင်္ခါရနိရောဓော၊ တဏှာနိရောဓော၊ သင်္ခါရနိရောဓော၊ ကမ္မနိရောဓော၊ သင်္ခါရနိရောဓော၊ ဖဿနိရောဓော၊ သင်္ခါရနိရောဓော။ ။

အဝိဇ္ဇာနိရောဓော၊ဝိညာဏနိရောဓော၊တဏှာနိရောဓော၊ဝိညာဏနိရောဓော၊ ကမ္မနိရောဓော၊ ဝိညာဏနိရောဓော၊ နာမရူပနိရောဓော၊ ဝိညာဏနိရောဓော၊ ဧဝံ ဥဒယဗ္ဗယာ နုပဿနံ၊ ဥဒယဗ္ဗယေဉာဏံ။ ။

## ခန္ဓာငါးပါးတို့ချုပ်ပျက်ခြင်း၌ ဆင်ခြင်ခြင်း ဘင်္ဂဉာဏ်ဖြစ်ပုံ။

၃။ ဣမေ။ မေပဉ္စက္ခန္ဓာဓမ္မာ။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။ တေ မေ ပဉ္စက္ခန္ဓာဓမ္မာ။အပရိယာယကာ။ နိသတ္တနိဇ္ဇီဝသဘာဝါ။ ခယဋ္ဌေန။ ဝယဋ္ဌေန။ အနိစ္စာ။ ။ဘယဋ္ဌေန။ ပိဠနဋ္ဌေန။ ဒုက္ခာ။ ။အသာရကဋ္ဌေန။ အနိဿရဋ္ဌေန။အဝသဝတ္တနဋ္ဌေန၊အနတ္တာ။ ။

ဣဒါနေဝမေတံ။အာရမ္မဏိက။ ဝိပဿနိကစိတ္တံ။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ ဘိဇ္ဇတိ။ဝိနဿတိ။ဝိပရိနာမံဂစ္ဆတိ။ ။

ဒုတိယံပိ၊တံ။ အာရမ္မဏိက၊ ဝိပဿနိကစိတ္တံ။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ ဘိဇ္ဇတိ။ဝိနဿတိ။ဝိပရိနာမံ ဂစ္ဆတိ။ ။

တတိယံပိ၊ တံ။ အာရမ္မဏိက။ဝိပဿနိက စိတ္တံ။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ ဘိဇ္ဇတိ။ဝိနဿတိ။ဝိပရိနာမံဂစ္ဆတိ။ဧဝံဘင်္ဂါနုပဿနံ၊ဘင်္ဂေဉာဏံ။ ။

## ခန္ဓာငါးပါးတို့၏ဖြစ်ခြင်း၌ ဘေးရန်ကို ဆင်ခြင်ခြင်းဘယဉာဏ်ဖြစ်ပုံ။

၄။ ဣမေသံ၊မမခန္ဓာနံ"ဥပ္ပါဒေါဘယံ။ဣမေသံ၊မမခန္ဓာနံ၊ ပဝတ္တံဘယံ၊ ဣမေသံ၊မမခန္ဓာနံ။နိမိတ္တံဘယံ။ ဣမေသံ။ မမခန္ဓာနံအာယူဟနံဘယံ။ဣမေ၊သံ၊မမခန္ဓာနံ။ပဋိသန္ဓိဘယံ။ တေ၊ မမ၊ ပဉ္စက္ခန္ဓာဓမ္မာ။ခယဋ္ဌေန၊ဝယဋ္ဌေန၊အနိစ္စာ။ဘယဋ္ဌေန၊ပိဠနဋ္ဌေန၊ ဒုက္ခာ၊ အသာရကဋ္ဌေန၊ အနိဿရဋ္ဌေန၊ အဝသဝတ္တနဋ္ဌေန၊ အနတ္တာ၊ ဧဝံဘယာနုပဿနံ၊ဘယေဉာဏံ။ ။

## ခန္ဓာငါးပါးတို့၏ ပျက်ခြင်း၌ အပြစ်ဒေါသကိုဆင်ခြင်ခြင်း အာဒီနဝဉာဏ်ဖြစ်ပုံ။

၅၊ ဣမေသံ၊မမခန္ဓာနံ၊ ဥပ္ပါဒေါ၊ သာမိသံ၊ အနုပ္ပါဒေါ၊ နိရာမိသံ၊ ဣမေသံမမခန္ဓာနံ၊ ပဝတ္တံသာမိသံ၊ အပဝတ္တံနိရာမိသံ၊ ဣမေသံ၊ မမခန္ဓာနံ၊ နိမိတ္တံသာမိသံ၊ အနိမိတ္တံနိရာမိသံ၊ ဣမေသံမမခန္ဓာနံ၊ အာယူဟနံသာမိသံ၊ အနာယူဟနံ၊ နိရာမိသံ၊ ဣမေသံမမခန္ဓာနံ၊ နိပ္ပတ္တိသာမိသံ၊ အနိပ္ပတ္တိနိရာမိသံ၊ ဣမေသံ၊မမ ခန္ဓာနံ၊ ပဋိသန္ဓိသာမိသံ၊ အပဋိသန္ဓိနိရာမိသံ၊တေ၊မမ ပဥ္စက္ခန္ဓာဓမ္မာ၊ခယဋ္ဌေန၊ ဝယဋ္ဌေန၊ အနိစ္စာ၊ဘယဋ္ဌေန၊ ပီဠနဋ္ဌေန၊ဒုက္ခာ၊ အသာရကဋ္ဌေန၊ အနိဿရဋ္ဌေန၊ အဝသ ဝတ္တနဋ္ဌေန၊ အနတ္တာ၊ဇေဝံဘင်္ဂဝသေန၊အာဒီနဝါ၊နုပဿနံဝ၊အာဒီနဝေဉာဏံ။ ။

ခန္ဓာငါးပါးတို့ ပျက်ခြင်း၏ အစွမ်းဖြင့် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း, နိဗ္ဗိဒါဉာဏ်ဖြစ်ပုံ။

၆။ ဣမေသံ၊ မမ ခန္ဓာနံ၊ ဘိဇ္ဇနံနာမေတံ၊ အဟောဝတ နိဗ္ဗိဒံ၊ အဟောဝတ ဇေကုစ္ဆံ၊ အဟောဝတပဋိကူလံ၊ အဟောဝတ၊အနာလယံ၊ ဇေဝံဘင်္ဂဝသေန နိဗ္ဗိဒါနုပဿနံ နိဗ္ဗိဒေဉာဏံ။

ခန္ဓာငါးပါးတို့ကို၊ မီးပုံကြီးကဲ့သို့ထင်၍ ထိုခန္ဓာတို့မှ လွတ်ရာလွတ်ခွင့်ကို ဆင်ခြင်ခြင်း မုဥ္စိတုကမျတာဉာဏ်ဖြစ်ပုံ။

၇။ ဣမေသံ၊မမ ခန္ဓာနံ၊ ဥပ္ပဇ္ဇနံဝါ၊ ဘိဇ္ဇနံဝါ၊ ဒုက္ခဒုက္ခံ၊ အတိဒုက္ခံ တတောကဒါ၊မုဉ္စေယျံ၊ သာဓုဝတမုဉ္စနံ၊သာဓုဝတ အပဂမနံ၊ သာဓုဝတ နိဗ္ဗုတံ၊ဇေဝံ၊မုဉ္စနာနုပဿနံ မုဥ္စိတုကမျတာဉာဏံ။ ။

ခန္ဓာငါးပါးတို့၌ အဘန်ဘန် အထပ်ထပ်ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း၌ ပဋိသင်္ခါ ဉာဏ်ဖြစ်ပုံ။

၈။ ဣမေ၊ မေပဥ္စက္ခန္ဓာ ဓမ္မာ၊ အနိစ္စန္တိကတော အနိစ္စာ။ ဣမေ၊ မေပဥ္စက္ခန္ဓာဓမ္မာ၊အဒ္ဓုဝတောအနိစ္စာ။ ဣမေ၊မေပဥ္စက္ခန္ဓာဓမ္မာ၊တာဝကာလိကတော အနိစ္စာ။ဣမေ၊မေပဥ္စက္ခန္ဓာဓမ္မာ၊ဥဒယဗ္ဗယပရိစ္ဆိန္နတောအနိစ္စာ။ ။

ဣမေ၊မေပဥ္စက္ခန္ဓာဓမ္မာ၊ ဒုက္ခမတောဒုက္ခာ။ ဣမေ၊ မေပဥ္စက္ခန္ဓာဓမ္မာ။ အတာဏတောဒုက္ခာ။ဣမေ၊မေပဥ္စက္ခန္ဓာဓမ္မာ။အလေဏတောဒုက္ခာ။ဣမေ၊ မေပဥ္စက္ခန္ဓာဓမ္မာ၊ဥဒယဗ္ဗယ ပီဠနတောဒုက္ခာ။ ။

ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ။ ရိတ္တတောအနတ္တာ၊ ကုမေ၊ မေပစ္စက္ခန္ဓာ ဝမ္မာ။ တုစ္ဆတော အနတ္တာ။ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ၊ သုညတော အနတ္တာ။ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ။ အသာရကတ္တေနအနတ္တာ။ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ၊ အနိဿရတောအနတ္တာ။ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ။ အဝသဝတ္တနတော အနတ္တာ။ ဇာံ ပဋိသင်္ခါနုပဿနံ။ ပဋိသင်္ခါနေဉာဏံ။ ။

ခန္ဓာငါးပါးတို့၌ မုန်းခြင်း၊ ချစ်ခြင်းကိုပယ်ဖျောက်၍
လျစ်လျူဆင်ခြင်ခြင်း သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ။

၉။ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ ရိတ္တာ။ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ တုစ္ဆာ၊ ကုမေ၊ မေပစ္စက္ခန္ဓာဝမ္မာ၊ သုညာ။ ကုမေ၊ •မေပစ္စက္ခန္ဓာဝမ္မာ။ နိရတ္တကာ၊ အတ္တေနဝါ။ အတ္တနိယေနဝါ။ နတေဟံ၊ နတေမမ။ ဇာံဥဒ္ဒါသိနေန။ သင်္ခါရုပေက္ခာ နုပဿနံ၊ သင်္ခါရုပေက္ခာဉာဏံ။ ။

ခန္ဓာငါးပါး၌ လက္ခဏာရေးကိုအာရုံပြု၍
သစ္စာနုလောမဉာဏ်ဖြစ်ပုံ။

ယဒါပဟာဝေမင္ဂေါဥပ္ပဇ္ဇိဿတိ။ တဒါတံ၊ နဝတ္တဗ္ဗာဝမ္မဏာံ။ ကတ္ဆာ ပရိကမ္မံဝါ။ ဥပစာရံဝါ၊ အနုလောမံဝါ။ ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ။ တံသမ္မယုတ္တံ ဉာဏံ။ အနုလောမဉာဏံ။ တတောပရံနိဗ္ဗာနံ အာရမ္မဏံ။ ကတ္ဆာ ဂေါတြဘုဉာဏံ။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတောပရံ သက်ံယေဝ မဂ္ဂေါ။ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ။ တထာ တတော ပရံ ဇာံ ဒွိတိက္ခတ္တုံ ဖလ မေဝ။ ဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ။ တတောပရံဘဝင်္ဂပါတော ဟောတိတိ။ ။

၁၀။ ထိုနောင်၊ နိဗ္ဗာန်ကို အာရုံပြု၍၊ ဂေါတြဘုဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ ဖြစ်ပုံအစဉ်ကိုလည်းသိစေ။ ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော် အဋ္ဌကထာ ကျမ်းတို့ကိုမှီ၍၊
ထုတ်ဆိုအပ်သော၊ ဝိပဿနာဉာဏ်ဆယ်ပါး
အစဉ်ဖြစ်ပုံ အကျဉ်းမှတ်ဘွယ်ပါဠိပြီး၏။

❖❖❖ ❖❖❖

ဤပါဠိတို့၌၊ အဇ္ဈတ္တ ဗဟိဒ္ဓပုဒ်တို့ကို။ ရူပံဟူသောပုဒ်နှင့် စပ်သောအခါ။ အဇ္ဈတ္တံ၊ ဗဟိဒ္ဓံဟူ၊ နိဂ္ဂဟိတ်နှင့်ရွတ်။ ဝိဉာဏံဟူသော ပုဒ်အရာ၌လည်း၊ နည်းတူရွတ်။ ဝေဒနာသညာ သင်္ခါရာပုဒ်တို့နှင့် စပ်သောအခါ။ အဇ္ဈတ္တာ ဗဟိဒ္ဓါဟူ အာကာရန္တနှင့်ရွတ်။ ။ယံဒူရေ သန္တိကေဝါ ပုဒ်တို့၌၊ ယံပုဒ်ကို၊ ရူပံဝိညာဏံပုဒ်တို့နှင့် စပ်သောအခါ၊ နိဂ္ဂဟိတ်နှင့်ရွတ်။

ဝေဒနာသညာတို့နှင့် စပ်သောအခါ၊ ယာဒူရေ သန္တိကေဝါ ဟူ၍ရွတ်။ သင်္ခါရာပုဒ်နှင့် စပ်သောအခါ၊ ယေဒူရေ သန္တိကေဝါဟူ၍၊ ဧကာဒသဗုစ္ဆန္တံ နှင့်ရွတ်။ ဒူရေသန္တိကေဝါပုဒ်တို့ကား၊ နိပါတ်ပုဒ်ဖြစ်၍ ရှိတိုင်းရွတ်။ ။

❖❖❖ ❖❖❖

## ၁-သမ္မသနဉာဏ် ပါဠိ၏အနက်။

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နံ။ ရုပ်၏ ခဏတ္တယသို့ ရောက်ပြီး ရောက်လတ္တံ့၊ ရောက်ဆဲဖြစ်သော။ ယံရူပံဝါ၊ အကြင် ရူပက္ခန္ဓာတည်း ဟူသောရုပ်သည်ရှင်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်သန္တာန်၌ ဖြစ်သော။ ယံရူပံဝါ၊ အကြင် ရူပက္ခန္ဓာတည်း ဟူသော ရုပ်သည်ရှင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်, မြင်း, ကျွဲ, နွား။ သားမြေး ခြွေရံ။ အပသန္တာန်၌ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော။ ဇာဗြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ ရုပ်သည်ရှင်း။ မေ၊ ငါ၏။ ဩဠာရိကံ၊ ဝတ္ထုအာရုံ၊ ထိခိုက်ပုံကြောင့်။ ဖြစ်ပုံထူးဆန်း၊ ကြမ်းထမ်း ရုံးရင်းသော။ ယံရူပံဝါ၊ အကြင် ရူပက္ခန္ဓာ တည်းဟူသော။ စက္ခာယတန, စသည့်အပြား၊ ၁၂-ပါးသော ရုပ်သည်ရှင်း။ မေ၊ ငါ၏။ သုခုမံ၊ ဝတ္ထုအာရုံ၊ မဟုတ်ပုံကြောင့်။ ဖြစ်ကြုံမဆန်း။ မကြမ်းထမ်းသော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော။ ဇာတ္ထိန္ဒြိယ၊ စသည်အပြား ၁၆-ပါးသော၊ ရုပ်သည်ရှင်း။ မေ၊ ငါ၏။ ဟီနံ၊ ကိုယ်စိတ်မသန့်၊ ယုတ်ညံ့သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော အနိဋ္ဌရုပ်သည်ရှင်း။ မေ၊ ငါ၏။ ပဏီတံ၊ ကိုယ်စိတ်ကြည်ညို၊ အလိုရှိအပ်မြတ်သော ဣဋ္ဌရုပ်သည်ရှင်း။ မေ၊ ငါ၏။ ဒူရေ၊သုခုမရုပ်၊ သဘောဟုတ်၍။ မချမထင်၊ မမြင်နိုင်သေး၊ ခက်ခဲရေးကြောင့်။ ဝေးသည်ဟု ဆိုအပ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော။ ဇာတ္ထိန္ဒြိယ စသည်အပြား၊ ၁၆-ပါးသောရုပ်သည်ရှင်း။ မေ၊ ငါ၏။ သန္တိကေ၊ ဩဠာရိကရုပ်၊ ဗျူပ္ပတ်ထူးဆန်း။ ကြမ်းထမ်း ခြင်းကြောင့်။ စွဲလမ်း ထင်ထင် အမြင်ရင့်သီး၊ နီးသည်ဟုဆိုအပ်သော။ ယံရူပံဝါ၊ အကြင် ရူပက္ခန္ဓာ တည်းဟူသော။ စက္ခာယတန စသည်အပြား၊ ၁၂-ပါးသောရုပ်သည်ရှင်း။ အတ္တိသန္တိ ထင်ရှားပကတိ၊ ရှိကုန်၏။ ဇာဒ်ရုပ်၊ ဤရှင်အပေါင်းသည်။ ခယဋ္ဌေန၊ ရွှေ့လျှောဖေါက်လဲ၊ ပျောက်စဲတတ်သော၊ သဘောကြောင့်။ ဝယဋ္ဌေန၊ ခမ်းချောက် ပြုန်းတီး၊ ပျက်စီး တတ်သောကြောင့်၊ အနိစ္စံ အဘည်အစွဲ အမြဲမရှိ။ ဘယဋ္ဌေန ခြသေ့်,သစ်, ကျား, ဘေးရန်များနှယ်

ကြောက်မက်ဘွယ် ဖြစ်သောသဘောကြောင့်။ ပိဋ္ဌနခွေး နှိပ်စက်ညှဉ်းပမ်း။ နွမ်းနယ် စေဘတ်လော သဘောကြောင့်။ ဒုက္ခံ ငြုငြင် ဆင်းရဲသည်းခံနိုင်ခဲ၏။ အသာရကချွေး အနှစ်မရှိ၊ ပုတ်ငြစ်ကြေး။ ပုတ်ဆွေးတတ်သော သဘောကြောင့်။ အနိဿရချွေး၊ စိရင်လွှမ်းမိုး၊ အစိုးမရသော သဘောကြောင့်။ အဝသဝတ္တနချွေး လိုရာလိုရပ်၊ မလိုက်တတ်သောသဘောကြောင့်။ အနတ္တာ ငါဟုသမုတ်၊ ကိုယ်မဟုတ်ချေ။ ဇေပံ ဤသို့။ သမသနံ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမသနေဉာဏံ သမသနဉာဏ်မည်၏။ ။

မေ ငါ၏။ အတိတာ နာဂတ ပစ္စုပ္ပန္နာ ခဏတ္တယသို့ ရောက်ပြီးရောက်လတ္တံ့၊ရောက်ဆဲဖြစ်သော။ယာဝေဒနာ၊အကြင် ဝေဒနက္ခန္ဓာတည်းဟူသော ဝေဒနာ ၃-ပါး။ ဝေဒနာ ၅-ပါးသည်ရှင်း။ မေ၊ ငါ၏။ အဇ္ဈတ္တာ၊ကိုယ်သန္တာန်၌ဖြစ်သော။ယာဝေဒနာ၊အကြင်ဝေဒနက္ခန္ဓာတည်းဟူသော။ ဝေဒနာ ၃-ပါး။ ဝေဒနာ ၅-ပါးသည်ရှင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်,မြင်း,ကျွဲ,နွား။ သားမြေးချွေရံ။ အပသန္တာန်၌ဖြစ်သော။ ယာဝေဒနာဝါ၊ အကြင်ဝေဒနက္ခန္ဓာတည်းသော ဝေဒနာ ၃-ပါး။ ဝေဒနာ ၅-ပါးသည်ရှင်း။ မေ၊ ငါ၏။ ဩဠာရိကာ၊ ရုံးရင်းကြမ်းထမ်းသော၊ ယာဝေဒနာဝါ၊အကြင်ဝေဒနက္ခန္ဓာတည်းဟူသော။အကုသိုလ်ဝေဒနာ ၃-ပါး။ ကုသိုလ် အကုသိုလ်ဝေ ဝေဒနာ ၃-ပါး။ ရုံးရင်းကြမ်းထမ်းသော၊ ဒုက္ခ ဝေဒနာ ၂-ပါး။ သုခ ဒုခ ဝေဒနာ ၄ ပါး။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ၊ အာသဝေါတရား ၄-ပါးတို့၏ အာရုံဖြစ်သောဝေဒနာသည်ရှင်း။ မေ၊ ငါ၏။ သုခုမာ၊သိမ်မွေ့နူးညွံ့သော။ ယာဝေဒနာဝါ၊ အကြင်ဝေဒနက္ခန္ဓာတည်းဟူသော ကုသိုလ် အဗျာကတ ဝေဒနာ ၃-ပါး။ အဗျာကတသာဖြစ်သော၊ဝေဒနာ ၃-ပါး၊၄-ပါး။သုခဥပေက္ခာ ဝေဒနာ ၃-ပါး။ ဥပေက္ခာသာဖြစ်သော ဝေဒနာ ၁-ပါး။သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ။ အာသဝေါတရား ၄-ပါးတို့၏ အာရုံမဖြစ်သော၊ ဝေဒနာသည်ရှင်း။ မေ၊ ငါ၏။ ဟီနာ၊ယုတ်ညံ့သော။ ယာဝေဒနာဝါ၊အကြင်ဝေနက္ခန္ဓာတည်းဟူသော။ ဩဠာရိကဝေဒနာသည်ရှင်း။ မေ၊ ငါ၏။ ပဏီတံ၊မွန်မြတ်သော။ ယာဝေဒနာဝါ အကြင်ဝေဒနက္ခန္ဓာတည်းဟူသော၊ သုခုမဝေဒနာသည်ရှင်း။မေ၊ ငါ၏။ ဒူရေ၊ ကုသိုလ် အကုသိုလ်။ အဗျာကတ ဝေဒနာတို့၏ရှင်း။သုခဒုက္ခဥပေက္ခာဝေဒနာတို့၏ရှင်း။သမာပန္န အသမာပန္န ဝေဒနာတို့၏ရှင်း။ သာသဝ အနာသဝ၊ဝေဒနာတို့၏ရှင်း။ ဇာတိဖြစ်ရေး၊ မတူသေး

ကြောင့်၊ဝေးသည်ဟု ဆိုအပ်သော။ ယာဝေဒနာဝါ၊ အကြင်ဝေဒနက္ခန္ဓာ
တည်းဟူသော ကုသိုလ်အကုသိုလ်။အဗျာကတဝေဒနာ၊ သုခဒုက္ခဥပေက္ခာ
ဝေဒနာ၊ သမာပတ်ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ ဝေဒနာ။
အာသဝေါတရား ၄-ပါးတို့၏ အာရုံဖြစ် မဖြစ်သော ဝေဒနာသည်ရင်း။
မေ၊ငါ၏။ သန္တိကေ၊ကုသိုလ်အကုသိုလ်။ အဗျာကတ ဝေဒနာတို့၏ရင်း။
သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့၏ရင်း။သမာပန္န၊အသမာပန္နဝေဒနာတို့၏
ရင်း။သာသဝ၊အနာသဝ၊ ဝေဒနာတို့၏ရင်း။ ဇာတိသဘော တူနှောရင့်
သီး၍ နီးသည်ဟု ဆိုအပ်သော။ယာဝေဒနာဝါ၊ အကြင်ဝေဒနက္ခန္ဓာတည်း
ဟူသော ကုသိုလ်အကုသိုလ် အဗျာကတဝေဒနာ၊ သုခဒုက္ခဥပေက္ခာဝေ
ဒနာ၊သမာပတ်ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ဝေဒနာ။ အာသ
ဝေါတရား ၄-ပါးတို့၏ အာရုံဖြစ်မဖြစ်သောဝေဒနာသည်ရင်း။အတ္ထိသန္တိ
ထင်ရှား ပကတိရှိကုန်၏။ အယံဝေဒနာ၊ ဤဝေဒနာ အပေါင်းသည်။
ခယတ္ထေန၊ ရွေ့လျော့ပေါက်လဲ ပျောက်စဲတတ်သော သဘောကြောင့်။
ဝယတ္ထေန။ ခမ်းချောက်ပြုန်းတီး ပျက်စီးတတ်သော သဘောကြောင့်။
အနိစ္စာ၊အတည်အတွဲ အမြဲမရှိ။ဘယတ္ထေန၊ခြင်္သေ့,သစ်,ကျား, ဘေးရန်များ
နှယ်၊ ကြောက်မက်ဘွယ်ဖြစ်သော သဘောကြောင့်။ ပိဠနတ္ထေန၊ နှိပ်စက်
ညှဉ်းပမ်း နွမ်းနယ်စေတတ်သော သဘောကြောင့်။ဒုက္ခာ၊ ငြိုငြင်ဆင်းရဲ
သည်းခံနိုင်ခဲ၏။ အသာရကတ္ထေန၊ အနှစ်မရှိ ပုတီညစ်ကြေး ပုတ်ဆွေး
တတ်သော သဘောကြောင့်။ အနိဿရတ္ထေန၊ စိုးရင်လွှမ်းမိုး အစိုးမရ
သော သဘောကြောင့်။ အဝသဝတ္တနတ္ထေန၊ လိုရာလိုရပ် မလိုက်တတ်
သော သဘောကြောင့်။အနတ္တာ၊ငါဟုသမုတ် ကိုယ်မဟုတ်ချေ။ ဧဝံ၊ဤသို့။
သမသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်
မည်၏၊

မေ၊ ငါ၏။ အတီတာ နာဂတ ပစ္စုပ္ပန္နာ၊ ခဏတ္တယသို့၊ ရောက်ပြီး၊
ရောက်လတ္တံ့၊ ရောက်ဆဲဖြစ်သော။ ယာသညာဝါ၊ အကြင်သညာက္ခန္ဓာ
တည်းဟူသော၊ သညာသည်ရင်း။ မေ၊ ငါ၏။ အဇ္ဈတ္တာ၊သော။ယာသညာ
ဝါ၊ သည်ရင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ သော။ ယာသညာဝါ။ သည်ရင်း။ မေ၊
ငါ၏။ ဩဠာရိကာ၊ သော။ ယာသညာဝါ၊ အကြင်သညက္ခန္ဓာ တည်းဟူ
သော၊ ပဋိဃသညာ။အကုသိုလ် သညာ။ ကုသိုလ်-အကုသိုလ်သညာ။
ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာ။ သုခဒုက္ခဝေဒနာ တို့နှင့် ယှဉ်သော
သညာ၊ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏သညာ။ အာသဝေါတရား

လေးပါးတို့၏။ အာရုံဖြစ်သော သညာသည်ရှင်း။ မေ၊ ငါ၏။ သုခမာ
သော။ ယာသညာဝ၊ အကြင်သညာက္ခန္ဓာ တည်းဟူသော။ မနောဒွါရိက၊
သညာ။ ကုသိုလ်အဗျာကတသညာ။ အဗျာကတသာ ဖြစ်သောသညာ။
သုခဥပေက္ခာ ဝေဒနာတို့နှင့်၊ ယှဉ်သော သညာ။ ဥပေက္ခာဝေဒနာ နှင့်သာ
ယှဉ်သောသညာ။ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏သညာ အာသဝေါ
တရား လေးပါးတို့၏ အာရုံမဖြစ်သော သညာသည်ရှင်း။ မေ၊ ငါ၏။
ဟိနာ၊ သော။ ယာသညာဝ၊ အကြင်သညာက္ခန္ဓာ တည်းဟူသော အကု
သိုလ်သညာ။ ကုသိုလ် အကုသိုလ်သညာ။ ဒုက္ခဝေဒနာနှင့် ယှဉ်သော
သညာ။ သုခဒုက္ခဝေဒနာတို့နှင့် ယှဉ်သောသညာ၊ သမာပတ်မဝင်စား
သောပုဂ္ဂိုလ်၏သညာ။ အာသဝေါတရား လေးပါးတို့၏။ အာရုံဖြစ်သော
သညာသည်ရှင်း။ မေ၊ ငါ၏။ ပဏီတာ၊ သော။ယာသညာဝ၊ အကြင်
သညာက္ခန္ဓာ တည်းဟူသော၊ ကုသိုလ်အဗျာကတ သညာ။ အဗျာကတသာ
ဖြစ်သောသညာ။သုခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သောသညာ။ ဥပေက္ခာ
ဝေဒနာနှင့်သာ ယှဉ်သောသညာ။ သမာပတ် ဝင်စားသောပုဂ္ဂိုလ်၏
သညာ၊ အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်သောသညာသည်ရှင်း။
မေ၊ ငါ၏။ ဒူရေ၊ ကုသိုလ် အကုသိုလ် အဗျာကတ သညာတို့၏ရှင်း။
သုခဒုက္ခဥပေက္ခာဝေဒနာတို့နှင့်သာ ယှဉ်သောသညာတို့၏ရှင်း။ သမာပန္န
အသမာပန္န သညာတို့၏ရှင်း။ သာသဝ အနာသဝ သညာတို့၏ရှင်း။
ဇာတိဖြစ်ရေး မတူသေးကြောင့်။ ဝေးသည်ဟု ဆိုအပ်သော။ ယာ
သညာဝ၊ အကြင်သညာက္ခန္ဓာ တည်းဟူသော။ ကုသိုလ် အကုသိုလ်
အဗျာကတ သညာ။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ တို့နှင့် ယှဉ်သော
သညာ၊ သမာပတ်ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ သညာ။
အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ် မဖြစ်သော သညာသည်ရှင်း။
မေ၊ ငါ၏။ သန္တိကေ၊ ကုသိုလ် အကုသိုလ် အဗျာကတ သညာတို့၏ရှင်း။
သုခဒုက္ခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သော သညာတို့၏ရှင်း။ သမာပန္န
အသမာပန္န သညာတို့၏ရှင်း· သာသဝ အနာသဝ သညာ တို့ ၏ရှင်း။
ဇာတိသဘော တူနှောရင့်သီး၍။ နီးသည်ဟုဆိုအပ်သော။ယာသညာဝ၊
အကြင်သညာက္ခန္ဓာ တည်းဟူသော။ ကုသိုလ် အကုသိုလ် အဗျာကတ
သညာ။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သော သညာ။သမာပတ်
ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ သညာ။ အာသဝေါတရား
လေးပါးတို့၏ အာရုံဖြစ်သော သညာသည်ရှင်း။ အတ္ထိသန္တိ။ ထင်ရှား

ပကတိရှိကုန်၏။ အယံသညာ၊ ဤသညာ အပေါင်းသည်။ ခယဋ္ဌေန၊ ကြောင့်။ ဝယဋ္ဌေန၊ ကြောင့်။ အနိစ္စာ၊ မရှိ။ ဘယဋ္ဌေန၊ ကြောင့်။ ပီဠနဋ္ဌေန၊ ကြောင့်။ဒုက္ခာ၊ ခဲ၏။ အသာရကဋ္ဌေန ကြောင့်။အနိဿရဋ္ဌေန၊ ကြောင့်။ အဝသဝတ္တနဋ္ဌေန၊ ကြောင့်။ အနတ္တာ၊ ချေ။ ဖေ၊ ဤသို့။ သမသနံ၊ သည်။ သမသနေဉာဏံ၊ မည်၏။ ။

မေ၊ ငါ၏။ အတီတာနာဂတပစ္စုပ္ပန္နာ၊ ခဏတ္တယသို့ ရောက်ပြီး ရောက်လတ္တံ့. ရောက်ဆဲဖြစ်ကုန်သော။ယေသင်္ခါရာဝါ၊ အကြင် သင်္ခါရက္ခန္ဓာ တည်းဟူကုန်သော။ စေဘာသိက်ငါးဆယ် သင်္ခါရတို့သည်ရင်း။မေ၊ ငါ၏။ အဇ္ဈတ္တာ၊ ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာ တည်းဟူကုန်သော။ စေတသိက် ငါးဆယ်၊ သင်္ခါရတို့သည်ရင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ကုန်သော။ ယေသင်္ခါရာဝါ တို့သည်ရင်း။ မေ၊ငါ၏။ ဩဠာရိကာ၊ ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာ တည်းဟူ ကုန်သော၊ အကုသိုလ့် သင်္ခါရ။ ကုသိုလ်,အကုသိုလ်သင်္ခါရ။ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်သောသင်္ခါရ။ သုခ ဒုက္ခ ဝေဒနာတို့နှင့် ယှဉ်သောသင်္ခါရ။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏သင်္ခါရ။ အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်ကုန်သော သင်္ခါရ တို့သည်ရင်း။ မေ၊ ငါ၏။ သုခုမာ၊ ကုန်သော ယေသင်္ခါရာဝါ၊ အကြင် သင်္ခါရက္ခန္ဓာ တည်းဟူကုန်သော။ ကုသိုလ် အဗျာကတ သင်္ခါရ။ အဗျာ ကတသာ ဖြစ် ကုန် သော သင်္ခါရ။ သုခ ဥပေက္ခာ ပေဒနာတို့နှင့် ယှဉ် သော သင်္ခါရ။ ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်ကုန်သော သင်္ခါရ။ သမာပတ် ဝင်စားသောပုဂ္ဂိုလ်၏ သင်္ခါရ၊ အာသဝေါတရား လေးပါးတို့၏ အာရုံမဖြစ် ကုန်သော သင်္ခါရတို့သည်ရင်း။မေ၊ငါ၏။ဟီနာ၊ ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာ တည်းဟူကုန်သော။ အကုသိုလ် သင်္ခါရ။ ကုသိုလ် အကုသိုလ်သင်္ခါရ။ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်သော သင်္ခါရ။ သုခ ဒုက္ခ ဝေဒနာတို့နှင့် ယှဉ်ကုန်သောသင်္ခါရ။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ သင်္ခါရ။ အာသဝေါတရား လေးပါးတို့၏ အာရုံ ဖြစ်ကုန် သော သင်္ခါရ တို့သည်ရင်း။ မေ၊ငါ၏။ ပဏီတာ၊ ကုန်သော။ ယေသင်္ခါရာဝါ၊ အကြင်သင်္ခါရက္ခန္ဓာ တည်းဟူကုန်သော၊ ကုသိုလ် အဗျာကတသင်္ခါရ။ အဗျာကတသာဖြစ်ကုန်သောသင်္ခါရ။ သုခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်ကုန်သော သင်္ခါရ။ ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်ကုန်သော သင်္ခါရ။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏သင်္ခါရ၊ အာသဝေါတရား လေးပါးတို့၏ အာရုံမဖြစ်ကုန်သော

သင်္ခါရတို့သည်ငှင်း။ မေ၊ ငါ၏။ ဒူရေ၊ ကုသိုလ် အကုသိုလ် အဗျာကတ
သင်္ခါရတို့၏ငှင်း၊ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ တို့နှင့် ယှဉ်ကုန်သော
သင်္ခါရတို့၏ငှင်း။ သမာပန္န အသမာပန္န သင်္ခါရတို့၏ငှင်း။ သာသဝ
အနာသဝသင်္ခါရတို့၏ငှင်း။ ဇာတိဖြစ်ရေး မတူသောကြောင့်။ ဝေးသည်
ဟု ဆိုအပ်ကုန်သော၊ ယေ သင်္ခါရာဝါ၊ အကြင် သင်္ခါရက္ခန္ဓာ တည်းဟူ
ကုန်သော၊ ကုသိုလ် အကုသိုလ် အဗျာကတသင်္ခါရ၊ သုခ ဒုက္ခ ဥပေက္ခာ
ဝေဒနာတို့နှင့် ယှဉ်ကုန်သော သင်္ခါရ။ သမာပတ် ဝင်စား မဝင်စားကုန်
သော၊ ပုဂ္ဂိုလ်တို့၏ သင်္ခါရ။ အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်
မဖြစ်ကုန်သော၊ သင်္ခါရတို့သည်ငှင်း။ မေ၊ ငါ၏။ သန္တိကေ၊ ကုသိုလ်
အကုသိုလ် အဗျာကတ သင်္ခါရတို့၏ငှင်း။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ
တို့နှင့်ယှဉ်ကုန်သော၊ သင်္ခါရတို့၏ငှင်း။ သမာပန္န အသမာပန္န သင်္ခါရ
တို့၏ငှင်း။ သာသဝ အနာသဝ သင်္ခါရတို့၏ငှင်း။ ဇာတိသဘော၊ တူနှော
ရင့်သီး၍။ နီးသည်ဟု ဆိုအပ်ကုန်သော၊ ယေ သင်္ခါရာဝါ၊ အကြင်သင်္ခါ
ရက္ခန္ဓာ တည်းဟူကုန်သော၊ ကုသိုလ် အကုသိုလ် အဗျာကတ သင်္ခါရ။
သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်ကုန်သော၊ သင်္ခါရ။ သမာပတ်
ဝင်စား မဝင်စား ကုန်သော ပုဂ္ဂိုလ်တို့၏ သင်္ခါရ။ အာသဝေါတရားလေး
ပါးတို့၏ အာရုံ ဖြစ်မဖြစ် ကုန်သော သင်္ခါရတို့သည်ငှင်း။ အတ္ထိသန္တိ၊
ထင်ရှားပကတိ ရှိကုန်၏။ ဇုမေ၊သင်္ခါရာ၊ ဤသင်္ခါရ အပေါင်းတို့သည်။
ခယဋ္ဌေန၊ ကြောင့်။ ဝယဋ္ဌေန၊ ကြောင့်။ အနိစ္စာ၊ ကုန်။ ဘယဋ္ဌေန၊
ကြောင့်။ ပိဠနဋ္ဌေန၊ ကြောင့်။ ဒုက္ခာ၊ ခဲကုန်၏၊ အသာ ရကဋ္ဌေန၊
ကြောင့်။ အနိဿရဋ္ဌေန၊ ကြောင့်။ အသာဝတ္တနဋ္ဌေန၊ ကြောင့်။
အနတ္တာ၊ ကုန်။ ဇတိ၊ ဤသို့။ သမသနံ၊သည်။ သမ္မသနေဉာဏံ၊ သမ္မသန
ဉာဏ်မည်၏။ ။

မေ၊ငါ၏။ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ သော။ ယံဝိညာဏံဝါ၊ အကြင်
ဝိညာဏက္ခန္ဓာ တည်းဟူသော စက္ခု ဝိညာဏ် အစ၊ မနော ဝိညာဏ်
အဆုံးရှိသော၊ ဝိညာဏ် ၆-ပါးသည်ငှင်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ သော။
ယံဝိညာဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာ တည်းဟူသော၊ စက္ခုဝိညာဏ်
အစ၊ မနောဝိညာဏ်အဆုံးရှိသော၊ ဝိညာဏ ၆-ပါးသည်ငှင်း။ မေ၊ ငါ၏။
ဗဟိဒ္ဓ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သားမြေး ချွေရံ။ အပသန္တာန်၌ ဖြစ်သော၊
ယံဝိညာဏံဝါသည်ငှင်း။ မေ၊ ငါ၏။ ဩဠာရိကံ၊ သော။ ယံဝိညာဏံဝါ၊
အကြင် ဝိညာဏက္ခန္ဓာ တည်းဟူသော၊ အကုသိုလ် ဝိညာဏ်။ ကုသိုလ်

အကုသိုလ်ဝိညာဏ်။ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်။ သုခ ဒုက္ခ ဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ်။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ်။အာသဝေါတရား ၄-ပါးတို့၏ အာရုံဖြစ်သော ဝိညာဏ်သည် ၎င်း၊မေ၊ ငါ၏။ သုခုမံ၊ သော။ ယံဝိညာဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာ တည်းဟူသော၊ ကုသိုလ် အဗျာကတ ဝိညာဏ်။ အဗျာကတသာ ဖြစ်သော ဝိညာဏ်။ သုခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်။ ဥပေက္ခာဝေဒနာနှင့်သာ ယှဉ်သော ဝိညာဏ်။ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ်။အာသဝေါတရား ၄-ပါး တို့၏ အာရုံ ဖြစ်မဖြစ်သော ဝိညာဏ်သည်၎င်း။ မေ၊ ငါ၏။ ဟိနံ၊ သော။ ယံဝိညာဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာတည်းဟူသော၊ အကုသိုလ်ဝိညာဏ်။ ကုသိုလ် အကုသိုလ် ဝိညာဏ်။ ဒုက္ခ ဝေဒနာနှင့် ယှဉ်သော ဝိညာဏ်။ သုခ ဒုက္ခ ဝေဒနာ တို့နှင့်ယှဉ်သော ဝိညာဏ်။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ဝိညာဏ်။ အာသဝေါ တရား လေးပါး တို့၏ အာရုံဖြစ်သော ဝိညာဏ် သည်၎င်း။ မေ၊ ငါ၏။ ပဏီတံ၊သော။ယံဝိညာဏံဝါ၊ အကြင်ဝိညာဏက္ခန္ဓာ တည်းဟူ သော၊ ကုသိုလ်အဗျာကတဝိညာဏ်။ အဗျာကတသာဖြစ်သော ဝိညာဏ်။ သုခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်။ ဥပေက္ခာ ဝေဒနာနှင့် သာယှဉ်သော ဝိဉာဏ်။ သမာပတ်ဝင်စားသော၊ ပုဂ္ဂိုလ်၏ ဝိညာဏ်။ အာသဝေါတရား လေးပါးတို့၏၊ အာရုံ မဖြစ်သော၊ ဝိညာဏ်သည်၎င်း။ မေ၊ ငါ၏။ ဒူရေ၊ ကုသိုလ် အကုသိုလ် အဗျာကတ ဝိညာဏ် တို့၏၎င်း။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်ကုန်သော၊ ဝိညာဏ် တို့၏၎င်း။ သမာပန္န အသမာပန္န ဝိညာဏ်တို့၏၎င်း။ သာသဝ အနာသဝ ဝိညာဏ် တို့၏၎င်း။ ဇာတိဖြစ်ရေး မတူသေးကြောင့်။ ဝေးသည်ဟု ဆိုအပ်သော၊ ယံဝိညာဏံဝါ၊ အကြင် ဝိညာဏက္ခန္ဓာ တည်းဟူသော၊ ကုသိုလ်,အကု သိုလ် အဗျာကတဝိညာဏ်။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်။ သမာပတ် ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ ဝိညာဏ်။ အာသဝေါတရား လေးပါးတို့၏၊ အာရုံဖြစ် မဖြစ်သော၊ ဝိညာဏ်သည် ၎င်း။ မေ၊ ငါ၏၊ သန္တိကေ၊ ကုသိုလ်, အကုသိုလ် အဗျာကတဝိညာဏ် တို့၏၎င်း။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်ကုန်သော ဝိညာဏ် တို့၏၎င်း။ သမာပန္န အသမာပန္န ဝိညာဏ်တို့၏၎င်း။ သာသဝ အနာသဝ ဝိညာဏ်တို့၏၎င်း။ ဇာတိသဘော၊ တူနှောရင့်သီး၍၊ နီးသည်ဟု ဆိုအပ် သော။ ယံဝိညာဏံဝါ၊ အကြင်ဝိညာဏက္ခန္ဓာ တည်းဟူသော၊ ကုသိုလ်

အကုသိုလ် အဗျာကတ ဝိညာဏ်။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာ တို့နှင့်၊ ယှဉ်သောဝိညာဏ်။ သမာပတ်ပင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ ဝိညာဏ်၊ အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်မဖြစ်သော ဝိညာဏ်သည်ရင်း။ အတ္ထိသန္တိ၊ထင်ရှားပကတိရှိကုန်၏ ဣဒံဝိညာဏံ၊ဤဝိညာဏ်အပေါင်းသည်။ ခယဋ္ဌေန၊ ကြောင့်။ ဝယဋ္ဌေန၊ ကြောင့်။ အနိစ္စံ၊ မရှိ။ ဘယဋ္ဌေန၊ ကြောင့်။ ပီဠနဋ္ဌေန၊ ကြောင့်။ ဒုက္ခံ၊ ခဲ၏။ အသာရကဋ္ဌေန၊ ကြောင့်။ အနိဿရဋ္ဌေန၊ ကြောင့်။ အဝသ ဝတ္တနဋ္ဌေန၊ ကြောင့်။ အနတ္တာ၊ ချေ။ ဧဝံ၊ ဤသို့။ သမသနံ၊သည်။ သမသနဉာဏ်မည်၏။ ။

## ၂။ ဥဒယဗ္ဗယဉာဏ်ပါဠိ၏အနက်။

အဝိဇ္ဇာသမုဒယာ၊ မောဟတည်းဟူသော အဝိဇ္ဇာ၏ ဖြစ်ခြင်းကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာ တည်းဟူသော ရုပ်၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာသမုဒယာ၊ တဏှာ၏ ဖြစ်ခြင်းကြောင့်။ ရူပသမုဒယော၊ ရူပခန္ဓာတည်းဟူသော ရုပ်၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကမ္မသမုဒယာ၊ ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ဖြစ်ခြင်းကြောင့်။ ရူ ာသမုဒယော၊ ရူပက္ခန္ဓာတည်းဟူသော ရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အာဟာရသမုဒယာ၊ အာဟာရ၏ ဖြစ်ခြင်းကြောင့်၊ ရူပသမုဒယော၊ ရူပက္ခန္ဓာတည်းဟူသောရုပ်၏ဖြစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ အဝိဇ္ဇာသမုဒယာ၊ကြောင့်၊ ဝေဒနာသမုဒယော၊ ဝေဒနက္ခန္ဓာ တည်းဟူသော၊ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့၏ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာသမုဒယာ၊ တဏှာ၏ ဖြစ်ခြင်းကြောင့်။ ဝေဒနာသမုဒယော၊ သည်။ ဟောတိ၊ ဖြစ်၏။ ကမ္မသမုဒယာ၊ကြောင့်။ ဝေဒနာသမုဒယော၊ သည်။ ဟောတိ၊ ဖြစ်၏။ ဖဿသမုဒယာ၊ စက္ခုသမ္ဖဿ စသော ဖဿ ၆-ပါး၏ ဖြစ်ခြင်းကြောင့်။ ဝေဒနာသမုဒယော၊ သည်။ ဟောတိ၊၏။ အဝိဇ္ဇာသမုဒယာ၊ကြောင့်။ သညာသမုဒယော၊ သညက္ခန္ဓာ တည်းဟူသော သညာ၏ ဖြစ်ခြင်းသည်၊ ဟောတိ၊ ၏။ တဏှာသမုဒယာ၊ ကြောင့်။ သညာသမုဒယော၊ သည်၊ ဟောတိ၊၏။ ဖဿသမုဒယာ၊ ကြောင့်။ သညာ သမုဒယော၊ သည်၊ ဟောတိ၊ ၏။ ။

အဝိဇ္ဇာသမုဒယာ၊ ကြောင့်၊ သင်္ခါရသမုဒယော၊ သင်္ခါရက္ခန္ဓာ တည်းဟူသော၊ စေတသိက်ငါးဆယ်၊ သင်္ခါရတို့၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ၏။ တဏှာသမုဒယာ၊ ကြောင့်။ သင်္ခါရ သမုဒယော၊ သည်။ ဟောတိ၊ ၏။ ဖဿသမုဒယာ၊ ကြောင့်။ သင်္ခါရသမုဒယော၊ သည်၊ ဟောတိ၊၏။

အဝိဇ္ဇာ သမုဒယာ၊ကြောင့်။ ဝိညာဏ သမုဒယော၊ ဝိညာဏက္ခန္ဓာတည်း
ဟူသော ပဋိသန္ဓေဝိညာဏ်။ပဝတ္တိဝိညာဏ်တို့၏ဖြစ်ခြင်းသည်။ ဟောတိ၊
၏။ တဏှာသမုဒယာ၊ ကြောင့်။ ဝိညာဏ သမုဒယော၊ သည်။ ဟောတိ၊
၏၊ ကမ္မသမုဒယာ၊ကြောင့်။ ဝိညာဏသမုဒယော၊ သည်။ ဟောတိ၊ ၏။
နာမရူပသမုဒယာ၊ စတုဝေါကာရဘုံတို့၌နာမ်၊ပဉ္စဝေါကာရဘုံ၌နာမ်ရုပ်၊
ဧကဝေါကာရဘုံ၌ ရုပ်တို့၏ ဖြစ်ခြင်းကြောင့်။ ဝိညာဏ သမုဒယော၊
ပဋိသန္ဓေဝိညာဏ်၊ပဝတ္တိဝိညာဏ် ၂-ပါးတို့၏ ဖြစ်ခြင်းသည်၊ဟောတိ၊၏။

အဝိဇ္ဇာနိရောဓာ၊ မောဟတည်းဟူသော အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်။
ရူပနိရောဓော၊ ရူပက္ခန္ဓာ တည်းဟူသော ရုပ်၏ ချုပ်ငြိမ်း ခြင်းသည်။
ဟောတိ၊၏။တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊
သည်။ ဟောတိ၊ ၏။ကမ္မနိရောဓာ၊ကုသိုလ်ကံအကုသိုလ်ကံ ၂-ပါးတို့၏
ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ သည်။ ဟောတိ၊ ၏။ အာဟာရနိရောဓာ၊
အာဟာရ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ သည်။ ဟောတိ၊ ၏။ ။
အဝိဇ္ဇာ နိရောဓာ၊ ကြောင့်။ ဝေဒနာ နိရောဓော၊ ဝေဒနက္ခန္ဓာ တည်းဟူ
သော သုခဒုက္ခ ဥပေက္ခာ ဝေဒနာတို့၏ ချုပ်ခြင်းသည်၊ ဟောတိ။ ၏။
တဏှာနိရောဓာ၊ ကြောင့်။ ဝေဒနာနိရောဓော၊ သည်။ ဟောတိ၊ ၏။ ကမ္မ
နိရောဓာ၊ ကြောင့်၊ ဝေဒနာနိရောဓော၊ သည်။ ဟောတိ၊ ၏။ ဖဿနိရောဓာ၊
စက္ခုသမ္ဖဿ စသော ဖဿ ၆-ပါးတို့၏ ချုပ်ခြင်းကြောင့်။ ဝေဒနာ
နိရောဓော၊သည်။ဟောတိ၊၏။ ။အဝိဇ္ဇာနိရောဓာ၊ကြောင့်။သညာနိရောဓော၊
သညက္ခန္ဓာ တည်းဟူသော သညာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။
တဏှာနိရောဓာ၊ကြောင့်။သညာနိရောဓော၊သည်။ဟောတိ၊၏။ကမ္မနိရောဓာ၊
ကြောင့်။ သညာနိရောဓော၊ သည်။ ဟောတိ၊ ၏။ ဖဿနိရောဓာ၊ ကြောင့်။
သညာနိရောဓော၊သည်။ဟောတိ၊၏။ ။အဝိဇ္ဇာနိရောဓာ၊ကြောင့်။ သင်္ခါရ
နိရောဓော၊သင်္ခါရက္ခန္ဓာ၊တည်းဟူသော စေတသိက်ငါးဆယ် သင်္ခါရတို့၏
ချုပ်ခြင်းသည်။ ဟောတိ၊၏။ တဏှာနိရောဓာ၊ကြောင့်။ သင်္ခါရနိရောဓော၊
သည်။ ဟောတိ၊၏။ ။ဖဿနိရောဓာ၊ကြောင့်။ သင်္ခါရနိရောဓော၊သည်။
ဟောတိ၊ ၏။ ။အဝိဇ္ဇာ နိရောဓာ၊ ကြောင့်။ ဝိညာဏ နိရောဓော၊
ဝိညာဏက္ခန္ဓာတည်းဟူသော ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ် ၂ ပါး
တို့၏ချုပ်ခြင်းသည်။ ဟောတိ၊၏။ တဏှာနိရောဓာ၊ ကြောင့်။ ဝိညာဏ
နိရောဓော၊သည်။ ဟောတိ၊၏။ ကမ္မနိရောဓာ ကြောင့်။ ဝိညာဏနိရောဓော၊
သည်။ဟောတိ၊၏။ နာမရူပနိရောဓာ၊စတုဝေါကာရဘုံ၌နာမ်၊ပဉ္စဝေါကာရ

ဘုံ၌နာမ်ရုပ်၊ ဧကဝေါကာရဘုံ၌ ရုပ်တို့၏၊ ချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓေါသည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ ဥဒယဗ္ဗယာနုပဿနံ၊ ဖြစ်ခြင်းပျက်ခြင်းကို သုံးသပ်ဆင်ခြင်ခြင်းသည်။ ဥဒယဗ္ဗယေ ဉာဏံ၊ ဥဒယဗ္ဗယဉာဏ်မည်၏။ ။

## ၃ - ဘင်္ဂဉာဏ်ပါဠိ၏အနက်။

မေ၊ ငါ၏၊ ပစ္စုပ္ပန္နာ၊ ခန္ဓာငါးပါးဟု ဆိုအပ် ကုန်သော၊ ဣမေ ဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ မေ၊ ငါ၏။ ပစ္စုပ္ပန္နာ၊ ကုန်သော၊ တေ ဓမ္မာ၊ ထိုရုပ်နာမ် တရားတို့သည်။ အပရိယာယကာ၊ မဟာဗြဟ္မာ၊ ပရမိဿရာ နတ်တို့ တန်ခိုး ကမ္မဖဒ်၊ ဣဒ္ဓိပါဒ် ဈာန် အဘိညာဏ်ဖြင့် ဖန်ဆင်း အပ်သည်လည်း မဟုတ်ကုန်။ နိသတ္တ နိဇ္ဇီဝ သဘာဝါ၊ သတ္တဇီဝလည်း မဟုတ်။ မုချ စင်စစ်၊ ပရမတ်မျှသာ ဖြစ်ကုန်၏။ တေ ဓမ္မာ၊ ထို ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ ခယဋ္ဌေန၊ ကြောင့်။ ဝယဋ္ဌေန၊ ကြောင့်။ အနိစ္စာ၊ ကုန်။ ဘယဋ္ဌေန၊ ကြောင့်။ ပိဠနဋ္ဌေန၊ ကြောင့်။ ဒုက္ခာ၊ ကုန်၏။ အသာရကဋ္ဌေန၊ ကြောင့်၊ အနိဿရဋ္ဌေန၊ ကြောင့်။ အဝသဝတ္တနဋ္ဌေန၊ ကြောင့်။ အနတ္တာ၊ ကုန်။ ဣဒါနေဝ၊ ယခုအခါ၌ သာလျှင်။ မေ၊ ငါ၏။ တံအာရမ္မဏိက ဝိပဿနိကစိတ္တံ၊ ထို လက္ခဏာသုံးပါး၊ အာရုံစွဲပြီ၊ အမြဲရှိသော။ ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ ဘိဇ္ဇတိ၊ ပျက်၏။ ဝိနဿတိ၊ ပျောက်၏။ ဝိပရိဏာမံဂစ္ဆတိ၊ ဖောက်ပြန်ခြင်းသို့ ရောက်၏။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း၊ တံအာရမ္မဏိက ဝိပဿနိက စိတ္တံ၊ ထိုလက္ခဏာ သုံးစုံ၊ အာရုံစွဲပြီ၊ အမြဲရှိသော ဝိပဿနာစိတ်သည်၊ ဥပ္ပဇ္ဇိတွာ၊ ၍။ နိရုဇ္ဈတိ၊ ၏။ ဘိဇ္ဇတိ၊ ၏။ ဝိနဿတိ၊ ၏။ ဝိပရိဏာမံဂစ္ဆတိ၊ ၏။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း၊ တံအာရမ္မဏိက ဝိပဿနိက စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတွာ၊ ၍။ နိရုဇ္ဈတိ၊ ၏။ ဘိဇ္ဇတိ၊ ၏။ ဝိနဿတိ၊ ၏။ ဝိပရိဏာမံဂစ္ဆတိ၊ ၏။ ဧဝံ၊ ဤသို့။ ဘင်္ဂါနုပဿနံ၊ ကုန်ပျောက်ပြုန်းတီး။ ပျက်စီးခြင်း သဘောကို၊ နှစ်နှောလေ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ ဘင်္ဂေ ဉာဏံ၊ ဘင်္ဂဉာဏ်မည်၏။ ။

## ၄ - ဘယဉာဏ်ပါဠိ၏အနက်။

မေ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ ဤခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့၏။ ဥပ္ပါဒေါ၊ ပဋိသန္ဓေ နေရခြင်း အစွမ်းဖြင့် ဖြစ်ခြင်းသည်။ ဘယံ၊ အသူတရာမက နက်လှသော၊ နရက်သို့ ကျရောက်ဆဲ အခါကဲ့သို့။ ကိုယ်စိတ်

နှစ်ပါး၊ ရိရှားတုန်လှုပ်လျက်၊ ကြောက်မက်ဘွယ်ရှိ၏။ မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ တို့၏။ ပဝတ္တံ၊ နရက်သို့ရောက်ပြီး။ ဘိဗီးညြလဲ၊ ဆင်းရဲဖန်ဖန်။ ခံရသော အခါကဲ့သို့။ ပဋိသန္ဓေနောက်၊ စုတိရောက်အောင်၊ ဖေါက်လွဲ၊ ဖေါက်ပြန်၊ အဖန်ဖန် ဖြစ်ရခြင်းသည်။ ဘယံ၊ ကိုယ်စိတ် နှစ်ပါး၊ ရိရှား တုန်လှုပ်လျက်၊ ကြောက်မက်ဘွယ် ရှိ၏။ မမ၊ ငါ၏။ ဣမေသံ ခန္ဓာနံ၊ တို့၏။ နိမိတ္တံ၊ ဖြစ်လာတွေ့ကြုံ၊ တောဘုမ္မက၊ သင်္ခါရ ကာမဂုဏ်သည်။ ဘယံ၊ ၏။မမ၊ငါ၏။ဣမေသံခန္ဓာနံ၊ တို့၏။ အာယူဟနံ၊ ကုသိုလ်အကုသိုလ် ကံနှစ်ပါးကို၊ ကြိုးစားအားထုတ်၊ လုပ်ကြံရခြင်းသည်။ ဘယံ နရက်ငရဲ၊ မစွဲဘိစီး၊ ခံပြီးတချက်၊ နရက်တပါး ကျသွားရောက်ကြောင်း၊ မကောင်း၊ စေ့ဆော်၊ ချွတ်ချော်သော အခါကဲ့သို့၊ ကိုယ်စိတ်နှစ်ပါး၊ ရိရှားတုန်လှုပ် လျက်၊ ကြောက်မက်ဘွယ်ရှိ၏။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ နိဗ္ဗတ္တိ၊ ဘာဝရာဖန်၊ ဖေါက်ပြန် အသစ် ဖြစ်ရခြင်းသည်။ ဘယံ၊ နရက်တပါး၊ ကျသွားရောက်ပြန်၊ ခံရသော အခါကဲ့သို့၊ ကိုယ်စိတ်နှစ်ပါး၊ ရိရှားတုန် လှုပ်လျက်၊ ကြောက်မက်ဘွယ် ရှိ၏။ မမ၊ ငါ၏၊ ဣမေသံခန္ဓာနံ၊ တို့၏။ ပဋိသန္ဓိ၊ သံသရာနှောင်အိမ် ပူရှိန်ဆူဝေ၊ ဘုံသုံးတွေ၌၊ ပဋိသန္ဓေအခွန်၊ အဖန်ဖန် နေရခြင်းသည်။ ဘယံ၊ ကိုယ်စိတ်နှစ်ပါး၊ ရိရှားတုန်လှုပ်လျက်၊ ကြောက်မက်ဘွယ်ရှိ၏။ မမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ် ကုန်သော၊ ဘေဓမ္မာ၊ ထိုရုပ်နာမ် တရားတို့သည်၊ ခယဋ္ဌေန၊ ကြောင့်။ ဝယဋ္ဌေန၊ ကြောင့်။ အနိစ္စာ ကုန်။ ဘယဋ္ဌေန၊ ကြောင့်။ ဗိဋ္ဌနဋ္ဌေန၊ ကြောင့်။ ဒုက္ခာ၊ ကုန်၏။ အသာရကဋ္ဌေန၊ ကြောင့်။ အနိဿရဋ္ဌေန၊ ကြောင့်။ အဝသဝတ္တနဋ္ဌေန ကြောင့်။အနတ္တာ၊ ကုန်။ ဧဝံ၊ ဤသို့၊ ဘယာ နုပဿနံ၊ ခန္ဓာ ၅-ပါး၊ ရုပ်နာမ် တရားတို့၏။ ကြောက်မက် ဖွံ့ အေး၊ ဘေးဘယာကို၊ သုံးသပ် ဆင်ခြင်ခြင်းသည်။ ဘယေဉာဏံ၊ ဘယဉာဏ် မည်၏။ ။

## ၅ - အာဒီနဝဉာဏ်ပါဠ်၏အနက်။

မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ ဥပ္ပါဒေါ၊ ပဋိသန္ဓေ နေရခြင်း အစွမ်း ဖြင့်၊ ဖြစ်ခြင်းသည်၊ သာဒိသံ၊ ထိုထိုများစွာ၊ လူဋိုလ်ပါတို့၏၊ ဟင်းလျာ လက်သုတ်၊ ပြုလုပ်အပ်သော ဝက်ကဲ့သို့၊ ကိလေသာ မာရ်၊ ဒေဝပုတ္တ မာရ်တို့သည်၊ အဖန်ဖန် နှိပ်နင်းလျက်။ သေမင်း၏ ဟင်းလျာ လက်သုတ်။ ပရဘုတ်အာဟာရသည်။ ပဟာတိ၊ ဖြစ်၏။ အနုပ္ပါဒေါ၊ ပဋိသန္ဓေ၊ ယူနေ

လွတ်ကင်း၊ ဖြစ်ရခြင်းသည်။ နိရာမိသံ၊ ကိလေသာမာရ်။ ဒေဝပုတ္တမာရ်၊ တို့၏။ အဖန်ဖန် နှိပ်နင်းခြင်း ကင်းလွတ်လျက်။ သေမင်း၏ ဟင်းလျာ လက်သုတ်၊ ပရဘုတ်အာဟာရမဟုတ်သည့်၊ဟောတိ ဖြစ်၏။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ ပဝတ္တံ ပဋိသန္ဓေနောက်၊ စုတိ ရောက်အောင်၊ ပေါက်လွဲ ပေါက်ပြန်၊ အဖန်ဖန် ဖြစ်ရခြင်းသည်။ သာမိသံ၊ သည်။ ဟောတိ၊ ဖြစ်၏။ အပဝတ္တံ၊ ပဋိသန္ဓေနောက်၊ စုတိရောက်အောင်၊ ပေါက်လွဲပေါက်ပြန်၊ အဖန်ဖန် မဖြစ်ရ ခြင်းသည်။ နိရာမိသံ၊ မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ မေ၊ ငါ၏။ ဣမေသံခန္ဓာနံ၊တို့၏။ နိမိတ္တံ၊ ဖြစ်လာတွေ့ကြုံ၊ တေဘုမ္မကာ၊ သင်္ခါရ၊ ကာမဂုဏ်သည်။ သာမိသံ၊ သည်။ဟောတိ၊ ဖြစ်၏။ အနိမိတ္တံ၊ ဖြစ်လာတွေ့ကြုံ၊ တေဘုမ္မကာ၊ သင်္ခါရ ကာမဂုဏ်မှ၊ အာရုံသန့်ရှင်း ကင်းလွတ်ခြင်းသည်၊ နိရာမိသံ၊သည်။ ဟောတိ၊ဖြစ်၏။ မမ၊ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏။ အာယူဟနံ၊ ကုသိုလ် အကုသိုလ်ကံ နှစ်ပါးကို၊ ကြိုးစားအားထုတ် လုပ်ကြံရ ခြင်းသည်၊ သာမိသံ၊ သည်။ ဟောတိ၊ ဖြစ်၏။ အနာယူဟနံ၊ ကုသိုလ် အကုသိုလ်ကံ နှစ်ပါးကို လုပ်ကြံကြိုးစား အားမထုတ် ခြင်းသည်။ နိရာမိသံ၊ သည်။ ဟောတိ၊ ဖြစ်၏။ မမ၊ငါ၏။ ဣမေသံခန္ဓာနံ။ တို့၏။ နိဗ္ဗတ္တိ၊ ဘဝတတန် ပေါက်ပြန်အသစ် ဖြစ်ရခြင်းသည်။ သာမိသံ၊သည်။ ဟောတိ၊ဖြစ်၏။ အနိဗ္ဗတ္တိ၊ ဘဝတတန်၊ ပေါက်ပြန်အသစ် မဖြစ်ရခြင်းသည်။ နိရာမိသံ၊ သည်။ ဟောတိ၊ ဖြစ်၏။ မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊တို့၏။ ပဋိသန္ဓိ၊သည်။ သာမိသံ၊သည်။ဟောတိ၊ ဖြစ်၏။ အပဋိသန္ဓိ၊ သံသရာနှောင်အိမ်၊ပုဂ္ဂိုလ်ဆူဝေ၊ ဘုံသုံးတွေ၌၊ ပဋိသန္ဓေ အမှန်တဖန်မနေရခြင်းသည်၊ နိရာမိသံ၊ သည်၊ ဟောတိ၊ ဖြစ်၏။ မမ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော၊ တေဘုမ္မာ၊ ထိုရုပ်နာမ် တရားတို့သည်။ခယဋ္ဌေန၊ကြောင့် ဝယဋ္ဌေန၊ကြောင့်။အနိစ္စာ၊ကုန်။ ဘယဋ္ဌေန၊ကြောင့်။ ပီဠနဋ္ဌေန၊ကြောင့်။ ဒုက္ခာ၊ကုန်၏။ အသာရကဋ္ဌေန၊ကြောင့်။ အနိသာရဋ္ဌေန၊ကြောင့်။ အဝသဝတ္တနဋ္ဌေန၊ကြောင့်။ အနတ္တာ၊ ကုန်။ ဧဝံ၊ဤသို့။ ဘင်္ဂဝသေန၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးခြင်း၏ အစွမ်းဖြင့်၊ အာဒီနဝါနုပဿနံ၊ အပြစ်ဒေါသကို သုံးသပ် ဆင်ခြင်ခြင်းသည်၊ အာဒီနဝဉာဏံ၊အာဒီနဝဉာဏ်မည်၏။ ။

## ၆—နိဗ္ဗိဒါဉာဏ်ပါဠိ၏အနက်။

မမ၊ ငါ၏။ ဣမေသံခန္ဓာနံ၊ တို့၏၊ ဧတံဘိဇ္ဇနံနာမ၊ ထိုသို့ ကုန်ပျောက်

ပြုန်းတီး ပျက်စီးရခြင်း မည်သည်၊ အဟောသကံနိဗ္ဗိဒ်၊ ပြော်၊ ဘဝသုံးစုံ၊ ဘုံဓလေ့မှာ ငြိးငွေ့ဘွယ်ရှိစွ တကား။ အဟောဝတ ဇေကုဿ၊ ပြော် ဖေါက်ပြန်မဟာဘုတ်၊ဟဒယရုပ်မှာ စက်ဆုတ်ဘွယ်ရှိစွတကား။ အဟော ဝတ၊ ပဋိကူလံ၊ ပြော်၊ နှလုံးမသာ အခါခါပင်၊ ရွံရှာဘွယ်ရှိစွ တကား။ အဟောဝတ အနာလယံ၊ ပြော်။တပ်မက် ရှုမျှော် မွေ့လျော်စရာ မရှိပါ။ ဇေ၊ ဤသို့။ ဘင်္ဂဝသေန၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးခြင်း၏ အစွမ်းဖြင့်၊ နိဗ္ဗိဒါနုပဿနံ တဏှာမတွယ် ငြိးငွေ့ဘွယ်ကို သွယ်လှယ်မပြတ်၊သုံးသပ် ဆင်ခြင်ခြင်းသည်၊ နိဗ္ဗိဒေဥာဏံ၊ နိဗ္ဗိဒါဥာဏ်မည်၏။ ။

## ၇–မုဉ္စိတုကမျတာဉာဏ်ပါဠိ၏အနက်။

မဓါငါ၏။ ဗှုမသံခန္ဓာနံ၊ တို့၏။ဥပ္ပဇ္ဇနံ့ပါ၊ ပဋိသန္ဓေ နေရခြင်း အစွမ်း ဖြင့် ဖြစ်ခြင်းသည်ရင်း။ ဘိဇ္ဇနံပါ၊ စုတိမကင်း၊ ပျက်စီးခြင်းသည်ရင်း။ ဒုက္ခနုက္ခံ။ ဆင်းရဲကြီးငယ် သွယ်လှယ်နိပ်နင်း။ ပင်ပန်းခြင်းသို့ ရောက် ၏။ အတိဒုက္ခံ၊ အလွန် အကဲ ဆင်း ရဲ ခြင်း သို့ ရောက်၏။ တတော၊ ထိုသို့ပူပြင်း ဆင်းရဲခြင်းမှ။ကဒါ၊ ဘယ်အခါ၌။ အဟံ၊ငါသည်။ မုစ္စေယျံ၊ စင်စစ်မချွတ်၊ ကင်းလွတ်ပါအံ့နည်း။ မုစ္စနံ၊ စင်စစ်မချွတ် ကင်းလွတ်ရမှု ကား။သာဓုဝတ၊ ချမ်းသာညွတ်ပြောင်း ကောင်းလေစွတကား။အပဂမနံ၊ ချုပ်ပျောက်သန့်စင်၊ဘဲကျဉ်ရမှုကား။ သာဓုဝတ၊ ချမ်းသာညွတ်ပြောင်း၊ ကောင်းလေစွဘကား။နိဗ္ဗုတံ၊အခါခပ်သိမ်း၊ ငြိမ်းလေမှုကား။ သာဓုဝတ၊ ချမ်းသာညွတ်ပြောင်း၊ ကောင်းလေစွတကား။ ဇေ၊ ဤသို့။ မုစ္စနာနုပဿနံ၊ ဖေါက်ပြန်မရှင်း၊ ဖြစ်ပျက်ခြင်းမှ၊ ကင်းလွတ်ရေ-အခွင့်ကို၊ မြော်လင့်မလပ် သုံးသပ်ဆင်ခြင်ခြင်းသည်။ မုဉ္စိတုကမျတာဉာဏံ၊ မုဉ္စိတုကမျတာ ဉာဏ် မည်၏။ ။

## ၈–ပဋိသင်္ခါနုပဿနာဉာဏ်ပါဠိ၏အနက်။

၈။ မေ၊ ငါ၏။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါးဟု ဆိုအပ်ကုန်သော။ ဣမေဓမ္မာ၊ ဤရုပ်နာမ်တရားတို့သည်။ အနိစ္စန္တိကတော၊ အဘည်မမြဲ ဖေါက်လွဲခြင်း အဆုံးရှိသောကြောင့်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။ မေငါ၏။ ပဉ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊တို့သည်။ အဓုဝတော၊ အကြိတ်အခဲ အမြဲမတည်ခြင်း ကြောင့်။အနိစ္စာ၊ အနိစ္စမည်ကုန်၏။မေ၊ငါ၏။ပဉ္စက္ခန္ဓာ၊ကုန်သော။ဣမေဓမ္မာ တို့သည်။တာဝကာလိကတော၊အခိုက်အတန့် တသက်လျာခန့်မျှ ဖြစ်ခြင်း ကြောင့်။အနိစ္စာ၊ ကုန်။မေ၊ငါ၏။ ပဉ္စက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊တို့သည်။

ဥဒယဗ္ဗယပရိဿိနေ့တော၊ ဖြစ်ပျက်မကင်း ပိုင်းခြားခြင်းရှိသောကြောင့်။ အနိစ္စာ၊ကုန်၏။ ။မေ၊ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊တို့သည်။ ဒုက္ခမတော၊ပြုပြင်ဆင်းရဲ သည်းခံနိုင်ခဲသောကြောင့်။ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။မေ၊ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။အတာဏတော၊ စောင့်ရှောက်ရာမဟုတ်သောကြောင့်။ ဒုက္ခာ၊ကုန်၏။ မေ၊ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ တို့သည်။ အလေဏတော၊ မှီခိုလည်းလျောင်း ပုန်းအောင်းရာမဟုတ်သောကြောင့်။ ဒုက္ခာ၊ ကုန်၏။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ဣမေဓမ္မာ၊တို့သည်။ဥဒယဗ္ဗယ ပိဠနတော၊ရံခါမကင်း ဖြစ်ပျက်ခြင်းတို့ဖြင့်၊နှိပ်စက်ညှဉ်းပန်းခြင်းကြောင့်။ဒုက္ခာ၊ကုန်၏။မေ၊ငါ၏။ပစ္စက္ခန္ဓာ၊ ကုန်သော။ဣမေဓမ္မာ၊တို့သည်။ရိတ္တတော၊ ညှိနံ့စက်ဆုတ်အပုတ်ကိုယ်လုံး၊ ပြုန့်နှံ့ဖုံး၍ အသုံးမကြဲသောကြောင့်။ အနတ္တာ၊အနတ္တမည်ကုန်၏။မေ၊ငါ၏။ ပစ္စက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ တုစ္ဆတော၊ ဆင်းရဲခပ်သိမ်း ကိန်းဝပ်ခိုမှီး။ အချည်းနှီးသာ ဖြစ်ခြင်းကြောင့်။ အနတ္တာ၊ ကုန်၏။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်၊ သုညတော၊ ကိုယ်ဟု ဖန်ဖန်။ ပညတ်သံ၍။ ဆိတ်ညံ့ခြင်းကြောင့်၊ အနတ္တာ၊ ကုန်၏။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အသာရကတော၊ အနှစ်မရှိ။ ပုတိပြစ်ကြေး။ ပုတ်ဆွေးတတ်သော သဘောကြောင့်။ အနတ္တာ၊ ကုန်၏။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ အနိဿရတော၊ စိုးရင်လွှမ်းမိုး။ အပိုးမရသော သဘောကြောင့်။ အနတ္တာ၊ ကုန်၏။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။အဝသဝတ္တနတော၊ လိုရာလိုရပ် မလိုက်တတ်သော သဘောကြောင့်။ အနတ္တာ၊ ကုန်၏။ ဇေ၀ံ၊ ဤသို့။ ပဋိသင်္ခါနုပဿနံ၊ ခန္ဓာငါးဖြာ၊ လက္ခဏာကို။ များစွာခွဲမှတ်၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ပဋိသင်္ခါနေဥာဏံ၊ပဋိသင်္ခါနုပဿနာဥာဏ်မည်၏။ ။

## ၉ သင်္ခါရုပေက္ခာဥာဏ် ပါဠိ၏အနက်။

မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ ရိတ္တာ၊ ညှိနံ့စက်ဆုပ်၊ အပုတ်ကိုယ်လုံး။ ပြုန့်နှံ့ဖုံး၍။ အသုံးမကြဲတကား။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ ဣမေဓမ္မာ၊ တို့သည်။ တုစ္ဆာ၊ ဆင်းရဲခပ်သိမ်း။ ကိန်းဝတ်ခိုမှီး။ အချည်းနှီးသာတကား။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော ဣမေဓမ္မာ၊ တို့သည်။ သုညာ၊ ကိုယ်ဟုဖန်ဖန်၊ ပညတ်သံ၍။ ဆိတ်ညံ့ခဲ့တကား။ မေ၊ ငါ၏။ ပစ္စက္ခန္ဓာ၊ ကုန်သော။ဣမေဓမ္မာ၊ တို့သည်။ နိရတ္တာ၊

အနည်းငယ်မျှ၊ ဝိပါကမျိုး။ အကျိုးမရှိတကား။ အနတ္တေနဝ၊ ငါ၏ကိုယ် အားဖြင့်ရင်း အတ္တနိယေနဝ၊ ငါ၏ဥစ္စာအားဖြင့်ရင်း။ တေဓမ္မာ၊ ထိုရုပ် နာမ် တရားတို့သည်။ အဟံ၊ ငါသည်။ န၊ မဟုတ်ကုန်။ တေဓမ္မာ၊ တို့သည်။ မမ၊ ငါ၏။ နသန္တကာ၊ ဥစ္စာစုပုံ၊ မဟုတ်ကုန်။ ဇိဝံ၊ ဤသို့။ ဥဒါသိနေနံ၊ မနှုန်းမချစ်။ လျစ်လျူရှုသဖြင့်။ သင်္ခါရုပေက္ခာနုပဿနံ၊ သင်္ခါရတရား၊ ထို ငါးပါး၌။ ပိုင်းချား လျစ်လျူ။ စွဲယူမလစ်။ သုံးသပ် ဆင်ခြင်ခြင်းသည်။ သင်္ခါရုပေက္ခာဉာဏံ၊ သင်္ခါရုပေက္ခာဉာဏ်မည်၏။ ။

## ၁၀–အနုလောမဉာဏ်ပါဠိ၏အနက်။

၁၀။ ဟဝေ၊စင်စစ် ယဒါ၊အကြင်အခါ၌။ မဂ္ဂံ၊မဂ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။တဒါ၊ထိုအခါ၌။ တံ၊ ထိုဝိပဿနာစိတ်သည်။ နဝတ္တဗ္ဗာရမ္မဏံ၊ ထိုလက္ခဏာရေး သုံးပါးဟု ဆိုအပ်သော အာရုံကို။ ကတွာ၊ အာရုံပြု၍။ ပရိကမ္မံ၀ါ၊ပရိကံဇောစိတ်သည်ရင်း။ ဥပစာရံဝါ၊ ဥပစာရဇောစိတ်သည် ရင်း အနုလောမံဝါ၊အနုလုံဇောစိတ်သည်ရင်း။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။တံသမ္ပယုတ္တကံ၊ထိုပရိကံစသည်နှင့် အတူတကွယှဉ်သော။ ဉာဏံ၊ ဉာဏ်သည်။ အနုလောမဉာဏံ၊ အနုလောမဉာဏ်မည်၏။ တတောပရံ၊ ထိုနောက်မှ။ နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အာရမဏံ ကတွာ၊ အာရုံပြု၍။ ဂေါတြ ဘုဉာဏံ၊ပုထုဇ္ဇန်ပုဂ်၊အနွယ်ယုတ်ကို၊ ပယ်နှုတ်နိုင်ကွင်း၍၊အရိယာဇာတ်ကို ပွားစေ၊ဖြစ်စေတတ်သော။ဂေါတြဘုဉာဏ်သည်။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။နိရုဇ္ဈတိ ချုပ်၏။တတောပရံ၊ထိုနောက်မှ။ သက်ိယေ၀၊ တကြိမ်သာလျှင်၊ မဂ္ဂေါ၊ သောတာပတ္တိမဂ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ချုပ်၏။ တာကောပရံ၊ ထိုနောက်မှ။တထာ၊ထိုမဂ်ကဲ့သို့အမှန် နိဗ္ဗာန်ကို အာရုံပြု၍၊ ကေဝိုတိက္ခတ္တုံ၊ တကြိမ်–နှစ်ကြိမ်–သုံးကြိမ်၊ ဖလမေဝ၊ သောတာပတ္တိဖိုလ် စိတ်သည်သာ လျှင်။ ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ နိရုဇ္ဈတိ ချုပ်၏။ တတောပရံ၊ ထိုချုပ်ပြီးသော နောက်၌။ ဘဝင်ပါတော၊ ဘဝင်ကျသည်။ ဟောတိ၊ ဖြစ်၏၊ ဣတိဣဒံ ပရိသမာပနံ၊ ဝိပဿနာဉာဏ် ဆယ်တန်ဖြစ်ဟန်၊ဆိုရန်စကား၊ အကျဉ်း အားဖြင့်၊ပိုင်းခြားရင့်သိး ဤတွင်ပြီး၏။ ။

## ဝိပဿနာ ဉာဏတန္တိ၊နိဋ္ဌိတာယံ။

## ထေ၀ပနာနိဒါန်း။

**ဥ** ဒ္ဓါရိ-သန္တုဠ္ဌ-ယသဿိ-သဒ္ဓော။

**ကာ** မွာယ-ပုဗ္ဗဝ စသိဝရေယော။

**ဝံ** သာဓော-အန္တရိယောနိပုဏ္ဏော။

**သ** မံ-ဒယာယာဝ-သုစောဒိတဗ္ဗော။

**မာ** နေပဟိ-ဝိညာရိတု-ယာစိတောပဟ်။

**လာ** ဝိသမေကော-ဒသဥာဏာတနို့ံ။

ဤကား - ဥက္ကာံဝံသမာလာ, အာချက္ခရာကို ဘွဲ့ဆိုအပ်သော ထေ၀မနာဂါထာတည်း။ ။ပထမဂါထာ၌ပ,ဒု, တ,ဟူသော သုံးပါဒသည်ကား။ဣန္ဒဝဇိရာ၊ စကား,ဥပေန္ဒဝဇိရာ၊ လက္ခဏာ နှစ်ပါး ရောရကား။ဥပဇာတိဂါထာတည်း။ နောက်ဂါတာဝဂ် ကား။သက်သက်ဣန္ဒဝဇိရာချည်းတည်း။

### ထေ၀မနာဂါထာအနက်ယောဇနာ။

အနက်မြန်မာယောဇနာကား။ ။ယသဿီ၊ သဘင်စက္ကရတ်၊ စန်းယုံ နတ်သို့၊မြင့်မြတ်လျှံဘွန်း၊ ရံဝန်းစမွါယ်၊ တင့်တယ်ထူးချွန်၊ သာလွန်သော အခြွေအရံ၊ ပရိဝါရ ရှိတော်မူထသော။ နိပုဏ္ဏော၊ပရိယာတ်ဓမ္မ။ ဟူသမျှ၌။ ရှုး၇ပြကတေ့။ သိမ်မွေ့ထူးကဲ။နက်နဲသော ပဋိဘာန်၊ ဉာဏ်တော်မြတ်ရှိ တော်မူထသော။ဝံသာဓော၊သာသနဲ့ဂိုဏ်းဝင် အစဉ်မပျက်၊ နွယ်ဆက် များစွာ ထေရ်သံဃာတို့၏အမွန်။ဘံခွန်သဘွယ်လည်း ဖြစ်တော်မူထသော သံဝရော၊စက္ခုသောဘာ၊စသည်ခြောက်ထွေ။ ဣန္ဒြေကို စေ့ရေချုပ်တည်း။ အထူးသဖြင့် သိမ်းဆည်းခြင်း သံဝရတရားလည်း ရှိတော်မူထသော။

သဏ္ဍာန်ရှိ၊ ပုထုဇဉ်မှန်။ လူသာမန်တို့ သည်းခံနိုင်ခဲသော ရောင့်ရဲခြင်း သဏ္ဍာန်ရှိတရားလည်း။ ထူးခြားစွာ ရှိတော်မူထသော။ သန္တော၊ ဘွင်မှိန်း သက်၍။ကိန်းစက်တော်မူစေကာ။ကေသရာအလား။ မငွေ့ရှားဘဲ။ ဘဝါး ခြေလက် ကိုယ်ထက်ဆင်မြန်း၊ သက်န်းကတော့၊ မလျော့မပျက်၊ ငြိမ်သက် မွေ့သိမ်၊ ကာယိန္ဒြေလည်း ရှိတော်မူထသော။ ဇကော၊ ဇကောဒိဇ၊ ဖြင်းထန်ဗျာဓိ နှိပ်စက်ဘိလည်း။ ပကတိကြံ့ခိုင်၊ မညှိုးငယ်ဟိုင်၊ တောင် မြင့်မိုရ်သို့ ကိုယ်နှင့်အသက်၊ ငဲ့ကွက်မရှိ၊ သည်းခံချိသော။ သမာဓိဇ ဂုဏ်ထူးလည်း ရှိတော်မူထသော။ အနုရိယော၊ ထောင်သောင်း လူရှင်။ ကိုယ်တွင် ဖြစ်ခင်၊ မဆိုလင့်ဦး။ စိတ်ကူးတရန်၊ မကြံဘူးဘဲ၊ ပြုနိုင်ခဲ ကြောင့်။ အံ့ဖွယ်ထူးထူး၊ လက်ဖျစ်တီးခတ်။ ချီးမွမ်းအပ်သော။ အနုရိယ ဂုဏ်ထူးလည်း၊ ရှိတော်မူထသော။ ယောအာစေရော၊ အကြင်သို့သော၊ ငါတို့၏ ကျေးဇူးတော်သျှင်။ အရှင် အုဂ်ဖိုရ်ဆရာတော် ဘုရားကြီးသည်။ ပုဗ္ဗေဝ။ ယခုအခါ၊ မြောက်မြားစွာလျှင်။ ဝိပဿနာ,တရား။ထကြွနိုးကြား။ မထင်ရှားမှီ၊ပဝေဏီခေတ်။ နှစ်ပေါင်းမြင့်ကြာ။ လွန်စွာရှည်ဝေး ရှေးရှေး မဆွ၊ အခါကပင်လျှင်။ စ၊ ဇကန္တေန၊ စင်စစ်သဖြင့်။ ဒယာယာဝ၊ သံသ ရာဒွဲ၊ ကြည်လည်ကြက်စား။ ဘေးဘုမ်းများကုန်သော။ သတ္တဝါတို့အား။ လွန်စွာမျှံပွါး၊ သနား ကြင်နာတော် မူခြင်း တည်းဟူသော။ ကရုဏာ တော်သည်ပင်လျှင်။ သုစေဒိတတ္တာ၊ အစဉ်မပြတ်။ တိုက်တွန်းနှိုးဆော် အပ်သည်၏ အဖြစ်ကြောင့်။ ကမ္မာယ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်,အားဖြင့်။ ငါးပါးသောခန္ဓာ၌။ ဆယ်ဖြာသော၊ ဝိပဿနာဉာဏ်။ ရင့်သန်တိုးတက်၍။ ဖိုလ်မဂ်စခန်းသို့၊ ရောက်နိုင်စွမ်းသော။ ဝိပဿနာ ကမ္မဋ္ဌာန်းကို။ စီးဖြန်း လေ့ကျက် နှုတ်တက်အားထား။ ပွါးများစေမှု။ ပြုစိမ့်သောငှါ။ ယံဒသဉာဏတန္တိ။ အကြင် ပဋိသမ္ဘိဒါမဂ်။ မိန့်မြွက် ကျမ်းလာ၊ သူတော်စွာတို့။ နှစ်မြို့ဘွယ်ပေ။ ဏုဒ်မေရှုပ်၊ အတိတာနဂတ ပစ္စုပ္ပန္နံ စသည်ဖြင့်။ ဆယ်တန်သော ဝိပဿနာဉာဏ်။ ဖြစ်ဟန်သီးသီး။ ပါဠိတော်နည်းကို။ ဥဒ္ဒါရိ၊ မြန်မာ့ဘာသာ။ ယောဇနာလျက်။ ကောင်းစွာ ကြွင်းမဲ့။ ထုတ်ဆောင် ခဲ့လေပြီ။ တဿာ၊ ထိုဝိပဿနာ။ ဉာဏတန္တိ။ သညီမည်ဆန်း၊ မြတ်စာတန်း၏။ ဝိတ္ထာရေတုံ၊ အနက်အဓိပ္ပါယ်။ တိမ် မြုတ်ကွယ်သည်၏ အဖြစ်ကြောင့်။ ဆက်သွယ် သွင်းဖွဲ့။ အကျယ်ချဲ့စိမ့် သောငှါ။ မာနေပတိ၊ ဆရာတော်ကြီး ဘုရား၌။ အစလတရား။ အဖန်ဖန် ပွါးသည်ဖြစ်၍။ ဆံဖျားမတွန့်။ သက်စွန့်ရိုကြိုး။ မြတ်နိုးလေ့ ရှိကုန်သော။

အောက်စာရင်းပါ ဒါယကာတို့သည်။ ယာမိတော ဈေးရှုံသွတ်ပြောင်း။ တောင်းပန် အပ်သည်ဖြစ်၍။ ဝံဒသဥာဏတန္တိ၊ ထိုဆယ်ပါး အပြား ရှိသော။ ဝိပဿနာ,ဉာဏတန္တိ။ သည့်မည့်ဆန်း၊ မြတ်စာတန်းကို။ အဟံ ဆုတောင်းပြည့်သမိုက်။ ကျောင်းသစ်တိုက်ဆရာ၊ မည်ရှိငါသည်။ သမံ၊ စာကိုယ်ရှိတိုင်း။ ညှိနှိုင်းစံယူ၊ အလားတူစွာ။ လာဝိသို့၊ အဖွင့်သံဝဏ္ဏနာ။ ယူခါနှစ်သိမ့်၊ ရေးပေလိမ့်။ ။

ဤထေ၀မနာဂါထာ၌။ ဝိပဿနာ, ဉာဏတန္တိ စာတန်းကို။ ဖွင့်ဆို ရေးသားအံ့သောအခါနှင့်၊ ကြုံကြိုက်သဖြင့်။ ထိုစာတန်းကို။ စီရင်ရေး သားတော် မူခဲ့ပေသော၊ ကျေးဇူးတော်သျှင်။ ဆရာတော် ဘုရားကြီး အားလည်း။ ချီးကျူးထိုက်သည်နှင့် အညီ။ ဂုဏ်တော် ကျေးဇူး တို့ကို။ ချီးကျူးရာ၀ယ်။ ရှေးဦးစွ၊ ပထမ၊ ယသဿီ ဟူသောဂုဏ်ပုဒ်ကို၊ ထုတ် ဆို၍ချီးကျူးခြင်းသည်ကား။ လက်ပံတန်းမြို့၊ ငါတို့ကျေးဇူးသျှင်။ ဗောဓိ ဆရာတော်ဘုရားကြီး။ စစ်ကွင်းမြို့၊ ကုသိန္နာရုံ ဆရာတော် ဘုရားကြီး။ ဇလွန်မြို့၊ နာဂဝံသ ဆရာတော်ဘုရားကြီး။ ဟင်္သာတမြို့၊ လယ်တည် ဆရာတော်ဘုရားကြီး။ ဤတပည့်ကြီး လေးပါးတို့ဖြင့်။ ၇စ်သောင်းလေး ထောင်။ နှစ်ပြန်ဆောင်သော၊ တောင်ကြီး မြင့်မိုရ်ကို။ ယုဂန္ဓိုရ်စသော၊ တောင်စဉ် ခွန်နှစ်တန်း၊ ဝန်းရံ သကဲ့သို့။ ဝန်းရံခသျက် ထိုတပည့်ကြီး လေးပါးတို့၌။ ဆင်းသက် ပေါက်ပွါး၊ အလွန် များပြားစွာ ကုန်သော သိဿာနု သိဿ အစဉ် အဆက်တို့သည်။ ယနေ့ထက်တိုင် ပရိယတ္တိ မွေ၌၊ ကျနကြွေပြွန်။ အလွန်လိမ္မာတော်မူကြခြင်း။ ပဋိပတ္တိမွေ၌လည်း။ စည်းမျဉ်းသေဝပ်၊ မချွတ်စေရ၊ သြ၀ါဒအတိုင်း။ လိုက်နာကျင့်ဆောင် တော်မူကြခြင်းအားဖြင့်။ ဆရာတော် ဘုရားကြီးနှင့်။ ဆက်သွယ်ရင်းနှီး လျက်။ မြို့ကြီးပြကြီး၊ နိဂုမ်းကြီးတို့၌။ အသီးသီး၊ အသကအသက၊ ထင် ရှားစွာ ရှိတော်မူကုန်ကြရကား။ အာကာသ ကောင်းကင်ဝယ်။ သသင် စက္ကရတ်၊ စန်းပြသဒ် အလား၊ အလွန် မြောက်များသော။ အခြွေအရံ၊ ပရိဝါရရှိတော်မူသည်ဖြစ်၍။ ယသဿီဟူသော ဂုဏ်ပုဒ်ကို၊ အထူးထုတ် ဆိုအပ်သည်ဟူ၍သိလင့်။ ။

နိပုဏောဟူသော ဂုဏ်ပုဒ်ကို။ ထုတ်ဆို၍ ချီးကျူးခြင်း သည်ကား။ မြန်မာနိုင်ငံတော် တ၀န်းလုံးတွင်။မန္တလေး ရွှေမြို့တော်ရှိ။ သုဓမ္မာသဘင် သည်။ ပရိယတ္တိမွေအရာ၌၊ အကြီးအမြင့်ဆုံးဖြစ်၍။ နေလအသွင်၊ အလွန် ထင်ရှား ချေသည်။ ထိုကဲ့သို့သော သုဓမ္မာ သဘင်သို့ သော်လည်း။

၁၂၂၆ ခုနှစ်။ တပို့ဘွဲ့လ၊ မောင်းထောင် ဆရာတော်ဘုံသို့ရှင်း။ ထိုနှစ် မန္တလေးမြို့၊ သုဓမ္မာ ဆရာတော်များ ထံသို့ရှင်း။အသီးအသီး ပေးပို့အပ် သော။ ပရပ္ပဝါဒိနိမဒ္ဒန ကထာနှင့်။ သတိ သမ္မဇည ကထာတို့ကိုရှင်း။ ၁၂၃၆–ခုနှစ်။ သုဓမ္မာဆရာတော်တို့အား။ သတိဝေပုလ္လ။ ပညာဝေပုလ္လ ဗာဟုသစ္စဖြစ်စေခြင်းအကျိုးငှါ။ ရေးသားပေးပို့အပ်သော။ သတိဝေပုလ္လ စာတန်းကိုရှင်း။ ရှုရသဖြင့်၊ မည့်မျှလောက် ပါဠိအဋ္ဌကထာ ဋီကာတို့၌။ ကျကျနန၊ သိမြင်ပေါက်ရောက်။ တတ်မြောက် လိမ္မာတော် မူအံ့သည်ကို။ သိရှိနိုင်သည့်ပြင်။ အဋ္ဌကထာသစ်ကို ဖွင့်ဆိုတော်မူသော။ အရှင်မဟာ ဗုဒ္ဓဃောသ ဆရာသည်ပင်လျှင်။ ဘူတဂါမ သိက္ခာပုဒ် အဖွင့်၌။ ရဟန်း တပါး သစ်ပင်ပိခြင်း, တွင်းသို့ကျခြင်းဖြစ်ခဲ့ရာ။ ထိုရဟန်းသည်၊ ပိသော သစ်ပင်ကို ဖြတ်၍ရှင်း။ မြေကို တူးဖို့၍ရှင်း။ ထွက်ခြင်း၊ တက်ခြင်းငှါ စွမ်းနိုင်စေကာမူ။ အသက် ဟူသော အကြောင်းကြောင့် သော်လည်း။ မိမိကိုယ်တိုင်။ မပြုအပ် မပြုရ။ တပါးရဟန်း သည်မူကား။ မြေကိုတူး ဖို့၍ရှင်း။ ပိသောသစ်ပင်ကိုဖြတ်၍။ စိမ်းရှိသောသစ်ပင်မှ သော်လည်း။ ကုတ်ကော်ဘို့ရန်။ တုတ်လှန်ကန်ကိုဖြတ်၍ရှင်း။ ထိုပိသော သစ်ပင်ကို လှိမ့်၍ ထွက်စေခြင်းငှါအပ်၏။ မြေကိုတူးဖို့ခြင်း။ ပထဝီခဏ သိက္ခာပုဒ်။ သစ်ပင်ကိုခုတ်ဖြတ်ခြင်း၊ ဘူတဂါမသိက္ခာပုဒ်တို့ဖြင့်။ အာပတ် မသင့်ဟု အဋ္ဌကထာအလုံးစုံတို့၌၊ ဆုံးဖြတ်တော်မူအပ်သော အရာဝယ်။ မိမိကိုယ် တိုင်ကားမအပ်။ တပါးသော ရဟန်းမူကား၊ အပ်၏ဟူ၍။ ဖွင့်ဆိုတော် မူကြသည်ကို။ အကြောင်းယုတ္တိ မထင်သည်ဖြစ်၍။ မိမိသည် မနှစ်သက် ငြားသော်လည်း။ အလုံးစုံ ကုန်သော အဋ္ဌကထာ တို့၌။ တသန်တည်း မိန့်ဆိုအပ်သည်၏ အဖြစ်ကြောင့်။ ထိုစကားကို တားမြစ်ခြင်းငှါ။ မတတ် ကောင်း။ ဤအရာ၌၊ ယုတ္တိကို ရှာမှီးအပ်၏။ ရှာမှီးပါလေဟု။ ဧတ္တယုတ္တိ ဂဝေသိတဗ္ဗာ ဟူ၍ရှင်း။ အဋ္ဌကထာဆရာတို့ကို၊ ယုံကြည်သဖြင့်လည်း။ ဆုံးဖြတ်ချက်စကားကို၊ မှတ်သားလေတော့ဟု။ အဋ္ဌကထာ စရိယာနံဝါ သဒ္ဒါယဂန္တဗ္ဗံ ဟူ၍ရှင်း။ မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့်၊ အပြီးအပြတ် ဆုံးဖြတ် ချက်မချဘဲ၊ဉာဏ်စမ်းလက္ခဏာကဲ့သို့။ချန်ထားခဲ့လေသည်။ထိုကဲ့သို့သော အရာများ၌သော်လည်း။ တိုင်းတိုင်း, စားစား, ပိုင်းပိုင်း, ခြားခြား။ အသွန် နက်နဲ၊ ခက်ခဲသိမ်မွေ့စွာသော၊ ဉာဏ်ကော်မြတ်ဖြင့်၊ ယုတ္တိကိုရှာမှီးစွမ်း တော်မူနိုင်ချေရကား။နိပုဏဟူသောဂုဏ်ပုဒ်ကို။ အထူးထုတ်ဆိုအပ်သည် ဟူ၍ သိလင့်။ ။

## ဝံသာစဇော ဟူသော ဂုဏ်ပုဒ်ကို ထုတ်ဆို၍ ချီးကြူးခြင်းသည်ကား။

ယခုအခါ သာသနာသက္ကရာဇ်။ နှစ်ထောင်လေးရာခွန်နှစ်ဆယ်ကျော်ပြီ ဖြစ်၍ နှစ်ပေါင်းချည်မြင့် ကြာညောင်းခဲ့ရကား။ ထိုနှစ်ပရိစ္ဆေဒအတွင်း၌ မရေမတွက်နိုင်အောင် ထေရ်သံဃာ အဆက်ဆက်တို့သည်။ သာသနာ့ ပန်ကို ဆောင်ရွက်တော်မူခဲ့ကြကုန်၏။ယင်းသို့ ဆောင်ရွက်ခဲ့ကြပြီးသော်လည်း။ဥဒ္ဒါန်းစဉ် ရှည်ပြောပရစ်ဘွယ်ရာ ဂုဏ်ကျေးဇူးတော်ကား။ ဖြိုးဖြိုး စွင့်စွင့်,မြင့်မြင့်မားမား၊ တံခွန်အလား ထင်ရှားတော်မမူကြဘဲ။ ခန္ဓာတော် ဓါတ်၊ ကင်းပြတ်ချုပ်ငြိမ်းလျှင်။ မိမိတို့၏ ဂုဏ်ကျေးဇူးတော်ကိုလည်း။ ယုတ်သိမ်းတော်မူကြသကဲ့သို့ ရှိချေသည်။ စင်စစ်သော်ကား အဓမ္မဝါဒီ အလဇ္ဇီအမှုကို ပြုကျင့်လွန်ကြူးကြကုန်သော သာသနာတော်၏ ဆူးငြောင့် ပမာဏ,ပါပပုဂ္ဂိုလ်တို့ကို နှိုက်နင်းလျက်။ သင်္ဂါယနာတင်ခြင်းအမှုကို ပြု၍။ ဓမ္မဝါဒီလဇ္ဇီတရားတို့ကို တိုးပွားထွန်းလင်းစေပြီးခါ။ သာသနာတော်၏ အညစ်အကြေး ဘေးရန်ကို ကင်းရှင်းစေသော အရှင်မဟာကဿပ၊ အရှင်ယသစသော သင်္ဂါယနာဟင်။ ရဟန္တာသခင် အရှင်မြတ်အပေါင်း သည်သာလျှင်၊ တံခွန်အလား။ ထင်ထင်ရှားရှား၊ ကောင်းကြီးသြဘာ။ ထေရပနာစကား၊ပြောကြားရစ်ဘွယ်ရာ၊ အထူးဖြစ်လေသည်။ ထိုဥပမာ, ရာမညတိုင်း၌၊သာသနာတော် အားသေး၍၊ ရှေးရှေးကာလက။ ရွှေ့,ငွေ့, မာသကကို၊ ခံယူစုဆောင်း၍၊ ရောင်းတူချဘူ ကုလဒူသက, အနေသန, အဂတိဂမန,အသဒ္ဓမ္မ, အလဇ္ဇီပါပ, တရားစည်ကား တိုးပွားလျက် ရှိနေ သည်ကို သိမြင်တော်မူသော ကျေးဇူးသျှင် ဆရာတော်ဘုရားကြီးသည်။ ဘုရားသျှင်၏ ရွှေမျက်နှာတော်ကိုသာ ငဲ့ကွက်ရှုမျှော်ပြီးခါ။ ပရူပဝါဒ, ဂရဟိတ,အမနာပ,တို့ကို မငဲ့မကွက်။ လာဘသိလောဘ, လောကာမိဿ, ဂုဏ်ကိုလည်း မစုံမက် မနှစ်သက်။ဓမ္မဝါဒီလဇ္ဇီတရား ထွန်းကားတိုးတက် စေလိုကြောင်း သက်သက်ဖြင့်။ ပါပပုဂ္ဂိုလ်အပေါင်းတို့ကို နှိုက်နင်းလျက်။ သာသနာတော်ကို ပွင့်လင်းစိမ့်သော၄ါ၊ ကောင်းစွာ ဆောင်ရွက်တော်မူ ခြင်းများသည်။နောက်သားနောင်လာတို့ ပြောပရစ်ဘွယ်ရာ။ ရာမညတိုင်း ကြီး၌။အစည်းပြေသော ဝါးပမာ။မြတ်စွာဘုရား၏ သာသနာတော်ပျက်စီး တိမ်းယိမ်း၊အထိမ်းမဲ့ရှိနေသည်ကို ရာမညရဋ္ဌဝါသီ၊ ဒွါရဝါဒီမဟာထေရ် ကျော် ကျေးဇူးသျှင် အုဂ်ဖိုရ်ဆရာတော်ဘုရားကြီး ပြုစုတည်ထောင်၊

ကျင့်ဆောင်ပေဘာပြော ဆုမွှတော်မူသောကြောင့်သာလျှင်။ ဝိနည်းကျမ်းလာ သာသနာ့ရွှေတောင်ကြီး၊ရောင်ညီးတင့်ရွန်း၊ ပွင့်ထွန်းလာပါပေသည် ဟု သူတော်ကောင်း ပညာရှိမှန်က ဇေကန်စင်စစ်၊ ချီးမွမ်းထေဝပနာ၊ ဩဘာစကား မိန့်မြွက်ပြောကြားမည် ဖြစ်ရကား။ ထေရ်ပေါင်းများစွာတို့တွင် ငါတို့၏ ကျေးဇူးသျှင်ဆရာတော်ကြီးဘုရားကား။သာသနာတော် ခေတ်ဆုံးအောင်ပင်၊မတိမ်မကော,ပြောပရစ်ဘွယ်ရာ။ ဂုဏ်တော်ကျေးဇူး အသူးအချွန်၊ တံခွန်အလား၊ အလွန်ထင်ရှားတော်မူသည်ဖြစ်၍ 'ဝံသဝ ဇော'ဟူသော ဂုဏ်ပုဒ်ကို အထူးထုတ်ဆိုအပ်သည်ဟူ၍ သိလင့်။ ။

## သံဝရော-ဟူသော ဂုဏ်ပုဒ်ကို ထုတ်ဆို၍ ချီးကြူးခြင်းသည်ကား။

သာသနာတော်၌ တည်နေကြကုန်သော။ ဥပသမ္ပန္နပုဂ္ဂိုလ်ဟူသမျှတို့သည်။ စတုပြန္တေ,သောတိန္ဒြေ, စသောဣန္ဒြေ, ၆-ပါးကို သိမ်းဆည်းတော်မူကြသည်ချည်းပင် ဖြစ်လင့်စေကာမူ။ ဆရာတော်ကြီးဘုရားမှာမူကား။ မြို့တွင်း,ရွာတွင်းကို မဆိုထားဘိ။ အရာမ်တွင်းရှိ တပည့်တပန်း၊ ရဟန်းသာမဏေတို့ကိုရှင်း။ ထံတော်ပါးသို့ ရှိခိုးဝပ်တွား ဆည်းကပ်ခစားတရားနာယူရန် ရောက်လာကြကုန်သော။ ဥပါသကာ, ဥပါသိကာ, အရပ်ရပ် ပရိသတ်တို့ကိုရှင်း။ မည်သည့်အခါမျှ စောင့်ငဲ့မြော်လှည့်။ ရှုကြည့်တော်မမူဘဲ။ အမြဲအားဖြင့် စက္ခုန္ဒြေကို ချတော်မူလေ့ရှိသည်။ သောတိန္ဒြေကိုလည်း။ ထိုနည်းအတူ သိမ်းဆည်းတော်မူလေ့ရှိချေသည်။ သောတိန္ဒြေကို သိမ်းဆည်းတော်မူခြင်း၌ ထင်ရှားရန် သာဓကကား။ ။ အခါတပါး လက်ပံလှရွာ၊ အဇိနာရာမ ကျောင်းတိုက်ကြီး အတွင်း၌။ ကထိနကံဖြစ်ရန် ရည်သန်၍ ဂုဏ်အသရေရှိ မင်းမိုးကတော်အပေါင်းတို့သည်။ သောင်းသောင်းဖျဖျ ကြီးကျယ်ခန်းနားစွာ လှူဒါန်းကော်ရော်။ ပူဇော်ပွဲကြီးကို ဂုံချီးပြုပြင် စီရင်ကျင်းပကြရာဝယ်။ မင်းမိုးပရိသတ်တို့ သာမဟုတ်ဘဲ။ အရပ်ထက်ဝန်းကျင်ရှိ၊ ကျေးရွာတို့မှလည်း များစွာကုန်သော မိုလ်ထုပရိသတ်တို့ဖြင့်။အလွန်ထူထပ် မြောက်မြားစွာ ရောက်ရှိကြကုန်လျက်။ တူရိယာအမျိုးမျိုးတို့ကိုလည်း၊ မှခ်နှိုးကြူပြင့်၊ ချိမ့်ချိန့်ရိုက်မှုန်း။ ဆော်ယွန်းခပ်တီးသည်ဖြစ်၍။ မြေကြီးကောင်းကင် ပဲ့တင့်ဟီးမျှ သည်းစွာသော သဒ္ဒါရုံသည်။ ပရိသတ် အလုံးစုံတို့၏။ နားအုံနားထဲ။ ကြေကွဲမလင့်။ ပွင့်အံ့သကဲ့သို့ဖြစ်စေ၏။ ထိုအခါ-ကျောင်းတကာကြီး၊ဦးကျော်ဇံ

သည်။ မခံမရပ်နိုင် သကဲ့သို့ဖြစ်၍။ ကျောင်းအရာမ်ပသို့ပင်။ သွားရောက် တိမ်းရှောင်၍နေရသောဟူ၏။နောက်တရက်ဝယ်။ကထိန်ပွဲသဘင်ကြီး၏။ ကြီးကျယ် ခန်းနားကြောင်း။ ဆူဆူညံညံ၊ တီးမှုတ်ကြသူတို့၏။ တူရိယာ အသံကိုပင်၊ မခံမရပ်နိုင် ဖြစ်ရကြောင်း များကို။ ကျောင်း တကာကြီး ဦးကျော်ဇံက၊ ဆရာတော် ဘုရားကြီးအား၊ လျှောက်ကြားသော အခါ။ တကာမောင်ကျော်ဇံ၊ ထိုအသံစုကို မင်းတို့ဟော့ကြားကြ၏။ ဆရာမူကား၊ မကြားရချေတကားဟု မိန့်တော်မူလေသည်။ ဤအရာ များသည်၊ သော တိန္ဒြေ၏ ထူးထူးခြားခြား၊ စောင့်စည်းလုံချုံပုံ။ ဥဒါဖြူတ် သာကေပေ တည်း။ ဤကဲ့သို့ အကျိုးမဲ့သော အာရုံအရာ၌။ စက္ခု သောတ နှစ် ပါးကို သိမ်းဆည်းတော်မူခြင်းသည်။ စက္ခုမာပိယထာအန္ဓော။ သောတ ပါပဓိရောယထာ”ဟူသော အပဒါန်ပါဠိတော်ကြီးနှင့် တသားတည်းညီ ညွတ်တော်မူပါပေသတည်း။စက္ခုမာပိ၊မျက်စိအမြင်ရှိသော်လည်း။အန္ဓော ယထာ၊ သူကန်းကဲ့သို့ကျင့်ရာ၏။ သောတဝါပိ၊ နားပင် ရှိသော်လည်း။ ပဓိရောယထာ၊ နားထိုင်းသကဲ့သို့ ကျင့်ရာ၏။ ။ဟူ၍ အနက်ယောဇနာ ကြွင်းကုန်သော ဣန္ဒြေတို့ကို စောင့်ရှောက်တော် မူခြင်း၌လည်း။ ချက်တွေ့ ထင်ထင်၊ ဖူးမြင်ရသူတိုင်း၊ သဒ္ဓါတရား။ ဖြစ်ပွါးကိုင်းရှိုင်း၊ မညွတ်မယိုင် နိုင်သောသူ မည်သည်မရှိနိုင်ရာချေ။အယုတ်သဖြင့် ရသာရုံကို သုံးဆောင် ခံစားရာဟုဆိုအပ်သော။ အလွန်နှစ်သက် မြတ်နိုးဘွယ်ဖြစ်သော။ ဆွမ်း အာဟာရကို သုံးဆောင်ဘော်မူခြင်း။ အာဟာရဋ္ဌကိစ္စာဘရမျှကိုပင်။ပက်ပါ ထင်ထင်။ ဖူးမြင်ခဲ့ရမူကား။ အဇ္ဈတ္တ ကိုယ်တွင်း၌။ အာဟာရေ ပဋိကူလ သညာဖြင့် မည်မျှလောက် ရသ တဏှာကို။ ပယ်ခွါ သန့်ရှင်းအောင် သုံးဆောင်တော်မူခြင်းဖြစ်ပေလိမ့်မည်ဟု ပညာရှိသူတို့ အနုမာနအားဖြင့်၊ သိစွမ်းနိုင်လေသည် ဖြစ်၍။ စင်စစ် ပညာရှိ သူတော်ကောင်း မှန်ချေ သော်"အသိတေ ပိတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ” ဟူသော, မဟာသတိ ပဋ္ဌာနသုတ်၌ ဟောတော် မူသည် အတိုင်း၊ ကျင့် ဆောင်တော် မူပါပေသည်ဟု၊ ကောင်းကြီး နက်လေးပေးအံ့သည်ကား။ မချွတ်လေတော့ပြီ။ ။အသိတေ၊စားသည်ရှိသော်။ ပိတေ၊သောက်သည်ရှိ သော်၊ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ပညာဖြင့် ဆင်ခြင်၍ စားခြင်း စသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။ ။ဤသို့ယောဇနာ၊ဤသံဝရ ဂုဏ်ပုဒ်အရာ၌။အာဟာရဋ္ဌ ကိစ္စ၊တခုမျှကို အသီးဆိုခြင်းကား။ နိဒါန၀ဂ္ဂ သံယုတ်အဋ္ဌကထာ၊ မဟာ

ဝဂ္ဂအဖွင့်၌။ ။'ဖေကပရိညာ၊သဗ္ဗပရိညာ၊မူလပရိညာ'ဟူ၍ ပရိညာသုံးပါးကို မိန့်ဆိုပြီးလျှင်။အကြင်ရဟန်းသည် ဖိဇ္ဇါနွါရ၌၊တခုသော ရသတဏှာကို၊ပိုင်းခြား၍သိအံ့၊ ထိုရဟန်းသည်။ ငါးပါးသောကာမဂုဏ်၌ ဖြစ်သောရာဂကို ပိုင်းခြား၍ သိအပ်သည်သာလျှင် ဖြစ်၏။အဘယ့်ကြောင့်ဆိုသော် ထိုရသတဏှာ၏သာလျှင် ကာမဂုဏ်ငါးပါးတို့၌ ဖြစ်စေခြင်းကြောင့်တည်း။ ထိုစကားမှန်၏။ စက္ခုနွါရ၌ဖြစ်သော ထိုတဏှာသည်ပင်လျှင်။ အဆင်း၌တတ်သော။ ရူပရာဂ၊မည်ကြောင်း။ သောတနွါရ စသည်တို့၌ ဖြစ်ကုန်သော တဏှာတို့သည်လည်း သဒ္ဒါရုံ စသည်တို့၌တတ်သော။ သဒ္ဒရာဂ စသည်မည်ကြောင်းကို။ အကျယ်ဆိုပြီးမှ။ ခရီးငါးတန်၌။နှောက်ယှက်ဖျက်ဆီးတတ်သော။ တယောက်ထည်းထည်းသာလျှင် ဖြစ်သောခိုးသူကို။တခုသောခရီး၌ ဘမ်းယူ၍ ဥက္ကောင်းကို ဖြတ်သည်ရှိသော်။ ခရီးငါးတန်စလုံးတို့သည်။ ငြိမ်းချမ်း၍ ဘေးဘျန်းမရှိကုန်သကဲ့သို့။ ထိုအတူ ဇိဇ္ဇါနွါရ၌ ရသတဏှာကို ပိုင်းခြား၍ သိအပ်သည်ရှိသော်။ ငါးပါးသောကာမဂုဏ်၌ဖြစ်သော။ပဉ္စကာမဂုဏိကရာဂကို ပိုင်းခြား၍ သိအပ်သော ဧကပရိညာ၊ မည်သည်ဖြစ်ကြောင်းဖြင့်။ ဧကပရိညာအရာ၌ ဘွင့်တော်မူအပ်၏။ ။သဗ္ဗပရိညာအရာ၌'ဘွင့်ဆိုဘန်ကား။သပိတ်၌ဆွမ်းကို'ထည့်အပ်သည်ရှိသော်။ ကခုသော ဆွမ်းလုံး၌သာလျှင်။ပဉ္စကာမ ဂုဏိကရာဂကို ရအပ်၏။ ရအပ်ပုံကား။ပြုစင်သော ထိုဆွမ်း၏ အဆင်းကို ရှုကြည့်သော ရဟန်းအား'ရှေးမဆွရူပရာဂသည်ဖြစ်၏။လောလောပူသော ထောပတ်ကို ထိုဆွမ်း၌ သွန်းလောင်းအပ်သည်ရှိသော်။ပဋပဋဟူသောအသံသည်ထ၏။ ထိုသို့သဘောရှိသော အာဟာရကို ခဲသောရဟန်းအား။ မုရုမုရု ဟူသော အသံသည်ဖြစ်၏။ ထိုပဋပဋ, မုရုမုရု, ဟူသော-အသံကို သာယာသော ရဟန်းအား။ သဒ္ဒရာဂသည် ဖြစ်၏။ ဇီယာ, သစ်ကျပိုး, စသည်တို့ဖြင့် ထုံအပ်သော အနံ့ကို၊ သာယာသော ရဟန်းအား။ ဂန္ဓရာဂသည် ဖြစ်၏။ မြိန်မြတ်သော သာခုရသ၏ အစွမ်းဖြင့်။ ရသရာဂသည် ဖြစ်၏၊ နူးညံ့သော ဘောဇဉ်သည်။ ကောင်းသော ဖဿအတွေ့အထိ ရှိ၏,ဟု။ သာယာသောရဟန်းအား ဖေါဋ္ဌဗ္ဗရာဂသည်ဖြစ်၏။ ဤကဲ့သို့သုံးဆောင်အပ်သော အာဟာရ၌။ သတိသမ္ပဇဉ်ဖြင့် သိမ်းဆည်း၍။ နိဆန္ဒရာဂ ဟူသော သုံးဆောင်ခြင်းဖြင့် သုံးဆောင်သည်ရှိသော်။ ထိုအလုံးစုံသော ပဉ္စကာမ ဂုဏိက ရာ သည်လည်း။ သဗ္ဗပရိညာ မည်ကြောင်းဖြင့် ဖွင့်တော်မူအပ်၏။ ။

## မူလပရိညာအရာ၌–ဖွင့်ဆိုဟန်ကား။

ကဗဠိကာရ အာဟာရသည်။ပဉ္စကာမဂုဏိက ရာဂ၏ မူလ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်။ ထိုကဗဠိကာရ အာဟာရရှိသော်။ ထိုပဉ္စကာမ ဂုဏ်က ရာဂ၏ ဖြစ်ခြင်းကြောင့်တည်း။ ယုံဘွယ်ထုံးပုံ ဥဒါဟြုဏ်ကား။ သိဟိုဠ်ကျွန်း၌။ ပြဟ္မဏတိဿ၊ ဘေးဖြစ်သောအခါ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ ပိတ္တကမအမှုကို မဆိုထား။ သွီးမောင်နှံတို့၏ တမိမ်းမိမ်း ရှုသော။ ဥပနိဿာန, စိတ်မည်သည် မျှလည်း မဖြစ်တော့ပြီ။ အကြောင်း မူကား။ သုံးစားရန် အာဟာရ၏။ နည်းပါးခြင်းကြောင့်တည်း။ ပြဟ္မဏ တိဿ ဘေးငြိမ်းသည်ရှိသော်ကား။ ယူဇနာ တရာရှိသော။ သိဟိုဠ်ကျွန်း သည်။ သတ္တဝါးတို့၏ ဖွါးမြင်ခြင်း ဇာတ မင်္ဂလာတို့ဖြင့်။ တပြိုင်နက် တည်သော မင်္ဂလာသည် ဖြစ်သတတ်။ ဤသို့, မူလ, ဘူတ, ဖြစ်သော၊ အာဟာရကို ပိုင်းခြား၍ သိအပ်သည်ရှိသော်။ ပဉ္စကာမဂုဏိက ရာဂကို ပိုင်းခြား၍ သိအပ်သည်သာလျှင် ဖြစ်ကြောင်းဖြင့်။ ဖွင့်ဆိုတော် မူအပ်၏။ ဤသို့ ဖိဂ္ဂါပသာဒဖြင့်။ ရသာရုံကို ခံစားခြင်း၌။ ကေပရိညာ၊ ဟူ၍ရင်း။ သဇ္ဇပရိညာ၊ ဟူ၍ရင်း။ မူလပရိညာ၊ ဟူ၍ရင်း။ ခွဲခြမ်း စိတ်ဖြာလျက်။ ဖွင့်ဆိုခြင်းကို ထောက်ရှုသော်။ ဤအာဟာရဌာ ကဏ္ဍ အမှုကား။ ယံဝါ, တံဝါ, သမညာမဟုတ်။ သူတော်ကောင်း ပညာရှိတို့။ သတိပြဋ္ဌာန်းသော ပညာဖြင့်။ ကောင်းစွာ ပြုအပ်သော အမှုကဏ္ဍမျိုးဖြစ်၍။ ထိုကဏ္ဍတခုကို ပင်လျှင်။ တကြိမ်တခါမျှပက်ပါထင်ထင်။ ဖူးမြင်ရခဲ့ပါမူ။ ကျေးဇူးသျှင် ဆရာတော် ဘုရားကြီးအား။ စက္ခုန္ဒြေအစ၊ မနိန္ဒြေလျှင် အဆုံးရှိသော။ ဣန္ဒြိယသံဝရ သီလတော်၏။ အလွန် မြင့်မြတ်ချပ်တည်း။ အထူးသဖြင့် သိမ်းဆည်းတော်မူခြင်း။ သံဝရတရား ရှိတော်မူကြောင်း။ ထင်ရှားလှ တော့သည်ဖြစ်၍။ နှစ်လိုပျှံ့ပြော၊ သဒ္ဓါဇောဖြင့်။ အံ့ဩချီးပဘွယ် ဖြစ်ချေ ရကား။ ထိုသို့ သိမ်းဆည်းတော်မူခြင်း။ ဂုဏ်ကို ရည်မှတ်၍ "သံဝရော" ဟူသော ဂုဏ်ပုဒ်ကို အထူးထုတ်ဆိုအပ်သည်ဟူ၍သိလင့်။ ။

## သန္တုဋ္ဌီ-ဟူသောဂုဏ်ပုဒ်ကိုထုတ်ဆို၍ ချီးကြူးခြင်းသည်ကား။

သန္တုဋ္ဌီ-ပုဒ်ကို ထုတ်ဆို၍ ချီးကြူးခြင်း သည်ကား။ ။ကျေးဇူးသျှင် ဆရာတော်ဘုရားကြီးသည်။ ပစ္စည်းလေးပါး တို့၌။ အပ္ပိစ္ဆသဘောဖြင့်။ အခါခပ်သိမ်း ရောင့်ရဲတင်းတိမ်တော် မူသည်ဖြစ်၍၊ ဥပုသ် ပဝါရဏာ

သံယာကိစ္စအစည်းအဝေးတို့၌။ ဓမ္မသေနာပတိအရှင်၊ မဟာသာရိပုတ္တရာ၏ ပါယာသန္တိဂထာဘာတ်၌။ ဆောက်တည်ကျင့်သုံးသော။ ဥတ္တမမဟာ အရိယာဝံသ ကျင့်ထုံးကို၊ ဟောတော် မူလေ့ရှိခြင်း။ ကိုယ်တော်တိုင် အားဖြင့်။ ကျင့်ဆောင်တော်မူခြင်းသည်။ အမြိန်စွ ကြပတော့သဘာဝပင် ဖြစ်၍။"သန္တုဋ္ဌိ" ပုဒ်ကို ထုတ်ရခြင်းဖြစ်၏။ ဤ၌ အထူးဆိုဘွယ်ကား။ အခါတပါး၊ ဖိုးပြုကုံးတောရ ကျောင်းကြီးနှ့် အသီးပြွတ်ခိုက်ကြိုက်ကြို သော ကျွန်းဦးန်ရောက်သော။ ဇမ္ဗူသပြေပင်ကြီး ပမာ။ သဃ်ာအများ၊ သဥ္ပါယ မဖြစ်လောက်သော။ အပ္ပမတ္တက ဆွမ်းမျှကိုသာရ၍။ သဃ်ာ တော်တို့, မသုံးစားတော့ဘဲ။ ထိုဆွမ်းကိုစုပေါင်း၍။ ဆရာကော် ဘုရား ကြီးအား။ ကပ်လှူကြကုန်၏။ ဆရာတော်ဘုရားကြီးသည်လည်း။ အလှူခံ ခြင်းနှ်၊ အတိုင်းအရှည် ပမာဏကို။ သိတော်မူတတ်သော။ ပဋိဂ္ဂဟဏ မတ္တညုတရားကို။ နှလုံးထားပြီး ဖြစ်သည်အားလျော်စွာ။ ထိုဖို့လာသော ဆွမ်းမှ။ အနည်းငယ်, လက်တော်ဖြင့်။ တဆုပ်မျှလောက်၊ ခံယူပြီးခါ။ သဃ်ာအားသာလျှင်၊တဖန်ချီးမြှောက်လှူဒါန်းတော်မူ၏။ တနေ့နှင့်တညည့် ဟူသော၊ ထိုနေ့အဘို့၌။ အာဟာရတ္ထ ကိစ္စကို။ ထို, တဆုပ်မျှသောဆွမ်း ဖြင့်။ မျှတရောင့်ရဲတော်မူလျက်။ ပရိယတ္တိဓမ္မပွဲကိုလည်း။ နေ့ညည့်မစဲဘဲ ပို့ချမြဲပင်ပို့ချတော်မူပေ၏။ဤသို့လူသာမာန်တို့သည်းခံနိုင်ခဲသော။ရောင့်ရဲ တော်မူနိုင်ခြင်း၊ ဖြစ်ပေသတည်း။ ဝိကာလအခါ၌လည်း ဆေးဝိုင်, ဆေး ဝါး၊ ကွမ်းစား, ဆေးသောက် အမှုကို။ ပြုရန်ပင် မဆိုလင့်ဦး။ ကာလ အတွင်း၌သော်လည်း။ နေ့ဆွမ်းသုံးစား၍ပြီးလျှင်၊ ဆေးကြောသန့်စင်ခြင်း ငှါ ခဲယဉ်းသဖြင့်၊ ကွမ်းစားခြင်း ကိုမျှ မသုံးစားရန်။ ဆုမ္မတော်မူလေ့ ရှိ၏။ ဆေးဝါးခြင်းကိုလည်း၊ တားမြစ်တော်မူလေ့ရှိ၏။ ကိုယ်တော်တိုင် အားဖြင့်လည်း။ သုံးစားတော် မမူချေ။ ထိုမှပ$:$ပါး, သီဟိုဠ်ကျွန်းသို့။ ကြွရောက်တော်မူသောအခါ။ အထူးချမ်းသာတော်မူရန်၊ ပထမခမ်းဖြင့်၊ ပင့်ဆောင်၍ သွားသော်လည်း။ ပင်လယ်ခရီး၌၊ ကိုယ်လက် သုခသင်၊ ပြုပြင်ဘွယ်အရေးမှာ။ အများနှင့် ရှက်ထွေး၍။ ဝန်လေးအံ့ သကဲ့သို့။ ထင်တော်မူရကား။ တနေ့တနေ့ဝယ်၊ မြောက်ဂုန်ညင်းငယ်ခန့်၊ ဆွမ်း သုံးလုပ်နှင့်။လဘက်ရေကြမ်းသုံးကြိုက်မျှကိုသာ။တဆယ့်ငါးရက်လုံးလုံး ကြံ့ကြာခြင်းရှိသော ပင်လယ်ခရီးအတွင်းဝယ်။ထိုမျှသောအာဟာရဖြင့်၊ ရောင့်ရဲတော် မူနိုင်ခြင်း သည်လည်း။ "သန္တုဋ္ဌိ ပရမံ ဓနံ" ဟူသော ဒေသနာတော်ကို သိမြင်မှတ်သား၊ နာကြားကြရသည့်ပင် ဖြစ်စေကာမူ။

လူသ၁မ၁န်တို့၊ သည်းခံနိုင်နဲသော။ ရောင့်ရဲတော်မူနိုင်ခြင်း၊ အထူးဖြစ်ချေ သတည်း။ ဤကဲ့သို့စသော အရေးများကို ရည်မှတ်၍၊ သန္တုဋ္ဌိ-ဟူသော ဂုဏ်ပုဒ်ကို၊ အထူးထုတ်ဆိုအပ်သည် ဟူ၍သိလင့်။ ။

## သန္တော-ဟူသောဂုဏ်ပုဒ်ကိုထုတ်ဆို၍ ချီးကြူးခြင်းသည်ကား။

ကျေးဇူးသျှင်ဆရာတော်ဘုရားကြီးသည်။ သတိ,ပညာ,သဒ္ဓါ,ဝိရိယ တရားတို့ဖြင့်။ ပေါလွင်ထင်ရှားစွာလျက်။ ဆန္ဒါရိကဝိထ်မ်ဝ်တို့၏ ဥပါဒ် ဖြစ်လာခိုက်ကို မဆိုထား။ ဝိထိမုတ်စိတ် ဟူသော ဘဝင်သက်၍။ ကိန်း စက်တော်မူဆဲအခါ၌သော်လည်း။ ပရိမဏ္ဍလသိက္ခာပုဒ်တော်နှင့် အညီ၊ မကိန်းစက်မှီခြေးအဘို့က။ ပရိမဏ္ဍလ လက္ခဏာအတိုင်း၊ အညီအညွတ် ဝတ်ရုံသုံးဆောင်အပ်သော၊ သင်္ကန်းတော်၏။ နံက်ကိန်းစက်ရာ၊ ကုတင် ညောင်စောင်းထက်မှ၊ နိုးကြား၍ထတော်မူသည်တိုင်အောင်။ပရိမဏ္ဍလ လက္ခဏာမပျက်ဘဲ၊ လက်ကတော့ တင်လွှမ်းပြီးခါ။ ညဥ့်ဦးယာမ်ကဝတ် ရုံဆင်မြန်းအပ်သော၊ သင်္ကန်းအတိုင်းသာလျှင်။ သက်လျှောမရွေ့ ကြပ ဘော့ အမြဲတည်ရှိတော်မူခြင်း၊ ဘဝါးခြေလက်။ ယှင်းပုက်ပေါက်လွဲ၊ ဖရို ဖရဲမရှိ၊ သန္တိန္ဒြိယ၏အဖြစ်ကိုသာလျှင်။ စင်စစ်ဖူးမြင်ရခြင်းကား။ သား တို့သေဋ္ဌနင်း၊ ခြသေ့်မင်းသည်။ ပတ္တမြားကူထက်ဝယ်။ ရှေ့ခြေနှစ်ဖက် တို့ကို၊ တခုသောဌာနန္တ။ နောက်ခြေနှစ်ဖက်တို့ကို၊ တခုသောဌာနဌထား ၍၊ အမြီးကိုမူ။ သိုအိမ်၌ထည့်သွင်း၍၊ ရှေ့ခြေ, နောက်ခြေ, အမြီးတို့၏ တည်ရာအရပ်ကိုမှတ်ပြီး၍။ ရှေ့ခြေနှစ်ဖက်တို့၏ အထက်၌ ဥက္ကောင်းကို ထား၍ကိန်းစက်ရာဝယ်၊ မူလမရွေ့ကြပတော့ဥက္ကောင်း လက်ခြေကို ခိုင် မြဲစေသကဲ့သို့။ ကိုယ်ဝယ်ဆင်မြန်းအပ်သော၊သင်္ကန်းတော်တို့၏၊ မလျော့ မသက်၊ ကိုယ်လက်အင်္ဂြေ၊ ပကတိတည်နေတော်မူသတည်း။ ကိန်းစက် ရာ၊ ကုတင်ညောင်စောင်းထက်၌ ဖြန့်လျက်ခင်းထားအပ်သောအခင်းကို၊ ရှုမြင်ရပြန်သဖြင့်၊ စံထား၍ပြဆိုရမူ။ ။

အခါကပါး၊ ဘုရားမြတ်စွာသည်၊ ကုရုတိုင်း၊ ကမ္မာသဒမ္မ နိဂုမ်း ဘာရဒွါဇပုဏ္ဏားရ၏ မီးတင်းဂုတ်မြက်အခင်း၌။ သီတင်းသုံးတော်မူစဉ်။မာ ဂဏ္ဍီယပရိဗိုဇ်သည် ကိန်းစက်ရာအခင်းကို မြင်ရုံမှုဖြင့်၊ ဤအခင်းကား ကိုယ်နှုတ်နှလုံး, မစောင့်သုံးသော၊ အသည့တရဟန်း၏ နေရာအခင်း မဟုတ်၊ ထို့ကြောင့်၊ ဤအခင်း၌ လက်ဖြင့်ဆွဲငင် ဇုရုံးအပ်သောဌာန။

ခြေဖြင့် ကျောက်ကန်စုရုံးအပ်သောဌာန၊ ဥကျောင်းဖြင့် ထိပါးပုတ်ခတ်အပ်သောဌာနသည်မထင်၊ မရှုတ်မထွေး၊ မခြေးမရှက်။ တွန့်လိပ်,ကြုံးပျက်ခြင်းမရှိဘဲ။တတ်သိလိမ္မာသောပန်းချီဆရာသည်၊စုတ်တန်ဖြင့် ထက်ဝန်းကျင် ပိုင်းခြား၍။ ဖြန့်ကြက်ခင်းထားအပ်သကဲ့သို့ ဖြစ်ရကား။ ဤအခင်းသည်၊ ကိုယ်နှုတ်နှလုံး စောင့်သုံးသော၊ သညတ ရဟန်း၏ နေရာထိုင်ခင်း ဖြစ်တန်ရာသည်ဟု၊ ညာဏ်သွား ဆင်ခြင်၊ ထင်မြင် မိလေရကား။ ။"သမဏသေယျာနံ ရူပံမညေ" ဟူ၍။ဘုရားသျှင်ကို မဖူးမြင်ရသေးဘဲလျက်။ဘာရဒွ ါဇပုဏ္ဏားအား။မေးမြန်းကြောင်းဖြင့်လာရှိသော မဂ္ဂိယပဏ္ဏာသ ပါဠိတော်အဋ္ဌကဋ္ဌာ၊ မာဂဏ္ဍိယသုတ် ဒေသနာကျမ်းလာစကားရပ်နှင့်။ ပစ္စဒ္ဒရဏ, ဟူသော ကိန်းစက်ရာအခင်း၏လည်း။ လွန်စွာပင် ညီညွတ်ခြင်း ဖြစ်တော့သတည်း။ ။

ယင်းသို့ဘဝင်သက်၍၊ ကိန်းစက်စဉ် အခါ၌သော်လည်း၊ ခြင်းရာဥသုံ, အလုံးစုံလျှင်၊ သိမ်သိမ်မွေ့မွေ့၊ ကြပ်တော့ ဖူးတွေ့ မြင်ရခြင်းသည်၊ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၊ သမ္ပဇညပဗ္ဗ၌ ဟောတော်မူအပ်သော။ ။"ဂတေဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ၊ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီဟောတိ"။ ။ဟူသောခွန်နှစ်ဌာနအစုဝယ်၊ လေးရပ်မြောက်၊ သုတ္တေဟူသော၊ သမ္ပဇညပဗ္ဗတရားနှင့်၊ အထူးပြည့်စုံတော်မူခြင်း ကြောင့်သာလျှင်၊ ငြိမ်သက်မွေ့သိမ်၊ ကာယိန္ဒြေ ရှိတော်မူရကား။ "သုတ္တေ"ဟူသော ဂုဏ်ပုဒ်ကို အထူးထုတ်ဆိုအပ်သည်ဟူ၍ သိလင့်။ ။ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊နိုးသည်ရှိသော်။ ဘာသိတေ၊စကားဆိုသည်ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။သမ္ပဇာနကာရီ၊ပညာဖြင့်ဆင်ခြင်၍,သွားခြင်း စသည်ကို ပြုလေ့ရှိသည်။ဟောတိ၊ဖြစ်၏။ ။ဤသို့ယခင်သတိပဋ္ဌာန်ပါဠိကို အနက်ယောဇနာ။

## ကောပုဒ်ကိုထုတ်ဆို၍ ချီးကြူးခြင်းသည်ကား။

အရပ်လေးမျက်နှာတို့မှ ပြင်းထန်စွာ တိုးဝှေ့တိုက်ခတ်လာကုန်သော လေကြမ်း, လေမုန်တိုင်းတို့ကြောင့်။ မယိမ်းမရိုင် မေရုဗဟိုရ်-မြင့်မိုရ်မဉ္ဇိုင်၏။ပကတိကြံ့ခိုင်သည်နှင့်တူစွာဥပမာမခြား၊ဗျာမိတရားတို့သည်။ မည်မျှလောက်ပင် ကျေးဇူးသျှင် ဆရာတော်ဘုရားကြီးအား ဖြစ်ပွားနှိပ်စက်စေကုန်ကာမူ။ ထိုဗျာဓိတရားတို့ကြောင့်။ တုန်လှုပ်ချောက်ခြား

ညှိုးတွားခြင်းမပြုဘဲ။ အမြဲအားဖြင့် သည်းခံလေ့ရှိတော်မူသည့်သာလျှင်တည်း။ ထိုဗျာဓိရောဂါ, အနာအပေါင်းတို့တွင် ကြောပြင်တော်ဝယ်။ အကြီးအကျယ် အနာပဆုပ်၊ ပေါက်ရောက်သောအခါ။ အလွန်သည်းစွာသော ဒုက္ခဝေဒနာကို ခံစားတော်မူရ၏။ယင်းသို့ ခံစားရငြားသော်လည်း ညှိုးတွားခြင်းကို မဆိုလင့်ဦး။စိတ်ထားမရွှင် ညှိုညင်သော အခြင်းအရာကိုမျှ၊ ပြုတော်မမူချေရကား။ သုခကို, ဒုက္ခအားဖြင့် ရှုခြင်း၊ ဒုက္ခကို,သလ္လအားဖြင့် ရှုခြင်း။ ငြိမ်သက်သော အဒုက္ခမသုခကို၊ အနိစ္စအားဖြင့် ရှုခြင်းသည်။ စင်စစ်ရောဂမှ ငြိမ်းသည်ဖြစ်၍ နိဗ္ဗာန်သို့ရောက်လတံ့ဟု ဘုရားမြတ်စွာ ဟောကြားအပ်သော ဒေသနာကို ကောင်းစွာ ထင်မြင်၊ ဆင်ခြင်တော်မူပြီးဖြစ်မည့်လက္ခဏာ။ တနည်း။ဝိညာဏ်ပစ္စယာ,နာမရူပံ၊ ပါဠိအရ။ ဝိညာဏ်ကြောင့် ဖြစ်သော နာမ်ရုပ်သည်။ အိုင်းအမာကြီးနှင့် တူ၏။ နာမရူပ ပစ္စယာ သဠာယတနံ၊ ပါဠိအရ၊ နာမ်ရုပ်ကြောင့် ဖြစ်သော သဠာရတန တရားခြောက်ပါးသည်။ အိုင်းအမာကြီးမှ ဆက်သွယ်သော အိုင်းအမာငယ်နှင့် တူ၏။ဤကဲ့သို့၊ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ ဟောကြားဖွင့်ဆိုတော်မူဟန်ကို ညာဏ်ဖြင့် ရှုပြီးလျှင်။ ယခုပေါက်ရောက်ဆဲအမာကား အကြီးအကျယ်ပြောပလောက်ဘွယ်မဟုတ်။ နာမ်ရုပ်နှစ်ပါးနှင့် သဠာရတနတရား၊ခြောက်ပါးတည်းဟူသောအိုင်းအမာကြီးငယ် တို့သည်သာလျှင်။ ဘဝတိုင်းဆက်သွယ်၍ ခက်ခဲဘွယ်အရေး။ အလွန်တရာ ဝန်လေးလှစွာ ကြောက်မက်ဘွယ်ရာ၊ အိုင်းအမာကြီးတို့ ပေတည်းဟု။ နာမရူပ ပရိစ္ဆေဒညာဏ်ဖြင့် သိမ်းဆည်း၍။ သည်းခံလျက်သာ နေတော်မူမည့်လက္ခဏာ။ မည်သည့်အခါမျှ ထိုအနာ၌ ဆေးထည့်ရန်,မိန့်တော်မမူ။ ဆေးထည့်ရန် အချိန်ကျရောက်၍ ဆေးထည့်မည့်, တပည့် အလုပ်အကြွေးကသာလျှင်၊အလိုအလျောက်သွားရောက်၍၊ဖန်ရေဆေးခြင်း။ဆေးထည့်သွင်းခြင်းကို ပြုရ၏။ယင်းသို့ နေ့စဉ်မပြတ်၊ အချိန်မှန်လာရောက်၍၊ စောင့်ရှောက်ပြုရငြားသော်လည်း။ ထိုကဲ့သို့ပြုသူအား၊ မိမိ၏အနာရောဂါ၊ မည်သို့ရှိချေသနည်းဟု အနာ၏ အခြင်းအရာကို တကြိမ်တခါမျှ မေးတော်မမူ။ အလုပ်အကြွေးဖြစ်သူတို့၏ အနာရောဂါ ငြိမ်းရာငြိမ်းကြောင်း၊ ဆေးဝါးကောင်းတို့ဖြင့် စောင့်ရှောက်ကုသခြင်း၊လုလ္လ၏ အစွမ်းဖြင့်သာလျှင်၊ရောဂါမှ ထမြောက်ငြိမ်းချမ်းခွင့်သို့ ရောက်တော်မူလေ၏။

အခါတပါး ကျေးဇူးတော်သျှင် ဆရာတော်ဘုရားကြီးသည်။ မဲဇလီဘုတ်ချောင်းသို့ ကျောင်းရေစက်ချ ကြွတော်မူရာ။နေ့လည်ကိန်းစက်ရာမှ

ထတော်မူသည့်အခါ။ ဒါယကာအများတို့သည်။ တရားနာလာရောက်ကြကုန်၏။ ထိုအခါ ဆရာတော်ဘုရားကြီးသည်။ တရားဟောရာ မဏ္ဍပ်၌ ပက်လက် ကုလားထိုင်ထက်မှ ဘဝါး ခြေနှစ်ဘက်ကို ချတော်မူ၍ ဒါယကာအများတို့အား တရားဓမ္မ ဟောပြနေတော်မူစဉ်။ ယုတ်တရက်, ချောင်တခင် ကင်းခြေများသတ္တဝါသည်။ မဏ္ဍပ်အမိုးပေါ်မှ ကျလာ၍။ ခြေဖမိုးထက်၌ ကိုက်ခဲလေရာ။ ဝေဒနာကို ပမာဏမထားဘဲ။ တရားပွဲကြီးကိုသာ ပြီးဆုံးအောင်လျှင်။ ကြီးမြတ်သော သမာဓိန္ဒြေတော်ဖြင့် သည်းခံ၍၊ မပျက်မကွက်။ တရားဓမ္မ, ဟောပြတော်မူလျက်ပင် ရှိချေသည်။ ။ဤသို့, စသည်ဖြင့် ပြင်းထန်စွာသော အနာဗျာဓိနှင့် အဆိပ်ရှိသော သတ္တဝါတို့ပင် ကိုက်ခဲစေကာမူ။ 'တထာဂတာပတိ ဓမ္မဂရုကာ,နော,အာမိသဂရုကာ' ပဏ္ဏာသကျမ်းလာ ဒေသနာတော်နှင့်မခြား။ ခန္ဓာအသက်ကို မငဲ့မကွက်ဘဲ။တရားပွဲမပျက်စေရအောင်၊ နှစ်သက်မြတ်နိုးသမှု၊ ဓမ္မကို ဂရုပြုမူကာ။ သည်းခံ၍သော သမာဓိဇဂုဏ်ထူး ရှိတော်မူချေသတည်း။ ထိုကိုစွဲ၍ ''ဇောကာ''ဟူသော ဂုဏ်ပုဒ်ကို အထူးထုတ်ဆိုအပ်သည်ဟူ၍ သိလင့်။ ။ဤအရာ၌၊ခန္ဓသံယုတ်အဋ္ဌကထာပါဠိ၊နကုလပိတုဝဂ်တွင်။'အမတေနအဘိသိတ္တော'။ ။ဟူသော ပါဠိဝယ်။ အမတဟူသည်ကို တစုံတခု,ဈာန်, ဝိပဿနာ,မဂ်,ဖိုလ်,ဟူသော အမတအဘိသိသေကကို မမှတ်အပ်။စင်စစ်သော်ကား၊ချိုမြိန်သော။ မရရဓမ္မ၊ ဒေသနာတော်ကိုသာလျှင်။ အမတာဘိသေက ဟူ၍သိအပ်၏ဟု "မရရဓမ္မ ဒေသနာယေဝ ပနအမတာဘိသေကောတိ ဝေဒိတဗ္ဗော"။ ။ဟူသော သံဝဏ္ဏနာစကားရပ်ကို အဋ္ဌကထာသျှင် မိန့်ဆိုအပ်သကဲ့သို့။ သမာဓိဇ ဂုဏ်ထူးဟူသည်ကိုလည်း။ မြတ်သော ကာမာဝစရ သမာဓိကို ယူအပ်၏။ "အဝိဘင်္ဂ၊အဝိစာရံ၊ သမာဓိဇံ၊ပိတိသုခံ ဒုတိယဈာနံ"။ ။စသည်တို့၌လာရှိသော သမာဓိဇံကို မယူအပ်ဟူ၍၊ နှလုံးသွင်းလင့်ကုန်။ ။

## အန္တရိယော–ဟူသောဂုဏ်ပုဒ်ကိုထုတ်ဆို၍ ချီးကျူးခြင်းသည်ကား။

စွယ်တော်ဓါတ်ကို ဖူးမြော်ရန်၊ သိယိုဋ္ဌကျွန်းသို့ ကြွရောက်တော်မူသောအခါ၊ ပင်လာသ်ပြင်၌၊ ထိုစဉ်အခါက၊ သင်္ဘော တဆယ်ငါးရက်မျှကြာ့ကြာအောင် ခုတ်နှင်ရ၏၊ ထိုကဲ့သို့ခုတ်နှင်သော၊ တဆယ့်ငါးရက်ကာလပတ်လုံး၊ ကေသာအစ, မုတ္တအဆုံး၊ သုံးဆယ့် နှစ် ပါး သော

ကောဋ္ဌာသ ကိုသ်ကာယေ၃။ ။သမ္ဘဏ္ဍတောပဋ္ဌာရတိ။ ။ဟူ၍ပဟာကြား
မြွက်ဟာ၊မိန့်ထုတ်ပြသော်လည်း။ဥစ္စာရ, ပဿာ၀အမှုတို့ကို။ဘကြမ်တခါမျှ
ပြုတော်မမူ။ ခမ္ဘတ်တွာ၊ စဉ်လာသဘောကို။ ကောင်းစွာ သိမ်းဆည်း၍။
ချုပ်တည်းနိုင်သော အရေများလည်း။ အလွန်ရက်ပေါင်း, ကြာ‌ပြောင်းခဲ့
ရကား။ တပါးသူတို့ပြုရန်ကိုထား။ မကြီအားသောဋ္ဌာနဖြစ်၍။ လက်ဖျစ်
ခဘ်တီး။ချီးမွမ်းအပ်သော အဆ္ဆရိယကြီးပေတည်း။ ဤအရာကို ထောက်
ရှု၍ရင်း။ လက်ပံလှ၊ အဖိနဝိဟာရ ကျောင်းတိုက်၌၊ ရေလျှကြီးမြင့်ခိုက်။
ဥစ္စာရ, ပဿာ၀, အမှုတို့ကို ပြုသောအခါ၌လည်း။ သက်ဆင်းသောခါတ်
ကျင်ကို။ ရေပြင် အတွင်းသို့ မကျရောက်စိမ့်သော၄ါ။ ကိုယ်တော်တိုင်
အထူးပြုပြင် ထားအပ်သည်ကို။ မျက်ဝါးထင်ထင်, ရှုမြင် ရသဖြင့်ရင်း။
အဂ်ပု ကျေးဇူးသျှင်ကား။ နိပါတ်ဇာတ်တော် များ၌လည်း။ အာဇာနိ
ပုဂ္ဂိုလ်တို့၏။ ပကတိ ရေထည်း၌၊ ဝစ်ကျင်ကြီးနှင့်၊ ရေပဟာင်းမစွန့်
ကြောင်းကို၊ သာခေ ပြုပြီးလျှင်။ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး
ကား။ မချွတ်ဧန်စွာ၊ အာဇာနိဖြစ်ရာလိမ့်တကားဟု မိန့်တော်မူသတတ်။
ယင်းသို့ မိန့်တော်မူအပ်သော စကားသည်။ ရွှေတောင်မြို့၊ ကျီးသဲချောင်း
ထောင့်၊ ဆရာတော် ဘုရားကြီး မိန့်မြွက်အပ်သော စကားနှင့်လည်း။
တသားတည်းဖြစ်ပေ၏။ ။ဖြစ်ဟန်ကား။ ထိုချောင်းထောင့် ဆရာတော်
ဘုရားကြီး။ ပြည်မြို့၊ သိမ်ကုံး ဆရာတော်ကြီး။ ငါတို့ ကျေးဇူးသျှင်
အဂ်ဗိုရ်ဆရာတော်ဘုရားကြီး။ ဤသုံးပါးတို့ကို။ ဝါဒီတပါး ပုဂ္ဂိုလ်က၊
ပြစ်မှားဆဲဆိုကြောင်းကို။ ချောင်းထောင့် ဆရာတော်ကြီးအား။ တကာ
များကသျှောက်ကြား၍၊ မိန့်တော် မူသည့်ကား။ ငါနှင့်တကွ၊ သိမ်ကုံး
ဆရာတော်။ မောင်နာရဒကို ပြစ်မှား ဆဲဆိုခြင်း ကပင် တော်သေး၏။
အဂ်ဗိုရ်ဆရာတော်အား၊ ပြစ်မှား ဆဲဆိုခြင်းသည်။ ထိုပုဂ္ဂိုလ် အလွန်
ဝန်လေးတော့မည်ဟု မိန့်တော်မူ၏။ထိုအခါ၊ သောင်ကြီးရွာနေ။ တကာ
ဦးကျော့ဆိုသူက။ အရှင်ဘုရားများသည်။သိက္ခာအားဖြင့် နှစ်ရာနှစ်ဆယ်
ငွန်နှစ်ပါး၊ သိက္ခာဥန်ခြင်း အတူတူပြင်။ အရှင်မှာမူ, အဂ်ဗိုရ်ဆရာတော်
ထက်ပင်။ သိက္ခာ ဝါ ကြီးမြင့်ပါသျက်။ ဘယ့်အတွက်, အရှင်ဘုရား
နှစ်ပါးတို့ထက် အဂ်ဗိုရ်ဆရာတော်ကို, ဆဲဆိုခြင်းက၊ ဝန်လေးရပါလေ
သနည်းဘုရားဟု၊ လျှောက်ထားသောအခါ။ ချောင်းထောင့် ဆရာတော်
ဘုရားကြီးက။ တကာမောင်ကျော့။ ယခုအခါ, နိဗ္ဗာန်မှ ဘုရားကြွတော်
မူလာ၍။ မြန်မာပြည်၌ ရဟန်း အပေါင်းတို့ကို စီးဝေးစေပြီးလျှင်။ သင်

ချစ်သားတို့သည်။ ငါဘုရား၏ သားတော်ကြီးလော့ဟု။ ပထမ မိန့်ခွန်း
တော်၌၊ မှန်ပါကြောင်းကို။ အားလုံး လျှောက်ဆိုကြ မည်ချည်းဖြစ်၏။
ထိုနောက်၊ ငါဘုရား၏သားတော်ဖြစ်စွာ။ လာဘ်သပ္ပကာ၊ တကာတကာမ
ကိုမငဲ့။ ငါဘုရား၏ ရွှေမျက်နှာတော်ကိုသာ။ ငဲ့ကွက် မြော်ထောက်ခါ။
မကြောက်မရွံ့၊ အသက်ကိုစွန့်၍။ရဲဝန့်လှစွာ၊ ငါ၏ တရားဟော်များကို။
ဟောကြားကြပါပေ၏လောဟု၊ ဒုတိယမိန့်ခွန်း၌၊ မှန်လှပါသည်။ တပည့်
တော်များကား။ အသက်စွန့်၍, ရဲဝန့်စွာ ဟောပါကြောင်းဖြင့်။ လျှောက်
ထားမည့် ပုဂ္ဂိုလ်ကား။ အုဂ်ဖိုရ် ဆရာတော် တပါးတည်း သာလျှင်။
ဆရာ့ညာဏ်၌ ထင်သည်ဖြစ်၍။ ထိုကဲ့သို့သော၊ ရဲဝန့်တည်ကြည်။ အာ
ဇာနိပုဂ္ဂိုလ်ကို၊ ဆဲဆိုပြစ်မှားက။ များစွာဝန်လေးတော့မည်ဟူ၍၊ ဆရာ
ဆိုသတည်းဟု မိန့်တော်မူ၏။ (ထိုပုဂ္ဂိုလ်ကြီးကား၊ ရဟန္တာတဆူကဲ့သို့
အများရှင်လူ။ ကြည်ညိုမြတ်နိုးကြ၏။ ရှုတင်တေရည်။ အရပ်ရပ်၌
လည်း။ အရှင်မဟာကဿပတမျှ၊ ထင်မှတ်ကြရ၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်
ထူးကြီး ဖြစ်၍သာလျှင်။ ဤကဲ့သို့ မိန့်လှစ်တော် မူသည်ဟု နှလုံးသွင်း။)
ယင်းသို့ မိန့်တော်မူရကား။ အင်ပူ ကျေးဇူးသျှင်၊ မိန့်တော် မူအပ်သော
စကားသည်။ ချောင်းထောင့် ဆရာတော်ဘုရားကြီး၏စကားနှင့် တသား
တည်းဖြစ်သတည်း။ ထိုနောက်,သိဟိုဠ်ကျွန်းသို့ရောက်သောအခါ။ သီးသီး
ခြားခြား၊ ကျေးဇူးသျှင် ဆရာတော် ဘုရားကြီးသည်။ နာဂိဝက်တိတိ
စွယ်တော်ဓါတ်ကို၊ ဖူးမြော်ရန် အချိန်ကာလကို ရရှိသည် ဖြစ်၍။ စွယ်
တော်မြတ်ကို၊ လကျာ လက်တော်ဖြင့်၊ ပင့်ယူဆောင်လျက်။ ဥက္ကောင်း
ထက်သို့တင်၍၊ အထူးပီသော၊ ရှိခိုးပူဇော် ရခြင်းသည်ရင်း။ ထိုအခါဝယ်
စွယ်တော်ဓါတ်မှ၊ ရောင်ခြည်တော် ခြောက်ရပ်တွင်။ ဖြူစင် စွာသော
ဩဒါတ, ရောင်ခြည်တော်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူနှင့်
သဖြင့်။ အလောင်းတော်ကို မဖူးမြင်လိုက်ရသော၊ အရှင် မဟာကဿပ
ကြွရောက်လာ၍, ရှိခိုးတော် မူသောအခါ။ ဘဝါးတော်နှစ်ဖက်၊ ခေါင်း
စံကျင်းတော်မှထွက်စံ၍၊ အပူဇော်ခံသောပမာ။ အဇာတာရှင်, ကောင်း
ကင်ထက်ရပ်မှ၊ လျှပ်လျှပ် ရှိန်ပြင်းသော, နေမင်း၏ အစွမ်း တံခိုးကို။
ထက်ဝန်းကျင် လွှမ်းမိုး၍။ မိုးအုပ် တင့်တယ်။ စမ္မါယ် ကွန့်မြူးလျက်။
အထူးသဖြင့်, တံခိုးဗျာဒိဟာကို ပြတော်မူခြင်းသည်ရင်း။ ထိုအခါ, စွယ်
တော်ဓါတ်သည်။ ရာမညရဋ္ဌဝါသီ။ ဒွါရဝါဒီ မဟာထေရ်အရှင်မြတ်၏
ပဋိပတ်ဂုဏ်အင်, အလွန် ဖြူသန့်စင်၍ သာလျှင်။ ကြည်လင် နှစ်သက်။

ကောင်းကြီးမြွက်၍။ နှုတ်ခွန်းတော် ဆက်ရောင်တကားဟု။ သဒ္ဒါတရား
ထက်ပွါး ကြည်ညို ကြကုန်သော။ သိဟိုဠ်ကျွန်းသူ, ဗိုလ်လူ အပေါင်း
တို့သည်။ သောင်းသောင်းချိန့်ပြာ။ ဩဘာရိုက်ကြွေး။ ကောင်းကြီးပေး
သောအားဖြင့်။ ဆားဆား ဟူသောအသံ၊ဘဝဂ်သျှမျှ။ ဆူညံရိုက်ချန်း။
ကျွန်းလုံးနှံမော်၊ သာခုကာရပွဲကြီးဖြစ်အောင်။ ဂွဲချီးလှစ်၍။ ဟစ်ကြွေး
ကျော်ကြခြင်းသည်ငင်း။လက်ဖျစ်တီးခတ်၍၊ ချီးမွမ်းအပ်သော။ အစ္ဆရိယ
ချည်းတို့သာလျှင်တည်း။ ထိုနောက်, စွယ်တော်ကိန်းရာ၊ သဒ္ဓါ မြို့မှ။
အနုရာဓမြို့သို့ကြွရောက်၍၊ စေတီတော်တို့ကို။ ဖူးမြော်ရန် မိန့်တော်မူသော
အခါ။ အပူကြီးခြင်း,ခရီးဝေးခြင်း၊ လမ်းပန်းမသာခြင်း၊ ရေမကောင်းခြင်း
သဘောတို့ကြောင့်။ ဝမ်းသက်လျှောခါ။ ရောဂါ ဥပါဒ်၍၊ အသေများ
တတ်ပါသဖြင့်။ ဤရာသီဒိုက်အခါ၌။ ထေဝရကျွန်းနေ တပည့်တော်များပင်
မသွားဝန့်ကြ ပါကြောင်းဖြင့်။ သိဟိုဠ်ကျွန်းသား၊ ရဟန်းရှင်လူ များနှင့်
တကွ။ နောက်ပါလက်သား, တပည့်ကြီးများကပင်၊ ကြွတော်မမူပါရန်
တောင်းပန်လျှောက်ထား ကြသော်လည်း။ ဇမ္ဗူဒိပ်ကပင်လျှင်။ ငါတို့၏
စိတ်ကို၊ သန္နိဋ္ဌာန် ထားပြီးအတိုင်း။ ခန္ဓာအသက်ကို မငဲ့ကွက်ဘဲ၊ သွား
ရန်ပင်ဖြစ်သည်။ အကယ်၍ ခန္ဓာအသက် ပျက်စေကာမူ။ သုဂတိသို့
သက်လားရန်ဖြစ်၏ဟု စသည်ဖြင့်။ ဇိဝိဘန္တရာယ် ကိုမျှ, ငြိတွယ်မရှိ။
ဓိတိမန္တ, ဂတိမန္တသဘောဖြင့်, ဟောပြဆုံးမ၍၊ ကြွရောက်တော်မူခါ။
စေတီတော်တို့ကို ပူဇော်ရှိခိုးခြင်းများလည်း။ တပါးသူတို့ ပြုရန်ကိုထား။
မကြံအားသော အချမ္ဘာနဖြစ်၍။ လက်ဖျစ်ခတ်တီး၍, ချီးမွမ်းအပ်သော။
အစ္ဆရိယချည်း ပေတည်း။ ထိုမှတပါး, အရွယ်ထွန်းသစ်။ နုပျိုမြစ်စဉ်
ကပင်။ ပုဂံရွှေနန်းရှင် လက်ထက်တော် အခါ။ ငမိကျေးဇူးသျှင် သာသ
နာပိုင်, ဗားကရာ ဆရာတော် ဘုရားကြီးက။ သီးခြားရေးထု-ရာဇဂုရု
တံဆိပ်တော်ကို။ ရေမြှေသနင်း, ပြည့်ရှင်မင်းနှင့် တကွ, အသိ အမှတ်
ပြု၍။ ခြီးမြှောက်လှူဒါန်းရန် အတွင်းတော်သို့။ စာသွင်း စီမံပြီးဖြစ်သည်။
ရာဇဂုရုတံဆိပ်မင်စံကို၊ အလှူခံရမည်ဟု။ အကြိမ်ကြိမ်,အဖန်ဖန်၊ အလှူ
ခံရန် တိုက်တွန်းတော် မူပါသျက်။ ထိုရာဇဂုရု တံဆိပ်တော်ကို,မခံမယူ
လိုသဖြင့်။ ဗားကရာ သာသနာပိုင် ဆရာတော် ဘုရားကြီးအား။ အခွင့်
ရအောင် လျှောက်ထား ညင်းပယ်ပြီးခါ။ ဗားကရာတိုက်မှ၊ မြသိန်းတန်
တိုက်သို့, အလိုအလျောက်။ ရခဲစွာသော ရာဇာဓိရာဇမင်းထက်, မင်း
တို့က ခြီးမြှင့်ကော်ရော်။ ပူဇော်ခြင်း ပြုအပ်သော။ ရာဇဂုရု ဟူသော

တံဆိပ်တော်ကိုလျက်, မငှဲကွက်ဘဲ။ တပါးပုဂ္ဂိုလ်အား လွှဲ၍။ ပြောင်းရွှေ့တော် မူခဲ့ခြင်းများသည်ကိုရင်း။ မြသိန်းတန်ဘိုက်သို့၊ ရောက်သောအခါ၌လည်း။ မင်းတုံးမင်း တရားကြီးသည် မင်းသားဘာသ, မင်္ဂလာအိမ်တော်နှင့်စံနေတော်မူစဥ်။ ငါတို့ကျေးဇူးသျှင်ဆရာတော် ဘုရားကြီး၏ဂုဏ်သတင်းကို ကြားသိရ၍။ ဖူးမြင်လိုပါကြောင်းဖြင့်။ မြသိန်းတန်ဆရာတော် ဘုရားကြီးအား။ လျှောက်ထား ခြင်းကြောင့်။ ဆရာတော်ဘုရားကြီးက သိတင်းနေ့လည်းဖြစ်သဖြင့်။ မိမိနှင့်အတူ။ မင်္ဂလာအိမ်တော်သို့လိုက်ပါရန် ခေါ်တော်မူရာ။ သိတင်းနေ့ပင် ဖြစ်ငြားလည်း။ စာကြည့်ပျက်အံ့သည်မှစိုး၍။ မလိုက်လိုပါကြောင်းဖြင့်။ အတိအလင်းညင်းပယ် လျှောက်ထားခြင်းသည်ရင်း။ ထိုနောက်, မင်းတုံးမင်းတရားသည် အထွဋ်အထိပ်သို့ ရောက်တော်မူသောအခါ။ ဖူးမြင်လိုပြန်သဖြင့်။ မိမိတိုက်ရိုက်ပင့်သော် ရ,မရ။ ကြွ,မကြွကိုသိလို၍။ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဦးတိုက်လျှောက်ထား, စုံစမ်းစေရာ၊ ရာဇဝလာဘ အပြစ်နှင့်,ရာမညတိုင်း၌။ သာသနာ ဆုတ်နစ်ခြင်းကို ပေါ်ပြ၍။ မင်းကြေရာဇ်ကပင် ပူဇော် ချီးမြှောက်လို၍ ပင့်ဆောင် ငြားသော်လည်း။ မိမိသည်မန္တလေး ရွှေမြို့တော်သို့ မကြွလိုကြောင်းဖြင့်။ ရွှေကျင်ဆရာတော်အား၊ ညင်းပယ်စကား, မိန့်ကြားတော် မူလိုက်ခြင်းများသည်ရင်း။ လက်ဖျစ်ခတ်တီး၍, ချီးမွမ်းအပ်သော အစ္ဆရိယကြီးတို့ပေတည်း။ ဤသို့ဖြစ်နိုင်ခဲပြုနိုင်ခဲသော အရာများကို ရည်မှတ်၍ "အစ္ဆရိယော" ဟူသော ဂုဏ်ပုဒ်ကို အထူးထုတ်ဆိုအပ်သည်ဟူ၍ သိလင့်။ ။

ဤမျှသော၊ စကားအစဉ်သည်ကား။ ရတနာ သုံးရင်တွင် သံဃာရတနာ မင်္ဂလာမျှော်ထိပ်။ ဇမ္ဗူဒိပ်ကျွန်းကြီးနှင့်တကွ။ လင်္ကာဒီပ, သီဟဠကျွန်းလုံး။ ပတ်ကုံးဝန်းကျင်၊ ကျော်ဇောထင်သော။ ကျေးဇူးတော်သျှင်အရှင်ဆရာတော်ဘုရားကြီး၏။ ဂုဏ်တော်အထူးကို ချီးကျူးသမှု၊ စိတ္တိကာရကို ပြုခြင်းပေတည်း။ ။ယင်းသို့ သံဃာရတနာ၏ ဂုဏ်ကျေးဇူးကိုချီးကျူးမြှောက်ပင။ စိတ္တိကာရကို ပြုအပ်သည်ရှိသော်။ဗုဒ္ဓရတနာ၊ဓမ္မရတနာနှစ်ရပ်ကိုလည်း။စိတ္တိကာရ ပြုအပ်သည်သာလျှင် ဖြစ်၏။

"တိသုပိရတနေသုယဋ္ဌ ကဋ္ဌစိ စိတ္တိကာရေ ကတေသဗ္ဗဋ္ဌ ကတော ယေဝဟောတိ"။ မဏ္ဍမပညာသ အဋ္ဌကထာ,ရာဇဝဂ်။ ဓမ္မစေတိယသုတ်အဖွင့်ကိုရှု။ထို့ကြောင့်၊ရတနာ သုံးရင်ကိုပင်။စိတ္တိကာရ ပြုအပ်ကုန်သော ထောမနာ ဂါထာပါဠိတို့ပေတည်း ဟူ၍၊ပညာရှိတို့ နှလုံးနှစ်ချိုက်။ ပိုက်

တော်မူလင့်ကုန်။ ။ဟိသတ္တံ၊ မှန်၏။ တိသုရတနေသု၊ ရတနာသုံးပါးတို့
တွင်။ ယတ္ထကတ္ထစိ၊ အကြင်အမှတ်မရှိပြား။ တပါးပါးသော ရတနာ၌။
စိတ္တိကာရေ၊ သဒ္ဓါရှင်လမ်း၊ ချီးမွမ်းကော်ရော်၊ ပူဇော်နှစ်လို။ ရှိသေခြင်း
အမှုကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ သဗ္ဗတ္ထ၊ အလုံးစုံသော ရတနာ
သုံးရပ်၌။ ကတောယေဝ၊ စိတ္တိကာရ အမှုကို ပြုအပ်သည်သာလျှင်။
ဟောတိ၊ ဖြစ်၏။ ။ယခုအခါ, ရတနာသုံးရပ်အား၊ စိတ္တိကာရ အမှုကို
ပြုအပ်သည့်အတိုင်း။ အလျှင်း တ ကြီး။ စိတ္တိကာရ အမှုကို ပြုပြီး၍။
"လာဝိသံ"ဟူသော ပဋိညာဉ်စကားကို။ ချထားအပ်သည်နှင့် အညီ။
"ဒိပသနာဥဒါဟရဏတန္တိဋီကာစာတန်းကို"ဖွင့်ဆိုရေးသားပေအံ့သတည်း။

# ဝိပဿနာဉာဏတတ္တဒိဋ္ဌိကြော။

## ဝိပဿနာဉာဏ်ဆယ်ပါးကို အကျယ်မဖွင့်ဆိုမီ၊ ဝိပဿနာလုပ်ငန်းနှင့်စပ်၍ မှတ်ဘွယ်ရပ်စကားရပ်များကို ပြဆိုဦးအံ့။

ဝိပဿနာ, ဟူသည်။ ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့ကို အနိစ္စအစရှိသည်ဖြင့်၊ ရှုတတ်သော။ ဘာဝနာ, ပညာ,ကို၊ဝိပဿနာဟူ၍ ဆိုလိုသည်။ ထိုဘာဝနာ ပညာဖြင့်။ ရုပ်နှစ်ဆယ့်ရှစ်ခု တည်းဟူသော။ ရူပက္ခန္ဓာကို ရှုခြင်းတပါး။ ဝေဒနာ,စေတသိက်တည်းဟူသော။ဝေဒနက္ခန္ဓာကို ရှုခြင်းတပါး။ သညာစေတသိက်တည်းဟူသော။ သညက္ခန္ဓာကို ရှုခြင်းတပါး။ ဝေဒနာ, သညာမှကြွင်းသော၊ စေတသိက်ငါးဆယ် တည်းဟူသော။ သင်္ခါရက္ခန္ဓာကို ရှုခြင်းတပါး။ စိတ်တခု ယုတ်ကိုးဆယ် တည်းဟူသော၊ ဝိညာဏက္ခန္ဓာကို ရှုခြင်းတပါး။ ဤသို့,ခန္ဓာငါးပါးတို့ကို ခွဲ၍။ ဘာဝနာ ပညာဖြင့် ရှုခြင်းငါးပါး။ဝိပဿနာဖြစ်ဟန်များကိုလည်း,သိကြရမည်။ ။

ယင်းကဲ့သို့ ရှုဆင်ခြင်သော အခါ၌လည်း။ ငါသည်,ဝိပဿနာရှု၏။ ဤဝိပဿနာရှုခြင်းအလုပ်ကား။ငါ၏ဝိပဿနာရှုခြင်း အလုပ်ပေတည်းဟု နှစ်လုံးမူလျက်။ စွဲလန်းခြင်း။ ကြံယူဆခြင်း ဖြစ်ခဲ့အံ့။ ထိုကဲ့သို့ စွဲလန်းယူဆလျက်။ ဝိပဿနာရှုသော ပုဂ္ဂိုလ်အား။ဒိဋ္ဌိကို ပါယ်ခွါခြင်း။ ဒိဋ္ဌိသမုဂ္ဃါတနမည်သည် မဖြစ်လေရာ။ ဒိဋ္ဌိငန်းငန်း၊ အစွဲတန်းလန်းကြီးနှင့်ပင် ရှိသေးသည်ဖြစ်ရာ၏။

အဘယ်သို့ နှလုံးသွင်း၍၊ဝိပဿနာ ရှုသောသူသည်။ဒိဋ္ဌိကိုပါယ်ခွါခြင်း။ ဒိဋ္ဌိသမုဂ္ဃါတန ဖြစ်ရာသနည်းဟူမူကား။ သင်္ခါရတရား အစုအပုံတို့က သာလျှင်။သင်္ခါရတရား အစုအပုံတို့ကို။ ရှုဆင်ခြင်ကုန်၏။ သုံးသပ်ကြကုန်၏။သင်္ခါရတရား အစုအပုံတို့ကသာလျှင်။ သင်္ခါရတရား အစုအပုံတို့ကို၊ မှတ်ကုန်၏၊သိမ်းဆည်းကုန်၏။ ပိုင်းခြားကုန်၏။ ဤသို့ ကြံယူဆသော, ဝိပဿနာ ရှုသူအားကား။ဒိဋ္ဌိကိုပါယ်ခွါခြင်း။ ဒိဋ္ဌိသမုဂ္ဃါတန, မည်သည်

စင်စစ်ဖြစ်တော့သတည်း။ ။ထို့ကြောင့်၊ ဒိဋ္ဌိကို ပါယ်ခွါခြင်းမည်အောင်။ ဝိပဿနာ ရှုဘတ်ကြစေရမည်ဟူလိုသည်။ ။

ထိုမှတပါး၊ ဝိပဿနာရှုသော ပုဂ္ဂိုလ်သည်၊ ငါသည် ကောင်းစွာ ဝိပဿနာရှုအံ့။ နှစ်သက်ဖွယ်စွာ၊ ငါသည်။ ဝိပဿနာရှုပေအံ့။ ဤကဲ့သို့ နှလုံးမူလျက်။ စွဲလန်းခြင်း ကြံယူဆခြင်းဖြစ်ခဲ့အံ့။ တက်ကြွခြင်း မာနကို ပါယ်ခွါခြင်း တည်းဟူသော။ မာနသမုဂ္ဃါတန,မည်သည် မဖြစ်လေရာ။ မာနငန်းငန်း၊ အစွဲတန်းလန်းကြီးနှင့်ပင်, ရှိသေးသည်ဖြစ်ရာ၏။ ။စင်စစ်သော်ကား။ သင်္ခါရတရား အစုအပုံတို့ကသာလျှင်။ သင်္ခါရတရား အစုအပုံတို့ကို။ ရှုဆင်ခြင်ကုန်၏။ သုံးသပ်ကြကုန်၏။ သင်္ခါရတရား အစုအပုံတို့ကသာလျှင်။ သင်္ခါရတရား အစုအပုံတို့ကို မှတ်ကုန်, သိမ်းဆည်းကုန်၏။ ပိုင်းခြားကြကုန်၏။ ။ဤသို့ ရှေးရှု,ကြံဆယူသော၊ ဝိပဿနာရှုသူအားကား။ မာနကိုပါယ်ခွါခြင်းမည်သည်။ စင်စစ်ဖြစ်တော့သတည်း။ ထို့ကြောင့်၊ မာန,ကို ပါယ်ခွါခြင်း မည်အောင်။ ဝိပဿနာကို ရှုတတ်ကြစေရမည်ဟူလိုသည်။ ။

ထိုမှတပါး၊ ဝိပဿနာ ရှုသောအခါ။ ငါသည်၊ ဝိပဿနာ ရှုခြင်း၌ စွမ်းနိုင်၏တကား,ဟု။ မိမိရှုသော ဝိပဿနာကို၊ မြတ်နိုးဘနာ၊ သာယာသောပုဂ္ဂိုလ်အား။ တတ်စွမ်းခြင်း။ နိကန္တိကို ကုန်ခန်းစေသည်မည်သော နိကန္တိပရိယာဒါန, မည်သည် မဖြစ်လေရာ။ နိကန္တိငန်းငန်း၊ အစွဲတန်းလန်းကြီးနှင့်ပင်ရှိသေးသည်ဖြစ်ရာ၏။ ။စင်စစ်သော်ကား။ သင်္ခါရတရား အစုအပုံတို့ကသာလျှင်။ သင်္ခါရတရား အစုအပုံတို့ကို ရှုဆင်ခြင်ကုန်၏။ သုံးသပ်ကြကုန်၏။ သင်္ခါရတရား အစုအပုံတို့ကသာလျှင်။ သင်္ခါရတရား အစုအပုံတို့ကို မှတ်ကုန်, သိမ်းဆည်း ကုန်၏။ ပိုင်းခြားကြ ကုန်၏။ ။ ဤသို့ ရှေးရှု-ကြံဆယူသော, ဝိပဿနာ ရှုသူအားကား။ တတ်စွမ်းခြင်း နိကန္တိကို ကုန်စေသည်မည်သည်။ စင်စစ်ဖြစ်တော့သတည်း။ ။

ထို့ကြောင့်၊ နိကန္တိကို ပါယ်ခွါခြင်းမည်အောင်။ ဝိပဿနာ ရှုဘတ်ကြစေရမည်, ဟူလိုသည်။ ။နိကန္တိ,ဟူသည်ကို၊ တဏှာ,ဟူ၍ သိလင့်။ ။

ဤဆိုအပ်ခဲ့ ပြီးသည်ကား။ ဆရာ့သဘော၊ အတ္တနောမတိ မဟုတ်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၅၄၃)နံပါတ်။မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ၌။ အရိယဝံသကထာဝယ်, လာရှိသော၊ စကားရပ်ပေတည်း။ ။ထိုစကားရပ်ကို၊ ဝိပဿနာရှုသူတို့။ ကြပ်ကြပ်ကြီး နှလုံးမူလျက်။ ဒိဋ္ဌိ,မာန,နိကန္တိတို့မှ ကင်းလွတ်အောင် ရှုနိုင်ကြစေကုန်သတည်း။ ။

## ယခုအခါ, ဝိပဿနာဉာဏ် ဆယ်ပါး,အစီအစဉ်ကို ဆိုပေအံ့။

ဝိပဿနာဉာဏ် ဆယ်ပါးဟူသည်။ ခန္ဓာငါးပါး၌၊ သုံးသပ်ဆင်ခြင်ခြင်း(သမ္မသန)ဉာဏ်တပါး။ (၁) ခန္ဓာငါးပါး၌ ဖြစ်ပျက်ခြင်းကို ဆင်ခြင်ခြင်း(ဥဒယဗ္ဗယ)ဉာဏ်တပါး။ (၂)ခန္ဓာငါးပါးတို့၏ ချုပ်ပျက်ခြင်း၌ ဆင်ခြင်ခြင်း(ဘင်္ဂ)ဉာဏ်တပါး။ (၃)ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၌ ဘေးရန်ကို ဆင်ခြင်ခြင်း (ဘယ)ဉာဏ်တပါး။ (၄)ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ခြင်း၌၊ အပြစ်ဒေါသကို ဆင်ခြင်ခြင်း (အာဒီနဝ) ဉာဏ်တပါး။ (၅)ခန္ဓာငါးပါးတို့၌၊ ပျက်ခြင်း၏ အစွမ်းအားဖြင့်၊ ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း (နိဗ္ဗိဒါ) ဉာဏ်တပါး။ (၆)ခန္ဓာငါးပါးတို့ကို မီးပုံကြီးကဲ့သို့ထင်၍၊ထိုခန္ဓာတို့မှ လွတ်ရာလွတ်ခွင့်ကို ဆင်ခြင်ခြင်း (မုဉ္စိတုကမျတာ) ဉာဏ်တပါး။ (၇)ခန္ဓာငါးပါးတို့၌၊ အဘန်ဘန် အထပ်ထပ်ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း (ပဋိသင်္ခါ)ဉာဏ်တပါး။ (၈)ခန္ဓာငါးပါးတို့၌၊ မုန်းခြင်းချစ်ခြင်းကို ပယ်ဖျောက်၍၊ လျစ်လျူဆင်ခြင်ခြင်း (သင်္ခါရုပေက္ခာ)ဉာဏ်တပါး။ (၉) ခန္ဓာငါးပါးတို့၌၊ လက္ခဏာရေးကို အာရုံပြု၍ ဖြစ်သော (သစ္စာနုလောမ) ဉာဏ်တပါး။ (၁၀) ဤသို့ ဝိပဿနာဉာဏ် ဆယ်ပါး အစီအစဉ်ကို သိအပ်၏။ ။ထို့နောင်,နိဗ္ဗာန်ကို အာရုံပြု၍။ ဂေါတြဘူဉာဏ်၊မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏ ဖြစ်ပုံအစဉ်ကိုလည်း သိကြစေ။ ။

ထိုဝိပဿနာဉာဏ် ဆယ်ပါးတို့တွင်။ ရှေးဦးစွာသော, သမ္မသနဉာဏ်ဖြင့်၊ ရူပက္ခန္ဓာကို သုံးသပ်ခြင်း။ ဝေဒနက္ခန္ဓာကို သုံးသပ်ခြင်း။ သညာက္ခန္ဓာကို သုံးသပ်ခြင်း။ သင်္ခါရက္ခန္ဓာကို သုံးသပ်ခြင်း။ ဝိညာဏက္ခန္ဓာကို သုံးသပ်ခြင်း,အားဖြင့်။ ခန္ဓာငါးပါးကို စွဲ၍။ သမ္မသနဉာဏ်သည် ငါးပါးပြားပြန်၏။ ။

## ထိုငါးပါးတို့တွင်၊ ရူပက္ခန္ဓာကို သမ္မသနဉာဏ်ဖြင့် သုံးသပ်ဟန်ကား။

ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံဝါ, ဗဟိဒ္ဓါဝါ, ဩဠာရိကံဝါ,သုခုမံဝါ, ဟီနံဝါ, ပဏီတံဝါ, ယံဒူရေသန္တိကေဝါ, ခယဋ္ဌေန, ဝယဋ္ဌေန,အနိစ္စံ၊ ဘယဋ္ဌေန,ဝိပ္ပနဋ္ဌေန,ဒုက္ခံ၊ အသာရကဋ္ဌေန,အနိဿရဋ္ဌေန,အဝသဝတ္တနဋ္ဌေန,အနတ္တာ။ ဇေဝံသမ္မသနံ သမ္မသနေဉာဏံ။ ။ ဤသို့ ရူပက္ခန္ဓာကို သုံးသပ်ကြရမည်။ ။

# အနက်မြန်မာ, ယောဇနာကား॥

မေ၊ ငါ၏။ အတိဘာနာဂတပစ္စုပ္ပန္နံ၊ ရုပ်၏ခန္ဓတ္တယသို့၊ ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာဘည်း ဟူသော ရုပ်သည်ရင်း။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ ကိုယ်သန္တာန်၌ ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော ရုပ်သည်ရင်း။ မေ၊ ငါ၏။ ဗဟိဒ္ဓါ၊ ဆင်,မြင်း,ကျွဲ, နွား၊ သားမြေး ခွေရံ၊ အပသန္တာန်၌ ဖြစ်သော။ ယံရူပံဝါ၊ အကြင် ရူပက္ခန္ဓာ တည်းဟူသော။ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓ ရုပ်သည်ရင်း။ မေ၊ ငါ၏။ ဩဠာရိကံ၊ ဝ တ္ထု အာ ရုံ၊ ထိခိုက်ပုံ ကြောင့်။ ဖြစ်ပုံထူးဆန်း၊ ကြမ်းထမ်းရုံ့ရင်းသော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော။ စက္ခာယတန,စသည်အပြား၊ ဆယ့်နှစ်ပါးသော ရုပ်သည် ရင်း။ မေ၊ ငါ၏။ သုခုမံ၊ ဝတ္ထုအာရုံ မဟုတ်ပုံကြောင့်။ ဖြစ်ကြုံမဆန်း၊ မကြမ်းထမ်းသော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာတည်းဟူသော။ ဣတ္ထိန္ဒြိယ စသည်အပြား၊ တဆယ့်ခြောက်ပါးသော ရုပ်သည်ရင်း။ မေ၊ ငါ၏။ ဟီနံ၊ ကိုယ်စိတ်မသန့်၊ ယုတ်ညံ့သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာတည်း ဟူသော။ အနိဋ္ဌရုပ်သည်ရင်း။ မေ၊ ငါ၏။ ပဏီတံ၊ ကိုယ်စိတ်ကြည်ညို အလိုရှိအပ်၊ မြတ်သော ဣဋ္ဌရုပ်သည်ရင်း။ မေ၊ ငါ၏။ ဒူရေ၊ သုခုမရုပ်၊ သဘောဘုတ်၍။ မုချမထင်၊ မမြင်နိုင်သေး၊ ခက်ခဲရေးကြောင့်။ ဝေးသည်ဟု ဆိုအပ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော။ ဣတ္ထိန္ဒြိယ စသည်အပြား။ တဆယ့်ခြောက်ပါးသော ရုပ်သည်ရင်း။ မေ၊ ငါ၏။ သန္တိကေ၊ ဩဠာရိကရုပ်၊ ဖျုပ္ပတ်သူးဆန်း၊ ကြမ်းထမ်းခြင်းကြောင့်။ စွဲလန်းထင်ထင်။ အမြင်ရင့်သီး၊ နီးသည်ဟု ဆိုအပ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာ တည်းဟူသော၊ စက္ခာယတန, စသည်အပြား၊ တဆယ့် နှစ်ပါးသော ရုပ်သည်ရင်း။ အတ္ထိသန္တိ၊ ထင်ရှားပကတိ ရှိကုန်၏။ ဣဒံရူပံ၊ ဤရုပ်အပေါင်းသည်။ ခယဋ္ဌေန၊ ရွေ့လျောဖေါက်သဲ့။ ပျောက်စဲတတ်သော သဘောကြောင့်။ ဝယဋ္ဌေန၊ ခမ်းခြောက်ပြုန်းတီး။ ပျက်စီးတတ်သော သဘောကြောင့်။ အနိစ္စံ၊ အတည်အတွံ၊ အမြဲမရှိ။ ဘယဋ္ဌေန၊ ခြင်္သေ့, သစ်ကျား, ဘေးရန်များနှယ်။ ကြောက်မက်ဘွယ် ဖြစ်သော သဘော ကြောင့်။ ပိဠနဋ္ဌေန၊ နှိပ်စက်ညှဉ်းပမ်း။ နွမ်းနယ်စေတတ်သော သဘော ကြောင့်။ ဒုက္ခံ၊ ပြုပြင်ဆင်းရဲ၊ သည်းခံနိုင်ခဲ၏။ အသာရကဋ္ဌေန၊ အနှစ်မရှိ၊ ပုတီညစ်ကြေး၊ ပုပ်ဆွေးတတ်သော သဘောကြောင့်။ အနိသရဋ္ဌေန၊

ဗိုရင်လွှမ်းမိုး။ အမိုးမရသော သဘောကြောင့်။ အဝသ ပဏ္ဏနံဗ္ဗေနံ၊ လိုရာလိုရင်။မလိုက်တတ်သောသဘောကြောင့်။ အနတ္တာ၊ ငါဟုသမုတ် ကိုယ်မဟုတ်ချေ။ ဖေါ်၊ဤသို့။ သမ္မသနံ၊ သုံးသပ်ဆင်ခြင်ခြင်းသည်။ သမ္မသနေဉာဏံ၊ သမ္မသနဉာဏ်မည်၏။ ။

## ဤကား–ငါတို့ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး၏၊ ယောဇနာတော်မူခြင်းပင်တည်း။

## ဤဆိုအပ်ခဲ့ပြီးသော–ပါဠိအနက်ကား။

ရူပက္ခန္ဓာကို သမ္မသနဉာဏ်ဖြင့် သုံးသပ်ရာ၌၊ ဟောတော်မူပုံဘည်း။ ဤပါဠိဝယ်။ ။ဈာန်မေရူပံ–၌။ ရူပ်အရကို (ရူပက္ခန္ဓောရူပံ။) ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပ၊ ရုပ်မည်၏။ ။ဤသို့ ဝိသုဒ္ဓိမဂ် စသည်တို့၌၊ ဖွင့်ဆိုခြင်းကြောင့်။ ရူပ်အရသည်၊ ရူပက္ခန္ဓာဟူ၍ မှတ်ယူလိုက်ရကား။ မဟာသတိပဋ္ဌာနသုတ် စသည်တို့၌၊ ဟောတော်မူအပ်သော။ ရူပက္ခန္ဓာ မဖွဲ့မစည်းထိုက်ချေသော။ ဝိယရုပ်, သာဘရုပ်, တို့ကို နှစ်စေ၍။ ပထဝီ, အာပေါ, တေဇော, ဝါယော, ဟူသော မဟာဘုတ်လေးပါး။ ထိုမဟာဘုတ် လေးပါးကို မှီ၍၊ ဖြစ်ကုန်သော။ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဟူသော၊ ပသာဒရုပ်ငါးပါး။ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ,ဟူသော၊ ဂေါစရရုပ်ခုနစ်ပါး လေးပါး။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟူသော ဘာဝရုပ်နှစ်ပါး။ ဟဒယဝတ္ထု တည်းဟူသော၊ ဟဒယရုပ်တပါး။ ဇီဝိတိန္ဒြေတည်း ဟူသော။ ဇီဝိတရုပ် တပါး။ ကဗဠီကာရ အာဟာရ တည်းဟူသော၊ အာဟာရရုပ်တပါး။ အာကာသဓါတ် တည်းဟူသော၊ ပရိစ္ဆေဒရုပ် တပါး။ ကာယ ဝိညတ်, ဝစီဝိညတ် တည်းဟူသော ဝိညတ်ရုပ် နှစ်ပါး။ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ်နွေး တည်းဟူသော၊ ဝိကာရရုပ် ငါးပါး၊ သုံးပါး။ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ, တည်းဟူသော လက္ခဏာရုပ်၊ လေးပါးအားဖြင့်။ ဥပါဒါရုပ်နှစ်ဆယ့်လေးပါး။ ထိုနှစ်ဆယ့် လေးပါးကို။ ယခင်မဟာဘုတ် လေးပါးနှင့်ပေါင်း၍။ ရုပ်ပေါင်း နှစ်ဆယ့် ရှစ်ပါးဟု။ လက်သန်း အဋ္ဌကထာအဆို အလာအတိုင်း သိအပ်၏။ ။

ထိုမှတပါး၊ ရူပကဏ္ဍ အဋ္ဌကထာ၊ ခန္ဓဝိဘင်း အဋ္ဌကထာကြီးတို့၌။ ပဉ္စဝီသတိရူပကောဋ္ဌာသ။ ။နှစ်ဆယ့် ငါးပါးသော ရုပ်အစု ကောဋ္ဌာသ ဟူ၍ရင်း။ ။ဆနဝုတိရူပ ကောဋ္ဌာသ။ ။ကိုးဆယ့် ခြောက်ပါးသော ရုပ်

အစုကောဋ္ဌာသဟူ၍၎င်း။ ဝေဘန်တော် မူပြီးလျှင်။ ထိုရုပ်အလုံးစုံကိုပင် ပေါင်းရုံး၍၊ ရူပက္ခန္ဓာမည်၏ဟူ၍။ ဘုရားမြတ်စွာ ညွှန်ပြတော်မူကြောင်း ကို။ မိန့်ဆိုတော် မူကုန်ရကား။ ။နာမရူပံ။ ။ပုဒ်အရ။ ။ထိုရုပ်သည် နှစ်ဆယ့် ငါးပါး ဟူ၍၎င်း။ ကိုးဆယ့် ခြောက်ပါး ဟူ၍၎င်း။ ပြားဟန် များကိုလည်း သိအပ်၏။ ။ထိုတွင်၊ နှစ်ဆယ့်ငါးပါး ပြားဟန်ကား။

ဆိုလတ္တံ့သော။ ဩဠာရိကံဝါ-ပါဠိအရ။ ။စက္ခာယတန၊ သောတာ ယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ ရူပါ ယတန၊ သဒ္ဒါ ယတန၊ ဂန္ဓာ ယတန၊ ရသာ ယတန၊ ဖောဋ္ဌဗ္ဗာ ယတန, ဟူသော၊ ဩဠာရိကရုပ်။ အာယတန ဆယ်ပါးကို၎င်း။ ရှေ့၌ ဆိုလတ္တံ့သော။ ။ သုခုမံဝါ - ပါဠိအရ။ ။အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယ၊ ဇီဝိတ၊ အာဟာရ၊ ပရိစ္ဆေဒ၊ ဝိညတ်နှစ်ပါး၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ,အားဖြင့်။ သုခုမရုပ် တဆယ့်ခြောက်ပါး တို့တွင်။ ရူပကဏ္ဍ ပါဠိတော်၌၊ ဟဒယရုပ်ကို တိုက်ရိုက် ဘုရားဟော တော်မမူခြင်းကြောင့်။ ဟဒယရုပ်ကို ပယ်နုတ်၍။ ကြွင်းတဆယ့်ငါးပါး သော သုခုမရုပ်ကို၎င်း။ ။ထိုနှစ်ရပ်ကို ပေါင်းစပ်၍။ ပဉ္စဝီသတိ ကော ဋ္ဌာသ,ဟူသော ပါဠိ၏အရ။ ရုပ်နှစ်ဆယ့်ငါးပါး အဘို့အစုဖြစ်လေသည်။

တနည်း။ ။ဩဠာရိက ယတနရုပ် ဆယ်ပါး။ သုခုမရုပ် တဆယ့် ခြောက်ပါး၌။ဟဒယ,ရုပ်ကို မပယ်မနုတ်ဘဲ။ ဥပစယ, သန္တတိ, ဟူသော လက္ခဏာရုပ် နှစ်ခုကို။ ဇာတိရုပ်တခုတည်းပြု၍။ သုခုမရုပ် ဆယ့်ငါးပါး အားဖြင့်။ ပဉ္စဝီသတိကောဋ္ဌာသ-ဖြစ်ဟန်ကိုသိ။ ။ဤရုပ် အရေ အတွက်။ နှစ်ဆယ့်ငါးပါးကို ရည်မှတ်တော် မူ၍။ ။ပဉ္စဝီသတိ ရူပကောဋ္ဌာသာ တိစ။ ။ဟူ၍, အဋ္ဌကထာဆရာတို့ မိန့်တော်မူအပ်၏။ ။

ဆန္နဝုတိ ရူပကောဋ္ဌာသ-ပါဠိအရ။ ကိုးဆယ့် ခြောက်ပါးသောရုပ်။ အစုကောဋ္ဌာသ၊ အရေအတွက် ဟူသည်ကား။ ။စက္ခုဒသက၊ သောတ ဒသက၊ ဃာန ဒသက၊ ဇိဝှါဒသက ကာယ ဒသက၊ ဘာဝ ဒသက၊ ဝတ္ထုဒသကအားဖြင့်။ဒသကခုနစ်ခု၌။ ရုပ်အရေအတွက် ခုနစ်ဆယ်။ ။ စိတ္တဇ-အဋ္ဌကလာပ်တစ်။ ဥတုဇ အဋ္ဌကလာပ်တစ်။ အာဟာရဇ အဋ္ဌ ကလာပ်တစ်အားဖြင့်။ ကလာပ်သုံးစည်း၌။ ရုပ်ပေါင်း အရေ အတွက် နှစ်ဆယ်လေးခု။ ။စိတ္တဇ သဒ္ဒရုပ်တခု။ ဥတုဇသဒ္ဒရုပ် တခု, အားဖြင့်။ သဒ္ဒရုပ်နှစ်ခု။ယခင်သုံးရပ်ကိုပေါင်းသော်။ ဆန္နဝုတိကောဋ္ဌာသ-ဟူသော ပုဒ်အရ။ ရုပ်ကိုးဆယ့်ခြောက်ပါး အဘို့အစု ဖြစ်လေသည်။ ။ဤရုပ်

အရေအတွက်၊ ကိုးဆယ့်ခြောက်ပါးကို ရည်မှတ်တော်မူ၍။ ဆနုဒုတိ ရူပကောဋ္ဌာသာတိစ-ဟူ၍။ အဋ္ဌကထာဆရာတို့ မိန့်တော်မူအပ်၏။ ။ ထိုမှတပါး။ ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌။ ဤခန္ဓာကိုယ်ဝယ်၊ သုံးစုသုံးပိုင်း ပိုင်း၍။ ဟေဋ္ဌိမကာယ, အောက်ဖြစ်သော ခန္ဓာကိုယ်။ မဇ္ဈိမကာယ, အလယ်ဖြစ်သော ခန္ဓာကိုယ်။ ဥပရိမကာယ, အထက်ဖြစ်သော ခန္ဓာ ကိုယ်။ ဤသုံးပါးကုန်သော ကောဋ္ဌာသတို့ကို၊မိန့်ဆိုတော်မူ၏။ ။

ထိုကောဋ္ဌာသ သုံးပါးတို့တွင်။ ။ချက်မှစ၍ အောက်ဖြစ်သောအရပ် သည်။ ဟေဋ္ဌိမ ကာယမည်၏။ ထိုဟေဋ္ဌိမကာယ၌၊ ကာယဒသက, ကလာပ်တစည်း၊ ဘာဝဒသက, ကလာပ် တစည်းအားဖြင့်။ ဒသက, ကလာပ်နှစ်စည်းဖြစ်၏။ ထိုဒသက နှစ်စည်း၌၊ဖွဲ့စည်းသော ရုပ်ကို။ ဖြေထွင်ခဲ့သော်။ရုပ်ပေါင်း နှစ်ဆယ်ရ၏။ အာဟာရကြောင့် ဖြစ်သော။ အာဟာရသမုဋ္ဌာန သုဒ္ဓဋ္ဌက, ကလာပ်တစည်း။ ဥတုကြောင့်ဖြစ်သော။ ဥတုသမုဋ္ဌာန သုဒ္ဓဋ္ဌက, ကလာပ်တစည်း။ စိတ်ကြောင့် ဖြစ်သော။ စိတ္တသမုဋ္ဌာန သုဒ္ဓဋ္ဌက, ကလာပ်တစည်းအားဖြင့်။ ကလာပ်သုံးစည်း ကိုလည်းရသည်ဖြစ်၍။ ထိုကလာပ်သုံးစည်း၌၊ ဖွဲ့စည်းသော ရုပ်ကို၊ ဖြေထွင်ခဲ့သော်။ရုပ်ပေါင်းနှစ်ဆယ့်လေးခု ဖြစ်၏။ ယခင်က ရုပ်နှစ်ဆယ် နှင့် ပေါင်းသော်။ အောက်ဖြစ်သော, ဟေဋ္ဌိမကာယ၌။ရုပ်ပေါင်း လေး ဆယ့်လေးပါးဖြစ်သတည်း။

မဇ္ဈိမကာယ ဟူသည်။ ။ချက်မှ အထက်လည်မျိုတိုင်အောင်သော အရပ်သည်။ အလယ်ဖြစ်သော, မဇ္ဈိမကာယမည်၏။ ထိုမဇ္ဈိမ ကာယ၌ လည်း။ ကာယဒသက, ကလာပ်တစည်း။ ဘာဝဒသက, ကလာပ် တစည်း။ ဝတ္ထုဒသက, ကလာပ်တစည်း, အားဖြင့်။ ဒသက, ကလာပ် သုံးစည်းရ၏။ ထိုဒသက, ကလာပ်သုံးစည်း၌။ ဖွဲ့စည်းသော ရုပ်ကို ဖြေထွင်ခဲ့သော်။ ရုပ်ပေါင်း သုံးဆယ်ရ၏။ ရှေးနည်းအတူ။ အာဟာရ သမုဋ္ဌာန စသော၊ သုဒ္ဓဋ္ဌက,ကလာပ် သုံးစည်းကိုလည်း ရရှိအပ်သည် ဖြစ်၍။ထိုသုံးစည်းကို ဖြေထွင်ရာ၌လည်း။ရုပ်ပေါင်း နှစ်ဆယ့်လေးပါးပင် ဖြစ်၍။ရှေးဒသက,ကလာပ်သုံးဆယ်နှင့် ပေါင်းသော်။ အလယ်ဖြစ်သော မဇ္ဈိမ ကာယ၌။ရုပ်ပေါင်းငါးဆယ့်လေးဖြစ်သတည်း။

လည်မျိုမှ အထက်အရပ်သည်၊ ဥပရိမကာယ မည်၏။ ထိုဥပရိမ ကာယ၌။ စက္ခုဒသက, ကလာပ်တစည်း၊ သောတဒသက, ကလာပ် တစည်း၊ ဃာနဒသက,ကလာပ်တစည်း၊ ဇိဝှါဒသက ကလာပ်တစည်း။

ကာယဒသက, ကလာပ်တစည်း။ ဘာဝဒသက, ကလာပ်တစည်းအားဖြင့်။ ဒသက, ကလာပ် ခြောက်စည်း ရ၏။ ထိုဒသက ကလာပ် ခြောက်စည်း၌ ဖွဲ့စည်းသော ရုပ်ကို ဖြေတွင်ခဲ့သော်။ ရုပ်ပေါင်းခြောက်ဆယ်ဖြစ်၏။ ရှေးနည်းအတူ၊ အာဟာရ သမုဋ္ဌာန စသော။ သုဒ္ဓဋ္ဌက, ကလာပ် သုံးစည်းကိုလည်း ရရှိသည်ဖြစ်၍။ ထိုသုံးစည်းကို ဖြေတွင်ရာ၌လည်း။ ရုပ်ပေါင်းနှစ်ဆယ့်လေးပင် ဖြစ်၍။ ထိုနှစ်ဆယ့်လေးကို၊ ရှေးဒသက, ကလာပ်ရုပ် ခြောက်ဆယ်နှင့်ပေါင်းသော်၊ အထက်ဖြစ်သော ဥပရိမကာယ၌။ရုပ်ပေါင်း ရှစ်ဆယ့်လေးဖြစ်သတည်း။

ဆိုအပ်ခဲ့ပြီးသော။ {
ဟေဋ္ဌိမကာယ၌။ရုပ်ပေါင်း လေးဆယ့်လေး(၄၄)
မဇ္ဈိမကာယ၌။ ရုပ်ပေါင်းငါးဆယ့်လေး (၅၄)
ဥပရိမကာယ၌။ ရုပ်ပေါင်းရှစ်ဆယ့်လေး (၈၄)

အားဖြင့်။ကောဋ္ဌာသ သုံးပါးကို စွဲ၍(ဋ္ဌဒ်မရှုပ် ဟူသော ပုဒ်၌၊ရုပ်ပေါင်း တရာ့ရှစ်ဆယ့်နှစ်(၁၈၂)ဖြစ်သတည်း။ ။

ဤမှတပါး။ သစ္စသံခိပ်ကျမ်းလာ၊ ပရမတ္ထဝိနိစ္ဆယကျမ်းလာ။ ထိုထို ကျမ်းလာ ရုပ်ကလာပ်အကျယ်အပွား၊ စကားရုပ်များကို နားပါးရှုပ်အုံ့ဝိုး၍၊မပြဆိုပြီ။ လျစ်လျူရှုလိုက်တော့သတည်း။ ။

ယခုအခါ၊ ဆိုအပ်ခဲ့ပြီးသော ရုပ်အလုံးစုံကို ကာလသုံးပါးဖြင့် ပိုင်းခြား၍။ ဘုရားမြတ်စွာ ဟောတော်မူသည့်အတိုင်း။ ။အတီတာနာဂတပစ္စုပ္ပန္နံ။ ။ပုဒ်ကို ပြဆိုပေအံ့။ ။အတီတာ နာဂတပစ္စုပ္ပန္နံ - ဟူသော ပုဒ်၌။ အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်မည်သည်။ သုတ္တန်ဒေသနာအားဖြင့်ရင်း။ အဘိဓမ္မာနိဒ္ဒေသအားဖြင့်ရင်း။ ပြဆိုခြင်းနှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်။ သုတ္တန်ဒေသနာတော်၌၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ရုပ်မည်သည်ကို။ ဘဝဖြင့် ပိုင်းခြားအပ်၏။ ။ထိုစကားကို ထင်ရှားစေဦးအံ့။ ။ယခုဘဝပဋိသန္ဓေမှ စ၍။အတိတ်ဘဝတို့၌ဖြစ်သော ရုပ်သည်။ အခြားမဲ့နောက် အနန္တရဘဝ၌ ဖြစ်ခဲ့သော ရုပ်သည်မူလည်း ဖြစ်စေ။ ရှေးလွန်လေပြီးသော၊ အတီတ ကာလ၊ ကမ္ဘာကုဋေ တသိန်းထက်၌ ဖြစ်ခဲ့ဘူးသော ရုပ်သည်မူလည်းဖြစ်စေ။ ထိုကဲ့သို့ဖြစ်ပြီး ရုပ်ဥဿုံ၊ အလုံးစုံသည်။ အတိတ်ဖြစ်သော ရုပ်မည်သည်သာသျှင်တည်း။ ။

ဤကား- အတိတ်ရုပ်ကို ပြဆိုခြင်းတည်း။

## အနာဂတ်ရုပ်ဟူသည်ကား။

စုတိမှစ၍၊ အနာဂတ် ဘဝတိုင်၍၊ ဖြစ်လတ္တံ့သောရုပ်သည်။ အခြားမဲ့ဘဝ၌ဖြစ်လတ္တံ့သောရုပ်သည်မှုလည်းဖြစ်စေ၊ကမ္ဘာကုဋေ တသိန်းထက်၌ဖြစ်လတ္တံ့သော၊ ရုပ်သည်မှုလည်း ဖြစ်စေ။ ထိုကဲ့သို့ ဖြစ်လတ္တံ့သော ခပ်သိမ်းဥဿုံ။ အလုံးစုံသော ရုပ်သည်။ အနာဂတ်ရုပ် မည်သည်သာလျှင်တည်း။ ။

ဤကား-အနာဂတ်ကိုပြဆိုခြင်းတည်း။

## ပစ္စုပ္ပန်ရုပ်မည်သည်ကား။

အခြားမဲ့ အတိတ်ဘဝက စုတိနှင့်။ ရှေးဖြစ်လတ္တံ့သော ပဋိသန္ဓေ၏ အကြား၌ဖြစ်ပေါ် လျက်ရှိသော၊ ဤဘဝခန္ဓာသည်။ ပစ္စုပ္ပန်ရုပ်မည်၏။ ။

ဤကား-ပစ္စုပ္ပန်ရုပ်ကိုပြဆိုခြင်းတည်း။

ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဝိဘင်းအဋ္ဌကထာ၏ အဆိုအလာ စကားရပ်ပေတည်း။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကြီး၏။ ။အတီတာ နာဂတာ ပစ္စုပ္ပန္နံ။ ။ပုဒ်ဝယ်၊ အဆိုအလာ စကားရပ်သော်ကား။ ရူပက္ခန္ဓာ - ဟူသောရုပ်ကို၊ ရှေးဦးစွာ လေးပါးသောအတိတ်ဖြင့်၊ ဝေဘန်တော်မူ၏။ ။

## အတိတ်လေးပါးဟူသော်ကား။

(၁) ကာလတည်းဟူသော။ အဒ္ဓါအတိတ်-တပါး။

(၂) အစဉ်တည်းဟူသော။ သန္တတိအတိတ်-တပါး။

(၃) အခါတည်းဟူသော၊ သမယအတိတ်-တပါး။

(၄) ခဏခေတ္တတည်းဟူသော။ ခဏအတိတ်-တပါး။

ဤသို့အတိတ်လေးပါး၏ အစွမ်းအားဖြင့်။ ။အတီတ-ဟူသော ပုဒ်၏ အရ။ ရုပ်၏အတိတ် မည်သည်ကို။ ။အဒ္ဓါ,သန္တတိ, သမယ,ခဏ-ဟူ၍ လေးပါး အပြားရှိကြောင်းကို မိန့်တော်မူ၏။ ။အနာဂတံ- ဟူသောပုဒ်သည်၎င်း။ ။ပစ္စုပ္ပန္နံ - ဟူသော ပုဒ်သည်၎င်း။ ထိုနည်းအတူ။ ။အဒ္ဓါ, သန္တတိ, သမယ, ခဏ=ဟူ၍၊ အမည်တူ အနာဂတ်လေးပါး။ ပစ္စုပ္ပန် လေးပါး အပြားရှိသည်သာလျှင် ဖြစ်ကြောင်းကို မိန့်တော်မူ၏။ ။

ထိုလေးပါးတို့တွင်။ အဒ္ဓ၏ အစွမ်းအားဖြင့်၊ ရှေးဦးစွာ ရုပ်ကိုပြဆို တော်မူ၏။ ။ပြဆိုဟန်ကား။ ။တဦး တယောက်သော သတ္တဝါအား။ တခုသောဘဝ၌ ပဋိသန္ဓေမှ ရှေး၌၊ ဖြစ်ဖြစ်သမျှခဲ့သောသည်။ အတိတ်ရုပ် မည်၏။ ။သခုဘဝ စုတိမှအထက်၌၊ ဖြစ်ဖြစ်သမျှခဲ့သောသည်။အနာဂတ်ရုပ် မည်၏။ အတိတ်, အနာဂတ်, ရုပ်နှစ်ပါးစုံတို့၏ အကြား၌။ ဖြစ်သောခဲ့သော သည်။ ပစ္စုပ္ပန်ရုပ်မည်၏။ ။

ဤကား=အဒ္ဓ၏ အစွမ်းအားဖြင့်။ အတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်,တို့ကို၊ ခွဲခြမ်း ဝေဘန်ခြင်းတည်း။

---

သန္တတိ၏ အစွမ်းအားဖြင့်သော်ကား=သဘာဂဖြစ်သော။ တခုသော ဥတုကြောင့်ဖြစ်သော။ ဥတုသမုဋ္ဌာန် ရုပ်သည်၎င်း။ သဘာဂဖြစ်သော တခုသောအာဟာရကြောင့်ဖြစ်သော။ အာဟာရ သမုဋ္ဌာန်ရုပ်သည်၎င်း။ ရှေ့နောက်၌ အစွမ်းအားဖြင့် ဖြစ်သော်လည်း။ ပစ္စုပ္ပန်ရုပ် မည်၏။ ထို ပစ္စုပ္ပန်ရုပ်မှ ရှေးကာလ၌။ ဝိသဘာဂဖြစ်သော၊ ဥတုကြောင့်ဖြစ်သော ရုပ်၊ ဝိသဘာဂဖြစ်သော၊ အာဟာရကြောင့်ဖြစ်သော ရုပ်သည်။ အတိတ် ရုပ်မည်၏။ ထိုအတိတ်ရုပ်မှ နောက်ဖြစ်သော ရုပ်သည်။ အနာဂတ်ရုပ် မည်၏။ ။

ဤကား=ဥတုဇရုပ်။ အာဟာရဇရုပ်တို့၏အရာ၌။ အတိတ်၊အနာဂတ်၊ ပစ္စုပ္ပန်ရုပ်တို့ကို၊ ခွဲခြားဝေဘန်ပုံတည်း။

---

စိတ္တဇရုပ်၏ အရာ၌၊ တခုသော ဝိထိ၊ တခုသော ဇော၊ တခုသော သမာပတ်ကြောင့် ဖြစ်သော၊ စိတ္တဇရုပ်သည်။ ပစ္စုပ္ပန်ရုပ်မည်၏။ ထိုမှ ရှေး၌ဖြစ်သော စိတ္တဇရုပ်သည်။ အတိတ် စိတ္တဇရုပ် မည်၏။ နောက်၌ ဖြစ်သော စိတ္တဇရုပ်သည်။ အနာဂတ် စိတ္တဇရုပ် မည်၏။ ။ကံကြောင့် ဖြစ်သော။ ကမ္မသမုဋ္ဌာနရုပ်၏အရာ၌။ တသီးတခြား၊ သန္တတိ၏ အစွမ်း ဖြင့်၊ ဝေဘန်ပိုင်းခြားအပ်သော။ ကမ္မဇရုပ်၏အတိတ်စသောအပြားသည်။ မရှိစကောင်း ရာတော့ပြီ။ ယင်းသို့ မရှိကောင်းသော်လည်း။ ယခင်က သန္တတိ၏ အစွမ်းအားဖြင့်။ ပိုင်းခြား ဝေဘန်အပ်ကုန်ပြီးသော။ ဥတု သမုဋ္ဌာန်၊ အာဟာရသမုဋ္ဌာန်၊ စိတ္တသမုဋ္ဌာန်, ရုပ်တို့အား။ ထောက်ပန့် ခိုင်ခန့်စေသည်၏ အစွမ်းအားဖြင့်။ ထိုကမ္မဇ ရုပ်၏၊ အတိတ် စသော အဖြစ်ကို သိအပ်လေတော့သတည်း။ ။

သမယ၏ အစွမ်းအားဖြင့် ဆိုသော်ကား=တမုဟုတ် မတ္တအခါ။, နံနက် ညချမ်းအခါ။ ညဥ့်နေ့အခါ, အစရှိကုန်သော သမယတို့၌။ သန္တာန်၏ အစွမ်းဖြင့် ဖြစ်ဆဲဖြစ်သော၊ ထိုထိုသမယသည်။ ပစ္စုပ္ပန်ရုပ်မည်၏။ ။ ထို့မှရှေး၌ ဖြစ်သော ရုပ်သည်၊ အတိတ်ရုပ်မည်၏။ ။နောက်၌ဖြစ်သော ရုပ်သည်၊ အနာဂတ်ရုပ်မည်၏။

**ဤကား-သမယ၏အစွမ်းအားဖြင့်၊ အတိတ်-အနာဂတ် ပစ္စုပ္ပန်ရုပ်ကိုဝေဘန်ပုံတည်း။**

ခဏ၏အစွမ်းအားဖြင့် ဝေဘန်သော်ကား။ ။ဥပါဒ်, ဌီ, ဘင်, တို့၏ အစွမ်းအားဖြင့်၊ ခဏငယ် သုံးချက် တည်းဟူသော၊ခဏတ္တယသို့ ရောက်ဆဲဖြစ်၍၊ ခဏတ္တယ၌၊ အကြုံးဝင်သော ရုပ်သည်၊ ပစ္စုပ္ပန်ရုပ်မည်၏။ ။ ထိုခဏတ္တယမှရှေး၌ဖြစ်သောရုပ်သည်၊ အနာဂတ် ရုပ်မည်၏။ ။နောက် ၌ဖြစ်သောရုပ်သည်၊ အတိတ်ရုပ်မည်၏။ ။

**ဤကား-ခဏ၏အစွမ်းအားဖြင့်၊အတိတ်-အနာဂတ် ပစ္စုပ္ပန်ကိုဝေဘန်ပုံတည်း။**

တနည်းကား။ ။လွန်လေပြီးသော ဟေတုကိစ္စ, ပစ္စယကိစ္စ ရှိသော ရုပ်သည်၊ အတိတ်ရုပ်မည်၏။ ။ပြီးပြီးသော ဟေတုကိစ္စသာရှိ၍၊ မပြီး သေးသော ပစ္စယကိစ္စရှိသော ရုပ်သည်၊ ပစ္စုပ္ပန်ရုပ် မည်၏။ ။နှစ်ပါးပုံ သောကိစ္စသို့၊ မရောက်သေးသောရုပ်သည်၊ အနာဂတ်ရုပ်မည်၏။ ။ဤ၌, ဟေတုနှင့်ပစ္စယ အထူးကိုသိအပ်၏။ ။အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဤလေးပါးကုန်သော တရားတို့သည်၊ ရုပ်ကို ဖြစ်စေတတ်သည်၏ အဖြစ် ကြောင့်။ ဟေတု၊ အာဟာရသည်၊ ရုပ်ကိုထောက်ပန့်တတ်သည်၏ အဖြစ် ကြောင့်။ ပစ္စယ-ဟူ၍၊ ဟေတုနှင့် ပစ္စယ အထူးကို သိအပ်၏။ ။ဤဆို အပ်ခဲ့ ကုန်ပြီးသော၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရအားဖြင့်၊ တရားငါးပါးတို့သည်၊ ရုပ်၏ဟေတု-ပစ္စယ-တို့ဖြစ်ကြကုန်၏။ ။ထိုငါး ပါးတို့တွင်၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်, ဤသုံးပါးတို့သည်၊ ဤကိုယ်ကာယ ၏မိရ၊အားကြီးစွာသောဥပနိဿယဖြစ်ကုန်၏။ ။ဥပမာကား။ ။မိခင် သည်၊ သတိုးသားငယ်မိရ၊ အားကြီးစွာ ဥပနိဿယ ဖြစ်လေသကဲ့သို့ တည်း။ ကံသည်၊ ဤကိုယ်ကာယအား၊ ဇနကသတ္တိဖြင့် ကျေးဇူးပြုတတ် ၏။ ။ဥပမာကား။ ။အဘသည် သားကို ဖြစ်စေသကဲ့သို့တည်း။ ။ အာဟာရသည်၊ ဤကိုယ်ကာယအား၊ ကောင်းစွာတည်ရန်၊ သန္ဓာရက

၏အဖြစ်ဖြင့်၊ ကျေးဇူးပြုတတ်၏။ ။ဥပမာကား။ ။ယုယချိုးသော နို့ထိမ်းသည်မသည်၊ သတိုးသားငယ်၏၊ ကောင်းစွာဘည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့တည်း။ ။ဤအနက် သဘောတို့ကို နှစ်သုံးပိုက်တော်မူ၍၊ ဟေတုကိစ္စ ပစ္စယကိစ္စဖြင့်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကို၊ ဝေဘန်တော်မူ၏ဟူ၍သိလင့်။ ။

တနည်းကား။ ။ဒိဋ္ဌိ၏ကိစ္စ၊ ခဏ၌ ဖြစ်သော ရုပ်သည်၊ ပစ္စုပ္ပန် ရုပ်မည်၏၊ မိမိ၏ကိစ္စခဏမှ ရှေးဖြစ်သောရုပ်သည်၊ အနာဂတ် ရုပ်မည်၏။ နောက်၌ ဖြစ်သော ရုပ်သည်၊ အတိတ်ရုပ်မည်၏။ ။ဤကဲ့သို့ အတီတာ နာဂတပစ္စုပ္ပန္နံ,ပုဒ်၌ရုပ်တရားတို့၏၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်ဟန်ကို သိအပ်၏၊ ။အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဟူ၍ ဝေဘန်ခဲ့သမျှ ကထာတွင်၊ ဥပါဒ်, ဌီ, ဘင်,ဟူသော၊ ခဏတ္တယ ကထာသည်သာလျှင် မှုချတည်း။ ကြွင်းသောကထာစုကား၊ ဥပစာသာတည်း။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌။ ။ဣတ္တစခဏာဒိ ကထာဝ–နိပ္ပရိယာယာ၊ သေသာသပရိယာယာ။ ။ဟူ၍မိန့်တော်မူပြီ။ ။ခန္ဓဝိဘင်း အဋ္ဌကထာ၌လည်း နည်းတူမိန့်တော်မူ၏။ ။ဣ၊ အထူးကိုဆိုဦးအံ့။ ဣတ္တ၊ ဤရူပက္ခန္ဓာ တည်းဟူသော ရုပ်ဓါတ်ကို၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြင့်၊ ဝေဘန် သတ်မှတ်၍ ဆိုအပ်ခဲ့သမျှသော - ကထာ အပေါင်းတို့တွင်။ ခဏာဒိ ကထာဝ၊ ခဏအစရှိသောကထာသည်သာလျှင်။ ဝါ–ဥပါဒ်ခဏ၊ ဌီခရိပ ဘင်ခဏဟူသောခဏကထာသည်သာလျှင်။ နိပ္ပရိယာယာ၊ မှုချဖြစ်သော ကထာတည်း။ သေသာ၊ ကြွင်းသော ကထာစုသည်။ သပရိယာယာ၊ ဖေး ယာယ်နှင့်တကွ၊ ထုတ်ဘော်ပြအပ်သော၊ ဥပစာရကထာတည်း။ ။

ထိုနှစ်ရပ်တို့တွင်၊ နိပ္ပရိယာယ ကထာကိုသာလျှင်၊ ဤအရာ၌ အလို ရှိအပ်၏။ ။ထို့ကြောင့်၊ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးလည်း။ နိပ္ပရိယာယ ကထာကိုသာ မြွော်ရှုတော် မူလျက်။ ။အတီတာ နာဂတ ပစ္စုပ္ပန္နံ”၊ ။ပုဒ်ကို။ ။ရုပ်၏ ခဏတ္တယသို့ ရောက်ပြီး, ရောက်လတံ့, ရောက်ဆဲဖြစ်သော။ ။ဟူ၍။ ။အနက်မြန်မာ,ယောဇနာအပ်၏။ ။

ထိုသို့ယောဇနာတော်မူခြင်းသည်။ ။တာသုနိပ္ပရိယာယကထာ ဣဓ အဓိပ္ပေတာ။ ။ဟူသော ဝိဘင်း အဋ္ဌကထာကြီးနှင့် သင့်လျော်လေစွ တကား။ ။တာသု၊ ထိုကထာအပေါင်းတို့တွင်။ နိပ္ပရိယာယကထာ၊ နိပ္ပရိ ယာယကထာကို၊ ဣဓ၊ ဤ–“အတီတာနာဂတပစ္စုပ္ပန္နံ”။ ။ပုဒ်၏အရာ၌။ အဓိပ္ပေတာ၊ အအလိုရှိအပ်၏။ ။

ယခင်ယောဇနာဝယ်။ ရုပ်၏ခဏတ္တယသို့ဟူသောစကားရပ်ဖြင့်။
နာမ်၏ ခဏတ္တယသို့ ဟူသော, အနက်သဘောကိုနစ်စေ၍။ ။ဣဒံမေရူပံ။
ဟူသောပုဒ်အားလျှော်စွာ၊ အနက်ယောဇနာတော်မူလေသည်။ ။
ရောက်ပြီး-ဟူသောအနက်ကို၊ အတီတ,ပုဒ်နှင့်ရင်း။ ။ရောက်လတံ့-
ဟူသောအနက်ကို။ အနာဂတ,ပုဒ်နှင့်ရင်း။ ။ရောက်ဆဲ-ဟူသောအနက်
ကို။ပစ္စုပ္ပန္န,ပုဒ်နှင့်ရင်း။ အသီးအသီး,ကာလသုံးပါးအား လျော်ကပ်စွာ၊
အနက် ယောဇနာတော် မူလေသည် ဟူ၍လည်းသိ။ ။ကာလသုံးပါး
ကား။ ဖြစ်စဉ်အားဖြင့်၊ အတိတ်- ပစ္စုပ္ပန်- အနာဂတ်။ ဤကဲ့သို့ ဖြစ်စဉ်
ဖြစ်ခွင့် ရှိငြားသော်လည်း။ ထိုကဲ့သို့ ဖြစ်စဉ်ဖြစ်ခွင့်ကိုမငဲ့မူ၍၊ လောက
သင်္ကေတအားလျော်စွာ၊ တနည်း။ ။ဝါစာသိလိဋ္ဌ,အား လျော်စွာ။ ။
"အတီတာနာဂတပစ္စုပ္ပန္နံ= ဟူ၍ ဘုရား ဟောတော် မူခြင်းကိုလည်း၊ သိ
အပ်၏။ ။ဤသို့ ကာလသုံးတန်တို့ဖြင့်၊ ရုပ်တရားကို ဝေဘန်တော်မူပြီးမှ၊
နောက်,လေးပါးတို့ဖြင့်၊ တဖန် ဝေဘန်တော်မူခြင်းငှါ။ ။အဇ္ဈတ္တံဝါ၊ စသည်
ကို ဟောတော်မူအပ်၏။

## ဒုက်လေးပါးဟူရာ၌။

(၁) အဇ္ဈတ္တ-ဗဟိဒ္ဓ=တဒုက်။ (၂) ဩဠာရိက-သုခုမ=တဒုက်။
(၃) ဟီန-ပဏီတ=တဒုက်။ (၄) ဒူရေ-သန္တိကေ=တဒုက်။ ။

ဤသို့ဒုက်လေးပါးဖြစ်၏။ ထိုလေးပါးတို့တွင်၊ အဇ္ဈတ္တံဝါ- ဟူသော
ပါဌ်ဖြင့်၊ ခန္ဓာငါးပါးတို့တွင်။ ဤအရာ၌၊ အဇ္ဈတ္တအရကို။ နိယကဇ္ဈတ္တကို
အလိုရှိအပ်၏။ ထိုသို့ နိယကဇ္ဈတ္တကို အလိုရှိအပ်သောကြောင့်၊ မိမိ၏
သန္တာန်၌ဖြစ်သော၊ အသီးပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သောရုပ်ကို၊ အဇ္ဈတ္တဟူ၍
သိအပ်၏။ ။ထိုအကြောင်းကို။ ။အတ္တနောသန္တာနေပဝတ္တံပါဋိပုဂ္ဂလိကံ
ရူပံအဇ္ဈတ္တန္တိဝေဒိတဗ္ဗံ။ ။ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဖွင့်ကို ရှု၍
သိအပ်၏။ ။အတ္တနော၊ မိမိ၏။ သန္တာနေ သန္တာန်။ ပဝတ္တံ၊ ဖြစ်သော၊
ပါဋိပုဂ္ဂလိကံ၊ အသီးပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော ရူပံ၊ ရုပ်ကို အဇ္ဈတ္တန္တိ၊
အဇ္ဈတ္တဟူ၍၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ဤအဖွင့်ကို မြင်တော်မူ၍။ ။
အဇ္ဈတ္တံ၊ ကိုယ်သန္တာန်၌ဖြစ်သော။ ယံရူပံဝါ၊ အကြင်ရူပက္ခန္ဓာတည်းဟူ
သော ရုပ်သည်ရင်း။ ။ဟူ၍,ကျေးဇူးသျှင်ဆရာတော်ဘုရားကြီး။ အနက်
မြန်မာ ယောဇနာတော်မူလေသည်။ ။

ဗဟိဒ္ဓံဝါ။ ။ဟူသောပါဒ်ဖြင့်။။ဆင်,မြင်း,ကျွဲ,နွား။သား၊ငါး,တိရစ္ဆာန် ရင်နှစ်ပွါးစီးသော။ သား,သမီး၊ မြေး,မြစ်၊ အခြွေအရံ။ ဤသို့ မိမိကိုယ် သန္တာန်မှ- အပသန္တာန်၌ ဖြစ်သော။ ရူပက္ခန္ဓာ တည်းဟူသော။ စက္ခု, သောတ,စသည့်ခြောက်ထွေ ဇာနန်နှင့်ဘ္ဘဲစပ်သော (ဇာန္ဒြိယဗဒ္ဓ) ရုပ်သည် ၎င်း။ စက္ခု-သောတ, စသည်ခြောက်ထွေ၊ ဇာနန်နှင့်၊ မဘ္ဘဲမစပ်သော။ လူ ရုပ်နတ်ထံ၊ ဗိမာန်အထွေထွေနှင့်တကွ။ ရေမြေသမုဒ္ဒရာ၊ စကြာဝဠာ မြင့်မိုရ်။ ထိုထိုတောတောင်စသော (အနိန္ဒြိယဗဒ္ဓ) ရုပ်သည်၎င်း။ ဗဟိဒ္ဓ မည်ကြောင်းကို။ ပြတော်မူအပ်၏။ ။

ဤအဇ္ဈတ္တ-ဒုက်၌။ အတွင်းရုပ်, အပြင်ရုပ်ဟူ၍၊ ဒုကနည်းအတိုင်း ခွဲ ခြမ်းသိးသန့်ပြီးခါ။ ရေတွက်သိမ်းကြုံးလိုက်သည်ရှိသော်။ ရုပ်အလျဉ်း မရှိသော။ အရူပလေးဘုံကိုထား၍။ ရုပ်အရေအတွက်၊ တဆယ့်ခွန်နှစ်ပါး ရရှိသော၊ အသညသတ်ဘုံ။ရုပ်အရေအတွက် နှယ့်ဆယ့်သုံးပါးရရှိသော။ ရူပတဆယ့်ငါးဘုံ။ ရုပ်နှစ်ဆယ့်ရှစ်ပါးလုံးရရှိသော။ ကာမတဆယ့်တဘုံ။ ဤအလုံးစုံတို့၌၊ ရှိရှိသမျှသောရုပ်သည်။ အဇ္ဈတ္တပုဒ်-ဗဟိဒ္ဓပုဒ်တို့၌သာ လျှင်။ အကြုံးဝင်ကြရမည်ဖြစ်၍။ ရုပ်ဟူဟူသမျှသည်။ အဇ္ဈတ္တရုပ်နှင့်- ဗဟိဒ္ဓရုပ်ချည်းသာလျှင်ဖြစ်ကြရ၏။ ။ထိုကဲ့သို့အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်ဖြစ်သမျှ ရုပ်တို့တွင်၊ မိမိကိုယ်သန္တာန်ဖြစ်သော။ အဇ္ဈတ္တရုပ်သည်သာလျှင်။အနိစ္စ မည်သည်မဟုတ်သေး။ မိမိကိုယ်မှ အပဖြစ်သော၊ ဗဟိဒ္ဓရုပ်သည်လည်း။ အနိစ္စမည်သည်သာလျှင်တည်း။ မိမိကိုယ်မှ အပဖြစ်သော၊ ဗဟိဒ္ဓရုပ်သည် သာလျှင်။ အနိစ္စမည်သည်မဟုတ်သေး။ မိမိ၏ကိုယ်သန္တာန်၌ဖြစ်သော။ အဇ္ဈတ္တရုပ်သည်လည်း။ အနိစ္စမည်သည်သာလျှင်တည်းဟု။အဇ္ဈတ္တ ဗဟိဒ္ဓ, ရုပ်နှစ်ပါးလုံးကိုပင်လျှင် (အဇ္ဈတ္တံဝါ) (ဗဟိဒ္ဓံဝါ) နှစ်ပုဒ်တို့ဖြင့်။ သိမ်း ကြုံးတော်မူ၍၊ အနိစ္စမည်ကြောင်း၊ အနိစ္စတုံးဖြစ်ကြောင်းကို။ ဘုရားမြတ် စွာ သိစေတော်မူသတည်း။ ။ထိုအဇ္ဈတ္တဗဟိဒ္ဓရုပ်၊ နှစ်ဌာနသည်ပင် လျှင်။ ဒုက္ခမည်ကြောင်း။ ဒုက္ခတုံးဖြစ်ကြောင်း။ အနတ္တမည်ကြောင်း။ အနတ္တတုံး စစ်စစ် ဖြစ်ကြောင်း များကိုလည်း။ ဘုရားမြတ်စွာ သိစေတော်မူ သတည်းဟု၊ ဓေ့အနိစ္စနည်းတူ၊ မှတ်ယူလင့်ကြကုန်။ ။အနိစ္စ၊ ဒုက္ခ၊ အနတ္တ မည်ခြင်း၏ အကြောင်းပြ၊ အကျယ်စကားရပ်ကား။ နောက်၌ ထင်လတံ့။ ။

ဩဠာရိကံဝါ-သုခုမံဝါ။ ။ဟူသော နှစ်ခုမြောက်သောဒုက်၌၊ ဩဠာ ရိကံဝါ။ ။ဟူသောပါဒ်၌ဖြင့်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟူ

သော၊ ပသာဒရုပ်ငါးခု၊ ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ ဟူသော၊ ရူပ၊သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော။ ပထဝီ၊ တေဇော၊ ဝါယော ဟူသော၊ ဘူတရုပ်သုံးခု။ ဤတဆယ့်နှစ်ပါး အပြားရှိသော, ရုပ်သည်။ ထိခိုက်ခြင်း၊ဃဋ္ဋန၏ အစွမ်းအားဖြင့်၊ယူအပ်သောကြောင့်။သြဠာရိကရုပ်မည်၏။ ။ဤ၌ ထိခိုက်ခြင်း ဃဋ္ဋနဟူသည်၊ စက္ခုပသာဒအား, ရူပါရုံ။ သောတပသာဒအား, သဒ္ဒါရုံ။ ဃာနပသာဒအား, ဂန္ဓာရုံ။ ဇိဝှါပသာဒအား, ရသာရုံ။ ကာယပသာဒအား, ဖေါဋ္ဌဗ္ဗာရုံ။ ဤသို့အစဉ်အားဖြင့်၊ ရှေးရှုတိုက်ဆိုင် ပြိုင်လာခြင်း ထိခိုက်ခြင်းကို သိလင့်။ ။ဤ၌ အသိဉာဏ်ကျယ်ပွါးစိမ့်သောငှါ၊ စက္ခုအရကိုပြဆိုဦးအံ့။ ။

စက္ခုဟူရာ၌၊ မံသစက္ခုတည်း။ ထိုမံသစက္ခုသည်လည်း။ ပသာဒစက္ခု။ သသမ္ဘာရစက္ခု ဟူ၍ နှစ်ပါးပြား၏။ ထိုနှစ်ပါးတို့တွင်။ မျက်စိတွင်းငယ်၌တည်သော အောက်၌ မျက်ဖိတွင်းငယ် ရိုးဖြင့်၎င်း။ အထက်၌ မျက်မှောင်ရိုးဖြင့်၎င်း။ဓိလာနှစ်ဘက်မှ၊ မျက်ထောင့်တို့ဖြင့်၎င်း၊ အတွင်း၌ ဦးနှောက်ဖြင့်၎င်း၊ အပ၌ မျက်ခမ်း မျက်တောင်တို့ဖြင့်၎င်း၊ ပိုင်းခြားအပ်သော အကြွင်အသားဆိုင်၌၊ အကျဉ်းသင်္ခေပအားဖြင့်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော=ဟူသော ဓါတ်လေးပါး။ ။ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ သမ္ဘဝ၊ သဏ္ဌာန၊ ဇီဝိတ၊ ဘာဝ၊ ကာယပသာဒ၊ စက္ခုပသာဒ=အားဖြင့်။ ဥပါဒါရုပ်တဆယ်၊ ဤတဆယ့်လေးပါးကုန်သော၊ သမ္ဘာရတို့သည် ဖြစ်ကုန်၏။ ။အကျယ်အားဖြင့်ကား။ ။ယခင်-ပထဝီ၊ အာပေါ၊ တေဇော ဝါယော ဟူသောဓါတ်လေးပါး။ ထိုဓါတ်လေးပါးကို မှီသော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ သဏ္ဌာန၊ သမ္ဘဝ၊ ဤခြောက်ခုအားဖြင့်။ ဤရုပ်ဆယ်ပါးတို့သည်။ စတုသမုဋ္ဌာန်ရုပ် ဖြစ်သည်အတိုင်းလျှင်။ ကံကြောင့်၎င်း၊ စိတ်ကြောင့်၎င်း၊ ဥတုကြောင့်၎င်း၊ အာဟာရကြောင့်၎င်း၊ ဖြစ်ကြကုန်ရကား၊ လေးဆယ်ဖြစ်ကုန်၏။ ။ဇီဝိတ၊ဘာဝ၊ကာယပသာဒ၊ စက္ခုပသာဒ၊ ဤရုပ် လေးပါးတို့သည်။ စင်စစ် ကံကြောင့်သာလျှင်ဖြစ်ကြ၍။ လေးပါးသာလျှင်ဖြစ်ကြကုန်၏။ ။ရှေးစတုသမုဋ္ဌာန်ရုပ် လေးဆယ်နှင့် ပေါင်းသော်။ လေးဆယ့်လေးဖြစ်၏။ ဤလေးဆယ့်လေးပါးသောရုပ်တို့၏အစွမ်းအားဖြင့်။ သမ္ဘာရရုပ်ပေါင်း လေးဆယ့်လေးဖြစ်၏။ ။ဆိုအပ်ကုန်ပြီးသော ရုပ်အပေါင်းတို့တွင်။ သမ္ဘာရရုပ်ဟူသည်။ အသားစိုင် တည်း။ ထိုအသားစိုင်သည်။ အကျဉ်းအားဖြင့်တဆယ့်လေး။ အကျယ်အားဖြင့် လေးဆယ့်လေး ဖြစ်၏ဟူ၍မှတ်။ ။သမ္ဘာဝရုပ်ဟူသည်။ သက်ကိုဆိုလို

သည်၊ သဏ္ဌာနရုပ်ဟူသည်။ ဝဏ္ဏာယတနကို ဆိုလိုသည် ဟူ၍လည်း အမည်ထူးပါရှိကုန်သော၊ ရုပ်တို့ကိုသိအပ်ကုန်၏။ ။အကြင်မံသစက္ခု တည်းဟူသော အသားစိုင်ကို။ ပရမတ္ထဓမ္မ၌၊ အဝါးမဝသောလောကီ လူများ။ ပုဘုဇဉ်သားအပေါင်းသည်။ ပရမတ္ထ၌၊ မသိမလိမ္မာသည် အတိုင်း။ စက္ခုသည်ဖြူ၏။ စက္ခုသည်ကျယ်၏။ စက္ခုသည်သန့်ရှင်း၏။ စက္ခုသည်ပြန့်၏။ ဤသို့မူကား။ သိတတ်ကုန်၏။ စက္ခုပသာဒကိုကား၊ မသိတတ်ချေ။ စက္ခုပသာဒ၌တပါး။ စက္ခုပသာဒ၏တည်ရာ အသား စိုင်ကို။ စက္ခုဟူ၍လည်းသိတတ်ပေ၏။ ဤကဲ့သို့အသိညာဏ်ချွတ်ဘတ် ချေ၏။ ဟူ၍ဆိုသော။အဋ္ဌကထာသျှင်၏စကားကိုသတိမူ၍။ စက္ခုပသာဒ ကို။ကျနစွာသိရန် နှလုံးမူသင့်ကောင်းစွ။ ။ထိုအသားစိုင်သည်။ မျက်ဇိ တွင်းသယ်၌တည်၏၊ မျက်ကြောငယ်ဖြင့်ဘွဲ့အပ်၏။ ဦးကျောက်နှင့် တစပ် တည်းစပ်ခဲ့၏။ အကြင်မံသစက္ခုတည်းဟူသောအသားစိုင်၌။ ဖြူသော အဆင်းသည်လည်းရှိ၏။ မည်းသော အဆင်းသည်လည်းရှိ၏။ နီသော အဆင်း သည်လည်းရှိ၏။ ပထဝီဓါတ်သည်လည်းရှိ၏။ အာပေါဓါတ် သည်လည်းရှိ၏။ တေဇောဓါတ်သည်လည်းရှိ၏။ ဝါယောဓါတ်သည် လည်းရှိ၏။ ။သခင် မံသပိဏ္ဍစက္ခုသည်။ ဖြူသော အဆင်းရှိရာ၌။ သလိပ်ပြောသည်၏ အဖြစ်ကြောင့်ဖြူ၏။ မည်းသော အဆင်း ရှိရာ၌။ သည်းခြေ ပြောသည်၏ အဖြစ်ကြောင့်မည်း၏။ နီသော အဆင်းရှိရာ၌။ သွေးပြောသည်၏အဖြစ်ကြောင့်နီ၏။ ခက်မာခြင်းသဘော၌။ ပထဝီဓါတ် ပြောသည်၏ အဖြစ်ကြောင့်ခက်မာ၏။ ပြောင်းပျော့ ယိုစီးအံ့သကဲ့သို့ဖြစ် ခြင်း၌။ အာပေါဓါတ်ပြောသည်၏အဖြစ်ကြောင့်။ ပြောင်းပျော့ ယိုစီးအံ့ သကဲ့သို့ဖြစ်၏။ပူလောင်ခြင်း၌၊တေဇောဓါတ်ပြောသည်၏ အဖြစ်ကြောင့် ထက်ဝန်းကျင်ပူလောင်၏။ မျက်လုံးအိမ်တွင် လှည့်လည်ရစ်ပတ်ခြင်း၌။ ဝါယောဓါတ်ပြောသည်၏အဖြစ်ကြောင့်၊ ပတ်ပတ်လည်၏။ ဤဆိုအပ်ခဲ့ ပြီးသောစက္ခုသည်ကား၊ သသမ္ဘာရစက္ခုမည်၏။ ။

ပသာဒစက္ခုဟူရာ၌။ ဤသသမ္ဘာရစက္ခု၌မှီသော။ ဤသသမ္ဘာရ စက္ခု၌လျှင်စပ်သော။ မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော။ အကြင် ပသာဒသည်ရှိ၏၊ ဤပသာဒသည်၊ ပသာဒစက္ခုမည်၏။ ထိုပသာဒ စက္ခုသည်။ဆိုဆိုပြီးခဲ့သော။ သသမ္ဘာရစက္ခု၏ မျက်ဖြူဝန်းတို့ဖြင့်ခြံရံ အပ်သော။ မျက်နက်ပန်း၏အလယ်၌။ (မျက်နက်ဝန်း၏အလယ်ဟူသည်။ မျက်မှောက် ရှေး၌ရှုတည်ကုန်သောသူတို့၏။ ကိုယ်သဏ္ဌာန်ဖြစ်ရာ အရပ်

ဖြစ်၍' ဖြစ်သော။ ကိုယ်ရိပ် ကိုယ်သဏ္ဌာန် ထင်ရာ မျက်နှက်ဝန်းဟု ဆိုလိုသည်။) ထိုမျက်နက်ဝန်း၌၊ ခွန်နှစ်ထပ်ကုန်သော။ ဝါဂွမ်းဆိုင်-ဝါဂွမ်း လွှာတို့၌။သွန်းလောင်း အပ်သောဆီသည်။ထိုဝါဂွမ်းဆိုင်-ဝါဂွမ်း လွှာတို့ကို။မျှံနှံ့သကဲ့သို့။ ထို့အတူ, ခွန်နှစ်ထပ်ကုန်သော၊ မျက်လွှာတို့ကို နှံ့စေ၍။ဥပမာအားဖြင့်-ချိပိုးခြင်း။ ရေချိုးခြင်း။ တန်ဆာဆင်ခြင်း။ ယတ် လေခပ်ခြင်းကိစ္စ၊ ရှိကြရကုန်သော အထိန်းတော် လေးယောက်တို့သည်။ မင်းသားငယ်ကို။ ယုယ စောင့်ရှောက်။ ခြေမြှောက်အပ် သကဲ့သို့။ ထိုနည်းတူစွာ။ ဝထမိခါတ်သည်။ ယင်းပသာဒစက္ခု၏တည်ရာ။ သန္ဓာ ရဏကိစ္စ။ အာပေါဓါတ်သည်။ ပြောင်းပေ့ာ့နှံ့စည်းခြင်း။ အာဗန္ဓနကိစ္စ။ တေဇောဓါတ်သည်။ ရင့်ကျက်စေခြင်း။ပရိပါစနကိစ္စ၊ဝါယောဓါတ်သည် ရွှေ့ရှားခြင်း။ သမုဒီရဏကိစ္စ,တို့ဖြင့်။ ဓါတ်လေးပါးတို့သည်။ ပြုအပ် သော ကျေးဇူးရှိသည်ဖြစ်၍ရင်း။ ဥတုစိတ်, အာဟာရတို့သည်။ ခြေ့ မြှောက် ထောက်ပန့် အပ်သည်ဖြစ်၍ရင်း၊ ဇီဝိတိန္ဒြေ တည်းဟူသော အသက်သည်။ စောင့်ရှောက်အပ်သည်ဖြစ်၍ရင်း။ ထိုပသာဒစက္ခု ဥပါဒ် သောအခါ။ ရုပ်ပေါ်ဖင်း၊ ရုပ်ငါ်မရှိ။ မိမိတခုတည်းသာ လျှင် မဟုတ်ဘဲ။ ဝဏ္ဏ-ဂန္ဓ-ရသ အစရှိသည်တို့သည်။ ခြံရံအပ်သည်ဖြစ်၍ရင်း။ အတိုင်း) အရှည်ပမာဏအားဖြင့်။ (သန်းဥက္ကောင်း) မျှ ပမာဏရှိသည်ဖြစ်၍ရင်း။ မဟာဘုတ်ကို ကြည်စေတတ်သောကြောင့်။ ပသာဒသာလျှင် မည်သည် အဖြစ်မဟုတ်သေးဘဲ။ စက္ခုဝိညာဉ်စိတ်တို့၏မှီရာဖြစ်၏။ ဝတ္ထု၏ အဖြစ် ကိုရင်း။ အာဝဇ္ဇန်းအစ, တဒါရုံအဆုံးရှိကုန်သော။ လေးဆယ့်လေးပါး ကုန်သောစိတ်တို့၏။ ထွက်ရာဝင်ရာတံခါးသဘွယ်ဖြစ်၍။ ဒွါရ၏ အဖြစ် ကိုရင်း။ ပြီးစေလျက် တည်လေသတည်း။ ။ဤဆိုအပ်ခဲ့ပြီးသော စက္ခု သည်။ ပသာဒစက္ခုမည်၏။ ။

ဤစကားအစဉ်၌။သန်းဥက္ကောင်းပမာဏရှိ၏ဟူသည်၌။သန်းဥက္ကောင်း ပမာဏရှိသော အရပ်၌။ စက္ခု ပသာဒနှံ့၍။ တည်သည်ကိုယူ။ စက္ခု ပသာဒ၏ သန်းဦးခေါင်း ပမာဏရှိသည်ကိုမယူလင့်။ ။အဘယ့်ကြောင့် နည်းဟူမူကား။ ပရမဏုဝမ္မဖြစ်၏။ တပ္ပတိဋ္ဌောကာသ၊ သည်ပင်လျှင်။ တပ္ပမာဏဖြစ်သောကြောင့်ဟူလို။ ထိုကဲ့သို့တပ္ပမာဏဖြစ်သော၊ အကြည် ပသာဒဓါတ်ကလေးကို။ အဘယ့်ကြောင့် စက္ခုဟူ၍ ဆိုအပ်သနည်းဟု စိစစ်အပ်၏။ထိုသို့စိစစ်ခဲ့သော်၊ အကြောင်းကိုဤသို့ပြဆိုရာ၏။ ဒသန-

ကိစ္စဘတ်၍။ စက္ခုဝိညာဏ်ဖြစ်သောအခါ။ အကြီးအမှူးပြု၍ ဖြစ်ခြင်းကြောင့်။ စက္ခုမည်၏ ဟူ၍ပြဆိုရာ၏၊ ထိုစကားမှန်၏။ ရူပါရုံ စက္ခုပသာဒ,အာလောက,မနသိကာရ,အားဖြင့်။ အကြောင်းပြ လေးပါးလာရှိရာသည်။ ရူပါရုံ,အာလောက, မနသိကာရ, ဟူသော။ အကြောင်းသုံးလီ။ စုညီသည်ပင် ဖြစ်စေကာမူ။ ပသာဒ, ဟူသော- စက္ခု, အကြည်ဓါတ်မပျက်ပြီးသော်သာလျှင်။ ဝိညာဏ် စိတ်သည်။ ဒဿနကိစ္စတတ်၍ မြင်စွမ်းနိုင်ရကား။ ရူပါရုံကိုမြင်ခြင်း၌။ ထိုပသာဒ အကြည် ဓါတ်သည်။ အကြီးအမှူး,ပရိနာယက,ဖြစ်သော အနက်သဘောကြောင့်။ စက္ခုမည်၏ ဟု ဆိုအပ်၏။ ။သို့ကြောင့်၊ ဒဿန ပရိနာယကဋ္ဌေန စက္ခုပေတံ။ ။ ဟူ၍။ ဓမ္မသင်္ဂဏီအဋ္ဌကထာ၌၊ မိန့်တော်မူပြီ။ ။ဒဿနပရိနယကဋ္ဌေန။ မြင်ခြင်း၌အကြီးအမှူးပရိနာယကဟူသော အနက်သဘောကြောင့်။ ဧတံ၊ ထိုပသာဒ အကြည်ဓါတ်သည်။ စက္ခု၊ စက္ခုမည်၏။ ၊ထိုစက္ခုသည်ပင်။ စက္ခုသမ္ဘဿ၊ စသည်တို့၏ဖြစ်ရာ။ စုဝေးရာဖြစ်သော အနက်သဘောကြောင့်။ အာယတနလည်းမည်၏။ ထိုစက္ခုသည်ပင်။ စက္ခု သမ္ဘဿ စသည်တို့၏၊မိမိသို့အစဉ်လိုက်၍ဖြစ်သဖြင့်၊ အပိုးရခြင်း အနက်သဘောကိုပြုတတ် သောကြောင့်။ ဣန္ဒြိယလည်း မည်၏။ ထိုစက္ခု သည်ပင်။ အတ္တမှဆိတ်ခြင်းသဘော။ သတ္တဝါမဟုတ်သော အနက်သဘော၌ကင်းခြင်းကြောင့်။ ဓါတ်လည်းမည်၏။ ယင်းစက္ခုသည်ပင်ဖြစ်ဘတ်ပျက်တတ်သောကြောင့်။ လောကလည်းမည်၏။ ယင်းစက္ခုသည်ပင်။ လေးဆယ့်ခြောက်ပါးကုန်သောဗိဘ်တို့၏။ ထွက်ဝင်ရာဝင်ကြောင်း၊ တံခါးသဘွယ်ဖြစ်၍၊ ဒွါရလည်းမည်၏။ ယင်းစက္ခုသည်။ မည်မျှလောက်သောရူပါရုံနှင့်၊ ရှေးရှုကြိုက်ကြုံ၊ ပေါင်းဆုံရသည်ဖြစ်စေ၊ ပြည့်ဝနိုင်သည်မရှိဘဲ။ ပြည့်နိုင်ခဲသော အနက်သဘောကြောင့်။ သမုဒ္ဒရာလည်းမည်၏။ ဤအရာ၌ သဋ္ဌာယတနသံယုတ်ပါဠိတော်ဝယ်။ ။(စက္ခုဘိက္ခဝေပုရိသဿသမုဒ္ဒေါ။) စသည်ဖြင့်။စက္ခုသမုဒ္ဒရာ၊သောတသမုဒ္ဒရာ၊ ဃာနသမုဒ္ဒရာ၊ ဇိဝှါသမုဒ္ဒရာ ကာယသမုဒ္ဒရာ၊ မနောသမုဒ္ဒရာဟူ၍။ သမုဒ္ဒရာ ခြောက်စင်းကိုဟောတော်မူ၏။ ယင်းသို့ဟောတော်မူရာ ဒေသနာဝယ်။ စက္ခု စသည်ကို သမုဒ္ဒရာနှင့်စံထား၍။ ဟောကြားစေကာမူ။ ပမာ,ပမေးခြင်းမတူမျှချေဟုသိအပ်၏။ အဘယ်ကြောင့်နည်းဟူမူကား။ဥပမာဖြစ်သော၊ သမုဒ္ဒရာသည် ယူဇနာ ရှစ်သောင်းလေးထောင်မျှသာနက်ခဲ့၏။ အနံကား, ကမ်းအပိုင်းအခြားသာရှိခဲ့၏။ အသျှားကား၊ စကြာဝဠာအဝန်း၊ သုံးသန်း, ခြောက်

သိန်း, တသောင်း, သုံးရာ, ငါးဆယ်။ ယူဇနာမျှသာ ရှိခဲ့၏။ ဥပမေယျ ဖြစ်သော(စက္ခုသမုဒ္ဒရာ) စသည်မှာမူကား။အောက်အတိုအားဖြင့်။အဝီစိ တိုင်အောင်ရင်း။အထက်အတိုအားဖြင့်။ အကနိဋ္ဌ ဗြဟ္မာဘုံတိုင်အောင်ရင်း နက်၏။ အနံအားဖြင့်၊ စကြာဝဠာအနန္တတိုင်အောင်။ အနံကျယ်ပျံ့၏။ အရှည်အလျားအားဖြင့်။ အနမတဂ္ဂ သံသရာဘဝ ကာလပတ်လုံး ရှည် လျား၏။ ဤသို့ ဥပမာ, ဥပမေး မတူမျှခြင်းကိုသိအပ်၏။ ဤအရာများကို လည်းသတိချပ်၍။စက္ခုသမုဒ္ဒရာ၏ နက်နဲပုံ, ကျယ်ပျံ့ပုံ, အလွန်ရှည်လျား ပုံများကိုသိရာ၏။ သောတသမုဒ္ဒရာ၊ စသည်တို့၌လည်း။ ဖြစ်ထိုက်သော ဘုံအားလျော်စွာ။ ရှည်လျားနက်ကျယ်ပုံကို,သိသင့်လေပြီ။

ယင်းပသာဒစက္ခုသည်။ အဖြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ် သော ။မည်းနက်သော အကုသိုလ်တရားမဟုတ်မူ၍။ ကြည်ပတော့ဖြူစင် သော။အနက်သဘောကြောင့်။ ပဏ္ဍရ–လည်းမည်၏။ ယင်းပသာဒစက္ခု သည်ပင်။ ဖဿစသည်တို့၏ ပေါက်ရောက်ဖြစ်ထွန်းရာဖြစ်သော အနက် သဘောကြောင့်။ ခေတ္တ,လည် မည်၏၊ ခေတ္တ-ကား လယ်ဟူလို။ ။

ယင်းပသာဒ စက္ခုသည်။ ထိုဖဿ စသည်တို့၏ပင်လျှင်၊ တည်ရာ ဖြစ်သောအနက်သဘောကြောင့်။ ဝတ္ထု,လည်းမည်၏၊ ယင်းပသာဒစက္ခု သည်။ ညီညွတ်သော။သမ– အရပ်ဌာန။ မညီညွတ်သော။ ဝိသမ-အရပ် ဌာနကိုပြလျက်။ အတ္တဘောကို ဆောင်တတ်သောကြောင့်၊ နေတ္တ–လည်း မည်၏။ နေတ္တကား, မျက်စိဟူ၏။ ။ထိုအနက် သဘောကြောင့်ပင်လျှင်။ နယန- လည်းမည်၏၊ နယန- လည်း၊ မျက်စိပင်။ ။ယင်း ပသာဒ စက္ခု သည်။သက္ကာယ၌ အကျုံးဝင်သောအနက်သဘောကြောင့်။ ဩရိမ-တီရ လည်းမည်၏။ ။ဤဩရိမတီရ, ဟူသည်ကို။ သံသရာ တည်းဟူသော ဤမှာဘက်ကမ်း ဟူ၍ ဆိုလိုသည်။ ။နိဗ္ဗာန်ကား။ ပါရိမတီရ - ထိုမှာ ဘက်ကမ်းဟူ၏၊ ။ယင်းပသာဒစက္ခုသည်။ များစွာကုန်သော သူတို့နှင့် ဆက်ဆံသော အနက်သဘောကြောင့်သော်ငင်း။ အရှင်မရှိသောအနက် သဘောကြောင့်သော်ငင်း။ လူနေမရှိ, ဆိပ်ငြိမ်သော၊ ရွာဆိုးကုန်းနှင့် တူ၍။ သုညဂါမ–လည်းမည်၏။ ။

ဤသို့-ဩဠာရိကံဝါ။ ။ဟူသောပါဠိအရ။ ဩဠာရိက ရုပ်ဆယ်ပါး တို့တွင်။ ရှေးဦးစွာသော၊ စက္ခု–ဟူသော၊ ဩဠာရိကရုပ်၏။ စက္ခုမည် ခြင်းကိုရင်း။ အာယတနမည်ခြင်းကိုရင်း။ ဓါတ်မည်ခြင်းကိုရင်း။ ဣန္ဒြိယ

မည်ခြင်းကိုရင်း။လောကမည်ခြင်းကိုရင်း။ ဒွါရမည်ခြင်းကိုရင်း။ သမုဒ္ဒရာ မည်ခြင်းကိုရင်း။ ပဏ္ဏာရမည်ခြင်းကိုရင်း။ ခေတ္တမည်ခြင်းကိုရင်း။ ဝတ္ထု မည်ခြင်းကိုရင်း။ နေတ္တမည်ခြင်းကိုရင်း။ နယန မည်ခြင်းကိုရင်း။ ဩဒိ မတိရမည်ခြင်းကိုရင်း။ သုညဂါမ, ဧည်ခြင်းကိုရင်း။ ဤကဲ့သို့ တဆယ့် လေးရပ်ကုန်သော အမည်တို့ဖြင့်၊ သတ်မှတ်၍ ပြဆိုအပ်သော ပသာဒ ဓါတ်၏ အမည်အပြားကိုလည်း။ အဘိဓမ္မာ အဋ္ဌကထာကြီးတို့ ဖွင့်ဆို တိုင်း။ သိကြွားနားလည်ရာ၏၊

သောဘာ စသည်ကိုကား။ စက္ခုအရာဝယ် လာရှိသော။ နေတ္တ နှင့် နယန ကိုနှုတ်၍။ကြွင်းတဆယ့်နှစ်ရပ်တို့ဖြင့်၊စိစစ်အပ်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော စက္ခုပသာဒ တည်းဟူသော၊စက္ခုဝတ္ထုနှင့်။ ရူပါရုံ၏ရှေးရှုထိခိုက်ခြင်း။ အဘိမုခီဘူတ ဃဋ္ဋနဖြစ်သော သဘောသည် သုခုမရုပ်တို့နှင့်, မဘူဘဲ။ ဝတ္ထုအာရုံတို့၏ ဖြစ်ပုံထူးဆန်း။ ကြမ်းထမ်း ရုံ့ရင်းခဲ့ချေရကား။ ဩဠာရိကရုပ်ဟူ၍ခေါ်ဆိုအပ်၏ ဟူသော။ အနက် အဓိပ္ပါယ်ကိုသိအပ်၏။ ။ဤနည်းအတူ။ ။သသမ္ဘာရနားတွင်း၏အတွင်း ဝယ်။ နုနယ်သိမ်မွေ့စွာသော၊ နီမြန်းသောမွေးညှင်းတို့ဖြင့်၊ ဝန်းကျင် မပြတ်ပေါက်ရောက်အပ်သော၊ လက်စွပ်ကွင်းသဏ္ဌာန်မျှရှိသော၊ အရပ် ဌါ။ပျံ့နှံ့၍ ဖြစ်သော။ သောတပသာဒတည်းဟူသော။ သောတဝတ္ထုနှင့် သဒ္ဒါရုံ၏ ရှေးရှုထိခိုက်ခြင်း။ အဘိမုခီဘူတ၊ ဃဋ္ဋနဖြစ်သော, သဘော သည်ရင်း။ ။သ,သမ္ဘာရနှာခေါင်း၏၊ အတွင်းဝယ်။ ဆိတ်ခြေသဏ္ဌာန် ရှိသောအရပ်ဌ။ ပျံ့နှံ့၍ဖြစ်သော၊ ဃာနပသာဒ တည်းဟူသော။ ဃာန ဝတ္ထုနှင့်။ ဂန္ဓာရုံ၏။ ရှေးရှုထိခိုက်ခြင်း။ အဘိမုခီဘူတ- ဃဋ္ဋနဖြစ်သော သဘောသည်ရင်း။ ။သ,သမ္ဘာရ၊ လျှာလယ်၏အထက်ဌ။ ကြာရွက်ဖျား မြတ်သဏ္ဌာန်ရှိသောအရပ်ဌ။ ပျံ့နှံ့၍ဖြစ်သော။ ဇိဝှါ ပသာဒ တည်းဟူ သော. ဇိဝှါဝတ္ထုနှင့်။ ရသာရုံ၏,ရှေးရှု ထိခိုက်ခြင်း။ အဘိမုခီဘူတ- ဃဋ္ဋနဖြစ်သော–သဘောသည်ရင်း။ ။ဆံ,အမွေး, ခြေသိး, လက်သိးဖျား, ခြောက်သွေ့သော အရပ်ကိုထား၍။ တကိုယ်လုံး ပျံ့နှံ့၍ ဖြစ်သော၊ ကာယ,ပသာဒတည်းဟူသော၊ ကာယဝတ္ထုနှင့်။ ဖေါဋ္ဌဗ္ဗါရုံရှေးရှု ထိခိုက် ခြင်း။ အဘိမုခီဘူတ– ဃဋ္ဋနသဘောသည်ရင်း။ သုခုမရုပ်တို့နှင့်မတူဘဲ ဝတ္ထုအာရုံတို့၏ ဖြစ်ပုံထူးဆန်း၍၊ ကြမ်းထမ်း ရုံ့ရင်းခဲ့ ချေရကား။

ဩဠာရိကရုပ်ဟူ၍။ ခေါ် ဆိုအပ်၏ ဟူသော။ အနက်အဓိပ္ပါယ်ကိုလည်း။ သိရာသတည်း။ ။

ဤကား=ဩဠာရိကပါဠ်အ. ။ ဩဠာရိကရုပ် အပြားဆယ်ပါးနှင့် ဩဠာရိကမည်ခြင်း၏အကြောင်းများကိုပြဆိုခြင်းပေတည်း။

---

## ယခုအခါ—သုခုမရုပ်ကိုဆိုပေအံ့။

သုခုမံဝါ။ ။ဟူသောပါဠ်အရ။ သုခုမရုပ်ဟူသည်။ အာပေါဓါတ်တခု ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ တည်းဟူသော၊ ဘာဝရုပ်နှစ်ခု။ ဟဒယရုပ်တခု။ ဇီဝိတိန္ဒြေတည်းဟူသော။ ဇီဝိတရုပ်တခု။ အာဟာရရုပ်တခု၊ အာကာသဓါတ်တည်းဟူသော။ ပရိစ္ဆေဒရုပ်တခု၊ ကာယဝိညတ်,ဝစီဝိညတ်တည်းဟူသော။ ဝိညတ်ရုပ်နှစ်ခု။ လဟုတာ မုဒုတာ၊ ကမ္မညတာ၊ ဟူသော ဝိကာရရုပ်သုံးခု။ ဥပစယ သန္တတိ။ ဇရတာ၊အနိစ္စတာ၊ဟူသော၊ လက္ခဏာရုပ်လေးခု, အားဖြင့်၊ သုခုမရုပ်, တဆယ့်ခြောက်ဖြစ်၏။ ။ထိုတဆယ့်ခြောက်ပါးသော ရုပ်သည်။ ခန္ဓာအားဖြင့်၊ ရူပက္ခန္ဓာ အာယတန အားဖြင့်လည်း၊ ဓမ္မာယတန၊ ဓါတ်အားဖြင့်၊ ဓမ္မဓါတ်သာလျှင်ဖြစ်၍။ အာရုံအားဖြင့်လည်း၊ ဓမ္မာရုံသာတည်း ထိုဓမ္မာရုံသည်။ ဩဠာရိက ရုပ်တို့ကဲ့သို့။ ပဉ္စဒွါရအား ထင်ခြင်းသို့၊ မရောက်ဘဲ၊ မနောဒွါရအားသာလျှင်။ ဓမ္မာရုံ၏ အဖြစ်ဖြင့်၊ ထင်ခြင်းသို့ရောက်၏။ ။ထိုကဲ့သို့ ထင်သောအခါ။ ဩဠာရိကရုပ်တို့၏။ ပဉ္စဒွါရ ဝတ္ထုတို့နှင့်၊ ပဉ္စာရုံတို့သည်။ တိုက်ကြကုန်သကဲ့သို့ မဟုတ်ကုန်ဘဲ။ အာရုံ,အာရမ္မဏ၊ ရှေးရှုထင်ခါမျှဖြင့်။ မရုံ့ရင်း,မကြမ်းထမ်း၊ သိမ်မွေ့စွာဖြစ်ကြလေသောကြောင့်။ ထိုတဆယ့်ခြောက်ပါးသော ရုပ်သည်။သုခုမရုပ်မည်၏ဟူလိုသည်။ ။

ထို့ကြောင့် ။။သုခုမံ၊ ဝတ္ထုအာရုံ,မဟုတ်ပုံကြောင့်။ဖြစ်ကြုံထူးဆန်း။ မကြမ်းထမ်းသော။သံရုပ်ဝါ။ အကြွင်းရူပက္ခန္ဓာတည်းဟူသော။ ဣတ္ထိန္ဒြိယ စသည်အပြား။ တဆယ့်ခြောက်ပါးသော ရုပ်သည်ရင်း။ ။ဟူ၍။ ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး။ အနက်မြန်မာ ယောဇနာတော်မူလေသည်။ ။ဤသို့။ ဩဠာရိကဒုက၌။ ရုံ့ရင်းကြမ်းထမ်းသော ရုပ်၊ သိမ်မွေ့သော ရုပ်ဟူ၍၊ ဒုကနည်းအတိုင်း၊ခွဲခြမ်းသီးသန့်ပြီးခါ၊ ရေတွက် သိမ်းကြုံးလိုက်သည်ရှိသော်၊ ရုပ်အလျှင်း မရှိသော၊ အရူပလေးဘုံကို ထား၍၊ရုပ်အရေအတွက်၊ တဆယ့်ခုနှစ်ပါးရှိသော၊ အသညသတ်ဘုံ။

ရုပ်အနေရအတွက်၊ နှစ်ဆယ့်သုံးပါး ရှိသောရုပ်တို့။ ရုပ်နှစ်ဆယ့်ရှစ်ပါး လုံးရှိသော၊ ကာမတဆယ့်တဘုံ။ ဤအလုံးစုံတို့၌၊ ရှိရှိသမျှရုပ်သည်၊ ဩဠာရိကပုဒ်။ သုခုမပုဒ်, တို့၌သာလျှင်၊ အကြုံးဝင်ကြ ရမည်ဖြစ်၍၊ ရုပ်ဟူဟူသမျှသည် ဩဠာရိက ရုပ်နှင့် သုခုမ,ရုပ်ချည်းသာလျှင်၊ ဖြစ်ကြရ၏။ထိုကဲ့သို့၊ ဩဠာရိက၊ သုခုမ,ဖြစ်ဖြစ်သမျှရုပ်တို့တွင်။ ဩဠာရိက ရုပ်သည်သာလျှင်။ အနိစ္စမည်သည် သာလျှင် မဟုတ်သေး။ သုခုမဖြစ် သော ရုပ်သည်လည်း။ အနိစ္စမည်သည် သာလျှင်တည်း။ ။သုခုမဖြစ် သောရုပ်သည် သာလျှင်။ အနိစ္စမည်သည် မဟုတ်သေး။ ဩဠာရိကဖြစ် သောရုပ်သည်လည်း။ အနိစ္စမည်သည်သာလျှင် တည်းဟု။ ဩဠာရိက သုခုမနှစ်ပါးလုံးကိုပင်လျှင်၊ သိမ်းကြုံးတော်မူ၍။ ခယဋ္ဌ, ဝယဋ္ဌကြောင့် အနိစ္စမည်ကြောင်း။ အနိစ္စတုံး ဖြစ်ကြောင်းကို။ ဘုရားမြတ်စွာ သိစေ တော်မူသတည်း။ ထိုဩဠာရိက,သုခုမရုပ်၊ နှစ်မျိုးသည်ပင်လျှင်။ ခယဋ္ဌ ဝယဋ္ဌဖြစ်ရခြင်းကား။ စင်စစ်သုခမဟုတ်၍၊ ဒုက္ခမည်ကြောင်း။ ဒုက္ခတုံး ဖြစ်ကြောင်းကိုရင်း။ ယင်းကဲ့သို့ မိမိအလိုမရှိပါဘဲလျက်။ မမြဲခြင်းအနိစ္စ နှင့်, ဆင်းရဲခြင်းဒုက္ခဖြစ်ရခြင်းကား။ စိုးရင်လွှမ်းမိုး အပိုးမရခြင်းကြောင့် သာဖြစ်ချေရကား။ စင်စစ် အနတ္တမည်ကြောင်း။ အနတ္တတုံး အနှန်ဖြစ် ကြောင်းများကိုရင်း။ ဘုရားမြတ်စွာ၊ သိစေတော်မူသတည်းဟု။ ရှေး- အနိစ္စနည်းတူ၊ မှတ်ယူလင့်ကြကုန်။ ။

---

## ယခုအခါ–ဟိနဒုက်ကို ဆိုပေအံ့။

ဟိနံဝါ ပဏီတံဝါ= ဟူသောပါဠိ၌။ ။ဟိန-ပဏီတ အဖြစ်ကို၊ ပရိ ယာယ်အားဖြင့်ရင်း။ မုချအားဖြင့်ရင်း။ မိုင်းခြား ပြဆိုအပ်၏။ ထိုနှစ်ရပ် တို့တွင်။ အကနိဋ္ဌဗြဟ္မာတို့၏ရုပ်အောက်။ သုဒဿာဗြဟ္မာတို့၏ရုပ်သည် ညံ့သည်ဖြစ်၍၊ ဟိနရုပ်မည်၏။ ထိုအကနိဋ္ဌဗြဟ္မာတို့၏ ရုပ်သည်ပင်လျှင်၊ သုဒဿာ ဗြဟ္မာတို့၏ရုပ်ထက်၊ မြတ်သည်ဖြစ်၍။ ပဏီတရုပ် မည်၏။ ဤကဲ့သို့ အထက်ဘဝဂ်နှစ်၍၊ အောက်အဝီစိတိုင်အောင်။ ဘုံချင်းချင်း စနာနှိုင်းထောက်၍။ အကြင်ရွှေ့လောက်၊ ငရဲသူသတ္တဝါတို့၏ရုပ်သည် ရှိ၏။ ထိုရွှေ့လောက် ပရိယာယအားဖြင့်။ ဟိန-ပဏီတ,၏အဖြစ်ကို၊ သိ အပ်၏။ နိပ္ပရိယာယအားဖြင့်ကား။ အကြင်ဘုံ အကြင်ပုဂ္ဂိုလ်၌ အကု သလဝိပါက်ရုပ်သည်ဖြစ်၏၊ ထိုရုပ်သည်။ ဟိနရုပ်မည်၏။ အကြင်ဘုံ-

အကြံဖြင့်ပုဂ္ဂိုလ်၌။ ကုသလဝိပါက်ရုပ်သည်ဖြစ်၏၊ ထိုရုပ်သည်၊ ပဏီတ ရုပ်မည်၏။ ။ဤကား။ပဋိသန္ဓိဒါမဂ်အဋ္ဌကထာ၌ ခွဲဝေပုံ။ ။ခန္ဓဝိဘင်း အဋ္ဌကထာကြီး၌။အကျယ်ဝေဘန်တော်မူပုံကား၊ ။ငရဲသူတို့၏ ရုပ်သည် အဆုံးစွန် ကောဋ္ဌိပတ္တဖြစ်သော ဟီနရုပ်မည်၏၊ ထိုငရဲသူတို့၏။ ရုပ်ကို ထောက်၍။ တိရစ္ဆာန်တို့တွင်၊ နဂါး,ဂဠုန်တို့၏ ရုပ်သည်၊ ပဏီတရုပ် မည်၏၊ ထိုနဂါး ဂဠုန်တို့၏ ရုပ်ကို ထောက်၍၊ ပြိတ္တာတို့၏ ရုပ်သည်။ ပဏီတရုပ်မည်၏၊ ထိုပြိတ္တာတို့၏ရုပ်သည်။ ဟီနရုပ်မည်၏။ ထိုရုပ်ကို စွဲ၍၊ဇနပုဒ်ရွာသူတို့၏ ရုပ်သည်၊ ပဏီတရုပ်မည်၏၊ ထိုဇနပုဒ်ရွာသူတို့၏ ရုပ်သည်ပင်။ ဟီနရုပ်မည်၏၊ ထိုဇနပုဒ်ရွာသူတို့၏ ရုပ်ကို ထောက်၍။ ဂါမဘောဇက ဖြစ်ကုန်သော၊ ရွာစားတို့၏ရုပ်သည်။ ပဏီတရုပ်မည်၏။ ထိုရွာစားတို့၏ ရုပ်သည်ပင်။ ဟီနရုပ်မည်၏၊ ထိုရွာစားတို့၏ ရုပ်ကို ထောက်၍၊ ဇနပုဒ်ကိုအပိုးရကုန်သော သူတို့၏ ရုပ်သည်၊ ပဏီတရုပ် မည်၏။ ထိုဇနပုဒ်ကို အပိုးရကုန်သော သူတို့၏ရုပ်သည်ပင်၊ ဟီနရုပ် မည်၏၊ ထိုဇနပုဒ်ကိုအပိုးရသူတို့၏ ရုပ်ကိုထောက်၍။ ပဒေသရာဇ်မင်း တို့၏ ရုပ်သည်ပင်။ ဟီနရုပ်မည်၏၊ ထိုပဒေသရာဇ် မင်းတို့၏ရုပ်ကို ထောက်၍၊ လေးကျွန်းလုံးနတ်,စကြဝတ်မင်းတို့၏ ရုပ်သည်၊ ပဏီတရုပ် မည်၏၊ ထိုစကြဝတ်မင်းတို့၏ ရုပ်သည်ပင်၊ ဟီနရုပ်မည်၏၊ ထိုစကြဝတ် မင်းတို့၏ရုပ်ကိုထောက်၍၊ ဘုမ္မစိုးနတ်တို့၏ရုပ်သည်၊ ပဏီတရုပ်မည်၏။ ထိုဘုမ္မစိုးနတ်တို့၏ ရုပ်သည်ပင်။ ဟီနရုပ်မည်၏၊ ထိုဘုမ္မစိုး နတ်တို့၏ ရုပ်ကိုထောက်၍ စတုမဟာရာဇ် နတ်တို့၏ ရုပ်သည်။ ပဏီတရုပ် မည်၏။ ထိုစာတုမဟာရာဇ် နတ်တို့၏ ရုပ်သည်ပင်၊ ဟီနရုပ်မည်၏၊ ထိုစာတုမဟာရာဇ် နတ်တို့၏ ရုပ်ကိုထောက်၍၊ တာဝတိံသာနတ်တို့၏၊ ရုပ်သည်၊ ပဏီတရုပ်မည်၏ ဤကဲ့သို့အဆင့်ဆင့်တိုးတက်၍ အထက် ရူပါဝစရ တဆယ့်ခြောက်ဘုံတို့တွင်။ အကနိဋ္ဌ ဗြဟ္မာတို့၏ ရုပ်သည်။ အထွဋ်အထိပ်သို့ ရောက်သော။ မတ္ထကပတ္တပဏီတ ရုပ်မည်၏ ဤအစီ အစဉ်၌၊ဟီန ပဏီတအချုပ်ကား။ ငရဲသူတို့၏ရုပ်သည်။ စင်စစ် အနိဋ္ဌ ဖြစ်သော၊ ကောဋ္ဌိပတ္တဟီနရုပ်တည်း။ အကနိဋ္ဌဗြဟ္မာတို့၏ ရုပ်ကား။ စင်စစ်ဣဋ္ဌဖြစ်သော၊ မတ္ထကပတ္တပဏီတတည်း၊ ထိုနှစ်ဌာန အတွင်းရှိ ရုပ်စုကား။ ချင်းချင်းထောက်၍၊ ဟီန ပဏီတ။ ဣဋ္ဌ-အနိဋ္ဌမပြဲဘဲ၊ ပြောင်းခါ-ရွှေ့ခါ၊ ဟီန-ပဏီတ ဖြစ်ဟန်ကိုသိအပ်၏၊ ၊အနက်သ ဘောတို့ကို။ နှစ်နေသနှစ်ချက်၊ နှလုံးပိုက်တော်မူ၍၊ ၊ဟိနံ၊ ကိုပ်ိစိတ်

မသန့်၊ ယုတ်ညံ့သော။ ယံရုပံ၊ အကြင် ရုပ်ကလာပ်သည် တည်းဟူသော။ အနိဋ္ဌရုပ်သည်ရှင်း။ ပဏီတံ၊ ကိုယ်စိတ်ကြည်ညို အလိုရှိအပ်သော။ ဣဋ္ဌရုပ်သည်ရှင်း။ ။ဟူ၍။ ငါတို့ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး၊ အနက်မြန်မာယောဇနာတော်မူသည်ကိုသိ။ ။၍ဟိနအနက်ဖြင့်။ သိမ်းကြုံးခြင်း စသော ဆိုဘွယ် စကားရပ်များကို။ ဓွေးဒုက်တို့၌ ဆိုအပ်ခဲ့ ပြီးသော နည်းအတိုင်း သိအပ်၏။

ဟိနဒုက်ကို ပြဆိုသည်ကား=ပြီးပြီ။

---

## ယခုအခါ-ဒူရဒုက်ကို ပြဆိုပေအံ့။

ယံဒူရေသန္တိကေဝါ= ဟူသော ပါဠိ၌။ ဒူရေရုပ်ဟူသည်။ အောက်၌ ပြဆိုအပ်ခဲ့ပြီးသော။ အကြင် သုခုမရုပ်၊ တဆယ့် ခြောက်ခုသည် ရှိ၏။ ထိုသုခုမရုပ် တဆယ့်ခြောက်ခုသည်ပင်။ ထိုးထွင်း၍ သိနိုင်ခဲသော သဘော ရှိသည်၏ အဖြစ်ကြောင့်။ ဝေးသော ဒူရေရုပ် မည်၏။ ထို့ကြောင့်။ ဒူရေ-ပုဒ်ကို။ ။ဒူရေ၊ သုခုမရုပ်၊ သဘောဟုတ်၍။ မျက်မထင်၊ မမြင်နိုင်သေး၊ ခဲခက်ရေးကြောင့်၊ ဝေးသည်ဟု ဆိုအပ်သော။ ယံရုပံ၊ အကြင် ရုပကလာပ် တည်းဟူသော။ ဣတ္ထိန္ဒြိယ, စသည် အပြား။ ၁၆-ပါးသော ရုပ်သည်ရှင်း။ ။ဟူ၍၊ ငါတို့ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး၊ ယောဇနာတော်မူအပ်၏။ ။ယံသုခုမ-တဒေဝဒုဝိညေယ္ယ သဘာဝတ္တာဒူရေ။ ။ ဟူသော အဋ္ဌကထာဖွင့်နှင့် အညီတည်း။ ။

သန္တိကေရုပ်ဟူရာ၌။ ဆိုခဲ့ပြီးသော အကြင် ဩဠာရိကရုပ်သည် ရှိ၏။ ထိုဩဠာရိကရုပ်သည်ပင်သျှင်။ ကောင်းစွာ ထိုးထွင်း၍ သိလွယ်သော သဘောရှိသည်၏ အဖြစ်ကြောင့်။ နီးသော သန္တိကေရုပ်မည်၏။ ။

ထိုကြောင့်။ သန္တိကေ-ပုဒ်ကို။ ။သန္တိကေ၊ ဩဠာရိကရုပ်။ ဗျုပ္ပတ်ထူးဆန်း။ ကြမ်းထမ်းခြင်းကြောင့်။ စွဲလမ်းထင်ထင်။ အမြင်ရင့်သီး။ နီးသည်ဟု ဆိုအပ်သော။ ယံရုပံ၊ အကြင် ရုပကလာပ် တည်းဟူသော။ စက္ခာယတန-စသည်အပြား။ တဆယ့် နှစ်ပါးသော ရုပ်သည်ရှင်း။ ။ ဟူ၍, ငါတို့ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး ယောဇနာတော်မူအပ်၏။ ယံဩဠာရိကံ - တဒေဝ သုဝိညေယ္ယ သဘာဝတ္တာသန္တိကေ။ ။ဟူသော အဋ္ဌကထာဖွင့်နှင့်အညီတည်း။ ။

ခံ့နွဝိဘင်း အဋ္ဌကထာကြီး၌မူ။ နူရေသန္တိက အပြားကို ဤသို့လည်း၊ ဝေဘန်တော် မူသေး၏။ ကြပတေ့စကား ဆိုကုန်သော သူတို့၏။ တဆယ့်နှစ်တောင်သည်။ ကြောင်းကောင်းရာ သဝနုပစာရမည့်၏။ ထိုတဆယ်နှစ်တောင်၏ အတွင်း၌ ရုပ်သည်။ သန္တိကေမည့်၏။ ထို့မှပြင်ပဖြစ်သောရုပ်သည်။ နူရေရုပ်မည့်၏။ထိုကဲ့သို့သန္တိကေ,နူရေကိုခွဲဝေရာ၌။ သုခုမရုပ်သည်၊ အဝေး၌ဖြစ်ခဲ့သော။ လက္ခဏာအားဖြင့်ရင်း။ ဩကာသအားဖြင့်ရင်း။ နူရေရုပ်မည်သည်ဖြစ်၏။ အနီး၌ဖြစ်ခဲ့သော်ကား။ဩကာသအားဖြင့်သာလျှင်။ သန္တိကေရုပ် မည်သည့်ဖြစ်၏။ လက္ခဏာအားဖြင့်။ သန္တိကေ ရုပ်သည်မဖြစ်။ ဩဠာရိက ရုပ်သည်။ အနီး၌ ဖြစ်ခဲ့သော်။ လက္ခဏာအားဖြင့်ရင်း။ ဩကာသအားဖြင့်ရင်း။ သန္တိကေ ရုပ်မည်သည့်ဖြစ်၏။ အဝေး၌ ဖြစ်ခဲ့သော်။ ဩကာသ အားဖြင့်သာလျှင်။ နူရေရုပ်မည်သည့်ဖြစ်၏။ လက္ခဏာအားဖြင့်။ နူရေရုပ် မည်သည်မဖြစ်။ ဤသို့စိစစ်ပြီးလျှင်။ မိမိ၏ရုပ်သည်။ သန္တိကေရုပ်မည့်၏။ မမိရုပ်မှတပါး ခန္ဓာကိုယ်၏ ဝမ်းတိုက်တွင်း၌ပင် ဖြစ်စေကာမူ။ သူတပါး၏ရုပ်သည်။ နူရေရုပ်မည့်၏။ တနည်း။ ဝမ်း၏အတွင်း၌ တည်သောသူ၏ ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ ပြင်ပ၌တည်သောသူ၏ ရုပ်သည်။ နူရေရုပ်မည့်၏။တနည်း။တညောင်စောင်းတည်း၌။ အိပ်သောသူ၏ ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ ပြင်ပအိမ်ဦး၌ တည်သောသူ၏ ရုပ်သည်။ နူရေရုပ်မည့်၏။ တနည်း။ပရိဝုဏ်အတွင်း၌ တည်သောရုပ်သည်။ သန္တိကေရုပ်မည့်၏။ ပရိဝုဏ်ပြင်၌တည်သောရုပ်သည်။ နူရေရုပ်မည့်၏။ တနည်း၊ သံဃာအရာမ်တွင်း၌ ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ သံဃာအရာမ် ပြင်ပ၌ ရုပ်သည်။ နူရေရုပ်မည့်၏။ တနည်း၊ အဇ္ဈတ္တသိမ၏ အတွင်း၌ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ ဗဟိသိမ၏ အတွင်း၌ ရုပ်သည်။ နူရေရုပ်မည့်၏။ တနည်း။အဇ္ဈတ္တဂါမခေတ် အတွင်း၌ ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ ဗဟိဂါမ ခေတ်အတွင်း၌ ရုပ်သည်၊ နူရေရု မည့်၏။ တနည်း၊ ဇနပုဒ်အတွင်း၌ ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ ဇနပုဒ်ပြင်ပ၌ ရုပ်သည်။ နူရေရုပ်မည်။ တနည်း။ တိုင်း၏ အပိုင်းအခြား အတွင်း၌ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ တိုင်းအပိုင်းအခြား၏ ပြင်ပ၌ရုပ်သည်။နူရေရုပ်မည့်၏။ တနည်း။ သမုဒ္ဒရာ၏ အတွင်း၌ ရုပ်သည်။ သန္တိကေ ရုပ်မည့်၏။ သမုဒ္ဒရာ၏ ပြင်ပရုပ်သည်။ နူရေရုပ်မည့်၏။ တနည်း၊စကြာဝဠာ၏ အတွင်း၌ ရုပ်သည်။ သန္တိကေရုပ်မည့်၏။ စကြာဝဠာ၏ပြင်ပရုပ်သည်။ နူရေရုပ်မည့်၏။ ။

## ဤ ဒုရေ,သန္တိကေရုပ်ကို ခွဲခြမ်းဝေဘန်ခြင်းသည်ကား ဩကာသဟူသော ဖြစ်ရာအရပ်ကိုခွဲ၍ ခွဲခြမ်း ဝေဘန်ပုံတည်း။

ဆိုအပ်ခဲ့ပြီးသော ရုပ်အလုံးစုံကို။ အနိစ္စအားဖြင့် မှတ်ခြင်း။ သမ္မသနဉာဏ်တခု။ ဒုက္ခအားဖြင့်မှတ်ခြင်း။ သမ္မသနဉာဏ်တခု။ အနတ္တအားဖြင့် မှတ်ခြင်း၊ သမ္မသနဉာဏ်တခု။ ဤသို့, သမ္မသနဉာဏ် သုံးပါးပြားဟန်ကို၊ သိရှိပြီးမှ။ ထိုသမ္မသနဉာဏ်သုံးပါးတို့ဖြင့်။ အလုံးစုံသောရုပ်ကို။ အတိတ တိက်အားဖြင့်ရင်း။ အဇ္ဈတ္တဒုက် အစရှိကုန်သော။ ဒုက်လေးပါးတို့ဖြင့် ရင်း။ ဤဘာဆယ့်တပါးကုန်သော၊ ဩကာသတို့ဖြင့် ပိုင်းခြား၍။ အတိတ တိက်၏အခွာ၌။ ။အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန။ ။ဟူ၍ ဟောတော်မူသည် အတိုင်း။ လွန်လေပြီးသော အတိတ်ကာလ၌။ ဥပါဒ် ဖြစ်ပေါ်ခဲ့သော။ အကြင်အတိတ်ရုပ်သည် ရှိ၏။ ထိုအတိတ် ရုပ်သည်။ အတိတ်ကာလ၌ပင်။ အကြင်မမြဲသောသဘောကြောင့်။ ရွေ့လျောဖေါက် လွှဲ။ ပျောက်စဲရခြင်း။ ခမ်းခြောက်ပျုန်းတီး ပျက်စီးရခြင်း၊ ဖြစ်ခဲ့လေပြီ။ ထင်ရှားကာလ။ ဤပစ္စုပ္ပန်ဘဝသို့။ ထိုအတိတ် ရုပ်သည်။ မလိုက်မပါ။ မရောက်လာနိုင်တော့ချေဟူ၍။ အတိတ် ရုပ်တရားကို။ (အနိစ္စံ,ခယဋ္ဌေန) ဟု ဆင်ခြင်သုံးသပ်ရာ၏။ ဤကဲ့သို့ အတိတ်ရုပ်။ ချုပ်ဆုံးပြတ်စဲ ပြီး၍။ နောက်တဖန် ဆက်လက်ခါ၊ ရုပ်တရားဖြစ်ပေါ် လာရခြင်းလည်း။ အ အကြောင်းမဲ့မဟုတ်ချေ။ ရုပ်တရားကို ဖြစ်စေခြင်း၌။ မိဘသဖွယ်အလား။ စံယူထားရကုန်သော။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတည်းဟူကုန်သော။ ရုပ်ဖြစ်ကြောင်းတရားစုတို့ကို။ အရဟတ္တမဂ်ဖြင့်။ မပယ်, မဖြတ်, မသတ် နိုင်သဖြင့်။ အနာဂတ်ဖြစ်သော အခြားမဲ့ကာလ။ အနန္တရဘဝ၌။ အကြင် အနာဂတ်ရုပ်သည်။ ဖြစ်ရလတံ့ သတည်း။ ထိုအနာဂတ်ရုပ်သည်လည်း ထိုအနာဂတ်၌ပင်လျှင်။ အကြင်မမြဲသော သဘောကြောင့်။ ရွေ့လျော ဖေါက်လွှဲ၊ ပျောက်စဲခြင်း၊ ခန်းခြောက်ပျုန်းတီး၊ ပျက်စီးရခြင်း ဖြစ်လတံ့။ ထိုအနာဂတ်ကာလမှ။ နောက်ဘဝသို့။ ထိုအနာဂတ်ရုပ်သည်။ မလိုက် မပါလတံ့ဟူ၍။ အနာဂတ်ရုပ်တရားကို (အနိစ္စံခယဋ္ဌေန ဟု ဆင်ခြင် သုံးသပ်ရာ၏။ ။ပစ္စုပ္ပန်ကာလ၊ ဤဘဝ၌။ အကြင်ရုပ်သည် ဖြစ်ဆဲဖြစ် လျက်ပင် ထင်ရှားရှိ၏။ ထိုရုပ်သည်လည်း။ ဤပစ္စုပ္ပန်ကာလ၌သာလျှင်။ အကြင်မမြဲသောသဘောကြောင့်။ ရွေ့လျောကင်းပြောက်။ ယွင်းဖေါက်

ပျုန်းတီး။ ပျက်စီးကုန်ခမ်းဆဲပင်ဖြစ်၏။ ဤပစ္စုပ္ပန်ကာလမှ၊ ဘဝတပါးသို့ ထိုပစ္စုပ္ပန်ရုပ်သည်။ လိုက်ပါသောအားဖြင့်။ မသွားမရောက်နိုင်တော့ချေ ဟူ၍။ ပစ္စုပ္ပန်ရုပ်တရားကို (အနိစ္စံခယဋ္ဌေန)ဟု ဆင်ခြင်သုံးသပ်ရာ၏။ ။ ဤအတီတာတိက်၏အရာ၌၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့ကို။ အသီးသီး ဝေဘန်ခဲ့သည့် နည်းအတိုင်း။ အစိတ် အစိတ်အားဖြင့်လည်း။ ရှုဆင်ခြင် လေဦး။ ။

ဤကား-အတီတတိက်ဖြင့်၊ အနိစ္စသမ္မသနဉာဏ်၌။
ဆင်ခြင်သုံးသပ်ဟန်တည်း။

---

ဒုက်လေးတန်တို့ဖြင့် ဆင်ခြင်သုံးသပ်ဟန်ကား = အဇ္ဈတ္တ ဖြစ်သော အကြင် ရုပ်သည် ရှိ၏။ ထိုအဇ္ဈတ္တရုပ်သည်၊ အဇ္ဈတ္တအဖြစ်၌ သာလျှင်။ ကုန်ခမ်းပျက်စီးရလေ၏။ ဗဟိဒ္ဓ၏ အဖြစ်သို့ မရောက်နိုင်တော့ချေ ဟူ၍။ နှလုံးပိုက်ခါ။ အဇ္ဈတ္တရုပ်တရားကို။ (အနိစ္စံ,ခယဋ္ဌေန)ဟု ဆင်ခြင် သုံးသပ် ရာ၏။ ။

ဗဟိဒ္ဓဖြစ်သော အကြင်ရုပ်သည် ရှိ၏။ ထိုဗဟိဒ္ဓဖြစ်သော ရုပ်သည် လည်း။ ဗဟိဒ္ဓ အဖြစ်၌ သာလျှင်၊ ချုပ်ဆုံး ပျက်စီးရလေတော့၏။ အဇ္ဈတ္တ အဖြစ်သို့ မရောက်နိုင်တော့ချေဟူ၍။ နှလုံးပိုက်ခါ၊ ဗဟိဒ္ဓရုပ်တရားတို့ကို၊ (အနိစ္စံခယဋ္ဌေန)ဟု ဆင်ခြင်သုံးသပ်ရာ၏။ ။

အဇ္ဈတ္တဒုက်နည်း အတူလျှင်။ ဩဠာရိကဒုက်၌လည်း။ အကြင် ဩဠာရိကရုပ်သည်။ သုခုမရုပ်၏ အဖြစ်သို့ မရောက်တော့နိုင်ဘဲ။ ဩဠာရိက အဖြစ်၌သာလျှင်။ ကုန်ပျောက်ပျုန်းတီး၊ ပျက်စီးရအံ့သော အချင်းအရာ ကိုရင်း။ သုခုမရုပ်သည်လည်း။ ဩဠာရိက၏ အဖြစ်သို့ မရောက်နိုင်ဘဲ။ သုခုမ၏ အဖြစ်၌ သာလျှင်။ ကုန်ပျောက် ပျုန်းတီး။ ပျက်စီး ရအံ့သော အချင်းအရာကိုရင်း၊ ရှုဆင်ခြင်အပ်၏။ ။ဟီနဒုက်၌လည်း။ ဟီနရုပ်သည်၊ ပဏီတ၏ အဖြစ်သို့။ ပဏီတရုပ်သည်လည်း၊ ဟီန၏ အဖြစ်သို့ မရောက် ဘဲလျက်၊ ပျက်စီးရပုံ။ ။ဒူရဒုက်၌လည်း။ ဒူရေရုပ်သည်၊ သန္တိကေ ရုပ်၏ အဖြစ်သို့။ သန္တိကေရုပ်သည်လည်း၊ ဒူရေရုပ်၏ အဖြစ်သို့။ မရောက်ဘဲ ပျက်စီးရပုံများကိုလည်း။ (အနိစ္စံခယဋ္ဌေန)ဟု ဆင်ခြင် သုံးသပ်ရာ၏။ ။

ဤအလုံးစုံသော စကားရပ်သည်လည်း။ (အနိစ္စံခယဋ္ဌေန) ဟူသော ပါဠိ၏ အစွမ်းအားဖြင့်။ တခုသော သမ္မသန ဉာဏ်တည်း။ အပြားအား

ဖြင့်ကား။ တိတ်တပါး၊ ဒုက်လေပါးဖြစ်၍။ တဆယ့်ဘပါး အပြားရှိ၏ဟူ၍သိလင့်။ ။

ဤ၌ အတိတ်ရုပ်သည်၊ ပစ္စုပ္ပန်သို့။ ပစ္စုပ္ပန်ရုပ်သည်၊ အနာဂတ်သို့။ အနာဂတ်ရုပ်သည်၊ တပန်ကာလ,နောက်ဘသို့ မရောက်ဘဲ။ ချုပ်ဆုံးရခြင်းသည်ဧင်း။ အဇ္ဈတ္တိကရုပ်သည် ဗဟိဒ္ဓရုပ်အဖြစ်သို့။ ဗဟိဒ္ဓရုပ်သည် အဇ္ဈတ္တိကရုပ်အဖြစ်သို့မရောက်ဘဲ၊ ချုပ်ဆုံးရခြင်းသည်ဧင်း၊ ဩဠာရိက ရုပ်သည်၊ သုခုမရုပ်အဖြစ်သို့။ သုခုမရုပ်သည်၊ ဩဠာရိကရုပ်အဖြစ်သို့။ မရောက်ဘဲ၊ ချုပ်ဆုံးရခြင်းသည်ဧင်း၊ ဟီနရုပ်သည်၊ ပဏီတရုပ်အဖြစ်သို့ ပဏီတရုပ်သည်၊ ဟီနရုပ်အဖြစ်သို့မရောက်ဘဲ။ ချုပ်ဆုံးရခြင်းသည်ဧင်း ဒူရေရုပ်သည်၊ သန္တိကေရုပ်အဖြစ်သို့။ သန္တိကေရုပ်သည်၊ ဒူရေရုပ်အဖြစ်သို့၊ မရောက်ဘဲ၊ ချုပ်ဆုံးရခြင်းသည်ဧင်း။ ရုပ်တရားတို့၏ ဓမ္မတာ သဘောအားဖြင့်။ စိတ္တက္ခဏာဘဆယ့်ခွန်နှစ်ချက်။ ခဏငယ်(၅၁)ချက် မျှသာ အသက်ရှည်သည်ဖြစ်၍။ ကာလတပါးမှ, ကာလတပါးသို့ဧင်း။ ရုပ်ဘပါးမှ,ရုပ်တပါးသို့ဧင်း။ မကူးမပြောင်းနိုင်ဘဲ။ အနိုနိ ဖြစ်ခါချုပ်ဆုံး ရသည်ဟူ၍သိ။ တဗိတ်ဘဒေသအားဖြင့်၊ ထင်ရှားစေရန်ကား။ သတ္တဝါတို့ ဘဝသစ်သို့ရောက်သောကာလ,ရှေးမဆွဝယ်။ ပဋိသန္ဓေစိတ်နှင့်တကွ ဖြစ်သော၊ ကမ္မဇရုပ်သည်။ ထိုပဋိသန္ဓေစိတ်မှစ၍၊ တဆယ့်ခွန်နှစ်ရမြောက် သောဗိတ်နှင့်ဟကွချုပ်၏။ ပဋိသန္ဓေစိတ်၏ ဋ္ဌိခဏ၌ဖြစ်သော ရုပ်သည်။ တဆယ့်ရှစ်ရမြောက်သောဗိတ်၏၊ ဥပါဒ်ခဏ၌ချုပ်၏။ ပဋိသန္ဓေစိတ်၏ ဘင်ခဏ၌ ဖြစ်သောရုပ်သည်။ တဆယ့် ရှစ်ရ မြောက်သော ဗိတ်၏။ ဋ္ဌိခဏ၌ချုပ်၏။ဤကဲ့သို့, သဘ္ဘယာသသုက စေ့ကောင်းသော ရုပ်ဟူဟူ သမျှတို့၏။ ရှေ့သျောဖေါက်သွဲ့။ ပျောက်စဲခြင်း ခသင်္ဂ, ဝယ၌, အနိစ္စဖြစ် ဟန်ကိုသိအပ်၏ဟူလိုသည်။ ။

အသူးဗိစစ်ဘွယ်ကား။ ဤရုပ်တရားကြီးသည်။ အကည်အစွဲ၊ အမြဲမရှိ မူ၍၊ အဘသ့်ကြောင့်၊ ရှေ့သျောဖေါက်လွဲ၊ ပျောက်စဲခြင်း အနိစ္စဖြစ်ရပါ လေသနည်းဟု၊ ဗိစစ်အပ်၏။ ရုပ်ကိုဖြစ်စေခြင်းငှာ။ အကြင်အကြောင်း ဖြစ်သော၊ ဟေတုသည်ဧင်း။ အထောက်အပံ့ဖြစ်သော ပစ္စည်း တရား သည်ဧင်းရှိ၏။ ထိုအကြောင်း ဖြစ်သော၊ ဟေတုနှင့် အထောက် အပံ့ ဖြစ်သော ပစ္စယဘရားကပင်သျှင်၊ အနိစ္စဖြစ်ခဲ့ချေရကား။ အနိစ္စဖြစ်သော ယင်းအကြောင်း တရားကြောင့်၊ ဖြစ်ပေါ်လာသော။ အကျိုးဖြစ်သော ရုပ်တရားသည်။ အဘသ်မှာသျှင်၊ မြဲသောနိစ္စဘရား ဖြစ်နိုင်ဘော့အံ့နည်း။

ၒင်စစ်သော်ကား၊ အချဉ်မျိုးစေ့သည်၊ အချဉ်ကိုဖြစ်စေသကဲ့သို့၊ အခါး မျိုးစေ့သည်၊ အခါးကို ဖြစ်စေသကဲ့သို့။ ထိုအတူ–မိမိတို့ ဖြစ်စေဘော် ထောက်ပံ့ တတ်သော၊ အကြောင်း တရားက ပင်လျှင်။ မမြဲသော အနိစ္စ၊ ဖြစ်ခဲ့ချေတပြီကာ ။ ထိုအကြောင်းတရားကိုစွဲ၍၊ ဖြစ်သောရုပ်တရားသည် လည်း၊ အကြောင်းတရားကဲ့သို့ပင်၊အနိစ္စဖြစ်လေတော့သတည်းဟု၊ ယခင် စီစစ်ခြင်းကို ဖြေရိုအပ်၏။ ။

ရုပ်ဘိက္ခဝေအနိစ္စံ၊ ယောပိဟေတု–ယောဝိပစ္စယော။ ရူပဿဉပါဒါယ သောပိအနိစ္စော။ အနိစ္စသမ္ဘူတံ ဘိက္ခဝေရုပံ-ကုတောနိစ္စံဘဝိဿတိ။ ။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရုပ်၊ ရုပ်တရားသည်။ အနိစ္စံ၊ အနိစ္စတရားပေ တည်း။ ရူပဿ၊ အနိစ္စဖြစ်သော ရုပ်တရားကို။ ဉပါဒါယ၊ ဖြစ်စေခြင်းငှါ။ ယောပိဟေတု၊ အကြင်အကြောင်းဖြစ်သော, ဟေတုသည်ရှင်း။ ယောပိ ပစ္စယော၊ အကြင်အထောက်အပံ့ဖြစ်သော,ပစ္စယသည်ရှင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအကြောင်းဖြစ်သော ဟေတုနှင့် ပစ္စယသည်လည်း။ အနိစ္စော၊ အနိစ္စတရားပေတည်း။ ဘိက္ခဝေ၊ရဟန်းတို့။ အနိစ္စသမ္ဘူတံ၊ အနိစ္စကြောင့် ဖြစ်ပေါ်လာသော။ ရုပံ၊ ရုပ်တရားသည်။ ကုတော၊ အဘယ့်ကြောင့်။ နိစ္စံ၊ မြဲသည်။ ဘဝိဿတိ ဖြစ်နိုင်အံ့နည်း။ နဘဝိဿတိဧဝ၊ မဖြစ်တော့သည် သာတည်း။ ဤပါဠိအနက်ကို၊ နှုတ်တက် ဆောင်ခဲ့သော်၊ ရုပ်တရား၏ အနိစ္စဖြစ်ရခြင်း အကြောင်းတို့ကို၊ ထင်လင်းလှစွာ၊ သိနိုင်ရာသည်ဖြစ်၍၊ ထိုပါဠိအနက်ကို၊အာဂုံနှုတ်တက်၊ ဆောင်ရွက်ဖွယ်ကောင်းသတည်း။ ။

ဣဒံမေရူပ=စသည်ဖြင့်, ဟောတော်မူအပ်သော၊ ထိုရုပ်တရား အစု သည်၊ ရွေလျောဖေါက်သွဲ၊ ပျောက်ပဲတတ်ခြင်း၊ ခန်းခြောက်ပျုန်းတီး၊ ပျက်စီးတတ်ခြင်းကြောင့်သာလျှင်၊ အနိစ္စမည်သည်မဟုတ်သေး၊ စင်စစ် သော်ကား၊ ထိုရုပ်တရားသည်၊ ခြသေ့်, သစ်ကျား၊ ဘေးရန်များကဲ့သို့၊ ကြောက် မက်ဘွယ် ကောင်းလှသော သဘောကြောင့်ရှင်း၊ နှိပ်စက် ညှင်းပမ်း၊ နွမ်းနယ်စေတတ်သော သဘောကြောင့်ရှင်း၊ ဒုက္ခလည်းမည် သတည်းဟု သိစေခြင်းငှါ၊ (ဘယသေ့နေ,ပိဠနဋ္ဌေန ဒုက္ခံ) ဟူ၍၊ဘုရားမြတ် စွာဟောတော်မူအပ်၏၊ ထိုစကား မှန်လှစွာ၏၊ အကြင် ရုပ်တရားသည်၊

မမြဲခြင်းအနိစ္စ ကေနစင်စစ်မှန်၏။ ထိုအနိစ္စ အစစ်အမှန်၊ ကေနဖြစ်သော ရုပ်တရားကား။ သည်းဖျားလျှက်ခုံ၊ ဆပ်ဆပ်တုံမျှ။ ကြောက်မက်ဖွယ် ကောင်းလှသော ဘေးကိုဆောင်တတ် သည်သာလျှင်ဖြစ်၏။ ဘေးကို မဆောင်တတ်သော အနိစ္စတရား၊ ဟူ၍ကား မရှိတော့ပြီ ဟူလိုသည်။ ထို့ကြောင့်။ အဋ္ဌကထာ၌။ ။ယံဟိအနိစ္စံတံဘယံဟောတိ။ ။ဟူ၍မိန့်အပ်ပြီ။ ။ဟိသစ္စံ၊ထိုစကားမှန်စွ။ ယံအကြင်ရုပ်တရားသည်။ အနိစ္စံ။ အနိစ္စ ဖြစ်၏။ တံ၊ထိုနိစ္စဖြစ်သော ရုပ်တရားသည်။ ဘယံ၊ ခြင်္သေ့, ကျားနှယ်၊ ကြောက်မက်ဖွယ်သောဘေးကို။ ဝဟံ၊ အစဉ်မပြတ်။ ယူဆောင်တတ် သည်။ ဟောတိ၊ မုချဧကန်ဖြစ်ပချေ၏။ ။အနိစ္စဖြစ်သော ရုပ်တရား၏ ကြောက်မက် ဖွယ်သော၊ ဘေးကို ဆောင်ဟန်ကား။ သိဟောပမသုတ် ဝယ်။ ဒီဃာယုကပြဟ္မာတို့အားပင်လျှင်။ ကြောက်ရွံ့,လန့်ဖြတ်။ တုံလှုပ် စေတတ်သော အရေးကဲ့သို့မှတ်အပ်၏။ ထိုစကားကို ထင်ရှားစေဦးအံ့။

အခါတပါး။ ဘုရားမြတ်စွာသည်။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း တော်ဝယ်။သီတင်းသုံးတော်မူသောအခါ။ ဤသို့ဟောတော်မူ၏၊ ချစ်သား ရဟန်းတို့။ တောသုံးထောင်ကို အာဏာထံခိုး၊ အရိုးရသော, သားများ သနင်း၊ခြင်္သေ့မင်းသည်။ ခိုအောင်းနေရာ ဂူမှထွက်၍။ ကင်ပါယ်စမွှါယ်ပြီးလျှင် ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့ကို ရှုကြည့်ပြီး။ နှစ်ကြိမ်နှစ်ထပ် မြတ်သော၊ သီဟနာဒဟူသော၊ ခြင်္သေ့သံကို၊ ပြင်းထံမြည်ကြွေး။ ဟိန်း ဟောက်ပြီးမှ။ ကျက်စားအံ့သော၄ာ ဘဲသွားသတည်း။ ချစ်သားရဟန်း တို့။ ထိုကဲ့သို့ သံထင် ထိန်းထိန်း။ ဟိန်းဟောက်လိုက်သည်နှင့်တပြိုင်နက်။ တောသုံးထောင်အတွင်း၌။ မှီတင်းခိုအောင်း။သားပေါင်းများစွာ။ အကြင် အမှတ်မရှိကုန်သော။ တိရစ္ဆာန်သတ္တဝါတို့သည်။ သားများသနင်း။ ခြင်္သေ့မင်း၏ ဟိန်းဟောက်သံကို။ သောတပသာဒနားဖြင့်။ ကြားသိကြ ရ၍။ များသောအားဖြင့်။ ကြောက်ခြင်း၊ ထိပ်လန့်ခြင်း၊ တုံလှုပ်ခြင်းသို့ ရောက်ကြလေကုန်၏။ တွင်း၌ကိန်းအောင်းကုန်သော သတ္တဝါတို့သည်။ မိမိတို့နေရာတွင်းသို့။ အဆောတလျင် ပြောင်းကြလေကုန်၏။ ရေ၌ကိန်း အောင်းကုန်သောသတ္တဝါတို့သည်။ မိမိတို့နေရာရေအတွင်းသို့၊ ငုတ်လျှိုး သောလျှင်။ ပြေးဝင်ကြလေကုန်၏။ ပင်စည်ခက်လက်။ရောရှက်ရှုတ်ထွေး။ ချုံစေးထူထပ်စွာသော။ တော၌ ကိန်းအောင်းကုန်သော၊ သတ္တဝါတို့ သည်။ တောသို့အဆောတလျင်။ ပြေးဝင်ကြလေကုန်၏။ တောင်ဟုန် ဆန့်တန်း၍။ပျံသန်းခြင်း၄ာ စွမ်းနိုင်ကုန်သော။ ငှက်တို့သည်။ အထက်

ဝေဟင်၊ အာကာသကောင်းကင်သို့။ ပျံတက် ချင်းကပ်ကြ လေကုန်၏။ ချစ်သားတို့- ထိုကဲ့သို့၊ ဆိုအပ်ခဲ့ကုန်ပြီးသော။ သတ္တဝါတို့မှတပါး။ ရွှာနှံဂုမ်း၊ ရာဇဌာနီ။ မင်းနေပြည်တို့၌။ မြဲမြန်ခိုင်ခန့်စွာကုန်သော။ ထူးကြီး၊ မယ်နတို့ဖြင့်။နှောင်ဖွဲ့ရစ်ထင်၊ ချည်ထားအပ်ကုန်သော။ ရေမြေသဠ္ဌနင်း မင်းတို့အားထိုက်ကုန်သော။ မင်းစီးတော်ယာဉ်။ မင်္ဂလာ ဆင်ပြောင်ကြီး တို့သည်၊ ရှိကြကုန်၏။ ထိုဆင်ပြောင်ကြီးတို့စည်လျက်လည်း၊ ထိုအနှောင် အဖွဲ့၊ ထူးကြီးတိုက်ကို။ ကောင်းစွာ ဖြတ်တောက်ကုန်၍။ ပတ်လည်ဝန်းရံ တိုက်နံရံကို။ ဖေါက်ခွဲကုန်၍။ သီးစွာထိပ်လန့်၊ ကြောက်ရွံ့ကုန်ရကား။ မုတ္တကရီ-သမည်ရတုံချောင်း။ ကျင်ရေဟောင်းနှင့်။ ဓါတ်ဟောင်းဟူပြီး။ ပစ်ကျင်ကြီးကိုသော်လည်း။ သတ်ချုပ်တည်း။ မသိမ်းဆည်း စွမ်းနိုင် တော့သဖြင့်။ ဖြန်းဖြန်းပိုစွတ်။ ကိုယ်မှလွတ်ကုန်လျက်။ အမှတ်မရှိ။ ထိုမှ, ဤမှ၊ အရပ်မျက်နှာ အားဖြင့်မရွေးဘဲ။ ပြေးသွားကြကုန်၏။ ချစ်သား ရဟန်းတို့။ သားတို့၏သနင်း။ ခြင်္သေ့မင်းဟူသည်။ တောသုံးတောင်ခေါင်း ဝယ်။ တွင်းကျင်မြှင်ချေ။ ကြည်းရေကောင်းကင်၌။ ကျည်လည်ကျက်စား ကြကုန်သော။ တိရစ္ဆာန်များစွာ။ သတ္တဝါအမျိုးမျိုးတို့ကို။ မိမိအာဏာ ဖြင့်။ အုပ်ပိုးနိုင်ရကား။ ဤသို့ကြီးမြတ်သောတန်ခိုးရှိ၍။ မဟိဒ္ဓိကလည်း မည်ချေ၏။ တိရစ္ဆာန်များစွာ သတ္တဝါအလုံးစုံတို့ထက်။ ဤကဲ့သို့ဘုန်း သမ္ဘာရကြီးမြတ်ချေရကား။ မဟေသက္ခလည်း မည်ပေ၏။ တိရစ္ဆာန် သားအပေါင်းတို့သည်။ သောင်းသောင်းဖျဖျ။ ဝန်းရံခြံကြရသဖြင့်။ထက် မြက်ရှိန်စော်။ မြင့်မြတ်သောအာနုဘော်ရှိချေရကား။ မဟာနုဘာဝလည်း မည်ပေ၏။ ချစ်သားရဟန်းတို့။ ထိုဥပမာ၊ နည်းဘွယ်စွာလျှင်။ အကြင် အခါ၌။ အရဟံအစရှိကုန်သော ဂုဏ်တော်ကိုးတန်တို့ဖြင့်။ တန်ခိုးလျှံ တက်၍။ ဘဝဂ်သို့ဖေါက်ထွင်းသော။ လာခြင်းကောင်းစွာ။ ငါဘုရား မြတ်စွာသည်။ လောကသုံးပါး၌။ ကြွေငြာထင်ရှား။ ဘုရားဖြစ်တော်မူ၏။ ထိုဘုရားမြတ်စွာသည်။ ရုပ်တရားကား။ ဤသို့သဘောရှိ၏ဟု။ ဣတိရူပံ။ ဟူ၍သော်ငင်း။ ရုပ်တရား၏ ဖြစ်ကြောင်းသမုဒယကား။ ဤသို့သဘော ရှိ၏ဟု။ ။ဣတိရူပဿသမုဒယော=ဟူ၍ သော်ငင်း။ ရုပ်တရား၏ချုပ် ခြင်း။အတ္ထင်္ဂမကား။ ဤသို့သဘောရှိ၏ဟု၊ ဣတိရူပဿ အတ္ထင်္ဂမောဟူ၍ သော်ငင်း။ ဒေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်,တို့ကိုလည်း ။ထိုနည်းတူ လျှင်။ဝိညာဏ်ကားဤသို့သဘောရှိ၏ဟု။ ဣတိဝိညာဏံ-ဟူ၍သော်ငင်း၊ ဝိညာဏ်၏ ဖြစ်ကြောင်း,သမုဒယကား။ ဤသို့သဘောရှိ၏ဟု။ ဣတိ

ဝိညာဏဿ,ဘာဝုဒယော-ဟူ၍သော်ငင်း၊ ဝိညာဏ်၏ချုပ်ခြင်း၊ အဏ္ဍွက်မ
ကား။ ဤသို့သဘောရှိ၏ဟု။ ဇာတိဝိညာဏဿ, အဏ္ဍွက်မော-ဟူ၍သော်
ငင်း၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်အားဖြင့်။ ဥပါဒါနက္ခန္ဓာ
ငါးပါး။ အခြင်းအရာတရားကို။ ပိုင်းခြားမြွက်ဘော်၊ ဤသို့ဟောတော်
မူ၏။ ချစ်သားရဟန်းတို့၊ ထိုကဲ့သို့ဟောတော်မူသောအခါ၌။ အသက်
ရှည်စွာလျက်။ အဆင်း, အရောင်အဝါလည်း။ လျှန်းလျှန်းတောက်၍။
မြောက်များသော သုခဂုဏ်။ အထူးနှင့်ပြည့်စုံလျက်။ မြင့်မြတ်ကုန်သော
ရတနာဘုံဗိမာန်တို့၌။ ရှည်မြင့်စွာ တည်စံလျက် ရှိကြကုန်သော။ အကြင်
ပြဟ္မာကြီးတို့သည် ရှိကြကုန်၏။ ထိုပြဟ္မာကြီးတို့သော်လည်း။ လာခြင်း
ကောင်းတော်မူသော ငါဘုရား၏ တရားဒေသနာတော်ကို။ မျက်မှောက်
ထင်ရှား။ နာကြားကြကုန်ရကား၊ များသောအားဖြင့်။ ကြောက်ခြင်း။
ထိပ်လန့်ခြင်း။ တုန်လှုပ်ခြင်းသို့ရောက်ကြလေကုန်၏၊ တုန်လှုပ်၊ထိပ်လန့်၊
ကြောက်ရွံ့ကြပုံကား၊ ။အနိစ္စာဝ ကိရဘောမယံ သမာနာ, နိစ္စမှာတိ
အမညိမှ။ ။ဟူ၍ငင်း။ ။အဒ္ဓုဝါဝ ကိရဘောမယံ သမာနာ ဓုဝမှာတိ
အမညိမှ။ ။ဟူ၍ငင်း။ ။အသဿတာဝ ကိရဘောမယံ သမာနာသဿ
တမှာတိ အမညိမှ။ ။ဟူ၍ငင်း။ ။တုံလှုပ်,ထိပ်လန့်၊ ကြောက်ရွံ့ကြလေ
ကုန်၏။ ။ဘော၊ အိုအချင်းတို့။ မယံ၊ ငါတို့သည်။ အနိစ္စာဝ၊ ပျော်ပိုက်
ခိုလှုံ။ တည်ရာဘုံနှင့်တကွ၊ ငါးဝရုပ်နာမ်။ ငါတို့၏ခန္ဓာ ဟူသည်ကား။
အတည်အစွဲ မမြဲခြင်းအနိစ္စတို့သည်သာလျှင်။ သမာနာ၊ လုံးလုံးဧကန်။
ဖြစ်ရခြင်းမှန်ပါကုန်လျက်။ နိစ္စမှာတိ၊ အတည်အစွဲ အမြဲနိစ္စဖြစ်ကုန်ကြ
သတည်းဟု။ အမညိမှကိရ၊ သတိလွတ်ရှင်း၊ ပညာကင်း၍။ ချွတ်ယွင်း
မှတ်မှားကြလေကုန်၏တကား ။ဘော၊အိုအချင်းတို့။ မယံ၊ ငါတို့သည်။
အဒ္ဓုဝါဝ၊ ပျော်ပိုက်ခိုလှုံ၊ တည်ရာဘုံနှင့်တကွ။ ငါးဝရုပ်နာမ်၊ ငါတို့၏
ခန္ဓာဟူသည်ကား။ အတည်အစွဲ,မမြဲခြင်း။ အဒ္ဓုဝ,တုံးတို့သည်သာလျှင်။
သမာနာ၊ လုံးလုံးဧကန်။ ဖြစ်ရခြင်းမှန်ပါကုန်လျက်။ ဓုဝမှာတိ၊ အတည်
အစွဲ,အမြဲဓုဝ-ဖြစ်ကုန်ကြသတည်းဟု။ အမညိမှကိရ၊ သတိလွတ်ရှင်း။
ပညာကင်း၍၊ ချွတ်ယွင်း မှတ်မှားကြလေကုန်၏တကား။ ။ဘော၊ အို
အချင်းတို့ မယံ၊ ငါတို့သည်။ အသဿတာဝ၊ပျော်ပိုက်ခိုလှုံ။ တည်ရာဘုံ
နှင့်တကွ၊ ငါးဝရုပ်နာမ်။ ငါတို့၏ ခန္ဓာကိုယ် ဟူသည်ကား။ အတည်အစွဲ
မမြဲခြင်း။ အသဿတ, တုံးတို့သည်သာလျှင်။ သမာနာ၊ လုံးလုံးဧကန်။
ဖြစ်ရခြင်း မှန်ပါကုန်လျက်။ သဿတမှာတိ၊ အတည် အစွဲ, အမြဲ,သဿတ

ဖြစ်ကုန်ကြသတည်းဟု။ အမည်မှာကိရ၊ သဝင်လွတ်ရှင်း၊ ပညာကင်း၍။ ဥ္ဂုတ်ယွင်းမှတ်မှားကြ လေကုန်၏တကား။ ။သို့နောင်၊ မိမိတို့၏ကိုယ် အလုံးကား။ အနိစ္စတုံး၊ အဒ္ဓုဝဘုံး အသဿတဝင်း ဖြစ်သည်ပြင်။ သက္ကာယဉ္စပင် အကြီးပင်လျက် တည်ရှိဟန်ကို၊ ညာဏ်သံဝေထူးဖြင့်။ ရင့်ကြူးလိုပြန်၍။ ။မယံပိကိရ, ဘောအနိစ္စာ,အဒ္ဓုဝါ, အသဿတာ, သက္ကာယပရိယာပန္နာ။ ။ဟူ၍၊ မြွက်ဟသံချေ,ဆိုပြန်လေ၏။ ။

ဘော၊ ဒိုအချင်းတို့။ မယံ၊ ငါတို့သည်။ အငိဧကေန္တေန, စင်စစ်သဖြင့်။ အနိစ္စကိရ၊ ရွေ့လျောပေါက်လွဲ၊ ပျောက်စဲခြင်းအနိစ္စအစစ်, ဖြစ်ကြရလေ ကုန်သဘာတ်။ ဘော၊ ဒိုအချင်းတို့။ မယံ၊ ငါတို့သည်။ အဒိဧကန္တေန၊ စင်စစ်သဖြင့်။အဒ္ဓုဝါကိရ၊ မရွေ့ခိုင်ခံ ။ တည်တန့်စွာသော။ ရှုသဘော မှ၊ ရွေ့လျောသက်ဆင်း၍။ ဥ္ဂုတ်ယွင်းဆဲဆဲ။ မမြဲခြင်း အဓုဝ အစစ်။ ဖြစ်ကြရလေ ကုန်သဘာတ်။ ဘော၊ ဒိုအချင်းတို့။ မယံ၊ ငါသို့သည်။ အပိဧကန္တေန၊ စင်စစ်သဖြင့်။ အသဿတာကိရ၊ ကုန်ပျောက်ပျုန်းတီး။ ပျက်ပြီးယွင်းပေါက်၊ ခန်းချောက်ခြင်း၊ အသဿတ, ဖြစ်ကြရ လေ ကုန် သတတ်။ ဘော၊ ဒိုအချင်းတို့။ မသံ၊ငါတို့သည်။ သက္ကာယပရိယာပန္နာ ကိရ၊ ကိုယ်ဆင်ရှားရှိ၊ မြင်မှားဘိသော။ သက္ကာယဒိဋ္ဌိဖြင့်။ စွဲညီလုံးလုံး၊ ညာဏ်တိမ်ဖုံး၍။ သက္ကာယအလုံး၌ပင်၊ အကြီးပင်ကြရလေကုန်သတတ်၊

ဤကဲ့သို့ ဘုရားမြတ်စွာ၏။ မဟိဒ္ဓိက, မဟာသက္က, မဟာနုဘာဝ, ဟူကုန်သော။ ဘုန်းသမ္ဘာတော်တို့ကြောင့်။ အသက် အားဖြင့်လည်း ရှည်စွာလျက်။ အဆင်းအရောင်အဝါအားဖြင့်လည်း။ တင့်တယ်ဘောက် ပစွာ, ထိန်ထိန်လျှန်းလျက်။ ချမ်းသာခြင်း သုခဂုဏ်နှင့်လည်း။ မြောက် များစွာပြည့်စုံလျက်။ ရတနာဘုံဗိမာန်တို့၌ ရှည်မြင့်စွာ စံနေကြရသဖြင့်။ မိမိတို့၏ ဘုံနှင့်တထွ။ မိမိတို့၏ ကိုယ်ခန္ဓသည်ကား၊ မည်သည့်အခါမျှ၊ ပျက်ပြားဆုတ်ယုတ်။ ကုန်ချုပ်ခြင်းမရှိတော့ပြီဟု၊ နိစ္စဓုဝသဿတ, အ ယူကို ယူဆကြကုန်သော ဗြဟ္မာကြီးတို့သော်လည်း၊ မြတ်စွာဘုရားတည်း ဟူသောခြင်္သေ့မင်း၏၊ ခံတွင်းတော် ရတနာမှ၊ ဒေသနာ တော်သံကို။ နာခံကြရသဖြင့်။ မိမိတို့၏ ဘုံဗိမာန်နှင့် ခန္ဓာကိုယ်ကား။ အနိစ္စအဖြစ်၊ အဓုဝအဖြစ်၊ အသဿတ အဖြစ်ကို, သိကြရ၍။ တုံလှုပ် ထိပ်လန့်၊ ကြောက်ရွံ့ကြခြင်းဘေးဒုက္ခ, ဖြစ်ကြရလေကုန်၏၊ ဤသို့, မမြဲခြင်းအနိစ္စ ကိုစွဲ။ အရှုသဲလိုက်ခံ၊ ခိုက်ခိုက်တုံမျှ။ ဆင်းရဲခြင်းဒုက္ခ ပေါ်ပေါက်၍။

ကြောက်မက်ဖွယ် ဘေးဖြစ်ဟန်ကို ရည်မှတ်တော်မူခဲ့။ ။ယံဟိအနိစ္စံ တံဘယံဝဟံဟောတိ။ ။ဟူ၍, အဋ္ဌကထာဖွင့်ကို အောက်၌ ပြဆိုခဲ့သတည်း။ ။သိုကဲ့သို့အနိစ္စဖြစ်သောတရား၏။ ကြောက်မက်ဖွယ်၊ ထိပ်လန့်ဖွယ်ဖြစ်ကြရပုံကိုလည်း ထင်စေခြင်းငှါ ယခင်အဋ္ဌကထာ၌။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ၊ သီဟောပမသုတ်ကို ညွှန်ပြတော်မူသည်။ ။ထိုကြောင့်။ ။သီဟောပမသုတ္တေဒေဝါနံ့ဝိယ။ ။ဟူ၍၊အဋ္ဌကထာသျှင် သက်သေပြတင်တော်မူအပ်၏။ ကိံဝိယ၊ အနိစ္စဖြစ်သော ရုပ်တရား၏ ကြောက်မက်ဖွယ်အလား။ ထင်ရှားဖြစ်ပုံ၊ ဥဒဟာရဏ် အ ဘ ယ် သို့ နည်းဟူမူကား။ ။သီဟောပမ သုတ္တေ၊ ခြင်္သေ့လျှင် ဥပမာရှိသော။ သီဟောပမသုတ်၌။ ဒေဝါနံ့,ဝိယ။ အနိစ္စ၏အဖြစ်ကြောင့်စင်စစ်။ထိပ်လန့်ကြောက်ရွံ့ခြင်း၊ ဘေးဒုက္ခ ဖြစ်ကြရကုန်သော ဗြဟ္မာကြီးတို့၏ ကဲ့သို့တည်း။ ။ဤသို့,သီဟောပမသုတ်ကို၊ သက်သေပြယုဂ် ထုတ်ဆိုသည် အတိုင်း။ ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှ မငြီးမငွေ့ဘဲ။ မကြားမတွေ့ ကြရသေး ကုန်သောသူတို့။ ဘတ်ရှုဖို့သောငှါ။ အကျယ်ရေးသား လိုက်ပေသတည်း။ ။

ဤသီဟောပမသုတ်တော်အရ။ ဤရုပ်ကိုယ်ခန္ဓာသည်။ ခြင်္သေ့, သစ်ကျား၊ ဘေးရန်များနှယ်။ ကြောက်မက်ဖွယ်ဖြစ်သော၊ သဘောကြောင့်ရင်း နှိပ်စက်ညှဉ်းပမ်း။ နွမ်းနယ်စေဘတ်သော သဘောကြောင့်ရင်း။ ညှိုညင်ဆင်းရဲ။ သည်းခံနိုင်ခဲရကား။ ဒုက္ခစင်စစ်ဖြစ်ဟန်ကို သိအပ်၏။ ဤအရာ၌, အထူးစိစစ်ဖွယ်ကား။ ဤရုပ်တရားသည် ချမ်းသာသုခကို မရမရှိဘဲ။ ညှိုညင်ခက်ခဲစွာ, အဘယ့်ကြောင့် ဆင်းရဲဒုက္ခချည်းသာ။ ဖြစ်ရပါလေသနည်းဟု စိစစ်အပ်၏။ ထိုရုပ်ကိုဖြစ်စေခြင်းငှါ။ အကြင် အကြောင်းဖြစ်သောဟေတုသာသည်ရင်း။ အထောက်အပံ့ ဖြစ်သောပစ္စည်း တရားသည်ရင်းရှိ၏။ ထိုကဲ့သို့အကြောင်းဖြစ်သောဟေတုနှင့်အထောက် အပံ့ဖြစ်သောပစ္စည်း တရားကပင်လျှင်။ ဥပါဒ်, ဋ္ဌီ ဘင်,မှ မကင်းသဖြင့်။ ခြင်္သေ့,သစ်ကျား၊ ဘေးရန်များနှယ်။ ကြောက်မက်ဖွယ်ဖြစ်သော ဒုက္ခ သဘော။ နှိပ်စက်ညှဉ်းပမ်း၊ နွမ်းနယ်စေဘတ်သော ဒုက္ခသဘောဖြစ်ခဲ့ ချေရကား။ ထိုဒုက္ခသဘောကြောင့် ဖြစ်သောရုပ်သည်။ အဘယ်မှာလျှင် သုခရုပ် ဖြစ်နိုင်ပါတော့အံ့နည်း။ စင်စစ်မုချ,ဒုက္ခလုံးလုံး၊ ဒုက္ခတုံးသာ ဖြစ်ရလေဘော့၏ဟူလိုသည်။ ။ထိုကြောင့်။ ။ရူပံဘိက္ခဝေဒုက္ခံယော ဲ

ဟေတုယောပိပစ္စယော ရူပဿဥပ္ပါဒါယ၊ သောပိဒုက္ခော၊ ဒုက္ခသမ္ဘူတံ ဘိက္ခဝေ၊ ရူပံကုတောသုခံဘဝိဿတိ။ ။ဟူ၍၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူအပ်၏ ။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည်။ ဒုက္ခံ၊ဒုက္ခစင်စစ်,ဧကန် ဖြစ်၏။ ရူပဿ၊ ရုပ်တရားကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှါ။ ယောပိဟေတု၊ အကြောင်းအကြောင်းဖြစ်သော ဟေတုသည်ရင်း။ ယောပိပစ္စယော၊ အကြောင် အထောက်အပံ့ဖြစ်သော, ပစ္စယသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုအ ကြောင်းဖြစ်သော, ဟေတုနှင့်ပစ္စယသည်လည်း။ ဒုက္ခော၊ ဒုက္ခတရား ပေတည်း။ ဘိက္ခဝေ၊ရဟန်းတို့။ ဒုက္ခသမ္ဘူတံ၊ ဒုက္ခအကြောင်းကြောင့် ဖြစ်ပေါ်လာသော။ ရူပံ၊ အကျိုးဖြစ်သော ရုပ်တရားသည်။ ကုတော၊ အဘယ့်ကြောင့်။ သုခံ၊ ချမ်းသာခြင်းသုခသည်။ ဘဝိဿတိ၊ ဖြစ်နိုင်ပါ အံ့နည်း။ နဘဝိဿတိ ဧဝ၊ သုခစင်စစ်, မဖြစ်နိုင်တော့သည်သာတည်း။ ။ ဤပါဠိအနက်ကို နှုတ်တက်ဆောင်သော်၊ ရုပ်တရား၏ ဒုက္ခ ဖြစ်ရခြင်း။ အကြောင်းရင်းတို့ကို၊ ထင်လင်းပိုင်နိုင်၊ သိနိုင်ရာသည်ဖြစ်၍။ ထိုပါဠိ အနက်ကို နှုတ်တက်ဆောင်ရွက်ကြလင့်ကုန်။ ။

ဒုက္ခစင်စစ် ဖြစ်လေသကဲ့သို့။ ထိုအတူလျှင်၊ အလုံးစုံလည်းဖြစ်သော ထိုရုပ်တရားသည်။အနှစ်မရှိ,ပုတိညစ်ကြေး၊ ပုတ်ဆွေးတတ်သောသဘော ကြောင့်ရင်း။ စီရင်လွှမ်းမိုး၊ အစိုးမရသော သဘောကြောင့်ရင်း။ လိုရာ လိုရပ်၊ မလိုက်တတ်သောသဘောကြောင့်ရင်း။ အနတ္တစင်စစ်၊ ဖြစ်ပြန် သလျှင်ကတည်း။ ။ဝိစစ်ဘွယ်ကား။ ဤရုပ်တရားသည်။ အဘယ့်ကြောင့် အနတ္တ ဖြစ်ရသနည်း။ အတ္တသာလျှင် ဖြစ်ကောင်းရာသည်, မဟုတ်ပါ လောဟု၊ စောဒနာအင်၏။ အနိစ္စ,ဒုက္ခ၏ အကြောင်းပြအရာ၌။ ဆိုအပ်ခဲ့ ပြီးသောနည်းအတိုင်းပင်လျှင်။ ရုပ်ကိုဖြစ်စေခြင်းငှါ။ အကြောင်အကြောင်း ဖြစ်သော ဟေတုသည်ရင်း။ အထောက်အပံ့ဖြစ်သော ပစ္စယသည်ရင်း။ ရှိ၏။ထိုကဲ့သို့အကြောင်းဖြစ်သော ဟေတုနှင့်။ အထောက်အပံ့ဖြစ်သော ပစ္စယ တရားပင်လျှင်။ အနတ္တမျိုးစေ့ ဖြစ်ခဲ့ချေရကား။ အနတ္တတည်း ဟူသော အကြောင်းတရားကြောင့်။ ဖြစ်ပေါ်လာရသော အကျိုးတရား ဖြစ်သော, ဤရုပ်ခန္ဓာသည်။ အဘယ်မှာလျှင် ငါ၏ ကိုယ်ဟူသော အစိုး တရ, အတ္တတရား ဖြစ်နိုင်ပါအံ့နည်း။ အနတ္တ ဖြစ်သော အကြောင်း မျိုးစေ့နှင့်ဘူဇွာ။ အကျိုးဖြစ်သော ရုပ်တရားသည်။ အနတ္တဖြစ်ရချေ တော့သတည်းဟုဝိစစ်အပ်၏ထိုကြောင့်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်ကြီး၌။

ရူပံဘိက္ခဝေ အနတ္တာ, ယောဒိဟောတု ယောဒိပစ္စယော ရူပဿဥပ္ပါဒါယ၊ သောဒိ အနတ္တာ,အနတ္တ သမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတောအတ္တာ ဘဝိဿတိ။ ။ဟူ၍ဟောတော်မူအပ်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်တရားသည် အနတ္တာ၊ ကိုယ်ဟုမှတ်ချ၊အစိုးမရသော အနတ္တပေတည်း။ ရူပဿ၊အနတ္တဖြစ်သောရုပ်တရားကို။ ဥပ္ပါဒါယ၊ဖြစ်စေခြင်းငှာ ။ယောဒိ ဟောတု၊အကြင်အကြောင်းဖြစ်သော ဟေတုသည်၎င်း။ ယောဒိပစ္စယော၊ အကြင်အကြောင်းဖြစ်သော ပစ္စယသည်၎င် ။ အတ္ထိ၊ ရှိ၏။ သောဒိ၊ထိုအကြောင်းဖြစ်သော ဟေတုနှင့်။ အကြောင်းဖြစ်သော ပစ္စယသည်လည်း။ အနတ္တာ၊ ကိုယ်ဟုမှတ်ချ၊ စိုးမရသော အနတ္တပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အနတ္တသမ္ဘူတံ၊ အနတ္တဟူသော အကြောင်းကြောင့်, ဖြစ်ပေါ်လာသော။ရူပံ၊ အကျိုးဖြစ်သောရုပ်တရားသည်။ ကုတော၊ အဘယ့်ကြောင့်။ အတ္တာ၊ ကိုယ်ဟုသမုတ်၊ အတ္တရုပ်သည်။ ဘဝိဿတိ၊ ဖြစ်နိုင်ပါအံ့နည်း။ နဘဝိဿတိဧဝ၊အတ္တစင်စစ်, မဖြစ်နိုင်တော့သည်သာတည်း။ ။ဤပါဠိနှင့် အနက်ကို နှုတ်တက်ခဲ့သော်။ရုပ်တရား၏ အနတ္တဖြစ်ရခြင်း အကြောင်းရင်းတို့ကို။ သိမြင်နိုင်ရာသည်ဖြစ်၍။ လေ့လာဆောင်ရွက်၊ နှုတ်တက်ကြလင့်ကုန်။ ။

ဤအရာ၌အထူးမှတ်ဖွယ်ကား။ အနိစ္စအရာ၌။ ။ခယဋ္ဌေန,ဝယဋ္ဌေန။ ဟူ၍,အကြောင်းနှစ်ချက်သာပြ၏။ ။ဒုက္ခအရာ၌လည်း။ ။ဘယဋ္ဌေန, ပိဠနဋ္ဌေန။ ။ဟူ၍, အကြောင်း နှစ်ချက်ပင်ပြ၏။ ။အနတ္တအရာ၌ကား။ ။ အသာရကဋ္ဌေန. အ,နိဿရဋ္ဌေန, အ,ဝသဝတ္တနဋ္ဌေန။ ။ဟူ၍,အကြောင်း သုံးချက်ပြ၏။ ဤသို့ပြသည်အလို၊ အနိစ္စ,ဒုက္ခနှစ်ပါးကား။ ထင်ရှားသော ပါကဋတရားဖြစ်၍။ အကြောင်းနှစ်ချက်မျှသာ ပြတော်မူသည်။ အနတ္တကား။ မထင်ရှားသော အ,ပါကဋ တရားဖြစ်၍။ အကြောင်းသုံးချက် ပြတော်မူသည်ဟု မှတ်အပ်၏။ ထိုစကားမှန်၏။ လက်မှတစုံတခုသော အိုးငယ်,ခွက်ငယ်ကျ၍၊ ကွဲဖျခဲ့သော်။ ။အဟောအနိစ္စ။ ။သြော်မမြဲစွ ဟူ၍ဆိုကြကုန်၏။ ဤကဲ့သို့, အနိစ္စတရားသည်၊ ထင်ရှားသတည်း။ ။ အတ္တဘော၌။အိုင်းအမာစသည်တို့ပေါက်ရောက်ကုန်သော်၎င်း၊ သစ်ငုတ်ဆူးစသည်တို့ဖြင့် ထိခိုက်စူးခင်သော်၎င်း။ ။အဟောဒုက္ခ။ ။သြော်ဆင်းရဲစွဟူ၍, ဆိုမြည်တန်းကြကုန်၏။ ဤကဲ့သို့ဒုက္ခတရားသည်၊ ထင်ရှားသတည်း။ ။အနတ္တ လက္ခဏာကား။ ။အနိစ္စ, ဒုက္ခ, တို့ကဲ့သို့ မဟုတ်။ အမိုက်တိုက်အလားဖြစ်၍ ထိုးထွင်း၍သိနိုင်ခဲ,ပြနိုင်ခဲ,သိစေနိုင်ခဲရကား။

စင်စစ် အပါကဋ္ဌဖြစ်ချေသတည်း။ ထို့ကြောင့်၊ အနတ္တကို။ အကြောင်းဟိတ်သုံးချက် ပြတော်မူအပ်၏ဟု, မှတ်အပ်၏။ ။လက်သန်း အဋ္ဌကထာ၌ကား။" ။ခယဋ္ဌေနအနိစ္စံ။ ဘယဋ္ဌေနဒုက္ခံ။ အသာရကဋ္ဌေန အနတ္တာ။"။ ဟူ၍။ အကြောင်းဟိတ်တချက်စီသာ ပြ၏။ ။သင်းသို့ပြသည့် အလိုကား။ ထိုအနိစ္စ, ဒုက္ခ, အနတ္တ, လက္ခဏာ၌။ အကြောင်းဟိတ်တို့ကို။ နှစ်ချက်သုံးချက်စီပင် ပြသိစေကာမူ။ သမ္မသန၏ အစွမ်းအားဖြင့်ကား။ တပါးစီသာဖြစ်သင့်၏။ ထိုကဲ့သို့တပါးစီသာ ဖြစ်သင့်ခြင်းကို ငဲ့သောအားဖြင့် အကြောင်း တချက်စီသာ ပြသည်ဟု မှတ်ယူအပ်၏။ ထို့ကြောင့်, ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကြီး၌။ ။"အနိစ္စံ ခယဋ္ဌေနာတိ ဧတဿဝသေန ဧကံသမ္မသနံ"၊ ။ဟူ၍၎င်း။ ။ဒုက္ခံဘယဋ္ဌေနာတိ ဧတဿဝသေန ဧကံသမ္မသနံ။ ဟူ၍၎င်း။ "အနတ္တာအ,သာရကဋ္ဌေနာတိ ဧတဿဝသေန ဧကံသမ္မသနံ။" ဟူ၍၎င်း။ ။သမ္မသန,ဉာဏ်၊ တခုစီဖြစ်ဟန်ကိုပင်၊ ဖွင့်တော်မူအပ်၏။ ။

အနိစ္စံ ခယဋ္ဌေနာတိ ဧတဿ။ အနိစ္စံ ခယဋ္ဌေန,ဟူသော ဤပုဒ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဧကံသမ္မသနံ၊ တခုသောသမ္မသနဉာဏ်သည်။ ဟောတိ၊ဖြစ်၏။ ။ဒုက္ခံဘယဋ္ဌေနာတိ ဧတဿ၊ ဒုက္ခံဘယဋ္ဌေန, ဟူသော ဤပုဒ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဧကံသမ္မသနံ၊ တခုသော သမ္မသနဉာဏ်သည်။ဟောတိ၊ဖြစ်၏။ ။အနတ္တာ အ,သာရကဋ္ဌေနာတိ ဧတဿ အနတ္တာ အ,သာရကဋ္ဌေန,ဟူသော ဤပုဒ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဧကံသမ္မသနံ၊ တခုသော သမ္မသန ဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ။

ဤကဲ့သို့ သမ္မသနဉာဏ်တပါးစီသာ ဖြစ်သင့်ခြင်းကိုငဲ့သောအားဖြင့်။ အကြောင်း တချက်စီသာ ပြသည်ဟု မှတ်ယူအပ်၏။ ။တနည်း။ ။ အကျဉ်းချုံး၍ စီရင်အပ်သော။ သင်္ဂဟ အဋ္ဌကထာ ဖြစ်သည်အတိုင်း။ ဟိတ်တချက်စီသာ ပြသည်ဟူ၍လည်း ဆိုသင့်၏။ ။ဤသို့လျှင်, အနိစ္စ, ဒုက္ခ,အနတ္တ,ဟူသော၊ ဝိပဿနာ ဉာဏ်သုံးတန်ကိုစွဲ၍။ သမ္မသနဉာဏ် သုံးပါးသာ ဖြစ်သော်လည်း။ အပြားအားဖြင့် သော်ကား။ ထိုသမ္မသနဉာဏ်သည်။ တဆယ့်တပါး အပြားရှိသည်ဖြစ်၏။ ။ဖြစ်ဟန်ကား။ ။ ဆိုအပ်ခဲ့ပြီးသော အတီတတိက်အရ၊ ရုပ်သုံးခုတို့နှင့်၎င်း။ အဇ္ဈတ္တိကဒုက်စသော, ဒုက်လေးပါးအရ၊ ရုပ်ရှစ်ခုတို့နှင့်၎င်း။ ပေါင်းရုံးသောအားဖြင့်၎င်း။ တဆယ့်တပါးကုန်သော ရုပ်တို့၌။ အသီးအသီး, သမ္မသနဉာဏ်ဖြစ်ခဲ့ရကား။ သမ္မသနဉာဏ်ပေါင်း၊ တဆယ့်တပါးအပြားရှိသည်ဖြစ်၏။ ဤရူပကဏ္ဍ၌။ သမ္မသနဉာဏ်၊ ဆယ့်တတန်, ဆယ့်တပါး ပြားသကဲ့သို့။

ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့၌လည်း။ ဤနည်းနှင်နှင်။ တဆယ့်တပါးစီ ပြားရကား။ ခန္ဓာငါးပါးတို့၌။ ငါးဆယ့်ငါးပါးကုန်သော။ သမ္မသနညာဏ် တို့သည် ဖြစ်ကုန်၏။ ထိုငါးဆယ့်ငါးပါးတို့သည်။ အနိစ္စအားဖြင့်, ငါးဆယ့်ငါး။ ဒုက္ခအားဖြင့်, ငါးဆယ့်ငါး။ အနတ္တအားဖြင့်, ငါးဆယ့်ငါးဖြစ်၍။ သမ္မသနညာဏ်ပေါင်း။ တရာ့ခြောက်ဆယ့်ငါးပါးဖြစ်၏။ ထို ကိုသုံးပါး အပြားရှိသော။ အနုပဿနာ၏ အစွမ်းအားဖြင့်၊ မြှောက်ပွါးခဲ့သော်။ အသုံးရုံ, တရာ့ ခြောက်ဆယ့် ငါးပါးကုန်သော သမ္မသနညာဏ်တို့သည် ဖြစ်ကုန်၏။ ဤကား, အဋ္ဌကထာဆရာ၏, ဝါဒပေတည်း။ ။ကေစိ ဆရာတို့ သည်ကား။ အလုံးစုံသော ရုပ်ကိုငင်း။ အလုံးစုံသော ဝေဒနာကိုငင်း။ အလုံးစုံသော သညာကိုငင်း။ အလုံးစုံကုန်သော သင်္ခါရတို့ကိုငင်း။ အလုံးစုံသော ဝိညာဏ် ကိုငင်း။ ဤပုဒ်အပေါင်းကိုလည်း။ တဆယ့် တပါးတို့၌ ထည့်၍။ တခုတခုသော ခန္ဓာ၌။ သမ္မသနညာဏ် တဆယ့်နှစ်ပါးဖြစ်၏။ ထိုတဆယ့် နှစ်ပါးသည်။ ခန္ဓာငါးပါးတို့၌၊ ခြောက်ဆယ်ဖြစ်၏။ ထိုခြောက်ဆယ်ကို၊ အနိစ္စ, ဒုက္ခ, အနတ္တ, တည်းဟူသော။ အနုပဿနာ သုံးပါးဖြင့် မြှောက်ပွါး၍။ တရာ့ ရှစ်ဆယ်ကုန်သော၊ သမ္မသန ညာဏ်တို့သည်။ ဖြစ်ကုန်၏ဟု ဆိုကြကုန်၏။ ဤသို့ဆိုခြင်း၌။ သမသိတဗ္ဗဖြစ်သော၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ ဝိညာဏ်ကို၊ သမ္မသနညာဏ်သို့ ပေါင်းရုံးသည်ဖြစ်၍။ နှစ်သက်ဖွယ် မရှိရကား။ ဤဝါဒကို,ကေစိဝါဒဟူသတည်း။ ။

## ဤကား–ရူပက္ခန္ဓာကို တိက်ဒုက်အပြားတို့ဖြင့်, ဝေဘန်၍ သမ္မသနညာဏ် ဆယ့်တပါး ဖြစ်ဟန်ကို ဆိုခြင်းတည်း။

နာမက္ခန္ဓာဘရား လေးပါးတို့တွင်။ ဝေဒနက္ခန္ဓာ၏, အတိက်, အနာဂတ်, ပစ္စုပ္ပန်၏အဖြစ်ကို။ သန္တတိ၏ အစွမ်းအားဖြင့်ငင်း။ ခဏစသည်တို့၏ အစွမ်းအားဖြင့်သော်ငင်း, သိအပ်၏။ ထိုတွင်- သန္တတိ၏ အစွမ်းအားဖြင့်၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်,ဖြစ်ဟန်ကား။ တခုသောဝီထိ၊ တခုသောဇော။ တခုသော သမာပတ်၌, အကြုံးဝင်သော။ ဝေဒနာသုံးပါး။ ဝေဒနာငါးပါးသည်။ တခုသော ဝီထိတည်းဟူသော။ ခဏငယ် ငါးဆယ့်တချက်။ စိတ္တက္ခဏ, တဆယ့်ခွန်နှစ်ချက်ရှိသော၊ ပစ္စုပ္ပန် အာရုံနှင့်သှည်၍ ဖြစ်သည်၏ အဖြစ်ကြောင့်။ ပစ္စုပ္ပန် ဝေဒနာမည်၏။ ထိုပစ္စုပ္ပန် ဝီထိ၌

ရှေ့၌ဖြစ်၍။ချုပ်လေပြီး-ဝေဒနာ၊ သုံးပါး,ငါးပါးသည်။ အတိတ်ဝေဒနာမည်၏။ ထိုပစ္စုပ္ပန်ဝီထိမှနောက်၌ဖြစ်လတံ့သော ။ဝေဒနာ၊သုံးပါး,ငါးပါးသည်။ အနာဂတ် ဝေဒနာမည်၏။ ဤသို့- သန္တတိ၏ အစွမ်းအားဖြင့်။ ဝေဒနက္ခန္ဓာ၏။ အတိတ်,အနာဂတ်,ပစ္စုပ္ပန်၏အဖြစ်ကိုသိအပ်၏။ ။

ခဏစသည်၏ အစွမ်းအားဖြင့်ဆိုသော်ကား။ ဥပါဒ်,ဌီ, ဘင်ဟူသော ခဏငယ်သုံးချက်တို့ဖြင့် မှတ်အပ်သော။ ခဏတ္တယသို့ရောက်၍။ အာရုံ၏ အရသာကို ခံစားခြင်းတည်းဟူသော။ မိမိ၏ဝေဒယိတကိစ္စကို၊ ပြုဆဲ, ခံစားဆဲဖြစ်သော၊ သုခ,ဒုက္ခ,ဥပေက္ခာဟူသော ဝေဒနာသုံးပါး။ သုခ,ဒုက္ခ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာဟူသော၊ ဝေဒနာငါးပါးသည်။ ခဏတ္တယသို့ ရောက်ဆဲဖြစ်၍၊ ပစ္စုပ္ပန်မည်၏။ ထိုပစ္စုပ္ပန်ဝေဒနာမှရှေ့၌ ဖြစ်ပြီးချုပ်လေပြီးသော။ဝေဒနာသုံးပါး,ငါးပါးသည်။ခဏတ္တယသို့ရောက်ပြီးဖြစ်၍၊ အတိတ်မည်၏။ထိုပစ္စုပ္ပန်ဝေဒနာမှ နောက်၌ဖြစ်သော ဝေဒနာ သုံးပါး,ငါးပါးသည်။ ခဏတ္တယသို့ရောက်လတံ့ဖြစ်၍။ အနာဂတ်မည်၏။ ဤသို့ခဏတ္တယ၏အစွမ်းအားဖြင့်။ ဝေဒနက္ခန္ဓာ့ဖွဲ့စည်းရသော၊ ဝေဒနာ စေတသိက်၏။ အတိတ်,အနာဂတ်,ပစ္စုပ္ပန်၏ အဖြစ်ကိုသိအပ်၏။ ။

ထိုဝေဒနာကို။ ။အဇ္ဈတ္တံဝါ,ဗဟိဒ္ဓါဝါ,=ပုဒ်အရ။ အဇ္ဈတ္တ,ဗဟိဒ္ဓခွဲဝေ ဟန်ကား။ ။မိမိကိုယ်တွင်းသန္တာန်၌ဖြစ်သော၊ ဝေဒနာသုံးပါး၊ဝေဒနာ ငါးပါးသည်၊ အဇ္ဈတ္တမည်၏။ ဆင် မြင်း ကျွဲ နွား,သားမြေးချွေရံ၊ပြင်ပဖြစ် သောသူတို့၏။ သန္တာန်၌ဖြစ်သော၊ ဝေဒနာသုံးပါး၊ ဝေဒနာငါးပါးသည်။ ဗဟိဒ္ဓမည်၏။ ဤသို့ဝေဒနက္ခန္ဓာ၏၊ အဇ္ဈတ္တိက,ဗဟိဒ္ဓ၏အဖြစ်ကို သိအပ်၏။ ။

ဩဠာရိကံဝါ,သုခုမံဝါ=ပုဒ်အရ။ ထိုဝေဒနက္ခန္ဓာ၏ ဩဠာရိက၊သုခုမ၏ အဖြစ်ကို။ ဇာတိ၏အစွမ်းအားဖြင့်၎င်း။ သဘာဝ၏ အစွမ်းအားဖြင့်၎င်း။ ပုဂ္ဂိုလ်၏အစွမ်းအားဖြင့်၎င်း။ လောကီလောကုတ္တရာ၏ အစွမ်းအားဖြင့် ၎င်း,**သိ**အပ်၏။ ထိုလေးရပ်တို့တွင်။ ဇာတိ၏အစွမ်းအားဖြင့်၊ ဩဠာရိက သုခုမဖြစ်ဟန်ကား။ အကုသိုလ်ဝေဒနက္ခန္ဓာသုံးပါးသည်။ အပြစ်ရှိအောင် ပြုတတ်သော အကြောင်းတရားဖြစ်သောကြောင့်၎င်း။ ကိလေသာတို့ဖြင့် ပူပန်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း။ မငြိမ်သက်သော ဖြစ်ခြင်း ရှိရကား။ ဩဠာရိကမည်၏။ ကုသိုလ်အဗျာကတ ဝေဒနက္ခာ သုံးပါး လေးပါးသည်။ အကုသိုလ်၌ဆိုအပ်ပြီးသော အကြောင်းတရားမှပြန်သော အားဖြင့် သုခုမမည်၏။ ။တနည်း။ ။ကုသိုလ်-အကုသိုလ် ဝေဒနက္ခန္ဓာ

သုံးပါးသည်။ ဧြာင့်ကြမျာပါရန္ဓ်တကွ ဖြစ်ခြင်းကြောင့်ရင်း လုံ့လ
အားထုတ်ခြင်းနှင့်တကွ ဖြစ်ခြင်းကြောင့်ရင်း။ အကျိုးရှိသော သဝိပါက
တရားဖြစ်ခြင်းကြောင့်ရင်း။ ကိလေသာတို့ဖြင့် ပူပန်စေတတ် သည်၏
အဖြစ်ကြောင့်ရင်း။ အပြစ်ရှိသော သာဝဇ္ဇတရား ဖြစ်ခြင်းကြောင့်ရင်း။
သြဠာရိကမည်၏။ အဇ္ဈာကတသာ ဖြစ်သော၊ ဝေဒနက္ခန္ဓာ။ သုံးပါး,
လေးပါးသည်။ ဆိုအပ်ပြီးသည်မှ ပြန်သောအားဖြင့်၊ သုခုမမည်၏။ ။
သဘာဝ၏အစွမ်းအားဖြင့်။ သြဠာရိကသုခုမဖြစ်ဟန်ကား၊ ရှုံးရင်းကြမ်း
ထမ်းသော၊ ဒုက္ခဝေဒနာနှစ်ပါးသည်။ သက်သာရာမှ ကင်းခြင်းကြောင့်
ရင်း။ ပျံ့လွင့်ခြင်းနှင့်တကွ ဖြစ်ခြင်းကြောင့်ရင်း။ ချောက်ချားခြင်းကို
ပြုတတ်ခြင်းကြောင့်ရင်း။ ထိပ်လန့်ခြင်းကိုဖြစ်စေတတ်သောကြောင့်ရင်း။
နှိပ်စက်လွှမ်းမိုးတတ်သောကြောင့်ရင်း။ သြဠာရိကမည်၏၊ သုခဉပေက္ခာ
ဝေဒနာသုံးပါးသည်။ သာယာအပ်သော, သာတ သဘောကြောင့်ရင်း။
ငြိမ်သက်ခြင်းကြောင့်ရင်း။ မွန်မြတ်သောကြောင့်ရင်း။ နှလုံးကိုပွားစေ
တတ်သောကြောင့်ရင်း။ လျစ်လျူရှုတတ်သောကြောင့်ရင်း။ သုခုမမည်
၏။ ။တနည်း။ ။သုခ, ဒုက္ခဝေဒနာလေးပါးသည်။ ပျံ့လွင့်ခြင်းနှင့်တကွ
ဖြစ်ခြင်းကြောင့်ရင်း။ ထိပ်လန့်ခြင်းကို ဖြစ်စေတတ်သော ကြောင့်ရင်း။
ချောက်ချားခြင်းကို ပြုတတ်သောကြောင့်ရင်း။ ထင်ရှားသောကြောင့်ရင်း
သြဠာရိကမည်၏။ ဉပေက္ခာသာဖြစ်သော ဝေဒနာတပါးသည်။ ဆိုအပ်
ပြီးသည်မှ ပြန်သောအားဖြင့်။ သုခုမမည်၏။ ။ဤသို့သဘာဝ၏အစွမ်း
အားဖြင့်၊ သြဠာရိကသုခုမ၏အဖြစ်ကိုသိအပ်၏။ ။ပုဂ္ဂိုလ်၏အစွမ်းအား
ဖြင့်။ သြဠာရိက,သုခုမဖြစ်ဟန်ကား။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏
ဝေဒနာသည်။ အသူးထူးသောအာရုံ၌၊ ပျံ့လွင့်တတ်သည်၏ အဖြစ်
ကြောင့်။ သြဠာရိကမည်၏။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ဝေဒနာ
သည်။ အသူးထူးသောအာရုံ၌၊ မပျံ့လွင့်တတ်သည်၏ အဖြစ်ကြောင့်၊
သုခုမမည်၏။ ။ဤသို့ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်။ သြဠာရိက, သုခုမ၏
အဖြစ်ကိုသိအပ်၏။ ။လောကီလောကုတ္တရာ၏ အစွမ်းအားဖြင့်။ သြဠာ
ရိက, သုခုမဖြစ်ပါန်ကား။သောကီဝိတ်ရှစ်ဆယ့်တစ်၌။ယှဉ်သောဝေဒနာ
သည်။ အာသဝေါဖြစ်ခြင်း၏ အကြောင်းကြောင့်ရင်း။ သြဃလေးပါး။
ယောဂလေးပါး၊ ဂန္ထလေးပါး၊ နီဝရဏ,ခြောက်ပါး၊ ဉပါဒါန်လေးပါး
တို့နှင့်ယှဉ်ခြင်းကြောင့်ရင်း။ ညစ်နွမ်းစေတတ်သော၊ သံကိလေသာတရား

တို့နှင့် ယှဉ်တတ်သောကြောင့်ငင်း။ ပုတုဇဉ်တို့နှင့် ဆက်ဆံတတ်သော ကြောင့်ငင်း။ ဩဠာရိကမည်၏။ လောကုတ္တရာစိတ် ၅စ်ချ၌ ယှဉ်သော ဝေဒနာသည်။ အာသဝေါတရား ဖြစ်ခြင်း၏ အကြောင်းမဟုတ်သော ကြောင့်ငင်း။ ဩဃလေးပါး၊ ယောဂလေးပါး၊ ဂန္ထလေးပါး၊ နီဝရဏ ခြောက်ပါး၊ ဥပါဒါန်လေးပါးတို့နှင့် မယှဉ်ခြင်းကြောင့်ငင်း။ ညစ်နွမ်း စေတတ်သော၊ သံကိလေသ တရားတို့နှင့် မယှဉ်သောကြောင့်ငင်း။ အရိယာတို့နှင့် ဆက်ဆံသောကြောင့်ငင်း၊ သုခုမမည်။ ။ဤသို့ လောကီ လောကုတ္တရာ၏ အစွမ်းအားဖြင့်။ ဩဠာရိကသု ခုမ၏အဖြစ်ကို သိအင်၏။ ကျေးဇူးသျှင်ဆရာတော်ဘုရားကြီး၏၊ အနက်ယောဇနာတော်မူရာ၌၊ ။ ယာဝေဒနာ၊ အကြင်ဝေဒနာက္ခန္ဓာ တည်းဟူသော။ အကုသိုလ်ဝေဒနာ သုံးပါး။ ကုသိုလ် အကုသိုလ် ဝေဒနာသုံးပါး။ ။ဟူ၍ ယောဇနာတော် မူခြင်းကား။ ဇာတိ၏ အစွမ်းအားဖြင့်၊ ဩဠာရိကအဖြစ်ကို ယောဇနာ ခြင်းဖြစ်သည်။ ။ရုံးရင်းကြမ်းထမ်းသော၊ ဒုက္ခဝေဒနာနှစ်ပါး။ သုခ ဒုက္ခ ဝေဒနာလေးပါး။ ။ဟူ၍ ယောဇနာတော် မူခြင်းကား။ သဘာဝအစွမ်း အားဖြင့်။ ဩဠာရိကအဖြစ်ကို ယောဇနာခြင်း ဖြစ်သည်။ ။သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ။ ။ဟူ၍ ယောဇနာတော်မူခြင်း။ ။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်။ ဩဠာရိကအဖြစ်ကို ယောဇနာခြင်းဖြစ်သည်။ အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်သော ဝေဒနာ။ ။ဟူ၍ ယော ဇနာတော်မူခြင်းကား လောကီ၏ အစွမ်းအားဖြင့်။ ဩဠာရိကအဖြစ်ကို ယောဇနာခြင်း ဖြစ်သည်။ ဤကဲ့သို့ ပိုင်းခြားသိသန့်၍ ဇာတိ၏ အစွမ်း အားဖြင့် နှစ်ရပ်။ သဘာဝ၏ အစွမ်းဖြင့် နှစ်ရပ်။ ပုဂ္ဂိုလ်၏ အစွမ်း အားဖြင့်တရပ်။ လောကီ၏ အစွမ်းအားဖြင့်တရပ်,ဟူ၍။ ဩဠာရိကပုဒ်၌ ယောဇနာခြင်း ခြောက်ရပ်ကို ခွဲ၍မှတ်။ ။'သုခုမံဝါ'=ပုဒ်၌လည်း။ဩဠာ ရိကပုဒ်နည်းတူ။ ဇာတိ၏ အစွမ်းအားဖြင့် နှစ်ရပ်။ သဘာဝ၏ အစွမ်း အားဖြင့် နှစ်ရပ်။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် တရပ်။ လောကုတ္တရာ၏ အစွမ်းအားဖြင့်တရပ်။ ပေါင်းခြောက်ရပ်ပင်ဖြစ်၏။ အစဉ်အတိုင်းယှဉ်၍ ဩဠာရိက,သုခုမ၏ အဖြစ်ကို။ ယထာသင့်ာနည်းအတိုင်း ယူလေ။ ။

ဝေဒနာသုံးပါး, နှစ်ပါး, လေးပါး ဟူသည်၌။ စိတ်တို့၏ သောမနဿ ဥပေက္ခာ စသည်နှင့် ယှဉ်သင့်သည် အတိုင်း။ ထိုစိတ်၌ ယှဉ်သော ဝေဒနာကို ရည်မှတ်၍ ယောဇနာတော်မူသည်ဟု၍ သိလင့်။ ။ဤအရာ၌

အထူးဆိုဘွယ်ကား။ ။ဒြဗ္ဗာရိက, သုခုမအရာ၌။ ဓာတ်အစရှိသည်၏ အစွမ်းအားဖြင့်ပြားခြင်း။သံဘေဒကို ထုတ်နှုတ်ပါယ်ရှားအပ်၏။ ။

ထိုစကားကိုထင်ရှားစေဦးအံ့။ ။အကုသလဝိပါက်, ကာယဝိညာဏ် နှင့်ယှဉ်သော ဝေဒနာသည်။ ဓာတ်၏အစွမ်းအားဖြင့်။ အဗျာကတဖြစ် သည်၏ အဖြစ်ကြောင့်။ သုခုမ ဖြစ်သော်လည်း။ သဘာဝ စသည်တို့၏ အစွမ်းအားဖြင့်၊ ဩဠာရိကဖြစ်၏။ ထိုစကား မှန်၏။ ပါဠိတော်ကြီး၌။ အဗျာကတာဝေဒနာသုခုမာ၊ ဒုက္ခဝေဒနာဩဠာရိကာ။ သမာပန္နဿ ဝေဒနာသုခုမာ၊ အသမာပန္နဿဝေဒနာဩဠာရိကာ။ ။ယနာသဝါဝေဒနာ သုခုမာ။ သာသဝါဝေဒနာဩဠာရိကာ။ ။ဟူ၍ဘုရားဟောတော်မူခြင်း ကြောင့်။အဗျာကတ်ဖြစ်သော ဝိပါက်စိတ်၌ ယှဉ်သောဝေဒနာသည်၊ ။ အဗျာကတာဝေဒနာသုခုမာ။ ။ဟူ၍ ယခင်ပါဠိတော်ကြီး၌။ တိုက်ရိုက် ရှိရကား။ သုခုမမည်ရာချေသည်။ ယင်းသို့ဖြစ်သော်လည်း။ ထိုသုခုမ မည်သောဝိပါက်စိတ်သည်၊ ဝေဒနာအားဖြင့်, သုခုမ,မဟုတ်။ ။ဒုက္ခသဟ ဂတံကာယဝိညာဏံ။ ။ပါဠိအရ၊ ဒုက္ခဝိပါက်စိတ်ဖြစ်လေသောကြောင့်။ ဒုက္ခာဝေဒနာဩဠာရိကာ။ ။ဟူပြန်ချေရကား။ ယခင်က သုခုမဖြစ်သော ဝေဒနာသည်ပင်လျှင်။ ဒုက္ခဝေဒနာနှင့် ယှဉ်ကြသည်ဖြစ်၍။ ဩဠာရိက မည်ပြန်ချေတော့သည်။ ထိုကြောင့်, ဤဩဠာရိက, သုခုမအရာ၌။ ဓာတ် အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပြားခြင်း, သံဘေဒကို ထုတ်နှုတ်ပယ် ရှားအပ်၏ ဟူလိုသည်။ ။ဒုက္ခဖြစ်သော ဝေဒနာသည်။ ဓာတ်၏အစွမ်း အားဖြင့်, သုခုမဖြစ်လျက်။ သဘာဝစသည်တို့၏ အစွမ်းအားဖြင့်၊ ဩဠာ ရိကဖြစ်ပြန်သကဲ့သို့။ ထိုအတူ=သုခ စသည်တို့သည်လည်း။ ဓာတ်၏ အစွမ်းအားဖြင့်။ဩဠာရိကဖြစ်ကုန်လျက်။ သဘာဝစသည်တို့၏။ အစွမ်း အားဖြင့်။ သုခုမ ဖြစ်ပြန်ကြကုန်၏။ ထိုကြောင့်, ဓာတ် အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ကွဲပြားခြင်းသံဘေဒသည်။ အကြင် အခြင်းအရာအားဖြင့် မဖြစ်။ ထိုအခြင်းအရာအားဖြင့်။ ဝေဒနာတို့၏ ဩဠာရိက,သုခုမ၏ အဖြစ် ကိုသိအပ်၏။ ။ထိုစကားရပ်၏ အကျယ်, အဘယ်နည်းဟူမူကား။ ။ အဗျာကတဖြစ်သော ဝေဒနာသည်။ ဓာတ်၏ အစွမ်းအားဖြင့်၊ ကုသိုလ် အကုသိုလ် ဝေဒနာတို့ထက်။ နူးညံ့ သိမ်မွေ့သောကြောင့်။ သုခုမမည်၏ ဟူရာ၌။ အဘယ် အဗျာကတပေနည်း။ ။ဒုက္ခဝေဒနာဖြစ်သော အဗျာ ကတလော။ သုခုမဝေဒနာဖြစ်သော အဗျာကတလော။ သမာပတ်ဝင်စား သော ပုဂ္ဂိုလ်၏၊ အဗျာကတ ဝေဒနာလော။ သမာပတ် မဝင်စားသော

ပုဂ္ဂိုလ်၏, အဗျာကတ ဝေဒနာလော။ သာသဝဖြစ်သော အဗျာကတ ဝေဒနာလော။ အနာသဝဖြစ်သော, အဗျာကတဝေဒနာလော၊ ဤသို့သဘာဝစသည်တို့၏။ အပြားကိုမသုံးသပ်အပ်။ ဤဆိုအပ်ပြီးသော စကားရပ်ကို၊ ခပ်သိမ်းဉဿုံ, အလုံးစုံတို့၌၊ နည်းဥပဒေသ ပေတည်းဟု။ အဋ္ဌကထာ၌ဆိုသည်ကို ညာဏ်သတိပြု။ တနည်းကား ထိုထိုဝေဒနာကို ထောက်၍။ ထောက်၍ သြဠာရိက, သုခုမဝေဒနာကို မှတ်အပ်၏ဟု, ဟောတော်မူသောကြောင့်။ အကုသိုလ် ဝေဒနာတို့တွင်။ လောဘသဟဂုတ် ဝေဒနာထက်၊ ဒေါသသဟဂုတ် ဝေဒနာသည်။ အလွန်လျှင်မီးရာကို လောင်ကြွမ်းတတ်သောကြောင့်။ သြဠာရိကမည်၏။ လောဘသဟဂုတ် ဝေဒနာသည် သုခုမမည်၏၊ ဒေါသသဟဂုတ် ဝေဒနာသည်လည်း။ နိယတကံ၏, ဝေဒနာသည်။ သြဠာရိကမည်၏၊ အနိယတကံ၏, ဝေဒနာသည်၊ သုခုမမည်၏။ နိယတကံ၏ ဝေဒနာသည်လည်း။ တကမ္ဘာပတ်လုံး ငရဲ၌၊ တည်စွမ်းနိုင်သော၊ ကပ္ပဋ္ဌိကနိယတကံ၏ဝေဒနာသည်၊ သြဠာရိကမည်၏။ တကမ္ဘာပတ်လုံးငရဲ၌ မတည်စွမ်းနိုင်သော, နိယတကံ၏ ဝေဒနာသည်, သုခုမမည်၏။တကမ္ဘာပတ်လုံး ငရဲ၌ တည်စွမ်းနိုင်သော ဝေဒနာတို့ တွင်လည်း သင်္ခါရိကဝေဒနာသည်၊ သြဠာရိကမည်၏။ သသင်္ခါရိက ဝေဒနာသည်။ သုခုမမည်၏။ ဒေါမနဿ ဝေဒနာအရာ၌ မှတ်ဖွယ်။ ။လောဘသဟဂုတ် ဝေဒနာသည်ကား, ဒိဋ္ဌိသမ္ပယုတ် ဝေဒနာသည်။ သြဠာရိကမည်၏။ ဒိဋ္ဌိဝိပ္ပယုတ်ဝေဒနာသည်။ သုခုမမည်၏။ ဒိဋ္ဌိသမ္ပယုတ် ဝေဒနာသည်လည်း။ နိယတ,ကပ္ပဋ္ဌိက အသင်္ခါရိကဝေဒနာသည်၊ သြဠာရိက မည်၏။ အနိယတ အကပ္ပဋ္ဌိက, သသင်္ခါရိက ဝေဒနာသည်၊ သုခုမ မည်၏,ဟု ရှေးစကားရပ်ကို အကျယ်ချဲ့၍ သိအပ်၏။ ။ဤဆိုအပ်ခဲ့ပြီး သည်ကား-အကြောင်းတရားကိုစွဲ၍။ သြဠာရိက, သုခုမခွဲခြင်းတည်း။ အကျိုးကိုစွဲ၍ကား၊ သာမညအားဖြင့် အကုသိုလ် ဝေဒနာသည်။ များသောအကျိုး ဝိပါက်ရှိမှု။ သြဠာရိကမည်၏။ နည်းသော အကျိုးဝိပါက်ရှိမှု၊ သုခုမမည်၏။ ကုသိုလ်ဝေဒနာသည်ကား။ နည်းသောအကျိုး ဝိပါက်ရှိမှု။ သြဠာရိက မည်၏။ များသော အကျိုးဝိပါက်ရှိမှု သုခုမမည်၏။ ဤကား-အကျိုးကိုစွဲ၍၊ သြဠာရိက, သုခုမခွဲခြင်းတည်း။ ။ဘုံနည်း ဘုံကိုစွဲ၍ ခွဲသော်ကား။ ကာမာဝစရကုသိုလ် ဝေဒနာသည်။ သြဠာရိကမည်၏။ ရူပါဝစရ ဝေဒနာသည် သုခုမမည်၏။ ထိုထက်-အရူပါ ဝစရ ဝေဒနာသည်။ သုခုံမ မည်၏၊ ထိုထက်-လောကုတ္တရာဝေဒနာသည်၊ သုခုံမမည်၏။ ။

တနည်း။ ဒါန, သီလ,ဘာဝနာကိုစွဲ၍ခွဲ၍မှုကား။ ကာမာဝစရဖြစ်သော ဒါနဖြင့်ပြီးသော ဝေဒနာသည်။ ဩဠာရိက မည်၏။ သီလဖြင့်ပြီးသော ဝေဒနာသည်, သုခုမမည်၏။ သီလဖြင့်ပြီးသော ဝေဒနာ သည်လည်း။ ဩဠာရိကမည်၏။ ထိုထက်, ဘာဝနာဖြင့် ပြီးသော ဝေဒနာသည် သုခုမ မည်၏။ဘာဝနာဖြင့်ပြီးသော ဝေဒနာသည်လည်း ဒွိဟိတ်,တိဟိတ်နှစ်ပါး ရှိရာတွင်။ ဒွိဟိတ်ဝေဒနာသည်၊ ဩဠာရိကမည်၏။ တိဟိတ်ဝေဒနာသည်။ သုခုမမည်၏။ တိဟိတ်ဝေဒနာသည်လည်း။ အသင်္ခါရိက, သသင်္ခါရိက နှစ်ပါးရှိရာတွင်။ သသင်္ခါရိက ဝေဒနာသည်၊ ဩဠာရိကမည်၏။ အသင်္ခါရိက ဝေဒနာသည်။ သုခုမမည်၏။ ဤကား— ကာမစိတ်နယ် အတွင်း၌ ဩဠာရိကသုခုမတို့ကိုခွဲခြင်းတည်း။ ။

ရူပါဝစရ ဝေဒနာသည်လည်း။ ပထမဈာန်နှင့် ယှဉ်သော ဝေဒနာ သည်။ ဩဠာရိကမည်၏။ ဒုတိယဈာန်နှင့် ယှဉ်သော ဝေဒနာသည်၊ သုခုမ မည်၏။ ဒုတိယဈာန်နှင့် ယှဉ်သော ဝေဒနာသည်ပင်လျှင်။ ဩဠာရိက။ တတိယဈာန်နှင့် ယှဉ်သော ဝေဒနာသည်၊ သုခုမ။ ထိုတတိယဈာန် နှင့်ယှဉ်သော ဝေဒနာသည်ပင်၊ ဩဠာရိက။ စတုတ္ထဈာန်နှင့် ယှဉ်သော ဝေဒနာသည်သုခုမ။ ထိုစတုတ္ထ ဈာန်နှင့် ယှဉ်သော ဝေဒနာ သည်ပင် ဩဠာရိက။ ပဉ္စမဈာန်နှင့် ယှဉ်သော ဝေဒနာသည်။သုခုမမည်၏ဟု။ ရူပါ ဝစရဈာန်ငါးတန်ကိုလည်း။ အစဉ်အတိုင်း, ဩဠာရိက သုခုမ၏အဖြစ်ကို သိအပ်၏ ။

အရူပါဝစရ ဝေဒနာသည်လည်း။ အာကာသာနဉ္စာယတန ဈာန်နှင့် ယှဉ်သောဝေဒနာသည်။ ဩဠာရိကမည်၏။ ဝိညာဏဉ္စာယတန ဈာန်နှင့် ယှဉ်သော ဝေဒနာသည်။ သုခုမမည်၏။ ထိုဝိညာဏဉ္စာယတန ဈာန်နှင့် ယှဉ်သော ဝေဒနာသည်ပင်၊ ဩဠာရိက။ အာကိဉ္စ ညာယတန ဈာန်နှင့် ယှဉ်သောဝေဒနာသည်သုခုမ။ ထိုအာကိဉ္စညာယတန ဈာန်နှင့်ယှဉ်သော ဝေဒနာသည်ပင်၊ ဩဠာရိက။ နေဝသညာ, နာသညာယတန ဈာန်နှင့် ယှဉ်သောဝေဒနာသည်၊ သုခုမ။ဤသို့အရူပါဝစရဈာန်လေးတန်ကိုလည်း အစဉ်အတိုင်း ဩဠာရိက, သုခုမ၏ အဖြစ်ကို သိအပ်၏။ ။

လောကုတ္တရာ ဝေဒနာသည်လည်း။ သောတာပတ္တိမဂ်နှင့် ယှဉ်သော ဝေဒနာသည်၊ ဩဠာရိက။ သကဒါဂါမိမဂ်နှင့် ယှဉ်သော ဝေဒနာသည် သုခုမ။ ထိုသကဒါဂါမိမဂ်နှင့် ယှဉ်သော ဝေဒနာသည်ပင်၊ ဩဠာရိက၊

အနာဂါမိ မဂ်နှင့်ယှဉ်သော ဝေဒနာသည်၊ သုခုမ။ ထိုအနာဂါမိမဂ်နှင့် ယှဉ်သော ဝေဒနာသည်ပင်၊ ဩဠာရိက။ အရဟတ္တမဂ်နှင့်ယှဉ်သော ဝေဒနာသည်၊ သုခုမ။ ဤကဲ့သို့ မဂ်လေးတန်ကို၊ ဩဠာရိက, သုခုမ၏ အဖြစ်အားဖြင့်ဝေဘန်အပ်၏။ ။

ဩကာသ၏အစွမ်းအားဖြင့်ကား။ ငရဲ၌ဒုက္ခဝေဒနာသည်၊ ဩဠာရိက မည်၏။ တိရစ္ဆာန်မျိုး၌ ဒုက္ခဝေဒနာသည်၊ သုခုမ,မည်၏။ ဤသို့သော နည်းဖြင့်။ ပြိတ္တာ, အသူရကာယ်၊ မနုဿ၊ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊တုသိတာ၊ နိမ္မာန,ရတိ၊ ပရနိမ္မိတ, ဝသဝတ္တီ၊ ဘုံတိုင်အောင်။ ဒုက္ခဝေဒနာကို၊ ဩဠာရိက, သုခုမအဖြစ်ကို၊ ဝိစစ်ဝေဘန်ရာ၏။ ဒုက္ခ ဝေဒနာအတူ, သုခုမ ဝေဒနာကိုလည်း။ ယထာနုရူပအတိုင်းယှဉ်အပ်၏။ ဤကား- ဩကာသ၏အစွမ်းအားဖြင့်၊ ဩဠာရိက, သုခုမခွဲခြင်းတည်း။ ။ ဝတ္ထု၏အစွမ်းအားဖြင့်လည်း။ ယုတ်သောဟိနဝတ္ထုလျှင် မှီရာရှိသော၊ အမှတ်မရှိသောဝေဒနာသည်၊ ဩဠာရိကမည်၏။ မွန်မြတ်သောပဏီတ ဝတ္ထုလျှင်မှီရာရှိသော အမှတ်မရှိသော ဝေဒနာသည်၊ သုခုမ, မည်၏။ ဤကား-ပဏ္ဍု၏ အစွမ်းအားဖြင့်၊ ဩဠာရိက, သုခုမ ခွဲခြင်းတည်း။ ။ ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့်။ ခန္ဓာငါးပါးတို့တွင်၊ ဝေဒနက္ခန္ဓာ ဖွဲ့စည်းရသော,ဝေဒနာဝေဘင်သိက်၏။"ဩဠာရိကံဝါ, သုခုမံဝါ· ပုဒ်အရ၊ ဩဠာရိက,သုခုမဖြစ်ပုံ၊အလုံးစုံကိုဝိစစ်၍၊ပြဆိုခြင်းပေတည်း။ ။

"ဟီနာဝါ,ပဏီတာဝါ"=ပုဒ်အရ။ ။ထိုဝေဒနက္ခန္ဓာ၏၊ ဟီန,ပဏီတ အပြားကိုကား၊ ဤသို့မှတ်သားအပ်၏။ အကြင်ဝေဒနာသည်၊ ဩဠာရိက ဖြစ်၏။ထိုဩဠာရိကဖြစ်သောဝေဒနာသည်၊ ဟီနမည်၏။ အကြင်ဝေဒနာ သည်,သုခုမဖြစ်၏။ ထိုသုခုမဖြစ်သော ဝေဒနာသည်၊ ပဏီတမည်၏။ ဤသို့မှတ်သားအပ်၏။ ထိုကြောင့်။ ကျေးဇူးသျှင်ဆရာတော်ဘုရားကြီး သည်။ ။"ဟီနာဝါ,ပဏီတာဝါ-"ပုဒ်တို့ကို။မေ၊ ငါ၏။ဟီနာ၊ ယုတ်ညံ့ သော။ ယာဝေဒနာ၊ အကြင်ဝေဒနက္ခန္ဓာ တည်းဟူသော, ဩဠာရိက ဝေဒနာသည်ရင်း။ မေ၊ ငါ၏။ ပဏီတာ၊ မွန်မြတ်သော။ ယာဝေဒနာဝါ၊ အကြင်ဝေဒနက္ခန္ဓာတည်းဟူသော၊ သုခုမ, ဝေဒနာသည်ရင်း။ ။ဟူ၍- ယောဇနာတော်မူလေသည်။ ယင်းသို့ယောဇနာတော်မူခြင်းသည်။ ။

"ယာ,ဩဠာရိကာ,သာ,ဟီနာ,ယာစ,သုခုမာ,သာ,ပဏီတာတိဒဋ္ဌဗ္ဗာ။ ဟူသောအဋ္ဌကထာဖွင့်နှင့်ညီတော်မူပေ၏။ ။သာ၊ အကြင် ဝေဒနာသည်။ ဩဠာရိကာ၊ ဩဠာရိကဖြစ်၏။ သာ၊ ထိုဩဠာရိက ဖြစ်သောဝေဒနာ

သည်။ ဟိနာ၊ဟိနမည်၏။ ယာစ၊အကြင်ဝေဒနာသည်ကား။သုခုမာ၊သုခုမ ဖြစ်၏။ သာ၊ ထိုသုခုမဖြစ်သောဝေဒနာသည်။ ပဏီတာ၊ ပဏီတမည်၏။ ဣတိ၊ဤသို့။ဒဋ္ဌဗ္ဗာ၊မှတ်အပ်၏။ ။ဤကား - ဝေဒနက္ခန္ဓာ၏၊ ဟိန, ပဏီတ အဖြစ်ကိုစိစစ်ပြဆိုခြင်းပေတည်း။ ။

"ယာဒုရေသန္တိကေပါ-ပါဠ္ဌ အရ။ ။ဒူရ, သန္တိကပုဒ်၌၊ ဝေဒနက္ခန္ဓာ ဖွဲ့စည်းရသော,ဝေဒနာစေတသိက်၏၊ ဒူရ, သန္တိက ဖြစ်ဟန်ကား။ ။ အကုသိုလ်ဝေဒနာသည်။ ကုသိုလ်အဗျာကတ ဖြစ်ကုန်သော၊ ဝေဒနာ တို့မှ၊ဒူရမည်၏ဟူ၍ရင်း။ ယင်းအကုသိုလ်ဝေဒနာသည်၊ မိမိနှင့်, ဇာတိ သဘော၊ တူသောအကုသိုလ်ဝေဒနာ၏၊ သန္တိကေဟူ၍ရင်း။ ဤသို့စသော နည်းဖြင့်။ ဝိဘင်း၌,ဝေဘန်တော်မူအပ်သည်ဖြစ်၍။ ဒူရ, သန္တိကဟူသည် ကို။ ကုသိုလ်, အကုသိုလ်, အဗျာကတ, တရားကိုစွဲ၍ရင်း။ သုခ, ဒုက္ခ, ဥပေက္ခာကိုစွဲ၍ရင်း။ သမာပန္န, အသမာပန္န, အရာကိုစွဲ၍ရင်း။ သာသဝ, အနာသဝ,အရာကိုစွဲ၍ရင်း။ ဝေဘန်သင့် ဝေဘန်ထိုက်၏။ ထိုလေးရပ် တို့တွင်။ ကုသိုလ်,အကုသိုလ်, အဗျာကတကိုစွဲ၍။ ဒူရ,သန္တိက,ဝေဘန် သင့်,ဝေဘန်ထိုက်ဟန်ကား။ဤဆိုလတ္တံ့သောစကားအစဉ်ပင်တည်း။ ။ အကုသိုလ်ဝေဒနာသည်။ ကုသိုလ်အဗျာကတဝေဒနာတို့နှင့်, သဘော မတူသော၊ ဝိသဘာဂ အားဖြင့်ရင်း။ မနိုး, မနှော၊ မရောပြွမ်းသော။ အသံသဋ္ဌအားဖြင့်ရင်း။ တူသောဖြစ်ခြင်းမရှိသော ၊အသရိက္ခကအားဖြင့် ရင်း။ အကြောင်းတိုက်ဆိုင်, မပြိုင်ချေရကား။ ကုသိုလ်အဗျာကတ ဝေဒနာတို့မှဝေး၍, ဒူရမည်၏။ ယင်းအကုသိုလ် ဝေဒနာသည်ပင်လျှင်။ အကုသိုလ်ဖြစ်သော ဝေဒနာနှင့်သော်ကား။ သဘောတူသော သဘာဂ အားဖြင့်ရင်း။ နှိုးနှောရောပြွမ်းသော, သံသဋ္ဌအားဖြင့်ရင်း။ တူသောဖြစ် ခြင်းရှိသော၊ သရိက္ခကအားဖြင့်ရင်း။ နီးစပ်ခဲ့ရကား။ အကုသိုလ်ဝေဒနာ ၏ သန္တိကဖြစ်၏။ ဤသို့-ကုသိုလ်, အကုသိုလ်, အဗျာကတ, ဝေဒနာ တို့၏ဒူရ,သန္တိကအဖြစ်ကိုသိအပ်၏။ ဤကုသိုလ်, အကုသိုလ်, အဗျာကတ နည်းတူ။ သုခ,ဒုက္ခ, ဥပေက္ခာ,ဝေဒနာတို့၏ရင်း။ သမာပန္န, အသမာပန္န, ဝေဒနာတို့၏ရင်း၊ သာသဝ, အနာသဝ, ဝေဒနာတို့၏ရင်း။ ဒူရ,သန္တိက အဖြစ်ကိုသိအပ်၏။ ထို့ကြောင့်-အနီးအဝေးဟူရာ၌။ ချင်းချင်းသဘာဂ, သံသဋ္ဌ, သရိက္ခက ကို။ အနီးချင်းချင်း, ဝိသဘာဂ, အသံသဋ္ဌ, အသ ရိက္ခကကိုအဝေးဟူ၍မှတ်။ ထိုကြောင့်။ ကျေးဇူးသျှင် ဆရာတော်ဘုရား ကြီးသည်၊သန္တိကေပုဒ်ကို။ ။ဇာတိသဘော၊ တူနှောရင့်သီး၍။ နီးသည်

ဟုဆိုအပ်သော။ ။ဟုအနက်ယောဇနာတော် မူအပ်သည်။ နူဧရပုဒ်ကိုကား။ ။ဓာတ်ဖြစ်ရေး၊မတူသေးကြောင့်။ဝေးသည်ဟုဆိုအပ်သော။ ။ဟူ၍ အနက်ယောဇနာတော်မူအပ်သည်ကိုသိ။ ။ဤကား- ဝေဒနက္ခန္ဓာ၏အရာ၌။ အတိတတိက်ဖြင့်ရင်း။ ဒုက်လေးတန်တို့ဖြင့်ရင်း။ ဝေဘန်ခွဲခြမ်းခြင်းတည်း။ ထိုသို့ဝေဘန်ခွဲခြမ်းအပ်သော။ ဝေဒနက္ခန္ဓာ ဖွဲ့စည်းရသောဝေဒနာအပေါင်း၏။ ခယဋ္ဌ,ဝယဋ္ဌ,အကြောင်းကြောင့်။အတည်အစွဲမရှိခြင်းဟူသော,အနိစ္စဖြစ်ဟန်ကိုရင်း။ ဘယဋ္ဌ,ပီဠနဋ္ဌ,အကြောင်းကြောင့်။ ငြိုငြင်ဆင်းရဲ၊ သည်းခံနိုင်ခဲခြင်းဟူသော၊ ဒုက္ခဖြစ်ဟန်ကိုရင်း။ အသာရကဋ္ဌ, အနိဿရဏဋ္ဌ, အဝသဝတ္တနဋ္ဌ, အကြောင်းကြောင့်။ ငါဟုသမုတ်၊ ကိုယ်မဟုတ်နိုင်ရာချေ။ ဟူသော, အနတ္တ ဖြစ်ဟန်ကိုရင်း။ ရူပက္ခန္ဓာ၌ ပြဆိုအပ်ခဲ့ပြီးသောနည်းကို။ ယထာရဟမှီး၍ မှတ်အပ်-သိအပ်၏။ ။

## ဝေဒနက္ခန္ဓာ၌၊ သမ္မသနဉာဏ်ကို ဆိုသည်ကားပြီးပြီ

သညာက္ခန္ဓာ၏ အရာ၌။ အတိဘတိက်ဖြင့် ဝေဘန်ခြင်းသည်။ ရှေး-ဝေဒနက္ခန္ဓာနှင့် အဖြစ်တူ, အချုပ်တူ၊ ကေပ္ပါဒ, ကေနိရောဓ, တရားမျိုးဖြစ်၍။ အတီတာနာဂတ ပစ္စုပ္ပန္နအရာ၌ မထူးတော့ပြီ။ ဝေဒနက္ခန္ဓာအတိုင်း၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ဟန်ကိုသိလေ။ ။(အဇ္ဈတ္တဗဟိဒ္ဓါဝါ-ပုဒ်အရ။ ။အဇ္ဈတ္တ ဗဟိဒ္ဓခွဲဝေဟန်လည်း။ ရှေးဝေဒနက္ခန္ဓာ၌ဆိုအပ်ပြီးသည်အတိုင်း။ ကိုယ်သန္တာန်၌ဖြစ်သော သညာသည်၊ အဇ္ဈတ္တ။ ဆင်မြင်းကျွဲနွား၊ သားမြေးခြွေရံ၊ အပသန္တာန်၌ဖြစ်သော သညာသည်၊ ဗဟိဒ္ဓ။ ဤသို့အနက်ယောဇနာတော်မူတိုင်းမှတ်အပ်၏။ ။

## အဇ္ဈတ္တ,ဗဟိဒ္ဓကားပြီး၏။

ဩဠာရိကာဝါ, သုခုမာဝါ-ပုဒ်အရ။ ။သညာက္ခန္ဓာ၏၊ ဩဠာရိက, သုခုမဖြစ်ဟန်ကား။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ။ ဇိဝှါဒွါရ။ကာယဒွါရ၊ ဟူသော, ငါးဒွါရ၌ဖြစ်သော။ ပဉ္စဒွါရိကသညာသည်၊ ဩဠာရိကမည်၏။ မနောဒွါရ၌ဖြစ်သော။ မနောဒွါရိကသညာသည်။ သုခုမ, မည်၏။ တနည်း၊ အကုသိုလ် သညာသည်၊ ဩဠာရိက။ ကုသိုလ် အဗျာကတသညာသည်၊ သုခုမ။ တနည်း။ ကုသိုလ်, အကုသိုလ် သညာသည်။ ဩဠာ

ရိက။ အဗျာကတသာဖြစ်သောသညာသည်။ သုခုမ။ တနည်း။ ဒုက္ခဝေဒနာ နှင့် ယှဉ်သော သညာသည်၊ ဩဠာရိက။ သုခ,ဥပေက္ခာ ဝေဒနာနှင့် ယှဉ် သောသညာသည်။ သုခုမ။ တနည်း။ သုခ, ဒုက္ခ ဝေဒနာတို့နှင့် ယှဉ်သော သညာသည်၊ဩဠာရိက။ ဥပေက္ခာဝေဒနာနှင့်သာယှဉ်သော သညာသည်၊ သုခုမ။ တနည်း၊ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ သညာသည်၊ ဩဠာ ရိက။ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏သညာသည်၊ သုခုမ။ တနည်း၊ အာသဝေါတရား လေးပါးတို့၏၊ အာရုံဖြစ်သောသညာသည်၊ ဩဠာရိက။ အာသဝေါတရား လေးပါးတို့၏။ အာရုံမဖြစ်သော သညာသည်၊ သုခုမ။ ဟူ၍, အစုံအစုံ အားဖြင့်။ ဩဠာရိက- သုခုမ- ခွန်နှစ်ဌာနတို့ကို။ အစဉ် အတိုင်းဟပ်၍ ယှဉ်၍ရင်း။ မည်သို့သော အကြောင်းကြောင့်၊ ဩဠာရိက။ မည်သို့သော အကြောင်းကြောင့်။ သုခုမဖြစ်ရခြင်းကိုရင်း။ ရှေး, ဝေဒ နက္ခန္ဓာ၌။ ဆိုအပ်ပြီးသော အကြောင်း စကားရပ်ဖြင့်။ သိသာထင်ရှား လောက်ပြီဖြစ်၍။ ဤသညက္ခန္ဓာအရာ၌။ ဩဠာရိက, သုခုမ ဖြစ်ကြောင်း တို့ကို၊ မဆိုတော့ပြီ။ အထူးကား။ ပဋိဃ ရိကသညာသည်၊ ဩဠာရိက။ မနောဒွါရိက သညာသည် သုခုမ၊ ဟူသော ပထမအချက် တခုသည် သာလျှင်။ ရှေး၌ မဆိုခဲ့သေးသောကြောင့်၊ အထူးဖြစ်၏။ ထိုကြောင့်၊ ထိုပဋိဃရိကသညာ၏၊ ဩဠာရိက၊ မနောဒွါရိကသညာ၏။ သုခုမ, ဖြစ် ဟန်ကိုသာ ဆိုဦးအံ့။ ။ပဋိဃရိကသညာ၊ မနောဒွါရိကသညာနှစ်ရပ် တွင်။ မနောဒွါရိက သညာသည်ကား။ တညောင်စောင်း တည်း၌ရင်း။ တအင်ပျဉ်တည်း၌ရင်း။ ထိုင်နေ၍လည်း။ အရာတပါးကို ကြံစည်သော သူကိုရင်း။ အရာတပါးကို၊ ဝိတက်ဖြစ်သော သူကိုရင်း။ အဘယ်ကို, သင် ကြံစည်သနည်း။ အဘယ်သို့၊ ဝိတက်ဖြစ်သနည်းဟု မေးမြန်း၍။ ထိုသူ၏ ပြန်လည်ပြောကြားသော၊ စကား အစွမ်းအားဖြင့် သာလျှင်။ သိအပ်သော ကြောင့်၊ သုခုမ,မည်၏။ပဋိဃရိကသညာကိုကား။တိုက်ရိုက် မမေးမြန်းဘဲ ကြည့်ရှု၍လည်း သိခြင်းငှါ၊ တတ်ကောင်း၏၊ ထိုကြောင့်၊ ထိုပဋိဃရိက သညာသည်။ ဩဠာရိကမည်၏။ ။သံဘွယ်သမှု, ထုံးဥတ္တုကား။ ။ ရှေးအခါ—မိမ္မငယ် နှစ်ယောက်တို့သည်။ ထိုင်နေကုန်လျက်။ ချည်ကိုငင် ကြကုန်၏။ ရဟန်းငယ်နှစ်ပါးတို့သည်။ ရွာ၌လှည့်လည် ကုန်လပ်သော်။ တယောက်သော ရဟန်းသည်။ ရှေ့မှသွားလျက်။ တယောက် သောမိမ္မကို ကြည့်ရှုသတတ်။ ထိုအခါ· တယောက်သောမိမ္မက။ ထိုကဲ့သို့၊ အကြည့် ခံရသော အပေါင်မိမ္မကို။အဆွေမ, အဘယ့်ကြောင့် ဤရဟန်းသည်။သင့်ကို

ကြည့်ရှု သနည်းဟုမေး၏။ ထိုအခါ အမေးခံရသော၊ အပေါ်မိမ္မက။ အဆွေမ။ ဤရဟန်းငါ့ကို ကြည့်ရှုခြင်းသည်။ ဝိသဘာဂစိတ်ဖြင့်မကြည့်ရှု၊ စင်စစ်သော်ကား။ နှမငယ်ဟူသော အမှတ်ဖြင့်သာလျှင်၊ ငါ့ကို, ထိုရဟန်း ကြည့်ရှုရာသတည်း,ဟု ပြော၏။ ထိုရဟန်းငယ် တို့သည်လည်း၊ ရွာ၌ လှည့်လည်ကုန်ပြီး၍၊ နေရာစရပ်၌, ထိုင်နေကုန်သည်ရှိသော်၊ တပါးသောရဟန်းက၊ ထိုကြည့်ရှုသောရဟန်းကို။ ငါ့ရှင်, ရွာ၌ဆွမ်းခံကုန်စဉ် သင်သည်ထိုမိမ္မကိုကြည့်ရှုအပ်သလောဟု မေး၏။ ငါ့ရှင်,ငါသည် ထိုမိမ္မကို ကြည့်ရှုအပ်၏ဟု ဆို၏။ အဘယ်အလို့ငှါ၊ ထိုမိမ္မကို သင်ကြည့်ရှုအပ်သနည်းဟု မေးမြန်းလပ်သော်ငါ၏ နှမငယ်နှင့်, တူသည်၏ အဖြစ်ကြောင့်၊ ထိုမိမ္မကိုကြည့်ရှုခဲ့လေပြီ,ဟူ၍ ပြောကြား၏။ ဤသို့ ပဋ္ဌဝ္ခါရိက သညာကို၊ ပြင်ပဖြစ်သူ လူတို့က ကြည့်ရှု၍လည်း။ အတွင်းဖဲတ်နေစိတ်ထားကို၊ ထင်ထင်ရှားရှား၊ သိခြင်းငှါစွမ်းနိုင်ချေကား။ သြဠ္ဌာရိက ဟူသတည်း။ ဤသာကေဝဏ္ဏကား- ခန္ဓဝိဘင်းအဋ္ဌကထာပါဠိ။ သညာကန္ဓနိဒ္ဒေသတွင်လာ၏။ ။ဤသည်လျှင် ပဋ္ဌဝ္ခါရိကသညာ၏၊ သြဠ္ဌာရိက ဖြစ်ခြင်း၌၊ယုံဘွယ်သမှု, ထုံးဝဏ္ဏုပေကည်း။

## သြဠ္ဌာရိက,သုခုမကား—ပြီး၏။

---

## ဟိနာဝါ ပဏီတာဝါ-ပုဒ်အရ၌လည်း။

အကုသိုလ်ဗိပါ်၌ ယှဉ်သော အကုသိုလ် သညာသည်၊ ဟိန။ ကုသိုလ် အဗျာကတ သညာသည်၊ ပဏီတ။ တနည်း။ ကုသိုလ်အကုသိုလ်သညာ သည်၊ ဟိန။ အဗျာကတသာ ဖြစ်သောသညာသည်၊ ပဏီတ။ တနည်း ဒုက္ခ ဝေဒနာနှင့် ယှဉ်သောသညာသည်၊ ဟိန။ သုခဉပေက္ခာ ဝေဒနာနှင့် ယှဉ်သောသညာသည်၊ ပဏီတ။တနည်း။ သုခဒုက္ခဝေဒနာတို့နှင့် ယှဉ်သောသညာသည်၊ဟိန။ ဉပေက္ခာဝေဒနာနှင့် သာယှဉ်သော သညာသည်၊ ပဏီတ။တနည်း။ သမာပတ် မဝင်စားသောပုဂ္ဂိုလ်၏သညာသည်၊ ဟိန။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ သညာသည်၊ ပဏီတ။တနည်း။ အာသဝေါတရားလေးပါးတို့၏၊ အာရုံဖြစ်သောသညာသည်၊ ဟိန။အာသဝေါ တရား လေးပါးတို့၏။ အာရုံမဖြစ်သောသညာသည်၊ ပဏီတ။ ဤသို့ခွဲ၍ ဇာတိ၊ သဘာဝ၊ ပုဂ္ဂလ၊ လောကီ,လောကုတ္တရာအားဖြင့်၊ ဟိန,ပဏီတကို သိလေ။ ။ယာဒူရေ သန္တိကေဝါ=ပါဠိအရ။ သညာက္ခန္ဓာ၏ဒူရ,သန္တိက

ဖြစ်ဟန် ကား။ ရှေးဝေဒနက္ခန္ဓာ နှင့်၊ အဖြစ်တူအချုပ်တူ။ ဧကုပ္ပါဒ,ဧက နိရောဓ တရားမျိုးဖြစ်၍။ ဝေဒနက္ခန္ဓာ၌ ဆိုအပ်ပြီးသော နည်းအတိုင်း ပင်လျှင်။ ကုသိုလ်, အကုသိုလ်, အဗျာကတသညာ။ သုခ,ဒုက္ခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်သောသညာ။ သမာပတ်ဝင်စား မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ သညာ။ အာသဝေါတရားလေး ပါးတို့၏၊ အာရုံ ဖြစ် မဖြစ် သောသညာ။ ဤသညာလေးရပ်ကို သတ်မှတ်ပြီးလျှင်။ အကုသိုလ်သညာ သည်၊ကုသိုလ် အဗျာကတ သညာ တို့နှင့်။ သဘော မတူသော၊ဝိသဘာဂ အားဖြင့်၎င်း။ မနှီးမနှော မရောပြွမ်း သော၊ အသံသဋ္ဌအား ဖြင့်၎င်း တူသော ဖြစ်ခြင်း မရှိသော၊ အသရိက္ခကအားဖြင့်၎င်း။ အနန္တရာဒိပစ္စည်း စသည်တို့ဖြင့်၊ အကြောင်းတူဆိုင်၊ မပြိုင်နိုင်ချေရကား။ ကုသိုလ်အဗျာ ကတ သညာတို့မှ ဝေးသည်ဖြစ်၍၊ ဒူရမည်၏။ ယင်းအကုသိုလ်သညာ သည်ပင်လျှင်။ အကုသိုလ်ဖြစ်သော သညာနှင့်သော်ကား။ ချင်းချင်း သဘော တူသော သဘာဂအားဖြင့်၎င်း။ နှီးနှောရောပြွမ်းသောသံသဋ္ဌ အားဖြင့်၎င်း။ တူသော ဖြစ်ခြင်း ရှိသောသရိက္ခက အားဖြင့်၎င်း။ အနန္တ ရာဒိပစ္စည်းတတ်၍၊ နီးစပ်ခဲ့ရကား။ အကုသိုလ် သညာ၏ သန္တိကေ မည်။ ဤသို့ ကုသိုလ် အကုသိုလ် အဗျာကတသညာတို့၏။ ဒူရသန္တိက အဖြစ်ကို သိအပ်၏။ ဤကုသိုလ် အကုသိုလ် အဗျာကတ သညာအတူ။ သုခ ဒုက္ခ ဥပေက္ခာတို့နှင့် ယှဉ်ကုန်သော သညာတို့၏ ၎င်း၊ ဒူရသန္တိက အဖြစ် ကို လည်း သိ အပ် လေ တော့ ပြီ။ ထိုကြောင့် ဆိုအပ်ခဲ့ပြီးသော ဝိသဘာဂ အသံသဋ္ဌ အရိက္ခက အားဖြင့်။ မိမိတို့ချင်းချင်း ဖြစ်ခဲ့သော် ဇာတိဖြစ်ရေး၊ မတူသေးကြောင့်။ ဝေးသည်ဟုဆိုအပ်သော။ ။ဟူ၍ ဆရာတော်ဘုရားကြီး၊ ယောဇနာတော်မူသည့်အတိုင်း။ ဒူရေသညာဟူ၍ သိ။သဘာဂ၊သံသဋ္ဌ၊ သရိက္ခက အားဖြင့် မိမိတို့ချင်းချင်း ဖြစ်ခဲ့မူ။ ။ ဇာတိသဘော၊ တူနှောရင့်သီး၍၊ နီးသည်ဟုဆိုအပ်သော၊ ။ဟူ၍ဆရာ တော်ဘုရားကြီး ယောဇနာတော် မူသည့်အတိုင်း။ သန္တိကေသညာ ဟူ၍သိ။ ။

**ဒူရသန္တိက—ပြီး၏။**

ဤကား—သညာက္ခန္ဓာ၏အရာ၌။ အတီတတိတ်ဖြင့်၎င်း။ ဒုက်လေးတန် တို့ဖြင့်၎င်း။ ဝေဘန်ခွဲခြမ်းခြင်းတည်း။ ။ထိုသို့ဝေဘန်ခွဲခြမ်း အပ်သော သညာက္ခန္ဓာဟူ၍ ဖွဲ့စည်းရသော သညာ အပေါင်း၏ ခယဋ္ဌ ဝယဋ္ဌ အကြောင်းကြောင့်။ အတည်အစွဲအမြဲ မရှိခြင်းဟူသော အနိစ္စဖြစ်ဟန်ကို ၎င်း။ ဘယဋ္ဌပိဠနဋ္ဌ အကြောင်း ကြောင့်။ ငြိုငြင်ဆင်းရဲ သည်းခံနိုင်

ခဲခြင်းဟူသော ဒုက္ခဖြစ်ဟန်ကိုရင်း။ အသာရကတ္တ, အနိဿရဏတ္တ, အဝသဝတ္တနတ္တ၊ အကြောင်းကြောင့်။ ငါဟုသမုတ်, ကိုယ်မဟုတ်နိုင်ရာ ချေဟူသော, အနတ္တ ဖြစ်ဟန် ကိုရင်း၊ ရှေးရူပက္ခန္ဓာ၌ ဆိုအပ်ပြီးသော နည်းကို၊ယထာရဟာမှီး၍ သိအပ်မှတ်အပ်၏။ ။

**သညာက္ခန္ဓာ၌ သမ္မသနဉာဏ်ကို ဆိုသည်ကား ပြီးပြီ။**

---

သင်္ခါရက္ခန္ဓာ၏အရာ၌၊ အတိတ်တတိက်ဖြင့် ဝေဘန်ခြင်းသည်။ ဝေဒနက္ခန္ဓာနှင့်ရင်း။ သညာက္ခန္ဓာနှင့်ရင်း။ အဖြစ်တူ,အချုပ်တူ၊ ဇေပ္ပဒ,ဇောနိရောဓ, တရားမျိုးတူ ဖြစ်၍။ အတိဘာ နာဂတ, ပစ္စုပ္ပန္န-အရ၌ မထူးတော့ပြီ။ သန္တတိ၏ အစွမ်းအားဖြင့်ရင်း။ ခဏစသည်တို့၏ အစွမ်းအားဖြင့်ရင်း။ အတိတ်,အနာဂတ်,ပစ္စုပ္ပန်တို့ကို၊ ရှေးဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ အတိုင်း, ဝေဘန်လေ။ ။

စေတသိက်ငါးဆယ်နှစ်တို့တွင်။ ဝေဒနာစေတသိက်ကား၊ဝေဒက္ခန္ဓာ။ သညာစေတသိက်ကား၊ သညာက္ခန္ဓာ။ ကြွင်းစေတသိက် ငါးဆယ်ကား၊ သင်္ခါရက္ခန္ဓာဟူ၍၊ ခန္ဓာဖွဲ့ခြင်းသာလျှင်၊ အထူး ဖြစ်၏။ ။အဇ္ဈတ္တာဝါ, ဗဟိဒ္ဓါဝါ- ပုဒ်၌လည်း။ ရှေးနည်းအတူ၊ ကိုယ်တွင်း၌ ဖြစ်သော စေတသိက်ငါးဆယ် ဟူသော သင်္ခါရက္ခန္ဓာသည်။ အဇ္ဈတ္တ၊ ဆင်မြင်းကျွဲနွား, သားမြေးခွေးရုံ၊ အပသန္တာန် ဖြစ်သော၊ စေတသိက်ငါးဆယ် ဟူသော သင်္ခါရက္ခန္ဓာသည်၊ ဗဟိဒ္ဓ။ ။ဤသို့ခွဲ။ ။

**အဇ္ဈတ္တ ဗဟိဒ္ဓကား ပြီး၏။**

---

ဩဠာရိကာဝါ, သုခုမာဝါ- ပုဒ်အရ။ ။သင်္ခါရက္ခန္ဓာ၏ ဩဠာရိက၊ သုခုမ ဖြစ်ဟန်ကား။ သင်္ခါရက္ခန္ဓာတည်း ဟူသော၊ အကုသိုလ် သင်္ခါရတို့သည်၊ ဩဠာရိက။ သင်္ခါရက္ခန္ဓာတည်းဟူသော၊ ကုသိုလ်အဗျာကတ သင်္ခါရတို့သည်၊ သုခုမ။ တနည်း။ သင်္ခါရက္ခန္ဓာ တည်းဟူသော ကုသိုလ် အကုသိုလ် သင်္ခါရတို့သည်၊ ဩဠာရိက။ အဗျာကတသာ ဖြစ်ကုန်သော သင်္ခါရတို့သည်၊သုခုမ။ ဤကား-ဇာတိအားဖြင့်, ဩဠာရိက၊ သုခုမဖြစ်ပုံ။ တနည်း။ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်သော, သင်္ခါရတို့သည်၊ ဩဠာရိက။ သုခ, ဥပေက္ခာတို့နှင့် ယှဉ်ကုန်သော သင်္ခါရတို့သည်၊ သုခုမ။ တနည်း။

သုခ ဒုက္ခ ဝေဒနာ တို့နှင့်၊ ယှဉ်ကုန်သော သဒ္ဒါရ တို့သည်၊ ဩဠာရိက။ ဥပေက္ခာဝေဒနာနှင့်သော၊ ယှဉ်ကုန်သော သဒ္ဒါရတို့သည်၊ သုခုမ။ ဤကား၊ သဘာဝအားဖြင့်၊ ဩဠာရိက, သုခုမဖြစ်ပုံ။ ။တနည်း၊ သမာပတ်မဝင် စားသော ပုဂ္ဂိုလ်၏၊ သဒ္ဒါရ တို့သည်၊ ဩဠာရိက သမာပတ် ဝင်စား သောပုဂ္ဂိုလ်၏ သဒ္ဒါရတို့သည်၊ သုခုမ။ ။ဤကား၊ ပုဂ္ဂိုလ်၏ အစွမ်း အားဖြင့်၊ ဩဠာရိက, သုခုမဖြစ်ပုံ။ ။တနည်း။ အာသဝေါတရား လေး ပါးတို့၏ အာရုံဖြစ်ကုန်သော သဒ္ဒါရ တို့သည်၊ ဩဠာရိက။ အာသဝေါ တရားလေးပါးတို့၏ အာရုံမဖြစ်ကုန်သော သဒ္ဒါရ တို့သည်၊ သုခုမ။ ။ ဤကား။ လောကီ လောကုတ္တရာ၏၊ အစွမ်းအားဖြင့်၊ ဩဠာရိက သုခုမ ဖြစ်ပုံ။ ။ဤသို့၊ ဩဠာရိက သုခုမတို့ကို။ ဇာတိ၊ သဘာဝ၊ ပုဂ္ဂလ၊ လောကီ လောကုတ္တရာဟူသော လေးရပ်သော ဌာနဖြင့်။ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာအတိုင်းခွဲလေ၊ ။

## ဩဠာရိက သုခုမကား၊ ပြီး၏။

ဟီနဒုက ပဏီတာဝါ- ပုဒ်အရ။ ယင်းသဒ္ဒါရက္ခန္ဓာ၏၊ ဟီန ပဏီတ ဖြစ်ဟန်ကား။ ။ဝေဒနက္ခန္ဓာနှင့် မတူသဲ။ သညာက္ခန္ဓာ အတိုင်း။ ဟီန ပဏီတကို ခွဲရမည်။ ခွဲဟန်ကား။ သဒ္ဒါ ရက္ခန္ဓာ တည်းဟူ ကုန်သော အကုသိုလ် သဒ္ဒါရတို့သည်၊ ဟီန။ ကုသိုလ်အဗျာကတ သဒ္ဒါရ တို့သည်၊ ပဏီတ။ တနည်း။ ကုသိုလ်အကုသိုလ်သဒ္ဒါရတို့သည်၊ ဟီန။ အဗျာကတ သာဖြစ်ကုန်သော၊ သဒ္ဒါရတို့သည်၊ ပဏီတ။ တနည်း။ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်သောသဒ္ဒါရတို့သည်၊ ဟီန။ သုခ ဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ် ကုန်သော သဒ္ဒါရတို့သည်၊ ဟီန။ ဥပေက္ခာ ဝေဒနာနှင့်သာ ယှဉ်ကုန် သော သဒ္ဒါရ တို့သည်၊ ပဏီတ။ တနည်း။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏၊ သဒ္ဒါရ တို့သည်၊ ဟီန။ သမာပတ်ဝင်စားသောပုဂ္ဂိုလ်၏ သဒ္ဒါရ တို့သည်၊ ပဏီတ။ တနည်း။ အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ် ကုန်သော သဒ္ဒါရတို့သည်၊ ဟီန။ အာသဝေါတရား လေးပါးတို့၏ အာရုံ မဖြစ်ကုန်သော သဒ္ဒါရတို့သည်၊ ပဏီတ။ ဤသို့ သညာက္ခန္ဓာ အတိုင်း။ ဟီန,ပဏီတကိုခွဲလေ။ ။

## ဟီန ပဏီတကား၊ ပြီး၏။

ယေနုရေ,သင်္တိကေဝါ-ပုဒ်အရ။ ။သင်္ခါရက္ခန္ဓာ၏။ နုရသင်္တိက ဖြစ်ခြင်းသည်လည်း။ ရှေးဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာတို့နှင့် အတူ၊ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ သင်္ခါရ၊ သုခ ဒုက္ခ, ဥပေက္ခာ, ဝေဒနာ တို့နှင့် ယှဉ်ကုန်သော သင်္ခါရ။ သမာပတ်ဝင်စား။ မဝင်စားကုန်သော ပုဂ္ဂိုလ်တို့၏ သင်္ခါရ။ အာသဝေါ တရား လေးပါးတို့၏ အာရုံ, မဖြစ်ကုန်သော သင်္ခါရ။ ဤသင်္ခါရ လေး ရပ် ကို ပိုင်း ခြား သတ်မှတ်လျက် အကုသိုလ် သင်္ခါရတို့သည်။ ကုသိုလ်အဗျာကတ သင်္ခါရတို့နှင့်, သဘောမတူသော ဝိသဘာဂအားဖြင့်ရင်း။ မနှိုးနှော, မရောပြွမ်းသော၊ အသံသဋ္ဌအားဖြင့်ရင်း။ တူသောဖြစ်ခြင်းမရှိသော၊ အသရိက္ခကအားဖြင့်ရင်း၊ အနန္တရာဒိပစ္စည်းစသည်တို့ဖြင့်၊ အကြောင်းတူဆိုင်, မပြိုင်နိုင်ချေရကား။ ကုသိုလ်အဗျာကတသင်္ခါရတို့မှ ဝေးသည်ဖြစ်၍၊ နုရမည်ကုန်၏။ ယင်းအကုသိုလ်သင်္ခါရ တို့သည်ပင်လျှင်။ အကုသိုလ်သင်္ခါရတို့နှင့် သော်ကား၊ ချင်းချင်း သဘောတူသော သဘာဂအားဖြင့်ရင်း။ နှိုးနှောရောပြွမ်းသော သံသဋ္ဌအားဖြင့်ရင်း၊ တူသောဖြစ်ခြင်းရှိသောသရိက္ခကအားဖြင့်ရင်း။ အနန္တရာဒိပစ္စည်းတပ်၍၊ နီးစပ်ခဲ့ရကား။ အကုသိုလ် သင်္ခါရတို့၏၊ သန္တိကေမည်ကုန်၏။ ဤသို့ကုသိုလ်အကုသိုလ်,အဗျာကတသင်္ခါရတို့၏၊နုရေသန္တိကေ အဖြစ်ကို သိအပ်၏။ ဤကုသိုလ် အကုသိုလ်, အဗျာကတ သင်္ခါရတို့၏ နည်းတူ။ သုခဒုက္ခဥပေက္ခာ ဝေဒနာတို့နှင့် ယှဉ်ကုန်သော သင်္ခါရတို့၏ ရင်း။ သမာပန္န အသမာပန္န သင်္ခါရတို့၏ရင်း။ သာသာဝအနာသဝသင်္ခါရ တို့၏ရင်း။ နုရေသန္တိကေအဖြစ်ကိုသိလေ။ ။

ထိုကြောင့်။ ။ဒူရေ-ပုဒ်ကို။ အနက် ယောဇနာတော်မူသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်။ အကုသိုလ်သင်္ခါရက္ခန္ဓာတို့၏၊ ကုသိုလ်သင်္ခါရက္ခန္ဓာတို့နှင့်ရင်း။ အဗျာကတ သင်္ခါရက္ခန္ဓာတို့နှင့်ရင်း။ ဝိသဘာဂ အသံသဋ္ဌ၊ အသရိက္ခက ဖြစ်ခြင်းကို၊ မြွက်ရှုတော်မူလျက်။ ။ဇာတိ ဖြစ်ရေး၊ မတူသေးကြောင့်၊ ဝေးသည်ဟု ဆိုအပ်သော။ ။ဟု အနက်ယောဇနာတော်မူခြင်းကိုသိ၊ ထိုမှပြန်၍၊ အကုသိုလ် သင်္ခါရ၏။ အကုသိုလ် သင်္ခါရ နှင့်မူ။ သဘာဂ သံသဋ္ဌ, သရိက္ခက, ဖြစ်ခြင်းကို မြွက်ရှုတော်မူလျက်။ ။သန္တိကေ-ပုဒ်ကို။ ။ဇာတိသဘော။ တူနှော ရင့်သီး ၍။ နီးသည်ဟု ဆိုအပ်ကုန်သော။ ။ဟု အနက်ယောဇနာတော် မူခြင်းကိုသိ။ **သုခ**, ဒုက္ခ, ဥပေက္ခာ, ဝေဒနာတို့နှင့် ယှဉ်ကုန်သော သင်္ခါရ စသည်တို့ကိုလည်း။ နည်းတူသိလေ။ ။သင်္ခါရက္ခန္ဓာ၌ နုရေ,သန္တိကေ,ကားပြီး၏။

ဤကား သင်္ခါရက္ခန္ဓာ၏ အရာ၌။ အတီတတိက်ဖြင့်ရင်း။ ဒုက်လေးတန်တို့ဖြင့်ရင်း။ ဝေဘန်ခွဲခြမ်း ခြင်းတည်း။ ။ထိုသို့ဝေဘန် ခွဲခြမ်းအပ်သောသင်္ခါရက္ခန္ဓာဟူ၍ ဖွဲ့စည်းရသော၊ စေတသိက် ငါးဆယ် ဟူသော သင်္ခါရအပေါင်း၏ ခယဋ္ဌ, ဝယဋ္ဌအကြောင်းကြောင့်။ အတည် အစွဲ၊ အမြဲ မရှိခြင်း ဟူသော အနိစ္စ ဖြစ် ရ ဟန် ကိုရင်း။ ဘယဋ္ဌ, ပီဠနဋ္ဌ အကြောင်းကြောင့်။ ပြုပြင်ဆင်းရဲ သည်းခံနိုင်ခဲခြင်းဟူသော၊ ဒုက္ခဖြစ်ရဟန်ကိုရင်း။ အသာရကဋ္ဌ,အနိဿရ နဋ္ဌ,အဝသဝတ္တနဋ္ဌ အကြောင်းကြောင့်။ ငါဟုသမုတ်။ ကိုယ်မဟုတ်နိုင်ရာချေ ဟူသော အနတ္တ ဖြစ်ဟန်ကိုရင်း။ ဈေးခန္ဓာ တို့၌ ဆိုအပ်ပြီးသော နည်းကို၊ ယထာရဟာ မှီး၍ မှတ်အပ်၏။

## သင်္ခါရက္ခန္ဓာ၌၊ သမ္မသနဉာဏ်ကိုဆိုသည်ကား ပြီး၏။

--o--

ဝိညာဏက္ခန္ဓာ၏ အရာ၌=စိတ်တခု ယုတ် ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ့်တစ်ကို။ ဝိညာဏက္ခန္ဓာ ဖွဲ့ဆိုရသည်ဖြစ်၍။ စိတ်ဟူသမျှသည်။ ဝိညာဏက္ခန္ဓာမည်၏။ ထို ဝိညာဏက္ခန္ဓာ၌၊ ဝိညာဏ် အပြားကား။ ။မြင်၍ သိတတ်သော စက္ခုဝိညာဏ်။ ။ကြား၍ သိတတ်သော, သောတဝိညာဏ်။ ။နမ်း၍သိတတ်သော, ဃာနဝိညာဏ်။ ။လျက်၍ သိတတ်သော ဇိဝှာဝိညာဏ်။ ။ထိ၍ သိတတ်သော ကာယ ဝိညာဏ်။ မမြင်မကြား မနမ်း မလျက် မထိဘဲလျက် သိတတ်သော မနောဝိညာဏ်ဟူ၍ ဝိညာဏ်ခြောက်ပါးရှိ၏။ ထိုဝိညာဏ်ခြောက်ပါးကို။ အတိတ် အနာဂတ် ပုဒ်အရ။ အတီတတိက်ဖြင့် ဝေဘန် ခြင်းသည်၊ ဝေဒနက္ခန္ဓာ နှင့် ရင်း။ သညာက္ခန္ဓာနှင့်ရင်း။ သင်္ခါရက္ခန္ဓာနှင့် ရင်း။ အဖြစ်တူ အချုပ်တူ နာမ်တရားမျိုးဖြစ်၍။ ဈေးစေတသိက် နာမက္ခန္ဓာ သုံးခုနှင့် အတူ။ သန္တတိ၏ အစွမ်းအားဖြင့်ရင်း။ ခဏ စသည်တို့၏ အစွမ်း အားဖြင့်ရင်း။ အတိတ် အနာဂတ် ပစ္စုပ္ပန် အဖြစ် ကို သိအပ်၏။ သန္တတိ ၏ အစွမ်း အားဖြင့် အတိတ် အန ဂတ် ပစ္စုပ္ပန် ဖြစ်ဟန်ကား။ တခုသော ဇော၊ တခုသော ဝိထိ၊ တခုသောသမာပတ်၌၊ အကြိုးဝင်သော ဝိညာဏ် ခြောက်ပါးသည်။ ပစ္စုပ္ပန်မည်၏။ အဘယ်ကြောင့်နည်း ဟူမူကား။ တခုသော ဝိထိတည်း ဟူသော၊ ခဿငယ် ငါးဆယ့်တချက်။ စိတ္တက္ခဏ တဆယ့်ခွန်နှစ်ချက်ရှိသော၊ ပစ္စုပ္ပန်အာရုံနှင့်ယှဉ်၍။ ဖြစ်ခြင်းကြောင့် ပေတည်း။ ထိုပစ္စုပ္ပန် ဝိထိမှ၊ ဈေး၌ဖြစ်၍ ချုပ်လေပြီးသော၊ ဝိညာဏ်ခြောက်ပါးသည်။ အတိတ်

မည်၏။ ထိုအတိတ်,ဝိညာဏ်မှ၊ နောက်၌ဖြစ်လတန့်သော၊ ဝိညာဏ်။ ခြောက်ပါးသည်။ အနာဂတ်မည်၏။ ဤသို့သန္တတိ၏ အစွမ်းအားဖြင့်။ ဝိညာဏက္ခန္ဓာ၏၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်ဟန်ကို သိအပ်၏။ ။

ခဏစသည်၏ အစွမ်းအားဖြင့်ကား။ ဥပါဒ်၊ဌီ၊ ဘင်ဟူသော။ ခဏ ငယ်သုံးချက်တို့ဖြင့်။ မှတ်အပ်သော,ခဏတ္တယသို့ရောက်၍၊ အာရုံခြောက် ပါးကို သိခြင်း တည်းဟူသော။ ဝိဇာနန ကိစ္စကို ပြုဆဲ သိဆဲဖြစ်သော။ ဝိညာဏ်ခြောက်ပါးသည်။ ခဏတ္တယသို့ရောက်ဆဲဖြစ်၍။ ပစ္စုပ္ပန်မည်၏။ ထိုပစ္စုပ္ပန် ဝိညာဏ်ခြောက်ပါးမှ ရှေး၌ဖြစ်သော။ ဝိညာဏ်ခြောက်ပါး သည်။ ခဏတ္တယသို့ ရောက်လတံ့ဖြစ်၍၊ အနာဂတ်မည်၏။ ထိုပစ္စုပ္ပန် ဝိညာဏ်ခြောက်ပါးမှ၊ နောက်၌ဖြစ်ပြီး၊ ချုပ်ခဲ့လေပြီးသော။ ဝိညာဏ် ခြောက်ပါးသည်။ ခဏတ္တယသို့ရောက်ပြီးဖြစ်၍။ အတိတ်မည်၏။ ဤသို့ ခဏ၏အစွမ်းအားဖြင့်။ ဝိညာဏ်နက္ခန္ဓာ ဖွဲ့စည်းရသော၊ စိတ်တရား၏ အတိတ်,အနာဂတ်, ပစ္စုပ္ပန်အဖြစ်ကို သိအပ်၏။ "အဇ္ဈတ္တံ ဝါ,ဗဟိဒ္ဓံ ဝါ" ပုဒ်အရ။ အဇ္ဈတ္တ,ဗဟိဒ္ဓဖြစ်ဟန်ကား။ ကိုယ်တွင်းသန္တာန်၌ ဖြစ်သော။ ဝိညာဏ်ခြောက်ပါးသည်။ အဇ္ဈတ္တ၊ ဆင်မြင်းကျွဲနွား, သားမြေးမြွေရုံ၊ အပသန္တာန်၌ဖြစ်သော၊ ဝိညာဏ်ခြောက်ပါးသည်၊ ဗဟိဒ္ဓ။ ။ဤသို့ရှေး ဝေဒနက္ခန္ဓာစသည်နည်းတူတည်း။ ။

အဇ္ဈတ္တ,ဗဟိဒ္ဓကားပြီး၏။

---o---

ဩဠာရိကံဝါ,သုခုမံဝါ=ပုဒ်အရ။ ဩဠာရိက,သုခုမဖြစ်ဟန်ကား။ ။ အကြင် ဝိညာဏက္ခန္ဓာတည်းဟူသော၊ အကုသိုလ်စိတ် ဝိညာဏ်သည်။ ဩဠာရိကမည်၏။ ကုသိုလ်အဗျာကတစိတ် ဝိညာဏ်သည်၊ သုခုမ,မည် ၏။ တနည်း။ အကုသိုလ်စိတ် ဝိညာဏ်သည်။ ဩဠာရိက မည်၏။ အဗျာကတသာဖြစ်သော ဝိညာဏ်စိတ်သည်၊ သုခုမ, မည်၏။ တနည်း။ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်စိတ်သည်။ ဩဠာရိက မည်၏။ သုခဥပေက္ခာ, ဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်သည်။ သုခုမ,မည်၏။ တနည်း။သုခ, ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်သည်၊ ဩဠာရိက မည်၏။ ဥပေက္ခာဝေဒနာနှင့်သာယှဉ်သော ဝိညာဏ်သည်၊ သုခုမ,မည်၏။ တနည်း။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ် ခြောက်ပါးသည်။ ဩဠာရိကမည်၏။ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ်ခြောက် ပါးသည်။ သုခုမ,မည်၏။ တနည်း။ အာသဝေါတရားလေးပါးတို့၏အာရုံ

ဖြစ်သော ဝိညာဏ်ခြောက်ပါးသည်။ ဩဠာရိက မည်၏။ အာသဝေါ တရားလေးပါးတို့၏ အာရုံမဖြစ်သော ဝိညာဏ်ခြောက်ပါးသည်၊ သုခုမ မည်၏။ ။ဤသို့၊ဇာတိ၊ သဘာဝ၊ ပုဂ္ဂလ၊ လောကီ၊ လောကုတ္တရာ အား ဖြင့်၊ ဩဠာရိက, သုခုမအဖြစ်ကို ခွဲလေ။ ။ဩဠာရိက, သုခုမဖြစ်ကြောင်း ကိုကား၊ အောက်ကဆိုခဲ့ပြီ။ ။

ဟီနံဝါ,ပဏီတံဝါ-ပုဒ်အရ။ ။ဟီနံ,ပဏီတဖြစ်ဟန်ကား။ ။ဝိညာ ဏက္ခန္ဓာ တည်းဟူသော အကုသိုလ် ဝိညာဏ်သည်။ ကိုယ်စိတ်မသန့် ယုတ်ညံ့သည်ဖြစ်၍၊ ဟီန။ ဝိညာဏက္ခန္ဓာ တည်းဟူသော ကုသိုလ်အဗျာ ကတဝိညာဏ်သည်။ မွန်မြတ်သည်ဖြစ်၍၊ ပဏီတ။ တနည်း။ ကုသိုလ် အကုသိုလ် ဝိညာဏ်သည်။ ဟီန။ အဗျာကတသာဖြစ်သော ဝိညာဏ် သည်၊ ပဏီတ။ တနည်း။ ဒုက္ခဝေဒနာနှင့်ယှဉ်သော ဝိညာဏ်သည်၊ဟီန။ သုခဉပေက္ခာ ဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ်သည်၊ ပဏီတ။တနည်း။ သုခ,ဒုက္ခဝေဒနာတို့နှင့်ယှဉ်သော ဝိညာဏ်သည်၊ဟီန။ ဉပေက္ခာဝေဒနာ နှင့်ယှဉ်သော ဝိညာဏ်သည်၊ ပဏီတ။ တနည်း။ သမာပတ်မဝင်စား သောပုဂ္ဂိုလ်၏ဝိညာဏ်သည်၊ ဟီန။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ်သည်၊ ပဏီတ။ တနည်း။ အာသဝေါတရား လေးပါးတို့၏၊ အာရုံ ဖြစ်သော ဝိညာဏ်သည်၊ ကိုယ်စိတ်မသန့်၊ ယုတ်ညံ့သည်ဖြစ်၍၊ ဟီန။ အာသဝေါတရားလေးပါးတို့၏ အာရုံမဖြစ်သော ဝိညာဏ်သည်။ မွန်မြတ် သည်ဖြစ်၍၊ ပဏီတ။ ဤကဲ့သို့ ဟီန, ပဏီတကို၊ ရှေးသညက္ခန္ဓာ၊ သင်္ခါ ရက္ခန္ဓာအတိုင်းခွဲလေ။ ။

ဟီန,ပဏီတကားပြီး၏။

---o---

ယံဒူရေ, သန္တိကေဝါ-ပုဒ်အရ။ ။ဒူရသန္တိကဖြစ်ဟန်ကား။ ။ ကုသိုလ်,အကုသိုလ်, အဗျာကတဝိညာဏ်။ သုခ, ဒုက္ခ, ဉပေက္ခာတို့နှင့် ယှဉ်သော ဝိညာဏ်။ သမာပန္န,အသမာပန္နဝိညာဏ်၊သာသဝ,အနာသဝ ဝိညာဏ်။ ဤဝိညာဏ်လေးရင်ကို သတ်မှတ်ပြီးလျှင်။ ရှေးဦးစွာ ကုသိုလ် အကုသိုလ်,အဗျာကတဝိညာဏ်ကိုခွဲ။ ဒူရသန္တိကကို၊ ဤသို့မှတ်အပ်၏။ အကုသိုလ်ဝိညာဏ်သည်။ ကုသိုလ်ဝိညာဏ်၊ အဗျာကတဝိညာဏ်တို့နှင့် သဘောမတူသော, ဝိသဘာဂအားဖြင့်၎င်း။ မနီးနှော, မရောပြွမ်းသော အသံသဋ္ဌအားဖြင့်၎င်း။ တူသောဖြစ်ခြင်းမရှိသော၊ အသရိက္ခကအားဖြင့် ၎င်း။ အနန္တရစသောပစ္စည်းတို့ဖြင့်၊ အကြောင်းတူဆိုင်၊ မပြိုင်နိုင်ရကား။

ကုသိုလ်ဝိညာဏ်၊ အဗျာကတဝိညာဏ်တို့မှ၊ ဝေးသည်ဖြစ်၍၊ ဒူရမည်၏။ ဤဒူရမည်သော အကုသိုလ် ဝိညာဏ်သည် ပင်လျှင်။ အကုသိုလ်နှင့် သော်ကား။ ချင်းချင်းသဘောတူသော သဘာဂအားဖြင့်ရင်း။ နှီးနှော ရောပြွမ်းသော၊ သံသဋ္ဌအားဖြင့်ရင်း။ တူသောဖြစ်ခြင်းရှိသော၊ သရိက္ခက အားဖြင့်ရင်း။ အနန္တရာဒိ ပစ္စည်း တပ်၍၊ နီးစပ်ခဲ့ရကား။ အကုသိုလ် ဝိညာဏ်၏ သန္တိကေမည်၏။ သုခ,ဒုက္ခ ဥပေက္ခာဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်သမာပတ် ဝင်စားသောပုဂ္ဂိုလ်၏ သမာပန္နဝိညဏ်။သမာပတ် မ ဝင်စားသောပုဂ္ဂိုလ်၏ အသမာပန္နဝိညာဏ်။ သာသဝ,အနာသဝဝိညဏ် တို့၏။ ဩဠာရိကသုခုမဖြစ်၍၊ ချင်းချင်း-ဝိသဘာဂ, အသံသဋ္ဌ, အသ ရိက္ခက အဖြစ်ကိုရှု၍။ ဒူရ။ သဘာဂ၊ သံသဋ္ဌ၊ သရိက္ခက အဖြစ်ကို ရှု၍။ သန္တိကဟူ၍။ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ၊ ဝိညာဏ် အရာ၌။ ဆိုအပ်ခဲ့ပြီးသည်အတိုင်းသိလေ။ ။

<u>ဒူရသန္တိကကားပြီး၏။</u>

ဤကား-ဝိညာဏက္ခန္ဓာ၏ အရာ၌။ အတီတတိတ်ဖြင့်ရင်း။ ဒုက်လေး တန်တို့ဖြင့်ရင်း။ ဝေဘန် ခွဲခြမ်းခြင်းတည်း။ ။ထိုသို့ အတိတ်, အနာဂတ် ပစ္စုပ္ပန်ဟူသော အတီတတိက်။ အဇ္ဈတ္တ, ဗဟိဒ္ဓဒုက်။ ဩဠာရိက, သုခုမ ဒုက်၊ ဟိန, ပဏီတဒုက်။ ဒူရသန္တိကဒုက် အားဖြင့်။ တဆယ့်တတန်၊ ဝေဘန်ရခြင်းဖြင့်။ အဘယ်ကို ပြသနည်းဟူမူ။ ဝိညာနက္ခန္ဓာ ဟူ၍ ဖွဲ့စည်းရသော စိတ်တခု ယုတ်,ကိုးဆယ်။ အကျယ် တရာ့ နှစ်ဆယ့်တစ် ဟူသော၊ စိတ်အပေါင်း၏။ ပရမတ္ထ တရားဖြစ်သည်အတိုင်း။ အရုံကို သိတတ်သော၊ အာရမ္မဏ၊ ဝိဇာနန၊ လက္ခဏာကိုပင်၊ မစွန့်စေ ကာမူ။ သင်္ခါရ တရားဖြစ်၍။ ခယဋ္ဌ, ဝယဋ္ဌ, အကြောင်းကြောင့်။ အတည်အစွဲ၊ အမြဲမရှိခြင်းဟူသော အနိစ္စ၊ ဖြစ်ဟန်ကိုရင်း။ ဘယဋ္ဌ,ပိဠနဋ္ဌအကြောင်း ကြောင့်။ ငြိုငြင်ဆင်းရဲ၊ သည်းခံနိုင်ခဲခြင်းဟူသော ဒုက္ခဖြစ်ဟန်ကိုရင်း။ အသာရကဋ္ဌ, အနိဿရနဋ္ဌ, အဝသဝတ္တနဋ္ဌ, အကြောင်းကြောင့်။ ငါဟုသမုတ်၊ ကိုယ်မဟုတ်နိုင်ရာချေ ဟူသော အနတ္တ ဖြစ်ဟန် ကိုရင်း။ ရှေးရူပက္ခန္ဓာ စသည်တို့၌၊ ဆိုအပ်ပြီးသော နည်းကို၊ ယထာရဟ မှီး၍ မှတ်အပ်၏။ ။ဝိညာ ဏက္ခန္ဓာ၌၊ သမ္မာသနဉာဏ် ဆိုသည့်ကား ပြီး၏။

ခန္ဓာငါးပါး၌ သုံးသပ် ဆင်ခြင်ခြင်း၊ သမ္မသနဉာဏ် ဖြစ်ပုံပြီး၏။

## သမ္မသနဉာဏ်၏ အခြားမဲ့၌၊ ဥဒယဗ္ဗယ ဉာဏ်ကို၊ ပြဆိုအပ်သည် အတိုင်း ယခုအခါ, ဥဒယဗ္ဗယဉာဏ် ဖြစ်ပုံကို ဆိုပေအံ့။

ဥဒယဗ္ဗယဉာဏ်ဟူသည်။ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင် တတ်သော ဉာဏ်ဆိုလိုသည်။ ဥဒယပုဒ်, ဝယပုဒ်။ ဥဒယကားခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကို ဆိုလိုသည်။ ဝယကား။ ခန္ဓာငါးပါးတို့၏ပျက်ခြင်းကိုဆိုလိုသည်။ ဝယပုဒ်၌၊ ဝအက္ခရာကို၊ ဗအက္ခရာသို့ ပြောင်းလွှဲ၍။ ထိုဗအက္ခရာကို နှစ်ဘော် ဆောင်းသဖြင့်။ ဥဒယဗ္ဗယပုဒ် နေဖြစ်သည်ဟု၊ ပုဒ်ရင်းကိုသိ။ ထိုကဲ့သို့ ဖြစ်ခြင်း၊ ပျက်ခြင်း ဥဒယဗ္ဗယကို သိသော ဉာဏ်နှင့် စပ်၍။ ဥဒယဗ္ဗယ ဉာဏ်ဟူ၏။ ထိုဥဒယဗ္ဗယ ဉာဏ်ဖြင့်။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းဟူသော သမုဒယ။ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း ပျက်ခြင်း ဟူသော နိရောဓတို့ကို။ နှစ်ဌာန သိးသန့်ပြီးမှ။ ရှေးဦးစွာ ရူပက္ခန္ဓာ ဟူသောရုပ်တရား၏ ဖြစ်ကြောင်း၊ သမုဒယ အပြားကို ဝိစစ်ဝေဘန်ရမည်။ ဝေဘန်ဟန်ကား။ ရူပက္ခန္ဓာဖြစ်ရခြင်းသည်။ အဝိဇ္ဇာကြောင့် ဖြစ်ရခြင်း။ တဏှာကြောင့်ဖြစ်ရခြင်း။ ကံကြောင့် ဖြစ်ရခြင်း။ အာဟာရကြောင့် ဖြစ်ရခြင်း ဟူ၍။ သမုဒယ လေးပါး ရှိသည်။ ။ထိုကြောင့်။ ။'အဝိဇ္ဇာ သမုဒယာ ရူပသမုဒယော'-ဟူ၍ရင်း။ 'တဏှာသမုဒယာ ရူပသမုဒယော'-ဟူ၍ရင်း။ ကမ္မသမုဒယာ ရူပသမုဒယော'-ဟူ၍ရင်း။ 'အာဟာရ သမုဒယာ ရူပသမုဒယော-ဟူ၍ရင်း။ ရူပက္ခန္ဓာ တည်းဟူသော ရုပ်တုံး ရုပ်ခဲကြီး ဖြစ်ပေါ်လာရခြင်းကား။ အဝိဇ္ဇာ၊ တဏှာကံ၊ အာဟာရအားဖြင့်။ လေးပါး ရှိ၏ ဟူသော၊ သမုဒယလေးရပ်ကို ဟောတော်မူသည်။ ထိုလေးပါး တို့တွင်။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့်။ ရုပ်ဖြစ်ခြင်းဟူသည်။ ရှေးကံကြောင့် ဖြစ်သော ရှေးဘဝ၌၊ ဖြစ်ခဲ့ဘူးသော၊ အကြင်မောဟ တည်းဟူသော၊ အဝိဇ္ဇာသည် ရှိ၏။ ဤသို့အပ်ပြီးသော၊ မောဟ တည်းဟူသော အဝိဇ္ဇာကို၊ အရဟတ္တမဂ်ဖြင့်။ အကြွင်းမဲ့ မပယ်မဖြတ်၊ မသတ်နိုင် သေးသည် ဖြစ်၍။ သတ္တဝါတို့၏ သန္တာန်၌ အဝိဇ္ဇာတရား၊ ထင်ရှား ရှိခဲ့ငြားအံ့။ ယင်းသို့ အဝိဇ္ဇာတရား၊ ထင်ရှား ရှိခဲ့သော်။ ဤဘဝ၌ ရူပက္ခန္ဓာ ဟူသော ရုပ်တရား၏ ဖြစ်ခြင်း။ စင်စစ် ဖြစ်ရတော့သည်သာတည်း။ အချုပ်စကားမှာ။ အဝိဇ္ဇာ မရှိက၊ ရုပ်တရား မဖြစ်နိုင်။ အဝိဇ္ဇာရှိသော်သာ။ရုပ်တရားဖြစ်နိုင်ရကား။ အဝိဇ္ဇာ သမုဒယာ, ရူပသမုဒယော=ဟူ၍ဟောတော်မူ၏ ဟူလိုသည်။

ထိုအကြောင်းကိုကား။ ။"တဏှာအဝိဇ္ဇာသမုဒယာ,ရူပသမုဒယောတိ၊ ပုရိမကမ္မဘဝသ္မိံ၊ မောဟော အဝိဇ္ဇာတိ၊ ဝုတ္တာသယ, အဝိဇ္ဇာသ သတိ, ဇာမသ္မိံဘဝေ၊ ရူပဿ ဥပ္ပါဒေါ,ဟောတီတိ အတ္ထော"။ ။ဟူသော၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကိုရှု၍ သိအပ်၏။ ။ဘဏ္ဍ၊ ထိုသမုဒယလေးပါးတို့တွင်။ အဝိဇ္ဇာသမုဒယာ, ရူပသမုဒယောတိ၊ အဝိဇ္ဇာသမုဒယာ, ရူပသမုဒယော ဟူသည်ကား။ ပုရိမကမ္မဘဝသ္မိံ၊ ရှေးကံကြောင့် ဖြစ်သော ရှေးဘဝ၌။ မောဟော၊ ဖြစ်ခဲ့ဘူးသော မောဟသည်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ တည်း။ဣတိဝုတ္တာသယ၊ ဤသို့ ဟောတော်မူအပ်သော။ အဝိဇ္ဇာသယ၊ အဝိဇ္ဇာ သည်။ သတိ၊ ရှိသော်။ ဇာမသ္မိံဘဝေ၊ ဤပစ္စုပ္ပန်ဘဝ၌။ ရူပဿ၊ ရူပက္ခန္ဓာ ဟူသောရုပ်တရား၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပချေ၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အဝိဇ္ဇာသမုဒယာ, ရူပသမုဒယော ဟူသောပုဒ်၏ အနက်ပေတည်း။ ။လောဘစေတသိက်လျှင် တရားကိုယ်ရှိသော။ တဏှာသည်၎င်း။ စေတနာ စေတသိက်လျှင်။ တရားကိုယ်ရှိသော၊ ကုသိုလ်, အကုသိုလ်, ဟူသော ကံသည်၎င်း။ ထိုတဏှာနှင့် ကံတို့သည်လည်း။ အဝိဇ္ဇာကဲ့သို့။ ဤ၌ ပစ္စုပ္ပန်ဘဝ၌။ ပဋိသန္ဓေ၏အကြောင်းဖြစ်၍ ဖြစ်သော။ အတိတ်ပစ္စည်း တရားတို့ပင် ဖြစ်ကုန်၏။ ထို့ကြောင့်၊ သမုဒယလေးရပ်တွင်။ အဝိဇ္ဇာ, တဏှာ, ကံတို့သည်။ ရုပ်တရားကို။ အတိတ်အကြောင်း ဖြစ်ကုန်သော။ ပစ္စည်းတရားတို့ ဖြစ်ကုန်၏ဟူ၍မှတ်။ ထိုအနက်သဘောကိုကား။ ။"အဝိဇ္ဇာ တဏှာ ကမ္မာနိ စေတ္ထဇာပဋိသန္ဓိဟေတုဘူတာ အတီတပစ္စယာ"။ ။ဟူသောအဋ္ဌကထာ ဖွင့်ကိုရှု၍သိအပ်၏။ ။စ၊ အထူးကိုဆိုအံ့ ။ဧတ္ထ၊ ဤသမုဒယ လေးပါးတို့တွင်။ အဝိဇ္ဇာတဏှာကမ္မာနိ၊ အဝိဇ္ဇာတဏှာကံတို့သည်။ ဇာမ၊ ဤပစ္စုပ္ပန် ဘဝ၌။ ပဋိသန္ဓိဟေတုဘူတာ၊ ပဋိသန္ဓေ၏ ဖြစ်ခြင်းအကြောင်းဖြစ်၍,ဖြစ် ကုန်သော။ အတီတပစ္စယာ၊ အတိတ်ပစ္စည်း တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဤကိုထောက်ရှု၍၊ အဝိဇ္ဇာ, တဏှာ,ကံ။ ဤသမုဒယ ဤသုံး တန်တို့ကို။ ရူပက္ခန္ဓာ့ဖွဲ့စည်းရသောရုပ်တရား ဖြစ်ပေါ်လာရခြင်း အတိတ် အကြောင်းဟူ၍သိ။ ။ဤ၌အထူးဆိုဘွယ်ကား။ ၊"အတီတေ ဟေတဝေါ ပဉ္စ၊ဣဒါနိဖလပဉ္စကံ ဣဒါနိဟေတဝေါပဉ္စ၊ အာယတိံဖလပဉ္စကံ"။ ။ဟူ၍ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိ အဋ္ဌကထာ စသည်တို့၌။ အတိတ်အကြောင်း ငါးပါး။ ပစ္စုပ္ပန် အကျိုးငါးပါး။ ပစ္စုပ္ပန် အကြောင်းငါးပါး။ အနာဂတ် အကျိုးငါးပါး။ အခြင်းအရာ နှစ်ဆယ်ကို ပြဆိုသောအရာဝယ်၊ အဝိဇ္ဇာ

သင်္ခါရ,တဏှာ,ဥပါဒါန် ကမ္မဘဝဟူ၍။ ပစ္စုပ္ပန်ရုပ်တရား,နာမ်တရား
တို့၏၊ ဖြစ်ပေါ်လာရခြင်း။ အတိတ်အကြောင်းတရားကား။ ငါးပါးရှိသည်
ဟုဟောပြလျက် ရှိချေသည်၊ ဤဥဒယဗ္ဗယဉာဏ်အရာ၌ကား။ ရုပ်ဖြစ်
ခြင်းအကြောင်းတရားကို။ အဝိဇ္ဇာ, တဏှာ,ကံ,အာဟာရဟူ၍။ လေးပါး
ကိုသာ ပြဆိုတော်မူချေသည်။ အကြောင်းဘယ်သို့ ပါသနည်းဟု။
ဉာဏ်သတိမှဲ့သူတို့၊ မေးခွင့် စောဒနာခွင့်ရှိ၏။ ။အဖြေစကားကိုကား၊
ဤသို့ဖြေဆိုအပ်၏။ အဝိဇ္ဇာ, တဏှာ, ကံ၊ ဤသုံးတန်တို့ကို အတိတ်အ
ကြောင်း၏အဖြစ်ဖြင့်၊ ယူအပ်ကုန်သည်ရှိသော်။ သင်္ခါရနှင့်ဥပါဒါန်တို့ကို
လည်း၊ ယူအပ်ကုန်သည်သာလျှင်တည်း။ စင်စစ်သော်ကား။ ဤဥဒယဗ္ဗယ
ဉာဏ်အရာ၌။သင်္ခါရကိုကမ္မပုဒ်သို့။ ဥပါဒါန်ကို အဝိဇ္ဇာပုဒ်သို့ ပေါင်းရုံး
ခြင်းကြောင့်သာလျှင်။ အဝိဇ္ဇာ, တဏှာ, ကံဟူ၍။ သုံးတန်မျှကိုသာ ပြဆို
သည်ဟုမှတ်။ ယင်းသို့ပြဆိုရခြင်းသည်။ ဒေသနာတော်၏ တင့်တယ်
စမ္ပါယ်ခြင်း။ ဝိလာသ သဘောပေတည်း။ ။ဤအကြောင်းကိုကား၊ ။
"ကမ္မေသုစတီသုဂဟိတေသု သင်္ခါရုပဒါနာနိ ဂဟိတာနေဝ ဟောန္တိ"။ ။
ဟူသော ယခင်အဋ္ဌကထာဖွင့်ကို ရှု၍သိအပ်၏။ ။စ၊ ဆက်၍ကွန့်မြူး
ဆိုလိုက်ဦးအံ့။ ။ကမ္မေသုတီသု၊ အဝိဇ္ဇာ,တဏှာ, ကံ၊ ဤသုံးတန်ကုန်သော၊
တရားတို့ကို၊ ဂဟိတေသု၊ ယူအပ်ကုန်သည်ရှိသော်။ သင်္ခါရုပဒါနာနိ
သင်္ခါရဥပါဒါန်တို့ကို။ ဂဟိတာနေဝ ယူထိုက်ယူခွင့်ယူသင့်ယူအပ်ကုန်
သည်သာလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ဤသို့ဖွင့်ဆို အပ်သည်ကို ထောက်
၍၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိဝိဘင်း ပါဠိအဋ္ဌကထာစသည်တို့၌၊ လာရှိသောအတိတ်
အကြောင်းငါးပါးဟူသည်နှင့်။ ဤဥဒယဗ္ဗယဉာဏ်အရာ၌ လာရှိသော၊
အတိတ်ပစ္စည်းတရားသုံးပါးဟူသည်။ အန္တောဂတဖြစ်၍၊ မကွဲပြား၊
ဒေသနာသန္တိဖြစ်ဟန်ကိုသိ။ ။ထို့မှတပါး။ လက်သန်း အဋ္ဌကထာစသည်
တို့၌။ရုပ်ဖြစ်ကြောင်း ရူပသမုဋ္ဌာန်ဟူသည်ကို။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ
ဟူ၍။ လေးပါးရှိကြောင်းကို၊ပြတော်မူကြ၏။ ဤဥဒယဗ္ဗယအရာ၌ကား။
စိတ်ဥတုနှစ်ပါးမပါတော့ဘဲ။ အာဟာရ တပါးတည်းသာလျှင် ပါရှိ၏။
ဤအရာများလည်း၊ ကွဲလွဲထူးပြား ရှိပြန်ခဲ့၏။ အကြောင်း အဘယ်သို့။
ပါနည်းဟုမေးမြန်းဘွယ်ရှိ၏။ အဖြေကိုဆိုပေအံ့။ ရုပ်ဖြစ်ကြောင်းသည်။
ပဋိသန္ဓေအခါရုပ်ဖြစ်ကြောင်း။ ပဝတ္တိအခါရုပ်ဖြစ်ကြောင်း နှစ်ပါးရှိရာ
ဝယ်။အဝိဇ္ဇာ၊ဘဏှာ ကံ၊ ဤသုံးတန်တို့ကား။ ပဋိသန္ဓေကိုပစ်ချစဉ်ကပင်
ရူပသမုဋ္ဌာန်၊ ရူပသမုဒယဖြစ်ကြလေပြီ။ ပဝတ္တိရုပ်ဖြစ်ကြောင်းစုတို့တွင်

မှုကား။ ဥတုနှင့်စိတ်တို့သည်။ ရုပ်၏ဒုဗ္ဗလ ပစ္စည်းတို့သာလျှင် ဖြစ်ကြကုန်၏။ အာဟာရသည်ကား။ ရုပ်တရားအား၊ကျေးဇူးပြုခြင်း၌။ အခြားပစ္စည်းတို့ထက်။ အားကြီးစွာသော ဗလဝပစ္စည်းဖြစ်ခဲ့၏။ ထို့ကြောင့်။ ထိုအာဟာရ ကိုသာလျှင်။ အထူးရည်မှတ်တော်မူပြီးခါ။ ။"အာဟာရသမုဒယာ, ရူပသမုဒယော"။ ။ဟူ၍။ စိတ်ဥတုမပါဘဲ။ အာဟာရကိုအသီး ဟောတော်မူသည်ဟု ဖြေဆိုအပ်၏။ ထိုကြောင့်၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌။ ။"အာဟာရ သမုဒယာတိ၊ ပစ္စယသမုဒယာ ကဗဠီကာရာဟာရဿ ဗလဝတ္တာ သောဠသဝ ဂဟိတော"။ ။ဟူ၍မိန့်တော်မူအပ်၏။ အာဟာရသမုဒယာတိ၊ အာဟာရသမုဒယာ ဟူသည်ကား။ ပစ္စယပစ္စယေသု၊ ပစ္စယအခါ၌၊ ရုပ်ဖြစ်ကြောင်း ပစ္စည်းတရားတို့တွင်။ ကဗဠီကာရာဟာရဿ၊ ဆွမ်းတည်းဟူသော, ကဗဠီကာရ အာဟာရ၏။ ဗလဝတ္တာ။ ရုပ်အားကျေးဇူးပြုခြင်း၌။ အားရှိသည်၏ အဖြစ်ကြောင့်။ သောဠသဝ၊ ထိုကဗဠီကာရအာဟာရ တည်းဟူသော။ ပစ္စည်းတရားကိုသာလျှင်။ ဂဟိတော၊ ယူအပ်၏။ ဝါ၊ သီးခြားထုတ်ဖော်၊ ဟောတော်မူအပ်၏။ ။ယင်းသို့ အာဟာရကိုသာ၊ သီးခြားထုတ်ဖော်၍၊ ဟောတော်မူအပ်သော်လည်း။ စိတ်နှင့်ဥတုတို့ကိုလည်း၊ ယူရကုန်၏ ဥပမာအားဖြင့်ကား။ ပဋိသန္ဓေအခါ၊ ရုပ်ဖြစ်ကြောင်း။ အဝိဇ္ဇာ, တဏှာ, ကံသုံးပါးကို၊ ပြဆိုသောအရာဝယ်။ တိုက်ရိုက်မပါသော သင်္ခါရနှင့်၊ ဥပါဒါန်တို့ကို၊ ယူရဘိသကဲ့သို့တည်း၊ ။ထိုကြောင့်။ ဤအရာ၌လည်း။ အာဟာရကိုသာလျှင် ဟောသည်ပင်ဖြစ်စေ။ ထိုအာဟာရကို၊ ယူအပ်, ဟောအပ်သည်ရှိသော်။ ပစ္စယအကြောင်းဖြစ်၍ ဖြစ်ကုန်သော။ ဥတုစိတ်တို့ကိုလည်း။ ယူအပ်ဟောအပ်ကုန်သည်သာလျှင်ဖြစ်ကုန်၏။ ။ထို့ကြောင့်။ ။"တသ္မိံ ပန ဂဟိတေ ပစ္စယ ဟေတုဘူတာနိ ဥတုစိတ္တာနိပိ ဂဟိတာနေဝ ဟောန္တိ"။ ယခင်အဋ္ဌကထာ၌ မိန့်တော်မူအပ်၏။ ။ပန၊ အထူးကိုဆိုဦးအံ့။ တသ္မိံ၊ ထိုအာဟာရကို။ ဂဟိတေ၊ ယူအပ်ဟောအပ်သည်ရှိသော်။ ပစ္စယဟေတုဘူတာနိ၊ ပစ္စယအကြောင်းဖြစ်၍ဖြစ်ကုန်သော။ ဥတုစိတ္တာနိပိ၊ ဥတုစိတ်တို့ကိုလည်း။ ဂဟိတာနေဝ၊ ယူအပ်ကုန်သည်သာလျှင်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ယင်းသို့၊ အဋ္ဌကထာဆိုတိုင်းကို ယူခဲ့သော်၊ တိုက်ရိုက်ပင်ယူရသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် တိုက်ရိုက် မယူပါသနည်း ဟုစောဒနာခဲ့မူကား။ ရုပ်အား, ဝိသေသဗလဝ၊ ပစ္စည်း မဟုတ်သောကြောင့်၊ မယူသည်ဟူ၏။ ။ထိုစကားမှန်၏။ တစုံတခုသော အချို့

ပစ္စယုပ္ပန်တရားသည်။ အကြောင်း ပစ္စည်းတရား၊ မြောက်များစွာရှိစေခါမူ။ အကြောင်းပစ္စည်းတရားသည်။ ပစ္စယုပ္ပန် တရားအား။ ဗလဝဝိသေသအားဖြင့်၊ ကျေးဇူးပြုတတ်၏။ ထိုကဲ့သို့ ကျေးဇူးပြုတတ်သော။ အကြောင်းပစ္စည်းတရားမျိုးကိုသာလျှင်။ သီးခြားထုတ်ဆောင်၍၊ ဟောတော်မူအပ်ချေသည်။ ပစ္စယုပ္ပန်ဖြစ်သောအကျိုးတရားအား။ ဗလဝဝိသေသအားဖြင့် ကျေးဇူးမပြုခဲ့မူကား။ ဒုဗ္ဗလသာမညဖြစ်ခြင်းကြောင့်။ ထိုပစ္စည်းတရားမျိုးကို။ သီးခြားထုတ်ဆောင်၍၊ ဟောတော်မမူချေ။ သက်သေဥဒါဟြဏ်ကား။ ကဗဠီကာရ ဟာရ၊ ဖဿာဟာရ၊ မနော သဉ္စေတနာ ဟာရ၊ ဝိညာဏာ ဟာရအားဖြင့်။ အာဟာရ လေးပါးတို့တွင်။ ကဗဠီကာရဖြစ်သော။ ဆွမ်းခဲဘွယ် ဘောဇဉ်သည်။ ပထဝီ, အာပေါ, တေဇော, ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသာ,ဩဇာလျှင်၊ ရှစ်ခုမြောက်သော၊ အဋ္ဌကလာပ်ရုပ်ကို။ ဆောင်တတ်သောကြောင့်။ အာဟာရ မည်ဟန်ကိုရင်း။ ဖဿစေတသိက်သည်။ သုခ, ဒုက္ခ, ဥပေက္ခာ ဟူကုန်သော၊ ဝေဒနာသုံးပါးတို့ကို ဆောင်တတ်သောကြောင့်။ အာဟာရ မည်ဟန်ကိုရင်း။ မနောသဉ္စေတနာခေါ်,စေတနာစေတသိက်သည်။ ဘဝသုံးပါးတို့၌၊ ပဋိသန္ဓေကို ဆောင်တတ်သောကြောင့်။ အာဟာရ မည်ဟန်ကိုရင်း။ စိတ်တည်းဟူသောဝိညာဏ်သည်။ တကွဖြစ်ကုန်သော၊ နာမ်ရုပ်တို့ကို ဆောင်တတ်သောကြောင့်။ အာဟာရမည်ဟန်ကိုရင်း။ ဝေဘန်၍ ပြတော်မူရာဝယ်၊ အကယ်၍မိမိတို့၏၊ အကျိုးပစ္စယုပ္ပန် တရားတို့ကို ဆောင်တတ်သောကြောင့်။ အာဟာရ မည်ခဲ့ကုန်ငြားအံ့။ ယင်းသို့ဖြစ်သော်။ အာဟာရ မည်ရန် တရားတို့သည်။ လေးပါးမျှ မကန္နိုင်ကုန်ရာ။ အဝိဇ္ဇာဟူသော ပစ္စည်းတရားက။ သင်္ခါရဟူသော, ပစ္စယုပ္ပန်တရားကို၊ ဆောင်သည်ဖြစ်၍။ အဝိဇ္ဇာဟူသော အာဟာရတခု။ နာမ်ရုပ်ဟူသော၊ ပစ္စည်း တရားက၊ သဠာယတနဟူသော ပစ္စယုပ္ပန်တရားကို၊ ဆောင်သည်ဖြစ်၍။ နာမ်ရုပ်ဟူသောအာဟာရတခု။ သဠာယတနဟူသော ပစ္စည်းတရားက၊ ဖဿဟူသော ပစ္စယုပ္ပန်တရားကို ဆောင်သည်ဖြစ်၍၊ သဠာယတနဟူသော အာဟာရတခု။ ဝေဒနာဟူသော ပစ္စည်း တရားက။ တဏှာဟူသော ပစ္စယုပ္ပန်တရားကို၊ ဆောင်သည်ဖြစ်၍။ ဝေဒနာဟူသော အာဟာရတခု။ တဏှာဟူသောပစ္စည်းတရားက။ ဥပါဒါန်ဟူသော ပစ္စယုပ္ပန်ကိုဆောင်သည်ဖြစ်၍။ တဏှာဟူသော အာဟာရတခု။ ဥပါဒါန်ဟူသော ပစ္စည်းတရားက။ဘဝဟူသော ပစ္စယုပ္ပန်တရားကို ဆောင်သည်ဖြစ်၍။ ဥပါဒါန်

ဟူသော အာဟာရတခု၊ ဤသို့စသည်ဖြင့်။ အသီးအသီး, အသကအသက၊ မိမိ, မိမိတို့၏။ အကျိုး ပစ္စယုပ္ပန်တရားကို ဆောင်ကြရသော။ အကြောင်း ပစ္စည်းတရား အပေါင်းတို့သည်။ မြောက်များစွာ ရှိကြကုန်၏။ ယင်းသို့ ဖြစ်၍ ထိုပစ္စည်းတရား တို့ကိုလည်း။ အာဟာရချည်းသာ ဆိုထိုက်ရာ သည် မဟုတ်ပါလော။ အဘယ့်ကြောင့်၊ ထိုတရားတို့ကိုကား။ အာဟာရ ဟူ၍မဆိုဘဲ။ အာဟာရ အပြားကို၊ လေးပါးသာလျှင် ဆိုရပါချေ သနည်း ဟု၊ စောဒနာအပ်၏။ ထိုစောဒနာစကားကို၊ ဤသို့ဖြေဆိုရာ၏။ ကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ ထူးသောအားဖြင့်၊ ကျေးဇူးပြုတတ်သည်၏ အဖြစ် ကြောင့်။ ဤတရားလေးပါးတို့ကိုသာလျှင်။ အာဟာရဟူ၍၊ ဟောတော် မူအပ်ကုန်၏။ ဤတရားလေးပါးမှတပါး။ အခြားကုန်သော ပစ္စည်းတို့သည် မိမိတို့၏ အကျိုးပစ္စယုပ္ပန် တရားတို့ကို ဆောင်ကုန် သော်လည်း။ အဇ္ဈတ္တ ကိုယ်တွင်းသန္တာန်၌။ ဝိသေသအားဖြင့်။ ထိုပစ္စည်း လေးပါးတို့ကဲ့သို့။ ကျေးဇူး မပြုတတ်ကြကုန်။ ထို့ကြောင့်၊တပါးသော တရားတို့ကို။အာဟာ ရဟူ၍ မဆိုဘဲ။ ဤတရား လေးပါးတို့ကိုသာလျှင်။ အာဟာရဟူ၍ ဆိုအပ် ကုန်၏ဟု၊ ဖြေဆိုရာ၏။ ထိုကဲ့သို့လျှင်၊ ပဝတ္တိအကြောင်းဖြစ်၍ ဖြစ်ကုန် သော။ ဥတုနှင့်စိတ်တို့သည်၊ ရှိကြကုန်သော်လည်း။ ကဗဠီကာရ အာ ဟာရသည်သာလျှင်။ ရုပ်အား ကျေးဇူးပြုခြင်း၌၊ ဗလဝ ဖြစ်သည်၏ အဖြစ် ကြောင့်။ ထိုကဗဠီကာရ အာဟာရကိုသာလျှင်, အသုံးပြု၍၊ ဤဥဒယဗ္ဗယ ညာဏ်အရာ၌။ ။"အာဟာရသမုဒယာ, ရူပသမုဒယော"=ဟူ၍ဟောတော် မူသည်ကိုသိ။ ။ဤဥဒယဗ္ဗယ ညာဏ်အရာ၌။ ဟောတော် မူအပ်သော။ အဝိဇ္ဇာသမုဒယာ၊ တဏှာသမုဒယာ၊ ကမ္မသမုဒယာ တို့ကာ ။ ရုပ်ကို ဖြစ်စေတတ်သော ဟေတုမည်ကုန်၏။ အာဟာရသမုဒယကား။ ထောက် ပန့်ခိုင်စေတတ်သည်၏ အဖြစ်ကြောင့်၊ ပစ္စယမည်၏။ ဤသို့ ဟေတုနှင့် ပစ္စယကို သိးသန့်ပြီးလျှင်။ အဝိဇ္ဇာနှင့် တဏှာတို့ကို။ ဤရူပကာယ၏ မှီရာ ဥပနိဿယဖြစ်၍၊ သတိုးသားငယ်၏ မှီရာမိခင်ကဲ့သို့ မှတ်ရာ၏။ ကံကိုကား။ ဤရူပကာယကို ဖြစ်စေတတ်သည် ဖြစ်၍။ သတိုးသားငယ်၏ ဖခင်ကဲ့သို့ မှတ်ရာ၏။ အာဟာရကိုကား။ ဤရူပကာယ၏ မြင့်ရှည်စွာ တည်ကြောင်းဖြစ်၍။ သတိုးသားငယ်ကို ချီးပိုးစောင့်ရှောက်။ ခြိမ်းမြှောက် လုပ်ကျွေးသော၊ နို့ထိမ်းကဲ့သို့မှတ်ရာ၏။ ဤသို့ ရူပသမုဒယ, လေးရပ်တို့ တွင်။ အဝိဇ္ဇာသမုဒယနှင့်၊ တဏှာသမုဒယ, နှစ်ပါးကား- အမိသဖွယ်။ ကမ္မသမုဒယ တပါးကား၊ အဘသဖွယ်။ အာဟာရ သမုဒယတပါးကား၊

နှိုထိမ်းသဘွယ်ရှု၍။ ရူပက္ခန္ဓာဟူသော ရုပ်၏ဖြစ်ခြင်းကိုသိ။ ဤဥပမာစကားရပ်ကို။ အောက်၌လည်း ဆိုအပ်ခဲ့လေပြီ။ ထိုအဝိဇ္ဇာ,ကံ,အာဟာရတို့၏။ ချုပ်ခြင်း ပျက်ခြင်းကြောင့်။ ရူပက္ခန္ဓာဟူသော ရုပ်၏၊ ပျက်ခြင်းကိုလည်း။ ။"အဝိဇ္ဇာနိရောဓါ,ရူပနိရောဓော"ဟူ၍၎င်း။ ။"တဏှာနိရောဓါ,ရူပနိရောဓော"ဟူ၍၎င်း။ ။ကမ္မနိရောဓာ,ရူပနိရောဓော=ဟူ၍၎င်း။ ။"အာဟာရနိရောဓါ,ရူပနိရောဓော=" ဟူ၍၎င်း။ ။ပျက်ခြင်းကိုဟောတော်မူသဖြင့်။ ရူပက္ခန္ဓာဟူသောရုပ်၏၊ ပျက်ခြင်းကိုလည်း။ လေးပါးပင်ဟူ၍သိရချိမ့်မည်။ သိရပုံကား။ ဤဆိုလတံ့ပင်တည်း။ အနာဂတ်ဘဝ၏အကြောင်းဖြစ်၍ ဖြစ်သော၊ ဤဘဝ၌အဝိဇ္ဇာကို အရဟတ္တမဂ်ဉာဏ်ဖြင့်အကြွင်းမဲ့ချုပ်ခြင်းကို ပြုအပ်သည်ရှိသော်။ အကြောင်းဖြစ်သော ပစ္စည်းတရား၏၊ မရှိခြင်းကြောင့်။ အနာဂတ်ဖြစ်သော ရုပ်၏မဖြစ်ဘဲ ချုပ်ခြင်းနိရောဓသဘော ဖြစ်ခြင်းသည်ပင်။ ရူပက္ခန္ဓာဟူသော ရုပ်တရား၏ ပျက်ခြင်းဟူလိုသည်။ ထိုကြောင့်,အဋ္ဌကထာ၌။ ။"အဝိဇ္ဇာ နိရောဓါ,ရူပနိရောဓောတိ အနာဂတ ဘဝဿ ပစ္စယဘူတာယ၊ ဣမသ္မိံဘဝေ အဝိဇ္ဇာယ။ အရဟတ္တမဂ္ဂဉာဏေန၊ နိရောဓေ ကတေ ပစ္စယာ ဘာဝါ အနာဂတဿရူပဿ၊ အနုပ္ပါဒေါ နိရောဓော ဟောတီတိ အတ္ထော"။ ။ဟူ၍မိန့်တော်မူအပ်၏။ အဝိဇ္ဇာနိရောဓါ, ရူပနိရောဓောတိ၊ အဝိဇ္ဇာနိရောဓါ, ရူပနိရောဓောဟူသည်ကား။ အနာဂတဘဝဿ၊ အနာဂတ်ဘဝ၏။ ပစ္စယဘူတာယ၊ အကြောင်းဖြစ်၍ဖြစ်သော။ ဣမသ္မိံဘဝေ၊ ဤပစ္စုပ္ပန်ဘဝ၌။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ အရဟတ္တမဂ္ဂဉာဏေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ နိရောဓေ၊ အကြွင်းမဲ့ချုပ်ခြင်းကို။ ကတေ၊ ပြုအပ်ပြီးသည်ရှိသော်။ ပစ္စယာဘာဝ၊ အကြောင်း၏ မရှိခြင်းကြောင့်။ အနာဂတဿ၊ အနာဂတ် ဖြစ်သော။ ရူပဿ၊ ရုပ်၏။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ နိရောဓေါ၊ နိရောဓမည်သည်။ ဝါ၊ ချုပ်ခြင်းပျက်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိအတ္ထော၊ ဤကား။ အနက်တည်း။ ။ဤပါဠိဖြင့် အဝိဇ္ဇာကိုသာ ဆိုသော်လည်း။ အဝိဇ္ဇာချည်းသာလျှင် ချုပ်သည်မဟုတ်။ အနာဂတ်ပဋိသန္ဓေ၏ အကြောင်း ဖြစ်ကုန်သော၊ အဝိဇ္ဇာနှင့်တကွ, တဏှာ, ကံ, တို့ပါ ချုပ်ခြင်းဖြစ်တော့သည်။ ထိုကြောင့်၊ နိရောဓပုဒ်အရ၌။ အဝိဇ္ဇာ, တဏှာ,ကံ၊ သုံးတန်သောတရားတို့၏။ချုပ်ခြင်းကိုလည်းသိအပ်၏။ ။"နိရောဓါစေတ္ထ အနာဂတ ပဋိသန္ဓိပစ္စယာနံ, ဣဓအဝိဇ္ဇာ တဏှာကမ္မာနံယေဝ နိရောဓေါ"ဟူသော အဖွင့်အဋ္ဌကထာပါဠိ၌ကိုရှု။ ။စ၊ အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဤရူပက္ခန္ဓာ ဟူသော

ရုပ်တရားအရာ၌။ နိရောဓေါ၊ချုပ်ခြင်း နိရောဓဟူသည်၊ အနာဂတပဋိသန္ဓိ ပစ္စယာနံ၊အနာဂတ်ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်သော။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ အဝိဇ္ဇာတဏှာ ကမ္မာနံယေဝ၊ အဝိဇ္ဇာ,တဏှာ, ကံတို့၏ပင်လျှင်။ နိရောဓေါ၊ချုပ်ခြင်း နိရောဓောပတည်း။ ဝါ၊ အနာဂတ်ပဋိသန္ဓေအကြောင်း ဖြစ်ကုန်သော၊ ဤပစ္စုပ္ပန်ဘဝ၌၊ အဝိဇ္ဇာ,တဏှာ,ကံတို့၏သာလျှင်။ ပညာ သံလျက်။ အရဟတ္တမဂ်ဖြင့်။ ပယ်ဖျက် ယုတ်သိမ်းသဖြင့်။ ချုပ်ငြိမ်း ရခြင်း သဘောသည် ပင်လျှင်။ နိရောဓေါ နိရောဓမည်၏။ ။ဤသို့လာ သည်ကို ရှု၍။ အဝိဇ္ဇာနှင့် တကွ, တဏှာ, ကံတို့ပါ၊ ချုပ်ခြင်းကိုသိ။ ထိုစကားမှန်၏။ အဝိဇ္ဇာသည်ရင်း။ တဏှာသည်ရင်း။ အကုသိုလ်ကံ သည်ရင်း။ တကွဖြစ်ဘော်ဖြစ်ဘက်၊ သဟဇာတ, တရားမျိုးဖြစ်ရကား အရဟတ္တမဂ်ဖြင့်။ အဝိဇ္ဇာတည်းဟူသော၊ မောဟတုံး, မောဟခဲကြီးကို ဖေါက်ခွဲ, ဖြိုဖျက်အပ်သည်ရှိသော်။ တဏှာတည်းဟူသော လောဘတုံး လောဘခဲကြီး ကိုရင်း။ ကုသိုလ်ကံ, အကုသိုလ်ကံ တည်းဟူသော။ အဘိသင်္ခါရ အစုအပုံကြီးကိုရင်း။ ဖေါက်ခွဲပြီး' ဖြိုဖျက်ပြီး။ မှုံ့မှုံ့ ညက်ညက်ချေဖျက်ပြီး။ စင်စစ်ဖြစ်တော့သည်သာလျှင်တည်းဟု။ သဘော နှစ်ချိုက်ငိုက်လေအပ်၏၊ အထူးမှာထားချက်။ နာမ်ခန္ဓာ လေးပါးတို့၏ အဝိဇ္ဇာ,တဏှာ,ကံဟူသော သမုဒယ သုံးပါးတို့ကို။ အရဟတ္တမဂ်ဖြင့် ဖေါက်ခွဲဖျက်ဖြို၍၊ ဖြိုဖျက် ချုပ်ငြိမ်းသော အရာ၌လည်း။ ဤရူပက္ခန္ဓာ နည်းအတိုင်းသိလေအပ်၏။ ။အာဟာရ ချုပ်ခြင်းကြောင့်, ရုပ်ချုပ်ခြင်း ဟူသည်။ အဝိဇ္ဇာ,တဏှာ,ကံတို့က စီမံဖြစ်ထွန်းစေအပ်သော ရုပ်တရား ပင်ဖြစ်စေကာမူ။ ပဝတ္တိအခါကာလမြင့်ရှည်စွာ၊ ရုပ်ခန္ဓာတည်ကြောင်း ဖြစ်သော။ ဆွမ်းခဲဘွယ်,ဘောဇဉ်,ဟူသော။ ကဗဠီကာရ အာဟာရ၏ မရှိခဲ့သော်။ ထိုကဗဠီကာရအာဟာရကြောင့် ဖြစ်သော ရုပ်၏ မရှိခြင်း သည်။ စင်စစ်ဖြစ်ရလေတော့သတည်း။ ထို့ကြောင့်၊ သုံးဆောင်ခံစား အပ်သော အာဟာရချုပ်ခဲ့မူ၊ ရုပ်တရားလည်း ချုပ်လေတော့သည်ဟု ဟောတော်မူအပ်၏။ ထိုအကြောင်းကိုကား၊ ။"အာဟာရနိရောဓါ, ရူပ နိရောဓောတိ၊ ပဝတ္တိပစ္စယဿ ကဗဠီကာရာဟာရဿ အဘာဝေ တံသ မုဋ္ဌာနရူပါဘာဝေါဟောတိ-"ဟူသောအဋ္ဌကထာဖွင့်ကိုရှု၍ သိအပ်၏။ ။ အာဟာရနိရောဓါ ရူပနိရောဓောတိ၊ အာဟာရနိရောဓာ ရူပနိရောဓော ဟူသည်ကား။ ပဝတ္တိပစ္စယဿ၊ ပဝတ္တိအခါ ရုပ်အား ကျေးဇူးပြုဘတ် သော။ ကဗဠီကာရာ ဟာရဿ၊ ဆွမ်းခဲဘွယ် ဟူသော။ ကဗဠီကာရ

အာဟာရ၏။ အာဟာဝေး မရှိခဲ့သော်၊ ထံသမုဒ္ဒါန ရုပ်ဟာဝေါ၊ ထိုအာဟာရကြောင့်ဖြစ်သော ရုပ်၏ မရှိခြင်းသည်။ ဟောတတိ၊ ဖြစ်၏။ ။ဤသို့ အသီးအသီး ဆိုအပ်ခဲ့ပြီးသည့်တို့ကို ထောက်ရှု၍။ ရူပက္ခန္ဓာ ဟူသော ရုပ်တရား၏။ အဝိဇ္ဇာနိရောဓ။ တဏှာနိရောဓ။ ကမ္မနိရောဓ။ အာဟာရနိရောဓ။ ဤနိရောဓလေးချက်ကြောင့်။ ချုပ်ခြင်းပျက်ခြင်းဟူသော၊ ဝယသဘောကိုသိအပ်၏။ ရှေး၌ဆိုအပ်ခဲ့ပြီးသော, အဝိဇ္ဇာသမုဒယ၊ တဏှာသမုဒယ။ ကမ္မသမုဒယ။ အာဟာရ သမုဒယ။ ဤသမုဒယ လေးချက်ကြောင့်။ ရုပ်တရား၏ ဖြစ်ခြင်းဟူသော၊ ဥဒယ, သဘောကိုလည်း သိအပ်၏။ ။ဤသို့ ဖြစ်ခြင်း, ဥဒယနှင့်၊ ပြတ်ခြင်း, ဝယ၊ ဤနှစ်ရပ်စပ်၍ ဥဒယဗ္ဗယ ဖြစ်ဟန်ကိုလည်း။ မဆွက ငါတို့ဆိုခဲ့လေပြီ။ ။

## ဤကား–ရူပက္ခန္ဓာ၏အရာ၌၊ သမုဒယ,နိရောဓ တည်း၊ဟူသော ဥဒယဗ္ဗယကိုပြဆိုခြင်းတည်း။

ဝေဒနက္ခန္ဓာ တည်းဟူသော၊ သုခ, ဒုက္ခ, ဥပေက္ခာ၊ ဝေဒနာတို့၏ ဖြစ်ခြင်းသည်ရင်း။ သညက္ခန္ဓာတည်းဟူသော သညာ၏၊ ဖြစ်ခြင်းသည်ရင်း။ သင်္ခါရက္ခန္ဓာတည်းဟူသော စေတသိက်ငါးဆယ်၊ သင်္ခါရတို့၏ဖြစ်ခြင်းသည်ရင်း။ အဝိဇ္ဇာသမုဒယ၊ တဏှာသမုဒယ၊ ကမ္မသမုဒယ၊ ဖဿသမုဒယ,ဟူ၍ ဖြစ်ခြင်း လေးစီ၊ အညီအမျှပင် ပါဠိတော်၌လာ၏။ ထိုသမုဒယ လေးပါးတို့တွင် အဝိဇ္ဇာ,တဏှာကံ၊ ဟူသော ရှေးသုံးပါးကား။ ရူပက္ခန္ဓာနှင့် အကြောင်းတူစွာပင်ဖြစ်၍။ အထူးဆိုဘွယ်မရှိပြီ။ နောက်ဆုံး သမုဒယ တပါးသာလျှင်။ ရူပက္ခန္ဓာနှင့်ကွဲ၏။ ထိုသို့ကွဲခြင်းသည်လည်း။သဘာဝဓမ္မ အတိုင်းပင်ဖြစ်၏။ သဘာဝဓမ္မဖြစ်ဟန်ကား၊ ရုပ်နှစ်ဆယ့်ရှစ်ပါးဟူသော ရူပက္ခန္ဓာကား။ ကဗဠီကာရ, အာဟာရတည်းဟူသော၊ ဆွမ်း ခဲဘွယ် ဘောဇဉ်ကို၊ သုံးစားရမှ သာလျှင်။ အာဟာရဇ ရုပ်ဖြစ်၍။ ရုပ်ခန္ဓာမှာ, ကာလမြင့်ရှည် တည်တန့်နိုင်ရကား၊ ။"အာဟာရ သမုယာ, ရူပသမုဒယော" ဟူ၍ ဟောတော်မူခြင်းပင်ဖြစ်၏။ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာအားဖြင့်၊ စေတသိက်နာမ် ခန္ဓာသုံးပါးတို့သည်ကား။ နာမ်တရား ဖြစ်ကြသည်အတိုင်း။ မိမိတို့ ဖြစ်ပေါ် လာကြသည်အခါ။ စက္ခုသမ္ဖဿစသော၊ ဖဿခြောက်ပါးဖြင့်။ တွေ့ထိခြင်း၊ ဖုသနကိစ္စဖြစ်သော် သာလျှင်။ ခံစားခြင်း ဝေဒယိတ ကိစ္စရှိသော၊ ဝေဒနက္ခန္ဓာ သည်ရင်း။ အမှတ်ပြု၍ သိခြင်း၊ သဉ္ဇာနနကိစ္စရှိသော သညက္ခန္ဓာသည်ရင်း။ စေ့ဆော်

ပြုပြင်၊စီရင်ခြင်း။ အဘိသင်္ခတ ကိစ္စရှိသော၊ သင်္ခါရက္ခန္ဓာ သည် ၎င်း။ ပစ္စည်း ပစ္စယုပ္ပန် အဖြစ်ဖြင့်။ ဖဿမှ, ဆက်သွယ်၍ ဖြစ်ပေါ် နိုင်ကြ၏။ ယင်းသို့,ဖဿမှဆက်သွယ်၍၊ဖြစ်ပေါ်လာကြရကား။ ။"ဖဿသမုဒယာ, ဝေဒနာသမုဒယော"ဟူ၍၎င်း။ ။"ဖဿသမုဒယာ,သညာသမုဒယော"= ဟူ၍၎င်း။ ။"ဖဿသမုဒယာ,သင်္ခါရသမုဒယော"=ဟူ၍၎င်း။ဟောတော် မူရခြင်းဖြစ်၏။ ထိုကဲ့သို့သော အကြောင်းကြောင့်ပင်လျှင်။ ပဋိစ္စ သမုပ္ပါဒ် ပါဠိတော်ကြီး၌လည်း။ ။"ဖဿပစ္စယာဝေဒနာ="ဟူ၍လျှင် ဟောတော် မူလေသည်။ ။ဖဿ ပစ္စယာ၊ ဖဿဟူသော အကြောင်းကြောင့်။ ဝါ၊ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာန သမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယ သမ္ဖဿ၊ မနောသမ္ဖဿ, ဟူသော အကြောင်းကြောင့်၊ ဝေဒနာ။ သုခ ဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ ဝေဒနာ သည်။ ပါ၊ စက္ခု သမ္ဖဿဇာ ဝေဒနာ။ သောတသမ္ဖဿဇာ ဝေဒနာ။ ဃာနသမ္ဖဿဇာ ဝေဒနာ။ ဇိဝှါ သမ္ဖဿဇာ ဝေဒနာ။ ကာယ သမ္ဖဿဇာ ဝေဒနာ။ မနောသမ္ဖဿဇာ ဝေဒနာသည်။ သမ္ဘဝန္တိ၊ ဖြစ်၏, ဟူ၍အနက်ပေး။ ။ဤဒေသနာတော်၌၊ ဖဿကြောင့်၊ ဝေဒနာကိုသာ ဟောတော်မူချေသည်။ သညာနှင့် သင်္ခါရ မပါတကားဟူ၍၊ မစောဒနာသင့်။

အကြောင်းမူကား။ ဖဿကြောင့် ဝေဒနာ ဖြစ်သောအခါ။ သီးသီး ခြားခြား ဝေဒနာချည်းသာလျှင်ဖြစ်သည်မဟုတ်ဘဲ၊ သညက္ခန္ဓာ့ဖွဲ့ရသော သညာစေတသိက်နှင့်၎င်း၊ သင်္ခါရက္ခန္ဓာ့ဖွဲ့ရသော စေတနာစသောစေတ သိက်တို့နှင့်၎င်း။မကွေမကွာအမြဲယှဉ်လျက်တကွဖြစ်ခြင်းဧကုပ္ပါဒ၊ တကွ ချုပ်ခြင်း ဧကနိရောဓ။ တူသောအာရုံရှိခြင်း ဧကာလမ္ဗဏ။ တူသောမှီရာ ရှိခြင်း ဧကဝတ္ထုက တည်းဟူသော။ အင်္ဂါလေးလီ, ရုံညီလျက်။ ဝေဒနာ ဖြစ်ပေါ် လာရသည်ဖြစ်၍။ ဖဿ ပစ္စယာဝေဒနာ, ဟူ၍ဟော စေကာမူ။ သညာ,သင်္ခါရတို့သည်လည်း။ သမ္ပယုတ် တရားခြင်းဖြစ်၍။ အတူ တကွ ဖြစ်ကြဘော့သည်ဟု မှတ်ရာ၏။ထို့ကြောင့်၊ ဤဥဒယဗ္ဗယဉာဏ် အံရာ၌။ ဝေဒနာ,သညာ,သင်္ခါရက္ခန္ဓာသုံးပါးစလုံး၏ အရာဝယ်။ ဖဿသမုဒယာ ချည်းသာ ဟောတော် မူသည်ဟု သဘော ကျနစွာ ရှိစေ။ ။ဤသို့သော အကြောင်းကို မျက်ဝါး ထင်ထင် သိမြင်တော် မူသော၊ အဋ္ဌကထာသျှင် သည်လည်း။ ။"ဖဿော၊ဝေဒနာ၊သညာ၊သင်္ခါရက္ခန္ဓာနံ,ပစ္စယော" ဟူ၍။ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၏ဖြစ်ခြင်း သမုဒယအရာ၌။ဖဿကိုပင် ဖွင့်တော်မူအပ်၏။ ။ဖဿော၊ ဖဿသည်။ ဝေဒနာ သညာသင်္ခါရက္ခန္ဓာနံ၊

ဝေဒနက္ခန္ဓာ၊ သညာ ကွန္ဓာ၊ သင်္ခါရက္ခန္ဓာတို့၏။ ပဝတ္တိပစ္စယော၊ ဖြစ်ခြင်း၏အကြောင်းသည်။ ဝါ၊ ဖြစ်ကြောင်း သမုဒယသည်။ ဟောတိဖြစ်၏။ ။ ဤသို့၊ဝေဒနာ,သညာ၊ သင်္ခါရတို့၏ဖြစ်ကြောင်း။ ပဝတ္တိပစ္စယဖြစ်သော ထိုဖဿသည်။ အကယ်၍ ချုပ်ပြန်ခဲ့သည် ဖြစ်အံ့။ ထို ဖဿ၏ ချုပ် ခြင်း ကြောင့် လည်း။ ထိုဝေဒနာ, သညာ, သင်္ခါရ တို့၏ ချုပ်ခြင်း ပျက်ခြင်း ဖြစ်ရသည်ကိုလည်း၊သိအပ်၏။ ၊ထို့ကြောင့်။ ၊"တဿ နိရောဓါစ, တေသံ နိရောဓေါ="ဟူ၍ ယခင်အဋ္ဌကထာ၌ လာသည်ကိုရှု။ ။တဿ နိရောဓါစ၊ ထိုဖဿ၏ ချုပ်ခြင်း ကြောင့်လည်း။ တေသံ၊ ထိုဝေဒနာ, သညာ, သင်္ခါရ တို့၏။ နိရောဓေါ၊ချုပ်ခြင်းသည်။ဟောတိ၊ဖြစ်၏။

ဤမျှသော စကား အစဉ်ဖြင့်၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ သုံးပါးအရာ၌၊ သမုဒယ,နိယောဓတည်းဟူသော၊ ဥဒယဗ္ဗယအရကို ပြဆိုသည်ကား-ပြီး၏

## ယခုအခါ-ဝိညာဏက္ခန္ဓာကိုဆိုပေအံ့။

ဝိညာဏက္ခန္ဓာတည်းဟူသော၊ ပဋိသန္ဓေ ဝိညာဏ်။ ပဝတ္တိ ဝိညာဏ် တို့၏ဖြစ်ခြင်းသည်။ အဝိဇ္ဇာသမုဒယ၊ တဏှာသမုဒယ၊ ကမ္မသမုဒယ၊ နာမရူပသမုဒယဟူ၍၊ လေးပါးရှိ၏။ ထိုလေးပါးတို့တွင်။ အဝိဇ္ဇာ၊တဏှာ ကံ၊ ဤသုံးပါး ကား။ ရှေးရှေး ခန္ဓာတို့နှင့် အတူဖြစ်၍၊ အထူး ဆို ဘွယ် မရှိပြီ။ ဆိုအပ်ခဲ့ပြီးသည်အတိုင်း မှတ်ယူအပ်၏။ ဤဝိညာဏက္ခန္ဓာ၌ကား။ နောက်ဆုံး, သမုဒယ အရာဝယ်။ ။"နာမရူပ သမုဒယာ, ဝိညာဏ သမုဒယော။ ။ဟု ဟောတော်မူသည်ဖြစ်၍။ ရှေးရှေး စေတသိက် နာမက္ခန္ဓာ သုံးပါးတို့ကဲ့သို့၊ ဖဿကြောင့် ဖြစ်သည်မဟုတ်ဘဲ။ နာမ်ရုပ်တို့၏ ဖြစ် ခြင်းကြောင့်သာလျှင် ဝိညာဏက္ခန္ဓာ ဖြစ်ရ၏ ဟူသော အကြောင်းထူး ကိုကား၊ သီးခြား၍ဟောတော်မူ၏။ဤသို့သီးခြား၍ ဟောတော်မူခြင်းများ လည်း။ သဘာဝဓမ္မအတိုင်းပင် ဟောတော်မူရခြင်းဖြစ်ပေ၏။ ထိုစကား မှန်၏။ ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိဝိညာဏ်နှစ်ပါးတို့၏ ဖြစ်ရခြင်းသည်။ စတုဝေါကာရဘုံ၌၊ နာမ်ဖြစ်ခြင်း။ ပဉ္စဝေါကာရဘုံ၌၊ နာမ်ရုပ် နှစ်ပါးစုံ ဖြစ်ခြင်း။ ဧကဝေါကာရဘုံ၌၊ ရုပ်ဖြစ်ခြင်း။ ဤကဲ့သို့နာမ်ရုပ်တို့၏၊အသီး အသီး ဖြစ်ခြင်း ကြောင့် သာလျှင်၊ ဝိညာဏ် ဖြစ်ရချေသည်။ နာမ်ရုပ်မှ

မဖြစ်ခဲ့ချေသော်။ ဝိညာဏ် ဖြစ်နိုင် ဘွယ်မရှိ။ ယင်းသို့, နာမ်ရုပ်ဖြစ်ခြင်းကြောင့် သာလျှင်။ ဝိညာဏ်ဖြစ် ပေါ်လာခြင်းကို၊ အထူးရည်မှတ်၍၊ ပဋိစ္စသမုပ္ပါဒ်ပါဠိတော်၌လည်း။ ဝိညာဏပစ္စယာနာမရူပံဟူ၍ပင် ဟောစေကာမူ။နာမရူပပစ္စယာ ,ဝိညာဏံ=ဟူ၍ဟောတော်မူခြင်းကဲ့သို့ပင် ဖြစ်ပေသည်ဟုဉာဏ်ဖြင့်ရှု။ ထိုပဋိသန္ဓေဝိဉာဏ်၊ ပဝတ္တိဝိဉာဏ်တို့၏ချုပ်ခြင်း၊ ပျက်ခြင်းသည်လည်း။ ရှေးရှေးခန္ဓာတို့သည်။ မိမိတို့၏ဖြစ်ပေါ်လာရခြင်း၊ အကြောင်း သမုဒယတရားချုပ်သဖြင့်၊ မိမိတို့လည်းချုပ်ကြရလေကုန်သကဲ့သို့။အဝိဇ္ဇာ,တဏှာ,ကံ,နာမ်ရုပ်ဟူသော၊ အကြောင်းသမုဒယလေးပါးချုပ်သဖြင့်၊ ဝိဉာဏ်ချုပ်ရလေသည်။ ထိုတွင် အဝိဇ္ဇာ,တဏှာ, ကံတို့ကိုဆိုပြီးဖြစ်၍၊ မဆိုတော့ပြီ။ နာမ်ရုပ်ဟူသော သမုဒယ,အရာ၌ကား။ ယင်းနာမ်ရုပ်ချုပ်ခြင်းကြောင့်သာလျှင်။ ဝိဉာဏ်ချုပ်ခြင်း, ပျက်ခြင်းဖြစ်ရလေသည်၊ ထိုကြောင့်။ဝိဉာဏ်ဖြစ်ခြင်းတည်းဟူသော သမုဒယလည်း၊ နာမ်နှင့်ရုပ်။ ဝိဉာဏ်ပျက်ခြင်း ချုပ်ခြင်းနိရောဓလည်း၊နာမ်နှင့်ရုပ်ပင်ဟူ၍မှတ်။ ။ဤအနက်ကိုကား။ ။"နာမရူပံဝိညာဏက္ခန္ဓဿ၊ ပဝတ္တိပစ္စယော၊ တံနိရောဓါစ၊ တဿနိရောဓေါ'= ဟူ၍အဋ္ဌကထာပါဠိ၌ ဖွင့်တော်မူအပ်၏။ ။နာမရူပံ၊ နာမ်ရုပ်သည်။ဝိညာဏက္ခန္ဓဿ၊ ဝိညာဏက္ခန္ဓာ၏။ပဝတ္တိပစ္စယော၊ဖြစ်ခြင်းအကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ တံနိရောဓါစ၊ ထိုနာမ်ရုပ်၏ ချုပ်ခြင်းကြောင့်လည်း။တဿ၊ထိုဝိဉာဏ်၏။ နိရောဓေါ၊ ချုပ်ခြင်းသည်။ဟောတိ၊ ဖြစ်၏။ ။ဤကား, ဝိညာဏက္ခန္ဓာအရာ၌။ သမုဒယနိရောဓ တည်းဟူသော။ ဥဒယဗ္ဗယအရကိုပြဆိုခြင်းတည်း။ ။သတိချပ်ဖွယ်ကား။ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူရင်း= "ဝိပဿနာဉာဏတန္တိစာတန်း၌"။ ။ခန္ဓာငါးပါးတို့၏ အစီအစဉ်အတိုင်းပင်၊ သမုဒယချည့်တသန့်။ နိရောဓချည့်တသန့်၊ လာရှိပေသည်။ ငါတို့ဖွင့်ဆိုခဲ့သည်ကား။ ဉာဏ်နုသူတို့အလို့ငှါ။ ခန္ဓာတပါးတပါး၌။ သမုဒယနိရောဓအစုံအစုံဘွဲ့ဘက်၍၊ဖွင့်ပြခဲ့ချေသည်ဟု သတိချပ်လင့်ကုန်။ ။

ဤကဲ့သို့ ငါးပါးကုန်သောခန္ဓာတို့၏ ဖြစ်ခြင်းပျက်ခြင်းကို၊ ရှုမြင်သောယောဂီသည်။ ဤသို့အသိဉာဏ်ဖြစ်ပေါ်လာ၏။ ဤခန္ဓာတို့၏ ထင်ရှားဖြစ်သည်မှ မဖြစ်မီရှေးကာလ၌။ ထိုကဲ့သို့ဖြစ်လာကြရန်။ အစုအပုံကြီးသည်ရှင်း။ ယံဝါတံဝါ အပိုင်အခဲဖြစ်သော အပေါင်းအစု သည်ရှင်း။ တစုံတခုသောအရပ်၌ တည်လင့်လျက်မရှိချေ။ ဤကား,မဖြစ်မီက၊ မရှိနှင့်ကြဟူလိုသည်။ဖြစ်ဆဲဖြစ်ကုန်သော ရုပ်နာမ်ခန္ဓာ ကို၏လည်း၊ မြင့်

မောက်ဖြိုးလျက်။ ရုံ့စုံ့တက်သော အစုအပုံ ကြီးမှုရင်း။ ယံဝါတံဝါ အပိုင်အခဲဖြစ်သော အပေါင်းအစုမှရင်း။ လာခြင်း မည်သည် မရှိချေ။ ဤကား။ ဖြစ်တုံးဖြစ်ကြိုက်၊ ဖြစ်ခိုက်ဖြစ်ဆဲ၌လည်း၊ လာခြင်းမရှိဟူလိုသည့်,ချုပ်ဆဲဖြစ်ကုန်သော ခန္ဓာငါးပါး တို့၏ လည်း။ တူရူအရပ်အထောင့်အရပ်သို့ ကပ်ရောက်ခြင်း။ သွားခြင်းမည်သည်မရှိချေ။ ဤကား။ ချုပ်ဆဲချုပ်တုံး၌ သော်လည်း။ ထိုထိုအရပ်သို့ ပြောင်းရွှေ့ခြင်း, သွားခြင်းမရှိဟူလိုသည်။ ချုပ်ပြီးဖြစ်ကုန်သော၊ ခန္ဓာငါးပါး တို့၏ လည်း၊ တခုသောအရပ်၌။ မြင့်မောက်ဖြိုးလျက်၊ စုံ့စုံ့တတ်သော အစုအပုံအားဖြင့်ရင်း။ ယံဝါတံဝါ အပိုင်အခဲဖြစ်သော။ အပေါင်းအစု အားဖြင့်ရင်း။ မြေ၌သိမ်း, မြှုတ်ထားအပ်သော အားဖြင့်ရင်း။ တည်ခြင်းမည်သည်မရှိချေ။ ဤကား,ချုပ်ပြီးသည်မှ နောက်ကာလ၌၊ အစုအဝေးအားဖြင့် တရုံတခုသောအရပ်၌။ဘည်ခြင်း,မြှုတ်နှံထားခြင်းမရှိဟူလိုသည်။ ။

ဤအရာ၌နှလုံးသွင်းရန်ကား။ ။"အနိဓါနဂတာ ဘဂ္ဂါ၊ ပုဉ္စောနတ္ထိ အနာဂတေ။ နိဗ္ဗတ္တာယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ"။ ။ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ နိဒ္ဒေသလာ ဂါထာ ပင်တည်း။ ။ဘဂ္ဂါ၊အတိတ်ကာလ၌ ဘိဇ္ဇနှဖြစ်၍။ ချုပ်ကုန် ပျက်ကုန်ပြီးသော။ ခန္ဓာငါးတန် ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်။ အနိဓါနဂတာ၊ တစုံတခုသောအရပ်၌။ သိမ်းပို့စီမံ၊ မြှုတ်နှံအပ်သည်၏ အဖြစ်သို့ မရောက်ကုန်။ အနာဂတေ၊ လာလတံ့ဘဝ၊ အနာဂတ်ကာလ၌။ ပုဉ္စော၊ တသီးတသန့်၊ ဖြစ်အံ့ဟူတုံ၊ အစုအပုံသည်။ နတ္ထိ၊ စင်စစ်ကဧ မရှိချေ။ နိဗ္ဗတ္တာ၊ပစ္စုပ္ပန်ကာလဝယ်။ ဖြစ်ဆဲခဏဖြစ်ကုန်ကြသော။ ယေပိ၊အကြင် ခန္ဓာငါးတန်၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့သည်လည်း။ အာရဂ္ဂေ၊ပွတ်ဆောက်ဖျား၌။ သာသပူပမာ၊ မုန်းညင်းစေ့ အလား။ မခြားတူစွာ၊ ဥပမာရှိကုန်လျက်။ တိဋ္ဌန္တိ၊တည်ကြကုန်၏။ ။ဤသို့ခန္ဓာငါးပါးတို့၏။ဖြစ်ခြင်းပျက်ခြင်းကိုရှုသော၊ ဥဒယဗ္ဗယဉာဏ်အရာ၌။ မဖြစ်မှီရှေးအဘို့၌ရင်း။ ဖြစ်ဆဲခဏ၌ရင်း။ ဖြစ်ပြီး၍ ချုပ်ဆဲခဏ၌ရင်း။ ချုပ်ပြီးသည်မှ နောက်ကာလ၌ရင်း။ အစုအပုံအပိုင်အခဲအားဖြင့်။ ရှိနှင့်ခြင်းရှိနှင့်ရာမှ၊ ရောက်လာခြင်း။ ရောက်ပြီး၍ပြန်သွားခြင်း။ ပြန်သွားပြီး၍၊ အစုအဝေးဖြစ်ခါ တည်နေခြင်းဟူ၍၊ အလျှင်းမရှိတော့ပြီ။ ထိုသို့မရှိခြင်းသည်လည်း။ ပရမတ္ထဓမ္မဖြစ်ကုန်သော။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ဓမ္မတာသဘောပေတည်း။ ထိုသဘောကို ပညတ်တင်ဆောင်လျက်။ ထင်အောင်မြင်အောင်, ဥပမာ

ပြဆိုသော်ကား။ လောက၌, တီးအပ်သော စောင်းသည်ရှိ၏။ ထိုစောင်း
ကိုတီးအပ်သည်ရှိသော်၊ အသံသည် ဖြစ်ပေါ်လာ၏။ ထိုကဲ့သို့ ဖြစ်ပေါ်လာ
သောအသံ၏။ ဖြစ်လာသည်မှ ရှေးအဘို့ကာလ၌၊ အသံဖြစ်လာရန်အစိုင်
အခဲအပေါင်းအစုဟူသော သန္နိစယသည်။ စောင်းတွင်း,စောင်းပြင်၌ပင်
မရှိလေ။ ဖြစ်ဆဲသော အသံသည်လည်း။ အစိုင်အခဲ အပေါင်း အစုမှ
လာသည်မဟုတ်ချေ။ ချုပ်ဆဲသောအသံ၏လည်း၊ တူရူအရပ်အထောင့်
အရပ်သို့ သွားခြင်း, ကပ်ခြင်းမည်သည် မရှိချေ။ ချုပ်ပြီးသော အသံသည်
လည်း။ တရံတခုသော အရပ်၌၊ ပေါင်းစုစည်းဝေး၍ တည်နေသည်လည်း
မဟုတ်ချေ။ စင်စစ်သော်ကား။ စောင်းကိုရင်း။ စောင်း၌ကြက်သော သား
ရေကိုရင်း၊ စောင်းတီးသော စောင်းသမား ယောကျ်ား၏။ ထိုကဲ့သို့
စောင်းသံဖြစ်ခြင်းအား လျော်ကပ်သော စောင်းတီးခြင်း လုလ္လကိုရင်း။
စွဲ၍ ရှေးကမရှိဘဲလျက်။ ယခုအခါမှ တီးခပ်သဖြင့်။ စောင်းသံသည်ဖြစ်
ပေါ်လာ၏။ ဖြစ်ပြီးမှလည်း ထိုစောင်းသံသည်။ မြင့်မြကြာရှည်, မတည်
နိုင်ဘဲ။ ခဏ,တမဟုတ်၊ ချက်တပြုတ်မျှ၊ သဒ္ဒါရုံဟူသော ရုပ်သက်မှာ
ဆယ့်ခွန်နှစ်ချက်သာ ရှိသည်အလျောက်။ ချုပ်ပျောက်ပျက်စီး လေတော့
၏။ ဤနည်းတူစွာ။ ဥပမာအတိုင်းပင်။ အလုံးစုံလည်းဖြစ်ကုန်သော။ ခန္ဓာ
ငါးပါး,ရုပ်နာမ်တရားတို့သည်။ ရှေးက မရှိမူ၍။ ယခုမှပင် မိမိတို့၏။ သမု
ဒယအလျောက် ဖြစ်ပေါ် လာကြကုန်၏။ ယင်းသို့ ဖြစ်ပြီး၍လည်း။ မြင့်မြ
တာရှည်၊ မတည်နိုင်ကြ ကုန်ဘဲ၊ ပြိုကွဲပျက်စီးကြ လေကုန်တော့၏ဟု၊
ဤသို့ဖြစ်ခြင်း ပျက်ခြင်း တည်းဟူသော၊ ဥဒယဗ္ဗယကို ရှုသော ယောဂီ
သည်။ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်မှုပျက်မှု။ ပျက်ပျက်ထင်ထင်၊ ရှုမြင်ရခြင်း
ဖြစ်သတည်း။ ထိုကဲ့သို့ ဖြစ်မှုပျက်မှုကို၊ ရှုခြင်းသည်လည်း။ ပစ္စယအားဖြင့်
ရှုခြင်း။ ခဏအားဖြင့်ရှုခြင်း၊ နှစ်ပါးရှိရာတွင်။ ဤခန္ဓာငါးပါး, ရုပ်နာမ်
တရားကား။ အဝိဇ္ဇာအစရှိသော အကြောင်းတရားကြောင့်သာ ဖြစ်သ
တည်းဟု၊ အကြောင်းဖြစ်သော ပစ္စည်းအားဖြင့်။ ဖြစ်ခြင်းဟူသော ဥဒယ
ကိုရှုသောယောဂီအား။ ဧကတ္တနည်းသည် ထင်၏။ အဘယ့်ကြောင့်နည်း
ဟူမူကား။ အကြောင်းနှင့် အကျိုးစပ်သဖြင့်။ သန္တာန်၏ အစဉ်အဆက်
မပြတ်သည်ကို သိလပ်သော်၊ ယောဂီသည်။ အထူးအချွန်၊ အလွန်အမင်း
အားဖြင့်၊ ဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ ပယ်စွန့်နိုင်ပုံကား။ အကြောင်း
အကျိုးပစ္စည်း ပစ္စယုပ္ပန်၊ ဆက်သွယ်သော ဧကတ္တနည်းကို သိခြင်းကြောင့်
တသီးတခြား၊ တပါးသောသူသည် ပြု၏။ တသီးတခြား၊ တပါးသော

သူသည် ခံစား၏။ ဤကဲ့သို့ ပြုသူတခြား၊ ခံစားသူတခြား အစရှိသော၊ ဝေါဟာရအားဖြင့်။ ပြီးသော ဥစ္ဆေဒဒိဋ္ဌိ၏ ဖြစ်ခွင့်ကိုပင်။ မရနိုင်ရာ တော့ပြီ။ ယင်းသို့ဖြစ်ခွင့် မရခြင်း သည်လည်း။ ကောဋ္ဌနည်း အစွမ်း ကြောင့်ပင်ဖြစ်ပေရကား။ ထိုကောဋ္ဌနည်း ထင်မြင်သဖြင့်။ ယောဂီသည်။ ဥစ္ဆေဒဒိဋ္ဌိကို ပယ်စွန့်နိုင်၏ဟုလိုသည်။ ၊ဤဆိုအပ်ခဲ့ပြီးသော စကား၏ သာဓကကိုကား။ "ပစ္စယတော စဿ ဥဒယဒဿနေန ကောဋ္ဌနယော ပါကဋော ဟောတိ၊ ဟေတုဖလသမ္ဗန္ဓေန သန္တာနဿ အနုပစ္ဆေဒါဝ ဗောဓတော၊ အထ သုဋ္ဌုတရံ ဥစ္ဆေဒဒိဋ္ဌိံ ပဇဟာတိ"။ ။ဟူသောပဋိသမ္ဘိ ဒါမဂ်အဋ္ဌကထာကိုရှု၍ သိအပ်၏။ ။စ၊ အထူးကို ဆိုဦးအံ့။ ပစ္စယတော၊ ပစ္စည်းအားဖြင့်၊ ဥဒယဒဿနေန၊ ဥဒယကိုရှုခြင်းဖြင့်။ ဝါ၊ ရှုခြင်းကြောင့်။ ကောဋ္ဌနယော၊ ကောဋ္ဌနည်းသည်။ ပါကဋော၊ လက်ပေါ်တင်ထား၊ ပတ္တမြားသို့၊ ထင်ရှားနိုင်သည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ဟေတုဖလသမ္ဗန္ဓေန၊ အကြောင်းနှင့်အကျိုး စပ်သဖြင့်။ သန္တာနဿ၊ သန္တာန်၏။ အနုပစ္ဆေဒါဝ ဗောဓတော၊ အစဉ်အဆက်၊ မပျက်သည်ကို။ ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ ဝါ၊ သိခြင်းကြောင့်။ ပါကဋော၊ လက်ဝယ်တင်ထား၊ ပတ္တမြားသို့၊ ထင်ရှားနိုင်သည်။ ဟောတိ၊ ဖြစ်၏။ အထ၊ ယိုအခါ၌။ ဝါ၊ ထိုသို့ သန္တာန်၏ အစဉ်အဆက် မပျက်သည် ကိုသိလတ်သော်။ သုဋ္ဌုတရံ၊ အတိုင်းထက်အလွန်။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒ ဒိဋ္ဌိကို။ ပဇဟာတိ၊ ပယ်စွန့်နိုင်၏။ ၊ဤကား, ဖြစ်ခြင်း ဥဒယကို။ ပစ္စယ အားဖြင့်ရှုသဖြင့်။ နည်းလေးပါးတို့တွင်။ ကောဋ္ဌနည်းထင်မြင်၍။ ဥစ္ဆေဒ ဒိဋ္ဌိကို၊ယောဂီပုဂ္ဂိုလ်က ပယ်နိုင်ပုံ။

ထို့မှတပါး, ရုပ်နာမ်ခန္ဓာတို့သည်။ မြင့်မြဲတာရှည်၊ မတည်နိုင်ကြ ကုန်ဘဲ။ ပျိုကွဲပျက်စီးကြလေကုန်၏ဟု၊ ခဏအားဖြင့် ဖြစ်ခြင်းဟူသော ဥဒယကိုရှုခြင်းကြောင့်ကား။ နာနတ္တနည်းသည်ထင်၏။ အဘယ့်ကြောင့် နည်းဟူမူကား။ အသစ်အသစ်ကုန်သော သင်္ခါရတို့၏။ ဖြစ်ပေါ်လာခြင်း ဥပါဒ်ကိုထိုးထွင်း၍ သိခြင်းကြောင့်ပေတည်း။ ထိုသို့အသစ်အသစ်ကုန် သောသင်္ခါရတို့၏ ဖြစ်ပေါ်လာခြင်း ဥပါဒ်ကို၊ ထိုးထွင်း၍သိလပ်သော်၊ ယောဂီသည်။ အထူးအချွန်၊ အလွန်အခွင်းအားဖြင့်။ သဿတ ဒိဋ္ဌိကို ပယ်စွန့်နိုင်၏။ ပယ်စွန့်နိုင်ပုံကား။ သင်္ခါရဖြစ်ကုန်သော၊ ရုပ်နာမ်ခန္ဓာ တို့သည်။ ခဏခဏဖြစ်ကြလေကုန်၏ဟု,ရှုသော၊ ယောဂီ၏, နှလုံးသွင်း အနက်သဘောသည်၊ ခဏအားဖြင့်ဖြစ်ခြင်းဟူသော၊ ဥဒယကိုရှုခြင်းဖြင့်

ပြီးသည်ဖြစ်၍။ နာနတ္တနည်းကို သိခြင်း၌၊ ဖြစ်၏။ ထိုသို့နာနတ္တ နည်းကို သိသဖြင့်။ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ကုန်သောတရားတို့၏။ သဘာဝအထူးကို ထိုးထွင်း၍သိမြင်ချေရကား။ ထိုသူသည်ပြု၏၊ ထိုသူသည်ခံစား၏၊ ဤသို့ စသောနည်းဖြင့် ဖြစ်သော၊ သဿတဒိဋ္ဌိ၏ ဖြစ်ခွင့်ကိုပင်၊ မရနိုင်ရာ တော့ပြီ၊ ယင်းသို့သဿတဒိဋ္ဌိ၏ဖြစ်ခွင့်မရခြင်းသည်လည်း။ နာနတ္တနည်း အစွမ်းဖြင့်ပင်ဖြစ်ပေရကား။ ထိုနာနတ္တနည်းထင်မြင်သဖြင့်။ ယောဂီသည် သဿတဒိဋ္ဌိကို ပယ်နိုင်စွမ်းနိုင်၏ ဟူလိုသည်။ ။ဤစကားရပ်၏ သာဓက ကိုကား၊ ။"ခဏတော ဥဒယဒဿနေန နာနတ္တန ယောပါကဋော ဟောတိ နဝနဝါနံ ဥပ္ပါဒါဝ ဗောဓတော၊ အထ သုဋ္ဌုတရံ သဿတဒိဋ္ဌိံ ပဇဟတိ"။ ။ဟူ၍ ယခင်အဋ္ဌကထာလာသည်ကိုရှု။ ။ခဏတော ခဏအား ဖြင့်။ ဥဒယဒဿနေန၊ ဥဒယကိုရှုခြင်းဖြင့်။ ဝါ၊ ရှုခြင်းကြောင့်။ နာနတ္တ နယော၊ နာနတ္တနည်းသည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ။ အဘယ့်ကြောင့်နည်းဟူမူကား။ နဝနဝါနံ၊ အသစ်အသစ်ကုန် သောသင်္ခါရတို့၏၊ ဥပ္ပါဒါဝဗောဓတော၊ ဥပါဒ်ကို ထိုးထွင်း၍၊ သိခြင်း ကြောင့်တည်း။ အထ၊ထိုသို့ အသစ်အသစ်ကုန်သောသင်္ခါရတို့၏။ ဥပါဒ် ကိုထိုးထွင်း၍သိလတ်သော်။ သုဋ္ဌုတရံ အတိုင်းထက်အလွန်။ သဿတ ဒိဋ္ဌိံ၊ သဿတဒိဋ္ဌိကို။ ပဇဟတိ၊ ပယ်စွန့်နိုင်၏။ ။ဤကား, ဖြစ်ခြင်း ဥဒယကို၊ ခဏအားဖြင့်ရှုသဖြင့်၊ နည်းလေးပါးတို့တွင်။ နာနတ္တနည်းထင် မြင်၍၊သဿတဒိဋ္ဌိကို ယောဂီက ပယ်နိုင်ပုံ။ ။

ထိုမှတပါး၊ရုပ်နာမ်ခန္ဓာငါးပါးတို့၏ဖြစ်ရခြင်းကားအဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့်။ ဖြစ်ရခြင်းပေတည်း၊ ယင်းခန္ဓာ ငါးပါးတို့၏ ချုပ်ပျက်ရခြင်းတို့သည်လည်း။ အဝိဇ္ဇာ အစရှိသော အ ကြောင်းတရားတို့၏၊ ချုပ်ခြင်းကြောင့် ပျက်ရခြင်းပေတည်းဟု။ ပစ္စည်း အားဖြင့်။ ဥဒယဝယကိုရှုသဖြင့်။ အကြောင်းဖြစ်သော ပစ္စည်း တရားထင် ရှားရှိခဲ့သော်။ အကျိုးတရားသည်ဖြစ်၏။ အကြောင်းဖြစ်သော ပစ္စည်းတ ရားမှမရှိခဲ့သော်ကား။ အကျိုးတရားသည် မဖြစ်ရာတော့နိုင်ဟူသော အ နက်၏ပြီးခြင်းကြောင့်။ ရုပ်နာမ်ခန္ဓာဖြစ်မှုပျက်မှုကား။ တစုံတယောက် သောသူ၏။ လုလ္လကျိုးကုတ် အားထုတ်ခြင်း။ ဗျာပါရကြောင့်မဟုတ်။ စင် စစ်သော်ကား။ ထင်ရှားရှိသည်၏အဖြစ်မျှဖြင့်သာလျှင်။ ထိုတရားတို့သည် အကြောင်းဖြစ်ကုန်၏ဟု။အဗျာပါရနည်းထင်ခြင်းဖြစ်သတည်း။ ထိုသို့ အ ဗျာပါရနည်းထင်ခြင်းဖြစ်သောကြောင့်။ အလိုသို့ လိုက်တတ်သည်၏ အ

ဖြစ်ကိုမရ၍။အတ္တဒိဋ္ဌိ၏ဖြစ်ခွင့်ကိုပင်၊ မရနိုင်ရာတော့ပြီ။ ယင်းသို့ အတ္တဒိဋ္ဌိ၏ဖြစ်ခွင့်ကို မရခြင်းသည်လည်း။ အဗျာပါရနည်းအစွမ်းကြောင့်ပင် ဖြစ်ပေရကား။ ထိုအဗျာပါရနည်း ထင်ရှားဖြစ်သဖြင့်။ယောဂီသည်၊ အတ္တဒိဋ္ဌိကိုလျှင် ပယ်နိုင်စွန့်နိုင်၏ ဟူလိုသည်။ ။ထိုစကားရပ်၏ သာဓကေကိုကား "ပစ္စယတောစဉဒယဗ္ဗယဒဿနေန အဗျာပါရနယောပါကဋေါဟောတိ၊ ဓမ္မာနံအဝ သဝတ္တိဘာဝါဝ ဗေါဓော၊ အထသုဋ္ဌုတရံ အတ္တဒိဋ္ဌိံ ပဇဟတိ"။ ။ဟူသော ယခင်အဋ္ဌကထာပါဠိ ပင်တည်း။ ။

စ။ထိုမှတပါး။အသ၊ထိုယောဂီအား၊ပစ္စယတော၊အကြောင်းဖြစ်သော ပစ္စည်းတရားဖြင့်၊ ဥဒယဗ္ဗယဒဿနေန၊ ဖြစ်ခြင်း ပျက်ခြင်းဟူသော ဥဒယ ဝယကို ရှုခြင်းဖြင့်။ ဝါ၊ရှုခြင်းကြောင့်။ အဗျာပါရနယော၊ အဗျာပါရနည်းသည်၊ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ဖြစ်၏။ကသ္မာ၊အဘယ်ကြောင့်နည်းဟူမူကား။ ဓမ္မာနံ၊ပရမတ္ထဓမ္မတို့၏၊အဝသဝတ္တိဘာဝါဝဗောဓတော အလိုသို့ မလိုက်ဘတ်သည့်၏အဖြစ်ကို၊ ထိုးထွင်း၍ သိတတ်သောကြောင့်တည်း။ အထ၊ ထိုသို့အလိုသို့မလိုက်တတ်သည့်၏ အဖြစ်ကို သိလတ်သော် သုဋ္ဌုတရံ၊ တိုင်းထက်အလွန်၊ အတ္တဒိဋ္ဌိံ၊ ပရမတ္တအားဖြင့်။ အတ္တရှိ၏ဟု စွဲလန်းသော အတ္တဒိဋ္ဌိကို။ ပဇဟတိ၊ပယ်စွန့်နိုင်၏။ ။

ဤကား။ဖြစ်ခြင်းဥဒယနှင့်၊ ပျက်ခြင်းဝယကို အကြောင်းဖြစ်သော ပစ္စယအားဖြင့်ရှုခြင်းကြောင့်။ နည်းလေးပါးတို့တွင်။ အဗျာပါရနည်းထင်မြင်၍။အတ္တဒိဋ္ဌိကိုယောဂီပုဂ္ဂိုလ်ဘပယ်နိုင်ပုံ။

ထိုမှတပါး၊ ခန္ဓာငါးပါး၊ သင်္ခါရတရားတို့၏ဖြစ်ခြင်းသည်။ အဝိဇ္ဇာ အစရှိကုန်သော ပစ္စည်းတရားတို့ကြောင့် ဖြစ်သတည်းဟု၊ ဖြစ်ကြောင်း ပစ္စည်းတရားအားဖြင့်။ ဖြစ်ခြင်းဥဒယကို ရှုခြင်းကြောင့်။ ဤသို့ထင်လာမြင်လာ၏။ ထင်မြင်ဟန်ကား။ ထိုထိုအဝိဇ္ဇာအစရှိကုန်သော ပစ္စည်းတို့ကြောင့်။ ဤခန္ဓာငါးပါးသင်္ခါရတရားတို့သည် ဖြစ်လာကြကုန်၏။ ယင်းသို့ဖြစ်လာကြကုန်သော်လည်း၊ ဖြစ်လိုတိုင်းအမှတ်မထင်။ ယံဝါတံဝါမဖြစ်ကုန်ဘဲ။ မိမိတို့၏ အကြောင်းအားလျော်စွာသာလျှင် အကျိုးတရားတို့သည်ဖြစ်ကြကုန်၏ဟု။ အကြောင်းအကျိုးလျော်သော အနုရူပအားဖြင့်ဖြစ်သည်ပြီးသည်ဖြစ်၍။ ဧဝံဓမ္မတာနည်းသည်ထင်၏။ ထိုသို့ဧဝံဓမ္မတာနည်းထင်သဖြင့်။ အကြိယဒိဋ္ဌိ၏ဖြစ်ခွင့်ကိုပင် မရနိုင်ရာတော့ပြီ။ ယင်းသို့ အကြိယဒိဋ္ဌိ၏ ဖြစ်ခွင့်မရခြင်းသည်လည်း။ ဧဝံဓမ္မတာနည်း၏ အစွမ်း

ကြောင့်ပင်လျှင်ဖြစ်ပေရကား။ ထိုဒေဝံမြွေ တာနည်းထင်သဖြင့်။ ယောဂီ သည်။ အကြွယဒိဋ္ဌိကိုလျှင် ပယ်နိုင်စွန့်နိုင်၏ ဟူလိုသည်။ ။ထိုစကား ရပ်၏သာကေကိုမူ။ ။"ပစ္စယတော ပနဉဒယဒဿနေန ဇေဝံမြွေတာန ယောပါကန္နေါဟောတိ၊ ပစ္စယာနုရူပေနဖလဿုပ္ပါဒါဝဗောဓတော၊ အ ထသုဒ္ဓေတရံအကိရိယဒိဋ္ဌိံ ပဇဟာတိ"။ ။ဟူသောယခင်အဋ္ဌကထာပါဋ္ဌ ကိုရှု၍သိအပ်၏။ ။ပန၊ ထိုမှတပါး။ ပစ္စယတော၊ အကြောင်းဖြစ်သော ပစ္စည်းအားဖြင့်။ ဥဒယဒဿနေန၊ ဖြစ်ခြင်းကိုရှုခြင်းဖြင့်။ ဝါ၊ ရှုခြင်း ကြောင့်။ ဇေဝံမြွေဘာနယော၊ ဇေဝံမြွေတာနည်းသည်။ ပါကတော၊ထင်ရှား သည်။ဟောတိ၊ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ပစ္စယာနု ရူပေန၊ ပစ္စည်းအားလျော်သဖြင့်။ ဖလဿ၊ အကျိုး၏။ ဥပ္ပါဒါဝဗောဓတော ဖြစ်ခြင်းကို ထိုးထွင်း၍ သိခြင်းကြောင့်တည်း။ အထ၊ ထိုသို့အကြောင်း အားလျော်သဖြင့်။ အကျိုးကိုထိုးထွင်း၍သိလတ်သော်၊ သုဒ္ဓေတရံ၊ အ တိုင်းထက်အလွန်။ အကိရိယဒိဋ္ဌိံ၊ အကိရိယဒိဋ္ဌိကို။ ပဇဟာတိ၊ ပယ်စွန့် နိုင်၏။ ။ဤကားအကြောင်းဖြစ်သော ပစ္စည်း အားဖြင့်ဖြစ်ခြင်း ဥဒယ ကို ရှုခြင်းကြောင့်။ နည်းလေးပါးတို့တွင်။ ဇေဝံမြွေတာနည်းထင်မြင်၍။ အ ကိရိယဒိဋ္ဌိကို။ ယောဂီပုဂ္ဂိုလ်ကပယ်နိုင်ပုံ၊ ။အဋ္ဌကထာ၌။ အကိရိ ယဒိဋ္ဌိကို ပဓာနအားဖြင့်သာ ဆိုတော်မူသည်။ အဟေတုကာ ဒိဋ္ဌိကို လည်းပယ်သည်ဟူ၍သိ။ ။

## ခန္ဓာငါးပါး၌ဖြစ်ခြင်းပျက်ခြင်းကိုဆင်ခြင်ခြင်း။ ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံပြီး၏။

---

## ဥဒယဗ္ဗယဉာဏ်၏အခြားမဲ့၌၊ ဘင်္ဂါနုပဿနာဉာဏ်အစဉ်ရောက် သည်အတိုင်း။ယခုအခါ။ဘင်္ဂါနုပဿနာဉာဏ်ကိုဆိုပေအံ့။

ဘင်္ဂါနုပဿနာဉာဏ်ဟူသည်။ ခန္ဓာငါးပါးအလုံးစုံ သင်္ခါရ တရား တို့၏။ ချုပ်ပျက်ခြင်း၌ဆင်ခြင်သော ဉာဏ်ဟူလိုသည်။ ။ဘင်္ဂပုဒ်-အနု ပဿနာပုဒ်-ဉာဏပုဒ်-ဤသို့သုံးပုဒ်ခွဲ။ ။"သဗ္ဗသင်္ခါရာနံဘင်္ဂေါဝအနု ပဿနာ၊ ဘင်္ဂါနုပဿနာ"=ဟု၊ တပ္ပုရိသ်သမာသ်ဝစနတ်ပြု၊ ။သဗ္ဗ သင်္ခါရာနံ၊ အလုံးစုံကုန်သောသင်္ခါရတို့၏။ ဘင်္ဂေါဝ၊ ဘင်ကိုသာလျှင်။ အနုပဿနာ၊ ရှုခြင်းတည်း။ ဘင်္ဂါနုပဿနာ၊ ဘင်ကိုသာလျှင် ရှုခြင်း

တည်း။ ။နောက်ဉာဏပုဒ်နှင့်သော်ကား။ ''ဘင်္ဂါနုပဿနာဝေဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏံ''-ဟု၊ကမ္မဓာရည်းတွဲ။

ဘင်္ဂါနုပဿနာ ဝေ။ သင်္ခါရ တရားတို့၏ ပျက်ခြင်း ဘင်ကို ရှုခြင်းသည်သာလျှင်။ ဉာဏံ၊ သိသောဉာဏ်တည်း။ ဘင်္ဂါနုပဿနာ ဉာဏံ၊ သင်္ခါရတရားတို့၏ ပျက်ခြင်းဘင်ကိုသာလျှင် ရှုသောဉာဏ်။ ဖြစ်ခြင်းကိုလွှတ်၍။ ပျက်ခြင်းကိုသာရှုသော ယောဂီ၏ဉာဏ်သည်။ ဘင်္ဂါနုပဿနာဉာဏ်။ဘင်္ဂဉာဏ်ဟူလို၏။ ။ဤအရာ၌မေးဘွယ်ရာရှိ၏။ ရှိဟန်ကား။ ရှေး ဥဒယဗ္ဗယဉာဏ်ဖြင့်၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုပြီးဖြစ်သည်။ ယခုအခါ ဖြစ်ခြင်းကိုလွှတ်၍။ ပျက်ခြင်းကိုသာရှုသော ဘင်္ဂဉာဏ်ဖြစ်ပြန်ခဲ့သည်။အဘယ်ကြောင့်ပါနည်း။ ယောဂီသည် ရှေးဉာဏ်ဖြင့်၊ ရှုပြီးဖြစ်သောပျက်ခြင်းကိုပင်လျှင် ထပ်မံ၍ရှုရသော ဘင်္ဂဉာဏ်ဟူ၍။ သီးခြားစွာဖြစ်ပေါ်ရခြင်း၏၊ အကြောင်းယုတ္တိကို ဖေါ်ပြပါလောဟူ၍။ ဤအရာ၌ စောဒနာဘွယ်ရှိ၏။ထိုစောဒနာစကားရပ်ကိုကား၊ ဤသို့ဖြေဆိုအပ်၏။ ဖြစ်ခြင်းပျက်ခြင်းကိုရှုသော ယောဂီသည်။ ဥဒယဗ္ဗယာနုပဿနာ ဉာဏ်ကို လုလ္လကြိုးကုတ်အားထုတ်၍။ ဖြစ်ခြင်းပျက်ခြင်းဟူသော၊ ဥဒယဗ္ဗယအားဖြင့်၊ ပိုင်းခြားအပ်ကုန်သော သင်္ခါရတို့ကို။ အနိစ္စ ဒုက္ခ၊ အနတ္တ၊အားဖြင့်။ အဖန်တလဲလဲရှု၏။ ဤကဲ့သို့ အဖန်တလဲလဲ၊ အနိစ္စ၊ဒုက္ခ၊အနတ္တ-ဟု ရှုသော ထိုယောဂီ၏၊ ထိုကဲ့သို့ရှုသောဉာဏ်သည်။ မနုံ့နွေးဘဲ။ သန်မြန်ထက်မျက်သည်ဖြစ်၍ဖြစ်၏။ ယင်းသို့သန်မြန်ထက်မျက်ခြင်းကြောင့်။ သင်္ခါရတရားတို့သည်။ လျှင်စွာထင်ကုန်၏။ ဉာဏ်ထက်မျက်သည်ဖြစ်၍။ သင်္ခါရတို့သည်၊ လျှင်စွာထင်ကုန်သည်ရှိသော်။ ဖြစ်ခြင်းဥဒယသဘောကား ပျက်ခြင်း ဝယသဘောသာ ဖြစ်ချေတကား-ဟု၊ ဆင်ခြင်သော ယောဂီအား။ ဝယဒဿနဟူသောပျက်ခြင်းကို ရှုသောအကျိုးသာလျှင်။ အတိုင်းအရှည်ရှိရကား။ ဖြစ်ခြင်းဥပါဒ်ကိုလွန်၍၊ ပျက်ခြင်းဘင်၌သာလျှင်။ သတိသည်ကောင်းစွာတည်၏။ ထို့ကြောင့်၊ ထိုဉာဏ်သည်။ ဘင်္ဂါနုပဿနာဉာဏ်မည်လျက်။ သီးခြားစွာဖြစ်ပေါ်လာရခြင်းကို သိအပ်၏။ တနည်း။ယောဂီသည်။ ချုပ်ငြိမ်းနိရောဓ၌။ နှလုံးသွင်းခြင်းရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ ဖြစ်ခြင်းဥဒယကိုပယ်၍။ ပျက်ခြင်းဘင်၌သာလျှင်။ သတိကိုရှေးရှုထင်စေ၏။ ထိုအခါသင်္ခါရတို့၌ အကြုံးဝင်သော တရားအပေါင်းသည်ကား။ ဤသို့ဖြစ်၍၊ ဤသို့စက်ဆုပ်ဘွယ်လိ၊ ချုပ်ရပျက်ရဘိ၏တကားဟု၊ ရှုသော။ ထိုယောဂါဝစရအားဖြစ်ခြင်းကိုလွှတ်၍။ ပျက်ခြင်းကိုသာလျှင်

နှလုံးပြုရာ၊ တခုသောဗ္ဗာနဥ္စ၊ ဘာင်ကိုသာလျှင်၊ အဖန်တလဲလဲ၊ ရှုသည်မည်သော။ ဝိပဿနာဉာဏ်သည်ဖြစ်၏၊ ထို့ကြောင့်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌။ ။''ဥဒယဗ္ဗယာနုပဿနံအာရဗ္ဘိတွာဥဒယဗ္ဗယေန ပရိစ္ဆိန္နေသင်္ခါရေအနိစ္စာဒိတောဝိပဿတိ။ ဇိဝံတဿတံဉါဏံတိက္ခံဟုတွာဝဟတိ၊သင်္ခါရာလယံဥပဋ္ဌဟန္တိ။ ဉာဏေတိက္ခေဝဟန္တေသင်္ခါရေသုလယံဥပဋ္ဌဟန္တေသုဥပ္ပါဒံအတိက္ကမိတွာဘင်္ဂေဝ၊ သတိသန္တိဋ္ဌတိ၊ :နိရောဓဓမ္မတ္တိတ္တာဝါ ဥဒယံပဟာယဘင်္ဂေယေဝသတိံပဋ္ဌပေတိ။ ကေသွိံဌာနေ ဘင်္ဂါနုပဿနာဉာဏံ၊ ဥပ္ပဇ္ဇတိ''၊ ။ဟူ၍မိန့်တော်မူ အပ်၏။ ဥဒယဗ္ဗယာ နုပဿနံ၊ ဥဒယဗ္ဗယာ နုပဿနာဉာဏ်ကို အာရဗ္ဘိတွာ၊ အားထုတ်၍၊ ဥဒယဗ္ဗယေန၊ ဖြစ်ခြင်း ပျက်ခြင်းဖြင့်။ ပရိစ္ဆိန္နေ၊ ပိုင်းခြားအပ်ကုန်သော။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ အနိစ္စာဒိတော၊ အနိစ္စအစရှိသောအားဖြင့်။ ဝါ၊ အနိစ္စ ဒုက္ခ၊ အနတ္တ အားဖြင့်၊ ဝိပဿတိ အဖန်တလဲလဲ ရှု၏။ ဧဝံ၊ဤသို့ရှုသောတဿ၊ထိုယောဂီပုဂ္ဂိုလ်၏။ တံဉာဏံ၊ ထိုရှုသော ဝိပဿနာဉာဏ်သည်။ တိက္ခံ၊ ထက်သည်၊ ဟုတွာ၊ ဖြစ်၍၊ဝဟတိ၊ဆောင်နိုင်ဖြစ်နိုင်၏။ သင်္ခါရာ၊ သင်္ခါရ တရားတို့သည်။ လဟုံ၊ အဆောတလျှင်။ ဥပဋ္ဌဟန္တိ၊ထင်ကုန်၏။ ဉာဏေ၊ဉာဏ်သည်။ တိက္ခေ၊ထက်သည်ဖြစ်၍။ ဝဟန္တေ၊ဖြစ်လတ်သည်ရှိသော်။ ဝါ၊ဉာဏ်ထက်သည်ဖြစ်၍။ ဖြစ်ခြင်းကြောင့်။သင်္ခါရေသု၊သင်္ခါရ တရားတို့သည်။ ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ ဥပ္ပါဒံ၊ဖြစ်ခြင်း ဥပါဒ်ကို။ အတိက္ကမိတွာ၊ လွန်၍။ ဘင်္ဂေ၊ ဘင်၌သာလျှင်။ သတိ၊သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာ တည်၏၊ ဝါ၊ တနည်းကား။ နိရောဓဓမ္မတ္တိတ္တာ၊ ချုပ်ခြင်းပျက်ခြင်းနိရောဓဟူသောဝယဉ္စသာလျှင်။ ယောဂါဝစရပုဂ္ဂိုလ်၏။ နှလုံးသွင်းခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဥဒယံ ဖြစ်ခြင်း ဥဒယကို။ ပဟာယ၊ပယ်၍။ ဘင်္ဂေယေဝ၊ဘင်၌သာလျှင်၊သတိံ၊ သတိကို ဥပဋ္ဌပေတိ၊ ထင်စေ၏။ ကေ သွိံဌာနေ၊ ဖြစ်ခြင်းကိုလွှတ်၍၊ ပျက်ခြင်းကို သာလျှင်။ နှလုံးမူရာ တခုသော ဌာနဥ္စ။ ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိဖြစ်၏။ ။အဋ္ဌကထာဝယ်။ သတိကို သ႑ဆိုသော်လည်း။ သတိကိုအရင်းမူသဖြင့်၊ ဉာဏ်ကို ဆိုအပ်သည်ဟု နှလုံးပြု။ ။ယခုအခါ၌၊ ဘင်္ဂါနုပဿနာဉာဏ်၏ နိဒ္ဒေသအရာ၌လာသော ''ရူပါရမ္မဏတာစိတ္တံဥပ္ပဇ္ဇိတွာဘိဇ္ဇတိ''၊ဟူသောပါဠိဖြင့်။ရုပ်-ဝေဒနာ သညာ - သင်္ခါရ ဝိညာဏ် ဟူကုန်သော ခန္ဓာငါးပါးတရားတို့သည်။မိမိတို့၏ ပစ္စည်းတရားကြောင့်။ အသီးအသီးဖြစ်ကုန်ပြီး၍။ ထိုခန္ဓာငါးပါး တ

ရားအနက်တွင်။ ရုပ်ခန္ဓာတရားကား။ မဟာဘူတ–တဆယ့် ခွန်နှစ်ချက်။
ခဏငယ် ငါးဆယ့်တချက်။ အသက်ရှိသောတရားမျိုးဖြစ်၍။ ထိုအသက်
စေ့ရောက်ခြင်း ရှိသည် ဖြစ်က။ ချုပ် လေ ပြိမ်း လေ တော့ သည်။
ဝေဒနက္ခန္ဓာ တရား။ သညက္ခန္ဓာ တရား။ သင်္ခါရက္ခန္ဓာ တရား။ ဝိညာ
ဏက္ခန္ဓာတရား။ ဤလေးပါး တို့သည်ကား။ စိတ်၊ စေတသိက် ဟူသော
နာမ်တရားမျိုး ဖြစ်သည်အလျှောက်။ မဟာဘူတ တချက်။ ခဏငယ် သုံး
ချက်မျှသာ။ အသက်ရှိကြသည်ဖြစ်၍။ ထိုမဟာဘူတတချက်၊ ခဏငယ်
သုံးချက်ရှိလျှင်ပင်။ ချုပ်ကြ ပြိမ်းကြလေ တော့သည်၊ ဟူ၍ ဟောတော်မူ
သည်။ ။"တေမေပဉ္စက္ခန္ဓာဓမ္မာအပရိနာယကာ၊နိဿတ္တ နိဇီဝသဘာဝါ"။
ဟူသော နောက်ဝါကျ၌၊ အပရိနာယကာ၊ ဟူသောပါဠိဖြင့်။ ဥပဋ္ဌတွာ၊
ပုဒ်အရ။ ထိုခန္ဓာငါးပါးတို့ ဖြစ်ကုန်ရာဝယ်။ မဟာ ဗြဟ္မာကြီး၏ ဘုန်းတံ
ခိုးဖြင့်။ စိုးမိုးခင်းကျင်း၊ ပြုပြင်ဖန်ဆင်းအပ်သည်လည်းမဟုတ်ကုန်။ ပရမိ
သွာမဟာဝိန္ဒု။ ကတဲစ န္တိစသောနတ်တို့၏ ကမ္မဖိဒ္ဓိပုညိဒ္ဓိ တံခိုးအမျိုးမျိုး
တို့ဖြင့်· စိုးမိုး ခင်းကျင်း၍။ ဖန်ဆင်း အပ်သည်လည်းမဟုတ်ကုန်။ ကြီး
ကျယ်မြင့်မြတ်ကုန်သော။ ဇာတ္ထိပဒ်ဗျာန် အဘိဉာဏ်ရပုဂ္ဂိုလ် တို့၏။ ဗျာန်
အဘိဉာဏ်ဖြင့်လည်း။ စီမံခင်းကျင်း။ ဖန်ဆင်းအပ်သည်လည်း မဟုတ်
ကုန်၊ ယင်းသို့ မဟာဗြဟ္မာ၊ ပရမိသွာ အစရှိသော နတ်တို့၏ ဖန် ဆင်း
အပ်၊ ပြုပြင်စီရင်အပ်သည် မဟုတ်ချေ၍။ ရှေ့ဆောင်ဦးစီး၊ ပြုဖန်တည်း
သော။ အကြီးအမှူးမရှိလေရကား။ အပရိဏာယကသာလျှင်ဖြစ်ကြကုန်
သတည်း ဟူသော အနက်ကို ပြတော်မူအပ်၏။ နိဿတ္တ နိဇီဝါ ဟူသော
ပါဠိဖြင့်၊ ဤကဲ့သို့ပြုပြင်စီမံခင်းကျင်းလျက်။ ဖန်ဆင်းတတ်သောပရိဏာ
ယကပုဂ္ဂိုလ်မှကင်း၍။ အပရိနာယကပင် ဖြစ်ကြကုန်စေကာမူ။ ထိုခန္ဓာ
ငါးပါး၊ နာမ်ရုပ်တရားတို့သည်ကား။ လုံးလုံးလျားလျား၊ကိုယ်ကောင် အ
ထည်ကောင်ဒြပ်နှင့်တကွ၊ သတ္တဝါပင်ဖြစ်ကြကုန်၏ ဟူ၍ငြင်း။ အသက်
ရှိသောသဘာဝမျိုးဖြစ်၍လည်း၊ သဇီဝသဘောလျှင် စင်စစ်ဖြစ်ကြကုန်
၏ဟူ၍ငြင်း။ တစုံတရာတပိုးတစိ၊ မှတ်ထင်ဘွယ်၊ နှလုံးသွင်း ဘွယ် အ
အလျှဉ်း မဟုတ်။ မုချစင်စစ်၊ပရမတ္ထတရားအစုအပုံမျှသာဖြစ်ချေရကား။
နိဿတ္တနိဇီဝတို့သာလျှင် ဖြစ်ကြကုန်သတည်း ဟူသော အနက်ကိုပြတော်
မူအပ်၏။ ။ထိုကဲ့သို့ အပရိနာယက ဟူ၍ငြင်း။ နိဿတ္တ နိဇီဝ ဟူ၍ငြင်း။
ဆိုအပ်ကုန်သော ခန္ဓာငါးရပ်တို့သည်၊ပရမတ်မျှသာ ဖြစ်ကုန်ကြသည်အ
လျှောက်။ဥပါဒ် မှ ဘင်အားဖြင့်။ ရွေလျောဖေါက်လွဲ၊ ပျောက်စဲတတ်သော

သဘော။ ခန်းခြောက်ပြုံးတီး။ ပျက်စီးတတ်သောသဘောကြောင့်၊ အတည်အတွဲ။ အမြဲမရှိကုန်။ ထိုသို့မရှိကုန်ရကား။ မြဲသောနိစ္စတရားတို့မဟုတ်ကုန်ဟူသော အနက်သဘောကိုသိအပ်၏။ ထိုအနက်သဘောကို။ "ခယဋ္ဌေနဝယဋ္ဌေနအနိစ္စာ"။ ။ဟူသောပါဠိဖြင့်ပြတော်မူအပ်၏. ထိုနောင် "အနိစ္စသဒုက္ခတ္တာ"ဟူသည်နှင့်အညီ။ အကြင်ခန္ဓာတို့သည်။ အနိစ္စဖြစ်ကုန်၏။ ထိုခန္ဓာတို့သည်။ ဧကန္တအားဖြင့်။ ခြသေ့်သစ်ကျား၊ဘေးရန်များနှယ်။ ကြောက်မက်ဘွယ်ဖြစ်သောသဘော၊ နှိပ်စက်ညှင်းပမ်း။ နွမ်းနယ်စေတတ်သော သဘောကြောင့်။ ညှိုညင်ဆင်းရဲ သည်းခံနိုင်ခဲ၏။ ထိုသို့သည်းခံနိုင်၍။ ဒုက္ခလုံးလုံးဖြစ်ခဲ့ကုန်ရကား။ ချမ်းသာသော သုခတရားတို့ မဟုတ်ကုန်ဟူသော အနက်သဘောကို သိအပ်၏။ ထိုအနက်သဘောကို။ "ဘယဋ္ဌေနပိဠနဋ္ဌေနဒုက္ခာ"၊ ။ဟူသောပါဠိဖြင့် ပြတော်မူအပ်၏။ ထို့နောင်။ "ဒုက္ခသအနတ္တာ" ဟူသည်နှင့်အညီ၊ အကြင်ခန္ဓာတို့သည်ဒုက္ခဖြစ်ကုန်၏။ ထိုခန္ဓာတို့သည်။ ဧကန္တအားဖြင့်။ အနှစ်မရှိ။ ပုတ်ညစ်ကြေး၊ ပုတ်ဆွေးတတ်သောသဘော။ စီရင်လွှမ်းမိုး။ အစိုးမရသောသဘော။ လိုရာလိုရပ်သို့။ မလိုက်တတ်သော သဘောကြောင့်။ ငါဟုသမုတ်ကိုယ်မဟုတ်ကြလေကုန်။ ထိုသို့ကိုယ်မဟုတ်ကြကုန်ရကား။ အတ္တဟူသောအနှစ်သာရမရှိကြချေ ဟူသော အနက်သဘောကိုသိအပ်၏။ ထိုအနက်သဘောကို။ ။"အသာရကဋ္ဌေန- အနိဿရဋ္ဌေန- အဝသဝတ္တနဋ္ဌေနအနတ္တာ"။ ။ဟူသောပါဠိဖြင့်ပြတော်မူအပ်၏။ ။"ဣဒါနေဝမေတံအာရမ္မဏံ- ဝိပဿနိကာပိတ္တံဉပ္ပဇ္ဇိတွာနိရုဇ္ဈတိ"။ ။ဟူသောပါဠိဖြင့်၊ အဘယ်ကိုပြသနည်းဟူမူကား။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ၊ ဤလက္ခဏာသုံးပါးပုံတို့ဖြင့်၊ အာရုံစုံငြိ။ အမြဲရှိလျက်။ ဝိပဿနာပွါးသော။ ယောဂီပုဂ္ဂိုလ်အား။ ဤသို့သောနှလုံးသွင်းခြင်းသည်ဖြစ်၏။ အတိတ်ကာလက၊ ရှုဆင်ခြင်ကဲ့သော။ ဝိပဿနာစိတ်ပေါင်းများစွာတို့မှာဖြစ်၍ဖြစ်၍ချုပ်ခဲ့ကြသည်ကား။ ဆိုဘွယ်မရှိပြီ၊ ယခုအခါ၌လျှင်ဝိပဿနာရှုဆဲဖြစ်ဆဲဖြစ်သော၊ ငါ၏ဝိပဿနာ စိတ်သည်ပင်။ အတည်မမြဲဘဲ။ ခန္ဓာငါးပါးတို့၏ပျက်ခြင်း ဘင်ကိုရှုသောအားဖြင့်ဖြစ်ပြီး၍။ မိမိ၏နာမ်သက်အတိုင်း။ ဥပါဒ်- ဌီဘင်ဟူသော ခဏငယ်သုံးချက်စေ့သဖြင့် ချုပ်ပျက်လေတော့သည်ဟု။ ယောဂီပုဂ္ဂိုလ်၏ နှလုံးသွင်းဆင်ခြင်ခြင်းကိုပြတော်မူသတည်း။ ဤအရာ၌ လက္ခဏာသုံးရပ်နှင့် စပ်သည်ဖြစ်၍။ မှတ်ဘွယ်ဆိုဦးအံ့။ "အနိစ္စ-အနိစ္စလက္ခဏာ၊ ဒုက္ခ ဒုက္ခလက္ခဏာ၊ အနတ္တ-

အနတ္တ လက္ခဏာ။ ဤခြောက်ရပ်ကို ခွဲခြမ်း၍သိအပ်၏။ ထိုခြောက်ရပ်တို့တွင်။ ခန္ဓာငါးပါးသည်။ ဖြစ်ပြီး၍မရှိသောကြောင့်။ အနိစ္စမည်၏။ အနိစ္စလက္ခဏာဟူသည်ကား။ ဖြစ်ပြီး၍မရှိခြင်းဟုဆိုအပ်သော။ အခြင်းအရာ၏ဖေါက်ပြန်ခြင်းသည်။ အနိစ္စလက္ခဏာမည်၏။ ယခင်ခန္ဓာငါးပါးသည်ပင်မပြတ်နှိပ်စက်အပ်သောကြောင့်။ ဒုက္ခ မည်၏။ ဒုက္ခ လက္ခဏာဟူသည်ကား။ မပြတ်နှိပ်စက်သောအခြင်းအရာသည်။ ဒုက္ခ လက္ခဏာမည်၏။ ယခင်ခန္ဓာငါးပါးသည်ပင် အလိုသို့မလိုက်သောကြောင့်။ အနတ္တ မည်၏။ အနတ္တလက္ခဏာဟူသည်ကား။ အလိုသို့မလိုက်သော အခြင်းအရာသည် အနတ္တလက္ခဏာမည်၏။ ဤစကားအစဉ်ဝယ်။ ဖြစ်ပြီး၍မရှိခြင်းဟုဆိုအပ်သောအခြင်းအရာ၏ ဖေါက်ပြန်ခြင်းဟူသော အနိစ္စလက္ခဏာ။ မပြတ်နှိပ်စက်သော အခြင်းအရာဟူသော၊ ဒုက္ခလက္ခဏာ။ အလိုသို့မလိုက်သောအခြင်းအရာဟူသော၊ အနတ္တလက္ခဏာ။ ဤလက္ခဏာ သုံးရပ်ကို။ ရည်မှတ်တော်မူ၍။ ။ဣဒါနေ၊ ယခုအခါ၌လျှင်။ မေဝ၏။ တံအာရမ္မဏိကဝိပဿနိကစိတ္တံ၊ ထိုလက္ခဏာသုံးစုံ၊ အာရုံစွဲငြိ။ အမြဲရှိသော ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ချုပ်၏။ ။ဤသို့ကျေးဇူးသျှင်ဆရာတော်ဘုရားကြီး။ အနက်ဖော်ဖွင့်နာသည်ဟုသိ။ ။နှစ်ကြိမ်မြောက်လည်း။ ထိုအနိစ္စ-ဒုက္ခ-အနတ္တဟူသော။ လက္ခဏာသုံးပုံ အာရုံစွဲငြိ။အမြဲရှိသော ဝိပဿနာစိတ်သည်ပင်း။ သုံးကြိမ်မြောက်လည်း။ ထိုလက္ခဏာသုံးပုံ၊ အာရုံစွဲငြိ၊ အမြဲရှိသော ဝိပဿနာစိတ်သည်ပင်း။ ဖြစ်၍ချုပ်၏ဟူရာ၌။ ယောဂီပုဂ္ဂိုလ်သည်။ အကြင်သို့သော ဝိပဿနာစိတ်ဖြင့် ခန္ဓာငါးပါးတို့၏ ခယဝယအားဖြင့် ပျက်ခြင်းကိုရှုဆင်ခြင်၏။ ထိုကဲ့သို့ ရှုဆင်ခြင်သော။ ပထမဝိပဿနာစိတ်သည်လည်း။ ခဏာသယ် သုံးချက်စေ့သဖြင့်ချုပ်၏။ ထိုကဲ့သို့ချုပ်လေပြီးသော ပထမဝိပဿနာစိတ်၏ ဘင်ကို။ နှစ်ကြိမ်မြောက် ဥပါဒ်သော တပါးသော စိတ်ဖြင့်ပျက်ခြင်းကို ရှုဆင်ခြင်ပြန်၏။ထိုနှစ်ကြိမ်မြောက် ရှုဆင်ခြင်သော ဝိပဿနာစိတ်သည်လည်း ခဏာသယ်သုံးချက် အသက်စေ့၍ ချုပ်ပြန်ခဲ့ရကား၊ ထိုဒုတိယဝိပဿနာစိတ်၏ဘင်ကိုပင်လျှင်။ သုံးကြိမ်မြောက်ဥပါဒ်သော တတိယဝိပဿနာစိတ်က၊ ခယဝယအားဖြင့် ပျက်ခြင်းကိုရှုဆင်ခြင်ပြန်၏၊ ထိုကဲ့သို့အသီးအသီးရှုဆင်ခြင်သော ဝိပဿနာစိတ်အပေါင်းသည်လည်း။ ချုပ်ခြင်းသို့ရောက်၏ ပျက်ခြင်းသို့ရောက်၏။ ပျောက်ခြင်းသို့ရောက်၏။ ဖေါက်ပြန်ခြင်းသို့ရောက်၏။ ထိုသို့သောဝိပဿနိကစိတ်တို့၏။ ချုပ်ခြင်း ပျက်ခြင်း

သို့ ရောက်ခြင်းကိုရည်မှတ်တော်မူ၍။ ။ဒုတိယမ္ပိ။ တတိယမ္ပိ။ တံအာရမ္မဏံက ဝိပဿနိကစိတ္တံ၊ ဉပ္ပန္နံတွာနိရုဇ္ဈတိ. ဘိဇ္ဇတိ ဝိနဿတိ ဝိပရိဏာမံဂစ္ဆတိ။ ။ဟူသောပါဠိကိုမိန့်တော်မူသည်ဟုမှတ်။ အချုပ်ကိုဆိုသော်ကား၊ ခန္ဓာငါးပါး။ ရုပ်နာမ်တရားတို့ကို။ ခယဝယအားဖြင့် ရှုသောစိတ်၏ဘင်ကို။ တပါးသော ဝိပဿနာစိတ်ဖြင့် ထပ်မံ၍။ အဖန်တလဲလဲရှု၏ ဟူလိုသည်။ ထို့ကြောင့်အဋ္ဌကထာ၌။ ။"တဿ စိတ္တဿ အပရေ နဘင်္ဂံ အနုပဿတိတိ အတ္ထော"။ ။ဟူ၍ ဖွင့်တော်မူအပ်၏။ ။တဿ စိတ္တဿ ထိုခန္ဓာငါးပါးကို ၊ခယဝယအားဖြင့်ရှုသောစိတ်၏။ ဘင်္ဂံ၊ဘင်ကို၊အပရေနှ၊ တပါးသော စိတ္တေနှ၊ ဝိပဿနာ စိတ်ဖြင့်။ အနုပဿတိ အဖန် တလဲလဲ ရှု၏၊ ဣတိ၊အယံ၊ဤသည်ကား။ အတ္ထော၊အနက်တည်း။ ။ဤအရာ၌ ဉာတနှင့်၊ဉာဏဟူ၍နှစ်ပါးရှိသည်။ ထိုနှစ်ပါးစုံကိုပင်။ ယောဂီသည်ဝိပဿနာရှု၏ဟူလိုသည်။ အဓိပ္ပါယ်ကား။ အနုပဿနာဉာဏ်ဖြင့်သိအပ်သည်ဖြစ်၍။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးတရားအစုသည်။ ဉာတမည်၏။ ရုပ်ဝေဒနာစသော ခန္ဓာငါးပါးအစုကို။ အဖန်တလဲလဲ ရှုတတ်သည်ဖြစ်၍အနုပဿနာဉာဏ်သည်ဉာဏမည်၏။ထိုနှစ်ပါးတို့တွင်။ ဉာဏမည်သောရုပ်ဝေဒနာစသော ခန္ဓာငါးပါးကို၊ ယောဂီသည်။ ဉာဏမည်သောအနုပဿနာဉာဏ်ဖြင့်။ ဝိပဿနာရှု၏၊ ထိုကဲ့သို့ရှုသောဉာဏမည်သောအနုပဿနာဉာဏ်သည်။ခဏတ္တယသမင်္ဂီဖြစ်၍ ချုပ်သဖြင့်။ထိုချုပ်သောဉာဏ်၏ ဘင်ကို။ တပါးသောဝိပဿနာစိတ်ဖြင့် ရှုပြန်ခဲ့၏။ ဤသို့ချုပ်လေပြီးသော အနုပဿနာဉာဏ်တည်းဟူသော ဉာဏ်သည်။ ဉာတကဲ့သို့ နောက်ဉပါဒ်သောဝိပဿနာ စိတ်ဖြင့်၊ ရှုခြင်းငှါထိုက်လေရကား။ ဉာတကိုရင်း၊ဉာဏကိုရင်း၊ နှစ်ပါးစုံတို့ကို ယောဂီသည်ရှု၏ ဟုဆိုလိုသတည်း။ ထို့ကြောင့် အဋ္ဌကထာ၌။ ။"တေနာဟပေါရာဏာ။ ။ဉာတဉ္စဉာဏဉ္စ–ဉဘောဝိပဿတိတိ"။ ။ဟူ၍ပေါရာဏဆရာတို့မိန့်ဆိုတော်မူကြောင်းဖြင့်။ထေရဝါဒကိုပြတော် မူအပ်၏။ ။အနက် ယောဇနာ ကား။ ။တေန၊ ထိုကြောင့်။ ဝါ၊ ထိုသို့ခယဝယအားဖြင့် ရှုသောစိတ်၏ဘင်ကို။ တပါးသောဝိပဿနာစိတ်ဖြင့်။ အဖန်တလဲလဲရှုခြင်းကြောင့်။ ပေါရာဏာ။ ရှေးဆရာတို့သည်။ ဉာတဉ္စ ဉာဏဉ္စ ဉဘောဝိပဿတိတိ· ဉာတဉ္စ ဉာဏဉ္စဉဘောဝိပဿတိ ဟူ၍၊ အာဟု၊ဆိုကုန်ပြီ၊ ။ဉာတဉ္စ၊ အနုပဿနာဉာဏ်ဖြင့် သိအပ်သော ရုပ်ဝေဒနာစသောအာရုံကိုရင်း။ ဉာဏဉ္စ။ ရုပ်ဝေဒနာစသော အာရုံကို အဖန်တလဲလဲရှုသော အနုပဿနာဉာဏ်ကိုရင်း။ ဉဘောပိ၊နှစ်ပါးစုံတို့ကို

လည်း။ ၁၊ ဉာတနှင့်ဉာဏဟူတုံ၊ နှစ်ပါးစုံတို့ကိုလည်း။ ဝိပဿတိ ခယ
ဝယ အားဖြင့် အဖန်ဖန်ရှု၏။ ။ဤကဲ့သို့၊ ဉာတနှင့် ဉာဏနှစ်ပါးစုံသော
အာရုံကိုကြိုက်ကြုံအောင် ရှုစွမ်းနိုင်သော ယောဂီပုဂ္ဂိုလ်အား။ ဘင်္ဂါနု
ပဿနာဉာဏ်သည်။ လေ့လာအပ်သည် ဖြစ်တော့သည်။ အာရုံသည်
လည်း။ အထူးသဖြင့် ထင်ရှားသည်ဖြစ်၍၊ ရှေးရှုထင်လေတော့၏ ဟူ၍
မှတ်။ ထို့ကြောင့်၊မဟာဋီကာ၌။ ။“ဧဝံဟိဘင်္ဂါ နုပဿနာပဂုဏာဟော
တိအာရမ္မဏဉ္စသဝိဘူတတရံဟုတွာဥပဋ္ဌာတိ”။ ။ဟူ၍ ဖွင့် တော် မူ၏
ဟိ၊ ထိုစကားမှန်၏။ ဧဝံ၊ ဤသို့ခယဝယအားဖြင့်ရှုသောစိတ်၏၊ ဘင်ကိုရှု
သည်ရှိသော်။ ဘင်္ဂါနုပဿနာ၊ ဘင်္ဂါနုပဿနာသည်။ ပဂုဏာ၊ လေ့လာ
အပ်သည်။ ဟောတိဖြစ်၏။ အဿ၊ ထိုယောဂီအား။ အာရမ္မဏဉ္စ။ အာရုံ
သည်လည်း။ ဝိဘူတတရံ၊ အထူးသဖြင့် ထင်ရှားသည်။ ဟုတွာ၊ ဖြစ်၍။
ဥပဋ္ဌာတိ၊ ထင်၏။ ထိုကဲ့သို့ ဘင်္ဂါနုပဿနာ ဉာဏ် ထက် သန် သော
ယောဂီသည်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိအစရှိကုန်သော၊ အထူးထူး အ
ပြားပြားကုန်သော ဒိဋ္ဌိတို့ကြောင့်။ မတုံလှုပ်မချောက်ခြားတော့ဘဲ။ စင်
စစ်သဖြင့် မချုပ်သေးသော သင်္ခါရတရားသည်ပင်လျှင် ချုပ်၏။ မပျက်
သေးသောသင်္ခါရသည်ပင်လျှင် ပျက်၏ဟု နှလုံးသွင်းခြင်းရှိရကား။ ကွဲ
အက်သည်ဖြစ်၍ အားနည်းစွာသော မြေဖို မြေစိမ်းခွက်၏။ ကွဲဖျခြင်းကို
သာလျှင်ရှု၏ သို့ရင်း။ ဖရိုဖရဲ ထွင့်ကြဲအပ်သော သိမ်မွေ့သော မြူ၏။
ပျောက် ပျက်ခြင်းကို သာလျှင် ရှု၏သို့ရင်း။ ကျွတ်ကျွတ် ချော်အပ်ကုန်
သော နှမ်းတို့၏ပျက်ခြင်းကိုသာလျှင်ရှု၏သို့ရင်း။ အလုံးစုံကုန်သောသင်္ခါ
ရတို့၏။ ဖြစ်ခြင်းဟူသော ဥပါဒ်ကိုရင်း။ ရင့်ခြင်းဟူသောဌီကိုရင်း။ဖြစ်
ကြောင်းဟူသော ပဝတ္တနိမိတ်ကိုရင်း။ လွှတ်၍ပျက်ခြင်းကိုသာလျှင်။ ရှု
တော့ မြင်တော့၏ဟူ၊ ဥပမာပြလျက်။ အဋ္ဌကထာ ဆရာ ဆိုတော် မူ
သည်၊ ဤသို့အဋ္ဌကထာ၌ မိန့်တော်မူအပ်သော၊ ဥပမာသုံးရပ်တွင်။ အား
သေးသော မြေအိုးဥပမာဖြင့်။ သင်္ခါရတရားတို့၏၊ မိမိ သဘောအားဖြင့်
ပျက်တတ်သည်၏ အဖြစ်ကိုပြရခြင်းအကျိုးရှိ၏။ ကြဲဖြန့်သောမြူဥပမာ
ဖြင့်၊ အချင်းချင်းမစပ်သည်၏ အဖြစ်ကို။ ပြရခြင်းအကျိုးရှိ၏၊ နှမ်းလှော်
ဥပမာဖြင့်။ ခဏတိုင်းခဏတိုင်းပျက်ခြင်း သဘောရှိသည်၏အဖြစ်ကို ပြ
ရခြင်းအကျိုးရှိ၏ဟူ၍ အထူးမှတ်။ ။“ဘေဒမေဝပဿတိ”၊အရ။ ပျက်
ခြင်းကိုသာလျှင် ရှုသော ထိုယောဂီသည်။ ဥပမာမည်သည်ကား၊ မျက်စိ
အမြင်ရှိသော ယောကျ်ားသည်၊ လေးထောင့် ရေကန်၏ကမ်းစပ်၌ရင်း။

ဖြစ်မကမ်းခြေ၌ရှင်း။ တန့်ရပ်လျက် ကြီးစွာသောမိုဃ်းရေ မိုဃ်းပေါက်ရှိသေးမိုဃ်းကြီးသည်။ သိုးစွာချလတ်သည်ရှိသော်။ ရေအပြင်၌ ကျရောက်ကုန်သော။ ကြီးစွာကြီးစွာကုန်သော ရေပွက်တို့သည် ဖြစ်ကုန်၍။ လျှင်စွာလျှင်စွာပျက်သည်တို့ကို။ မြင်ရာသကဲ့သို့။ ထို့အတူ အလုံးစုံကုန်သောသင်္ခါရတို့သည်။ ပျက်ကုန်ပျက်ကုန်ကြ‌တော့၏ဘကားဟု။ ထင်ရှားပိုင်ပိုင်သိမြင်နိုင်လေသတည်း။ ထိုစကားမှန်စွ။ ဤကဲ့သို့သဘောရှိသောယောဂါဝစရပုဂ္ဂိုလ်ကို။ ဉာဏ်တော်ဖြင့်ရည်မှတ်၍။ ဘုရားမြတ်စွာဟောကြားတော်မူအပ်သည်ကား။

**ယထာပုဗ္ဗုဠကံပဿေ၊ ယထာပဿေမရီစိကံ။**
**ဧဝံလောကံအဝေက္ခန္တံ၊မစ္စုရာဇာနပဿတိ။**

ဟူသည်တည်း။ အဓ္ဓကထာဆောင်သာဓက။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပုဗ္ဗုဠကံ၊ရေပွက်ကို ပဿေယျ၊ယထာ၊ မျက်မြင်စေ့ငှ၊ မြော်ကာရှုသကဲ့သို့ငှင်း။ မရီစိကံ၊ တံလျှပ်ကို၊ ပဿေယျ၊ယထာ မျက်မြင်စေ့ငှ မြော်ကာရှုသကဲ့ငှင်း။ ဧဝံတထာ၊ ထို့အတူ။ လောကံ၊ ရုပ်နာမ်ခန္ဓာ ။သံသရာဟူပြီးလောကကြီးကို။ အဝေက္ခန္တံ၊ဉာဏ်ဖြင့်သက်၍။ အပျက်ကိုလျှင်။ ဆင်ခြင်သမှု။မြော်ကာရှုသော။ ယောဂါဝစရကို။ မစ္စုရာဇာ၊ ကာလ‌ထောကင်း။ ရှင်သေမင်းသည်။ နပဿတိ။ ခေါ်ဆောင်ခြင်းငှါ ထင်လင်းဘယ်မှ။ မမြင်ရပြီ။ ။အဓိပ္ပါယ်ကား။ ယောဂီပုဂ္ဂိုလ်သည်။ အရဟတ္တဖိုလ်ကို ရသဖြင့်။တဖန်ဘဝမရှိပြီဘကား။အဘယ်မှာလျှင်သေမင်းမြင်နိုင်တော့အံ့နည်း မမြင်ရတော့ပြီဟူလို၏။ ။ဤသို့အလုံးစုံကုန်သောသင်္ခါရတို့သည်။ အတည်အစွဲအမြဲမရှိကုန်ဘဲ။ လျှင်စွာ လျှင်စွာ ပျက်ကုန်ပျက်။ ကုန်ကာသာလျှင်တည်းဟူ၍။ နေ့ရောညဉ့်ပါ။ အခါမပြတ်ရှုသော ထိုယောဂါဝစရအား။၂၈ပါးသော အာနိသင်ဖြင့် ခြံရံအပ်သော။ ဘင်္ဂါနုပဿနာဉာဏ်သည်။ သန်မြန်သောအားရှိခြင်းသို့ရောက်လေတော့၏။ ထိုသို့ရောက်ခြင်းကြောင့်။ ၂၈ပါးကုန်သောအာနိသင်တို့ကို၊ ယောဂီပုဂ္ဂိုလ်သည်။ ရစွမ်းနိုင်တော့၏ဟူလိုသည်။ ။ဤဆိုလတ့်သည်တို့ကား။ ထိုဘင်္ဂါနုပဿနာဉာဏ်၌။ ၂၈ပါးကုန်သောအာနိသင်တို့တည်း။ ၂၈ပါးတို့ကားသည်။

သဿတဒိဋ္ဌိကိုပယ်စွန့်နိုင်ခြင်းတပါး။
အသက်၌ဘပ်ခြင်းနိကန္တိကိုစွန့်နိုင်ခြင်းတပါး။
နေ့ညဉ့်မပြတ်အခါခပ်သိမ်းဘာဝနာနှင့်သာယှဉ်ခြင်းတပါး။

သန့်ရှင်းစင်ကြယ်သောအသက်မွေးခြင်း ရှိသည်လည်းတပါး။
အမှုကြီးငယ်တို့၌ကြောင့်ကြ လုလ္လကို ပယ်နိုင်ခြင်းလည်းတပါး။
ကြောက်လန့်ခြင်းကင်းသည်လည်းတပါး။

သည်းခံခြင်းကောင်းသောအမှု၌ မွေ့လျော်ခြင်းကို ရသည်လည်းတပါး။
ကုသိုလ်၌မွေ့လျော်ခြင်း။ ကာမဂုဏ်၌ မွေ့လျော်ခြင်းတို့ကို နှိပ်နင်းနိုင်ခြင်းလည်းတပါး။

ဤသို့လျှင် ဘင်္ဂါနုပဿနာ ဉာဏ်၏ ရှစ်ပါးသော အာနိသင်အကျိုးပေးတည်း။ ။ထိုကြောင့်၊အဋ္ဌကထာ၌။ ။"စာဒေသဝံသဗ္ဗသင်္ခါရေ ဘိဇ္ဇန္တိဘိဇ္ဇန္တိတိအဘိဏှံ ပဿတော အဋ္ဌာနိသံသပရိဝါရံ ဘင်္ဂါနုပဿနာဉာဏံဖလပတ္တံ ဟောတိ။ တတြိမေအဋ္ဌာနိသံသာဘဝဒိဋ္ဌိပဟာနံ၊ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ သဒါယုတ္တပယုတ္တတာ။ ဝိသုဒ္ဓါဇီဝိတာ။ ဥဿုက္ကပဟာနံ။ဝိဂတဘယတာ။ ခန္တိသောရစ္စပဋိလာဘော။ အရတိရတိသဟနတာတိ"။ ။ဘုရား၏ဒိန့်တော်မူအပ်၏။ ။ဧဝံ၊ဤသို့။သဗ္ဗသင်္ခါရေ၊ အလုံးစုံကုန်သောသင်္ခါရတို့သည်။ဘိဇ္ဇန္တိ အဆောတလျှင်။ ရှောင်တခင်ခင်။ ကုန်စင်ဆုံးရှုန်း။ကြေပျောက်ပြုံးသျက်။ လုံးလုံးကြီးပျက်စီးကြရကုန်၏ဘကား။ ဘိဇ္ဇန္တိ၊အဆောတလျှင်။ ရှောင်တခင်ခင်။ ကုန်စင်ဆုံးရှုန်း၊ ကြေပျောက်ပြုံးလျက်။ လုံးလုံးကြီးပျက်စီးကြရကုန်၏တကား။ ဣတိ၊ဤသို့။အဘိဏှံ မပြတ်။ပဿတော၊ ရှုသော။တဿ၊ ထိုယောဂါဝစရအား။ အဋ္ဌာနိသံသပရိဝါရံ၊ရှစ်ပါးသောအာနိသင်ဖြင့်။ ခြံရံအပ်သော။ ဘင်္ဂါနုပဿနာဉာဏံ ဘင်္ဂါနုပဿနာဉာဏ်သည်။ ဖလပတ္တံ၊ အားရှိခြင်းသို့ ရောက်သည်။ ဟောတိ၊ဖြစ်၏။ တတြ၊ထိုဘင်္ဂါနုပဿနာဉာဏ်၌။ ဣမေ၊ ဤဆိုလတံ့သည်တို့ကား။ ဋ္ဌာနိသံသာ၊ ရှစ်ပါးကုန်သော အာနိသင် တို့တည်း။ ဘဝဒိဋ္ဌိပဟာနံ။ သဿတဒိဋ္ဌိကိုပယ်နိုင်ခြင်းရင်း။ ဇီဝိတနိကန္တိပရိစ္စာဂေါ၊ အသက်၌တတ်သော နိကန္တိကိုစွန့်နိုင်ခြင်းရင်း။ သဒါယုတ္တပယုတ္တတာ၊ အခါခပ်သိမ်းဘာဝနာ၌ လွန်စွာယှဉ်နိုင်ခြင်းရင်း၊ ဝိသုဒ္ဓါဇီဝိတာ၊ အလိုရမ္မက်ကင်း၍ စင်ကြယ်သောအသက်မွေးခြင်းရှိသည်၏အဖြစ်ရင်း။ ဥဿုက္ကပဟာနံ၊ ပြုဘွယ်ကိစ္စ၌ကြောင့်ကြလုလ္လကို ပယ်နိုင်ခြင်းရင်း။ဝိဂတဘယတာ၊ ကြောက်ရွံ့ခြင်းမှ ကင်းသည်၏အဖြစ်ရင်း။ ခန္တိသောရစ္စပဋိလာဘော၊ သည်းခံခြင်းတင့်တယ်သောသုရတဂုဏ်၌။ အာရုံရှုမျှော် မွေ့လျော်ခြင်းကိုရနိုင်ခြင်းရင်း။ အရတိရတိသဟနတာ၊ ကုသိုလ်တို့၌

မမွေ့လျော်ခြင်း။ ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက်ခြင်းကို၊ နှိပ်နင်းနိုင်သည့်၏အဖြစ်ကိုရင်း။ ရတိဇ္ဇမေအဋ္ဌ။ ဤရှစ်ပါးတို့တည်း။ ။ဤအာနိသင်တို့ကို ထောက်ရှု၍၊ ဘင်္ဂါနုပဿနာ ဉာဏ်ကို အားထုတ်ရန် ကောင်းပေစွ။ ။

ဘင်္ဂါနုပဿနာဉာဏ်ကို ဖွင့်ဆိုအပ်သည်ကား ပြီးပြီ။

---

ယခုအခါ၊ သာသနာတော်၌ ဤဘင်္ဂါနုပဿနာ ဉာဏ်အရာ၌။ လာရှိသော။ “ဝိပရိဏာမံ ဂစ္ဆတိ”။ ဟူသောပါဌ်ကိုစွဲ၍ရင်း၊ သစ္စာ့အနက်တဆယ့် ခြောက်ချက်တွင်၊ ဒုက္ခသစ္စာ လေးချက်ဝယ် လာရှိသော နောက်ဆုံး၊ “ဝိပရိဏာမဋ္ဌ”၊ ဟူသောပါဌ်ကိုစွဲ၍ရင်း။ ပရမတ်သည်ဖေါက်ပြန်၏။ ပညတ်သာလျှင် မဖေါက်ပြန်ဟူ၍။ အချို့သူတို့ ပြောဟောကြ၊ ယူဆကြကုန်၏။ ဤအရာ၌ သတိပြုဗွာန်းသော ပညာကို လိုအပ်၏။ သင်္ခတ တရား မှန်ခဲ့သော်၊ ဥပါဒ် ဋ္ဌီဘင် အားဖြင့်ဖြစ်၍ ရုပ်သက် နာမ်သက်စေ့ခဲ့ပါမူ၊ အသီးသီး ချုပ်ကြ ပျက်ကြ ရသည်။ ယင်းသို့ အသီးအသီး ချုပ်ပျက် ကြရခြင်းသည်ကား။ ထိုသင်္ခတ တရားတို့၏ ဓမ္မတာ သဘောပေတည်း။ ထိုဓမ္မတာ သဘောသည် ဝိပရိတ မဟုတ်။ ဝိပရိဏာမသာလျှင်ဖြစ်၏။ ထိုဝိပရိဏာမ သဘောကို စိစစ်သော်။ အတ္တပဋိလာဘ တည်းဟူသော သဘောတရားကို ရခြင်းကို၊ ဥပါဒ်ဟူ၍ ခေါ်ဆိုသည်။ သရူပဝိနာသ တည်းဟူသော သရုပ်သကောင်၏ ပျက်စီးခြင်းကို၊ ဘင်ဟူ၍ ခေါ်ဆိုသည်။ ထိုဥပါဒ်ဘင် နှစ်ခုတို့၏အကြား၌။ ဘင်သို့ရှေးရှုဖြစ်လျက်။ ရင့်ကျက်သော ဇရာသဘောကို ဋ္ဌီ ဟူ၍ ခေါ်ဆိုသည်။ ဤသို့ ဥပါဒ်ဋ္ဌီဘင် အစဉ်မပြတ် ဆက်စပ်လျက်၊ ရုပ်ဝါတ်, နာမ်ဝါတ် တို့ဖြစ်ကြရာတွင်။ ဥပါဒ်သဘောမှသည်။ ဋ္ဌီသဘောသို့ ရွေ့လျော ရွေ့ပြောင်းခြင်း။ ဋ္ဌီသဘောမှလည်း၊ ဘင်သဘောသို့ ရွေ့လျောရွေ့ပြောင်းခြင်းကိုပင်လျှင် ဝိပရိဏာမဋ္ဌ ရွေ့ရှား ဖေါက်ပြန်သည်ဟူ၍ ဆိုအပ်၏။ ထိုသို့ ဝိပရိဏာမဋ္ဌဟူ၍ ဆိုအပ်သော်လည်း။ ဥပါဒ်မှဋ္ဌီသို့ရင်း။ ဋ္ဌီမှဘင်သို့ရင်း။ ရွေ့ပြောင်းစေကာမူ။ ဥပါဒ်အခိုက်အတန့်။ ဋ္ဌီအခိုက်အတန့်။ ဘင်အခိုက်အတန့်၊ ဤသုံးဋ္ဌာနစလုံးတို့၌ ပင်လျှင်၊ သဘာဝ ဓမ္မအတိုင်း မဖေါက်ပြားဘဲ။ စိတ်တရားသည်မိမိ၏၊ အာရမ္မဏ ဝိဇာနန သဘောကို မစွန့်လွှတ်ခြင်း။ ဖဿသည်၊ မိမိ၏ဖုသန သဘောကို မစွန့်လွှတ်ခြင်း။

ပထဝိဓါတ်သည် မိမိ၏ကက္ခဠ သဘောကိုမစွန့်လွှတ်ခြင်း။ ဤကဲ့သို့မစွန့်
လွှတ်ကြခြင်းသည်။ ယင်းပရမတ္ထဓမ္မတို့၏မဖေါက်မပြန်သော'အဝိပရိတ'
သဘောအစစ်ဖြစ်တော့သည်။ စွန့်လွှတ်သော်သာလျှင်။ ဖေါက်ပြန်တတ်
သော ဝိပရိတသဘောဖြစ်ရာချေသည်။ ဥပမာအားဖြင့် ဆိုသော်၊ ချိုမြိန်
သောကြံပင်သည်။ကြံညှစ်ယန္တရားသို့ရောက်၍။ မှုန့်မှုန့်ညက်ညက်ပျက်စီး
ရငြားသော်လည်း။ချိုမြိန်သောသဘောကိုမစွန့်သကဲ့သို့။ သူတော်ကောင်း
ပုဂ္ဂိုလ်သည်။သေပါးနိုးပျက်စီးခြင်းသို့ရောက်စေကာမူ၊သူတော်ကောင်း
တို့၏ အယူဝါဒကို မစွန့်လွှတ်သကဲ့သို့။ ယင်းစိတ်စေတသိက် ရုပ်တရား
တို့သည်လည်း။ သင်္ခတဖြစ်၍ ပျက်စီးကြရ ငြားသော်လည်း။ ဆိုအပ်
ခဲ့ပြီးသော။ မိမိတို့၏ သဘောကို မစွန့်လွှတ်ကြကုန်။ ယင်းသို့ မစွန့်လွှတ်
ခြင်းကိုပင်လျှင်။ အဝိပရိတ ဆိုရသတည်း။ ထို့ကြောင့်။ ထိုအနက်
သဘောကို ရည်မှတ်၍၊ ပရမတ္ထပုဒ်ကို။ ။"ပရမော ဥတ္တမော၊ အဝိပရိ
တော အတ္ထောတိ ပရမတ္ထော"။ ။ဟူ၍ အဘိဓမ္မာ ပါရဂူ လင်းယဉ်
ထူကုန်သော ဆရာအဆူဆူတို့သည်။ ကြည်ဖွဲ့လေးမြတ် ကိုးစားအပ်
သော။ ဝိဘာဝနီဋီကာ ပါဠိ၌။ တိုက်ရိုက်ပြဆိုအပ်လေပြီ၊ ။ဤပါဌ်ဖြင့်
ပရမတ္ထကို။ ပရမ-အတ္ထ ဟု, ပုဒ်ဖြတ်၍။ ပရမသဒ္ဒါသည်၊ မြတ်သော
အနက်ကို ဟော၏ဟု သိစေခြင်းငှါ။ ပရမောကို ဥတ္တမောဟူ၍ ဖွင့်ပြ
အပ်သည်။ ဥတ္တမ,အရ မြတ်၏ ဟူသည်လည်း။ ဖေါက်ပြန်သော သ
ဘောမဟုတ်။ မဖေါက်ပြန်သော အဝိပရိတ သဘောပေတည်းဟု သိစိမ့်
သောငှါ၊ အဝိပရိတော ဟူ၍ ဖွင့်ရပြန်သည်။ ဤအဖွင့် သံဝဏ္ဏနာကို
ထောက်၍။ မည်သည့်နည်းမျှ ဖေါက်ပြန်သည်ဟု မဆိုရတော့ပြီ။ အ
ကယ်၍, အချို့သူတို့သူဆိုကြသည်အတိုင်း။ ပရမတ်သည် ဖေါက်ပြန်
သည်ဖြစ်အံ့။ ဝိပရိတော ဟူ၍သာ ဖွင့်ဆိုရပေမည်။ အဝိပရိတောဟူ၍
မဖွင့်ဆိုရ။ ဖွင့်ကား ဖွင့်ဆိုခဲ့၏။ ဤကဲ့သို့ဖွင့်ဆိုသည့်အလို။ မဖေါက်မပြန်
ဟူ၍သာ အနက် ယောဇနာရချိမ့်မည်။ ဖေါက်ပြန်၏ဟု အနက်မယော
ဇနာနိုင်၊ ဖေါက်ပြန်၏ဟူ၍ အနက်ယောဇနာလိုပါက။ ယခုအခါ ဘုရ်
စာပေစာရှိ (အ' အက္ခရာကို။ ဖေါက်ဖျက်ကြရမည်ကား မလွဲတော့ချေ။
ကြောက်ဘွယ်ကြီးပေတည်း။ ဤသာလျှင်မဟုတ်ချေသေး။ ပရမတ္ထသဒ္ဒါ
သည်၊ စတုဓါပုဒ်နှင့် စပ်သျက်ရှိ၍။ လေးပါးပြားရာ။ ဘယ်နည်းနှင့်
ချဆို, စိတ်စေတသိက် ရုပ်တို့သည်။ နိဗ္ဗာန်နှင့်မခြား ပရမတ္ထ တရား
မည်းသာ ဖြစ်ကြရ ပေတော့မည်။ ယင်းသို့ ဖြစ်ခဲ့ပါလျှင်။ နိဗ္ဗာန်ကို

ငဲ့ခိုက်။ ပရမတ္ထ သဒ္ဒါသည်။ မဖေါက် မပြန်သော, အဝိပရိတ၊ အနက် သဘောကို ဟောရာ၏။ စိတ်စေတသိက် ရုပ်တို့ကို ငဲ့ခိုက်။ ထိုပရမတ္ထ သဒ္ဒါသည်ပင်။ မဖေါက်ပြန်သော, အဝိပရိတ, အနက်ကို ဟောပြီးမှလျှင်။ ဖေါက်ပြန်သော ,ဝိပရိတ, အနက် သဘောကို ဟောပြန်ရာ၏။ ဤသို့ ပရမတ္ထသဒ္ဒါ တခုတည်းကပင်လျှင်။ ၂ ခုသော အမည်တူ တချက် တည်း၌။ ကောဘိ ဓာနနာနာတ္တ, မဖြစ် နိုင်ရကား။ ယခုပင်စာကလေး ကျေ၊ ယခုပင် ဆိထမင်း ဟူ၏သို့။ ယခုပင်ဝိပရိတ, ယခုပင် အဝိပရိတ ဟူ၍ ၂ခုသောအမည်တူသော၊ ပရမတ္ထ တပုဒ်တည်းကပင်လျှင်။ ချင်း ချင်း ဆန့် ကျင်ဘက် အနက် မထွက်ကောင်း, မဟော ကောင်း ရာချေ။ ပရမတ္ထ သရုပ်တရား ကိုလည်း။ သဘ်ာ ပရမတ် အသဘ်ာ ပရမတ် ဟူ၍ရင်း။ ရုပ်ပရမတ် နာမ်ပရမတ် ဟူ၍ရင်း။ ခွဲဖ်ာခြင်းမှာပါ။ သဘာဝဓမ္မကို ခွဲ၍။ ။နှစ်မျိုး မသိးခြားသင့်ချေဟု သဘ်ာအထူးပြုအပ်၏။ ထို့ကြောင့်။ ဆရာ မြတ် တို့၏။ ဥပဒေသ ကျမ်း ဂန် လက်သုံး၊ ထုံးနည်း ရသူတို့၊ ကျမ်းဂန်နှံ့စပ် ပညာတတ်တို့ ကြပ်ကြပ်စင်းစားတော်မူကြရန်၊ ကောင်း လှပေ၏။မာဂဓဘာသာဝယ်“ဝိပလ္လာသ, ပုဒ်နှင့်, ဝိပရိတ,ပုဒ်” နှစ်ပါးတို့ ၏ အထူးကိုရင်း။ မြန်မာ ဘာသာဝယ်။ ပျက်စီး ခြင်းနှင့် ဖေါက်ပြန်ခြင်း ဟူသော စကားနှစ်ခုတို့၏ အထူးကိုရင်း။ ကွဲကွဲပြားပြား, ခွဲခွဲခြားခြား ဝေဘန် သိးခြားခြင်း၌ါ စွမ်းနိုင်ရန်, ဉာဏ် ဇိန္ဒြေကို သမာဓိ ရရှင့်။ အထူးမွေးမြူ နိုင်ကြစေကုန် သတည်း။ ။ဝိပဿနာဉာဏ်ကို ဖွင့်ဆို သောအရာဖြစ်၍။ အကျယ်မရေး သားပြီ။ ပညာသတ် ၌သူတို့ နှလုံး သွင်းရုံ အကျင်းမျှသာ, စေဘနာကောင်း စိတ်ကောင်းဖြင့်။ အကြောင်း ယုတ္တိပြလျက် ရေးသားလိုက်ခြင်းဖြစ်ပေ၏။ ။

## ဤကား၊ဝိပရိဏာမ ဝိပရိတ၊ နှစ်ပုဒ်ဖြင့်။ထုတ်ဆိုအပ်သော ပရမတ်ပညတ်မှတ်ဘွယ် အထူးတည်း။

---

ဘင်္ဂဉာဏ်၏ အခြားမဲ့၌။ ဘယဉာဏ်ကို ဖွင့်ဆိုပေအံ့။ ဘယ ဉာဏ်ဟူသည်။ ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်း၌၊ ဘေး ရန်ကို ဆင်ခြင်သောဉာဏ်ကို ဘယဉာဏ်ဟူလိုသည်။ ထိုဉာဏ်သည် ဘယ် အခါ၌ ဖြစ်သနည်းဟူမူကား။ ရှေး၌ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အလုံးစုံ ကုန်သော၊ ဘေဘူမက သင်္ခါရ တို့၏။ ခယ ဝယ အပြား အားဖြင့်၊

ချုပ်ခြင်း လျှင် အာရုံရှိသော၊ ဘင်္ဂါ နုပဿနာ ဉာဏ်ကို ကောင်းစွာမှီ၍ လျက်။အကြံမ်များစွာပွားခြင်းကိုပြုသော၊ ထိုယောဂါဝစရအား။ သုံးပါးသောဘဝ။ လေးပါးသောယောနိ။ ငါးပါးသောဂတိ။ ခုနစ်ပါးသောဝိညာဏဋ္ဌိတိ။ကိုးပါးသောသတ္တာဝါသတို့၌ ခဏတိုင်းခဏတိုင်းကုန်ပျော် ပြုံးတီး၊ ပျက်စီးခြင်းသဘောရှိကုန်သော။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်၊ ကြီးစွာသော ကြောက်မက်ဘွယ်အဖြစ်ဖြင့် ထင်ကုန်၏။ ချမ်းသာသဖြင့်၊ အသက်ရှင်လိုသော ကြောက်ရွံ့တတ်သော ယောကျာ်း အား။ ခြင်္သေ့,ကျား,သစ်, ဝံ,အောင်း,ဘီလူးရက္ခိုသ်။ ကြမ်းသောနွား။ ကြမ်းသောခွေး။ အမုန်ယိုသောဆင်ကြမ်း။ အဆိပ်ထန်သော မြွေ။ အဆိပ်လျှင်သောမြွေ။ မိုးလုံးကြီး၊စက်ဝန်း။သုသာန်စစ်မြေပြင်။အလျှံပြောင်ပြောင်တောက်လောင်သော မီးကျီးတွင်းစသည်တို့သည်။ ကြောက်မက်ဘွယ်အဖြစ်ဖြင့် ထင်ကုန် သကဲ့သို့။ ထိုအတူ၊ ဆိုအပ်ခဲ့ ကုန်ပြီး သော။ ဘဝယောနိ စသည်တို့၌။ ပျက်စီးခြင်း သဘော ရှိကုန်သော။ သင်္ခါရခန္ဓာနာမ်ရုပ် တို့သည်။ ခြင်္သေ့ သစ် ကျား စသည်တို့နှယ် ကြီး စွာ သောကြောက်မက်ဘွယ် အဖြစ်ဖြင့်။ ထင်ကုန်၏။ ထင်ပုံကား၊ ရှေးရှေးကာလက၊ လွန်ကုန်ပြီးသောအတိတ် သင်္ခါရခန္ဓာနာမ်ရုပ်တို့သည်။ချုပ်ခဲ့ကြလေကုန်ပြီ။ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ယခုသင်္ခါရခန္ဓာ နာမ်ရုပ်တို့ သည်လည်း။ ချုပ်ကြ ပျက်ကြ ကုန်ဆဲ။ အနာဂတ် ကာလ၌။ ဖြစ်လတ္တံ့ ကုန် သောသင်္ခါရ ခန္ဓာ နာမ်ရုပ်တို့ သည်လည်း ဤပစ္စုပ္ပန် သင်္ခါရ အတူ ပင် လျှင် ချုပ်ကြ ပျက်ကြကုန်လတ္တံ့။ ဤသို့ရှုသော ထို ယောဂီအား။ ကြောက်မက်ဘွယ်အဖြစ်ဖြင့်၊ ဤကဲ့သို့ ထင်သောအရာ၌။ ဘယဉာဏ် မည်သည်ဖြစ်၏။ ဟူလိုသည်။ ဤအရာ၌ ကာလသုံးတန်တို့တွင်။ သင်္ခါရ ရုပ်နာမ်တို့၏ ချုပ်ဟန် ပျက်ဟန်ကြောင့်။ ဘယဉာဏ်ဖြစ်ပုံ ဥပမာကို အဋ္ဌကထာ ဆရာတို့ ဤသို့ ထုတ်ဆောင် အပ်၏။ ။တယောက်သော မိမ္မ၏၊ သား သုံးယောက်တို့သည်။ မင်းပြစ် မင်းဒဏ် သင့်ရောက် ကုန်သည်ဖြစ်၍။ မင်းသည် ထိုညီနောင်သုံးယောက်တို့၏ ဥက္ခောင်းကို ဖြတ်ကြကုန်လော့ဟု အာဏာပေး၏။ ထိုအခါ သားသုံးယောက်တို့၏ မိခင်ဖြစ်သော ထိုမိမ္မသည်၊ သားတို့နှင့်အတူ တကွ၊ သတ်ရာသင်္ချိုင်းသို့လိုက်ပါလေသတတ်။ သင်္ချိုင်းသို့ရောက်သောအခါ။ ထိုမိမ္မ၏ သားကြီးဖြစ်သူ၏ ဥက္ခောင်းကို သူသတ် တို့က ဖြတ်၍၊ ဖြတ်ပြီးသော်။ သားလတ်ဖြစ်သောသူ၏ဥက္ခောင်းကို ဖြတ်ခြင်းငှါအားထုတ်ကြကုန်၏။ ထိုမိမ္မသည်

သားကြီး၏။ ပြတ်ပြီးသော ဥက္ကောင်းကိုရင်း။ သားလတ်၏ ပြတ်ဆဲဖြစ်သော ဥက္ကောင်းကိုရင်း။ မြင်ရ၍။ သားငယ်၌ အာလယကိုစွန့်လွှတ်၏။ ဤသားငယ် သည်လည်း။ သားကြီး,သားလတ်တို့နှင့်တူစွာ။ ဥက္ကောင်း ပြတ်ခြင်းဖြစ်လတံ့ဟု, ဤသို့မြော်လင့်ခြင်း အာလယကို စွန့်လွှတ်လေ၏။ ထိုဥပမာ၌။ မိခင်ဖြစ်သောမိမွသည်။ သားကြီး၏ ပြတ်ပြီးသောဥက္ကောင်း ကိုရှုခြင်းကဲ့သို့။ ယောဂီပုဂ္ဂိုလ်၏ အတိတ် ကာလ၊ သင်္ခါရ ခန္ဓာနာမ်ရုပ် တို့ချုပ်ခြင်းဘင်ကို ရှုခြင်းကိုမှတ်အပ်၏။ သားလတ်၏ ပြတ်ဆဲဖြစ်သော ဥက္ကောင်းကို ရှုခြင်းကဲ့သို့။ ပစ္စုပ္ပန်သင်္ခါရခန္ဓာနာမ်ရုပ်တို့၏ ချုပ်ခြင်း ကို မှတ်အပ်၏။ ဤသားငယ်သည်လည်း။ ထိုသားကြီး, သားလတ် တို့နှင့် တူစွာသာလျှင်။ ဥက္ကောင်းပြတ်ခြင်းဖြစ်လတံ့ ဟု သားငယ်၌။ အာလယ စွန့်လွှတ်ခြင်းကဲ့သို့။ အနာဂတ် ကာလ၌လည်း။ သင်္ခါရခန္ဓာ နာမ်ရုပ် တို့သည် ပျက်ကုန် ချုပ်ကုန်လတံ့ဟု။ အနာဂတ် သင်္ခါရခန္ဓာ နာမ်ရုပ် တို့၏၊ ချုပ်လတံ့သော ဘင်ကို ရှုခြင်းကို မှတ်အပ်၏။ ဤသို့ ရှုသော ထိုယောဂီအား ။ထိုကဲ့သို့ ရှုသောအရာ၌။ ဘင်ဉာဏ် ဖြစ်လေတော့ပြီ ဟူ၍မှတ်။ ။ဥပမာ တနည်းကား။ ပုတ်သိုး ပြီးသော ထမင်း စသော ဝတ္ထုသည်။ သဘောအတိုင်း မတည်နိုင်ဘဲ။ ပျက်စီးခြင်း သာဖြစ်သကဲ့ သို့။ ထိုအတူ အကြောင် မိမွသည်။ ဖွားတိုင်း ဖွားတိုင်း သားတို့သည် အသက်မရှည်ကုန်။ သေကုန် ပျောက်ကုန် သည်သာ ဖြစ်ကုန်၏။ ထိုကဲ့ သို့ သဘော ရှိသော တယောက်သော မိမွသည်။ တကျိပ် ကုန်သော သားတို့ကို ဖွားသတတ်။ ထိုသား တကျိပ် တို့တွင်။ ကိုးယောက် ကုန် သော သားတို့သည်။ သေဆုံးကြလေကုန်၏။ လက်ရှိ သားတယောက် မှာမူ သေဆဲဖြစ်၍နေ၏။ သားတယောက်ကား, ဝမ်း၌တည်လျက်ရှိ၏။ ထိုမိန်းမသည်, သားကြီး ကိုးယောက်တို့ သေဆုံး ကြပြီး သည် တို့ကို ၎င်း။ ဆယ်ယောက် မြောက်ဖြစ်သော။ လက်တွင်းရှိ သား၏ သေမည် ဆဲဆဲကိုရင်း။ မြင်ရ၍, ဝမ်းတိုက်ဖြင့် ပိုက်လွယ်လျက်ရှိသော ဤသား ငယ်သည်လည်း။ ထိုသား တကျိပ်တို့ နှင့် မခြား အလား တူစွာ, သေ ခြင်းသာလျှင်။ ဖြစ်ခြေလတံ့ဟု, ဝမ်းတိုက်ရှိသား၌။ တတ်ခြင်းအာလ ယကို၊ စွန့်လွှတ် လေ၏။ ထိုဥပမာ စကားရပ်၌ ထိုမိမွ၏ ကိုးယောက် ကုန်သောသားကြီးတို့၏။ သေခြင်းကိုအောက်မေ့သကဲ့သို့ယောဂီပုဂ္ဂိုလ် အတိတ် ဖြစ်ကုန်သော။ သင်္ခါရ ခန္ဓာ နာမ်ရုပ် တို့၏။ ချုပ်ခြင်းဘင်ကို ရှုခြင်းကို မှတ်အပ်၏၊ လက်၌တည်သောသားငယ်၏ သေဆဲအဖြစ်ကို

ရှုသကဲ့သို့။ ပစ္စုပ္ပန်ဖြစ်ကုန်သော သင်္ခါရခန္ဓာ နာမ်ရုပ်တို့၏။ ချုပ်ခြင်း ဘင်ကို ရှုခြင်းကိုမှတ်အပ်၏။ ဝမ်းတိုက် ရှိသားငယ်၌၊ မြှော်လင့်တောင့် တ။ အာလယ တပ်ခြင်းကိုစွန့်သကဲ့သို့။ အနာဂတ် သင်္ခါရ ခန္ဓာနာမ် ရုပ်တို့၏။ ချုပ်ခြင်း ဘင်ကို ရှုခြင်းကို မှတ် အပ်၏။ ဤသို့ရှုသော ထို ယောဂီ အား။ ဘင်ကို ရှုခြင်းကို။ အကြောင်းပြုသဖြင့်။ သင်္ခါရတို့၏, ကြောက်မက်ဘွယ် ဘယာနက၏ အဖြစ်ဖြင့်ထင်သော ထိုခဏဝယ်။ ဘယဉာဏ်သည် ဖြစ်၏, ဟူလိုသည်။ ။ထိုသို့ ကြောက်မက်ဘွယ် ဖြစ် သော ဘယသည်။ ဥပ္ပါဒဘယ။ ပဝတ္တဘယ၊ နိမိတ္တဘယ။ အာယူဟ ဏဘယ။ နိပ္ပတ္တိဘယ။ ပဋိသန္ဓိ ဘယဟူ၍ ခြောက်ပါး ရှိသည်။ ထို့ ကြောင့်၊ ငါတို့ကျေးဇူးသျှင် ဆရာတော်ဘုရားကြီးသည်။ ။"ဣမေသံ မမခန္ဓာနံ ဥပ္ပါဒေါဘယံ။ ဟူ၍ရင်း။ ပဝတ္တဘယံ ဟူ၍ရင်း။ နိမိတ္တံ ဘယံ၊ ဟူ၍ ရင်း။ အာယူဟနံ ဘယံ၊ ဟူ၍ရင်း။ နိပ္ပတ္တိ ဘယံ၊ ဟူ၍ ရင်း။ ပဋိသန္ဓိ ဘယံ ဟူ၍ရင်း။ ဘယဉာဏ် ဖြစ်ဟန်ခြောက်ပါးကိုပင် လျှင်၊ ထုတ်ဆောင် တော်မူအပ်၏။ ထိုခြောက်ပါးတို့တွင်။ ဥပ္ပါဒ ဟူ သည်ကား။ ရှေးကံဟူသော အကြောင်းကြောင့်။ ဤပစ္စုပ္ပန်ဘဝ၌။ ပဋိ သန္ဓေ နေရခြင်း အစွမ်းဖြင့် ဖြစ်ခြင်းသည်၊ ဥပ္ပါဒ ဟူသတည်း။ ထို့ ကြောင့်။ ။"ဥပ္ပါဒေါတိ။ ပုရိမကမ္မပစ္စယာ ဣဓဥပ္ပတ္တိ"။ ။ဟူ၍အဋ္ဌ ကထာ၌ဖွင့်အပ်၏၊ ။ဥပ္ပါဒေါတိ။ ဥပ္ပါဒေါ ဟူသည်ကား။ ပုရိမ ကမ္မ ပစ္စယာ။ ရှေးဘဝ၌ ဖြစ်ခဲ့သော ကုသိုလ် အကုသိုလ်ကံဟူသော အ ကြောင်းကြောင့်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဥပ္ပတ္တိ၊ ပဋိသန္ဓေ တည်နေရ ခြင်းအစွမ်းဖြင့် ဖြစ်ခြင်း ပေတည်း။ ဝါ၊ ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်ခြင်း သည်။ဥပ္ပါဒေါတိ။ ဥပ္ပါဒေါနာမ။ဥပ္ပါဒမည်၏။ ။ထိုဥပ္ပါဒသည်။ကြောက် မက်ဘွယ်ဖြစ်ကြောင်းကို။ ဥပ္ပါဒေါဘယံ၊ ဟူ၍ဟောတော်မူခြင်းဖြင့်သိ၊ ထိုဥပ္ပါဒ၏ ကြောက်မက် ဘွယ်ဖြစ်ဟန်ကို ဆိုသော်။ ထလျက်မတ်မတ် တန့်ရပ်သောသူ၏။ မိမိ၏သက်နှစ်ဘက်ကို ဥက္ကောင်း ထက်သို့ လက် ချတ်တဘောင်မြှောက် ချီ၍။ ထားခြင်းကိုဘရပ်တသူဆိုသည်။ ထိုတရပ် တသူမျိုးဖြင့်။ အသူဘရာမက, အစောက်နက်လှစွာသော, နရက်တွင်း နခုက်ထဲသို့။ ကျရောက်ဆဲ အခါကဲ့သို့။ ငါ၏ ခန္ဓာငါးပါး နာမ်ရုပ်တရား တို့သည်။ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်လာရခြင်းသည်။ ကိုယ်စိတ် နှစ်ပါး, ရိရှား တုံလှုပ်လျက်။ ကြောက်မက်ဘွယ် စင်စစ်ဖြစ်ချေ၏ တ ကားဟု။ ယောဂီပုဂ္ဂိုလ်၏ တုံလှုပ်ထိပ်လန့်။ ကြောက်ရွန့်ဘွယ် ဉာဏ်

ဖြင့်ထင်မြင်ခြင်းကိုပင်။ ဥပ္ပါဒေါဘယံ။ ဟူ၏။ ။ဤဥပ္ပါဒေါဘယံ၊
ဟူသောပါဠ်အရ၊ ပဋိသန္ဓေနေရခြင်း အစွမ်းဖြင့် ကြောက်မက်ဘွယ်
ဖြစ်ပုံကား။ ဤသတ္တဝါအပေါင်းသည်၊ အမိဝမ်းတိုက်၌ ဖြစ်သည်ရှိ
သော်။ ကြာပဒုမ္မာ,ကြာပုဏ္ဍရိတ်,စသော၊ သန့်ရှင်းစင်ကြယ်။ နှစ်သက်
ဘွယ်ဌာနတို့၌၊ ဖြစ်ရသည်မဟုတ်။ စင်စစ်သော်ကား။ အမိ၏ အစာ
သစ် အိမ်အောက်။ အစာဟောင်း အိမ်၏အထက်, ဝမ်းရေ အမြင်နှင့်။
ကြောက်ကုံးဆူးရိုးတို့၏ အလယ်၌။ အလွန်ကျဉ်းမြောင်းသော အမိုက်
တိုက်အတိဖြစ်သော။ အထူးထူးကုန်သော။ အပုတ်အနံ့တို့ဖြင့် ထုံအပ်
သော။ မသန့်ရှင်းမစင်ကြယ် အလွန်တရာ ဆိုးဝါးမျှော်လှောင်း မကောင်း
သောအနံ့အသက်အပေါင်းတို့၏ ရပေးရာဖြစ်ရာ ဖြစ်၍။ အထူးအချွန်
အလွန်စက်ဆုပ်ဘွယ် ဖြစ်သော။ အမိဝမ်းတိုက်အရပ်ဝယ်။ ငါးပုတ်
သိုးကျိ, လေပြီးသော။ မုဆိုးသာထမင်းပုတ် တစည်းအိုင်စသည်တို့၌ ပိုး
လောက်ကဲ့သို့ဖြစ်ရ၏။ ထိုအမိ ဝမ်းတိုက်၌ ဖြစ်သော ထိုသတ္တဝါး
သည်၊ ဆယ်လတို့ပတ်လုံး အမိဝမ်း၌ဖြစ်သော ဥသွမည်သော တော
ဇောခတ်ရိုး,ခါတ်ငွေ့ဖြင့်။ မုန့်ထုပ်မုန့်လုံးကျက်ကဲ့သို့ ကျက်သည်ဖြစ်
၍ငင်း။ မုန့်ညက်စိုင်ကဲ့သို့ ပြုတ်ဖြောအပ်သည် ဖြစ်၍ငင်း။ ကွေးခြင်း
ဆန့်ခြင်းစသည်တို့မှ ကင်းသည်ဖြစ်၍။ အလွန်အမင်း ပြင်းထန်စွာသော
ဒုက္ခကိုခံစားရ၏။ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ရှေးဦးစွာ အမိဝမ်းတိုက်
သို့သက်လားရခြင်းလျှင်၊ အရင်းရှိသော ဆင်းရဲဒုက္ခပေတည်း။ ဤကဲ့
သို့သော ဆင်းရဲဒုက္ခကို၊ ပဋိသန္ဓေ မကင်းသဖြင့်။ အမိ ဝမ်း တွင်း သို့
သက်လားရခြင်းလျှင်၊ အရင်းရှိသော ဒုက္ခမျိုးဖြစ်၍။ "ဂဗ္ဘောက္ကန္တိ
မူလကဒုက္ခ" ဟူ၍ဆိုအပ်ပေသတည်း။ ။ထိုမှတပါး ဆယ်လတို့ပတ်
လုံး အမိဝမ်း၌ ကိန်းပိုက်ရသော ထိုသတ္တဝါသည်။ သန္ဓေလွယ်သော
အမိ၏၊ အဆောတလျှင် ရှောင်တခင်ဖြစ်၍။ ခြေလက်ချွတ်ချော် တိမ်း
ပါးခြင်း။,သွားခြင်း။,ထိုင်ခြင်း။,ထခြင်း၊, ထိုမှဤမှ တပြောင်း တပြန်လှည့်
ခြင်းအစရှိသည်တို့၌။ သေသောက်ကျူးတို့၏။ လက်ဝယ်ရောက်သော
ဆိတ်ကဲ့သို့ငင်း။ အလမ္ဗယ်သမားတို့၏၊ လက်သို့ရောက်သော မြွေငယ်
ကဲ့သို့ငင်း။ရှေးရှုဆွဲငင်ခြင်း၊ ထိုမှဤမှဆွဲငင်ခြင်း၊ အောက်သို့ခါတွယ်
လှုပ်ရှားခြင်း။ ထိုမှဤမှ ခါတွယ်လှုပ်ရှားခြင်း အစရှိသော ပယောဂဖြင့်။
အလွန်ပြင်းထန်စွာသော ဆင်းရဲဒုက္ခကို ခံစားရ၏။ အမိ၏ရေအေးရေချမ်း
ကိုသောက်သောအခါ၌၊ ချမ်းအေးစွာသော နရက်ချောက်၌ ကျရဖြစ်ရဘိ

သကဲ့သို့။ လောလောပူသော ယာဂုထမင်း အစရှိသည်ကို သောက်သော၊ စားမျိုသောအခါ၌၊ မီးကျီးခဲ,မီးကျီးစုဖြင့်၊ ထက်ဝန်းကျင်မှ ကျွံဘိဖြန့်ဘိသကဲ့သို့။ အင်အရသာ၊ အချဉ်အရသာ အစရှိသည်ကို။ စားမျိုသောအခါ၌၊ မိမိကိုယ်ကိုလှန်ဖြင့်ထိုး၍၊ ဆားဖြင့်မွှန်းမံခြင်းအစရှိသောအဖြစ်သို့ ရောက်ရဘိသကဲ့သို့။ ပြင်းပြသီးစွာ စပ်ကျင်နာသောဒုက္ခကိုခံစားရ၏။ ဤသို့အပ်ခဲ့ပြီးသည်ကား၊ ကိုယ်ဝန်ဆောင်ခြင်းလျှင် အရင်းရှိသော ဆင်းရဲဒုက္ခပေတည်း။ ဤကဲ့သို့သော ဆင်းရဲဒုက္ခကို အမိဝမ်းတိုက်အတွင်း၌ ကိုယ်ဝန်ဆောင် ခြင်းလျှင် အရင်းရှိသော ဒုက္ခမျိုးဖြစ်၍။ "ဂဗ္ဘပရိဟရဏဒုက္ခ" ဟူ၍ဆိုအပ်ပေသတည်း။ ။ထို့မှတပါး သန္ဓေတည်ပြီး၍ ကိုယ်ဝန်ကိုဖျက်လတ်သော်၊ အဆွေခင်ပွန်း ချစ်ကြွမ်းဝင်သောသူ အစရှိသူတို့သော်လည်း။ မြင်ခြင်းငှာ မထိုက်သော ဆင်းရဲဒုက္ခဖြစ်ရာ အရပ်၌ ခေါးလက်နက်စသည်တို့ဖြင့်။ ဖြတ်ခြင်း ခွဲခြင်း။ အစရှိသည်တို့ဖြင့်။ သည်းခံနိုင်ခဲသော ဆင်းရဲခြင်းမျိုးမက၊ ဆင်းရဲခြင်းသည်ဖြစ်၏။ ဤဒုက္ခသည် ကိုယ်ဝန်ကိုဖျက်ခြင်းလျှင် အရင်းရှိသော ဒုက္ခမျိုးဖြစ်၍။ "ဂဗ္ဘဝိပ္ပတ္တိမူလက ဒုက္ခ" ဟူ၍ ဆိုအပ်ပေသတည်း။ ။ထို့မှတပါး။ အမိဝမ်းတိုက်၌၊ ဆယ်လတို့ပတ်လုံး။ ကျဉ်းမြောင်းစွာ နေရပြီးသည်နောက်။ ဆယ်လစေ့ရောက်သဖြင့်။ မီးရှူးသန့်စင်။ ဖွားမြင်သော အမိ၏ ကမ္မဇ လေတို့သည်။ သတို့သားငယ်ကို၊ ဦးစောက်ပြောင်းပြန်၊ အသူတရာမက, နက်လှသော ချောက်ကမ်းပါးသို့ လျှောကျသက်ရောက် စေဘိ သကဲ့သို့။ အလွန် ကြောက်မက်ဘွယ် ထိပ်လန့်ဘွယ်ကို။ ဖြစ်စေတတ်သော။ ယောနိမဂ်ဝသို့ ဆွဲချထားအပ်သည်ဖြစ်၍။ အလွန်ကျဉ်းမြောင်းစွာသော။ ယောနိတံခါးဖြင့် ပြင်ပသို့ထုတ်ဆောင်ဆွဲငင်အပ်သော၊ သတ္တဝါအား ဥပမာဆိုသော်။ သံကောက်ကွင်း,သံကောက်ပေါက်ဖြင့်၊ ငင်ချိပ်ထုတ်ဆောင်အပ်သော၊ ဆင်ပြောင်ကြီးအား။ သည်းစွာသော ဆင်းရဲဒုက္ခသည်၊ ဖြစ်သကဲ့သို့ရင်း။ ကြိတ်ကုန် နှယ်ကုန်သော တောင်တို့သည်။ ဘိနှိပ် ကြိတ်ညှပ်အပ် ကုန်သည်ဖြစ်၍။ မှုံ့မှုံ့ညက်ညက်၊ ကြေပျက်လျက်။ နရက်သို့ ကျသော သတ္တဝါအား။ အတိုင်းမသိသော ဆင်းရဲဒုက္ခသည်၊ ဖြစ်သကဲ့သို့ရင်း။ အလွန်ကြောက်မက်ဘွယ်သော ဒုက္ခကိုခံစားရ၏။ ဤသို့အပ်ခဲ့ ပြီးသည်ကား။ ကိုယ်ဝန်ဖွားခြင်းလျှင် အရင်းရှိသော ဆင်းရဲဒုက္ခပေတည်း။ ။ဤကဲ့သို့သောဆင်းရဲဒုက္ခကို၊ အမိဝမ်းတိုက်မှ ဖွားသန့်စင်ခြင်းလျှင် အရင်းရှိ

သော ဒုက္ခမျိုးဖြစ်၍။ "ဂန္ထ ဝိဇာယန မူလကဒုက္ခ"ဟူ၍ ဆိုအပ်ပေသတည်း။ ။ဤဆိုအပ်ခဲ့ကုန်ပြီးသော ဒုက္ခအပေါင်းတို့တွင်။ ဝိဇာယန မူလကဒုက္ခကို အဆုံးသတ်မှတ်လျှက်။ ရှေးဒုက္ခတို့ကို၊ အင်္ဂေါဂတ ပြုတော်မူပြီးခါ၊ "ဥပ္ပါဒေါဘယံ"ဟူသောပါဠိ၌၊ ဥပ္ပါဒေါ၊ ပဋိသန္ဓေ နေရခြင်း အစွမ်းဖြင့် ဖြစ်ခြင်းသည်။ ဘယံ။ အသူတရာမက၊ နက်လှသော၊ နရက်သို့ ကျရောက်ဆဲ အခါကဲ့သို့။ ကိုယ်စိတ် နှစ်ပါး။ ရှိရှား တုံလှုပ်လျက်။ ကြောက်မက်ဘွယ် ရှိ၏ဟု။ ။ငါတို့ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး။ အနက်ယောဇနာတော် မူအပ်သည်ဟုမှတ်။ ။

"ပဝတ္တံ ဘယံ" ပုဒ်အရကား။ တဦး တယောက်သော သူသည်။ အသူတရာမက နက်လှစွာသော နရက်သို့၊ ကျရောက်ပြီး၍။ ဒုက္ခအမျိုးမျိုးတို့ဖြင့်။ ဘိစီးနှိပ်စက်လျက်။ နေ့ရက်ရှည်မြင့်စွာ။ အခါမပြတ်။ ထပ်တလဲလဲ၊ ဆင်းရဲကြိမ်ဖန်။ ခံရသောအခါကဲ့သို့။ ခန္ဓာငါးပါး။ ဤရုပ်နာမ်တရားအစုအဝေးကြီးသည်။ ဇနကကံ ပစ်ချအပ်သည်ဖြစ်၍။ ပဋိသန္ဓေနေရခြင်း၏ အစွမ်းအားဖြင့်၊ ဖြစ်ပြီးသည်နောက်မှ၊ တဘဝ ပရိစ္ဆေဒအတွင်းဝယ်၊ စုတိသို့ ချင်းနင်းရောက်အောင်ပင်လျှင်။ ဘေးအမျိုးမျိုး၊ ဒဏ်အမျိုးမျိုး။ ရန်အမျိုးမျိုးတို့၊ လွှမ်းမိုး နှိပ်စက်၍၊ အသက် ခန္ဓာ ပျောက်မျှ၊ ဘောက်လဲ့ဘောက်ပြန်။ ဒုက္ခ အဖန်ဖန် ဖြစ်ရခြင်းသည်။ စင်စစ် ကိုယ်စိတ်နှစ်ပါးတို့၏။ ပင်ပန်းရှိရှားဘွယ်။ တုံလှုပ် ထိတ်လန့်ဘွယ်။ ကြောက်မက်ဘွယ်အဖြစ်မျိုးဖြစ်၍။ ထိုကဲ့သို့သော ဖြစ်ခြင်းကို။ "ပဝတ္တဘယ" ဟူ၍ဆိုလိုသည်။ ဤကိုရည်မှတ်တော်မူ၍။ ။"ပဝတ္တန္တိ၊ တထာဥပ္ပန္နဿပဝတ္တိ"။ ။ဟူ၍ အဋ္ဌကထာဆရာ ဖွင့်တော်မူအပ်၏။ ။"ပဝတ္တန္တိ၊ ပဝတ္တံ"၊ ဟူသည်ကား။ ဥပ္ပန္နဿ။ ပဋိသန္ဓေနေရခြင်း၏။အစွမ်းအားဖြင့်။ ဖြစ်ပြီးသောခန္ဓာငါးပါး၏။ တထာ၊ ထိုပဋိသန္ဓေတည်နေပြီးနောက် စုတိရောက်အောင် ဘောက်လှဲဘောက်ပြန်။ ဆင်းရဲမျိုးအဖန်ဖန်အားဖြင့်။ ပဝတ္တိ၊ ဖြစ်ရခြင်းပေတည်း။ ။ဤအဖွင့်။ သံဝဏ္ဏနာကိုရှု၍။ ငါတို့ကျေးဇူးသျှင် ဆရာတော် ဘုရားကြီးလည်း။ ဤ"ပဝတ္တံဘယံ"ပုဒ်ကို အနက်မြန်မာ ယောဇနာရာ၌။ ။ပဝတ္တံ နရက်သို့ရောက်ပြီး၊ ဘိစီးသြလဲ။ဆင်းရဲဖန်ဖန်၊ ခံရသော အခါကဲ့သို့။ ပဋိသန္ဓေနောက်။ စုတိရောက်အောင်။ ဘောက်လှဲ ဘောက်ပြန်။ အဖန်ဖန်ဖြစ်ရခြင်းသည်။ ဘယံ။ ကိုယ်စိတ်နှစ်ပါး။ ရှိရှားတုံလှုပ်လျက်။

ကြောက်မက်ဖွယ် ရှိ၏ဟု။ ။အနက်ယောဇနာတော် မှုသတည်း။ ။
ဤကားနှစ်ခုမြောက် ပဝတ္တံဘယံ ပုဒ်ဥဒ္ဓုတ်ဖွယ်။ ။

"နိမိတ္တံဘယံ" ပါဌ်၏အရကား။ ကာမရူပ။ အရူပဟူသော။ တေဘုမ္မကာဝယ်။ တတ်စွမ်းဘွယ်ဖြစ်သော။ အဆင်းတည်း ဟူသော ရူပါရုံ။ အသံတည်းဟူသော သဒ္ဒါရုံ။ အနံ့တည်းဟူသော ဂန္ဓာရုံ။ အရသာတည်းဟူသော ရသာရုံ။ အတွေ့အထိ တည်းဟူသော ဖောဋ္ဌဗ္ဗာရုံ။ ဤသင်္ခါရ အာရုံ ကာမဂုဏ်ငါးတန်သည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့နှင့် ဖြစ်လာတွေ့ကြုံလျက်။ ပေါင်းရ, ဆုံရ, ကြံမိကြိုက်ရခြင်းကား။ စင်စစ်သဖြင့်။ အာသဝေါတရား ပွါးစီးခြင်း၏ အကြောင်းဖြစ်လေသည်။ အာသဝေါတရား။ ပွါးစီးလေကလည်း။ "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"ဟူ၍ ဟောတော်မူခြင်း။ "အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ"။ ဟူ၍ သင်္ဂဟ အဋ္ဌကထာဆရာ မိန့်ဆိုတော် မူခြင်းတို့ကို ထောက်ရှုသော်။ အာသဝေါ ဖြစ်ခြင်းကြောင့် အကျိုးမပြီး၊ အချည်းနှီး ဖြစ်ကာ မဂ္ဂမဟုတ်ဘဲ။ အာသဝေါဖြစ်သော ပုဂ္ဂိုလ်သန္တာန်ဝယ်။ အဝိဇ္ဇာတရား တိုးပွါးစီကားရန် ဖြစ်ရချေသည်။ အဝိဇ္ဇာတရား တိုးပွါးစီကားပြန်ချေကလည်း။ ထိုအဝိဇ္ဇာတရားသည်။ "အဝိဇ္ဇာပစ္စယာသင်္ခါရာ"။ ဟူသည်နှင့်အညီ၊ ကျေးဇူးပြုတတ်သော ပစ္စည်းတရားမျိုးဖြစ်၍၊ ပုညာဘိသင်္ခါရ ဟူသော မဟာကုသိုလ်ရှစ်။ ရူပကုသိုလ် ငါး အားဖြင့်၊ ကုသိုလ် ဘဆယ့်သုံးခုတို့အား။ အရမ္မဏာဥပနိဿယ နှစ်ပစ္စည်းတို့ဖြင့်၎င်း။ အပုညာဘိသင်္ခါရ ဟူသောအကုသိုလ် တဆယ့်နှစ်ခုတို့အား။ ဟေတု သဟဇာတာစသော (၁၇) ပစ္စည်း တို့ဖြင့်၎င်း။ အာနဉ္စာဘိသင်္ခါရ ဟူသော အရူပ ကုသိုလ်လေးခုတို့အား။ ဥပနိဿယ ပစ္စည်းတပါးဖြင့်၎င်း။ ကျေးဇူးပြုပြန်၍။ ထိုသင်္ခါရသုံးပါးတို့က။ ပဋိသန္ဓေ ဝိညာဏ်ကို ဖြစ်စေရကား။ ကြံမိဘန်များစွာ ဇာတိဒုက္ခစသည်တို့ဖြင့် ပြွမ်းလျက်။ ဆင်းရဲပင်ပန်းဘွယ်ရာကြီး။ ဘဝန်ဖြစ်ရပြန်လေသည်။ အထူးသဖြင့်ကား၊ထိုနိမိတ္တံ ပုဒ်အရ၊ သင်္ခါရ ကာမဂုဏ်ငါးပါးသည်။ သာမာန်မျှဖြစ်သော, ဘေးဒိုး, ရန်ပိုး, ဒုက္ခအမျိုးမျိုးတို့ကိုမဆိုထား၊ အလွန်ကရာမြတ်နိုးအပ်စွာသော အသက်ခန္ဓာ၏ အကျိုးမဲ့ပျက်စီးခြင်း အနယဗျသန၊ မရဏဒုက္ခသို့လည်း၊ သတ္တဝါတို့ကို ရောက်စေတတ်သည်ဖြစ်၍။ လတ်တလော သေစေတတ်သော အဆိပ်သီးမျှမက။ တုံလှုပ် ထိတ်လန့်ကြောက်ရွံ့ဘွယ်ကြီးပေဟု မှတ်အပ်၏။ ။မှတ်အပ်ကြောင်းကား။

ဘုရားအလောင်းတော်သည်။ အစေပါးကျေးကျွန် ငါးယောက်နှင့်တကွ တက္ကသိုလ်ပြည်သို့ သွားလေသော်။ ကန္တာရ အတွင်း၌။ ဘီလူးမတို့ ဘန်ဆင်းအပ်ကုန်သော။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗါရုံ၊ ကာမဂုဏ် ငါးရပ်တို့တွင်။ ပဌမ လူကား ရူပါရုံ ကာမဂုဏ်ကို တတ်မက်၍။ အသက်ခန္ဓာ ပျက်ပြုန်းလျက်။ အကျိုးမဲ့ဆုံးရှုံးရလေသည်။ ဒုတိယ လူကား။ သဒ္ဒါရုံ ကာမဂုဏ်ကို တတ်မက်၍။ တတိယ လူကား။ ဂန္ဓာရုံ ကာမဂုဏ်ကို တတ်မက်၍။ စတုတ္ထ လူကား။ ရသာရုံ ကာမဂုဏ်ကို တတ်မက်၍။ ပဉ္စမ လူကား၊ ဖောဋ္ဌဗ္ဗါရုံ ကာမဂုဏ်ကို တတ်မက်၍။ အသက်ခန္ဓာ ပျက်ပြုန်းလျက်၊ အကျိုးမဲ့ ဆုံးရှုံး ပျက်စီးရ လေသည်။ ဤ အကြောင်း အတ္ထုပ္ပတ်ကို ဧကနိပါတ် တေလပတ္တဇာတ်ဝယ် ဟောတော် မူလေသည်။ ယင်းသို့ဟောတော်မူသည်ကို ထောက်ရှုလျှင်။ သာမာန်မျှ ဖြစ်သော။ ဘေးဆိုး,ရန်ဆိုး,ဒုက္ခဆိုး အမျိုးမျိုးတို့ကိုသာလျှင်။ ထိုကာမ ဂုဏ်ငါးပါးက ပေးတတ် ဖြစ်စေတတ်သည် မဟုတ်သေး။ အလွန်တရာ မြတ်နိုး အပ်စွာသော အသက် ခန္ဓာ၏ အဆုံးအတုံး အကျိုးမဲ့ ပျက်ပြုန်း စေတတ်သော မရဏ ဒုက္ခမျိုးကိုလည်း။ ပေးတတ်ချေ ရကား။ အဆင်ပ သီးမျှမက၊ ထိုသင်္ခါရနိမိတ်တည်းဟူသော ကာမဂုဏ် များကို၊ ကြောက် ရွံ့ဘွယ်၊ ထိတ်လန့်ဘွယ်၊ တုံလှုပ်ဘွယ် ကောင်းလှတော့ သတည်း ဟု မှတ် အပ်ကုန်၏။ ထိုသင်္ခါရ နိမိတ် ကိုကား။ တစိတ် တဒေသ ကိုသာ လျှင်မယူအပ်။ အလုံးစုံသော သင်္ခါရ နိမိတ်ကိုပင်ယူအပ်၏။ ထိုကြောင့် အဋ္ဌကထာ၌။ ။"နိမိတ္တန္တိ၊ သဗ္ဗံ ပိသင်္ခါရနိမိတ္တံ"။ ။ဟူ၍ ဖွင့် သည် ကိုရှု။ ။ဤအဖွင့်သံဝဏ္ဏနာကို ရှုမြော်တော်မူပြီးခါ။ ငါတို့ကျေးဇူးသျှင် ဆရာတော် ဘုရားကြီးသည်။ "ဤနိမိတ္တံဘယံ" ပါဠိကို။ ။နိမိတ္တံ၊ ဖြစ် လာတွေ့ကြုံ၊ တေဘုမ္မက၊ သင်္ခါရ ကာမဂုဏ်သည်။ ဘယံ။ ကိုယ် စိတ် နှစ်ပါး၊ ရှိရှားတုံလှုပ်လျက်။ ကြောက်မက်ဘွယ်ရှိ၏ဟု။ ။တေဘုမ္မက ပါ သိမ်းကြုံးလျက်။ ယခင် ဆိုအပ်ခဲ့ကုန်ပြီးသော အဓိပ္ပါယ် အကျယ် ဝိတ္ထာရ စကားတို့ကို ပေါင်းရုံး ထည့် သွင်း၍။ အကျဉ်းမျှ ယောဇနာ တော်မူအပ်သည်ဟု သိ။ ။ဤကား သုံးချမြောက်။ "နိမိတ္တံဘယံ"ပါဠိ၌ မှတ်ဘွယ်။ ။

အာယူဟနံ ဘယံ ပါဠိ၏ အရကား။ ကိလေသ ဝဋ်၊ ကာမဝဋ်၊ ဝိပါက ဝဋ်၊ ဤဝဋ်သုံးပါးတို့မှ ထွက်မြောက်ကြောင်း ပါရမီ ကုသိုလ်မျိုး မဟုတ်ဘဲ၊ ထိုဝဋ်သုံးပါးကိုမှီ၍။ လူ့ပြည် နတ်ပြည်။ ကြည်လည် ရုံဆန်။

ခံစံရလိုကြောင်းဖြင့်။ တောင့်တလျက် ပြုအပ်သော၊ တေဘုမ္မက ဝဋ္ဋနိဿိတ ကုသိုလ်ကံ ကိုရင်း။ အပါယ် လားကြောင်း ပါဏာ တိ ပါတ စသော မကောင်းမှု ဒုစရိုက် ဆယ်ပါးတည်းဟူသော အကုသိုလ်ကံကိုရင်း။ ဤကုသိုလ် အကုသိုလ်ကံ နှစ်ပါးကို သတ္တဝါအမျိုးမျိုးတို့ ကြိုးစားမယုတ်၊ အားထုတ်စိမ်၊ လုပ်ကြံရခြင်းသည်။ စင်စစ်သဖြင့် ကြောက်မက်ဘွယ်ရှိ၏ ဟူလိုသည်။ ရှိဟန် ကား။ သတ္တဝါ တဦး တယောက်သည်။ ငရဲသို့ ကျရောက်၍၊ ကာလမြင့် ရှည်စွာ၊ ထိုငရဲ၌ တနာရီ တမိဇနာမျှ။ သက်သာခွင့် သုခကို မရနိုင်ဘဲ၊ ဒုက္ခမစဲ အမြဲ ဘိစီးလျက်။ သည်းစွာ ခံရလေ၏။ ယင်းသို့ခံရပြီးမှ၊ တေဘုမ္မကဏ် ချမ်းသာသုခကို ငါရမှပင် ကောင်း တော့မည်ဟု ဘုမ်သုံးပါး၌ ဖြစ်သော သုခကိုရလိုရန် အကြောင်းကြောင့်။ ကောင်းမှု ကုသိုလ်ကို ပြုခြင်းတည်းဟူသော ဌာန တချက်။ နရက်တပါးသို့ ကျသွားကြောင်း ရောက်ကြောင်း မကောင်းမှု အကုသိုလ်ကံကို ပြုရန်စေ့ဆော်ခြင်း တည်းဟူသော ဌာန တချက်။ ဤ နှစ်ချက် နှစ်ဌာန ကံမျိုးကို ကြိုးစားအားထုတ် ပြုလုပ်ခဲ့မှုကား။ ပညာ စက္ခုကို၊ အဝိဇ္ဇာတိမ်သလ္လာ လွှမ်းမိုးသဖြင့်။ အကျိုးအပြစ်။ မစီစစ်နိုင်ခြင်း၊ စိစစ်ငြားလည်း မျက်ဝါးထင်ထင် ဟုတ်မှန်တိုင်း မသိမမြင်နိုင်ခြင်းကြောင့်သာလျှင်။ ယင်း ကုသိုလ် အကုသိုလ်ကံနှစ်ပါးကို ကြိုးစားအားထုတ်ပြုလုပ်မိခြင်းဖြစ်သည်။ ယင်းကဲ့သို့ပြုလုပ်မိခြင်းကိုရည်၍။ ။ "အဝိဇ္ဇါဘိက္ခဝေ၊ အဝိဇ္ဇာ ဂတော ပုညာဘိ သင်္ခါရမ္ပိ အဘိသင်္ခါရောတိ အပုညာဘိ သင်္ခါရမ္ပိ အဘိသင်္ခါရောတိ၊ အာနဉ္ဇာဘိ သင်္ခါရမ္ပိ အဘိသင်္ခါရောတိ"။ ။စသည်ဖြင့် ဟောတော်မူအပ်၏။ ဤသို့ ဟောတော်မူအပ်သည်နှင့်အညီ။ ခရီးညွန်ကင်းသော သူကန်းမျက်မမြင်၏၊ ခရီးသွားခြင်းသည်၊ တိမ်းပါး ယိမ်းပါး မှောက်မှားချွတ်ချော်သောအခါကဲ့သို့ အနာဂတ်ကာလ၌ ပဋိသန္ဓေ တည်နေရခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးကို၊ အားထုတ်မိခြင်းကား။ကိုယ်စိတ်နှစ်ပါးရှိရှားတုံလှုပ်လျက်၊ကြောက်မက်ဘွယ်ရှိ၏ဟူ၍၊ဆိုလိုသည်။ထိုကြောင့် အဋ္ဌကထာ၌။ ။"အာယူ ဟာဏာတိ၊ အာယတိံ ပဋိသန္ဓိ ဟေတုဘူတံ ကမ္မံ။ ။ဟူ၍ ဖွင့်ဆိုအပ်၏။ ။အာယုဟာဏာတိ၊ အာယု ဟာဏာ ဟူသည်ကား။ အယတိံ၊ နောင်အခါ၌။ ပဋိသန္ဓိ ဟေတု ဘူတံ၊ ပဋိသန္ဓေ တည်နေခြင်း၏အကြောင်းဖြစ်၍ ဖြစ်သော။ ကမ္မံ၊ကုသိုလ်ကံ အကုသိုလ် ကံကို။ ဟူ၍ အဋ္ဌကထာပါဠိ၌ ယောဇနာ။ ။ဤအဖွင့် အဋ္ဌကထာကိုရှု၍

အာယုပဟဏံဘယံ” ပါဠိကို၊ အနက်မြန်မာပြန်ဆိုတော်မူသော ကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်။ ။အာယုပဟဏံ၊ ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးကို။ ကြီးစား အားထုတ် လုပ်ကြံ ရခြင်းသည်။ ဘယံ၊နရက်ငရဲ။ မစဲဘိစီး။ ငြီးတချက်။နရက်တပါး။ ကျွသွားရောက် ကြောင်း။ မကောင်းစေ့ဆော်။ ချွတ်ချော်သော အခါကဲ့သို့။ ကိုယ်စိတ် နှစ်ပါး။ ရှိရှားတို့လှုပ်လျက်။ ကြောက်မက်ဖွယ် ရှိ၏။ ဟူ၍။ ယောဇနာ တော်မူလေသည်။ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကို။ အားထုတ်စိမ် လုပ်ကြံရခြင်းကား၊ ကြောက်မက်ဖွယ်ကြီး ဘေးအတိဖြစ်၏၊ ဟူသော။ အာယုပဟဏံဘယံ၊ ပါဠိနှင့်စပ်၍။ မှတ်ဖွယ် အထူးကို ဆိုပေအံ့။ ကိုယ်တွင်း၌ဖြစ်သောစိတ်သည်။ ဝဋ္ဋ၏အစွမ်းအားဖြင့် ဖြစ်သောစိတ်။ ဝိဝဋ္ဋ၏ အစွမ်းအားဖြင့် ဖြစ်သော ဟူ၍။ နှစ်မျိုး ရှိသင့်ကောင်း၏။ ထိုသို့ရှိသင့် ကောင်းသော စိတ်ကိုစွဲ၍။ ဝဋ္ဋ=ဝဋ္ဋပါဒ။ ဝိဝဋ္ဋ=ဝိဝဋ္ဋပါဒ၊ဟူ၍။ ဤသို့ သော အပြားကိုသိအပ်၏။ ထိုတွင်။ ။“ဝဋ္ဋံနာမ တေဘုမ္မကံ”။ ။ဟူ သည်နှင့်အညီ။ ကာမရူပ အရူပ၊ တည်းဟူသော တေဘုမ္မကသည်။ ဝဋ္ဋ မည်၏။ “ဝဋ္ဋပါဒံနာမ ဝဋ္ဋပဋိလာဘာယကမ္မံ”၊ ။ဟူသည်နှင့်အညီ။ တေဘုမ္မကဝဋ်ကို တဖန်ရခြင်းငှါ၊ စိမ်ကြိုးကုတ်၊ အားထုတ်လုပ်ကြံ သော။ ကုသိုလ် အကုသိုလ်ကံသည်။ ဝဋ်၏အခြေဖြစ်၍ ဝဋ္ဋပါဒမည် ၏။ ။“ဝိဝဋ္ဋံနာမနဝလောကုတ္တရဓမ္မော”။ ။ဟူသည်နှင့်အညီ။မဂ်လေး တန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့်။ ကိုးပါးကုန်သော လောကုတ္တရာ တရားတို့သည်။ဝိဝဋ္ဋမည်၏။ ။“ဝိဝဋ္ဋပါဒံနာမဝိဝဋ္ဋပဋိလာဘာယကမ္မံ”။ ဟူသည်နှင့်အညီ။ ဝိဝဋ္ဋဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရစိမ့်သောငှါ၊ ဗောဓိသုံးပါးတို့၏။ အဆောက်အဦးဖြစ်သော ဗောဓိသမ္ဘာရတရားစုကို ဖြည့်ကျင့်ဆည်းပူးသော အားဖြင့် ဖြစ်သော ပါရမီ ကုသိုလ် ကံသည်၊ ဝိဝဋ္ဋဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်၏။ အခြေဖြစ်၍။ ဝိဝဋ္ဋပါဒမည်၏။ ဤ လေးရပ်တို့တွင် ဝဋ်ကိုရကြောင်းဖြစ်သော၊ ဝဋ္ဋပဋိလာဘ ကုသိုလ်နှင့် အကုသိုလ်ကံကို ရည်မှတ်၍။ “အာယုပဟဏံဘယံ”၊ ဟူ၍ဟောတော်မူ အပ်သည်ဟုသိ။ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ကေနိပါတ် အကမ္မနိယ ဝဂ် ဒုတိယသုတ် အဖွင့် အဋ္ဌကထာဝယ်။ လာရှိသော ၄ ကားရပ်ပေ တည်း။ ယင်း ကုသိုလ် အကုသိုလ်ကံနှစ်ရပ်ကို သာရတ္ထ ပကာသိနီ မည်သော၊ သဠာယတနဝဂ္ဂသံယုတ် ဩဃသာရဏသုတ်ဝယ် လာရှိသော သတ္တမဒုက်အလိုအားဖြင့်။အလုံးစုံသော အကုသိုလ်ကို ပြုဖြင်စီရင်ခြင်း

၏အစွမ်းအားဖြင့်။ ဩဇာလေးပါး၌၊ တန့်ရပ်သောသူသည်။ ထိုအကုသိုလ်ကံအစွမ်းကြောင့်။ အပါယ်လေးပါး၌၊ မပေါ်ရပ်စုပ်။ အမြှုဖ်ကြီး မြှုဖ်ခဲ့ရကား။ အကုသိုလ်ကံဟူသမျှသည်။ သံသိဒတိမည်ကြောင်းကို ဖွင့်ဆိုအပ်၏။ ထိုမှတပါး။အလုံးစုံသော တေဘုမ္မက လောကီကုသိုလ် ပြုပြင်စီရင်ခြင်း၏ အစွမ်းအားဖြင့်။ လူလူကြိုးကုတ် အားထုတ်သောသူသည်။ နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်းသို့။ ဖြောင့်ဖြောင့် တန်းတန်း မရောက်စွမ်းနိုင်ဘဲ။သံသရာရေကြော၌။ ပေါလောလောဖြင့်၊ ရုန်ဆင်းခါ မြောပါးရန်ဖြစ်ချေရကား။ တေဘုမ္မက ဝဋ္ဋနိဿိတ ကုသိုလ်ကံသည်။ နိဗ္ဗုယှတိ မည်ကြောင်းကို ဖွင့်ဆိုအပ်၏ ဤသို့ ဖွင့်ဆိုအပ်သည်ကို ထောက်ရှုသော် သံသိဒတိမည်သော၊ အကုသိုလ်နှင့်။ နိဗ္ဗုယှတိမည်သောကုသိုလ်၊ ဤနှစ်ရပ်ကိုသာ ရည်မှတ်တော်မူ၍။ "အာယူဟာဏံဘယံ" ဟူ၍ ဟောတော်မူလေသည်ဟုသိ။ ထိုကြောင့်၊ဝိပဿနာ အမှန်းဂါထာ၊ ကို အနက်ယောဇနာရာဝယ်။ ။အစအမြိတ်၊ စွန်းရိပ်မထင်၊ မမြင်တိမ် မြုပ်၊ သမုဒ်အဏ္ဏဝါ၊ သံသရာရေကြော၌၊ ရှောင်တခင်ခ်။ စုတ်စုတ်ငင် ဝင်မြော၍။ ပေါလောလောကြိမ်ဖန်နှင့်။ ။စသည်ဖြင့်။ ဤခန္ဓာငါးပါး ကြီး၏။ မမြင်စုတ်စုတ်၊ နစ်မြုပ်ရခြင်းနှင့်၊ ပေါလောလောမြောပါးရခြင်း များကို။ ကျေးဇူးသျှင်ဆရာတော်ကြီးဘုရား။ အနက်မြန်မာ ယောဇနာ တော်မူခြင်းလည်း။ ဤဩဃတရဏသုတ်လာ။ ဒေသနာတော်ကို ထောက်ရှု၍၊ ယောဇနာတော်မူခြင်းပင်ဖြစ်ချေသည်ဟု နှလုံးမှတ်ပိုက် ဖွယ်ရှိ၏။ ဤအရာ၌ ကုသိုလ်အကုသိုလ်ကံနှစ်ပါးကို အားထုတ်စိမ့်။ လုပ်ကြံရခြင်းသည်။ ကြောက်မက်ဘွယ်ကြီးတခုပင်ဟု ဆင်ခြင်ရန်ဆိုသဖြင့်။ အကုသိုလ်ကဲ့သို့၊ ကုသိုလ်ကိုလည်း၊ ပြုရန်ကြောက်မက်ဘွယ်ကြီးပေဟု သာမန်မျှ သူ၍။သာဝဇ္ဇ ဒုက္ခဝိပါက တရားနှင့် အနဝဇ္ဇ သုခဝိပါက တရားကို တမျိုးတစားတည်းထားကဲ့သော်ရင်း။ ဝဋ်၏အခြေဖြစ်သော ဝဋ္ဋပါဒကုသိုလ်ကိုသာလျှင် မဟုတ်ဘဲ။ မဂ်ဖိုလ်နိဗ္ဗာန်၏ အခြေ ဖြစ်သော။ ဝိဝဋ္ဋပါဒကုသိုလ်ကိုလည်း။ ပြုရန်ကြောက်မက်ဘွယ်ကြီးပေဟု၊ မဆင်မခြင် ယူဆကဲ့သော်ငြင်း။ များစွာအကျိုးမဲ့ရာသည်ဖြစ်၍။ ထိုကဲ့သို့ အကျိုးမဲ့အံ့သည်ကိုစိုး၍။ အထူးမှာထားခြင်းဖြစ်၏။ ထိုကြောင့် အဋ္ဌကထာ၌လည်း။ "အာယူဟာဏံ" ပါဠိ၌အရ၊ အားထုတ်ခြင်း ကံဟူသည်ကို။ နောင်အခါ၌ ပဋိသန္ဓေ၏၊ အကြောင်းဖြစ်၍ ဖြစ်သောကံကိုသာ ယူရန် ဘူတသဒ္ဒါဖြင့် ဖွင့်ဆိုအပ်သည်။ နောင်အခါ ဗောဓိသုံးပါးတို့၏။

ရင့်ကျက်ကြောင်း အဆောက် အဦး ကံကိုကား။ မဖွင့်ဆိုအပ် ဟူ၍။ အထူး သတိချပ်လင့်ကုန်။ ။လေးခုမြောက် အာယူ ဟာဏံဘယံ ပုဒ်၌ မှတ်ဘွယ်။ ။

နိပ္ပတ္တိဘယံ၊ ပါဠိ၏ အရကား။ ဤပစ္စုပ္ပန်ဘဝ၌။ ခန္ဓာ ငါးပါး ချုပ်ပြီးသည်မှ။ နောက်တဖန် ဘဝသစ် မဖြစ်စေနိုင်ရန် သတ္တိအထူး ရှိသော။ အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာနှင့် တဏှာ တည်းဟူသော။ ဝဋ် မြစ်နှစ်ပါးကို အကြွင်းမဲ့ ပယ်ဖြတ်ခဲ့မှု။ ဝဋ်တရားချုပ်ငြိမ်း၍။ ခန္ဓာ ဇာတ်ယုတ်သိမ်းသဖြင့်။ အလွန်တရာမှ ငြိမ်းအေးခွင့် ချမ်းသာခွင့်ကြီးကို လက်ဆုတ်လက်ကိုင်။ အပြီးတိုင်ရလေရာသည်။ အကယ်၍ဘဝသစ် တဖန်၊ ဆက်ပြန်ခဲ့ချေသော်။ အသူဘရာမက နက်လှစွာသော နရက် တပါးသို့ ကျရောက်သွားပြန်၍။ နောက်ထပ်တဖန် ခံရသောအခါကဲ့သို့။ ကိုယ်စိတ်နှစ်ပါးစလုံးပင်၊ ပင်ပန်းရှိရှား။ တုံလှုပ် ခြောက်ခြားလျက်။ ကြောက်မက်ဘွယ်ရှိ၏ ဟူလိုသည်။ ထိုကြောင့် အဋ္ဌကထာ၌။ ။ "နိပ္ပတ္တိတိ။ ခန္ဓာနံနိဗ္ဗတ္တနံ"။ ။ဟူ၍ဖွင့်တော်မူအပ်၏။ ။နိပ္ပတ္တိတိ၊ နိပ္ပတ္တိ ဟူသည်ကား။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏၊ နိဗ္ဗတ္တနံ။ အသစ်တဖန် ဖြစ်ပြန်ခြင်းပေတည်း။ ။ဤအဖွင့်အဋ္ဌကထာနှင့်အညီ၊ "နိပ္ပတ္တိဘယံ" ပုဒ်ကို၊ ငါတို့ကျေးဇူးသျှင် ဆရာတော် ဘုရား ကြီးသည်။ နိပ္ပတ္တိ၊ ဘဝ တဖန်၊ ဖေါက်ပြန် အသစ်ဖြစ်ရ ခြင်းသည်။ ဘယံ နရက်တပါး၊ ကျသွား ရောက်ပြန် ခံရသောအခါကဲ့သို့။ ကိုယ်စိတ်နှစ်ပါး။ ရှိရှား တုံလှုပ်လျက်။ ကြောက်မက်ဘွယ် ရှိ၏ ဟု။ ။ယောဇနာတော် မူလေသည်။ ။ဘဝ သစ်ဖြစ်ရခြင်းသည်။ နရက်တပါးမှ၊ နရက်တပါးသို့။ ကျ ရောက် သော သူ၏။ ဒုက္ခ မြောက်များစွာ တွေ့ကြုံ ရပုံ။ အသည်း နှလုံး။ ပျက်ကြွေ ပျင်းမျှ။ ခံရကြိမ်ကြိုက်ရပုံများကို။ "ဥပဒ္ဒဝဘယံ" ပုဒ်၌၊ တစိတ်တဒေသ ပြဆိုခဲ့လေပြီ။ စင်စစ်မူကား။ ခန္ဓာအသစ်ဖြစ်ရခြင်းသည်။ အဝိဇ္ဇာသင်္ခါရ ဝိညာဏ်နာမ်ရုပ်စသော အင်္ဂါဆယ့်နှစ်ရပ်တွင်။ အဝိဇ္ဇာကားသူကာဏ်း မျက်မမြင်နှင့်တူပုံ။ သင်္ခါရကား။ သူကာဏ်းမျက်မမြင်၏ ချွတ်ချော်တိမ်း ပါးခြင်းနှင့် တူပုံ။ ပဋိသန္ဓေ ဝိညာဏ်ကား။ သူကာဏ်း မျက် မမြင် ၏ ချွတ်ချော်၍ မှောက်ခုံလဲခြင်းနှင့်တူပုံ။ နာမ်ရုပ် နှစ်ပါး ကား။ ထို ကဲ့သို့ လဲပျိုခြင်း ကြောင့်။ ဒိုင်းအမာကြီး ပေါက်ရောက် လာသည်နှင့် တူပုံ။ သဠာယတနကား၊ ဒိုင်း အမာကြီးမှ ပျိုကွဲ၍။ ဒိုင်းအမာငယ် ဆက်

သွားသ်ပေါက်ရောက်လာသည်နှင့်တူပုံ။ ဖဿကား။ ထိုအိုင်းအမာနှစ်ရပ်ကို ပြင်းထန်စွာထိခိုက်မိသည်နှင့်တူပုံ။ ဝေဒနာကား။ ထိုကဲ့သို့ ပြင်းထန်စွာသ်ခိုက်မိ၍။ ဒုက္ခခံစားရသည်နှင့်တူပုံ။ တဏှာကား။ ဒုက္ခခံစားရ၍ ပျောက်ငြိမ်းစေရန် ဆေးဝါးကုသလိုသော ဆန္ဒအာသာနှင့် တူပုံ။ ဥပါဒါန်ကား။ ကုစားလို၍ ဆေးခွက်ကို။ စမ်းသတ်ရှာဖွေ၍ မသင့်မတင့်သော ဆေးခွက်ကို ကိုင်တွယ် မိသည်နှင့် တူပုံ။ ဘဝကား။ မသင့်မတင့်သော ဆေးခွက်မှ ဆေးကိုယူ၍ လိမ်းကျံ သည်နှင့်တူပုံ။ ဇာတိကား။ မသင့်မတင့်သော ဆေးကိုလိမ်းကျံမိသည်အတိုင်း။ အိုင်းအမာထူးခြား၍။ တိုးပွါးလာသည်နှင့်တူပုံ။ ဇရာမရဏကား။ အိုင်းအမာ ပေါက်ကွဲ၍ သူကာဏ်း မျက်မမြင်၏။ ခန္ဓာ ပေါက်လှဲလျက် ပျောက်စဲခြင်းနှင့်တူပုံ။ အလုံးစုံကို။ ပဋိစ္စသမုပ္ပါဒ် အင်္ဂကထာစသည်တို့၌၊ ပဋိသန္ဓေအသစ်နေရခြင်း၏ အဖြစ်ကို။ စိစစ် ပြတောင်မူလေသည်။ ထိုကိုထောက်ရှုသော် ဘဝသစ်ဖြစ်ရခြင်းကား။ ကိုယ်စိတ်နှစ်ပါး။ ရှိရှားတုံလှုပ်လျက်။ ကြောက်မက်ဖွယ်ကြီးပေဟု ဆင်ခြင်ရန်။ ထိုမှတပါး။ ခန္ဓာဥစ္စဘိဘာရော၊ ဟူသည်နှင့်အညီ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားကြီးကို။ ဥက္ကောင်းဝန် ပခုံးဝန် လက်ဆွဲဝန်တို့ကဲ့သို့ ချထားနိုင်သည်မဟုတ်ဘဲ။ အလွန်တရာ လေးလံလှစွာလျက်၊ မချမထားနိုင်ဘဲ အခါ ခပ်သိမ်းရွက်ဆောင်ရသော ဝန်ထုပ် ဝန်ပိုးကြီးကဲ့သို့ရင်း။ တနည်း။ သည်းစွာနာကျင်စေသော အနာဆိုး ရောဂါဆိုးကြီး ကဲ့သို့ရင်း။ တနည်း။ ငတ်မွတ်ခေါင်းပါး သော နုဗ္ဗိက္ခ ကာလမျိုး ကာလဆိုးကြီး ကဲ့သို့ရင်း။ တနည်း။ စီးမြဲအသက်ကို နှောင့်ရှက် ဖျက်ဆီး တတ်သော ကြောက်မက်ဘွယ်။ ရန်သူကြီးကဲ့သို့ရင်း။ တနည်း။ လတ်ဘလော သေစေတတ်သော၊ အဆိပ်အသီးကို ဖြစ်ထွန်း စေတတ်သော။ အဆိပ်ပင်မကြီးကဲ့သို့ရင်း။ ဘာ၁တတန်။ ပေါက်ပြန်ပြီးခါ။ ဤခန္ဓာအသစ်ဖြစ်ရခြင်းသည်။ စင်စစ်တုံလှုပ် ထိပ်လန့် ကြောက်ရွံ့ ဘွယ်ကြီးပေ ဟူ၍လည်း နှလုံးသွင်းအပ်ဆင်ခြင် အပ်ချေသတည်း။ ။ဤကားငါးခုမြောက် "နိဗ္ဗတ္တိဘယံ"၊ ပုဒ်၌ မှတ်ဘွယ်။ ။

'ပဋိသန္ဓိဘယံ" ပါဠိ၏ အရ ကိုကား။ ခန္ဓာငါးပါး အာယတန တဆယ့်နှစ်ပါး၊ ဓါတ်တဆယ့်ရှစ်ပါး။ တရား အစု အဝေး တို့တွင် ခန္ဓာငါးပါးကို။ နာမ်၌ တွေ့ဝေကျန်သော။ သတ္တဝါတို့အဘို့၊ ဟောတော်မူအပ်၏။ အာယတန တဆယ့်နှစ်ပါးကို၊ ရုပ်၌တွေ့ဝေကျန်သော သတ္တဝါတို့

အဘို့။ ဟောတော် မူအပ်၏။ ဝါတ်ဘာဆယ့် ရှစ်ပါးကို။ နာမ်ရုပ်နှစ်ပါး စုံ၍တွေ့ဝေကုန်သော သတ္တဝါ တို့အဘို့ဟော တော် မူအပ်၏။ တနည်း တိက္ခိန္ဒြိယပုဂ္ဂိုလ်။ နာတိတိက္ခိန္ဒြိပုဂ္ဂိုလ်၊ မုဒိန္ဒြိယပုဂ္ဂိုလ် သုံးယောက် တို့တွင်။ ထက်သော ဣန္ဒြေရှိသော၊ တိက္ခိန္ဒြေပုဂ္ဂိုလ်အဘို့။ ခန္ဓာငါးပါး ကိုဟောတော်မူအပ်၏။ မထက်လွန်းသော ဣန္ဒြေရှိသော၊ နာတိတိက္ခိန္ဒြေ ပုဂ္ဂိုလ်အဘို့။ အာယတန တဆယ့် နှစ်ပါးကို ဟောတော် မူ အပ် ၏ နုံသော ဣန္ဒြေ ရှိသော မုဒိန္ဒြေ ပုဂ္ဂိုလ်အဘို့။ ဓါတ် တဆယ့်ရှစ်ပါးကို ဟောတော်မူအပ်၏။ တနည်း။ အကျဉ်းကို နှစ်သက်သော သံခိတ္တ ရုစိ ပုဂ္ဂိုလ်။ မကျဉ်း မကျယ် အလယ် အလတ်ကို နှစ် သက်သော။ မဇ္ဈိမ ရုစိပုဂ္ဂိုလ်။ အကျယ်ကို နှစ်သက်သော၊ ဝိတ္ထာရရုစိ ပုဂ္ဂိုလ်။ သုံးမျိုးတို့ တွင်။ သံခိတ္တရုစိပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်။ ခန္ဓာငါးပါးကို ဟော တော် မူအပ်၏။ မဇ္ဈိမရုစိပုဂ္ဂိုလ်၏ အစွမ်း အားဖြင့်။ အာယတန၊ တဆယ့် နှစ်ပါးကို ဟောတော် မူအပ်၏။ ဝိတ္ထာရ ရုစိပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်။ ဓါတ် တဆယ့် ရှစ်ပါးကို ဟော တော် မူ အပ် ၏။ ဤသို့ အသီး အသီး အကြောင်းပြု၍ ဟောတော် မူအပ်ကုန်သော။ ခန္ဓာ ငါးပါး အာယတန တဆယ့်နှစ်ပါး ဓါတ်တဆယ့်ရှစ်ပါးတို့၏ အစဉ်မပြတ်၊ ဥပါဒ်ဖြစ်နေ ခြင်းကိုပင် သံသရာဟူ၍ဆိုအပ်၏။ ထိုသံသရာ၌ အဖန်ဖန်ပင်။ ပဋိသန္ဓေ နေရခြင်းကား။ မင်းပြစ်ရာဇဒဏ်၊ သင့်သူ ရာဇဝတ် ကောင်တို့ကို။ အ ကျဉ်းနှောင်အိမ်သို့သွင်း၍ မင်းချင်းလုလင်တို့က အထူးထူးကုန်သော လက်နက်တို့ဖြင့်။ နှိပ်စက်ညှင်းပမ်းခြင်းကို ပြုကြသောအခါ။ မခံမရပ် နိုင်လောက်အောင်၊ ပူလောင်ပြင်းပြစွာ ကိုးကွယ်ရာမဲ့ကင်း၍ ဆင်းရဲ ခြင်းကြီးမက၊ ဆင်းရဲလှသဖြင့်။ ဘမိန္နင့်တကွ ဉာတိသင်္ဂဟတို့ကို တမ်း တထွေထွေ၊ ကယ်ပါလေယူပါလေဟု။ ဆူဝေစွာအသံပေးလျက်၊ ငို ကြွေးခြင်း ပြုကြရကုန်သကဲ့သို့။ ထိုအတူပင်လျှင်၊ သံသရာတည်းဟူ သောနှောင်အိမ်ဝယ်၊ အကြိမ်ကြိမ် အဖန်ဖန်၊ ပဋိသန္ဓေနေရခြင်းသည်။ ကြပ်တည်းကျဉ်းမြောင်းစွာလျက်။ ရာဂမီး ဒေါသမီး စသော, မီးတ ဆယ့်တပါးတို့ဖြင့်၊ ဟုန်းဟုန်း ဒိီးဒိီး ညီးညီး လင်းပြောင်။ တောက် လောင်ထိန်ထိန်။ ပူရှိန်ပြင်းထန်လျက်။ မီးတောက်မီးလျှံ။ လွှမ်းမိုးပတ် ဝိုက်၍။ ကြိုက်ကြိုက်ကြီးဆူဝေရာ၊ ကာမရူပအရူပ ဘုံသုံးထွေဝယ်။ ပဋိသန္ဓေ နေရခြင်းတည်းဟူသော၊ ဇာတိ ဒုက္ခမီးကို အရင်းမူလျက်၊ ထိုမှတိုးတက်၍၊ ဇရာဒုက္ခမီး၊ ဗျာဓိဒုက္ခမီးစသော ဒုက္ခမီးထိုထို၊ ဥဒ

ဟိုတို့၏။ စုဝေးရာ၊ ကျွမ်းလောင်ရာဖြစ်ခြင်းကြောင့်။ ဆင်းရဲခြင်းကြီးမဟာ အလွန်ဆင်းရဲရခြင်းကို၊ ရည်မှတ်တော်မူ၍။ "ပဋိသန္ဓိဘယံ" ဟူ၍၊ မိန့်တော် မူအပ် သည် ဟု။ နှလုံး ပိုက် ရာသတည်း။ ။ထိုကြောင့်၊ငါတို့ ကျေးဇူးသျှင်ဆရာတော်ဘုရားကြီးသည်။ ။"ပဋိသန္ဓိဘယံ"ပါဠိကို။ ။ ပဋိသန္ဓိ။ သံသရာနှောင်ဇာတ်မြဲ၊ ပဋိန်ဆူဝေ၊ ဘုံသုံးထွေ၌။ ပဋိသန္ဓေအမှန် အဖန်ဖန်နေရခြင်းသည်။ ဘယံ။ ကိုယ်စိတ်နှစ်ပါး။ ရိဂ္ဂါးဝဲလှုပ်လျက်။ ကြောက်မက်ဘွယ် ရှိ၏ဟု။ ။အနက်ယောဇနာ တော်မူလေသည်။ ။ ယင်းသို့ ယောဇနာတော် မူခြင်းသည်။ အဋ္ဌကထာဝယ်။ ။"ပဋိသန္ဓိတိ အာယတိံ ဥပ္ပတ္တိ"။ "။ ။ဟူ၍ဖွင့်တော်မူခြင်းနှင့်အညီပေတည်း။ ။ပဋိ သန္ဓိ။ပဋိသန္ဓေ ဟူသည်ကား။ အာယတိံ။ နောင်အခါ၌။ ဥပ္ပတ္တိ။ ပဋိ သန္ဓေ အကြိမ်ကြိမ်။ တည်နေ ရခြင်း ပေတည်း။ ။ဤကား၊ ခြောက်ခု မြောက် ပဋိသန္ဓေဘယံ ပုန်၌ မှတ်ဖွယ်။ ။ဤဆိုအပ်ကုန်ပြီး သော။ "ဥပ္ပါဒဘယ၊ ။ပဝတ္တဘယ၊ နိမိတ္တဘယ၊အာယူဟနဘယ နိပ္ပတ္တိဘယ၊ ပဋိသန္ဓိ ဘယ၊ တည်း ဟူသော၊ ကြောက် မက်ဖွယ် ဘေးခြောက်ရပ် တို့ဖြင့်။ ဆင်ခြင်သုံးသပ်အပ်ကုန်သော။ ခန္ဓာငါးပါး ရုပ်နာမ်ဘုရားတို့၏ ခယတ္တာ ဝယတ္တာကြောင့်။ အနိစ္စဖြစ်ဟန် ကိုရင်း။ ဘယတ္တာပဋိပ္ပန္နတ္တာ ကြောင့်ဒုက္ခဖြစ်ဟန် ကိုရင်း။ အသာရကတ္တာ အနိဿရတ္တာ အသာဝတ္တနိတ္တာ ကြောင့်၊ အနတ္တဖြစ်ဟန်ကိုရင်း။ ဆိုပြီ ဖြစ်၍ မကိုတော့ပြီ။ ။ဘယ ဥာဏ်ကိုဖွင့်ဆိုသည်ကားပြီး၏။

ဘယဥာဏ်၏ အခြားမဲ့၌။ အာဒီနဝဥာဏ်ကိုဆိုပေအံ့။ ထိုအာဒီ နဝဥာဏ်ဟူသည်။ ကုန်ပျောက်ပြိုးတီး၊ ပျက်စီးခြင်း၏ အစွမ်းအားဖြင့်။ အပြစ်ဒေါသကို သုံးသပ်ဆင်ခြင်ခြင်းသည်။ အာဒီနဝဥာဏ် မည်၏။ ထိုအာဒီနဝဥာဏ်သည်။ အဘယ်အခါ ဖြစ်သနည်းဟူမူကား။ ရှေး၌ ဆိုအပ်ခဲ့ပြီးသော ဘယဥာဏ်ကို၊ အဖန်တလဲလဲ မှီဝဲပွားများလျက်။ အကြိမ်များစွာ လေ့လာခြင်းကို ပြုသော ယောဂီအား။ သုံးပါးသော ဘဝ၊ လေးပါးသောယောနိ။ ငါးပါးသောဂတိ ။ခွန်နှစ်ပါးသောဝိညာ ဏဋ္ဌိတိ၊ ကိုးပါးသောသတ္တဝါသအလုံးစုံတို့၌။ သင်္ခါရတို့သည်။ ပျက် စီးကုန်လတ်သော် သင်္ခါရတို့၏။ ပျက်စီးခြင်းမှ ကင်းလွတ်လေအောင်။ ထုတ်ဆောင်ကယ်တင်နိုင်သော။ တာဏ၊ ညဲသော သဘောသည်ရင်း။ ပုန်းအောင်း လည်လျှောင်းရာဖြစ်သော။ လေဏ၊ မည်သော သဘော

သည့်ရှင်း ကိုးကွယ်မှီခိုခြင်းအကျိုးငှါ။ လားရာဖြစ်သော 'ဂတိ'သည် ရှင်း။ စုတိပျက်ကြွေ ဆုံးသေရခြင်းတည်းဟူသော၊ မရဏဟောအေးမှ တား မြစ်နိုင်သော 'ပဋိသရဏ' မည်သော တရားသည့်ရှင်း။ အောက်ထက် ဝန်းကျင်၊ မမြင်မထင်လေ။ စင်စစ်သော်ကား။ အလုံးစုံသောဘဝ။ အ လုံးစုံသောယောနိ။ အလုံးစုံသောဂတိ။ အလုံးစုံသော ဝိညာဏဋ္ဌိတိ။ သတ္တဝါသတို့၌ ဖြစ်ကြကုန်သော· သင်္ခါရတို့တွင်။ တရသောသင်္ခါရ၌ သော်လည်း။ တောင့်တအပ်။ စွဲလမ်းအပ်သော သဘောတရား မရှိခဲ့ ချေရကား။ တောင့်တခြင်းပဏ္ဏနာသည့်ရှင်း။ အဟံမမစသောအားဖြင့်။ မှားသော သုံးသပ်ခြင်းသည့်ရှင်း။ မဖြစ်လေတော့ပြီ။ အာဒိနဝတည်း ဟူသော အဖြစ်သည့် သာလျှင်။ ယောဂီအား ထင်တော့၏။ ထင်ဟန် ကား။ ကာမရူပအရူပ တည်းဟူကုန်သော ဘဝသုံးပါးတို့သည်။ အခိုး အလျှံကင်းသောမီးကျီးတို့ဖြင့် ပြည့်၍၊ ရဲရဲညီသော မီးကျီးတွင်းတို့ကဲ့ သို့ ထင်ကုန်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူကုန်သော။မဟာ ဘုတ်လေးပါးတို့သည်။ ကြမ်းထမ်းခက်ထန်။ လျှင်မြန်သော အဆိပ်ရှိ ကုန်သော။ ကဋ္ဌမုခမြွေ၊ ပူတိမုခမြွေ၊ အဂ္ဂိမုခမြွေ၊ သတ္ထမုခ မြွေဟူ ကုန်သော။ မြွေးလေးစင်းတို့ကဲ့သို့ထင်ကုန်၏။ ခန္ဓာငါးတို့သည်။ ဓားကို သတ်အံ့ဟု သံလျက်ကို ချိကြွမိုးသော သူသတ်ယောကျ်ားကဲ့သို့ ထင် ကုန်၏။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ မနအားဖြင့်။ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကာယတန တို့သည်။ လူသူဆိပ်သော ရွာဆိုးရွာ ပျက်ကဲ့သို့ ထင်ကုန်၏။ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မအားဖြင့်။ ခြောက်ပါးကုန်သော ဗာဟိရာယတနတို့သည် ရွာကို ဖျက်ဆီးတတ် ကုန်သော ခိုးသူကြီးတို့ကဲ့သို့ ထင်ကုန်၏။ ခုနစ်ပါးကုန်သော ဝိညာဏ ဋ္ဌိတိ။ ကိုးပါးကုန်သော သတ္တဝါသတို့သည်။ ရာဂမီး၊ ဒေါသမီး၊ မောဟ မီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး။ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါ မနဿမီး၊ ဥပါယာသမီး တည်းဟူကုန်သော တဆယ့် တပါးကုန် သောမီးတို့ဖြင့်။ ရဲရဲထိန်ပြောင် တောက်လောင်သကဲ့သို့ရှင်း။ ထက်ဝန်း ကျင်မှ အလျှံတပြောင်ပြောင် တောက်လောင်သကဲ့သို့ရှင်း။ တဖြိုင်နက် တဟုန်တည်းသော မီးလျှံအပေါင်းတို့နှင့်တကွ ဖြစ်ကုန်သကဲ့သို့ရှင်း။ ထင်ကုန်၏။ အလုံးစုံကုန်သော သင်္ခါရတို့သည်။ အိုင်းအမာကဲ့သို့ရှင်း။ အစဥ်မပြတ်၊ နှိပ်စက်တတ်သော အနာရောဂါကဲ့သို့ရှင်း။ ပေါက်ထွင်း စူးဝင်တတ်သော ဆူးငြောင့် ထံကျင်ကဲ့သို့ရှင်း။ အစီးအပွားမဲ့ကိုသာ

အခါခပ်သိမ်း ဆောင်ဘတ်ခြင်း။ ပြင်းပြသီးစွာ ကျင်နာတတ်ခြင်း ဖြစ်၍။
သာယာအပ်သော သဘော-ပြည့်စုံခြင်းမှ ကင်းသော သဘောရှိသည်
ဖြစ်ရကား။ ကြီးမားလှစွာသော အပြစ်ဒေါသ အပေါင်းတို့၏ စုဝေးရာ
တည်ရာ အစုအပုံကြီးသဖွယ်ဖြစ်၍ ထင်ကုန်၏။ အဘယ်သို့ ထင်ကုန်
သနည်းဟူမူကား။ ချမ်းသာသဖြင့် အသက် ရှည်လိုသော ကြောက်
တတ်သောယောကျ်ားအား။ မျက်ဝါးထင်ထင် ရှုမြင်သောအခါ မွေ့
လျော်ဘွယ်သော အချင်းအရာ အားဖြင့် တည်သော်လည်း။ သားရဲရှိ
သော တောအုပ်ကဲ့သို့ရင်း။ ခြင်္သေ့,သစ်, ကျားရှိသော ဂူသိုင်ကဲ့သို့ရင်း။
မိချောင်း, မကာရ်း။ လူကို ဘမ်းစားတတ်သော ရက္ခိုသ်ရှိသော ရေကဲ့
သို့ရင်း။ မြှောက်ချီမိုးအပ်သော သံလျက်ရှိကုန်သော ရန်သူတို့ ကဲ့သို့
ရင်း။ အဆိပ်ရှိသော ဘောဇဉ်ကဲ့သို့ရင်း။ ခိုးသူရှိသော ခရီးကဲ့သို့ရင်း။
အလျှံပြောင်ပြောင် တောက်လောင်သောအိမ်ကဲ့သို့ရင်း။ မြို့မှထွက်သော
စစ်သည်ရှိသော စစ်မြေပြင်ကဲ့သို့ရင်း။ ထင်ကုန်၏။ ထိုစကားကို ထင်
ရှားစေဦးအံ့။ ထိုကြောက်တတ်သော ယောကျ်ားသည်။ သားရဲရှိသော
တောအုပ် စသည်တို့သို့ ရောက်လတ်၍ တုံလှုပ်ထိတ်လန့် ကြောက်ရွံ့
သည်ဖြစ်၍၊ ကြက်သီးမွေးညှင်းထခြင်း ရှိသည်ဖြစ်၍ ထက်ဝန်းကျင်မှ
ရှုကြည့်တိုင်း အကျိုးမထင် အပြစ်ကိုသာလျှင် မြင်သကဲ့သို့။ ထို့အတူ
ပင်လျှင်။ ဤရောဂါဝစရ ပုဂ္ဂိုလ်သည်၊ သင်္ခါရတို့၏ ပျက်ခြင်းကို ရှု
သည်၏အစွမ်းအားဖြင့်။ အလုံးစုံကုန်သော သင်္ခါရတို့သည်။ ကြောက်
ရွံ့ဘွယ် ထိတ်သန့်ဘွယ်ဘေး၏ အဖြစ်ဖြင့် ထင်ကုန်လတ်သော်။ ထက်
ဝန်းကျင်မှ ထိုသင်္ခါရတို့၏ တောင့်တကုန်လုံ ပြည့်စုံခြင်း ကင်းသော။
နိရသ,သဘော။ သာယာသည်၏အဖြစ်မှ ကင်းသော၊ နိရဿာဒ,သ
ဘောသာလျှင် စင်စစ်ဖြစ်ချေရကား။ အပြစ်ကိုသာလျှင်မြင်လေတော့၏။
ဤသို့ဆိုအပ်ပြီးသော နည်းဖြင့် ရှုသော၊ ထိုရောဂါ ဝစရအား။ အပြစ်
ကို ရှုတတ်သော အာဒီနဝဉာဏ် မည်သည်။ ဤအခါဖြစ်တော့ပြီ ဟူ
လိုသည်။ ။ဤအာဒီနဝဉာဏ်အရာ၌၊ မှတ်ဖွယ်အထူးကား။ ဘေးဘယ
ဉာဏ်၌ ပြဆိုခဲ့ပြီးသော၊ ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ၊ အာယူဟန၊ ပဋိသန္ဓိ၊
ဤခြောက်ရပ်ကိုပင်လျှင်၊ အနွယ၊ ဗျတိရေက၊ အားဖြင့်။ အ
ပြန်အလှန်ပြု၍၊ ထုတ်ဆောင်အပ်၏။ ထုတ်ဆောင်ပုံကား။ ဖြစ်ခြင်း
ဥပ္ပါဒ, ရှိ၏ဟူသော်၊ မဖြစ်ခြင်း၊ အနုပ္ပါဒ, လည်း ရှိကောင်းရာသည်
အဘိုင်း။ ဥပ္ပါဒ, ဟူသော အနွယကို ထောက်၍၊ အနုပ္ပါဒ, ဟူသော၊

ဗျတိရေကကိုရအပ်၏။ ဤနည်းအတူ၊ ပဝတ္တ,ဟူသော်၊ အပဝတ္တ နိမိတ္တ
ဟူသော်၊ အနိမိတ္တ၊ အာယူဟဏ, ဟူသော်၊ အနာယူဟဏ၊ နိဗ္ဗတ္တိ
ဟူသော်၊ အနိဗ္ဗတ္တိ ပဋိသန္ဓိ၊ ဟူသော်၊ အပဋိသန္ဓိ၊ ဤသို့အနွယ, ဗျတိ
ရေက၊ အစုံအဖုံ ထုတ်အပ်၏။ ယင်းသို့ အစုံအဖုံ ထုတ်ပြီး၍။ အနွယ
ခြောက်ပုဒ် ဟူသမျှကို၊ သာဓိဿ၊ သဒ္ဒါနှင့် ယှဉ်အပ်၏။ ဗျတိရေက။
ခြောက်ပုဒ်ဟူသမျှကို နိရောဓိဿ သဒ္ဒါနှင့်ယှဉ်အပ်၏။ ယှဉ်ဘန်ကား။
ရှေးဦးစွာ ဥပ္ပါဒ၊ ဟူသော ပုဒ်ကို၊ ဥပ္ပါဒေါသာဓိဿံ အနုပ္ပါဒေါနိရော
ဓိဿံ၊ ဟူသည်တည်း။ ထိုတွင် ဥပ္ပါဒဟူသည် ဘေးဘယဉာဏ်၌ ပြဆို
အပ်ခဲ့ပြီသည်အတိုင်း။ ဥပ္ပါဒေါ၊ ပဋိသန္ဓေနေရခြင်းအစွမ်းဖြင့် ဖြစ်ခြင်း
သည်။ အနက်ယောဇနာရသည်ပင်။ သာဓိဿံ၊ ပုဒ်ကိုမူကား။ သာ
ဓိဿံ။ ထိုထိုများစွာ။ လူဒိုလ်ပါတို့၏။ ဟင်းလျာ လက်သုတ်။ ပြုလုပ်
အပ်သော ဝက်ကဲ့သို့။ ကိလေသာမာရ်, ဒေဝပုတ္တမာရ်, တို့သည်။ အ
ဖန်ဖန် နှိပ်နင်းသျက်။ သေမင်း၏ ဟင်းလျာလက်သုပ်။ ပရဘုတ်ရာ အာ
ဟာရသည်။ ဟောတိ။ ဖြစ်၏။ ။ဤကဲ့သို့ ငါတို့ကျေးဇူးရှင် ဆရာ
တော်ဘုရားကြီး အနက်ယောဇနာတော် မူလေသည်။ ဤသို့ ယောဇနာ
တော်မူသည့် အဓိပ္ပါယ်ကား။ ပဋိသန္ဓေနေရခြင်း အစွမ်းဖြင့် ဖြစ်ခြင်း
ဥပ္ပါဒဟူသည်။ ဇာတိတရားပင် ဖြစ်သည်။ ထိုဇာတိတရား ဖြစ်ခဲ့လတ်
သော်။ ဇာတိပစ္စယာ ဇရာမရဏံ ဟူ၍ ဟောတော်မူအပ်သည်နှင့်အ
ညီ။ အရှေ့ပြူဗ္ဗာအရပ်မှ။ နေမင်းထွက်လာလပ်သော် အနောက် လော
ကဓာတ်သို့ ဝင်ရမြဲတံထွာ, ဓမ္မတာ ဖြစ်သကဲ့သို့ရင်း။ နိယတမိစ္ဆာဒိဋ္ဌိ
ကံသည်။ စင်စစ်ငရဲ အကျိုးပေး မြဲမြံသကဲ့သို့ရင်း။ ထိုအတူပင်လျှင်။
ပဋိသန္ဓေနေရခြင်း ဇာတိတရား ဖြစ်ခဲ့လေပြီတကား။ ထိုဇာတိတရား
ကြောင့်၊ ကိုင်းကွဲ့ရွှတ်ယို, အိုမင်းခြင်းဇရာတရားနှင့် ခန္ဓာပျက်ပြုန်း သေ
ဆုံးရခြင်း မရဏတရားကား။ ဖြစ်မြဲတံထွာ။ ဓမ္မတာဖြစ်၏။ ယင်းသို့
ခန္ဓာငါးပါး၌။ မရဏတရား ဓမ္မတာအားဖြင့် ဖြစ်ပွါးရခြင်းကိုပင်လျှင်။
သေမင်းစားသည်ဟု လောကသင်္ကေတအလို ဆိုအပ်ရကား။ ပဋိသန္ဓေ
နေသဖြင့် ဖြစ်ပေါ်လာသော။ ဤခန္ဓာ ငါးပါးကြီးသည်။ အဆုံးတနေ့
ဝယ်။ သေမင်း၏ ဟင်းလျာ လက်သုပ် ပရဘုတ် သုံးဆောင်ရာ။ အာ
ဟာရသဖွယ်။ အကယ်စင်စစ် ဖြစ်ရလေတော့သည်ဟု မှတ်ယူအပ်၏
ဤသို့ နှလုံးပိုက်တော်မူ၍။ သာဓိဿံ ပုဒ်ကို။ သေမင်း၏ ဟင်းလျာလက်
သုပ်။ ပရဘုတ်ရာ အာဟာရ ဖြစ်၏ဟု ယောဇနာတော် မူသည်ကိုသိ။

ထိုကြောင့်။ ဘုရားမြတ်စွာသည်။ ။မတ္တညုတာ ဿမာမိဿံ။ ။ဟူ၍။
ခန္ဓာငါးပါးကို သေမင်းအစာဖြစ်ကြောင်းကို ဟောတော်မူအပ်သည်
ပင်။ ။ဘိက္ခဝေ။ ချစ်သားရဟန်းတို့။ ဇာဒံ။ ဤသင်ချစ်သားတို့၏ ခန္ဓာ
ကိုယ်သည်။ မတ္တညုသာ။ သေမင်း၏။ ဃသမာမိဿံ။ လက်သုပ် ဟင်း
လျာ။ စားရာအစာသဖွယ်ဖြစ်၏။ ။ယင်းကဲ့သို့ သေမင်း၏၊ ဟင်းလျာ
လက်သုပ်။ ပရဘုတ်ရန် အစာ ဖြစ်ရခြင်းကား။ ပဋိသန္ဓေ တည်နေရ
ခြင်းကြောင့် ဖြစ်၏။ ပဋိသန္ဓေ တည်နေရခြင်းလည်း။ တထောင့်ငါးရာ
ကိလေသာ တည်းဟူသော၊ ကိလေသမာရ်၊ သတ္တဝါတို့ကို နှိပ်ကွပ်၍။
သံသရာဝဋ်မှ။ မကျွတ်မလွတ်ရ လေအောင်။ ရာဂစသော ကိလေသာ
ကြော့ကွင်းတို့ကိုထောင်၍။ နှောင့်ဖွဲ့တတ်သော။ မာရ်နတ်သား၏ အလို
သို့ လိုက်ရခြင်းတည်းဟူသော၊ ဒေဝပုတ္တမာရ်။ ဤဆိုအပ်ခဲ့ကုန်ပြီးသော။
ကိလေသမာရ်နှင့် ဒေဝပုတ္တမာရ်တို့သည်။ အကြိမ်ကြိမ်အဖန်ဖန် သတ္တဝါ
တို့၏။ သန္တာန်သို့ ဝင်ရောက်ကပ်ချင်း။ ဘိစီးနှိပ်နင်းပြီးလျှင် ကိလေ
သာတို့ကို အရင်းခံ၍ ပြုအပ်သော၊ ကုသိုလ်ကံ, အကုသိုလ်ကံ,တည်းဟူ
သော။ အဘိသင်္ခါရမာရ်ကို ဖြင်ပွါးစေလျက်။ ထိုအဘိသင်္ခါရ မာရ်မှ
မကင်းသဖြင့်။ တေဘုမ္မက နယ်အတွင်း၌။ သေမင်း ခေါ်ဆောင်ရာသို့။
မညင်းဆံနိုင်ဘဲ လိုက်ပါရခြင်းတည်း ဟူသော။ မစ္စုမာရ်ကို ဖြစ်စေပြီး
ခါ။ ထိုသေမင်း၏ ဟင်းလျာလက်သုပ်။ ပရဘုယ်ဖွယ်ရာ။ အစာအဟာ
ရအဖြစ်ဖြင့်၊ ဖြစ်လေစေသည် ဟူသော အဓိပ္ပါယ်။ ထိုအဓိပ္ပါယ်ကို
ထင်စိမ့်သော ငှါ။ ငါတို့ဆရာတော်ဘုရားကြီး ဥပမာကို ဆောင်၍ မိန့်ဆို
တော်မူသည်ကား။ ထိုထိုများစွာ လူဗိုလ်ပါတို့၏။ မိမိတို့ အလိုရှိသော
အခါကာလဝယ်။ ဟင်းလျာလက်သုပ်၊ ပြုလုပ် စီရင် နိုင်ရန်။ ဆံကျွဲ
ဆံညှာ ယာဂုထမင်းတို့ကို။ ကြိုချက်၍ အသား တိုးတက်စိမ့်သော ငှါ။
မွေးမြူအပ်သော ဟင်းမျိုးဝက်ကဲ့သို့တည်းဟူ၊ ဥပမာကို ဆောင်တော်
မူအပ်၏။ ဤဥပမာ စကားရပ်၌။ ဟင်းမျိုးဝက်ကို မွေးကြွေးသုတ်သင်
ပြုပြင်ခြင်းသည်။ ထိုဝက်၏ အသက် ရှည်ကြောင်း ချမ်းသာစေကြောင်း
စေတနာကောင်းဖြင့်။ အိမ်ရှင်တို့က မွေးကြွေး ပြုပြင်အပ်သည်မဟုတ်။
စင်စစ်သော်ကား။ အသား တိုးပွါးစေကြောင်း။ တနေ့နေ့ဝယ် သုံးဆောင်
ရန် အစာအာဟာရ ဖြစ်ကြောင်းဖြင့် သာလျှင်။ မွေးကြွေး စောင့်ရှောက်
အပ်လေသည်။ ထိုနည်းတူစွာ ဒေဝပုတ္တမာရ် ကိလေသာ မာရ်တို့က။
ခန္ဓာငါးပါးကြီးကို၊ ပစ္စည်းပစ္စယပွန်၏ အဖြစ်ဖြင့်။ ကျေးဇူးပြုခါ ကူညီ

ပင့်ထောက်။ ချိုး မြှောက်ခြင်းသည်။ ချမ်းသာစေလို ကောင်းစေလို၍။ ကူ
ညီပင့်ထောက်။ ချိုးမြှောက်အပ်သည် မဟုတ်။ စင်စစ်သော်ကား။ သံ
သရာ၌၊ ခန္ဓာတိုးပွါး။ ကာလရှည်လျား၍၊ ဒုက္ခများလေအောင်၊ အဆုံး
တနေ့ဝယ်, သေမင်းသုံးစားရာ၊ အစာအာဟာရဖြစ်ရလေအောင်၊ ကူညီ
ပင့်ထောက်။ ချိုးမြှောက်ခြင်းသာ ဖြစ်ချေ သတည်းဟု၊ ဥပမေယျကို
လည်းသိ။ ဥပမာ ဥပမေယျ နှိုးနှောဟန်ကား။ ဟင်းမျိုး ဝက်ကဲ့သို့
ခန္ဓာငါးပါးကို မှတ်အပ်၏။ အိမ့်ရှင် ယောကျ်ားတို့ကဲ့သို့။ ကိလေသ
မာရ်၊ ဒေဝပုတ္တမာရ်တို့ကို မှတ်အပ်ကုန်၏။ အိမ့်ရှင်ယောကျ်ားတို့က။ အ
စာရေစာပေး၍၊ မွေးမြူသကဲ့သို့။ ကိလေသမာရ်၊ ဒေဝပုတ္တမာရ် တို့က
အဝိဇ္ဇာတဏှာ၊ တည်းဟူသော ဝဋ်မြစ်တရားနှစ်ပါးတို့၏။ စီပင်ပွါးများ။
အားရှိရန် ခန္ဓာငါးပါး၌၊ အာသဝေါစသည်တို့ကို ယိုစီးစေခြင်းကို မှတ်
အပ်၏။ ဟင်းမျိုးဝက်အား။ အိမ့်ရှင်တို့က အစာရေစာပေး၍ မွေးကြွေး
ခြင်းကြောင့်။ အသားတိုးလျှင်။ အသက်မြင့်ရှည်ခြင်း ဖြစ်သကဲ့သို့
ကိလေသမာရ်၊ ဒေဝပုတ္တမာရ်တို့က။ အာသဝေါစသည်တို့ကို။ ယိုစီး
ဖြစ်ပွါးစေသောကြောင့်။ ခန္ဓာအသစ်တိုးပွါးခြင်း ကာလမြင့်ကြာ။ သံသ
ရာရှည်လျားခြင်းကို မှတ်အပ်၏။ ဟင်းမျိုးဝက်သည်။ အဆုံးတနေ့ဝယ်
သုံးဆောင်ပရိဘုတ်ရာ၊ လက်သုပ် ဟင်းလျာဖြစ်ရလေသကဲ့သို့။ ဤခန္ဓာ၊
ငါးပါးတို့လည်း အဆုံးတနေ့ဝယ်၊ သေမင်း၏ ဟင်းလျာ လက်သုပ်။
ပရိဘုတ်သုံးစားရာ အာဟာရဖြစ်ရခြင်းကို မှတ်အပ်၏။ ဤသို့ ဥပမာဥပ
မေယျ နှိုးနှောဟန်ကို သိအပ်၏။ ဤ၌ ဟင်းမျိုးဝက်၏၊ မိမိသေရအံ့သော
အစာရေစာတို့ကိုသာလျှင်။ သုံးစား၍၊ အဆုံး တနေ့၌၊ လက်သုပ်ဟင်း
လျာ၊ အစာအာဟာရ ဖြစ်ဟန်ကို။ တိကနိပါတ်၊ သာလူကဇာတ်၌၊
ဘုရားမြတ်စွာ ဟောတော်မူခြင်းကို ထောက်ရှု၍ သိအပ်၏။ ထိုဇာတ်ကို
အကျဉ်းချုပ်အားဖြင့် ဆိုသော်။ ဘုရားအလောင်း၊ မဟာလောဟိတ၊
အာနန္ဒအလောင်း စူဠလောဟိတ နွားညီနောင် နှစ်ဦးတို့နှင့်တကွ၊ သာ
လူကမည်သော ဝက်တို့သည်၊ တခုသောအမျိုးအိမ်၌ဖြစ်ကြကုန်ရာတွင်၊
နွားညီနောင်တို့သည်၊ မြက်,ကောက်ရိုး, ဖွဲကိုသာ စားကြရလျက်၊ အိမ်၏
အစီးအပွါး အမှုကိစ္စ ကြီးငယ်တာဝန်တို့ကို ဆောင်ရွက်ကြရကုန်၏။
သာလူကမည်သော ဝက်သည်ကား။ အိမ်၌ တစုံတခုသော စီးပွါးရေး
ကိစ္စကို မဆောင်ရွက်ရဘဲ။ အိမ့်ရှင်တို့က။ ထိုသာလူက ဝက်အား။
ယာဂု ထမင်း ကြိုချက်ကျွေးမွေး ပြီးလျှင်။ ညောင်စောင်းအောက်၌

အိပ်စေ ကြကုန်၏။ ထိုအခါ အာနန္ဒာအလောင်း, ရှုဋ္ဌလောဟိတက။ ဘုရားအလောင်းမဟာလောဟိတအား။ ဝမ်းနည်းစကားဖြင့်၊ ပြောကြား သည်ကား။ နောင်တော်မဟာလောဟိတ။ ဤအိမ်၌ စီးပွါးရေးကိစ္စဟူ သမျှကို။ ကျွန်ုပ်တို့သာ ဆောင်ရွက် ရလျက်။ ကျွန်ုပ်တို့အား၊ မျက် ကောက်ရိုး ဖွဲမျှကိုသာပေး၍။ သာလူကကိုကား ယာဂုထမင်းကို၊ ကြို ချက်၍ ကြွေးမွေးကြလေသည်ဟု၊ ပြောကြား၏။ ထိုအခါ ဘုရားအ လောင်း မဟာလောဟိတက၊ ညီတွေးရှုဋ္ဌလောဟိတ။ သင်သည် သာ လူက၏၊ ယာဂုထမင်းကို၊ မတောင့်တလင့်၊ သာလူကကို၊ လက်သုပ် ဟင်းလျာပြုလို၍။ အသား ပွါးများ စိမ့်သောငှါ။ ထိုသူတို့သည် မွေးမြူ ကုန်၏။ နှစ်ရက် သုံးရက် လွန်သဖြင့်။ အမျိုးသတို့သွီးကို ထိမ်းမြား လက်ထပ်သောအခါ သာလူကကို ညောင်စောင်းအောက်မှ ထုတ်၍။ ကျည်ပွေ့ဖြင့်။ ရိုက်သတ်၍။ အပိုင်းပိုင်းဖြတ်ခါ၊ ဤအိမ်သို့ရောက်လာ ကုန်သော ဧည့်သည်တို့၏။ အစာ အာဟာရ ပြုလုပ်သည်ကို မြင်ရ ကုန်အံ့ဆို၍။

> မာ၊ သာလူကဿပိဟယိ။ အာတုရန္နာနိဘုဉ္ဇတိ။
> အပ္ပေါသုက္ကောဘုသံခါဒ။ ဧတံဒီဃာယုလက္ခဏံ။ ။
> ဧတဒါနိသောဇုဝါဂတ္တော၊ အတိထိ ယုတ္တသေဝကော။
> အထဒက္ခသိသာလူကံ။ သယာနံ မုသလုတ္တရံ။ ။

ဟူသော နှစ်ဂါထာတို့ကိုဆိုတော်မူ၏။ ။တာတ။ ညီတွေးရှုဋ္ဌလော ဟိတ။ တွံ သင်သည်။ သာလူကဿ။ သာလူကဝက်၏။ သုကရဘတ္တံ၊ ဝက်စာထမင်းကို။ မာပိဟယိ။ မတောင့်ကလင့်။ ဟိသစ္စံ။ မှန်၏။ အယံ။ ဤသာလူကသည်။ အာတုရန္နာနိ။ မိမိသေအံ့သော အစာတို့ကို။ ဘုဉ္ဇတိ။ စား၏။ အပ္ပေါသုက္ကော။ ကြောင့်ကြမဲ့ ဘုသံ။ ငါတို့စား မြ။ ဤသည့်ဖွဲကို။ ခါဒ။ သင်စားပါလော့။ ဧတံ။ ဤအစာသည်။ ဒီဃာယုလက္ခဏံ။ အသက်ရှည်သော အဖြစ်၏။ မှတ်ကြောင်းလက္ခဏာ အစာပေတည်း၊ ။ဧဒါနိ။ ယခုအခါ၌။ ယုတ္တသေဝကော၊ များစွာ သော ပရိတ်သတ်အခြံအရံနှင့် ယှဉ်လတ်၍။ အတိထိ။ ဧည့်သည် ဖြစ် သော။ သောပူရိသော။ ထိုထိမ်းမြားသော ယောကျ်ားသည်။ ဣဓ။ ဤ အိမ်သို့။ အာဂတ္တော။ လာလတ်သော်။ အထ၊ ထိုအခါ၌၊ မုသလုတ္တရံ။

သံုးကွဲးတပ်သော ကျည်ပွေ့နှင့်တူသော အထက်နှုတ်ခမ်းရှိသော။ သာလူကာ၊ သာလူကာကို။ သယန္တံ၊ သခြင်း၌ စင်းစင်းအိပ်သည်ကို။ ဒက္ခသိ၊မြင်ရလတံ့။ ။ဤသို့ဘုရားလောင်း ဆိုတိုင်းပင်လျှင်။ ထိုနေ့မှ နှစ်ရက်လွန်လတ်၍။ ထိမ်းမြားခြင်းသို့ ရောက်သည်ရှိသော်။ သာလူကကို သတ်၍၊ လက်သုပ် ဟင်းလျာ ပြုကြကုန်၏။ နွားညီနောင်တို့သည်၊ သာလူက၏ ပျက်စီးခြင်းကိုမြင်ကြရ၍။ ငါတို့၏ သုံးစားနေကြ ဖွဲဟူသော အစာအာဟာရပင်လျှင်။ အပြစ်ကင်း၍ ကောင်းမြတ်လေစွဟု၊ ကြံစည်ကြကုန်၏။ သဗ္ဗညု ဘုရားမြတ်စွာသည်။ ဘုရားဖြစ်တော်မူပြီးမှ၊ ထို အနက်ကို ပြအံ့သော၄၊။ ။

ဝိကန္တံ သူကရံဒိသွာ။ သယန္တံ မုသလုတ္တရံ။
ဇရဂ္ဂဝါဝိစိန္တေသုံ။ ဝရမှာကံဘုသာဒိဝ။ ။

ဟူသော, တတိယ ဂါထာကို ဟောတော်မူ၏။ ။ဘိက္ခဝေ၊ ငါ၏ ချစ်သား ရဟန်းများတို့။ မုသလုတ္တရံ၊ သံုးကွဲးတပ်သော စပါးထောင်း ကျည်ပွေ့နှင့် တူသော။ အထက်နှုတ်ခမ်းရှိသော။ သူကရံ၊ သာလူက အမည်ရှိသော ဝက်ကို။ ဝိကန္တံ၊ သေဘေးမှ ကြောက်သည် ဖြစ်၍။ ဟစ်အော်ယောင်ရမ်း။ ငိုမြည်ဘမ်းလျက်။ သယန္တံ၊ သခြင်း၌ စင်း စင်းအိပ်သည်ကို။ ဒိသွာ၊ ပက်ပါထင်ထင်၊ ရှုမြင်ကြရ၍။ ဇရဂ္ဂဝါ၊ နွားအိုနှစ်ကောင်၊ နွားညီနောင်တို့သည်။ ဝါ။ ညီနောင်တရှင်း။ နွားအို နွားမင်းတို့သည်၊ အမှာကံ၊ ငါတို့၏။ ဘုသာဒိ၊ ဘုသံဒဝ။ စားနေကြအစာဖြစ်သော, ဖွဲသည်သာလျှင်။ဝရံ၊ သေဘေးမှ ကင်းချေသဖြင့်။ မြတ်ပေစွတကား။ ဟူ၍။ ဝိစိန္တေသုံ၊ ဉာဏ်ချေပွင့်မြူး။ သံဝေကြူး လျက်။ အထူး ကြံကြလေကုန်၏။ ။ဤဇာတ်တော်လာ ဟင်းမျိုးဝက် သည်။ မိမိသေရအံ့သော အစာတို့ကိုသာ စားသကဲ့သို့။ ထိုအတူ ဝဋ် သုံးပါးကိုခိုသော။ ဝဋ္ဋနိဿိတ ကုသိုလ် နှင့် နုစရိုက် အကုသိုလ် သည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတည်းဟူသော၊ မိမိ၏သေရအံ့သော၊ အစာ မျိုးစင်စစ်သာ ဖြစ်ချေတော့တကားဟု၊ ပညာသတိ အသင့်ရှိကုန်လျက်။ ကုသိုလ်ကို ပြုကုန်သည်ရှိသော်။ သေရအံ့သော အစာနှင့် တူသော။ ပုညာဘိသင်္ခါရမျိုးကို မသုံးစားမပိုက်ပျိုးဘဲ။ အရိုးအစဉ်အားဖြင့်။ စား နေကြ အစာနှင့်တူသော၊ ဘုရားအလောင်း သူတော်ကောင်းတို့ ထုံး

ဟောင်းစံမှီ, ကျင့်သုံးနေကြ၊ ဝိဝဋ္ဋ နိဿိတ ပါရမီ ကုသိုလ်ကိုပြုမှသာ
လျှင်။ ဒိဃာယု လက္ခဏာနှင့်ကိုက်၍၊ နိဗ္ဗာန်သို့ ဆိုက်မည်ဟု၊ သဘော
ပိုက်လင့်ကုန်။ ထိုမှတပါး၊ ဤဇာတ်တော်ဝယ်။ "အာတုရန္တာနိဘုဉ္ဇတိ"။
ဟူသော ဒုတိယပါဒ၌။ အာတု ရန္တာနိ။ ပုဒ်ကို။ အာတု ရအန္တာနိ။ ပုဒ်
ဖြတ်၍၊ အာတုရ၊ သဒ္ဒါသည်၊ ဤအရာ၌ မရဏာဟောဖြစ်၍။ မရဏာ
တုရကိုယူ၊ ဇရာတုရ၊ ဗျာဓိတုရ ကိုမယူလင့်။ ထိုစကားမှန်၏။ ခန္ဓ
ဝဂ္ဂသံယုတ် အဋ္ဌကထာကြီး၌။ ဤခန္ဓာ ကိုယ်သည်။ မြွေ၏ အဆင်းကဲ့သို့
ပင်။ အဆင်းရှိစေကာမူ။ အမြဲမပြတ် ယိုစီးတတ်သော။ အနုက်သဘော
အားဖြင့်၊ အာ တု ရ သာ လျှင် မည်၏ဟု။ မိန့်တော် မူချေသည်။ ထို
ကြောင့်။ ။"ဇာတရူပသရီရံ သုဝဏ္ဏ ဝဏ္ဏံပိ နိစ္စံပဃရဏ္ဌေန အာတုရံ
ယေဝနာမ"။ ။ဟူ၍ မိန့်တော်မူအပ်၏။ ။ဟိ၊သစ္စံ မှန်၏။ ဇာဒံသရီရံ၊
ဤခန္ဓာကိုယ်သည်။ သုဝဏ္ဏဝဏ္ဏံပိ။ မြွေ၏အဆင်းကဲ့သို့ အဆင်းရှိသော်
လည်း။ ဝါ၊ ရှိပင်ရှိစေကာမူ။ နိစ္စံ၊ မချွတ်မလွဲအမြဲပုံမှန်။ ပဃရဏ္ဌေန၊
ယိုစီးတတ်သော အနုက်သဘောကြောင့်။ ဝါ၊ သဘောအားဖြင့်။အာတု
ရံယေဝနာမ၊ အာတုရသာလျှင်မည်၏။ဝါ။ နာကျင် တတ် ၍။ အာတု
ရသာလျှင် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဤအဋ္ဌ ကထာကြီး အဆိုကို
ထောက်ရှု၍။ ဤခန္ဓာကိုယ်၏ အာတုရ မည်ကြောင်းကို သိအပ်၏။ အ
ထူးအားဖြင့်ကား။ ဤခန္ဓာကိုယ်၏ ဒိုးခြင်းဇရာတရားဖြင့်၊ ကျင်နာခြင်း။
ဇရာတုရ၊ အနာရောဂါ တည်းဟူသော ဗျာဓိ တရားဖြင့်၊ ကျင်နာခြင်း။
ဗျာဓိတုရ၊ ခန္ဓာပုက်ပြုန်းဆုံးသေရခြင်းမရဏာတရားဖြင့်။ ကျင်နာခြင်း။
မရဏာတုရ ဟူ၍ အာတုရအပြား သုံးပါး ရှိကြောင်းကို။ ။"တိဿော
အာတုရာဟောန္တိ"။ ။ဟူသောပါဠိဖြင့်။ ပြတော်မူအပ် သည် ဖြစ်၍။
ဤအဋ္ဌကထာ၌ လာရှိသော အာတုရ သုံးမျိုး တွင်။ အရာ အား ဖြင့်။
မရဏာတုရနှင့်သာ သက်ဆိုင်ခဲ့ရာကား။ ဤဇာတ်တော်လာ၊ အာတုရ
ပုဒ်အရကို မရဏာ တုရကိုယူဟူ၍, ပြဲခဲ့ပေ သတည်း။ ။အန္တာ နိပုဒ်
ကား။ ထမင်းအစာ။ အဟာရကို ဟော၏။ နှစ်ပုဒ်စပ်သဖြင့် သေအံ့
သော အစာဟူ၍၊ ဆိုလိုသည်၊ ဤသို့ဟင်းမျိုးဝက်သည်၊ သေအံ့သော
အစာကိုစား၍။ လူမိုက်ပါ တို့၏ သုံးဆောင်ရာ။ လက်သုပ် ဟင်း လျာ
ဖြစ်ရသကဲ့သို့။ ဤအာဒိနဝ ဉာဏ်အရာ၌ လာသော ပဋိသန္ဓေနေရခြင်း
အစွမ်းဖြင့်ဖြစ်ခြင်း ဥပ္ပါဒ။ ပဋိသန္ဓေနောက်။ စုတိရောက်အောင် ဖေါက်
လွဲဖေါက်ပြန်။ အဖန်ဖန်ဖြစ်ရခြင်း ပဝတ္တ။ ဖြစ်လာတွေ့ကြုံ။ ကောဘုမ္မက

သင်္ခါရ ကာမဂုဏ်ဟူသော၊ နိမိတ္တ။ ကုသိုလ်ကံ၊ အကုသိုလ်ကံနှစ်ပါးကို။ ကြိုးစားအားထုတ်၊ လုပ်ကြံရခြင်း၊ အာယူဟနာ၊ ဘဝတဖန်၊ ပေါက်ပြန်အသစ်၊ ဖြစ်ရခြင်း နိဗ္ဗတ္တိ။ သံသရာနှောင်ဖွဲ့၊ ပူရှိန်ဆူဝေဘုံသုံးထွေ၌၊ ပဋိသန္ဓေအခွန်။ အဖန်ဖန်နေရခြင်း၊ ပဋိသန္ဓိ၊ ဤခြောက်ရပ်ခြောက်ဌာနစလုံးပင်လျှင်။ ကိလေသမာရ်၊ ဒေဝပုတ္တမာရ်တို့က။ အဖန်ဖန်နှိပ်နင်းလျက်၊ သေမင်း၏ ဟင်းလျာလက်သုပ်။ ပရဘုတ် သုံးဆောင်ရာ။ အာဟာရသာလျှင် ဖြစ်စေသောဌာနမျိုးဖြစ်ရကား။ စင်စစ် သာမိသံ ချည်းသာလျှင်ဖြစ်၍၊ ဤဥပ္ပါဒစသော ခြောက်ဌာန၏။ သာမိသ မည်ခြင်းသည်လည်း။ ဝဋ္ဋအာမိသ, လောကအာမိသ, ကိလေသအာမိသတို့မှ, မလွတ်သည်၏ အဖြစ်ကြောင့်။ အာမိသမည်သည်ကိုသိ။ ထိုကြောင့်,အဋ္ဌကထာ၌။ ။"ဝဋ္ဋာမိသ၊ လောကာမိသ ကိလေသာမိသေဟိ၊ အဝိပ္ပမုတ္တတ္တာသာမိသ မေဝ"။ ။ဟူ၍ဖွင့်တော်မူလေပြီ။ ။ဝဋ္ဋာမိသ လောကာမိသ ကိလေသာမိသေဟိ၊ ဝဋ္ဋအာမိသ, လောကအာမိသ, ကိလေသအာမိသ, တို့မှ။ အဝိပ္ပမုတ္တတ္တာ၊ မလွတ်သည်၏ အဖြစ်ကြောင့်။ သာမိသမေဝ၊ သာမိသမည်သည်သာလျှင်၊ ဝါ။ အာမိသနှင့်တကွဖြစ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။ ဤအာမိသမည်ဟုန်သော။ ဥပ္ပါဒစသည်တို့ကို ချဲ့ရန်မလို။ ရှေးဘယဉာဏ်၌ ချဲ့ပိုပြီးဖြစ်၏။ ထိုမှပြန်သောအားဖြင့်။ ပဋိသန္ဓေ ယူနေလွတ်ကင်း။ မဖြစ်ရခြင်းဟူသော အနုပ္ပါဒ။ ပဋိသန္ဓေနောက်, စုတိရောက်အောင်။ ပေါက်သွဲ့ပေါက်ပြန့်, အဖန်ဖန် မဖြစ်ရခြင်းဟူသော အပဝတ္တ။ ဖြစ်လာ ထွေကြုံ၊ တေဘုမ္မက သင်္ခါရ ကာမဂုဏ်မှ။ အာရုံ သန့်ရှင်း၊ ကင်းလွတ်ခြင်းဟူသော။ အနိမိတ္တ။ ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးကို။ လုပ်ကြံကြိုးစားအားမထုတ်ခြင်း ဟူသော။ အနာယူဟန။ ဘဝတဖန်။ ပေါက်ပြန်အသစ်။ မဖြစ်ရခြင်းဟူသော အနိဗ္ဗတ္တိ။ သံသရာနှောင်ဖွဲ့ ပူရှိန်ဆူဝေ။ ဘုံသုံးထွေ၌၊ ပဋိသန္ဓေအခွန်၊ တဖန်မနေရခြင်းဟူသော။ အပဋိသန္ဓိ။ ဤခြောက်ရပ်ခြောက်ဌာနကား။ အာမိသမှလွတ်သော နိရာမိသလျှင်ဖြစ်၍။ "အနုပ္ပါဒေါနိရာမိသံ" စသည်ဖြင့် အသီးသီးယှဉ်အပ်၏။ ထိုစကားမှန်၏။ နိရာမိသဟူသည်။ သေမင်း၏ ဟင်းလျာလက်သုပ်ပရဘုတ်ရန် အစာအာဟာရ မဟုတ်သည်ကိုပင် နိရာမိသဟူ၍ဆိုသည်။ ထိုသို့သော။ နိရာမိသ သဘောကရားနိုး သည်လည်း သုံးဆယ့်တဘုံတွင် မည်သည့်ဘုံမျှမရှိဘဲ။ နိဗ္ဗာန်ဘုံ၌သာ

ရှိချေရကား။ နိဗ္ဗာန်သည်၊ အာမိသသုံးပါးမှ၊ အချင်းခပ်သိမ်းကင်းလွတ်၍။ နိရာမိသ မည်လေသည်။ ဤသို့နိရာမိသမည်သော၊ နိဗ္ဗာန်နှင့် အရတူသော။ အနုပ္ပါဒ၊အပဝတ္တ၊ အစသည်လည်း။ နိဗ္ဗာန်ပင်လျှင်တည်း။ ထို့ကြောင့်။အဋ္ဌကထာ၌။ ။"အနုပ္ပါဒေါအပ္ပဝတ္တန္တိ အာဒိနိဗ္ဗာနမေဝ"။ ။ဟူ၍မိန့်တော်မူအပ်၏။ ။အနုပ္ပါဒေါ အပဝတ္တန္တိအာဒိ၊ အနုပ္ပါဒေါအပဝတ္တံ အစရှိသည်သည်။ ပါ။ အနုပ္ပါဒေါ၊ အပ္ပဝတ္တံ အနိမိတ္တံအနာယူဟနံ၊ အနိရောဓ၊ အပဋိသန္ဓိဟူသည်။ နိဗ္ဗာန်နမေဝ။ နိဗ္ဗာန်သာလျှင်တည်း။ ။ယင်းသို့နိဗ္ဗာန်ဖြစ်သောကြောင့် သာလျှင်။ ကိလေသမာရ်။ ဒေဝပုတ္တမာရ်တို့၏။ အဖန်ဖန်နှိပ်နင်းခြင်းမှ။ ကင်းလွတ်လေရကား။ မစ္စုရာဇာ သည္ဓာမည်လျှင်း။ ရှင်သေမင်း၏။ ဟင်းလျာ လက်သုပ်စိမ်ပြုလုပ်၍။ သုံးဆောင် ပရဘုတ်အပ်သော။ အာဟာရမဟုတ် ဖြစ်ချေတော့သတည်း။ ထို့ကြောင့်။ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်။ ဤနိရာမိသံပုဒ်ကို အနက် ယောဇနာတော်မူသောအခါ။ ။ နိရာမိသံ၊ ကိလေသမာရ်။ ဒေဝပုတ္တမာရ်တို့၏။ အဖန်ဖန်နှိပ်နင်းခြင်း။ ကင်းလွတ်လျက်။ သေမင်း၏၊ ဟင်းလျာလက်သုပ်၊ပရဘုတ်၊ အာဟာရမဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဟူ၍ ယောဇနာတော် မူလေသည်။ ဤသို့ယောဇနာခြင်းလည်း၊ အဋ္ဌကထာနှင့် အညီပင်တည်းဟုသိ။ ။ဤအာဒီနဝ ဉာဏ်အရာ၌။ အဋ္ဌကထာ၌လာသော။ နိပ္ပတ္တိနှင့် ဇာတိနှစ်ပုဒ်သည်။ ဥပ္ပါဒပုဒ်၏ရင်း။ ပဋိသန္ဓိပုဒ်၏ရင်း။ ပရိယာယ် ဝေဝုစ် ဖြစ်ကြောင်း။ ဂတိနှင့် ဥပ္ပတ္တိနှစ်ပုဒ်သည်။ ပဝတ္တပုဒ်၏ ပရိယာယ်ဝေပုစ် ဖြစ်ကြောင်း။ ဇရာစသည်တို့သည်၊ နိမိတ္တပုဒ်၏ ပရိယာယ် ဝေဝုစ်ဖြစ်ကြောင်းကို မိန့်ဆိုပြီးခါ။ ဥပ္ပါဒ၊ ပဝတ္တ၊ နိမိတ္တ၊ အာယူဟန၊ ပဋိသန္ဓိ အားဖြင့်။ နိပ္ပတ္တိပုဒ်မပါဘဲ။ အာဒီနဝဉာဏ် ဖြစ်ရာဌာန ငါးပါး တို့မှ ပြန်သောအားဖြင့်။ သန္တိပဒဉာဏ်ဖြစ်ရာဌာန ပါးပါးအားဖြင့်။ ဉာဏ်ဖြစ်ရာဌာနဆယ်ပါးဖြစ်ကြောင်းကို၊ "ဒသညာဏေပဇာနာတိ"ဟူသောပါဠိတော်ပါဠ်ကိုရှိ၍ ဆိုတော်မူ၏၊ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား။ နိပ္ပတ္တိပုဒ်၊ ဇာတိပုဒ်။ ဂတိပုဒ်၊ ဥပပတ္တိပုဒ်၊ ဇရာစသောအနေ္တာဂတပုဒ်တို့တွင်။ အဆုံးဖြစ်သော နိပ္ပတ္တိပုဒ်ကို။ အာဒိဒီပကနည်းအားဖြင့် အသီး ထုတ်၍ဆိုရသော်။ ထိုမှကြွင်းကျန်ကုန်သော အနေ္တာဂတပုဒ်များစွာတို့လည်း မိကြကုန်သေးကြောင်းကို။ သိစေခြင်းငှါရင်း။ ဥပ္ပါဒပုဒ်နိပ္ပတ္တိပုဒ်တို့၏ အနက်ထူးကိုသိစေခြင်းငှါရင်း။ "ဒသညာဏေပဇာနာတိ

ပါဠိ၌ဝယ်။ ဒသသဉ္ဇာ သဒ္ဒါကား။ ဥနသဉ္ဇာ ပေတည်းဟု၊ ဥနသဉ္ဇာ သံဝဏ္ဏနာနည်းကို၊ ဖွင့်လိုသောအားဖြင့်ရင်း။ ထိုသို့ဖွင့်ဆိုခြင်းဖြင့်။ အပြစ်မမြင်။ အကျိုးသာသဉ္ဇာ၊ ထင်သည်ဖြစ်၍ရင်း။ နိဗ္ဗတ္တိပုဒ်ကို ထည့်သွင်း၍။ ခြောက်မွာန ပြတော်မူလေသည်ဟု၊ ဉာဏ်ဖြင့် ရှုအပ်၏၊ အဋ္ဌက ထာ ပါဠိတော်တို့နှင့် မညီဘကားဟု။ အပြစ်မဆိုအပ်။ ဤ၌ အထူးမေး ဘွယ်ရှိသည်ကို ဆိုဦးအံ့။ ။ဥပ္ပါဒေါ သာဝိသံ။ အနုပ္ပါဒေါ နိရော မိသံ။ စသည်ဖြင့်၊ အစုံ အစုံ ပြတော်မူ၍။ ဟောတော် မူခြင်းကား။ အကြောင်း အသို့ပါနည်းဟု မေးဘွယ်ရှိ၏။ ထိုအမေးကို။ ဤသို့ဖြေဆို အပ်၏။ အန္ဝယအားဖြင့်။ ပြအပ်သော အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သော။ ပဋိပက္ခဉာဏ်ကို။ ဗျတိရိက်အားဖြင့်ပြခြင်းငှါ။ အစုံအစုံပြ၍ ဟောတော်မူအပ်၏။ တနည်းကား။ သင်္ခါရ တို့၏။ ကြောက်အပ်သည် ၏၊ အဖြစ်ဖြင့် ထင်ခြင်းကြောင့်။ အပြစ်ကိုမြင်၍၊ ထိတ်လန့်သော နှလုံး ရှိသော ယောဂီအား။ ဘေးမရှိရာ, ဘေးဥပါဒ်ကုန်ရာ။ အပြစ်မရှိသော နိရာမိသ, တရားသည်လည်း ရှိပါပေသတည်းဟု။ သက်သာရာ ဖြစ်စေ ခြင်းအကျိုးငှါ အစုံအစုံပြ၍ ဟောတော်မူအပ်၏။ တနည်းကား။ ဥပ္ပါဒ ပဝတ္တ စသည်တို့ကို။ ကြောက်အပ်သည်၏ အဖြစ်ဖြင့်။ ကောင်းစွာထင် လျက်ဖြစ်သော အာဒီနဝဉာဏ်၏။ အာနိသင်ကို ပြခြင်းငှါလည်း။ အစုံ အစုံပြ၍ ဟောတော်အပ်၏ဟု။ ဖြေဆိုအပ်၏။ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့်၊ အန္ဝယဗျတိရေက၊ အစုံအစုံ ဟောတော်မူခြင်း အထူးကို သိ အပ်, မှတ်အပ်၏။ ထိုမှတပါး။ ခန္ဓာငါးပါး။ ထိုရုပ်နာမ် တရားတို့၏။ ခယဋ္ဌ။ ဝယဋ္ဌကြောင့် အနိစ္စဖြစ်ပုံ၊ ဘယဋ္ဌပိဠနဋ္ဌကြောင့် ဒုက္ခဖြစ်ပုံ အသာရကဋ္ဌ၊ အနိဿရဋ္ဌ၊ အဝသဝတ္တနဋ္ဌ၊ ကြောင့်၊ အနတ္တဖြစ်ပုံ အလုံးစုံကို ရှေး၌ဆိုအပ်ခဲ့လေပြီ။

အာဒီနဝဉာဏ်ကိုဖွင့်ဆိုသည်ကားပြီးပြီ။

အဒီနဝဉာဏ်၏ အခြားမဲ့၌။ နိဗ္ဗိဒါဉာဏ်ကို ဆိုပေအံ့။ နိဗ္ဗိဒါ ဉာဏ်ဟူသည်ကား။ ခန္ဓာငါးပါးတို့၌။ ကုန်ပျောက်ပြုန်းတီး၊ ပျက်စီးခြင်း ၏အစွမ်းအားဖြင့် ဖြစ်လာ လတ်သည် ရှိသော်၊ ငြီးငွေ့ဘွယ် အချင်း အရာကို ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဉာဏ်မျိုးကို နိဗ္ဗိဒါ

ဉာဏ်ဟူ၍ ဆိုသတည်း။ နိဗ္ဗိဒါဉာဏ်သည်၊ ဘယ်အခါ၌ ဖြစ်သနည်း ဟူမူကား။ အာဒီနဝါနုပဿနာဉာဏ်သို့ ရောက်ပြီးသော ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ခပ်သိမ်းကုန်သော သင်္ခါရ တရားတို့ကို အပြစ်အားဖြင့် ရှုသည်ဖြစ်၍၊ ပျက်စီးခြင်း သဘောနှင့် တကွဖြစ်သော။ အလုံးစုံသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၌ဖြစ်သော၊ တေဘုမ္မက သင်္ခါရတရားအပေါင်းဝယ်၊ စက်ဆုတ်မုန်းတီး၊ ငြီးငွေ့ခြင်း။ နှလုံးမရွှင်၊ ဆန့်ကျင်ခြင်း၊ ကိန်းပိုက်မပျော်၊ မမွေ့လျော်ခြင်းသည် ဖြစ်၏။ ထိုအခါ ထိုယောဂီ ပုဂ္ဂိုလ်အား။ နိဗ္ဗိဒါဉာဏ်သည် ဖြစ်၏ ဟူလိုသည်။ ဥပမာ မည်သည်ကား။ တသွင်သွင် ရေအယဉ်တို့ဖြင့် စီးဆင်းသော၊ အနောတတ်အိုင်ကြီး၌။ အနောက်မျက်နှာ စိတ္တကုဋ်တောင်ခြေရင်း၌၊ မွေ့လျော်သော ရွှေဟင်္သာမင်းသည်။ မစင်ကြယ်သော ဒွန်းစဏ္ဍား ရွာတံခါး၏ အနီး အိုင်ငယ်၌၊ မမွေ့လျော်နိုင်မူ၍။ အိုင်ကြီးခွန်နှစ်အိုင်တို့၌ သာလျှင်။ မွေ့လျော်လေသကဲ့သို့။ ထိုအတူလျှင်။ ဤယောဂီ ဟူသော ဟင်္သာမင်းသည်လည်း။ ကောင်းစွာထက်ဝန်းကျင်။ မြင်အပ်သော အပြစ်ရှိသော။ ပျက်စီးခြင်း သဘောတရားနှင့်တကွဖြစ်သော၊ တေဘုမ္မက သင်္ခါရတရားအပေါင်း၌၊ မမွေ့လျော်တော့ချေ။ စင်စစ်သော်ကား၊ ဘာဝနာဟူသော မွေ့လျော်ရာ ရှိသည်၏ အဖြစ်ကြောင့်။ ဘာဝနာ၌ မွေ့လျော် ပျော်ပိုက်သော၊ ပီတိနှင့် ပြည့်စုံချေရကား။ နှစ်ပါးကုန်သော အနုပဿနာ တို့၌ သာလျှင်၊ မွေ့လျော်တော့၏။ ဟူလိုသည်။ ထိုမှတပါး ရွှေချိုင့်၌ လှောင်ထားအပ်သော သားတို့၏မင်းဖြစ်သော ကေသရာဇာ ခြင်္သေ့သည်။ ရွှေချိုင့်၌ မမွေ့လျော် နိုင်ဘဲ။ ယူဇနာ သုံး ထောင် အပြော ကျယ်သော ဟိမဝန္တာ၌သာလျှင်၊ မွေ့လျော်သကဲ့သို့။ ထိုအတူ၊ ဤယောဂီဟူသော ခြင်္သေ့မင်းသည်လည်း။ ဒုဂ္ဂတိဘုံကို။ မဆိုထားဘိ၊ ကာမသုဂတိ အစရှိသော သုံးပါး အပြားရှိသော၊ သုဂတိ ဘုံ၌သော်လည်း။ မမွေ့လျော်တော့ပေ။ စင်စစ်ဘမူကား။ သုံးပါးကုန်သော အနုပဿနာတို့၌ သာလျှင်။ မွေ့လျော်လေတော့၏ ဟူလိုသည်၊ ထိုမှတပါး။ ငွေတောင်အတူ ကိုယ်လုံး ဖြူသော လက်ခြေလေးဘက် အမြီးနှာမောင်း သိဗ္ဗိမ် တည်းဟူသော ဝတ္ထိကောသအားဖြင့်။ မြေ၌တည်သော ခွန်နှစ်ပါးသော အင်္ဂါရှိသော၊ ထင်ပေါ် ကျော်ဟိုး။ တန်ခိုး ကြီးမားစွာလျှက်။ ကောင်းကင်၌ ပျံသွားနိုင်သော။ ဆဒ္ဒန် ဆင်မင်းသည်။ မြို့တွင်း မြို့လယ် ၌ မမွေ့လျော်။ ဟိမဝန္တာဝယ် ဆဒ္ဒန်အိုင်တော၌သာလျှင်။ မွေ့လျော်သကဲ့သို့။ ထို့အတူ

ဤယောဂီဟူသော ဆင်မြတ်သည်လည်း အလုံးစုံလည်းဖြစ်သော တေဘုမ္မကသင်္ခါရ၌ မမွေ့လျော်တော့ဘဲ။ "အနုပ္ပါဒေါခေမံ"။ အစရှိသောနည်းဖြင့် နှလုံးသွင်းခြင်းရှေးရှိသောဉာဏ်ဖြင့်။ မြင်အပ်သောသင်္ခါရတို့၏ငြိမ်းရာ အမြိုက်နိဗ္ဗာန်၌ သာလျှင် မွေ့လျော်တော့၏။ ထိုအမြိုက်နိဗ္ဗာန်သို့ ညွတ်သော။ ကိုင်းသော။ ရှိုင်းသော စိတ်ရှိသည်သာလျှင် ဖြစ်လေတော့၏၊ ဟူလိုသည်။ ထိုကဲ့သို့ ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း နိဗ္ဗိဒါဉာဏ်ဖြစ်ပုံအချင်းအရာကို။ ငါတို့ကျေးဇူးသျှင် ဆရာတော် ဘုရားကြီးသည်။နိဗ္ဗိဒ်ပုဒ်။ဓေကုန္တ်ပုဒ်။ ပဋိကူလံပုဒ်။ အနာလယံပုဒ်။ ဤလေးပုဒ်တို့ဖြင့်။ ထုတ်ဆောင်၍ပြတော်မူသည်။ ထိုကြောင့်။"အဟောဝတနိဗ္ဗိဒ်" ဟူ၍ရင်း။ "အဟောဝတဓေကုန္တ်"။ ဟူ၍ရင်း၊ "အဟောဝတပဋိကူလံ"။ ဟူ၍ရင်း။ "အဟောဝတအနာလယံ"။ ဟူ၍ရင်း။ ငြီးငွေ့ဆင်ခြင်ခါ ပွါးများရန် ပုဒ်တို့ကိုထုတ်တော်မူလေသည်။ ထိုလေးပုဒ်တို့တွင်။ နိဗ္ဗိဒ်, ဟူသောပထမပုဒ်ဖြင့်။ ဤခန္ဓာငါးပါး, ရုပ်နာမ်တရားတို့၏။ ထိုသို့ကုန်ပျောက်ပြုံးတည်း။ ပျက်စီးခြင်းမည်သည်။ ဩော် ဘဝသုံးစုံ ဘုံလေ့မှာ ငြီးငွေ့ဘွယ်ရှိစွ တကား။ ဟူ၍ပြတော်မူအပ်၏။ ဓေကုန္တ် ဟူသောပုဒ်ဖြင့်။ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ထိုသို့ ကုန်ပျောက် ပြုံးတည်းပျက်စီးခြင်းမည်သည်။ ဩော်, ဖေါက်ပြန် မဟာဘုတ်, ဟာဒယ ရုပ်မှာ, စက်ဆုပ်ဖွယ် ရှိစွတကား, ဟူ၍ပြတော်မူအပ်၏။ ပဋိကူလံ။ ဟူသောတတိယပုဒ်ဖြင့်။ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ထိုသို့ ကုန်ပျောက်ပြုန်းတည်းပျက်စီးခြင်းမည်သည်။ ဩော်, နှလုံးမသာ အခါခါပင် ရွံရှာဖွယ်ရှိစွတကား၊ ဟူ၍ပြတော်မူအပ်၏။ အနာလယံ၊ ဟူသောစတုတ္ထပါဌ်ဖြင့်။ ဤခန္ဓာငါးပါးရုပ်နာမ်တရားတို့၏။ ထိုသို့ကုန်ပျောက်ပြုန်းတည်းပျက်စီးခြင်းမည်သည်။ ဩော် တတ်မက်ဂှမြော် မွေ့လျော်စရာမရှိပါတကား။ ဟူ၍ပြတော်မူအပ်၏။ ဤအရာ၌ အထူးမှတ်ဘွယ်ကား။ နိဗ္ဗိဒါဉာဏ်ဟူသည်နှင့်၊ ရှေးဘယဉာဏ်, အာဒီနဝါနုပဿနာ ဉာဏ်နှစ်ပါးသည်။ အနက်သဘောအားဖြင့်တူ၏။ တူပုံကား။ အလုံးစုံကုန်သော သင်္ခါရတို့ကို။ ဘေးအားဖြင့်ရှုမှု။ ဘယဉာဏ်မည်သည်ဖြစ်၏၊ ထိုသင်္ခါရတို့၌ပင်လျှင်။ အပြစ်ကိုထင်စေသည်ဖြစ်အံ့။ အာဒီနဝါနုပဿနာဉာဏ်မည်သည်ဖြစ်၏။ ထိုသို့သင်္ခါရတို့၌သာလျှင်။ မပျော်မမွေ့ ငြီးငွေ့ခြင်းဖြစ်အံ့။ ထိုကဲ့သို့ ငြီးငွေ့ခြင်း ဖြစ်သောအခါ။ နိဗ္ဗိဒါနုပဿနာဉာဏ်မည်သည်ဖြစ်၏။ ဤသို့ဘယဉာဏ် အာဒီနဝါနုပဿနာ ဉာဏ်

နှစ်ပါးနှင့်။ ဤနိဗ္ဗိဒါဉာဏ်သည်။ အနက် သဘောအားဖြင့် တူ၏။ ထိုကြောင့်, ကြောက်မက်ဘွယ်ဘေးအားဖြင့်။ ထင်ကုန်မြင်ကုန်သော၊ တေဘူမ္မကသင်္ခါရတို့သည်ပင်လျှင်၊ ကြီးစွာသော အပြစ်တည်းဟူသော အာဒီနဝအပြစ်ဖြင့်လည်း။ ထင်ကုန်တော့သည်ပင်။ ငြီးငွေ့ဖွယ်၊ နိဗ္ဗိန္ဒိတဗ္ဗ။ အပြစ်ဖြင့်လည်း။ ထင်ကုန်တော့သည်ပင်။ ယင်းသို့ထင်ကုန်ရကား။ သဘောအားဖြင့်,ချေးရှုထင်သော၊ ဘယတုပဋ္ဌာနဉာဏ်တခုသည်ပင်လျှင်။ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်အားဖြင့်။ သုံးပါးကုန်သောအမည်တို့ကိုရ၏ဟူလိုသည်၊ ထိုကြောင့်။ အဋ္ဌကထာ၌။ ။ "ဘယတုပဋ္ဌနံဧကမေဝ တိဏ္ဏိနာမာနိလဘတိ"။ ။ဟူ၍ ရှေးပေါရာဏ ဆရာတို့ မိန့်တော်မူကြကြောင်းကို, သာဓက ထုတ်တော်မူ၏။ ။ ဘယတုပဋ္ဌာနံ။ တေဘူမ္မက သင်္ခါရတို့ကို။ဘေးအားဖြင့် ရှေးရှုထင်သော ဘယဉာဏ်သည်။ ဧကမေဝ။ တပါးတည်းသာလျှင် ဖြစ်သျက်။ တိဏ္ဏိနာမာနိ။ သုံးပါးကုန်သောအမည်တို့ကို။ ဝါ။ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်အားဖြင့်။ သုံးပါးကုန်သော အမည်တို့ကို။ လဘတိ။ရ၏။ ။ယင်းသို့၊ ပေါရာဏဆရာတို့ မိန့်ဆိုတော်မူကြခြင်းသည်။ အကြောင်းယုတ္တိမဲ့မဟုတ်ချေ။ ။"ယာစဘယတု ပဋ္ဌာနေပညာ ယဉ္စ အာဒီနဝေဉာဏံ ယာစနိဗ္ဗိဒါ၊ ဣမေဓမ္မာဧကတ္ထာဗျဉ္ဇနမေဝနာနံ။ ။ ဟူ၍ ပါဠိတော်စကား, ထင်ရှားရှိချေရကား။ ယုတ္တိရှိပေစွ။ ။ဘယ တုပဋ္ဌာနေ။ကြောက်အပ်သောအားဖြင့် ထင်ခြင်း၌။ယာစပညာ။ အကြင် ပညာသည်ရှင်း။ ယဉ္စအာဒီနဝေဉာဏံ။ အကြင် အာဒီနဝ ဉာဏ်သည် ရှင်း။ယာစနိဗ္ဗိဒါ၊ အကြင် နိဗ္ဗိဒါဉာဏ်သည်ရှင်း၊ ဣမေဓမ္မာ။ ဤတရားတို့သည်။ ဧကတ္ထာ။ အနက်အားဖြင့်၊တူကုန်၏၊ ဗျဉ္ဇနမေ။ သဒ္ဒါမျှသည် သာလျှင်၊ နာနံ။ထူး၏။ ။ဤသို့ ကျမ်းဂန် အဆိုအလာကို ထောက်ရှု၍။ ထိုဉာဏ်သုံးပါးတို့၏ အနက်တူ, သဒ္ဒါ ထူးဖြစ်ဟန်ကိုသိအပ်၏။ ။

## နိဗ္ဗိဒါဉာဏ်ကိုဖွင့်ဆိုသည်ကားပြီးပြီ။

---

နိဗ္ဗိဒါဉာဏ်၏ အခြားမဲ့၌။မုဉ္စိတုကမျတာဉာဏ်ကို ဆိုပေအံ့။ မုဉ္စိတုကမျတာဉာဏ်ဟူသည်ကား။ ခန္ဓာပါးပါးတို့ကို၊ မီးပုန်းကြီးကဲ့သို့ ထင်၍၊ ထိုခန္ဓာတို့မှလွတ်ရာ လွတ်နှင့်ဆင်ခြင်ခြင်း အစွမ်းဖြင့်ဖြစ်သော ဉာဏ်မျိုးကို၊ မုဉ္စိတုကမျတာဉာဏ် ဟူ၍ ဆိုလိုသည်။ ထိုမုဉ္စိတုကမျ

တာ ဉာဏ်သည်။ ဘယ်အခါ၌ဖြစ်သနည်း ဟူမူကား။ ဆိုအပ်ခဲ့ပြီးသော နိဗ္ဗိဒါဉာဏ်ဖြင့်တေဘူမကာ၌ ငြီးငွေ့ခြင်း။ တေဘူမကနှင့်ဆန့်ကျင်ခြင်း၊ တေဘူမကဝယ် မွေ့လျော်နှစ်ချိုက်၊ မပျော်ပိုက်ခြင်းဖြစ်သော။ အာစာရ ကုလပုတ္တ အမျိုးကောင်းသားအား။ အလုံးစုံသော ဘဝ၊ ယောနိ၊ဂတိ။ ဝိညာဏ, ဋ္ဌိတိ။ သတ္တာဝါသ၌ ဖြစ်ကုန်သော, ပျက်ခြင်း သဘော ရှိကုန်သော သင်္ခါရတို့တွင်။ တခုသော သင်္ခါရ၌ သော်လည်း။ ယောဂီ၏စိတ်သည်၊ မကပ် မငြိသည် ဖြစ်၍။ တဏှာ တည်း ဟူ သော ကြိုးဖြင့်။ မဖွဲ့ မငြိချေရကား။ အလုံးစုံသော တေဘူမကသင်္ခါရအပေါင်းမှ၊ လွတ်ခြင်း ထွက်မြောက်ခြင်းငှါ။ အလိုရှိသည်ဖြစ်၏။ ဤကဲ့သို့ လွတ်လိုခြင်း,ထွက် မြောက်လိုခြင်း ဖြစ်ဟန်ကို။ ဥပမာအားဖြင့်။ အဋ္ဌကထာဆရာတို့ ပြဆွန် တော်မူသည်ကား။ ။ပိုက် ကွန်ရက်အတွင်းသို့ဝင်ရောက်သောငါးရင်း။ မြွေ၏ခံတွင်းသို့ ရောက်သော ဘား ရင်း။ လှောင်ချိုင့်၌ ထည့်သွင်းအပ် သော တောကြက်ရင်း။ မြဲမြံနိုင်ခံ့သော ကြော့ကွင်းသို့ ဝင်ရောက်မိ သော၊ သမင်ရင်း။ အလမ္ပါယ်၏ လက်သို့ရောက်သော မြွေရင်း။ ကြီး စွာသောညွန်တွင်းသို့ သက်ဆင်းမိသောဆင်ရင်း။ ဂဠုန်မင်း၏ ခံတွင်းသို့ ရောက်သော နဂါးမင်းရင်း။ ရာဟု အသူရိန် ခံတွင်းသို့ ရောက်သော လမင်း ရင်း။ ရန်သူတို့ သည် ခြံရံအပ်သော ယောကျ်ားရင်း။ ဤသို့ဆို အပ် ကုန်ပြီးသော၊ ငါးအစရှိသော သတ္တဝါ အပေါင်းတို့သည်။ ထို ထိုပိုက် ကွန် အစရှိသော၊ အနှောင် အဖွဲ့မှ လွတ်လို ထွက်မြောက်လို ကုန်သကဲ့သို့။ ထိုအတူ။ နိဗ္ဗိဒါဉာဏ်သို့ ရောက်ပြီးသော ယောဂီ၏စိတ် သည်။ အလုံးစုံသော တေဘူမကသင်္ခါရ တရားအပေါင်းမှ၊ လွတ်ခြင်း ထွက်မြောက်ခြင်းငှါ။အလိုရှိသည်ဖြစ်၏။ ထိုအခါဆိုအပ်ပြီးသောနည်းဖြင့် တေဘူမက[illegible]သင်္ခါရအလုံးစုံတို့၌၊ တတ်စွမ်းခြင်း အာလယကင်းသည်ဖြစ် ၍၊ အလုံးစုံသောတေဘူမကသင်္ခါရမှ၊လွတ်ခြင်းငှါ အလိုရှိသောယောဂီ အား။ မုဉ္စိတုကမျတာဉာဏ်သည် ဖြစ်၏။ ဤမုဉ္စိတုကမျတာ ဉာဏ် ၌။ ဝိပဿနာ အထူးမရှိပြီ။ နိဗ္ဗိဒါ ဉာဏ်၌ ဆိုအပ် ခဲ့ပြီးသော၊ ခွန်နှစ် ပါး သော အနုပဿနာ၊ သုံးပါး သော အနုပဿနာ တို့ဖြင့်။ နိဗ္ဗိဒါဉာဏ် ကို ဖြစ်စေသော ယောဂီ အားသာလျှင် ဖြစ်၏။ ထို့ကြောင့်၊ ခွန်နှစ်ပါး သော ဝိပဿနာ။ သုံးပါးသော ဝိပဿနာဖြင့် လုလ္လပြု၍။ မုဉ္စိတုကမျတာ ဉာဏ် ကို ဖြစ် စေ အပ် ၏ ဟူ၍၊ ဆရာတို့ ဆိုကြကုန်၏။ ငါတို့ကျေး ဇူးသျှင်ဆရာတော်ဘုရားကြီးကား။ မုဉ္စိတုကမျတာ ဉာဏ်၌။ ဆင်ချင်

ရန် လေးရပ်ကို ထုတ်တော်မူအပ်၏။ ထိုလေးရပ်ကား။ ။"တဏှာ ကာဒါမုခွေယျ"။ ဟူ၍ရင်း။ သာဒုဝတမုစ္စနံ၊ ဟူ၍ရင်း။ သာဒုဝတအပဂမနံ ဟူ၍ရင်း။ "သာဒုဝတနိဗ္ဗုတံ"။ ဟူ၍ရင်း။ ။ဤသို့လေးရပ်၊ ထုတ်ဆောင် တော်မူအပ်၏။ ထိုလေးရပ်တို့တွင်။ "တဏှာကာဒါမုခွေယျ"။ ဟူသော။ ပဌမပါဌ်ဖြင့်။ ထိုသို့ပူပြင်း, ဆင်းရဲခြင်းမှ။ အဘယ်အခါ၌ ငါသည် စင် စစ်မချွတ်။ ကင်းလွတ်ရပါအံ့နည်း။ ဟူသော အနက်သဘောကိုပြတော် မူအပ်၏။ "သာဒုဝတမုစ္စနံ" ဟူသော ဒုတိယ ပါဌ်ဖြင့်။ စင်စစ် မချွတ်။ ကင်းလွတ် ရမှုကား၊ ချမ်းသာ ညွတ်ပြောင်း၊ ကောင်းလေစွတကား။ ဟူ သော အနက် သဘောကို ပြတော်မူအပ်၏၊ သာဒုဝတာအပဂမနံ။ ဟူ သော၊ တတိယပါဌ်ဖြင့်။ ချုပ်ပျောက်သန့်စင် ဖယ်ကြဉ် ရမှုကား။ ချမ်း သာညွတ်ပြောင်း။ ကောင်းလေစွ တကား ဟူသော အနက် သဘောကို ပြတော်မူအပ်၏။ "သာဒုဝတနိဗ္ဗုတံ"။ ဟူသော စတုတ္ထပါဌ်ဖြင့်။ အခါ ခပ်သိမ်း၊ ငြိမ်းလေ မှုကား။ ချမ်းသာ ညွတ်ပြောင်း။ ကောင်းလေစွ တ ကား။ ဟူသော အနက်ကို ပြတော်မူအပ်၏။ ဤအရာ၌ ပဌမပါဌ်အရ ထိုသို့ပူပြင်း ဆင်းရဲခြင်းဟူသည်။ အဘယ်ပါနည်း ဟူမေး ငြိစစ်ခဲ့သော် ဤခန္ဓာငါး ပါးတို့၏။ ပဋိသန္ဓေနေရခြင်း အစွမ်းဖြင့် ဖြစ်ခြင်းသည်ရင်း။ စုတိကြောင်း ပျက်စီးခြင်းသည်ရင်း။ ထိုသို့ပူပြင်း ဆင်းရဲခြင်းပင် ဖြစ်၏ဟူ ၍ ဖြေဆိုအပ်၏။ ထိုကြောင့်။ "ဥပ္ပဇ္ဇနဘင်္ဂနံ"။ ဟူသည်။ ဒုက္ခဒုက္ခ နှင့်။ အတိဒုက္ခ တို့၏ဖြစ်ကြောင်း ဖြစ်၍။ ထိုကဲ့သို့ ပြင်းထန်စွာသော။ ဒုက္ခ ဒုက္ခနှင့် အတိ ဒုက္ခ ဟူသော ဆင်းရဲခြင်းမှ, ကင်းလွတ်စေရန်၊ ယောဂီ ပုဂ္ဂိုလ်၏ မုဉ္စိတုကမျတာဉာဏ်ဖြင့် ဆင်ချင်ခြင်းဖြစ်၏ ဟူလိုသည်။ သို့ နှစ်ရပ်တွင်။ ဒုက္ခ ဒုက္ခဟူသည်ကား။ အဆင်းရဲကြီး, အဆင်းရဲငယ်တို့ ဖြင့်။ နေ့ညဉ့်မစဲ၊ အမြဲဆက်သွယ်၍ သွတ်လျှယ် မပြတ် အခါခပ်သိမ်း။ နှိပ်နှင်း သဖြင့်။ သီးစွာ ဆင်းရဲ ပင်ပန်း ခြင်းပေတည်း။ ထိုကဲ့သို့ဆင်းရဲ ပင်ပမ်းခြင်းသို့ ရောက်ချေ ရကား။ ဒုက္ခ ဒုက္ခ ဟူသတည်း။ ဤပုဒ်ကိုဒုက္ခ အ, ဒုက္ခဟူ၍။ ပုဒ်ဖြတ်ပြီးလျှင်။ ရှေးဒုက္ခသဒ္ဒါဖြင့် ဆင်းရဲကြီးဟူသောအ နက်။ နောက် အ, ဒုက္ခ သဒ္ဒါဖြင့်။ အ, အက္ခရာကို အငယ်ဟော ခဒ္ဒက အနက်ကြံယူ၍။ ဆင်းရဲငယ် ဟူသောအနက်ကို ဟောပြသည်ဟူ။ နှလုံး ဘော်မူခါ ထိုဒုက္ခဒုက္ခံ ပုဒ်ကို၊ ဆင်းရဲကြီးငယ်။ သွတ်လျှယ် နှိပ်နှင်း ပင်ပမ်းခြင်းသို့ ရောက်၏ ဟူ၍။ ဆရာတော်ဘုရားကြီး။ အနက်ယောဇ နာတော်မူခြင်းကိုသိ။ ။အတိဒုက္ခံ၊ ဟူသည်ကား။ ဆင်းရဲခြင်း ဟူဟူ

သမ္မာဒိဋ္ဌိထက်, ဆထက်တန်ပိုး။ တိုးကြီးတိုး၍။ အထူးအချွန်,အလွန်အကဲ အားဖြင့်၊ ဆင်းရဲခြင်းမျိုး မကသော။ ဆင်းရဲခြင်းသို့ ရောက်၏။ ဟူသ တည်း။ ထိုအနက်ကို အတိသဒ္ဒါဖြင့် ပြတော်မူ၏။ ဥပမာကား။ ရာဇ ဝတ်မင်းဒဏ်သင့်ရောက်သောသူကို။ လက်ဝဲ လက်ယာ ခြေနှစ်ဘက် တို့ကို။ သံမှိုရိုက်ပြီးလျှင်။ ထက်စွာသော လှံသွား ဖြင့်။ ရာဇဝတ်ကောင်၏။ ရင်ညွှန့် ရင်သားတို့ကို။ လှံချက်ရေပေါင်း အကြိမ် တရာ ထိုးဆွ၍ သတ် စေဟု။ မင်းသည် အမိန့်ပေး၏။ ထို ကဲ့ သို့ အမိန့်ပေးတိုင်း ပင်လျှင်။ လှံချက်ရေပေါင်း အကြိမ်တရာထိုးဆွ၍။သတ် ကြကုန်၏။ ယင်းသို့ သတ်ကြကုန်သော်လည်း။ အသက် မသေသဲရှိ ကြောင်းကို။ မင်းအား တင်လျှောက်၍။ ဒုတိယ တကြိမ်။ လှံချက်ရေ တရာပင် ထိုးဆွ၍ သတ်စေသည် အတိုင်း။ သတ်ကြ ပြန်ရာ။ မသေ၍။ တတိယအကြိမ် လှံချက်ရေ တရာ၊ ထိုးဆွ၍သတ်ကြပြန်ကုန်၏။ ယင်း သို့လှံချက်ရေပေါင်း သုံးရာတိတိ ထိုးဆွ သတ်ဖြတ်ခြင်းကို ခံရသော ရာဇဝတ်မင်းဒဏ် သင့်ရောက်သော ယောကျာ်း၏ ဆင်းရဲပင်ပမ်းခြင်း သည်။ ဤလူ့ပြည်ဝယ်၊ အတိုင်းမသိသော ဆင်းရဲပင်ပမ်းခြင်းမျိုး ဖြစ် ချေသည်။ ယင်းသို့ဖြစ်သော်လည်း။ထိုသူသည်။မည်မျှလောက်ပင်။ဆင်းရဲ ပင်ပမ်းစေကာမူ။ မဟာအဝီစိအစရှိသော ငရဲ ၈ စ်ထပ်၌ ကျက်ရ ခံရကုန် သော,ငရဲသူ ငရဲ သား တို့၏။ ခံရကျက်ရသော ငရဲဒုက္ခနှင့် နှိုင်းစာသော် ရှောက်သီးခန့်မျှပမာဏရှိသောကျောက်ဆိုင်ကျောက်ခဲနှင့်၊အမြင့်ယူဇနာ ငါးရာရှိသော၊ ဟိမဝန္တာ တောင်မင်းချင်းချင်း ကွာခြားဘိသကဲ့သို့။ အ ဆင်းရဲခြင်းအာနုန်ပင်ကွာခြားကြ၏၊လက်ဝဲ လက်ယာ ဝယ် လက်ခြေလေး ဘက်တို့ကိုသံမှိုနှက်လျက်၊လှံချက်ရေသုံးရာထိုးဆွခြင်းကိုခံရသော။ရာဇ ဝတ်ကောင်၏ဆင်းရဲဒုက္ခသည်။ ရှောက်သီးခန့်မျှပမာဏသာလျှင်ရှိ၏။ငရဲ သူငရဲသားတို့၏ဆင်းရဲဒုက္ခကား။ အမြင့်ယူဇနာငါးရာရှိသော,ဟိမဝန္တာ တောင်မင်းပမာဏသဖွယ် ဖြစ်၏ ဤသို့သောအထူးအချွန် အလွန်ဆင်း ရဲခြင်းကို။ ယူစေခြင်းငှါ အတိသဒ္ဒါဖြင့်။ ပြတော်မူအပ်၏။ ထို့ကြောင့်၊ ထိုအတိဒုက္ခံ ပါဠိကို၊ အလွန် အကဲ၊ ဆင်းရဲခြင်းသို့ ရောက် ၏။ ဟူ၍ အနက်ယောဇနာတော်မူလေသည်။ ထိုကဲ့သို့ ဒုက္ခဒုက္ခ, အတိဒုက္ခတိုး၊ လိုးလုံး ဖြစ်၍။ မီးပုံ ကြီး အလား၊ ခန္ဓာငါးပါး တည်း ဟူသော ။ အပူ အ ပြင်း။ ဆင်းရဲခြင်းမှ အဘယ်အခါ၌ငါသည်။ စင်စစ်မလွတ် ကင်းလွတ်ပါ အံ့နည်း ဟုဆင်ခြင် နှစ်နောလျက်။ "တဒေါ ကဒါမုစ္စေယျံ" ဆိုလို

သည်။ ။တ ေတာ။ ထိုသို့ပူပြင်း၊ ဆင်းရဲခြင်းမှ။ ကဒ္ဒါ။ အဘယ်အခါ၌။ အဟာ၊ ငါသည်။ မုဥ္စေယျံ။ စင်စစ်မချွတ်။ ကင်းလွတ်ပါအံ့နည်း။ ။ ဤကား။ "တ တောကဒ္ဒါမုဥ္စေယျံ"။ ပါဌ်၏အဓိပ္ပါယ်၊ ။ထိုကဲ့သို့ကင်းလွတ်လိုသည်အဘိုင်း။ စင်စစ်မချွတ်၊ လွတ်ရာလွတ်ကြောင်းကို။ ဆင်ခြင်ေသာ်။ ပုညာပုညအာနေဥ္ဇ၊ ဟူေသာ၊ အဘိသင်္ခါရ မီးဇာမျိုးကို စိုက်ပျိုးပြုရခြင်းကြောင့် သာလျှင်။ ယင်း ခန္ဓာငါးပါး တည်းဟူသော မီးပုံကြီး ၏ ပွါးစီးတောက်လောင်ခြင်းရှိနေသည်ဖြစ်၍။ ထိုသို့သောမီးဇာမျိုးကို စိုက်ပျိုးပြုရခြင်းမှ ကင်းသွတ်ရပါမူကား။ ခန္ဓာငါးပါးတည်းဟူသော မီးပုံကြီး၏။ ပွားစီးဘခန်းမီးမကူးမသန်း၊ မလောင်မကြွမ်းနိုင်လေတော့သဖြင့်။ မည်သည့်ချမ်းသာနှင့်မျှ မတူသော။ ချမ်းသာဟူသမျှ အပေါင်းတို့၏။ ညွတ်ပြောင်းရာ နိဗ္ဗာန်ဟူသော၊ ပရမသုခသို့ ရောက်ကြောင်းဖြစ်ချေရကား။ ကောင်းလေစွတကားဟု။ ဉာဏ်သွားမြော်ရှု၍။ ။ "သာရုဝတမုဥ္စနံ"။ ။ဟူသိုသည်။ ။မုဥ္စနံ။ စင်စစ်မချွတ်။ ကင်းလွတ်ရမူကား။ သာရုဝ။ ချမ်းသာညွတ်ပြောင်း။ ကောင်းလေစွတကား။ ။ ဤကား။ "သာရုဝတမုဥ္စနံ"။ပါဌ်၏အဓိပ္ပါယ်။

ထိုကဲ့သို့။ ခန္ဓာငါးပါးတည်းဟူသော မီးပုံကြီး၏။ မီးဇာမျိုးကို စိုက်ပျိုးအားထုတ်ပြုလုပ်ခြင်းမှကင်းစေ၍ ဗောဓိသမ္ဘာရ တည်းဟူသော ဗောဓိသုံးပါး၏ အဆောက်အဦးကို ပြုခြင်းသည်။ ပါရမီကုသိုလ်ပင်ဖြစ်၏။ ထိုပါရမီကုသိုလ်သည်လည်း။ အဝိဇ္ဇာနုသယ။ တဏှာနုသယ, နှစ်ပါးတို့ဖြင့်။ မြဲရုံခြင်းအရင်း ရှိခြင်းကြောင့်သာလျှင်။ ကုသိုလ်ဟု ဆိုရ၏။ အကယ်၍ အနုသယနှစ်ပါး မြဲရုံခြင်း အရင်းမရှိခြင်း ဖြစ်ခဲ့အံ့။ ကုသိုလ်ဟုမဆိုရ ေတာ့ပြီ။ ကြိယာဟူ၍ သာလျှင်ဆိုရ၏။ ဤကဲ့သို့ သေက္ခပုထုဇဉ်တို့၏ သန္တာန်၌။ ကုသိုလ်အကုသိုလ်နှစ်ရပ်၊ ဥပါဒ်ဖြစ်ပေါ်ခါ၊ ခန္ဓာတည်းဟူ ေသာ မီးပုံကြီးအ ေတာမသတ်ဘဲ။ တလောင်ထဲလောင်ကြွမ်းလျက်။ကမ္ဘာမြင့်ရှည်စွာ,တည်နေရခြင်းသည်။အရဟတ္တမဂ်ဖြင့်။ ယခင် အနုသယနှစ်ပါးကို။ အကြွင်းမဲ့ မပယ်မဖြတ် မသတ်ရသေးသောကြောင့် သာတည်း၊ ထိုကြောင့်၊ အကြွင်းမဲ့ ပယ်ဖြတ်၍။ အရှတ္တကိုယ်တွင်းသို့ မရောက်ရလေအောင်။ မီးပုံကြီး၏။ မျိုးစေ့သဖွယ်ဖြစ်ကုန်သော။ အနုသယနှစ်ပါးတို့ကို။ ချုပ်ပျောက်သန့်စင်အောင်။ ဖယ်ကြဉ်ရမူကား။ မည်သည့် ချမ်းသာနှင့်မျှမတူဘဲ။ ချမ်းသာဟူသမျှ အပေါင်းတို့၏။ ညွတ်ပြောင်းဦးခိုက်ရာ၊ နိဗ္ဗာန်ဟူသော ပရမသုခသို့

ရောက်ကြောင်းဖြစ်ချေရကား။ ကောင်းလေစွတကားဟု၊ ဥဒါန်းသွား
မြွက်ရှု၍။ ။"သာရဝတ အပဂမန်"။ဟူလိုသည်။ အပဂမန်၊ ချုပ်
ပျောက်သန့်စင်။ ဘဲကြည်ရမူကား။ သရဝတ။ ချမ်းသာညွှတ်ပြောင်း။
ကောင်းလေစွတကား။ ။ဤကား။ "သာရဝတအပဂမန်"။ ပါဠိ၏
အဓိပ္ပါယ်။ ၊ထိုကဲ့သို့။ မီးပုံကြီးအလား။ ခန္ဓာငါးပါးတို့၏။ ပူပန်
ထန်ပြင်း။ သီးစွာသောဆင်းရဲခြင်းတည်းဟူသော။ ဒုက္ခဒုက္ခနှင့်။ အတိ
ဒုက္ခတို့၏။ ဖြင်ရာဖြစ်ကြောင်းသည်။ အနုသယနှစ်ပါးပင်တည်း။ ထိုအ
နုသယနှစ်ပါးကို။ အရဟတ္တမဂ်ဖြင့်။ အဆုံးတိုင်ပယ်ဖြတ်ပြီးဖြစ်တော်
မူကြကုန်သောဘုရားမြတ်စွာ ရဟန္တာအရှင်တို့၏။ ခန္ဓာသော်လည်း။
ကိလေသာဝဋ် ကမ္မဝဋ်ဟူသော။ ဝဋ်နှစ်ပါးမှ သာလျှင် လွတ်မြောက်
တော်မူကြ၍။ ဝိပါကဝဋ်မှမူကား။ လွတ်မြောက်တော် မမူကြသေးသ
ဖြင့်။ ခန္ဓာဝန်ကို ထမ်းဆောင်လျက်ပင် မှီတော်မူကြရလေသည်။ ထို
စကားမှန်၏။ အဝိဇ္ဇာတဏှာဥပါဒါန်သည်။ ကိလေသာဝဋ်တည်း။ ထို
ကိလေသာဝဋ်ကို မဂ်လေးတန် တို့ဖြင့်။ အစဉ်အတိုင်း ပယ်ပြီးဖြစ်၏။
ထို့ကြောင့်။ ရဟန္တာဖြစ်သောအခါ ထိုကိလေသဝဋ်ခပ်သိမ်းမှ ငြိမ်း
လေတော့၏။ ဟူလိုသည်။ ကမ္မဘဝ တစိတ်နှင့် သင်္ခါရတို့သည်။ကမ္မဝဋ်
မည်၏။ ထိုကမ္မဝဋ်ကိုလည်း။ ကမ္မက္ခယ သတ္တိအထူး ရှိသည်ဖြစ်၍၊
ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးလုံးကို။ ကုန်စေတတ်သော အရဟတ္တ
မဂ်သို့ရောက်သောအခါ။ ထိုမဂ်ဖြင့်။ ပယ်ပြီးပင်ဖြစ်၏။ ထို့ကြောင့်။
ရဟန္တာဖြစ်သောအခါ။ ကမ္မဝဋ်ခပ်သိမ်းမှ၊ ငြိမ်းလေတော့၏ ဟူလို
သည်။ ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ
မရဏသည်။ ဝိပါကဝဋ်မည်၏။ ထိုဝိပါကဝဋ်ကိုကား။ မည်သည့်
မဂ်မျှမပယ်ဖြတ်။ မသတ်နိုင်မူ၍။ အနုပါဒိသေသ, ခန္ဓာပရိနိဗ္ဗာန် စံ
လွန်မှသာလျှင်။ ခန္ဓာဝန်တည်းဟူသော ဝိပါကဝဋ်မှ လွတ်မြောက်ခွင့်
ကိုရ၍။ ဤအခါခပ်သိမ်းငြိမ်းတော် မူကြရလေသည်။ ခန္ဓာဝန်ကိုမချရ
သေးမူကား။ ဝိပါကဝဋ်မှမလွတ်သေး၍။ ငြိမ်းသည်ဟု မဆိုနိုင်။ ထို
စကားမှန်၏။ ပရိနိဗ္ဗာန်စံအံ့ဟု, တပည့်သားတော်တို့က, ရွှေနားတော်
ကြား၊ တင်လျှောက်ထားသောအခါ။ ပရိနိဗ္ဗာန်ပြုလင့်တော့ဟု။ ခွင့်ပေး
တော်မူကလည်း။သေခြင်း၏ ကျေးဇူးကို ချီးမွမ်းရာရောက်၏။ တားမြစ်
တော်မူကလည်း။ ဝဋ်ဆင်းရဲ၌ ငင်ဆွဲတန့်ရပ် စေရာ ရောက်၏။
ထို့ကြောင့်။ ဘုရားမြတ်စွာတို့သည်။ ဆိတ်ဆိတ်သာလျှင် နေတော်မူကြ

လေသည်။ ဤကိုထောက်ရှု၍ရင်း။ မိထွေးတော် ဂေါတမီသည်။ မြတ်စွာဘုရားအား ရှိခိုးသောအခါ။ ။"စိရံ ဇီဝမဟာဝိရ။ ကပ္ပံတိဋ္ဌမဟာမုနိ"။ ။ မဟာဝိရ၊ ကြီးသော လုလ္လရှိတော်မူသော။ မဟာမုနိ၊ သားတော်တုလွတ်။ ဘုရားမြတ်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝ၊ သက်တော်ရှည်ပါလော။ ကပ္ပံ၊ ကမ္ဘာပတ်လုံး။ တိဋ္ဌ၊ တည်တော်မူပါလော။ ။ဟူ၍ နှုတ်မြွက်ဆို၍။ ရှိခိုးသောအခါ။ ။"နခေါ ဂေါတမီ။ တထာဂတာ ဧဝံဝန္ဒိတဗ္ဗာ"။ ဟူသော အဆုမ္မစကားဖြင့်။ မိထွေးတော် ဂေါတမီ။ ဖေးဘုရားတို့ကဲ့သို့လာခြင်းကောင်းသည်ဖြစ်၍ တထာဂတာ၊ မည်ရထင်ရှား၊ မြတ်စွာဘုရားတို့ကို။ ဤသို့ဆို၍ ရှိမခိုးအပ်ကုန်ဟူ၍။ တားမြစ်တော်မူလေသည်။ ယင်းသို့ တားမြစ်တော်မူ၍၊ ထိုမိထွေးတော် ဂေါတမီက၊ ဘယ်သို့ဆို၍ ရှိခိုးပါရန် အကြောင်းကို။ တောင်းပန်လေသောအခါ။ ရှိခိုးအပ်သော အခြင်းအရာကို ကြားတော်မူလိုရကား။

အာရဒ္ဓဝိရိယေ ပဟိတတ္တေ နိစ္စံ ဒဠ္ဟပရက္ကမေ
သမဂ္ဂေသာဝကေ ပဿသော ဧတ္တံ ဗုဒ္ဓါနဝန္ဒနာ၊

ဟူ၍ သွန်သင်လမ်းပြ၊ အဆုမ္မ ပေးတော်မူ၏။ ။ထိုဂါထာ၏။ အနက်ယော-ဇနာကား။ ။အာရဒ္ဓဝိရိယေ။ အားထုတ်အပ်သော ဝိရိယရှိကုန်သော။ ပဟိတတ္တေ၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိကုန်သော။ နိစ္စံ၊ အမြဲလျှင်။ ဒဠ္ဟပရက္ကမေ။ အားထုတ် မြဲမြံ။ ပြင်းထန်သော လုလ္လရှိကုန်သော။ သမဂ္ဂေသာဝကေ၊ သမဂ္ဂဖြစ်ကုန်သော။ တပည့်သာဝကတို့ကို။ ပဿ၊ ရှုတော်မူပါလော။ ဧသော၊ ဤသို့ဆိုခါ- ဝန္ဒနာပြုမူခြင်းသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ ဝန္ဒနာ၊ ဖေးထုံးစဉ်လာ၊ ဓမ္မတာရိုး။ ရှိခိုးသော အခြင်းအရာပေတည်း။ ဤကဲ့သို့ အသက် ရှည်မြင့်ကြောင်း ကပ်ကမ္ဘာပတ်လုံး တည်လင့်ကြောင်းဖြင့် ဆို၍ ရှိခိုးခြင်းကို တားမြစ်တော်မူခြင်းသည်။ စင်စစ်ဝဋ်ဆင်းရဲ၌။ မြင့်မြဲအောင်။ ငင်ဆွဲရာရောက်သဖြင့်။ တားမြစ်တော်မူခြင်းဖြစ်ချေသည်။ ဤကိုထောက်ရှု၍ရင်း။ ဝဋ္ဋမူလ အနုသယ နှစ်ပါးတို့ကိုပင်။ အရဟတ္တမဂ်ဖြင့်။ အကြွင်းမဲ့ပယ်ဖြတ်၍ သတ်ပြီးဖြစ်စေဘာမူ။ အတိတ်အကြောင်းငါးတန်တို့ဖြင့်။ စိမံပစ်ချအပ်သော၊ ဤပစ္စက္ခဘာဝ ခန္ဓာဝန်တည်းဟူသော မီးပုံကြီးကား။ မငြိမ်းသေးချေ။ အပြီးအဆုံး။ နိဂုံးဇာတ်သိမ်းလျက်။ အခါခပ်သိမ်း ငြိမ်းရလေမူကား။ မည်သည့်ချမ်းသာနှင့်မျှမတူဘဲ။ ချမ်းသာဟူသမျှအပေါင်းတို့၏ ညွှတ်ပြောင်းဦးခိုက်ရာ နိဗ္ဗာန်ဟူသော၊ ပရမသုခသို့ ရောက်ကြောင်း ဖြစ်ချေရကား။

ကောင်းလေစွ့တကားဟု, ဉာဏ်သွားမြှော်ရှု၍။"သာဓုဝတနိဗ္ဗုတံ"။ ။ ဟူလိုသည်။ ။နိဗ္ဗုတံ။ အခါခပ်သိမ်း။ ငြိမ်းလေမူကား။ သာဓုဝတ။ ချမ်းသာညွတ်ပြောင်း။ ကောင်းလေစွတကား။ ။ဤကား။ သာဓုဝတံ ပါဠ်၏ အဓိပ္ပါယ်။ ။

မုဉ္စိတုကမျတာဉာဏ်ကိုဖွင့်ဆိုသည်ကားပြီးပြီ။

---

မုဉ္စိတုကမျတာဉာဏ်၏ အခြားမဲ့၌၊ ပဋိသင်္ခါ နုပဿနာဉာဏ်ကို ဆိုပေအံ့။

ပဋိသင်္ခါနုပဿနာဉာဏ် ဟူသည်။ ခန္ဓာငါးပါးတို့၌ အဖန်ဖန် အထပ်ထပ် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ဖြစ်သောဉာဏ် သည်။ ပဋိသင်္ခါ နုပဿနာဉာဏ် မည်၏။ ထိုဉာဏ်သည် အဘယ် အခါ၌ ဖြစ်သနည်းဟူမူကား၊ မဉ္စိတုကမျတာဉာဏ်သို့ ရောက်ပြီးသော ယောဂီသည်။ အလုံးစုံသော၊ ဘဝ, ယောနိ, ဂတိ, ဋ္ဌိတိ, နိဝါသတို့၌။ ဖြစ်ခြင်းကြောင့်၊ ပျက်စီးခြင်း သဘောရှိကုန်သော၊ သင်္ခါရတို့မှ လွတ် လိုသည်ဖြစ်၍၊ အလုံးစုံသော သင်္ခါရအပေါင်းမှ၊ လွတ်ခြင်း၄ါ တဖန် ထိုတေဘုမ္မက၊ သင်္ခါရတို့ကို။ ဤပဋိသင်္ခါ နုပဿနာ ဉာဏ်ဖြင့်။ လက္ခ ဏာရေးသုံးပါးသို့ တင်၍။ သိမ်းဆည်း၏။ ထိုအခါ ပဋိသင်္ခါ နုပဿနာ ဉာဏ်မည်သည်ဖြစ်၏။ ဟူလိုသည်။ ဤ၌မေးဘွယ်ရှိ၏။ သုံးပါးသော လက္ခဏာရေးသို့ တင်၍။ သင်္ခါရတို့ကို သိမ်းဆည်းခြင်းကိုကား။ ရှေးက လည်း ပြုအပ်ပြီ မဟုတ်ပါလော၊ အဘယ့်ကြောင့်၊ ဤ၌တဖန် ထပ်မံ၍ သိမ်းဆည်းရ ပြန်ပါသနည်းဟု မေးဘွယ်ရှိ၏။ လွတ်ခြင်း၏ ဥပါယ တည်းဟူသော အကြောင်း၏ ပြည့်စုံခြင်း ပြီးမြောက်စေခြင်း အကျိုး၄ါ။ တဖန်ထပ်မံ၍၊ သိမ်းဆည်းရပြန် သတည်းဟု ဖြေဆိုအပ်၏။ ထိုကဲ့သို့ လွတ်မြောက်ခြင်း၏ အကြောင်း ဥပါယ၌။ ဆိုလတံ့သည်ကား။ ဥပမာ တည်း။ တယောက်သော ယောကျ်ားသည်။ ငါးတို့ကို ဘမ်းအံ့ဟု, ငါး ဆောင်းကိုယူ၍ ရေကန်၌ချ၍ဆောင်း၏။ ထိုယောကျ်ားသည်။ ဆောင်းဝ ဖြင့် လက်ကိုသွင်း၍၊ ရေထည်း၌ မြွေကို လည်၌ဆုပ်၍ ငါသည် ငါးကို ဘမ်းမိအပ်ချေပြီဟု ဝမ်းမြောက်နှစ်သက်ခြင်းဖြစ်၏ ထိုယောကျ်ားသည်၊

ငါကား ကြီးစွာသောငါးကို ရပေစွတကားဟူ၍၊ ဆောင်းကိုကြွ၍ ကြည့်ရှုလတ်သော်။ လည်ရေးသုံးဆင့်ရှိသောမြွေကိုမြင်သဖြင့်, မြွေဟု ကောင်းစွာသိရကား။ အငြစ်ကိုမြင်၍။ မြွေကို ဘမ်းယူခြင်း ကိုင်ခြင်း၌ ငြီးငွေ့သည်။ ထိုမြွေမှလွတ်လိုသည်ဖြစ်၍။ လွတ်ခြင်း၏ အကြောင်းကိုပြုလျက်။ အမြီးဖျားမှစ၍၊ လက်ကိုဖြေလျက်၊ လက်မောင်းကို မြှောက်၍၊ ဦးခေါင်းထက်၌ နှစ်ကြိမ်သုံးကြိမ် ပတ်ပတ်လှည့်၍။ မြွေကိုအားနည်းအောင် ပြု၏။ ယင်းသို့ပြုပြီးမှ။ ဟယ်,မြွေဆိုးမြွေပျက်၊ သင်သည် သွားလေတော့လောဟု, စွန့်လွှတ်လိုက်၍။ အဆောတလျင်။ ရှောင်ဘခင် ကန်ပေါင်ရိုးသို့ တက်၍ အချင်းတို့ ငါသည်။ ကြီးစွာသော မြွေ၏ ခံတွင်းမှ၊ လွတ်မြောက်ရပေပြီတကားဟု။ မိမိ၏လာခဲ့သော ခရီးကိုကြည့်လျက် တည်၏။ ထိုဥပမာ၌ ငါးဘမ်းသမား ယောကျ်ား၏ ငါးဟူသောအမှတ်ဖြင့်၊ မြွေကိုလည်၌ကိုင်၍ နှစ်သက်သောအခါကာလကဲ့သို့။ ဤယောဂီ၏လည်း။ ရှေးမဆွ အစ၌သာလျှင်။ အတ္တဘောကိုရ၍၊ နှစ်သက်သောကာလကို မှတ်အပ်၏။ ထိုငါးဘမ်းသမား ယောကျ်ား၏ ဆောင်းဝမှ၊ မြွေဦးခေါင်းကို ထုတ်၍ ကြည့်လေသော်။ လည်ရေးသုံးဆင့်ကို မြင်သကဲ့သို့။ ဤယောဂီ၏၊ ဃနသညာဟုတည်းဟူသော တခဲနက်သော အစုအဝေး အပေါင်းကို။ အသီးသီး ခွဲခြမ်း စိတ်ဖြာခြင်း၊ ဝိနိဗ္ဘောဂ, ကို ပြု၍၊ သင်္ခါရ တို့၌။ လက္ခဏာရေးသုံးပါးကို ထင်ရှားခြင်းမြင်ခြင်းကို မှတ်အပ်၏။ ငါးဘမ်းသမား ထိုယောကျ်ား၏။ လည်ရေးသုံးဆင့်ကိုမြင်၍, လန့်ကြောက်သော အခါကာလကဲ့သို့။ ဤယောဂီ၏ ဘေးအားဖြင့်၊ ထင်သော ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏၊ ငါးဘမ်းသမား ယောကျ်ား၏။ ထိုမြွေမှ ကိုက်အံ့သော အပြစ်ကို မြင်သကဲ့သို့။ ဤယော ဂီ၏ ခန္ဓာငါးပါး၊ သင်္ခါရတရားတို့ကို။ အပြစ်အားဖြင့် ရှုဆင်ခြင်သော အာဒီနဝါ နုပဿနာ ဉာဏ်ကို မှတ်အပ်၏။ ငါးဘမ်းသမာ ယောကျ်ား၏ လည်ရေ သုံးဆင့် မြွေကို မြင်ခြင်း၌ ငြီးငွေ့သကဲ့သို့, ယောဂီပုဂ္ဂိုလ်၏, ခန္ဓာငါးပါး သင်္ခါရတရားတို့၌၊ ငြီးငွေ့ခြင်း, နိဗ္ဗိဒါနုပဿနာ ဉာဏ်ကို မှတ်အပ်၏။ ငါးဘမ်းသမား ယောကျ်ား၏ မိမိ ဘမ်းကိုင်မိသော မြွေကို။ လွှတ်ခြင်းငှါ အလိုရှိသကဲ့သို့။ ယောဂီပုဂ္ဂိုလ်၏, ဘေဘုမ္မကမှ, လွတ်ခြင်းငှါ အလိုရှိသော။ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ ငါးဘမ်းသမားယောကျ်ား၏။ ငါးအမှတ်ဖြင့် ဘမ်းယူ ကိုင်ထားအပ်သော မြွေကို, အလိုမရှိသည် အတိုင်း။ လွှတ်ရန်အကြောင်း ဥပါယ်ကို ပြုခြင်းကဲ့သို့။ ယောဂီပုဂ္ဂိုလ်၏။ တေဘုမ္မက

သင်္ခါရအပေါင်းမှ၊ လွတ်ရန်၊ အဖန်ဖန်အထပ်ထပ်။ ပဋိသင်္ခါ နုပဿနာ ဉာဏ်ဖြင့် သင်္ခါရတို့၌။ လက္ခဏာရေးသုံးပါး တင်ခြင်းကို မှတ်အပ်၏။ ထိုစကားမှန်၏။ ထိုငါးဘမ်းသမားယောကျာ်းသည်။ မြွေကို ဉာဏ်ကောင်း ပေါ်သို့ နှစ်ပတ်သုံးပတ်လှည့်၍။ အားနည်းအောင်ပြု၍။ မိမိသို့ တုန့်ပြန်၍။ ကိုက်အံ့သောငှါ။ မစွမ်းနိုင်သည်၏အဖြစ်သို့။ ရောက်စေ၍ ကောင်းစွာ မိမိမှ။ ကင်းလွတ်အောင် လွှတ်လေသကဲ့သို့။ ထိုအတူ ဤယောဂါဝစရ ပုဂ္ဂိုလ်သည်။ လက္ခဏာရေးသုံးပါးသို့တင်သဖြင့်။ သင်္ခါရတို့ကို။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဟု နိုင်နင် နယ်ချေ ပတ်ပတ်မွှေ၍ အားနည်းသည်တို့ကို ပြု၍။ နောက်ထပ်တဖန်။ မိမိသန္တာန်၌ မြဲ၏ဟူသော နိစ္စအခြင်းအရာ။ ချမ်းသာ၏ဟူသော၊ သုခအခြင်းအရာ။ တင့်တယ်၏ ဟူသော၊ သုဘအခြင်း အရာ။ ကိုယ်ဟူသော၊ အတ္တအခြင်းအရာအားဖြင့်။ ထင်ခြင်းငှါ မစွမ်းနိုင် သည်၏အဖြစ်သို့ ရောက်စေ၍။ ကောင်းစွာလွတ်မြောက်ခြင်းဖြင့် လွတ် လေ၏။ ဤကဲ့သို့ ကောင်းစွာ လွတ်မြောက်ခြင်း၏။ ဉပါယ၊ တည်းဟူ သောအကြောင်း၏ ပြည့်စုံခြင်း၊ ပြီးမြောက်စေခြင်း၊ အ ကျိုးငှါ၊ ယောဂီ သည်။ ဤ၌တဖန် ထပ်မံ၍။ သင်္ခါရတို့ကို။ သိမ်းဆည်းပြန်ချေ သတည်း ဟု၊ နောက်ကပြဆိုခဲ့ခြင်းသည်လည်း။ ဤသို့သော လွတ်မြောက်ခြင်း၏။ ဉပါယသမ္ပဒါနတ္ထ။ အကျိုးငှါ သိမ်းဆည်းခြင်းကိုရည်မှတ်၍။ ပြဆိုအပ် ခဲ့ပေသတည်းဟု သိလင့်။ ။ထိုကဲ့သို့ခန္ဓာငါးပါးတို့၌ အဖန်ဖန် အထပ် ထပ် ငြီးငွေ့ဘွယ်ကို ဆင်ခြင်ခြင်း ပဋိသင်္ခါဉာဏ်ဖြစ်ပုံကို။ငါတို့ကျေး ဇူးသျှင်ဆရာတော်ဘုရားကြီးသည်။ ။

အနိစ္စတ္တိကတော။ ဟူ၍ဂုဏ်း။ ။
အ ဝုဘတော။ ။ဟူ၍ဂုဏ်း။ ။
တာဝကာလိကတော။ ။ဟူ၍ဂုဏ်း။ ။
ဉဒယဗ္ဗယပရိစ္ဆိန္နတော။ ။ဟူ၍ဂုဏ်း။ ။
အနိစ္စလက္ခဏာ အရာ၌ အကြောင်းပြ ပါဠိတော်လေးချက် ထုတ်တော်မူ၏။ ။

ဒုက္ခလက္ခဏာအရာ၌လည်း။ ။
ဒုက္ခတော။ ။ဟူ၍ဂုဏ်း။
အတာနတော။ ။ဟူ၍ဂုဏ်း။ ။
အလေဏတော။ ။ဟူ၍ဂုဏ်း။ ။

ဥဒယဗ္ဗယပိဠနတော။ ။ဟူ၍ရင်း။ ။
လေးချက်ပင်ထုတ်တော်မူ၏။ ။
အနတ္တအရာ၌ကား။ ။
ရိတ္တတော။ ။ဟူ၍ရင်း။ ။
တုစ္ဆတော။ ။ဟူ၍ရင်း။ ။
သုညတော။ ။ဟူ၍ရင်း။ ။
အသာရကတော။ ။ဟူ၍ရင်း။ ။
အနိဿရတော။ ။ဟူ၍ရင်း။ ။
အဝသဝတ္တနတော။ ။ဟူ၍ရင်း။ ။

အကြောင်းပြခြောက်ချက်ထုတ်တော်မူ၏။ ဤသို့ အနိစ္စ၌ လေးချက်။ ဒုက္ခ၌ လေးချက်။ အနတ္တ၌ ခြောက်ချက်။ အကြောင်းပြဟိတ်တို့ကို ထုတ်ရာတွင်။ အနိစ္စလေးချက် အရာဝယ်။ ရှေးဦးစွာ။ အနိစ္စန္တိကတော ဟူသောပါဠိဖြင့်။ ခန္ဓာငါးပါး ဤရုပ်နာမ်တရားတို့သည်။ ကာလမြင့်ရှည်စွာ မိမိတို့နေလိုသည်အတိုင်း မနေရဘဲ။ အတည်အစွဲ မမြဲမူ၍။ တနေ့နေ့ဝယ်။ ချုပ်ပျောက်ပြတ်စဲ၍။ ဘောက်လွဲခြင်းလျှင် အဆုံးရှိချေရကား။ စင်စစ်ကေန် အမှန်အနိစ္စမည်ကုန်တော့၏။ ဟူသောအနက်သဘောကို ပြတော်မူအပ်၏။ ထိုကြောင့် ထိုပုဒ်ကို။ ။အနိစ္စန္တိကတော။ အတည်မမြဲ။ ဘောက်လွဲခြင်းအဆုံးရှိသောကြောင့်။ အနိစ္စ။ အနိစ္စမည်ကုန်၏။ ။ ဟူ၍ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား အနက် ယောဇနာတော်မူအပ်၏။ ။အဒ္ဓုဝတော။ ဟူသောပါဠိဖြင့် ခန္ဓာငါးပါး ဤရုပ်နာမ်တရားတို့သည်။ မမျှဲမကွဲ၊ တနဲနက်ခိုင်မာသော, အကြံတ်အခဲ မဟုတ်ကုန်ရကား။ ထာဝရအမြဲအားဖြင့်, မတည်နိုင်လေ။ ယင်းသို့ မတည်နိုင်ချေသောကြောင့်။ စင်စစ်ကေန်အမှန်။ အနိစ္စမည်ကုန်တော့၏။ ဟူသော, အနက်,သဘောကို ပြတော်မူအပ်၏။ ထို့ကြောင့်။ ထိုပုဒ်ကို။ ။အဒ္ဓုဝတော။ အကြံတ်အခဲ မမြဲမတည်ခြင်းကြောင့်။ အနိစ္စာ။ အနိစ္စမည်ကုန်၏။ ။ဟူ၍ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား အနက်ယောဇနာတော်မူအပ်၏။ ။တာဝကာလိကတော။ ဟူသောပါဠိဖြင့်။ သူတပါးတို့ထံမှခေတ္တ ငှါးရမ်းအပ်သော ပစ္စည်းသည်။ ပစ္စည်းရှင်တို့က။ ပြန်၍ မသိမ်းယူသေးမှီသာ။ မိမိလက်တွင်း၌ ကိုယ်ပိုင် ပစ္စည်း၏ အဖြစ်ဖြင့် တည်၍နေ၏။ အကြင်အခါ ပိုင်ရှင်တို့က။ ပေးလောဟု တောင်းယူခဲ့ကုန်အံ့။ ထိုအခါ ချက်ခြင်းပင် ပေးလိုက်ရ၏။ ညင်းဆန်ခွင့် မရတော့ပြီ။

ဤနည်းတူစွာ ဥပမာအတိုင်းပင်လျှင်။ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ သေမင်းပိုင် ငွေစည်းဖြစ်၍။ ထိုသေမင်းက ပြန်၍မသိမ်းမယူသေးမှီ၊ အခိုက်အတန့် တသက်လျှာခန့်မျှသာ တည်တန့်ကြရကုန်၏ ပိုင်ရှင်ဖြစ်သော သေမင်းသည်။ မည်သည့်အခါမဆို သူတောင်းယူလိုသည်အတိုင်း၊ အကယ်၍ တောင်ယူခဲ့ပြားအံ့။ တစုံတရာ အကြောင်းပြ၍။ ညင်းဆန်ခွင့်မရတော့ဘဲ။ သူ၏အလိုသို့သာ လိုက်ပါရခြင်းကြောင့်။ပေးလိုက်ရတော့၏။ ဤသို့အခိုက်အတန့် တသက်လျှာခန့်မျှ ဖြစ်ရကား။ စင်စစ်ဧကန်အမှန် အနိစ္စ မည်ကုန်ဘော့၏ ဟူသော အနက်သဘောကိုပြတော်မူအပ်၏။ ထို့ကြောင့်၊ ထိုပုဒ်ကို။ ။တာဝကာလိကတော။ အခိုက်အတန့် တသက်လျှာခန့်မျှ ဖြစ်ခြင်းကြောင့်။ အနိစ္စာ။ အနိစ္စမည်ကုန်၏။ ။ဟူ၍ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီးအနက်ယောဇနာတော်မူအပ်၏။ ။ဥဒယဗ္ဗယ ပရိတ္တိနွတော။ ။ဟူသောပါဠိဖြင့်။ ခန္ဓာငါးပါး ဤရုပ်နာမ်တရားတို့သည်။ ဥပါဒ်၊ဌီ၊ ဘင်၊ ကင်းသော နိဗ္ဗာန်ပညတ်ကဲ့သို့၊ အသင်္ခတ၊ တရားမဟုတ်ကုန်။ စင်စစ်သော်ကား။ ဥပါဒ် ဌီ ဘင်ရှိသော။ သင်္ခတတရားမျိုးသာလျှင် ဖြစ်ကုန်၏။ ထိုကဲ့သို့ သင်္ခတတရားမျိုးသာ ဖြစ်ခဲ့လတ်သော်။ နိယာမအစဉ်အားဖြင့်။ ဥပါဒ် ဌီ ဘင်ဟူ၍သာလျှင် ဖြစ်မြဲပေတည်း။ ယင်းသို့ ဖြစ်မြဲအတိုင်း။ ဥပါဒ် ဌီ ဘင်အားဖြင့်ဖြစ်ကြရငယ်။ ဥပါဒ်ဟူသည်ကို။ ထိုရုပ်တရား။ နာမ်တရားတို့၏ ဖြစ်ခြင်းသဘောဟု ဆိုလို၏။ ဌီဟူသည်ကို။ ဖြစ်ခြင်းပျက်ခြင်း နှစ်ပါးတို့တွင်။ ပျက်ခြင်းဘက်သို့ ရှေးရှုမျှော်ခေါ် ရင့်ယော်သောသဘောဟု ဆိုလို၏။ ဘင်ဟူသည်ကို။ ထိုရုပ်တရား၊ နာမ်တရား၊ တို့၏၊ ထိုဖြစ်ခြင်းပျက်ခြင်း နှစ်ပါးတို့၏ အခွတ်အသား အပိုင်းအခြားရှိခြင်းကြောင့်၊ ရုပ်သက်၊ နာမ်သက်၊ စေ့သဖြင့်။ မိမိတို့၏ အသက် အပိုင်းအခြားထက်။ ခဏငယ်တချက်မျှ တိုးပို၍နေခွင့်မရဘဲ။ ချုပ်ခြင်းပျက်ခြင်းသဘောဟု ဆိုလို၏။ ။ဤအရာ၌။ အသူးခွတ်ဘွယ်ကား။ ဥပါဒ်၊ဌီ၊ဘင်၊ သုံးချက်ရှိရာတွင်။ ဌီကို။ ဘင်သို့ရှေးရှုသော ဘင်္ဂါဘိမုခ၊ ဖြစ်၍။ ဘင်သို့ သွင်းသော အားဖြင့်။ အသီးမယူမူ၍။ ဖြစ်ခြင်းပျက်ခြင်းဟူသော။ ဥပါဒ်နှင့် ဘင်ကိုသာယူအပ်၏။ ဟူ၍မှတ်။ ။ဤသို့ဖြစ်ခြင်းပျက်ခြင်းသဘောမျိုးကို။ ဥဒယဗ္ဗယပရိဉ္စေဒအားဖြင့် ပြဆိုသော်။ လေးကျွန်းသေဋ္ဌနင်း။ စကြာမင်းတို့၏ ခန္ဓာရုပ်နာမ်ကို အစထား၍။ များစွာသောအသရေပေါင်း။ဂုဏ်အပေါင်းတို့၏ စုဝေးတည်ရာ။ ငြိမ္မာသိကြား၊ ဘုရားပစ္စေကာ။ ရဟန္တာတို့၏။

ခန္ဓာရုပ်နာမ်သော်လည်း။ ထိုကဲ့သို့ဖြစ်ခြင်း၊ ပျက်ခြင်း။ သဘောမှ။အခါ ခပ်သိမ်း၊ မကင်းငြိမ်းနိုင်ရကား။ ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ ဖြစ်ခြင်းပျက်ခြင်း ဟူသော သဘော၂စ်ပါးတို့ဖြင့်သာလျှင်။ ဖိုးအုပ် ပိုင်း ခြား ချဲင်း ရှိကြချေသောကြောင့်။ စင်စစ် ဧကန်။ အမှန်အနိစ္စ မည်ကုန် တော့၏။ ဟူသော အနက်သဘောကို ပြတော်မူအပ်၏။ ထို့ကြောင့်။ ထို ပုဒ်ကို။ ။ဥဒယဗ္ဗယ ပရိစ္ဆိန္နတော။ ဖြစ်ပျက် မကင်း။ ပိုင်းခြားခြင်းရှိ သောကြောင့်။ အနိစ္စာ၊ အနိစ္စ မည်ကုန်၏။ ။ဘုရား ကျေးဇူးသျှင် ဆရာ တော်ကြီးဘုရား။ အနက်ယောဇနာတော်မူအပ်၏။ အနိစ္စ အကြောင်း ပြ ပိတ်လေးချက်၌ မှတ်ဘွယ်။ ။ဒုက္ခ လက္ခဏာ အရာ၌။ ပိတ်လေး ချက်တို့တွင်။ ဒုက္ခမတော။ ဟူသောပါဠိဖြင့်။ ဒုက္ခဝေဒနာ ဟူသည်။နှစ် သက်အပ်၊ သာယာအပ်သော။ သာတသဘောမဟုတ်ချေ။ စင်စစ်သော် ကား။ မနှစ်သက်အပ် မသာယာအပ်သော။အ၊ သာတသဘောသာလျှင် ဖြစ်ချေ၏။ ထို့ကြောင့်။ ထိုဒုက္ခဝေဒနာ။ ဥပါဒ် ဖြစ်ပေါ် လာသောအခါ။ ကိုယ်အလုံးကို ခြောက်ခြားဘိစိး, နှိပ်နယ်ပြီးလျှင်။ ထက်ဝန်းကျင် ပြန့်နှံ့ ယိုစီးစေလျက်။ ရဲရဲငြိုးသော, ထယ်တုံး, ထယ်သွားကို။ ကိုယ်ကာယ အ တွင်းသို့၊ ထည့်သွင်းလိုက်ဘိသကဲ့သို့ရင်း။ မှုံ့မှုံ့ညက်ညက် ကြေပျက်၍ လျှိုက်လျှိုက်ပူပူ ကြိုက်ကြိုက်ဆူသော၊ ကြေးနီရေဖြင့်၊ သွန်းလောင်း ဘိသ ကဲ့သို့ရင်း။ ချောက်သွေ့သော၊ မြက်သစ်ပင်ကြီးငယ်ရှိသော တောအရပ် ဝယ်။ မီးရှူးစည်းကို ထည့်အပ် ပစ်ချအပ် သကဲ့ သို့ရင်း။ အဟောဒုက္ခ၊ အဟောဒုက္ခံဟူ၍။ ဆိုမြည်ပင်ပမ်း၊ ယောင်ရမ်း စေလျက် သာလျှင် ဖြစ် ချေရကား။ ဤကဲ့သို့သော ဒုက္ခဝေဒနာ ဟူသည်ကို။ နှလုံး စိတ်ဝမ်း မ ချမ်းမြေ့မနှစ်လိုဘဲ။ ငြိုငြင်လိုက်သဲ့။ အလွန်ပင် ဆင်းရဲ၍။ သည်းခံနိုင်ခဲ သောကြောင့်။ ခန္ဓာငါးပါး,ဤရုပ်နာမ်,တရားတို့သည်။ စင်စစ်မုချ။ဒုက္ခ မည်ကုန်တော့၏ ဟူသော အနက်သဘောကို၊ ပြတော် မူအပ်၏။ ထို့ ကြောင့်။ထိုပုဒ်ကို။ ။ဒုက္ခမတော။ ငြိုငြင်ဆင်းရဲ၊ သည်းမခံ နိုင်ခဲသော ကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်ကုန်၏။ ။ဘုရား၊ ကျေး ဇူး သျှင် ဆရာတော် ကြီးဘုရား။ အနက် ယောဇနာ တော် မူအပ်၏။ ။အ, တာနတော၊ ဟူ သောပါဠိဖြင့်၊ ဒါန, သီလ, စသော ကုသိုလ် ကောင်းမှုသည်။ ၎င်းမိကို၊ ပြု သောသူ၏ နောက်သို့၊ အစဉ်တစိုက် လိုက်ပါ တတ်သော၊ အနုဂါမိက၊ ဥစ္စာမျိုးဖြစ်၍။ ကုသိုလ် ရှင် ယုတ် နိမ့် ပျက်စီး ကဲ့သည်ရှိသော်၊ ထိုကု သိုလ်ရှင်ကို ယုတ်နိမ့်ခြင်း ပျက်စီးခြင်းမှ ကင်းစိမ့်သော၄ါ။ ကာကွယ်

ချိုးမြှောက်။ စောင့်ရှောက်ရာ, စောင့်ရှောက်ကြောင်း ဖြစ်ခြင်းကြောင့်။ တာန, မည်သောဘုရား, ဇကန်ဘုတ်မှန်သကဲ့သို့။ ခန္ဓာ,ငါးပါး၊ ဤရုပ်နာမ်ဘုရား,တို့သည်။ တဦးတယောက်သောသူ၏၊ ကုန်ပျောက်ပြုံးတီးပျက်စီးခြင်းဖြစ်ခဲ့သည့်ရှိသော်၊ မပျက်စီးစိမ့်သောငှါ။ မြစ်ပယ်တားဆီး၍။ကွယ်ကာချိုးမြှောက်၊ ဘေးမရောက်အောင်။ စောင့်ရှောက်ရာမဟုတ်ချေရကား။ စင်စစ်မုချဒုက္ခ, မည်ကုန်တော့၏၊ ဟူသောအနက်သဘောကိုပြတော်မူအပ်၏။ ထို့ကြောင့်။ ထိုပုဒ်ကို။ ။အ,တာနတော၊ စောင့်ရှောက်ရာ မဟုတ်သောကြောင့်။ ဒုက္ခာ၊ ဒုက္ခ,မည်ကုန်၏။ ။ဟူ၍ ကျေးဇူးသျှင်ဆရာတော်ကြီးဘုရား၊ အနက်ယောဇနာတော်မူအပ်၏။ ။ အ,လေဏတော၊ ဟူသောပါဌ်ဖြင့်။ ဒါန,သီလ၊ စသောကောင်းမှုသည့် ပင်လျှင်။ မိမိကိုပြုသောကုသိုလ်ရှင် ပျက်စီးကဲ့သည့်ရှိသော်။ ထိုကုသိုလ်ရှင်၏။ မှီရာ.ခိုရာ,ကိုးကွယ် လည်လျောင်း ပုံးအောင်းရာလေဏ မည်သော၊ တရား,ဇကန်။ ဟုတ်မှန်သကဲ့သို့။ ခန္ဓာငါးပါး၊ဤရုပ်နာမ်,တရား,တို့သည်။ ဖရိုဖရဲ ကွဲဘပြား၊ လွင့်ပါးပျက်စီးကဲ့သည့်ရှိသော်။ ထိုကဲ့သို့သော ပျက်စီးခြင်း ဘေးမရောက်အောင်။ ဝမ်းမြှောက်နှစ်လို။ မှီခိုလည်လျောင်း။ ပုံးအောင်းရာမဟုတ်ချေရကား။ စင်စစ်မုချ၊ ဒုက္ခမည်ကုန်တော့၏ ဟူသော အနက်သဘောကို ပြတော်မူအပ်၏။ ထို့ကြောင့်။ ထိုပုဒ်ကို၊ ။အ,လေဏတော။ မှီခိုလည်လျောင်း၊ ပုံးအောင်းရာမဟုတ်သောကြောင့်။ဒုက္ခာ,ဒုက္ခမည်ကုန်၏။ ။ဟူ၍။ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား။အနက်ယောဇနာတော်မူအပ်၏။ ။

ဥဒယဗ္ဗယ,ပိဠနတော၊ ဟူသောပါဌ်ဖြင့်။ ခန္ဓာငါးပါး၊ ဤရုပ်နာမ်တရား,တို့သည်။ ဥပါဒ်,ဌီ, ဘင်အားဖြင့်၊ ဖြစ်ကြရာတွင်။ ခဏငယ်သုံးချက်၊ အသက်ရှိသော။ နာမ်တရားသည်။ မျက်စိတမှိတ်။ လျှပ်တပျက်၊ လက်ပစ်တတွက်ကာလဝယ်။ စိတ္တက္ခဏပေါင်း။ ကုဋေတသိန်းမျှဖြစ်၍။ချုပ်ခြင်း ပျက်ခြင်းဖြစ်၏။ ခဏငယ် ငါးဆယ့်တချက် အသက်ရှိသော။ ရုပ်တရားမှာမူကား။ ထိုမျက်စိတမှိတ် လျှပ်တပျက် လက်ပစ်တတွက်ကာလဝယ်၊ ကုဋေကြိမ်ပေါင်း၊ ငါးထောင်, ၅စ်ရာ,၅စ်ဆယ့်၊ နှစ်ကုဋေ, သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင်, လေးရာ, တဆယ့်တစ်မျှ၊ ဖြစ်၍။ ချုပ်ခြင်းပျက်ခြင်းဖြစ်၏။ ထိုကြောင့်။ မျက်စိနှစ်မှိတ်၊လျှပ်နှစ်ပျက်မှစ၍။ အထက်ကိုတိုးတက်၍။ ရက်ပေါင်းလပေါင်း။ နှစ်ပေါင်းကြာ ပြောင်း ကဲသော်။ မည်မျှလောက် ဖြစ်ခြင်း ပျက်ခြင်း တို့ဖြင့်။

နှိပ်စက်ညှင်းပန်းခြင်းဖြစ်၍ နေမည်ကို၊ အကျယ်သိနိုင်ရာ၏။ ဤကဲ့သို့။ ခန္ဓာငါးပါး၊ ရုပ်နာမ်, တရားတို့၏၊ ဖြစ်ခြင်း ပျက်ခြင်း သဘောသည်၊ သွား၍နေသောင်ရင်း။ ရပ်၍နေသောင်ရင်း။ ထိုင်၍နေသောင်ရင်း။ အိပ်၍နေသောင်ရင်း။ နိုးကြွားသောင်ရင်း။ စကားဆိုသောင်ရင်း။ ဆိတ်ဆိတ်နေသောင်ရင်း။ ယုတ်သောအပိုင်းအခြားအားဖြင့်။ ခါတ်၊ ကျင်ကိစ္စကို ပြုခဲ့သောင်ရင်း။ မည်သည့်ကိစ္စ မည်သည့်ကာလ၌မဆို၊ ဖြစ်ခြင်းသဘောမှရင်း။ ပျက်ခြင်းသဘောမှရင်း။ တရံတဆစ်မျှမကင်းမူ၍။ မြစ်ရေအယဉ်ကဲ့သို့ရင်း။ ဆီမီးလျှံကဲ့သို့ရင်း။ မပြတ်မစဲ ဖြစ်ခြင်း ပျက်ခြင်း ဟူသော၊ သင်္ခါရ ဒုက္ခ,တို့ဖြင့်။ နေ့စဉ်ရက်ဆက်၊ နှိပ်စက်ညှင်းပန်းခြင်းကြောင့်။ စင်စစ် မှချ၊ ဒုက္ခ,မည်ကုန်ဘော့၏ ဟူသော၊ အနက်သဘောကို ပြတော်မူအပ် ၏။ ထို့ကြောင့်။ ထိုပုဒ်ကို။ ။ဥဒယဗ္ဗယ ပဋိပီဠနတော။ ရံခါမကင်း၊ ဖြစ် ပျက်ခြင်းတို့ဖြင့်။ နှိပ်စက် ညှင်းပန်းခြင်းကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်ကုန် ၏။ ။ဟူ၍။ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား။ အနက်ယောဇနာ တော်မူအပ်၏။ ။

## ဒုက္ခအကြောင်းပြဟိတ်လေးချက်၌ ၃တ်ဘွယ်။

အနတ္တလက္ခဏာအရာ၌။ ဟိတ်ခြောက်ချက်တို့တွင်။ ရိတ္တတောဟူ သောပါဠိဖြင့်။ ခန္ဓာ,ငါးပါး။ ရုပ်နာမ်,တရားတည်းဟူသော၊ ဤကိုယ် ကာယကို။ အထက်ဆံဖျားမှ၊ အောက် ခြေဖဝါး တိုင်အောင်ရင်း။ အောက်ခြေဖဝါးမှ၊ အထက်ဆံဖျားတိုင်အောင်ရင်း။ ပညာစက္ခုဖြင့်၊ ရှုဆင်ခြင်သည်ရှိသော်။ တလံမျှလောက်သော၊ ဤကဠေဝရ၊ ဟူသော ခန္ဓာကိုယ်ဝယ်။ ပုသဲကိုရင်း။ ပတ္တမြားကိုရင်း။ ကျောက်မျက် ရွဲကိုရင်း။ အ ကျော်စမွာကိုရင်း မာလာကျိုးကျူကိုရင်း။ ပရုပ်ကိုရင်း။ အမိုးအထုံ။ အ မှုံပန်းပေါင်းစသည်ကိုရင်း။ အနည်းမျှလည်းဖြစ်သော။ သန့်ရှင်းစင်ကြယ် သည်၏ အဖြစ်ကို၊ မရှုမမြင်ရ။ စင်စစ်သော်ကား။ လွန်ကဲထူးခြားဆိုး ဝါးလှစွာသော။ မကောင်းသော အနံ့အသက်တို့ဖြင့်။ လွန်စွာတွံဘွယ်၊ ရွံရှာဘွယ်၊ စက်ဆုပ်ဘွယ်ရှိလျက်။ အသရေမဲ့သည်၏ အဖြစ်ကိုသာ လျှင်ပြတတ်သော၊ အထူးထူးအပြားပြားသော။ ဆံပင်မွေးညှင်းစသည် အပြားရှိသော။ မသန့်ရှင်းမစင်ကြယ်သည့်၏ အဖြစ်ကိုသာလျှင်။ ရှုရ မြင်ရ၏။ ထိုစကားမှန်၏။ ဤခန္ဓာ ကိုယ်သည်။ ၁၂ ချောင်းကုန်သော သွားရိုးတို့ဖြင့်၊ အပိုအလွန်ရှိကုန်သော။ သုံးရာကုန်သော အရိုးတို့ဖြင့်။

မားမားမြင့်ခေါင်။ ဗိုက်ထူထောင်ချက်တည့်၏။ တရာ့ရှစ်ဆယ်ကုန်
သောအဆက်၊ အစပ်တို့ဖြင့်၊ ဆက်စပ်အပ်၏။ ကိုးရာကုန်သောအကြော
တို့ဖြင့်၊ ဖွဲ့စည်းတုပ်နှောင်အပ်၏။ ကသစ်ပွင့်အဆင်း။ချင်းချင်းနီစွာ။ ကိုး
ရာကုန်သော သားတစ်တို့ဖြင့်။ လိမ်းကျံမွမ်းမံအပ်၏။ စိုသောအရေတို့
ဖြင့်။ မွေးရှက်အပ်၏။ အရေပါးဖြင့်ဖုံးလွှမ်းအပ်၏။ ပဒတ် ဖွတ် မြွေ
တွင်းနေသတ္တဝါတို့၏။ ခိုအောင်းရာ တောင်ဘို့ သဘွယ်ကဲ့သို့။ ထိုထို
အရပ်တို့၌။ သေးငယ်သောအပေါက်။ အလွန်သေးငယ်ကုန်သော အ
ပေါက်တို့နှင့်။ အပေါက်များစွာ ဘလပ္ပါရှိ၏။ ကိုယ်တွင်း၌လည်း ပြွ
သောအဆင်းရှိသော။ အရှုံ့အရှုံ့သိမ်တို့ဖြင့်ရင်း။ အစာသစ် အစာဟောင်း
တို့ဖြင့်ရင်း။ အသည်းနှလုံးအဆုပ်တို့ဖြင့်ရင်း။ ဦးနှောက်ဖြင့်ရင်း။ သည်း
ခြေ သလိပ် ပြည်,သွေး၊ ချွေးအဆီခဲတို့ဖြင့်ရင်း။ ပြိုးမောက် လျှမ်းလျှမ်း။
တင်းကြမ်းပြည့်ရှိ၏။ သားသတ်အိမ်၌၊ သားဆိုထည့်သော အိုးခွက်ကဲ့
သို့။ ထိုထိုအရပ်တို့၌။ အမြဲမပြတ် အထက်သို့ရင်း။ အောက်သို့ရင်း။ တ
စိမ့်စိမ့်ယိုစီး၏။ အမျိုးအားဖြင့် သုံးကောင်စွန်းကယ်။ ရှစ်ဆယ်သော
ပိုးမျိုး။ အရေအတွက်အားဖြင့်၊ ရှစ်သောင်းမျှ ပမာဏရှိကုန်သော။ ပိုးအ
ပေါင်းတို့၏။ အမြဲနေထိုင်ရာ မှီခိုရာ နေအိမ်လည်းဖြစ်၏။ ကိုယ်ဝန်ချရာ
သားဖွားရာအိမ်လည်းဖြစ်၏။ အညစ်အကြေးစွန့်ရာ။ ဝစ္စကုဋိပဿာဝကု
ဋိအိမ်လည်းဖြစ်၏။ ထိုပိုးမျိုးတို့၏သေသော အကောင်ကို။ ပစ်ချရာ
သုသာန်သချိုင်း။ လုပ်တိုင်းသဘွယ်လည်းဖြစ်၏။ ကိုးဆယ့်ခြောက်ပါး
ကုန်သောကိုယ်တွင်း၌ ဖြစ်ကုန်သော ရောဂါဝေဒနာ အပေါင်းတို့၏ ရင်း။
အပ၌ဖြစ်သော နှစ်ဆယ့်ငါးပါးကုန်သော ဘေးတို့၏ရင်း။ သုံးဆယ့်
နှစ်ပါးကုန်သော ကမ္မကရဏ စသည်တို့၏ရင်း။ တည်ရာလည်းဖြစ်၏။
ကောင်းစွာမှည့်ကျက်ပြီးသော။ ဒိုင်းအမာကဲ့သို့။ ကိုးပါးကုန်သော အ
မာဝတို့မှ။ မပြတ်မလပ် အညစ်အကြေးတို့ဖြင့်။ စုဝေးယိုစီး၍ထွက်၏။
ထွက်ဟန်ကား။ ဤခန္ဓာကိုယ်၏။ နှစ်ဖက်ကုန်သော။ မျက်လုံး မျက်ကွင်း
တို့မှ။ မျက်ရည်မျက်ဝတ်ဟူသော အညစ်အကြေးသည်ရင်း။ နှစ်ဖက်
ကုန်သော နားဝ နားတွင်းတို့မှ။ နဖါဟူသောနား၏ အညစ် အကြေး
သည်ရင်း။ နှာခေါင်းပုတို့မှ။ နှပ်ဟူသော အညစ် အကြေး သည်ရင်း။
ခံတွင်းမှ သည်းခြေ သလိပ် ငံထွေး အညစ် အကြေး တို့သည်ရင်း။ အ
စာသစ်အစာဟောင်းတို့သည်ရင်း။ ယိုစီးကုန်ထွက်ကုန်၏။ အောက်အ
ဘို့တို့မှ။ အလွန်တရာစက်ဆုပ်ဘွယ် ကျင်ကြီး ကျင်ငယ် ဟူသော အ

ညစ်အကြေးတို့သည်၎င်း။ ကိုးသောင်း ကိုးထောင်ကုန်သော။ မွေးညှင်းပေါက်။ မွေးညှင်းတွင်းတို့မှ။ မစင်မကြယ်။ ချွေးဆားဟူသော အရည်အစေး အညစ် အကြေး သည်၎င်း။ ယိုစီးကုန် ထွက်ကုန်၏။ ညှော်နံ့ ပုပ်နံ့၊ ဝိမ်းစိုသောအနံ့တို့၌၊ နှစ်ချိုက်စွာ နားနေ၍၊ ကျက်စား ကြကုန်သော ယင်မ ယင်ထိုင်း အစရှိကုန်သော သတ္တဝါတို့သည်၊ ထက်ဝန်းကျင်မှ၊ ဝန်းရံ၍ အုံကြ နားကြကုန်၏။ ဒန်ပူစားခြင်း။မျက်နှာသစ်ခြင်း။ ဦးခေါင်းဆေးလျှော်ခြင်း။ရေချိုးခြင်း။ ဝတ်စားတံဆာတို့ကို ဆင်ယင်ဝတ်စားခြင်း စသည်တို့ဖြင့်။ မသုတ်မသင်။ မပြုံမပြင်မူ၍။ ဖြစ်တိုင်းသောကိုယ်ဖြင့်သာလျှင်။ ဝါ။မိခွေးတိုင်းပင်၊ ပြုပြင်မထား၊ ဝတ်စားမသုံး၊ ကိုယ်တုံးလုံးဖြင့်။ ဂရုံး ဂရင်းနေထိုင်စွမ်းပေမူ။ ရုန့်ကြမ်းကိုယ်သွေး။ အမွေးဖွားဖွား။ ဆံဖါးရားရှိသည်ဖြစ်၍။ တရွာမှ၊ တရွာသို့ လှည့်လည် သွားလာရသည်ရှိသော်။ တိုင်းသားပြည်သူ၊ အများလူတို့၏။ ပူဇော်ရာဖြစ်သော၊ ရေမြေ့သေဠ္ဌနိုင်း။ ပြည့်ရှင်မင်းသည်၎င်း။ ပန်းမှိုက်သွန် နွန်းစဏ္ဍားစသည်တို့တွင်။ တယောက်ယောက်သော သူသည်၎င်း။ ထပ်တူထပ်မျှ စက်ဆုပ်ဘွယ်သော၊ ကိုယ်ရှိသည်၏အဖြစ်ဖြင့်။ အချင်းချင်း တဦးနှင့်တဦး။ အထူးမရှိလေတော့ပြီ။ ဤသို့မစင်မကြယ်သော အသုစိသဘော။ ဆိုးဝါးပျှံလှောင်း။ အနံ့မကောင်းသော၊ ဒုဂန္ဓသဘော ညှိဟောင်စုတ်စုတ်။ စက်ဆုပ်ဘွယ်သော ဇေဂုစ္ဆသဘော။ ဖို့အံမသတိ။ ထွီဘွယ်ရွံရှာဘွယ်သော၊ ပဋိကုလသဘော တို့ဖြင့်၊ ရောပြွမ်းပြည့်လျှံ၊ ထက်ဝန်းကျင်ဆက်ဆံခဲ့ရကား။ ခန္ဓာငါးပါး။ ဤရုပ်နာမ် တရားတို့သည်။ ညှိဘွယ်နံဘွယ်၊ စက်ဆုပ်ဘွယ်ဟူသော အနံ့ဆိုးအမျိုးမျိုးကုန်သော။ အသိုးအပုတ်တို့ဖြင့်၊ တစိတ်တဒေသမျှသာမဟုတ်ဘဲ တကိုယ်လုံးကိုယ်ပင် ပျံ့နှံ့၍ အုပ်ဖုံးလေတော့သည် ဖြစ်၍။ တစုံတခုသော မှောနန္ဒ၊ အသုံးချသော်လည်း၊ ဤပုတိကာယကြီးသည်၊ စင်စစ်အသုံးမကျ လေတော့သတည်း ဟူသော၊ အနက်သဘောကို ပြတော်မူအပ်၏။ ထို့ကြောင့်။ ထိုပုဒ်ကို။ ။ ရိတ္တကတော။ ညှိနံ့စက်ဆုပ်၊ အပုပ်ကိုယ်လုံးပျံ့နှံ့ဖုံး၍၊ အသုံးမကျသောကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ။ဟူ၍၊ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား၊ အနက်ယောဇနာတော်မူအပ်၏။ ။

ဤသို့ဖွင့်ဆိုအပ်ခဲ့ပြီးသော။ ရိတ္တကတော၊ ပုဒ်နှင့် အလျှင်း သင့်သဖြင့်။ သတ္တနိပါတ် ကာယဝိစ္ဆန္ဒ နိယသုတ်လာ၊ နှစ်ဂါထာနှင့်၊ အသုဘကမ္မ

ဥာန် နိဗ္ဗေသလာ သာဓကေသုံးဂါထာတို့ကို။ သူတော်ကောင်းတို့ ရွှတ်ဘတ်ကြူးသိကြရန်၊ ယခုအခါထုတ်ဆောင်ရေးသားပေအံ့။ ။

နဝပေသိသတာမံသာ၊အဝလိဘ္ဘာကဌေ၀ရေ။
နာနာကိမိကုလာကိဏ္ဏာ၊မိဠ္ဌဥာနံ၀ပူတိကာ။ ။

ကဌေဝရေ၊ သုံးရေ-အရိုး၊ စွင့်ပြိုးမိုက်ထူ၊ ငါသူတပါး၊ ထင်ရှားမဟုတ်၊ အကောင်ပုဒ်ဌ်။ နဝပေသိသတာမံသာ၊ ကသစ်ပွင့်အဆင်း။ ချင်းချင်းနီစွာ။ ကိုးရာဟူတုံ၊ လုံးဝုံတွက်စစ်၊ သားတစ်တို့ကို။ အဝလိတ္တာ၊ ကောက်ရိုးရုပ်ကို။ နွှားချေးစိုဖြင့်။ ထိုထိုမွမ်းမံ။ သုပ်လိမ်း ကျံသကဲ့သို့။ တလံမျှလောက် အစောင်-မြင့်စွာ။ သုံးရာအရိုး၊ တင့်စနိုးအောင်။ လွမ်းမိုးမွမ်းဖျင်။ ဝန်းကြင်ပတ်ရံ။ ဖွဲ့လိမ်းကျံအပ်ကုန်၏။ နာနာကိမိ ကုလာကိဏ္ဏာ၊ သုံးကောင်စွန်းကယ်၊ ရှစ်ဆယ်ပိုးမျိုး။ ခိုကိုးမှီရာ။ တည်နေရာဟု။ ဂေဟာပုံညွှန်း။ ကိုယ်ဝန်ချထား။ သားဖွားရာဇိမ်-ပူရှိန်မလန်း၊ မကျွန်းမပါ။ ရှိပြန်ခါလည်း။ သူနာဧရပ်။ ကင်းပြတ် ပိညာဉ်။ သေလျှင်တကြောင်း၊ အလောင်းဖြစ်ရန်။ သုသာန်သင်းချိုင်း။ လုပ်တိုင်းသဘွယ်။မှိဘွယ်ခိုအောင်း။ ရေတွက်ပေါင်းသော်။ ရှစ်သောင်းကုန်သောပိုးတို့ဖြင့်။ ပြိုးပြွမ်းတစေ၊ တည်နေကြကုန်၏။ မိဠ္ဌ ဥာနံဝ၊ အနိဠ္ဌာ ရုပ်၊ စက်ဆုပ်ဘွယ်တောင်း။ ဓါတ်ဟောင်း ဟူပြီး၊ ဝစ်ကျင်ကြီးတို့၏။ ယိုစီး ဝ လ ပေဘာ။ သက်သွေးစုဝေး။ နောက်ဘေးဇိမ်သာ။ မိလ္လာပြွန်ဝ၊ ရပ်ဌာနကဲ့သို့။ ပူတိကာ၊ ရွံဘွယ်ထွီဘွယ်၊ ညှီတွယ်ပုပ်လှောင်း။ ထောင်းထောင်းအခိုး။ အနံ့ဆိုးတို့ဖြင့်။ သိုးသိုးရိလျက်။ ကျိကျ် တက်လျှင်း။ ပုပ်ဆွေးခြင်းရှိကုန်၏။ ။

နဝန္ဓာရသတာပဟာန္တိ။ ဗျာမမတ္တေကဌေဝရေ။
ဗန္ဓန္တိအဋ္ဌိကယံတံ။အဂါရမိဝဝလ္လိယာ။ ။

ဗျာမမတ္တေ ကဌေဝရေ၊ တလံမျှလောက်၊ မြိုးမောက်စိုက်ထူ။ ငါသူတပါး။ ထင်ရှားမဟုတ်။ အကောင်ပုတ်ဌ်။ ယေ၊ နဝန္ဓာရသတာ၊ ရေတွက်သင်္ချာ။ မြောက်များစွာသား။ ကိုးရာဟူသော။ အကြင် ကြောသေးကြောမတို့သည်။ ပဟာန္တိ၊ ကိုယ်လုံးအောက်ထက်။ ပိုက်ကွန် ရက်သို့။ မြေးရှက်တင်ငြား၊ အမြင်အားဖြင့်၊ ထင်ရှားပဂတိ။ ရှိသည်။ ဖြစ်ကုန်၏။

တော၊နဝန္တာရသတာ၊ ရေတွက်များစွာ။ ကိုးရေ ကုန်သော၊ ထိုအကြောတို့သည်။ အငြွှသင်္ခတံ၊ သိတိုင် အလား။ မား မား ဗိုက် ထူ။ သုံးရာဟူတောင်း။ အရိုးပေါင်းကို။ ဇန္နုတ္တိ၊ မြဲခိုင်ရစ်တည်း။ မလိမ့်လည်းအောင်။ ဖွဲ့စည်း ချည်နှောင် ကြကုန်၏။ ကိမိဝ၊ ထင်အောင် မြင်အောင်၊ထင်ဆောင်ထုတ်ခါ။ ဥပမာပုံ၌။ အဘယ်လိုနည်း ဟူမူကား။ ဝလ္လိယာ၊ ပြော့ပြောင်းရှည်သွယ်။ သေးငယ် လျှော်မျိုး။ ကြိမ်နွယ် ကြိုးဖြင့်။ အဂါရုံ၊ လျှောင်းထိုင်ရပ်သွား၊ လေးပါးပထ၊ မျှတမွေ့လျော်၊ နေပျော်စံငြိမ် ဂေဟာအိမ်ကို။ ဗန္ဓနှိဏာ၊ မြဲခိုင်ရစ်တည်း၊ မလိမ့်လည်းအောင်။ ဖွဲ့စည်းချည်နှောင် ကုန်သကဲ့သို့တည်း။ ဝါ။ မလိမ့်လည်းအောင်၊ ဖွဲ့စည်းချည်နှောင်ကုန်သကဲ့သို့။ နဝန္တာရသဘာ၊ ကိုးရာဟူသော အကြောကြီးငယ်။ ကြိမ်ကြိုးနွယ်တို့သည်။ အင္ဂြွှသင်္ခတံ၊ သူငါမရှိ။ အင္ဂြွှပုဥ္ဇ၊မည်ရမွေ့သိမ်။ အရိုးအိမ်ကို။ ဗန္ဓနှိ ဖရိုဖရဲ မပျိုကွဲအောင်။ ခိုင်မြဲရစ်တည်း၍။ ဖွဲ့စည်းကြကုန်၏တကား။ ။

ဒုဂန္ဓောအသုစိကာယော၊ကုဏပေါဥက္ကရူပမော။

နိစ္စံဒေါစကုဋ္ဌဘူတေဟိ ကာယောဗာလာဘိနန္ဒိတော။ ။

ယော ကာယော၊ နှစ်ဆယ်ပထဝီ။ ဆယ့် နှစ်လီ အာပေါ။ ရေနှောတွက်ကိန်း။ ဒွတ္တိံသဟု။ ကောဋ္ဌာသအရလျှင်။ ပညတ်တင်သော။အကြင်ကာယသည်။ ဒုဂန္ဓော၊ စိတ်ထားမကြည်။ မသတိအောင်၊ ညှီဟောင်နံ့ပုပ်။ စက်ဆုတ်ဘွယ်ဘောင်း။ မကောင်းသောအနံ့ရှိ၏။ အသုစိ၊ ရေပုပ်ရေနွေး။ ကြေးတွန်းဆပ်ပြာ။ နံ့သာရှိန်းရှိန်း။ သုတ်လိမ်းရေဆေး။ကြိမ်ကြိမ်ဆေးလည်း၊ စပေးမပြတ် ထူထပ်သော အညစ်အကြေး လည်းရှိ၏။ ကုဏပေ၊ ခွေးကောင်မြွေကောင်၊ အပုတ်ကောင်နှင့်၊ တင်ဆောင်မခြား၊ ပမာထား ရသဖြင့်။ ပိုးဝါးကြမ်းကြုပ်၊ စက်ဆုပ် ဘွယ်သော၊ အကောင်ပုတ်လည်းဖြစ်၏။ ဥက္ကရူပမော၊ ရေဟောင်း ခွတ် ဟောင်း၊ နှစ်ရပ်ပေါင်း၍။ သောင်းပြောင်းဆပ်ထပ်၊ သွားရာအရပ်နှင့်လည်းတူ၏။ စကုဋ္ဌဘူတေဟိ၊ ပညာမျက်ဗိ၊ ရရှိမှန်စွာ၊ အရိယာသခင်၊ မြတ်အသျှင်တို့သည်။ နိန္ဒိတော၊ နှစ်သက်ဘွယ်တောင်း၊ ကောင်းကျိုးမထင်။အပြစ်မြင်၍၊ လှစ်ထွင်ဖွဲ့နွဲ့၊ ဤလိုတဲ့ဟု၊ ကဲ့ရဲ့တော်မူအပ်၏။ သောကာယော၊ အရိယာ သခင်၊ မြတ် အသျှင် တို့။ ပြစ် တင် ဖွဲ့ နွဲ့၊ ကဲ့ရဲ့အပ်ဘွယ်၊ နှစ်ဆယ်ပထဝီ၊ ဆယ့်နှစ်လီအာပေါ၊ ရေနှောတွက်ကိန်း၊ ဒွတ္တိံသမျှ၊

ထိုကောဋ္ဌာသကို။ ဗာလဘာဝ်နန္ဒိကော၊ ပညာမျက်စိ။ မရှိကင်းသူ။ ဗါလလူတို့သည်။ မွေးကြူယှိုင်ပျံ့။ ယနံ့သင်းဖြာ ဇာဋ္ဌာကနွ။ မနာပလျှင်။ စွဲယူငင်သဖြင့်၊ သညာနှင့်စိတ်။ ဒိဋ္ဌိဝိပ္ပလ်။ ဖေါက်ပြန်ယှင်းယို၍။ အလွန်လျှင် နှစ်လိုအပ်လေခဲ့တကား။ ။

အလ္လစမ္မ ပဋိစ္ဆန္နော၊ နဝဒွါရော၊ မဟာဝဏော။
သမန္တတော ပဂ္ဃရတိ။ အသုစိပူတိဂန္ဓိယော။ ။

အသံကာယော၊ နှစ်ဆယ်ပသဝိ။ ဆယ့်နှစ်လီအာပေါ်။ ရေနှော တွက်ကိန်း။ ဒွတ္တိံသဘာ။ ကောဋ္ဌာသအစုံပိ။ ဤခန္ဓာကိုယ်ကို။ အလ္လစမ္မပဋိစ္ဆန္နော၊ ပိုသော အရေဖြင့်။ အောက်ခြေဘဝါး။ ထက်ဖျား ဥကျောင်း။ အပေါင်းစုရုံး။ တကိုယ်လုံးကို။ ဖုံးလွှမ်းအပ်သော။ နဝဒွါရော၊ မျက်စိနားနှာ။ နှုတ်လျှာခံတွင်း။ သက်ဆင်းကျင်ခတ်။ နှစ်ရပ်ရေ ပြား။ ထည့်သောအားဖြင့်၊ ကိုးပါးသော အပေါက်လည်းရှိ၏။ ပါ။ ကိုး ပါးပေါင်းလောင်း။ ရှုံ့ဘွယ်ကောင်းသော အခေါင်းအပေါက်လည်း ရှိ၏။ မဟာဝဏော၊ ကန္တာမြင့်ဂျည်၊ ကပ်လုံးတည်လည်း။ သွေးပြည်မ ပြတ်။ ဒလစပ်ယိုစီးသော။ အိုင်းအမာကြီးနှင့်လည်း တူ၏။ အသုစိပူတိ ဂန္ဓိယော၊ မစင်မကြွယ်၊ စက်ဆုပ်ဘွယ်တောင်း။ မကောင်းလှိုင်ပျံ့။ အပုတ်နံ့တို့ကို။ ဝါ။ အပုတ်နံ့လွှတ်။ မျက်ဝတ်မျက်ပွေးနဖါချေးနှင့်၊နှပ် တံတွေး၊ အံဖော်။ ခါတ်ပေါင်းကျင်ကြီး။ ယိုစီးကျင်ငယ်။ စက်ဆုပ် ဘွယ်တို့ကို။ သမန္တတော၊ ကိုယ်လုံးမွမ်းဖျင်။ ထက်ဝန်းကျင်မှ။ ပဃ္ဃရ တိ၊ တဖျင်ဖျင်။ တသွင်သွင်လျှင်။ အစဉ်မပျက်။ ညဉ့်နေ့ဆက်၍။ယို ထွက်စေဘိ၏တကား။ ။

သစေဣမသ ကာယဿ။ အန္တော့ဗာဟိရကောသိယာ။
ဒဏ္ဍ နူနဂဟေတွာန။ ကာကေသောဏေနိဝါရယေ။ ။

ဣမဿကာယဿ၊ ပြည်ညှုန်ဖေါ်ထုပ်။ စက်ဆုပ်ဘွယ်တောင်း။ မ ကောင်းစီးယို။ ဤခန္ဓာကိုယ်၏။ အန္တော၊ သုံးဆယ်နှစ်ရပ်။ ကောဋ္ဌာသ စု။ ရေရုပ်ဖုံးခြား။ ကိုယ်တွင်းသားသည်။ ဗာဟိရတော၊ ပက်ပါထင်ထင် ရှုမျှင်နိုင်လောက်။ မျက်မှောက်ဌာန။ လွင်ပြင်ပန္န၊ တကွမသွေ။ တည် လျှတ်နေသည်။ သစေသိယာ၊ အကယ်တစေ။ ဖြစ်ခဲ့ချေအံ့။ ဒဏ္ဍံပုတ် ခပ်ပစ်ရန်။ ဒုတ်လှန်ဒဏ်ကို။ ဂဟေတွာန။ လက်၌အမြဲ။ ကိုင်ယူစွဲ၍။

ကာကေစ၊ သိန်းငှက်ရေကြက်၊ ကျီးကန်းငှက်တို့ကိုရင်း။ သောကောစ' တောအိမ်ရေထွေး ခွေးမြေခွေးတို့ကိုရင်း။ နိဝါရယေနုန၊ မရပ်မနား။ မျစ်တားဟဲဟဲ၊ မိန်မဲဆိုကြိမ်းလျက်။ တဟိန်းဟိန်း တဟောက်ဟောက် နှင့်။ မောင်းရချောက်ရအံ့သာမဟုတ်ပါလော။ နုံနဲ၊ မချကြေန်။ အခွန်စင် စစ်။ နိဝါရယေ၊ နိဝါရယေဧဝ၊ ကာလမခြား။ သွေးအသားကို။သောက် စားလွေးလွေး။ ကျီးခွေးလင်းတ၊ ဝိုင်းအုံကြသဖြင့်။ မောင်းရနှင်ရအံ့ သည်သာသျှင်တည်း။ ဤကား။ ရိတ္တတောပုဒ်နှင့် စပ်၍ ရွတ်ဘတ်ကြူး သိရန်၊ ဂါထာပါဠ်အနက်ပေတည်း။ ။

တုရွှေဟော ဟူသောပါဠ်ဖြင့်။ ခန္ဓာ,ငါးပါး။ ရုပ်နာမ်တရားတို့သည်။ ကိုယ်ဇတ်ပင်ပမ်း နွမ်းနယ် ယိုက်လဲ့ ပြင်းထန် လွန်ကဲကုန်သော၊ ဆင်းရဲ ခပ်သိမ်းတို့၏။ ကိန်းဝပ်ရှိခိုးရာသော စင်စစ်ဖြစ်ကုန်၏။ သတ္တဝါတို့၏ ကောင်းကျိုးချမ်းသာနှင့်၊ စပ်လျဉ်း၍မူကား။ တစုံတခုသော ချမ်းသာ ကောင်းကျိုးကိုမျှ ပြုပြင်ဖန်တီး၍။ ပြီးစီး ဖြစ်ထွန်းနိုင်ကြသည်မဟုတ် ချေ။ ယင်းသို့ မပြီးမစီးနိုင်ချေရကား။ အချည်းနှီးသာဖြစ်ခြင်းဟူသောအ နက်သဘောကို ပြတော်မူအပ်၏။ ဤ၌ ဆင်းရဲခပ်သိမ်းဟူသော စကား ဝယ်။ ဇာတိဒုက္ခံ နာမ အနေကံ၊ နာနာပ္ပကာရံ။ ။ဟိသတ္တံ။ မှန်၏။ ဇာတိဒုက္ခံ နာမ၊ ဤဒုက္ခမည်သည်။ အနေကံ၊ တပါးမက များစွာ၏။ နာနာပ္ပ ကာရံ၊ အထူးထူးအပြားပြားရှိ၏. ။ဤသို့သစ္စဝိဘင်း၊ အဋ္ဌကထာစ သည်ဘို့၌၊ မိန့်ဆိုတော် မူအပ်သည်နှင့် အညီ၊ ဒုက္ခ ဒုက္ခ။ ဝိပရိဏာမ ဒုက္ခ၊ သင်္ခါရဒုက္ခ၊ ပဋိစ္ဆန္နဒုက္ခ အပဋိစ္ဆန္နဒုက္ခ၊ ပရိယာယဒုက္ခ၊ နိပ္ပရိ ယာသဒုက္ခ။ဟူ၍ များသောအပြားရှိ၏။ ထိုတွင် ကာယိကဒုက္ခ။ စေတ သိကဒုက္ခ၊ ဝေဒနာတို့သည် သဘောအားဖြင့်ရင်း။ အမည်အားဖြင့်ရင်း။ ဒုက္ခဖြစ်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခ ဒုက္ခမည်၏။ သုခဝေဒနာသည်၊ ဝိပရိဏာမအားဖြင့် ဒုက္ခဖြစ်ခြင်း၏ အကြောင်းကြောင့်။ ဝိပရိဏာမ ဒုက္ခမည်၏။ ဥပေက္ခာဝေဒနာသည်ရင်း။ ကြွင်းကုန်သော တေဘူမကာ သင်္ခါရတို့သည်ရင်း။ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့်၊ နှိပ်စက်အပ်သည်၏ အ ဖြစ်ကြောင့်ရင်း။ သင်္ခါရဒုက္ခမည်၏။ တေဘူမကကိုသာဆိုသော်လည်း မဂ်ဖိုလ်တို့အားလည်း၊ ထိုကဲ့သို့ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့်၊ နှိပ်စက်ခြင်း ပိဠနဲ, သဘောရှိ၏။ ထို့ကြောင့်၊ ထိုမဂ်ဖိုလ်တို့ကို ဒုက္ခသစ္စာ၌ အကြုံး ဝင်သော အနက်ကြောင့်ပင်လျှင်၊ သင်္ခါရဒုက္ခမည်၏ဟူ၍ သိလင့်။ နား သုလား, သွားသုလား, ရာဂကြောင့်ဖြစ်သော ပူပန်ခြင်း။ ဒေါသကြောင့်

ဖြစ်သော ပုပ္ပန်ခြင်း အစရှိသော သောကဿယိကအနာ။ စေတသိကအနာကို မေးမြန်း၍ သိအပ်သည်၏ အဖြစ်ကြောင့်ရင်း။ လုလ္လမထင်ရှားသည်၏ အဖြစ်ကြောင့်ရင်း။ ပဋိစ္ဆန္န ဒုက္ခမည်၏။ အပါကဋ ဒုက္ခလည်း ဟူ၏။ သုံးဆယ့်နှစ်ပါးသော ကမ္မကာရဏ စသည်တို့ကြောင့် ဖြစ်သော အနာသည် မမေးမူ၍ရင်း။ ထင်ရှားခြင်းကြောင့်ရင်း။ အပဋိစ္ဆန္န ဒုက္ခမည်၏။ ပါကဋဒုက္ခလည်း ဟူ၏။ ဇာတိအစရှိသော တရားအပေါင်းသည်။ ထိုထိုဒုက္ခ၏ တည်ရာ ဝတ္ထုအဖြစ်ကြောင့်။ ပရိယာယ ဒုက္ခမည်၏။ ဒုက္ခဒုက္ခသည် မုချဒုက္ခဖြစ်၍။ နိပ္ပရိယာယဒုက္ခမည်၏။ ဤသို့သစ္စဝိဘင်း အဋ္ဌကထာ စသည်တို့၌၊ ဒုက္ခအပြားကို ဝေဘန်တော်မူ၏။ ထိုမှတပါး၊ ဓမ္မစက္ကဒေသနာတော် စသည်တို့မှ ထုတ်နုတ်ယူ၍။ ငါတို့ကျေးဇူးသျှင်ဆရာတော်ဘုရားကြီး၊ စီရင်ရေးသားတော်မူအပ်သော။ ဝိပဿနာ ဥာဏတန္တိ စာတမ်း အမွှန်း ဂါထာ၌ပင်။ ဒုက္ခတရား မြောက်မြားစွာ လာရှိသည်ကား။ ·ဘဝအထူးထူး ပြောင်းကူး ပေါက်ပြန် ပဋိသန်မကင်း၊ ဆင်းရဲခြင်းဟု ဆိုအပ်သော ဇာတိဒုက္ခ။ ထင်ရှား မထင်ရှားသောအားဖြင့်။ နှစ်ပါးရပ်ကို အိုရခြင်းတည်းဟူသော ဇရာဒုက္ခ။ မန္ဒာဒိဋ္ဌ၊ စသည်ဆယ်ပါး အပြားအားဖြင့်၊ ဖေါက်ပြားရွတ်ယို။ အိုရခြင်းတည်း ဟူသော ဝယဒုက္ခ။ ကိုးဆယ့်ခြောက်ဖြာ၊ ရောဂါငပင်း။ နှိပ်စက်ခြင်း တည်းဟူသော၊ ဗျာဓိဒုက္ခ။ အာယုသက်တမ်း။ မလျှမ်းမဆက် အသက်နှင့် ကိုယ်ပျိုပျက် ရခြင်း တည်းဟူသော၊ ဝိပရိနာမဒုက္ခ။ နာမ်ရုပ်အသက်။ သုံးချက်ခဏငယ်။ လွယ်ကူပြုံးတီး၊ ပျက်စီးရခြင်းတည်းဟူသော သင်္ခါရဒုက္ခ၊ လယ်ယာကိုင်းလုပ်၊ မုဆိုးတငါ။ မင်းမှာခစြောင်း။ လူအပေါင်းနှင့်၊ ရောင်းဝယ်ဖေါက်ကား။ ကုန်ကစားသူတို့၏ ဆူလယ်မပျက်၊ အသက်မွေးရန်၊ ရှာကြံရခြင်းတည်းဟူသော ပရိယေသနဒုက္ခ။ မချစ်သောသူ လူနှင့်တကွ။ ပေါင်းဘော်ရခြင်း တည်းဟူသော အပိယသမ္ပယောဂဒုက္ခ။ ချစ်သသူနှင့်ပေ၊ အတူမနေ၊ ကွေကွင်းရခြင်းတည်းဟူသော ပိယဝိပ္ပယောဂဒုက္ခ။ သမုတိခဏ သမုစ္ဆေဒအားဖြင့်၊ သုံးပါးသော သေခြင်းဟုဆိုအပ်သော မရဏဒုက္ခ။ ဆာလောင်မွတ်သိပ်၊ အဆိပ်နှင့်မြွေ၊ မီးရေလက်နက်အားဖြင့်၊ ခွန်နှစ်ပါးသော သေခြင်းဟုဆိုအပ်သော မရဏဒုက္ခ။ သလိပ်သည်းခြေ။ လေကြီဒေါသ၊ အာဟာရဥတု။ ဥပက္ကမ၊ ဝိပါကအားဖြင့်၊ ရှစ်ပါးသော သေခြင်းဟု ဆိုအပ်သော မရဏဒုက္ခ။ ငရဲတိရိစ်၊ ပြိတ္တာ အသူရကာယ်၊ အပါယ်လေးပါးတို့၌။ ကြီးမားသော ဆင်းရဲခြင်း

ဟုဆိုအပ်သော၊ အပါယဒုက္ခ။ ။ဤသို့စသည်ဖြင့်၊ ဒုက္ခများစွာ၊ ကျွမ်း
ဂန်တို့၌ လာရှိသည်တို့ကိုယူ၍။ အမွန်းဂါထာ၌ ဆိုတော်မူ၏၊ ဤကဲ့သို့
ပြဆိုအပ် ကုန်ပြီးသော၊ ဒုက္ခခပ်သိမ်းတို့၏။ ကိန်းဝပ် စွဲတည် မြင့်ရှည်
တန့်နားရာ၊ များပြားရှက်ထွေး၊ စုဝေးခိုမှီရာအရပ်ကို ဉာဏ်ဖြင့် စုံစမ်း
လတ်သော်။ ရေမြေတာတောင်၊ ကောင်းကင်သမုဒ္ဒရာ၊ စကြာဝဠာ မြင့်
မိုရ်၊ အဝိညာဏက ထိုထိုတို့၌၊ ကပ်ငြိစွဲမှီ၊ တည်နေကြသည် မဟုတ်
ကုန်၊ စင်စစ်သော်ကား။ သဝိညာဏက ဖြစ်သော ဤခန္ဓာငါးပါး၊ ရုပ်
နာမ် တရားတို့၌ သာလျှင်၊ ဤဒုက္ခခပ်သိမ်းတို့သည်၊ ကပ်ငြိစွဲမှီ၊ မြဲတည်
နေကုန်ရကား။ ခန္ဓာငါးပါး, ရုပ်နာမ်တရား တို့သည်၊ စင်စစ် ဒုက္ခ ခပ်
သိမ်းတို့၏ ကိန်းဝပ်ရာ ခိုမှီရာသာ ဖြစ်ကုန်၏။ ထို့ကြောင့်။ ။သံခိတ္တေန
ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ။ ။ဟူ၍ ခန္ဓာ ငါးပါးတို့ကား၊ အကျဉ်းချုပ်
အားဖြင့်၊ ဒုက္ခမည်ကြောင်းကို၊ ဘုရားမြတ်စွာ ဟောပါပေ သတည်းဟု
သဘော နှစ်သိမ့်ဘွယ် အထူးဖြစ်တော့သည်။ ဤသို့လျှင် တရံတရာ ချမ်း
သာမျိုး တည်းဟူသော၊ အကျိုးမပြီး၊ ဒုက္ခအပေါင်းသာ ခိုမှီးသဖြင့်၊ အ
ချည်းနှီးမှုချ၊ တုစ္ဆသဘော သာလျှင် ဖြစ်၏၊ ဟူလိုသည်။ ထို့ကြောင့်
ထိုပုဒ်ကို။ ။တုစ္ဆတော၊ ဆင်းရဲခပ်သိမ်း၊ ကိန်းဝပ်ခိုမှီး။ အချည်းနှီး
သာ ဖြစ်ခြင်းကြောင့် အနတ္တာ၊ အနတ္တမည်ကုန်၏။ ။ဟူ၍ ကျေးဇူးရှင်
ဆရာတော်ကြီးဘုရား အနက်ယောဇနာတော်မူအပ်၏။ ။

သုညတော ဟူသော ပါဌ်ဖြင့်၊ ခန္ဓာငါးပါး၊ ဤရုပ်နာမ်တရား၌ အာ
ဏာလွှမ်းမိုး၊ ပိုးရသခင် ပိုင်ရှင်ဟု ဆိုအပ်သော၊ သာမိတည်းဟူသော
အတ္တ၊ မိမိအလိုသို့ လိုက်စေနိုင်သည်ဟု ဆိုအပ်သော သယံဝသီတည်း
ဟူသောအတ္တ။ သူတပါးတို့ အလိုနှင့် စပ်ခြင်းမရှိသည်ဟု ဆိုအပ်သော
နိဝသီတည်း ဟူသော အတ္တ၊ သုခ ဒုက္ခကို စီရင်ပြုပြင်တတ်သည်ဟု ဆို
အပ်သော ကာရကတည်း ဟူသော အတ္တ၊ သုခ ဒုက္ခကို နှစ်ချိုက်ပျော်
ပါး ခံစား တတ်သည်ဟု ဆိုအပ်သော ဝေဒက တည်း ဟူသော အတ္တ၊
ဝိတ်ထားမြဲမြံ၊ မိဋ္ဌာန် ဆောက်တည် တတ်သည်ဟု ဆိုအပ်သော၊ အဓိ
ဋ္ဌာယက တည်းဟူသော အတ္တ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော၊ သာမိအတ္တ၊ သ
ယံဝသီအတ္တ၊ နိဝသီအတ္တ၊ ကာရကအတ္တ၊ ဝေဒကအတ္တ အဓိဋ္ဌာယက
အတ္တသည်ရှိ၏၊ ဟူ၍ အဖန်ဖန် အထပ်ထပ် တိတ္ထိဆရာတို့ စွဲလမ်း ယူငင်
အပ်သော ပရိကပ္ပမျှသာလျှင် ဖြစ်သော အမျိုးမျိုးသော အတ္တပညတ်သံမှ
အခါခပ်သိမ်း ကင်းခြင်းသည်းခြင်း၊ ဆိတ်ညံ့ခြင်း ဖြစ်ချေရကား၊ ထိုခန္ဓာ

ငါးပါးရုပ်နာမ်တရားတို့သည်။ စင်စစ်မုချ၊ တစ်,နှစ်,သုံးစသည်ဖြင့် မရေတွက်အပ်သော သုညအက္ခရာကဲ့သို့။ အဖျဉ်း အသည်းစင်စစ်အမှန်၊ ဘာစုံတရသောအတ္တဖြင့် ခေါ်ဝေါ်ရည်ဖွက်ရန်မှ ဆိတ်ညံ့ခြင်း ဖြစ်ကုန်တော့သည်ဖြစ်၍။ သုညမည်၏ဟူသော အနက်သဘောကို ပြတော်မူအပ်၏။ ဤသို့ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ကိုကား။ ။သာဒိ၊ နိဝသီကာရက၊ ဝေဒကာဓိဋ္ဌာယက၊ ဝိရဟိတတာယသုညတော။ ။ဟူသောသံဝဏ္ဏနာ အဋ္ဌကထာနှင့်အညီ ငါတို့ဆိုခဲ့ပေ၏။ ထိုပါဌ်ကို။ ။သာဒိနိဝသီ၊ ကာရက ဝေဒကာဓိဋ္ဌာယက ဝိရဟိတတာယ၊ အရှင်သခင်ဟု ဆိုအပ်သော အတ္တ၊ သူတပါးနှင့်စပ်ခြင်းကင်းသည်ဟု ဆိုအပ်သောအတ္တ၊ ပြုပြင်တတ်သည်ဟုဆိုအပ်သောအတ္တ၊ ခံစားတတ်သည်ဟု ဆိုအပ်သော အတ္တ၊ ဓိဋ္ဌာန်ဆောက်တည် တတ်သည်ဟု ဆိုအပ်သော အတ္တမှ၊ ကင်းသည် ဆိတ်သည်၏ အဖြစ်ကြောင့်၊ သုညတော၊ ဆိုအပ်ခဲ့ပြီး အသီးအသီးသော အတ္တမှ ဆိတ်သောအားဖြင့်။ ပဉ္စက္ခန္ဓာ၊ ငါးပါး ကုန်သော ခန္ဓာတို့သည်၊ အနတ္တာ၊ အနတ္တမည်ကုန်၏။ ဟူ၍ယောဇနာ။ ။ထိုကြောင့်။ ထိုပုဒ်ကို၊ ထိုကဲ့သို့ အဖန်ဖန်အထပ်ထပ်သော အတ္တမျိုးကို နှလုံးတော်မြတ်၊ ရည်မှတ်တော်မူ၍။ ။သုညတော ကိုယ်ဟုဖန်ဖန် ၊ပညတ်သံမှ၊ ဆိတ်ညံ့ခြင်းကြောင့်။ အနတ္တာ၊ အနတ္တမည်ကုန်၏။ ။ဟူ၍ ကျေးဇူးသျှင်ဆရာတော်ကြီးဘုရား။ အနက်ယောဇနာတော်မူအပ်၏။ ။

အသာရကဋ္ဌေန၊ ဟူသောပါဌ်ဖြင့်၊ ဝမ်းဘဲဥအတွင်း၌၊ ဝမ်းဘဲဥအနှစ်ကလေးရှိသကဲ့သို့၊ ထို့အတူ တိတ္ထိတို့သည် ကြံဆအပ်သော၊ အတ္တမည်သော ကိုယ်ဟူသောအနှစ်သာရသည်၊ ခန္ဓာပဉ္စကအတွင်း၌ရှိ၏၊ ထိုသို့ရှိသော အတ္တမည်သော အနှစ်သာရ ကလေးသည်။ သူတပါးတို့အလိုနှင့်စပ်ခြင်းမရှိ၍၊ နိဝသီလည်းမည်၏။ ချမ်းသာဆင်းရဲကို ပြုပြင်စီရင်တတ်၍။ ကာရကလည်းမည်၏။ ထိုချမ်းသာဆင်းရဲကိုပင် ခံစားတတ်၍ ဝေဒကလည်းမည်၏။ မိမိအလိုနှင့်သာ စပ်ခြင်းရှိ၍၊ သယံဝသီလည်းမည်၏၊ ဤသို့ နိဝသီဟူ၍၎င်း။ ကာရကဟူ၍၎င်း။ ဝေဒကဟူ၍၎င်း။ သယံဝသီဟူ၍၎င်း။ မည်သောအတ္တသည်။ ကိုယ်တွင်းသန္တာနိဝယ်။ အမာခံဓါတ်အစစ် အနှစ်ကလေးပင်ဖြစ်၍။ အနှစ်မဲ့သော ဝဏ္ဏုပစ္စည်းကဲ့သို့။ ဟောင်းနွမ်း ညစ်ကြေးဘတ်သော သဘော၊ ပုတ်ဆွေး ရိတတ်သော သဘောမဟုတ်ဟူ၍၊ တိတ္ထိဆရာတို့သည်။ မိစ္ဆာပရိကပ္ပအားဖြင့် အတ္တအဖြစ်ကို ကြံကြကုန်၏။ ထိုသို့ကြံဆကုန်သော်လည်း။ ပရမတ္ထအားဖြင့်၊

ခန္ဓာငါးပါးမှတပါး။ ထိုသူတို့ကြံဆအပ်သော၊ အတ္တမည်သော အနှစ်သာရဟူသည်၊ ခန္ဓာကိုယ်တွင်း၌ တစိုးတစိမျှပင် အလျှင်းမရှိခဲ့ရကား။ ခန္ဓာငါးပါး ဤရုပ်နာမ်တရားတို့သည်။ စင်စစ်အတ္တ ဟူသောအနှစ်မရှိမူ၍၊ ပုတိညစ်ကြေးတို့ဖြင့်၊ လိမ်းကျံရောထွေးလျက်၊ ပုတ်တတ်ဆွေးမြေ့တတ်သော သဘောကြောင့်။ အနတ္တမည်ခြင်းကို ပြတော်မူအပ်၏။ ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ကိုလည်း။ ။အသာရကဋ္ဌေနာတိ အတ္တာ နိဝသီကာရကော ဝေဒကောသယံဝသီတိဧဝံပရိကပ္ပိတဿ အတ္တသာရဿအဘာဝေန။ ။ဟူသော သံဝဏ္ဏနာ အဋ္ဌကထာနှင့် အညီပြင်ဆိုခဲ့ပေသတည်း။ ။အသာရကဋ္ဌေနာတိ၊ အသာရကဋ္ဌေန၊ ဟူသည်ကား။ အတ္တာ, ကိုယ်သည်၊ နိဝသီ, သူတပါးတို့၏ အလိုနှင့်စပ်ခြင်းမရှိ၊ ကာရကော, သုခဒုက္ခကို ပြုတတ်စီရင်တတ်၏။ ဝေဒကော, သုခဒုက္ခကို ခံစားတတ်၏။ သယံဝသီ, မိမိအလိုနှင့်သာစပ်ခြင်းရှိ၏။ ဝါ။မိမိအစိုးရခြင်းရှိ၏။ ဣတိဧဝံ၊ ဤသို့။ ပရိကပ္ပိတဿ၊ တိတ္ထိတို့သည် ကြံအပ်သော၊ အတ္တသာရဿ၊ ကိုယ်ဟူသော အနှစ်သာရ၏။ အဘာဝေန, မရှိသည်၏ အဖြစ်ကြောင့်။ အနတ္တာ, အနတ္တမည်၏။ ။ဟု ယောဇနာ။ ။ ဤသို့ဖွင့်ဆိုအပ်သည်နှင့်အညီ။ ။အသာရကတော, အနှစ်မရှိ၊ ပုတိညစ်ကြေး၊ ပုတ်ဆွေးတတ်သောသဘောကြောင့်။ အနတ္တာ, အနတ္တမည်၏။ ။ဟူ၍၊ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား၊ အနက် ယောဇနာတော်မူခြင်းကိုသိ။ ။

အနိဿရတော၊ ဟူသောပါဌ်ဖြင့်၊ ရူလသစ္စကသုတ်၌ သစ္စကပရိဗိုဇ်ကို ဘုရားမြတ်စွာဆုံးမတော်မူအပ်သော ဒေသနာတော် နည်းအတိုင်းပင်လျှင်။ မင်းမျိုး၌ဖြစ်၍၊ ထိပ်၌သွန်းအပ်သော၊ အဘိသိက် ရှိကုန်သော၊ ရေမြေသဥ္စနင်း, ပြည့်ရှင်မင်းတို့သည်။ မိမိတို့ အစိုးရရာဖြစ်သောတိုင်းနိုင်ငံ၌၊ နှိပ်ကွပ်ခြင်းငှါ၊ အလိုရှိသောသူကို၊ နှိပ်ကွပ်ခြင်း၊ နှင်ထုတ်ခြင်းငှါ၊ အလိုရှိသောသူကို နှင်ထုတ်ခြင်းငှါ၊ အာဏာစက်ဖြင့်၊ စီရင်သွမ်းမိုး၍ အစိုးတရပြုမူနိုင်ကုန်သကဲ့သို့။ ထိုအတူ၊ ခန္ဓာငါးပါး၊ ဤရုပ်နာမ် တရားတို့သည်၊ ဤကဲ့သို့ အဆင်းသဏ္ဌာန် ကြွန်လက္ခဏာကားဖြစ်စေ။ ဤကဲ့သို့ အဆင်းသဏ္ဌာန် ကြွန်လက္ခဏာကား မဖြစ်စေလင့်ဟု စသည်ဖြင့် ပြုပြင်စီရင်ရန်၊ အာဘာတံခိုး ပျံ့နှံ့ သွမ်းမိုးလျက်။ အစိုးမရသော သဘောကြောင့်၊ စင်စစ် မုချ အနတ္တမည်ခြင်းကို ပြတော်မူအပ်၏။ ထိုကြောင့်၊ ထိုပုဒ်ကို။ ။အနိဿရတော၊ စီရင်သွမ်းမိုး၊ အစိုးမရသော

သဘောကြောင့်။အနတ္တာ,အနတ္တမည်ကုန်၏။ ၊ဟူ၍ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား အနက်ယောဇနာတော် မူအပ်၏။ ။အဝသဝတ္တနတော၊ ဟူသောပါဠ်ဖြင့်၊ ဤလောက၌၊ တဦးတယောက်သော သူသည်၊ မိမိအလိုသို့ မည်သည့်အခါမျှ မလိုက်မပါတတ်။ လိုက်ပါရန်၊ သွန်သင်ပြသ၊ ဆုမ္မပါသော်လည်း အလျှင်းပင် မနာမယူ စင်စစ်မူကား၊ တ႖ရွဲတစောင်း မိမိကိုယ်ပင် မကောင်းအောင်သာ ပြုမူလေ့ရှိ၏။ ထိုသို့သော သူကို၊ ကိုယ့်လူဟူ၍ မဆိုရ၊ သူစိမ်းပြင်ပ ဖြစ်သောသူ၊ ကိုယ့်အလိုသို့ မလိုက် မပါ တတ်သောသူ ဟူ၍ သာလျှင်၊ ဆိုအပ် သကဲ့သို့။ ထိုအတူ ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည်။ လိုရာ လိုရပ်သို့ မလိုက်မပါတတ်သော သဘောကြောင့် ၎င်း၊ လိုက်ပါ စိမ့်သော၄ါ စီရင်ပါသော်လည်း နယိဒ်ရုပ် အာဗာဓာယသံဝတ္တေယျ။ ။စသည်ဖြင့်၊ ဟောတော်မူအပ်သည်နှင့် အညီ၊ ကိုးတွ ရွတ်ယို၊ မဒိုပါစေလင့် ဟူ၍၎င်း၊ ကိုယ်စိတ်မကျန်း ပင်ပမ်း သီးစွာ မနာပါစေလင့် ဟူ၍၎င်း။ စုတိပျက်ကြွေ၊ မသေပါစေလင့်ဟူ၍၎င်း ဤသို့စသည်ဖြင့် စီရင်ခြင်း၄ါ မတော်ကောင်း သည့်၏ အဖြစ်ကြောင့်၎င်း။ စင်စစ်ခုချ အနတ္တမည်ခြင်းကို ပြတော်မူအပ်၏။ ဤအဓိပ္ပါယ်ကိုကား။ ။အဝသတာယ၊ အဝိဓေယျတာယစ, ပရတော။ ။ ဟူသော အဋ္ဌကထာဖွင့်ကိုမှီ၍ဆိုသတည်း။ ။ထိုကြောင့်၊ ထိုပုဒ်ကို။ ။ အဝသဝတ္တနတော၊ လိုရာလိုရပ်၊ မလိုက် တတ်သော သဘောကြောင့်၊ အနတ္တာ၊ အနတ္တ မည်ကုန်၏။ ။ဟူ၍၊ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား အနက်ယောဇနာတော် မူအပ်၏။ ။ဤ ပဋိသမ္ဘိဒါ ဉာဏ် အရာ၌၊ ငါတို့ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီးသည်၊ အနိစ္စ လက္ခဏာ၌ လေးချက်၊ ဒုက္ခ, လက္ခဏာ၌ လေးချက်၊ အနတ္တ, လက္ခဏာ၌ ခြောက်ချက် အကြောင်း ပြဟိတ်တို့ကို ထုတ်ခြင်းသည် ရှုတ်ဘတ် သရုပ်ဖျာသ်၊ လွယ်ကူရုံ ဆောင်နိုင်ရုံမျှကိုသာ ရည်မှတ်တော်မူ၍ ထုတ်ဆောင် အပ်၏။ ထိုသို့ ထုတ်ဆောင်တော် မူခြင်းသည်၊ အာယတနဝိဘင်း အဋ္ဌကထာ ကြီး၌၊ အနိစ္စ ဒုက္ခ အနတ္တ တို့၏ အကြောင်းကို ပြရာဝယ်၊ အကြောင်း လေးချက်စီ ပြဆိုတော်မူခြင်းနှင့် အလွန် ညီညွတ်စွာ၏ဟူ၍မှတ်၊ အနတ္တ၌ ခြောက်ချက်ထုတ်ခြင်းကား၊ ဤသမ္မသနဉာဏ်ကို ဟောတော်မူရာ၊ ပါဠိတော်၌ပင်၊ အနိစ္စ ဒုက္ခ နှစ်ပါးထက်၊ အနတ္တ အရာ၌၊ အကြောင်းပြ ဟိတ်တိုးပိုလျက်လာရှိ၍၊ ဟိတ်ခြောက်ချက် ထုတ်တော်မူသည်ဟု နှုလုံးပိုက်ဘွယ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ကား။ အနိစ္စ လက္ခဏာ၌၊ အကြောင်းပြ ဟိတ်

တဆယ့်နှစ်ပါး။ ဒုက္ခလက္ခဏာ၌ အကြောင်းပြပါဠိတ် နှစ်ဆယ့်ခြောက်ပါး။ အနတ္တလက္ခဏာ၌၊ အကြောင်းပြပါဠိတ် ခွန်နှစ်ပါးတို့ကို၊ အသီးအသီး ထုတ်၍၊ အာဒိသဒ္ဒါဖြင့်ပင် ညွှန်ပြတော်မူလျက် ရှိနေသေးသည်ဟု နှလုံးပြု၊ အထူးမှတ်ဘွယ်ကား၊ အနိစ္စ အကြောင်းပြ လေးချက်ဖြင့်၊ ရှုဆင်ချင်မှု၊ အနိစ္စာ နုပဿနာဉာဏ်သည် ဖြစ်၏။ ဒုက္ခအကြောင်းပြ လေးချက်ဖြင့် ရှုဆင်ချင်မှု။ ဒုက္ခာနုပဿနာ ဉာဏ်သည် ဖြစ်၏။ အနတ္တအကြောင်းပြ ခြောက်ချက်ဖြင့် ရှုဆင်ချင်မှု၊ အနတ္တ နုပဿနာဉာဏ်သည် ဖြစ်၏။ ထိုဉာဏ်သုံးတန်တို့တွင်၊ အနိစ္စ နုပဿနာ ဉာဏ်ဖြင့်၊ ခန္ဓာငါးပါးတို့၏၊ အနိစ္စအဖြစ်ကို ရှုခြင်းကြောင့်။ ငါ၏ ဥစ္စာဟူသော တဏှာဖြင့်၊ စွဲလန်း မှတ်ထင်ခြင်း၊ တဏှာမညနာ၊ ဟူသော ပပဉ္စတရားသည်၊ ချုပ်လေ၊ ပျောက်လေတော့၏။ အကြောင်းမူကား။ သူတပါးတို့၏ အထံ၌၊ တာဝကာလိက အခိုက်အတန့်မျှ ငှါးရမ်းအပ်သော ပစ္စည်းကို၊ ကိုယ်ပိုင်ပစ္စည်းဟူ၍၊ မဆိုအပ် မဆိုနိုင်သကဲ့သို့၊ ထိုအတူ အၡည်မခံ့၊ . အခိုက်အတန့်မျှသာ ဖြစ်သော၊ ခန္ဓာငါးပါး၊ အနိစ္စတရားကို၊ ငါ၏ဥစ္စာ ငါပိုင်ပစ္စည်းဟူ၍၊ တဏှာဂါဟဖြင့်၊ မစွဲလန်းအပ်ချေရကား၊ အနိစ္စာ နုပဿနာဉာဏ်ဖြင့်၊ တဏှာမညနာ၊ ဟူသော၊ ပပဉ္စ တရားသည်၊ ချုပ်ငြိမ်းလွင့်ပျောက်၊ စွဲလန်းခြင်း မရောက်တော့နိုင်ဟူလို၏။ ။ဤကား အနိစ္စာ နုပဿနာဉာဏ်၏ အကျိုးစက်ပေတည်း။ ။ဒုက္ခာ နုပဿနာ ဉာဏ်ဖြင့်၊ ခန္ဓာငါးပါးတို့၏ ဒုက္ခအဖြစ်ကို ရှုခြင်းကြောင့်၊ ငါဟူသော မာနဖြင့်၊ စွဲလန်း မှတ်ထင်ခြင်း။ မာနမညနာဟူသော၊ ပပဉ္စတရားသည်။ ချုပ်လေပျောက်လေတော့၏။ အကြောင်းမူကား၊ ရိုးမျိုးဇာတိအားဖြင့်၊ အလွန်ယုတ်ညံ့သော ဒွန်းစဏ္ဍာလားသည်၊ အမျိုးကိုစွဲ၍ ထောင်လွှားခြင်း၊ တက်ကြွ ရစ်မူးခြင်း တည်းဟူသော၊ မာန်မာန ဖြစ်ခြင်းငှါ မထိုက်သကဲ့သို့၊ ထိုအတူ အရှည်မခံဘဲ၊ အခိုက်အတန့်မျှသာလျှင်၊ တည်ရသော၊ ခန္ဓာငါးပါး အနိစ္စတရားကား၊ ထိုကဲ့သို့ အခိုက်အတန့် ကလေး၌ပင် သော်လည်း၊ ချမ်းသာခွင့် ရသည်မရှိဘဲ၊ ဖြစ်ခြင်းဥပါဒ်မှ၊ ဌီ,သို့ရောက်ရ၏။ ဌီ,၌မှုလည်း၊ ရင့်ရော်ခြင်း ဇရာဖြင့်၊ ညှိုးနွမ်းပင်ပမ်းရ၏။ ဇရာသို့ ရောက်ပြီး၍ကား၊ မချွတ်ပင်ပျက်စီးရ၏။ ထိုသို့ အခိုက်အတန့်မျှ တည်ရခြင်း၌လည်း၊ ဆိုအပ်ကုန်ပြီးသော ဆင်းရဲခြင်းတို့ဖြင့် မပြတ် နှိပ်စက်လေသောကြောင့် စင်စစ် ဒုက္ခဟူ၍၊ သိမြင်အပ်သော၊ ခန္ဓာ,ငါးတန်၊ ဤရုပ်နာမ်ကိုအစွဲပြု၍ မာန်မာနဖြင့်၊ ရစ်မူးခြင်း၊ တက်ကြွခြင်း အလျှင်းပင် မထိုက်ချေရကား၊

ဒုက္ခာနုပဿနာ ဉာဏ်ဖြင့်၊ မာနမည်နာ ဟူသော။ ပပဉ္စတရားသည်။ ချုပ်ငြိမ်းလွင့်ပျောက် ငွဲလန်းခြင်း မရောက်တော့နိုင် ဟူလို၏။ ။ဤကား။ ဒုက္ခာနုပဿနာဉာဏ်၏ အကျိုးစက်ပေတည်း။ ။

အနတ္တာနုပဿနာဉာဏ်ဖြင့်၊ ခန္ဓာငါးပါးတို့၏။ အနတ္တအဖြစ်ကို ရှုခြင်းကြောင့်။ ငါ၏ကိုယ်ဟူ၍ ဒိဋ္ဌိဖြင့် ငွဲလန်းမှတ်ထင်ခြင်း။ ဒိဋ္ဌိမည်နာ ဟူသော၊ ပပဉ္စတရားသည်၊ ချုပ်လေပျောက်လေတော့၏။ အကြောင်းမူကား။ တရုံတချပြုံ့ဘွယ်ကိုစွဲ၍၊ အာဏာလွှမ်းမိုး၊ အစိုးမရ၍။ မိမိ၏အလိုသို့ မလိုက်မပါသောသူကို ကိုယ်နှင့်ထပ်တူ၊ ကိုယ့်လူဟူ၍၊ မဆိုအပ်သကဲ့သို့။ ထို့အတူ၊ ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့သည်၊ မိမိ၏အစိုးတရ ကိုယ်မဟုတ်ခြင်းကြောင့်။ ဖေဝံမေ ရူပံဟောတု။ ဖေဝံမေရူပံ အဟောသိ။ စသည်ဖြင့်၊ ငါ့အား ဤသို့သောရုပ်အဆင်းသည်ဖြစ်စေ၊ ဤသို့သော ရုပ်အဆင်းသည် မဖြစ်စေလင့်ဟူ၍။ စီမံခြင်းငှါ၊ အစိုးမရသောသဘော၊ မိမိအလိုသို့ မလိုက်မပါသောသဘောဖြစ်၍။ စင်စစ်မုချ အနတ္တဟူ၍ သိမြင်အပ်သော၊ ခန္ဓာငါးတန်၊ ဤရုပ်နာမ်ကို။ ငါ၏ကိုယ်ပင်တည်းဟု၊ ဒိဋ္ဌိဖြင့်၊ စွဲလန်းခြင်းငှါ မသင့်ချေရကား။ အနတ္တာနုပဿနာဉာဏ်ဖြင့်၊ ဒိဋ္ဌိမည်နာဟူသော။ ပပဉ္စတရားသည်၊ ချုပ်ငြိမ်းလွင့်ပျောက် စွဲလန်းခြင်း မရောက်တော့နိုင် ဟူလို၏။ ဤကား။ အနတ္တာနုပဿနာဉာဏ်၏ အကျိုးစက်ပေတည်း။ ။ဤရှုခြင်း သုံးမျိုးဖြင့်၊ သံသရာကို ချဲ့ထွင်တတ်သည်ဖြစ်၍၊ ပပဉ္စမည်သော။ တဏှာ၊ မာန၊ သက္ကာယဒိဋ္ဌိတရားသုံးပါးတို့၏ အစဉ်အတိုင်း ချုပ်ခြင်း ငြိမ်းခြင်းကို အထူးမှတ်အပ်၏။

ပဋိသင်္ခါနုပဿနာဉာဏ်ကို ဖွင့်ဆိုသည့်ကား-ပြီး၏။

## ပဋိသင်္ခါနုပဿနာဉာဏ်၏ အခြားမဲ့၌၊ သင်္ခါရုပေက္ခာ ဉာဏ်ကိုဆိုပေအံ့။

သင်္ခါရုပေက္ခာဉာဏ်ဟူသည်ကား။ ခန္ဓာငါးပါးတို့၌၊ မုန်းခြင်း ချစ်ခြင်းကို ပါယ်ဖျောက်၍။ လျစ်လျူဆင်ခြင်သော အားဖြင့်၊ ဖြစ်သော ဉာဏ်ပေတည်း။ ထိုဉာဏ်မျိုးကို၊ သင်္ခါရုပေက္ခာ ဉာဏ်ဟူ၍ ဆိုလိုသည် ထိုသင်္ခါရုပေက္ခာဉာဏ် ဖြစ်ဟန်ကား။ ပဋိသင်္ခါ နုပဿနာဉာဏ် ရပြီးသော ယောဂီသည်။ ထိုပဋိသင်္ခါ နုပဿနာဉာဏ်ဖြင့်၊ သဗ္ဗေသင်္ခါရာ သုညာ၊ သဗ္ဗေသင်္ခါရာ သုညာ၊ ဟူ၍ ခပ်သိမ်းကုန်သော။ တေဘုမ္မက သင်္ခါရတို့၏ အတ္တသာရမှ ဆိတ်သည်ဖြစ်၍၊ အချည်းနှီးသည်းသော သဘောကို အာရုံပြု၍။ ရှေးဦးစွာရှု၏။ ဤသို့ အချည်းနှီးသည်းသည်ကို ရှုပြီး၍၊ တဖန် နှစ်ပါးသောအဘို့ရှိသော၊ ဒွိကောဋိကအားဖြင့်။ ။သုညမိဒံ အတ္တေနဝါ၊ အတ္တနိယေနဝါ။ ။ဟူ၍ရှုရာ၏။ ။ဆိုဒံ၊ ဤခန္ဓာ ပဉ္စက သင်္ခါရသည်၊ အတ္တေနဝါ။ အတ္တမှရင်း။အတ္တနိယေနဝါ၊ အတ္တနှင့်စပ်သော ဥစ္စာမှရင်း။ သုညံ၊ ဆိတ်၏။ ။ဤသို့နှစ်ပါးသောအဘို့ရှိသော၊ ဒွိကောဋိကနည်းအားဖြင့်ရှုရာ၏။ ယင်းသို့ရှုသော ယောဂီသည်။ အတ္တကိုရင်း။ အတ္တမှ တပါးသော, အက္က၏ ပစ္စည်းပရိက္ခရာ၊ ဥစ္စာ၏အဖြစ်၌ တည်သော အတ္တနိယကိုရင်း။ မမြင်မူ၍ တဖန် လေးပါးသော အဘို့ရှိသော။ စတုကောဋိကအားဖြင့်။ ဆိတ်သည်သည်းသည်၏အဖြစ်ကို ရှုပြန်ရာ၏။ ရှုဟန်ကား။ ။

နာဟံကွစိနိ။ ။ဟူ၍ရင်း။ ။
ကဿစိကိဉ္စနတသ္မိံ။ ။ဟူ၍ရင်း။ ။
နစမမကွစိနိ။ ။ဟူ၍ရင်း။ ။
ကိသ္မိဥ္စိကိဉ္စနတတ္ထိ။ ။ဟူ၍ရင်း။ ။

ဤသို့လေးပါးသော၊ အဘို့ရှိသော၊ စတုကောဋိကအားဖြင့်ရှုရာ၏။ ထိုရှုခြင်းလေးပါးတို့တွင်။ ။နာဟံကွစိနိ။ ။ဟူသည်ကား။ ။ တစုံတခုသော ဌာန၌သော်ရင်း။ တစုံတခုသော ကာလ၌သော်ရင်း။ တစုံတခုသော ဓမ္မ၌သော်ရင်း။ တစုံတခုသော အဇ္ဈတ္တ ဗဟိဒ္ဓ၌ သော်ရင်း။ ကိုယ်ဟူသောအတ္တကို၊ ပစ္စက္ခအားဖြင့်ရင်း။ အနုမာနအားဖြင့်ရင်း။ ပက်ပါထင်ထင် မမြင်ရဟူလို၏။ ။ဤကား ပထမ ကောဋိကအဘို့။ ။

ကသာဝိကိဉ္စနတာယ။ ။ဟူသည်ကား။ မိမိ၏ အတ္တကို တပါးသူ၏ ကြောင့်ကြအပ်သောအဖြစ်၌ ဆောင်အပ်သည်ကို မမြင်ဟန်ကား။ အစ်ကို, ညီ, သားအရာ၌လည်း။ အစ်ကို,ညီ,သားဟူ၍ရင်း။ အဆွေခင်ပွန်း အရာ၌မူလည်း။ အဆွေခင်ပွန်းဟူ၍ရင်း။ ပစ္စည်းဥစ္စာ, ပရိက္ခရာအရာ၌မူလည်း။ ပစ္စည်းဥစ္စာ, ပရိက္ခရာဟူ၍ရင်း။ အောင့်မေ့မှတ်သင်၍၊ ဆောင်အပ်သည်ကို မမြင်ဟူလို၏။ ။၍ကား။ ဒုတိယ ကောဋိကအတ္တ။ ။ နစမမကွစိနိ။ ။ဟူသည်ကား။ တစုံတခုသောဌာန၌သော်ရင်း။ တစုံတခုသော ကာလ၌သော်ရင်း။ တစုံတခုသော မြေ၌သော်ရင်း။ တစုံတခုသော အဇ္ဈတ္တဗဟိဒ္ဓ၌သော်ရင်း။ တပါးသောသူ၏ အတ္တကိုလည်း မမြင်ဟူလို၏။ ။၍ကား။ တတိယကောဋိကအတ္တ။ ။ကိဉ္စနတ္ထိကိဉ္စနတတ္ထိ။ ။ဟူသည်ကား။ တပါးသောသူ၏, အတ္တသည်။ မိမိကြောင့်ကြအပ်သောအဖြစ်၌၊ မှတ်၏ဟူ၍မမြင်။ မမြင်ဟန်ကား။ မိမိ၏ညီအစ်ကို,သားချင်းအရာ၌မူလည်း။ ညီအစ်ကိုသားချင်းကိုရင်း။ အဆွေခင်ပွန်းအရာ၌မူလည်း။ အဆွေခင်ပွန်းကိုရင်း။ အသုံးအဆောင်၊ ပစ္စည်းဥစ္စာ ပရိက္ခရာအရာ၌မူလည်း။ ပစ္စည်းဥစ္စာ,ပရိက္ခရာကိုရင်း။ မမြင်ဟူလို၏။ ။၍သို့ ယောဂီသည်။ တစုံတခုသော အဇ္ဈတ္တဗဟိဒ္ဓ၌၊ အတ္တကိုမမြင်ခြင်း။ ။ နာဟံကွစနိ,တစ်။ ။ထိုအတ္တကို တပါးသောသူ၏၊ ကြောင့်ကြအပ်သောဥစ္စာ၏အဖြစ်၌၊ ဆောင်အပ်သည်ကို မမြင်ခြင်းဟူသော။ ။ကဿစိကိဉ္စနသ္မိံ,နှစ်။ ။တပါးသောသူ၏၊ အတ္တကို မမြင်ခြင်းဟူသော။ ။ နစမမကွစိနိ,သုံး။ ။တပါးသောသူ၏ သာလျှင် အတ္တကို မိမိကြောင့်ကြအပ်သောဥစ္စာ၏အဖြစ်၌၊ ဆောင်အပ်သည်ကို မမြင်ခြင်းဟူသော။ ။ ကိဉ္စနတ္ထိကိဉ္စနတတ္ထိ,လေး။ ။၍သို့ စတုကောဋိက၊ သုညတကို သိမ်းဆည်းပြီး၍။ တဖန် ခြောက်ပါးကုန်သော အခြင်းအရာတို့ဖြင့်၊ သုညတကို သိမ်းဆည်းပြန်ရာ၏။ အဘယ်ကဲ့သို့ သိမ်းဆည်းပြန်ရာသနည်း ဟူမူကား။ ။စက္ခုံသုညံ၊ အတ္တေနဝါ၊ အတ္တနိယေနဝါ၊နိစ္စေနဝါ၊ဓုဝေနဝါ၊ သဿတေနဝါ၊ အဝိပရိဏာမဓမ္မေနဝါ။ ။ဟူ၍၊ စက္ခုပသာဒရုပ်တခု၌၊ ခြောက်ပါးကုန်သော အခြင်းအရာတို့ဖြင့် သိမ်းဆည်းရာ၏။ ။ စက္ခု၊ စက္ခုသည်။ အတ္တေနဝါ၊ အတ္တမှရင်း။ အတ္တနိယေနဝါ၊ အတ္တ၏ ပစ္စည်းဥစ္စာဖြစ်သော၊ အတ္တနိယမှရင်း။ နိစ္စေနဝါ၊ မရိုင်မညွတ်၊ကြောက် တိုင်တွင်ငုံကဲ့သို့ မြဲသောအဖြစ်မှရင်း။ ဓုဝေနဝါ၊ မရွေ့ကည့်တံ၊ ခိုင်ခံ့ သည်၏အဖြစ်မှရင်း၊ သဿတေနဝါ၊ အခါခပ်သိမ်း ထင်ရှားရှိသည်၏

အဖြစ်မှုရင်း။ အဝိပရိဏာမဓမ္မေနဝါ၊ ဖေါက်ပြန်ခြင်းကင်းသည်၏ အဖြစ်
မှုရင်း။ သုညံဆိတ်၏။ ။ဤသို့၊ အတ္တ၊ အတ္တနိယ၊ နိစ္စ၊ ဓုဝ၊ သဿတ၊
အဝိပရိဏာမဓမ္မ၊ အားဖြင့်၊ ခြောက်ပါး ကုန်သော အခြင်း အရာ တို့ဖြင့်၊
စက္ခုကိုရှုရာ၏။ ဤနည်းအတူ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယော၊ မနော
အားဖြင့်၊ ခြောက်ပါးသော ဒွါရကိုရင်း၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖေါဋ္ဌဗ္ဗ၊
ဓမ္မ၊အားဖြင့် ခြောက်ပါးသော အာရုံကိုရင်း၊ စက္ခုဝိညာဏံ၊ သောတ
ဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊ ကာယ ဝိညာဏံ၊ မနော
ဝိညာဏံ၊ အားဖြင့်၊ ခြောက်ပါးသော ဝိညာဏ်ကိုရင်း။ စက္ခုသမ္ဖဿ၊
သောတသမ္ဖဿ၊ ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿ။ ကာယသမ္ဖဿ၊ မနော
သမ္ဖဿ၊ အားဖြင့်၊ ခြောက်ပါးသော ဖဿကိုရင်း၊ ဤကဲ့သို့ ဇရာမရဏ
တိုင်အောင်၊ ဆိုအပ်ပြီးသော နည်းကိုဆောင်၍၊ ခြောက်ပါး ကုန်သော
အခြင်းအရာတို့ဖြင့် ရှုရာ၏။ သုညပုဒ်၏ လိင်ဝုစ်အနေအထားကိုသာ ပြင်
ရမည်။ အဓိပ္ပါယ်ကား။ ဇိဝှါသုညာ၊ ကာယောသုညော၊ မနောသုညော၊
ဟူလို၏။ ဤကား သတိချပ်ရန်။ ။ဤသို့ ခြောက်ပါးကုန်သော အခြင်း
အရာတို့ဖြင့်၊ သုညတ အဖြစ်ကို သိမ်းဆည်းပြီး၍ တဖန် ရှစ်ပါးကုန်သော
အခြင်း အရာ တို့ဖြင့်၊ သိမ်းဆည်းရာ၏။ အဘယ်နည်း ဟူမူကား၊ ရူပံ၊
အသာရံ၊ နိဿာရံ၊ သာရာပဂတံ၊ နိစ္စသာရ၊ သာရေနဝါ၊ ဓုဝသာရသာ
ရေနဝါ၊သုခသာရ သာရေနဝါ၊ အတ္တသာရ သာရေနဝါ၊ နိစ္စေနဝါ၊ဓုဝေ
နဝါ၊ သဿတေနဝါ၊ အဝိပရိဏာမဓမ္မေနဝါ။ ။ဟူ၏။ ဤကား ရုပ်
ကိုရှေးဦးစွာ ရှစ်ပါးကုန်သော အခြင်းအရာတို့ဖြင့်၊ သိမ်းဆည်းခြင်းပေ
တည်း။ ။အနက်ယောဇနာသော်ကား။ ။ရူပံ၊ ရုပ်သည်။ နိစ္စသာရ၊
သာရေနဝါ၊ နိစ္စသာရ၊ ဟူသော အနှစ်ဖြင့်ရင်း။ ဓုဝသာရသာရေနဝါ၊
ဓုဝသာရ ဟူသော အနှစ်ဖြင့်ရင်း။ သုခသာရသာရေနဝါ၊ သုခသာရဟူ
သော အနှစ်ဖြင့်ရင်း။ အတ္တသာရသာရေနဝါ၊ အတ္တသာရ ဟူသောအနှစ်
ဖြင့်ရင်း။ နိစ္စေနဝါ၊ နိစ္စ အဖြစ်ဖြင့်ရင်း။ ဓုဝေနဝါ၊ ဓုဝအဖြစ်ဖြင့်ရင်း။
သဿတေနဝါ။ သဿတအဖြစ်ဖြင့်ရင်း။ အဝိပရိဏာမဓမ္မေနဝါ၊ အဝိ
ပရိဏာမဓမ္မ အဖြစ်ဖြင့်ရင်း။ အသာရံ၊ အနှစ်မဟုတ်။ နိဿာရံ၊ အနှစ်မ
ရှိ။သာရာပဂတံ၊ အနှစ်မှကင်း၏။ ။ဤကား။ရုပ်၌ရှုသော ရှစ်ပါးသော
အခြင်း အရာတည်း။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော နာ
မက္ခန္ဓာလေးပါး။ဆိုအပ်ခဲ့ပြီးသော။ စက္ခုသောတ၊ စသည်ဒွါရ၊ ခြောက်
ပါး။ ရူပါရုံစသော အာရုံခြောက်ပါး။ စက္ခုဝိညာဏ်စသော။ ဝိညာဏ်

ခြောက်ပါး။ စက္ခု သမ္ဘဿစသော ဖဿခြောက်ပါး။ ဇရာမရဏကို အဆုံးထား၍။ ဇွေး၌ဆိုအပ်ကုန်ပြီးသော ဖှစ်ပါးကုန်သော အခြင်းအရာတို့ဖြင့်ရှုရာ၏။ လိင်ထားဝုစ်ထားကို သတိချပ်ဘွယ်ရှိ၏။ ရှိဟန်ကား။ ဝေဒနာပုဒ်ကို။ ဝေဒနာ။ အဿာရော။ နိဿာရော။ သာယာပဂတာ၊ဟူ၍ရှည်။ သညာလည်းနည်းတူ။ ထို့စ်ပုဒ်ကား၊ ကောဝစ်ဖြစ်၏။ သင်္ခါရာ ပုဒ်ကို။ သင်္ခါရာ အဿာရာ။ နိဿာရာ၊ သာရာပဂတာ။ ဟူ၍ရှည်။ ဤပုဒ်ကား။ ဗဟုဝုစ်ဖြစ်၏။ ဝိညာဏပုဒ်ကား။ ဇွေးရူပပုဒ်နှင့်အတူတူ၊ဟူ၍မှတ်၊ ကြွင်းပုဒ်တို့၌လည်း။ ထိုကဲ့သို့ယထာရဟရှည်လေ။ အဿာရဟူ၍ရင်း။ နိဿာရဟူ၍ရင်း။ အပဂတသာရဟူ၍ရင်း။ ဆိုရသော၊ဤခန္ဓာကိုယ်၏။ အနှစ်သာရမှကင်းခြင်းကို၊ ဤသို့မှတ်အပ်၏။ ဤကမ္ဘာမြေပြင်၌။ ဗီဇ နိယာမအားဖြင့်။ အသီးအသီး ပေါက်ရောက် ကုန်သော။ သစ်ပင် အပေါင်းတို့တွင်။ ကျူပင်သည်အနှစ်သာရမှ ကင်းသကဲ့သို့ရင်း။ ကြက်ဆူပင်သည်အနှစ်သာရမှ ကင်းသကဲ့သို့ရင်း။ ရေသဖန်းပင်သည် အနှစ်သာရမှကင်းသကဲ့သို့ရင်း၊ ရေခကာက်ဖြူသည်။ အနှစ်သာရမှ ကင်းသကဲ့သို့ရင်း။ ပေါက်ပင်သည် အနှစ်သာရမှကင်းသကဲ့သို့ရင်း။ ရေမြုပ်ဆိုင်သည် အနှစ်သာရမှကင်းသကဲ့သို့ရင်း။ ရေပွက်သည် အနှစ်သာရမှကင်းသကဲ့သို့ရင်း၊ တံလျှပ်သည် အနှစ်သာရမှ ကင်းသကဲ့သို့ရင်း။ ဥက်ပြောတုံးသည် အနှစ်သာရမှ ကင်းသကဲ့သို့ရင်း။ မြက်လှည်းသည်အနှစ်သာရမှကင်းသကဲ့သို့ရင်း။ ထိုအတူ ရုပ်ဝေဒနာ၊ သညာ၊ သင်္ခါရမှစ၍။ ဇရာမရဏတိုင်အောင်သော တရားအစုအပုံအလုံးစုံတို့သည်။ နိစ္စသာရ၊ ဓုဝသာရ၊ သုခသာရ၊ အတ္တသာရတို့မှ။ စင်စင်ဆိတ်ကုန် ကင်းကုန်၏။ ဟူလိုသည်။ ထိုကြောင့်။ ။ရူပံအဿာရံ။ နိဿာရံ။ သာရာ ပဂတံ။ ။ဟူ၍ ဆိုသတည်း။ ထိုကဲ့သို့အဿာရ၏အဖြစ်ကို။ ရှစ်ပါးကုန်သော အခြင်း အရာတို့ဖြင့် သုညတ၏ အဖြစ်ကိုယောဂီသည်။ ရှုဆင်ခြင်ပြီးမှ။ ဖ ဖန် ဆယ်ဝါးကုန်သော အခြင်း အရာတို့ဖြင့်။ ရှုပြန်ရာ၏။ရှုဟန်ကား။ ။ရူပံ၊ရိတ္တတော၊ ပဿတိ၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အနိဿရိယတော၊ အကာမကာရိယတော၊ အလဗ္ဘနိယတော၊ အဿဝတ္တကတော၊ ပရတော၊ ဝိဝိတ္တတော ပဿတိ။ ။အနက်ယောဇနာသော်ကား။ ။ ရူပံ၊ ရုပ်ကို။ ရိတ္တတော၊ ညှိနံ့စက်ဆုပ်၊ အပုတ်ကိုယ်လုံး။ပွါးနံ့ဖုံး၍။ အသုံးမကျသောအားဖြင့်။ ပဿတိ။ရှု၏။ တုစ္ဆတော။ ဆင်းရဲ ခပ်သိမ်းကိန်းဝပ်ခိုမှီး။ အချည်းနှီးသော အားဖြင့်။ သုညတော။ ကိုယ်ဟုဖန်ဖန်။

ပညတ်သံမှ။ ဆိတ်ညံသော အားဖြင့်။ အနတ္တတော။ အတ္တဖော် ထုတ်။
ကိုယ်မဟုတ်သောအားဖြင့်။ အနိဿရိယတော။ စိုးရင်ပိုင်မိုး၊ အစိုးရ
သူမရှိသော အားဖြင့်၊ အကာမကာရိယတော၊ မလိုရာမှ ဆင်းရဲစုကိုပြု
တတ်သောအားဖြင့် အလဗ္ဘနိယတော။ ဤသို့ဖြစ်စေ၊ ဤအနေကား။ မ
ဖြစ်စေကောင်း။ မရကောင်းသည်၏အဖြစ်ဖြင့်။ အဝသဝတ္တနတော။ လို
ရာ လိုရပ် မလိုက်တတ်သော အားဖြင့်၊ ပရတော။ ကိုယ်မှ ရှောင်တိမ်း။
သူစိမ်းပြင်ပ အားဖြင့်။ ဝိဝိတ္တတော၊ ကြောင်းကျိုး နှစ်ပါး ဆိတ်သော
အားဖြင့်၊ ပဿတိ၊ ရှု၏။ ဤသို့ ရုပ်ကိုရှုရာ၏ ဝေဒနာ၊ သညာ၊ သင်္ခါရ။
ဝိညာဏ်၊ တို့ကိုလည်း။ ရုပ်၌ဆိုအပ်ခဲ့သည့် အတိုင်းရှုရာ၏။ သိသာ
လောက်ပြီ။ ဤသို့ဆယ်ပါးကုန်သော အခြင်းအရာတို့ဖြင့်၊ သုညတ၏ အ
ဖြစ်ကို ဉာဏ်ဖြင့် သိမ်းဆည်း ရှုဆင်ခြင်ပြီး၍။ တဖန် တဆယ်နှစ်ပါး
ကုန်သော အခြင်းအရာတို့ဖြင့်၊ ရုပ်ကိုရှုပြန်ရာ၏။ အဘယ်ကဲ့သို့ရှုရာ သ
နည်း ဟူမူကား။ ။ရူပံနသတ္တော၊ နဇီဝေါ၊ နနရော၊ နမာဏဝေါ
နဣတ္ထီ၊ နပုရိသော၊ နအတ္တာ၊ နအတ္တနိယံ၊ နာဟံ။ နမမ၊ နအညဿ
နကဿစိ။ ။ဟူသည်တည်း။ ။ရူပ်၊ ရုပ်သည်၊ နသတ္တော၊ သတ္တ
ဝါမဟုတ်။ ရူပ်၊ ရုပ်သည်။ နဇီဝေါ၊ ဇီဝလည်းမဟုတ်၊ ရူပ်၊ရုပ်သည်၊ နန
ရော။ လူလည်းမဟုတ်၊ ရူပ်။ ရုပ်သည်။ နမာဏဝေါ၊ လုလင်လည်း မ
ဟုတ်။ ရူပ်၊ ရုပ်သည်၊ နဣတ္ထိ။ မိန်းမလည်းမဟုတ်။ ရူပ်၊ ရုပ်သည်။ နပုရိ
သော။၊ ယောကျ်ားလည်းမဟုတ်။ ရူပ်။ ရုပ်သည်။ နအတ္တာ။ အတ္တလည်း
မဟုတ်။ ရူပ်ံ။ရုပ်သည်။ နအတ္တနိယံ။ အတ္တနှင့်စပ်သော ပစ္စည်းဥစ္စာပရိက္ခ
ရာလည်းမဟုတ်။ ရူပ်။ရုပ်သည်။ နာဟံ။ ငါလည်းမဟုတ်။ ရူပ်။ရုပ်သည်။
နမမ။ ငါ့ဥစ္စာလည်းမဟုတ်။ ရူပ်။ ရုပ်သည်။ နအညဿ။ သူတပါး၏ဥစ္စာ
လည်း မဟုတ်။ ရူပ်၊ ရုပ်သည်၊ နကဿစိ၊ တစုံ တယောက်သော သူ၏
ဥစ္စာလည်းမဟုတ်။ ။ဤသို့ တဆယ့် နှစ်ပါးကုန်သော အခြင်း အရာ
တို့ဖြင့်။ ရုပ်ကိုရှုရာ၏။ ဤနည်းအတူ။ ဝေဒနာကိုရင်း။ သညာကိုရင်း။
သင်္ခါရကိုရင်း။ ဝိညာဏ်ကိုရင်း။ ရှုရာ၏။ ဤကဲ့သို့ တဆယ့်နှစ်ပါးကုန်
သောအခြင်းအရာတို့ဖြင့်။ သုညတ၏အဖြစ်ကို သိမ်းဆည်းပြီး၍။ တဖန်
တိရဏပရိညာ၏ အစွမ်းအားဖြင့်။ လေးဆယ့် နှစ်ပါးသော အခြင်း အ
ရာတို့ဖြင့်။ သုညတ၏ အဖြစ်ကိုရှုရာ၏။ ရှုပုံကား။ ။ရူပံ အနိစ္စတော၊
ဒုက္ခတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော၊ အဃတော၊ အာဗာဓ
တော၊ ပရတော၊ ပလောကတော၊ ဤတိတော၊ ဥပဒ္ဒဝတော၊ ဘယတော၊

ဥပါသဂ္ဂတော၊ စလတော၊ ပဘင်္ဂုတော၊ အဓုဝတော၊ အတာဏတော၊ အလေဏတော၊ အသရဏတော၊ အသရဏီဘူတတော၊ ရိတ္တတော၊ တုစ္ဆတော၊ သုညတော၊ အနတ္တတော၊ အနဿာဒတော၊ အာဒီနဝတော၊ ဝိပရိနာမဓမ္မတော၊ အသာရကတော၊ အဃမူလတော၊ ဝဓကတော၊ ဝိဘဝတော၊ သာသဝတော၊ သင်္ခတတော၊ မာရာမိသတော၊ ဇာတိဓမ္မတော၊ ဇရာဓမ္မတော၊ဗျာဓိဓမ္မတော၊ မရဏဓမ္မတော၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတော၊ သမုဒယတော၊ အတ္ထင်္ဂမတော၊ နိဿရဏတောပဿတိ။ ။ဟူသည်တည်း။ ။ရုပ်၊ ရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ပဿတိ၊ ရှု၏။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ရောဂတော၊ အနာရောဂါနှင့် တူသောအားဖြင့်။ ဂဏ္ဍတော၊ အိုင်းအမာနှင့်တူသောအားဖြင့်။ သလ္လတော၊ မြှားငြောင့်နှင့် တူသောအားဖြင့် အဃတော၊ အစီးအပွါးမဲ့ကို ဆောင်သောအားဖြင့်။ အာဗာဓတော ပြင်းပြသည်းစွာသောအနာအားဖြင့်။ ပရတော၊ ပြင်ပသူ၊ လူစိမ်းနှင့်တူသောအားဖြင့်။ ပလောကတော၊ အိုခြင်း နာခြင်း သေခြင်း ရောက်သော် ပေါက်ကွဲပျက်စီးတတ်သော အားဖြင့်။ ဤတိတော၊ များစွာစုပေါင်း၊ ပျက်စီးကြောင်းအားဖြင့်။ ဥပဒ္ဒဝတော၊ မင်းဘေး မင်းဒါဏ်။ရန်ဥပဒ္ဒဝေါ ၏ တည်ရာအားဖြင့်။ ဘယတော၊ ဘေးတို့၏ တည်ရာအားဖြင့်။ ဥပသဂ္ဂတော၊ ရာဂဒေါသမောဟမပြတ်။ ကပ်ငြိခြင်း မကင်းသော အားဖြင့်။ စလတော၊ လောကဓံတရားတို့ကြောင့်။ တုန်လှုပ်သော အားဖြင့်။ ပဘင်္ဂုတော၊ ပျက်ခြင်းသို့ ရောက်သော အားဖြင့်။ အဓုဝတော၊ မြဲမြံ ခိုင်ခံ့သောသဘော မရှိသော အားဖြင့်။ အတာဏတော၊ ဘေးကိုမစောင့်မရှောက်နိုင်သောအားဖြင့်၊ အလေဏတော၊ မှီခိုပုန်းအောင်းရာ မဟုတ်သောအားဖြင့်။ အသရဏတော၊ ကိုးကွယ်ရာ မဟုတ်သော အားဖြင့်။ ရိတ္တတော၊ ရဝ၊ သုခ၊ အတ္တစသည်အဖြစ်မှ ဆိတ်သောအားဖြင့်။ တုစ္ဆတော၊ အချိုးအနှီးအားဖြင့်။ သုညတော၊ သာမိ၊ နိဝါသိ၊ ကာရက၊ ဝေဒက၊ အဓိဋ္ဌာယက,ဟု တိတ္ထိတို့ကြံဆအပ်သော အတ္တမှ ဆိတ်သော အားဖြင့်။ အနတ္တတော တိတ္ထိတို့ကြံဆအပ်သော အတ္တ၏ ဆန့်ကျင်ဘက် အားဖြင့်။အာဒီနဝတော၊ အပြစ်ဒေါသအားဖြင့်။ ဝိပရိဏာမဓမ္မတော၊ ဇရာမရဏ ဟူသော နှစ်ပါးသောအဘို့ဖြင့်။ ဘောက်ပြန်ခြင်းသဘော ပကတိရှိသောအားဖြင့်။ အသာရကတော၊ အနှစ်မပါ၊ အကာနှင့်တူသောအားဖြင့်။ အဃမူလတော၊ မကောင်းမှု၏ အကြောင်း မူလအားဖြင့်

ဝဏ္ဏကောဟု၊ သူ့သတ်ရန်သူနှင့်၊ တူသောအားဖြင့်၊ ဝိဘဝဏ္ဏောဟု၊ အစီး အပွါးကင်းသော အားဖြင့်။ သာသဝတော၊ အာသဝေါ၏ အာရုံအား ဖြင့်။ သင်္ခတတော၊ ဟေတုအကြောင်း၊ ပစ္စယ အကြောင်း တို့သည်။ ပေါင်း၍စီရင်၊ ပြုပြင်အပ်သောအားဖြင့်။ မာရာမိ သတော၊ မစ္စုမာရ်၊ ကိ လေသမာရ်တို့၏။ အစာ အာမိသ အားဖြင့်။ ဇာတိဓမ္မတော၊ ဖြစ်ခြင်း သဘောရှိသောအားဖြင့်။ ဇရာဓမ္မတော၊ ရင့်ခြင်း ဟောင်းခြင်း သဘော ရှိသောအားဖြင့်။ ဗျာဓိဓမ္မတော၊ နာခြင်းသဘော ရှိသောအားဖြင့်။ မရ ဏဓမ္မတော၊ သေခြင်း ပျက်စီးခြင်း သဘောရှိသောအားဖြင့်။ သောကပ ရိဒေဝ၊ ဒုက္ခဒေါမနဿ ဥပါယာသ ဓမ္မတော၊ စိုးရိမ်ခြင်းသဘော၊ ငို ကြွေးခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ နှလုံးမသာယာခြင်းသဘော၊ ပြင်းစွာ ပူပန်ခြင်းသဘောရှိသော အားဖြင့်။ သမုဒယတော၊ ဖြစ်ခြင်း အားဖြင့်။ အတ္ထင်္ဂမတော၊ ချုပ်ခြင်းအားဖြင့်။ နိဿရဏတော၊ ထွက် မြောက်ကြောင်းအားဖြင့်။ ပဿတိ၊ ရှု၏။ ။ဤနည်းအတူ။ ဝေဒနာကိုငှင်း သညါကိုရင်း၊ သင်္ခါရကိုရင်း၊ ဝိညာဏ်ကိုရင်း၊ ရှုအပ်၏။ ဤသို့ရှုသဖြင့်။ အတ္တ သာရစသည်မှ ဆိတ်သောအားဖြင့်။ မြင်သည်ဖြစ်၍၊ လက္ခဏာရေးသုံး ပါးသို့တင်၍၊ သင်္ခါရတို့ကို၊ သိမ်းဆည်းသည်ရှိသော်။ ထိုသင်္ခါရတို့ကို မှီ၍ဖြစ်သော ကြောက်ခြင်းဘယကိုရင်း။ နှစ်သက်ခြင်း နန္ဒီကိုရင်း။ ပယ်၍ သင်္ခါရ တို့၌၊ တူးလေးပျံသကဲ့သို့၊ ဥဒါသိန်မူခြင်းဟူသော လျစ်လျူ ဖြစ်ရကား။ သင်္ခါရတို့ကို၊ ငါဟူ၍ရင်း။ ငါ့ဉစ္စာဟူ၍ရင်း။ မယူလေ တော့ပြီ။ ဥပမာကိုကား။ အိမ်ရှင်လင်ယောကျ်ားသည်၊ စွန့်လွှတ်အပ် သော၊ ဇနီးမယားကဲ့သို့ မှတ်အပ်၏။ ထိုစကားကို ထင်ရှားစေဦးအံ့။ ရုပ်ရည်သဏ္ဌာန်၊ ကြန်လက္ခဏာနှင့်ပြည့်စုံ၍၊ အလွန်တရာ နှစ်သက်မြတ် နိုးအပ်သောမယားသည်။ ယောကျ်ားအားရှိ၏။ ထိုယောကျ်ားသည်။ ထိုဇနီးမယားမှ၊ တခဏမျှသော်လည်း၊ ကွေကွင်း၍နေခြင်းငှါ၊ သည်းခံ ခြင်ငှါ မတတ်နိုင်။ အလွန်လျှင် ထိုမယားကို။ မြတ်နိုးစွာ၏။ ထို ယောကျ်ားသည်။ ထိုကဲ့သို့ချစ်မြတ်နိုးစွာသော၊ မိမိဇနီးမယားကို၊ တ ပါးသောယောကျ်ားနှင့်အတူ ရပ်ခြင်း၊ ထိုင်နေခြင်း၊ စကားပြောဟော ခြင်း၊ ရယ်ရွှင်ခြင်းကို၊ မြင်ရ၍၊ အမျက်ထွက်ခြင်း၊ နှလုံးမသာခြင်း ဖြစ် ၍။ ပြင်းစွာသော ဒေါမနဿ ဝေဒနာကိုခံစားရာ၏။ ထိုယောကျ်ားသည်၊ တပါးသောအခါ၌၊ ထိုမိန်းမ၏၊ မစောင့်စည်းသော အပြစ်ဒေါသကို မြင် ရကား။ ထိုမိန်းမမှ လွတ်ကင်းလိုသည်ဖြစ်၍၊ စွန့် လွှတ် လိုက် ရာ၏။

ဤကဲ့သို့ စွန့်လွှတ်လိုက်သည်မှ စ၍၊ ထိုယောဂီအားသည်။ ထိုမိန်းမကို၊ ငါ၏ဇနီးမယား ဟူ၍ပင်၊ နှလုံး ကင်းပြတ်သဖြင့်။ မမှတ် လေတော့ရာ။ ထိုအခါမှစ၍၊ ထိုမိန်းမကို၊ တပုံ တယောက်သော သူနှင့် တကွ၊ အမှတ်မရှိ။ တစုံတခုသောအမှုကို ပြုသည်ကို မြင်ရ၍ သော်လည်း၊ အမျက် မထွက်လေတော့ရာ။ နှလုံးမသာယာခြင်းတို့လည်း။ မရောက်လေတော့ရာ။ စင်စစ်သော်ကား၊ လေးတုံးချိန် သကဲ့သို့။ ဥဒါသိန်မှုခြင်း ဟူသော လျစ်လျူရှုခြင်းသည်သာဖြစ်ရာ သကဲ့သို့။ ထိုအတူ။ ဤယောဂီသည်။ အလုံးစုံကုန်သော သင်္ခါရတို့မှ။ လွတ်ခြင်းငှါ အလိုရှိသည်ဖြစ်၍။ ပဋိသင်္ခါနုပဿနာပညာဖြင့်။ သင်္ခါရတို့ကို သိမ်းဆည်းသည်ရှိသော်။ ငါ၊ ငါ၏ ဥစ္စာဟူ၍၊ ယူအပ်သည်ကို မမြင်၍ကြောက်ခြင်း ဘယကိုရင်း။ နှစ်သက်ခြင်း နန္ဒိကိုရင်းပယ်၍။ အလုံးစုံကုန်သော သင်္ခါရတို့၌၊ ဥဒါသိန်မှုခြင်းဟူသော လျစ်လျူရှုခြင်းသည်ဖြစ်၏။ ဤကဲ့သို့ သိမြင်သော ထိုယောဂီအား။ သုံးပါးကုန်သောဘဝ၊ လေးပါးကုန်သောယောနိ၊ ငါးပါးကုန်သောဂတိ၊ ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိ၊ ကိုးပါးကုန်သော သတ္တာဝါသတို့၌။ စိတ်သည် ရှုံ့ရှာစက်ဆုတ်သည်ဖြစ်၍။ တွန့်တိုဆုတ်နစ်ခြင်း၊ လျောကျခြင်းဖြစ်၏။ ဥပမာ၊ မည်သည်ကား။ စဉ်းငယ် ညွတ်ကိုင်းသော။ ပဒုမ္မာကြာရွက်၌ ရေပေါက်တို့သည်။ မကပ်ငြိမူ၍။ တွန့်တိုဆုတ်နစ်၊ လျောကျခြင်းဖြစ်ကုန်သကဲ့သို့ရင်း။ တနည်း။မီး၌ထည့်အပ်သော ကြက်တောင် သည်ရင်း။ အကြောတုံးသည်ရင်း။ တွန့်တိုဆုတ်နစ် လေသကဲ့သို့ရင်း။ ဤအတူ၊ ယောဂီပုဂ္ဂိုလ်၏ စိတ်သည်၊ သုံးပါးကုန်သော ဘဝ၊ လေးပါးကုန်သော ယောနိ။ ငါးပါးကုန်သောဂတိ၊ ခုနစ်ပါးကုန်သော ဝိညာဏဋ္ဌိတိ၊ ကိုးပါးကုန်သော သတ္တာဝါသတို့၌၊ ရှုံ့ရှာစက်ဆုတ်သည်ဖြစ်၍။ တွန့်တိုဆုတ်နစ် လျောကျခြင်း ဖြစ်၏။ ထိုအခါ ယောဂီ ပုဂ္ဂိုလ်အား၊ သင်္ခါရုပေက္ခာ ဉာဏ်သည် ဖြစ်၏။ ဟူလိုသည်။ ဤသို့ သင်္ခါရုပေက္ခာ ဉာဏ်ဖြစ်ဟန်ကို၊ နှစ်ပါးသော အဘို့ရှိသော ဒွိကောဋိက၊ လေးပါး သောအဘို့ရှိသော၊ စတုကောဋိက၊ ခြောက်ပါးသော အဘို့ရှိသော၊ ဆကောဋိက၊ ရှစ်ပါးသောအဘို့ရှိသော၊ အဋ္ဌကောဋိက၊ တဆယ့် နှစ်ပါး သော အဘို့ရှိသော၊ ဒွါဒသကောဋိက၊ လေးဆယ့် နှစ်ပါးသော အဘို့ရှိ သော။ ဒွါစတ္တာလီသ ကောဋိကတို့ဖြင့် ရှုဆင်ခြင်ပုံကို။ အဋ္ဌကထာတို့၌ အကျယ်တဝင့်၊ ဖွင့်ဆိုတော်မူအပ်၏။ ယင်းသို့ ဖွင့်ဆိုအပ် သော်လည်း။ ငါတို့ ကျေးဇူးသျှင် ဆရာတော် ဘုရားကြီးသည်ကား။ သုံးသပ်လွယ်ရုံ

ဉာဏ်ဖြင့် ထင်မြင်နိုင်ရုံမျှကိုသာ၊ နှလုံးတော်မူချေသဖြင့်။ ။ဣမေမေ ပဉ္စက္ခန္ဓာ မေ့အာရိဏ္ဏာ။ ။ဟူ၍ရင်း။ ။ဣမေမေ ပဉ္စက္ခန္ဓာ မေ့အာဘုန္တာ ဟူ၍ရင်း။ ။ဣမေမေပဉ္စက္ခန္ဓာ မေ့အာသုညာ။ "ဟူ၍ရင်း။ ။ဣမေမေ ပဉ္စက္ခန္ဓာ မေ့အာနိရတ္ထကာ။ ။ဟူ၍ရင်း။ ။ဤသို့ ခန္ဓာ ငါးပါးတို့၏။ ရိတ္တအဖြစ်၊ တုန္တအဖြစ်၊ သုညအဖြစ်၊ နိရတ္ထကအဖြစ် တည်းဟူသော အကြောင်းပြ လေးချက်ကိုသာထုတ်တော်မူ၏။ ထိုအကြောင်းပြ လေးချက်ကိုထုတ်တော်မူပြီး၍။ ဆိုအပ်ကုန် ပြီးသော နည်းအပေါင်းတို့တွင်၊ ။ အဓွေနဝါ။ အတ္တနိယေနဝါ။ ။ဟူသော ဗိုဓိကာဒိုက နည်းတပါးကိုသာ ပြတော်မူ၏။ ထိုနောင်၊ ဤပဋိသဒ္ဓါ နုပဿနာဉာဏ်ဖြင့်၊ သင်္ခါရတို့ကို သိမ်းဆည်းသော ယောဂီသည်။ အဟံ၊ မမဟူ၍၊ ယူအပ်သည်ကိုမမြင်၍။ ကြောက်ခြင်း ဘယကိုရင်း။ နှစ်သက်ခြင်း နန္ဒိကိုရင်းပယ်၍။ သင်္ခါရတို့၌၊ လျစ်လျူရှုခြင်း။ ဥဒါသိန်ဖြစ်ဟန်ကိုလည်း။ ။နဟံ၊ နတမမ၊ ဇဝံဥဒါသိနေန။ ။ဟုထုတ်ဆောင်၍ ပြတော် မူအပ်၏။ ။ ဤသို့ ဝိပဿနာ ညာဏတန္တိ စာဘမ်း၌။ နက် ၄မ်း သော အနက် အဓိပ္ပါယ်။ အကျယ်တို့မှ၊ လိုရင်း အကျဉ်းမျှကိုသာ ထုတ်ဆောင်တော်မူခြင်းကို သိအပ်၏။ ဤဗိုဓိကာဒိုက နည်း၌။ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး၏။ အနက်ယောဇနာတော်ခြင်းကား။ ။အဓွေနဝါ။ ငါ၏ကိုယ်အားဖြင့်ရင်း။ အတ္တနိယေနဝါ။ ငါ၏ဥစ္စာအားဖြင့်ရင်း။ ကောဓမ္မာ။ ထိုရုပ်နာမ်တရားတို့သည်။ အဟံ၊ ငါသည်။ န၊ မဟုတ်ကုန်။ တောဓမ္မာ၊ ထိုရုပ်နာမ်တရားတို့သည်။ မမ၊ ငါ၏။ နသန္တကာ။ ဥစ္စာစုပုံ။ မဟုတ်ကုန်။ ဇဝံ၊ ဤသို့။ ဥဒါသိနေန။ မမုန်းမချစ်။ လျစ်လျူရှုသဖြင့်။ သင်္ခါရပေက္ခာ နုပဿနံ။ သင်္ခါရတရား၊ ထိုငါးပါး၌။ ငြင်းခြားလျစ်လျူ စွဲယူမလပ်၊ သုံးသပ် ဆင်ခြင် ခြင်းသည်။ သင်္ခါရုပေက္ခာ ဉာဏံ။ သင်္ခါ ရုပက္ခာညာဏ် မည်၏။ ။ဟူ၍ ယောဇနာတော် မူလေသည်။ ထိုသို့ ယောဇနာတော် မူသည့်အတိုင်း။ ထိုရုပ်တရား, နာမ်တရားတို့သည်။ အဓွေနဝါပါဠိ၌အရ။ ငါ၏ကိုယ် မဟုတ်ဟန်ကို။ ဤသို့ သိအပ်၏။ ဥပမာ မည်သည်ကား။ ယောကျာ်းသည်။ မိဂ်ိနေဒ်ိမ်၏ အတွင်း၌ မြွေကိုမြင်၍။ ထိုမြွေသို့ အစဉ် တဒိုက်လိုက်လတ်သော်။ ထိုမြွေ၏ တည်ရာနေရာကို၊ မြင်သကဲ့သို့။ ထို အတူ ဤယောဂါဝစရ သည်လည်း။ ဤနာမ်တရား မည်သည်။ အဘယ် ကိုမှီ၍ ဖြစ်သနည်း ဟု ရှာမှီး လတ်သည့် ရှိသော်။ ထိုနာမ် တရား၏ မှီရာ ဖြစ်သော၊ ဟဒယ ရုပ်ကို မြင်၏။ ထိုနောင်မှ၊ ထိုဟဒယ ရုပ်၏

မြဲရာဖြစ်ကုန်သော။ ပထဝီ၊ အာပေါ။ တေဇောဝါယော၊ ဟူကုန်သော၊ ဘူတရုပ်တို့ကိုရင်း။ ဘူတရုပ်တို့ကို မြဲ၍ဖြစ်ကုန်သော၊ ကြွင်းကုန်သော ဉပါဒါန်ရုပ်တို့ကိုရင်း မြင်၍။ ထိုဉပါဒါန် မဟာဘုတ်တို့ကို၊ ရုပ်ဟူ၍ သိမ်းဆည်းပြီးလျှင်။ ထိုအလုံးစုံသော၊ ရုပ်ကိုတပေါင်းတည်းပြု၍။ ထို ရုပ်ဟူသမျှသည်။ အချမ်းအပူ စသည်တို့ကြောင့်။ ဖေါက်ပြန်ခြင်း ပျက် စီးခြင်းသဘောလက္ခဏာရှိ၏။ အာရုံကို မကြံတတ်၊ မယူတတ် မသိ တတ်ချေ။ ထိုရုပ်တရားအစုကား။ ခန္ဓာအားဖြင့်၊ ရူပက္ခန္ဓာ သာလျှင် တည်း။ ထိုရူပက္ခန္ဓာသည်၊ ငါဟူသော အတ္တကားမဟုတ်။ ယင်းသို့ငါဟူ သော အတ္တမဟုတ်၍။ ထိုရူပက္ခန္ဓာကို၊ ငါဟူ၍မဆိုအပ်။ ဤကဲ့သို့ ရူ ပက္ခန္ဓာသည်၊ စင်စစ်ငါ၏ကိုယ်ဟူသော၊ အတ္တ မဟုတ်ချေတော့ပြီဟူ ၍။ ရုပ်တရား၌ နှလုံးမူသဖြင့်၊ ရုပ်တရားကို အတ္တေနဝါပါဠိအရ၊ အတ္တ မဟုတ်ခြင်းကိုသိအပ်၏ ဟူသတည်း။ နာမ်တရား၌လည်း။ ထိုကဲ့သို့ပင် အတ္တေနဝါပါဠိအရ၊ အတ္တ မဟုတ်ခြင်းကို သိအပ်၏။ထိုစကားကိုထင်ရှား စေဦးအံ့။ စက္ခုဝိညာဏ်နှစ်။ သောတဝိညာဏ်နှစ်။ ဃာနဝိညာဏ်နှစ်၊ ဇိဝှါဝိညာဏ်နှစ်၊ ကာယဝိညာဏ်နှစ်၊ ဟူသော, ပဥ္စဝိညာဏ် ဖေါတ် ၁၀တ်တဆယ်၊ ပဥ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း ဒွေးဟူသော မနောဖေါတ် စိတ်သုံးခု၊ ကြွင်းသော လောကီ မနော ဝိညာဏ ဖေါတ် စိတ် ခြောက် ဆယ့် ရှစ်ခုအားဖြင့်။ ရှစ်ဆယ့်တပါးသော လောကီစိတ်၊ ထိုစိတ်တို့ နှင့်တကွ ဖြစ်သော။ ဖဿဝေဒနာစသော၊ စေတသိက်ငါးဆယ့်နှစ်ခု၊ ထိုအလုံးစုံ ကုန်သော စိတ်စေတသိက် တရားတို့ကို၊ အာရုံသို့ ညွတ် တတ်၊ ရှိုင်းတတ် ကိုင်းတတ်သော လက္ခဏာအားဖြင့်။ တပေါင်းတည်း ပြု၍၊ နာမ်တရားအစုတို့ပေတည်းဟု၊ အသီး အခြားပြု၍ ရှုရာ၏။ ထိုစ ကားမှန်၏။ ရုပ်တရားသည် အချမ်းအပူ စသည်တို့ကြောင့်။ ဖေါက်ပြန် ပျက်စီးခြင်း ရုပ္ပနလက္ခဏာရှိ၏၊ နာမ်တရားကား။ အချမ်းအပူစသည်တို့ ကြောင့်၊ ဖေါက်ပြန်ပျက်စီးခြင်း။ ရုပ္ပနလက္ခဏာ အလျှင်းမရှိ။ ဤသို့ထူး ပြား၏။ ရုပ်တရားသည်၊ အာရုံကိုမကြံတတ်၊ မယူတတ်၊ မသိတတ်။နာမ် တရားသည်ကား။ အာရုံကိုကြံတတ်၊ ယူတတ်၊ သိတတ်၏။ ဤသို့ထူး ပြား၏။ ထို့ကြောင့်။ ရုပ်၌၊ နာမ်၏သဘောမျိုးမရှိ၊ နာမ်၌၊ ရုပ်၏သဘော မျိုးမရှိ၊ ရုပ်သည်နာမ်၏သဘောမှဆိတ်၏။ နာမ်သည် ရုပ်၏ သဘောမှ ဆိတ်၏။ ယင်းသို့ ချင်းချင်းသဘော လက္ခဏာမှ ဆိတ်ခြင်း သာ လျှင်၊ မဟုတ်သေး။ ခန္ဓာ ချင်းချင်း လည်း ကွဲပြားကြ၏။ ကွဲပြား ဟန် ကား။

ရုပ်တရားအစုသည်၊ ဆိုအပ်ပြီးသည့်အတိုင်း၊ ရူပက္ခန္ဓာတည်း။ နာမ်တရားတို့တွင်၊ စိတ်ကား၊ ဝိညာဏက္ခန္ဓာတည်း။ စေတသိက် ငါးဆယ့်နှစ်ခုတို့တွင်၊ ဝေဒနာစေတသိက်ကား၊ ဝေဒနက္ခန္ဓာတည်း၊ သညာစေတသိက်ကား။ သညက္ခန္ဓာတည်း။ ကြွင်းစေတသိက် ငါးဆယ်တို့သည်၊ သင်္ခါရက္ခန္ဓာတည်း။ ဤသို့စိတ်တရား၌၊ ခန္ဓာတပါး။ စေတသိက်တရား၌ ခန္ဓာသုံးပါးအားဖြင့်။ နာမက္ခန္ဓာလေးပါးသာလျှင် ဖြစ်၏။ ထိုနာမက္ခန္ဓာလေးပါးမှတပါး၊ အခြားအတ္တမည်သော၊ သဘောတရားမျိုးဟူ၍၊တစိုးတစိ၊ အပိုအလွန်မရှိချေ။ ယင်းသို့ပင်မရှိစေကာမူ၊ နာမ်တရားကို ဖွဲ့စည်း၍ရအပ်သော၊ နာမ်ခန္ဓာလေးပါး အနက်တွင်။ ဤမည်သော နာမက္ခန္ဓာသည်ကား။ အတ္တေန။ ပုဒ်အရ၊ ငါ၏ကိုယ်ဟူသောအတ္တဖြစ်ချေသည်ဟူ၍ ဆိုပါရအောင်၊ ဘယ်တခုသော နာမ်ခန္ဓာကိုမျှလည်း အတ္တဟူ၍ ညွှန်ပြခြင်းငှါ မရအပ်။ စင်စစ်သော်ကား။ ဝိညာဏက္ခန္ဓာ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဟူသော၊ ခန္ဓာလေးပါးသာလျှင်တည်းဟု၊ ညွှန်ပြခြင်းငှါရအပ်၏။ ထို့ကြောင့်။ စိတ်စေတသိက် ဟူသော၊ နာမက္ခန္ဓာလေးပါးကို၊ ငါဟူ၍မှတ်ဆိုအပ်၊ မရအပ်လေရကား။ ဤနာမက္ခန္ဓာလေးပါးသည်၊ စင်စစ်ငါ၏ ကိုယ်ဟူသော အတ္တမဟုတ်ချေ-တော့ပြီဟူ၍၊ နာမ်တရား၌ နှလုံးမူသဖြင့်။ နာမ်တရားကို၊ အတ္တေနဝါ၊ ပါဌ်အရ၊ အတ္တမဟုတ်ခြင်းကို သိအပ်၏ဟူသတည်း။ ဤသို့လျှင် ရုပ်တရား, နာမ်တရားတို့သည်၊ ခန္ဓာဖွဲ့စည်းရာ၌၊ ခန္ဓာငါးပါးကိုသာလျှင် ရရှိ၍၊ ခန္ဓာငါးပါးမှတပါး၊ ငါဟူသော အတ္တတရားကို မရအပ်သကဲ့သို့။ ထိုအတူ။ ထိုရုပ်နာမ် တရားတို့ကိုပင်၊ အာယတနဖွဲ့စည်းရာ၌ရင်း။ ဓါတ်ဖွဲ့စည်းရာ၌ရင်း။ အာယတန၊ ဓါတ်မှတပါး၊ ငါဟူသော အတ္တတရားကို မရအပ်သည်ကိုလည်း၊ သိအပ်၏။ ဤကဲ့သို့ ရုပ်နာမ်တရားတို့၏၊ အတ္တမဟုတ်ခြင်းကို၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့်သိ၍။ အတ္တေနဝါ, ပါဌ်ဖြင့် ထိုရုပ်နာမ် တရားတို့သည်။ ငါသည် မဟုတ်ကုန်ဟူ၍ ပြဆိုအပ်သည်ကို သဘော ကျနစွာ ရှုအပ် မှတ်အပ်၏။ ။တနည်း၊ ဤသင်္ခါရုပေက္ခာဉာဏ်ဖြစ်ဆဲ ခဏ၌ပင်လျှင်။ အတ္တေနဝါပါဌ်အရ၊ ငါ၏ကိုယ် အားဖြင့်၊ ထိုရုပ်နာမ်တရားတို့သည်။ ငါမဟုတ်ကြောင်းသည်၊ အလွန် သိသာထင်ရှား၏။ ထင်ရှားဟန်ကား။ ကြောက်ခြင်း နှစ်သက်ခြင်းကိုပယ်၍။ သင်္ခါရတို့၌၊ လျစ်လျူ ရှုခြင်း ဖြစ်သော အခါ၊ မဟာကုသိုလ် တတိယမြွေး ဥပေက္ခာ သဟဂုတ်ဉာဏ သမ္ပယုတ် စိတ်အစုသာ ဖြစ်၍။ ထိုစိတ်ကို

ခန္ဓာ၅ပွဲသည်ရှိသော်။ ဝိညာဏက္ခန္ဓာ ဖွဲ့ရ၏။ ထို ဝိညာဏက္ခန္ဓာ သည်
ငါမဟုတ်။ စင်စစ်သော်ကား။ ပရမတ္ထအားဖြင့် ရအပ်သော၊ ဝိညာ
ဏက္ခန္ဓာ သာတည်း။ ဤသို့ တသ်းတသန့် ထား လင့် ဦး။ ထိုဝိညာ
ဏက္ခန္ဓာ ဟူသောစိတ်၌၊ ရှည်ကုန်သော၊ စေတသိက်တို့ကို ငဲစစ်ခဲ့သော်
ဥပေက္ခာ ဖြစ်ခြင်း၏ ပီတိကြည်သော အညသမာန်း စေတသိက် တ
ဆယ့်နှစ်၊ သောဘဏ သာဓာရဏ စေတသိက် တဆယ့်ကိုး။ ပညိန္ဒြေ
စေတသိက် တစ်အားဖြင့်၊ သုံးဆယ့်နှစ်ပါး ကုန်သော စေတသိက် တို့
ကို။ ရသင့် သည်ဖြစ်၍။ ခန္ဓာ၄ပွဲပြန်သည် ရှိသော်။ ထိုစေတသိက် သုံး
ဆယ့်နှစ်တို့တွင်။ ဝေဒနာ စေတသိက်ကား။ ဝေဒနက္ခန္ဓာ။ သညာစေ တ
သိက်ကား။ သညက္ခန္ဓာ။ ဝေဒနသညာမှကြွင်းသော၊ စေတသိက် သုံး
ဆယ်ကား။ သင်္ခါရက္ခန္ဓာ၊ ဤသို့ စေတသိက် သုံးဆယ့်နှစ်ချဉ်၊ ခန္ဓာ
သုံးပါးကိုရအပ်၏။ ထိုစေတသိက် ခန္ဓာ သုံးပါးတို့သည်။ မိမိအလျောက်
မဖြစ်စွမ်း နိုင်ကြကုန်ဘဲ။ ဝိညာဏက္ခန္ဓာ တည်း ဟူသော စိတ်ကိုမှီ၍။
ထိုစိတ်နှင့်အတူတကွ ဖြစ်ခြင်း၊ တကွချုပ်ခြင်း။ အာရုံတူခြင်း။ မှီရာတူ
ခြင်း ဟူသော အင်္ဂါလေးလီစုံညီစွာဖြစ်ကြရကုန်၏။ ဤအရာ၌၊ ဝိညာ
ဏက္ခန္ဓာ တည်းဟူသော၊ မဟာ ကုသိုလ် တတိယမြွေး ဖြစ်သော။ ဥ
ပေက္ခာ သဟဂုတ် စိတ်သည်။ မနောဝိညာဏ ဓာတ်ဖြစ်၍၊ ဟဒယရုပ်ကို
သာမှီ၍ဖြစ်၏။ ထိုစိတ်၌ မှီ၍ဖြစ်ကုန်သော၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊
သင်္ခါရက္ခခန္ဓာ၊ ဟူ၍ ဖွဲ့စည်း ရကုန်သော စေတသိက်သုံးဆယ့်နှစ်ပါး
တို့သည်လည်း။ မိမိတို့မှီရာ စိတ်အတိုင်းပင်လျှင်။ ဟဒယရုပ်ကိုသာမှီ
ရာ၊ ဝတ္ထုတူ အဖြစ်ဖြင့်မှီ၍ ဖြစ်ကြကုန်၏။ ဤသို့စိတ်စေတသိက်တရား
နှစ်ပါးတို့သည်။ ခန္ဓာအားဖြင့်၊ နာမက္ခန္ဓာ လေးပါး ဖြစ်ကြောင်း။ အမှီ
အားဖြင့်၊ ဟဒယရုပ်ကိုချည်း မှီ၍ ဖြစ်ကြောင်းကို သိပြီး၍။ ထိုနောင်မှ
ထိုစိတ်စေတသိက် ဟူကုန်သော၊ နာမက္ခန္ဓာ တရားလေးပါးတို့၏။ မှီရာ
ဖြစ်သော ဟဒယရုပ်သည်ရင်း။ ထိုဟဒယရုပ်၏ မှီရာမဟာဘုတ်သည်
ရင်း။ ရူပက္ခန္ဓာမည်၏ ဟူ၍သိရာ၏၊ ဤသို့ သိပြီးသော ယောဂီသည်။
သင်္ခါရုပေက္ခာဉာဏ်၏ ဖြစ်ဆဲကာလ အခိုက်အတံ့ ခဏမျှကိုပင် ထင်
ရှားရှိသော ပရမတ္ထဘရား အစုအပုံကိုခွဲခြမ်း စိတ်ဖြာ၍၊ ပညာဖြင့်ရှု
ဆင်ခြင်သည်ရှိသော်၊ စင်စစ်အားဖြင့်။ ခန္ဓာငါးပါးကိုသာလျှင်၊ ရအပ်
မြင်အပ်၏၊ ခန္ဓာငါးပါးမှတပါး၊ အတ္တမည်သော တစုံတခုသော၊သဘာ
ဝမျိုးကို၊ တပိုးတစိမျှ ပရမတ္ထအဖြစ်ဖြင့် မရအပ် မမြင်အပ်ချေ။ ဤသို့

ပိုင်ပိုင်နိုင်နိုင်ဉာဏ်ဖြင့်။ မြင်စွမ်းနိုင်သိနိုင်ရာ၏။ ယင်းသို့ သိနိုင်ခဲ့လေပြီးတကား၊ အဘယ်မှာလျှင်၊ ငါဟူသော ကိုယ် အားဖြင့်။ ထိုရုပ်နာမ် တရားတို့သည်၊ ဖြစ်နိုင်ကုန်ပါအံ့နည်း။ မဖြစ်နိုင်ကုန်တော့သည်သာတည်း။ ထိုကြောင့်၊ ပရမတ္ထအမြင်ဖြင့်၊ မြင်အောင်ရှုဆင်ခြင်မှု။ အတွေ့နဝါ,ပါဠိ၌၊ ကျကျနနသဘောနှစ်ချက်၊ ပူးပိုက်နိုင်မည်ကား။ မချွတ်ရာတော့ သတည်း။ ထိုစကားဒွန်၏၊ ပရမတ္ထဉာဏ်အမြင် ရှိသောသူသည်၊ အတ္တဟူသည်ကိုထားဘိဦး။ ဇာတ္တိပုရိသဟူ၍၊ ဘုရားသျှင် ဟောစကာမှု။ ဝေါဟာရ ဒေသနာအလိုဖြင့်သာ ဟောတော်မူခြင်း ဖြစ်သည်။ ပရမတ္ထဒေသနာအားဖြင့်။ စင်စစ်အတ္တိပုရိသ မဟုတ် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သာဟူ၍ရှု၏။ ထို့ကြောင့်၊ ပရမတ္ထဉာဏ်မရှည်သော၊ ဗာလပုထုဇဉ်အပေါင်းသည်၊ အကြင်မိန်းမ ယောကျ်ားဟူသော။ ဇာတ္တိပုရိသ၏အဖြစ်ကို၊ ဇာတ္တိပုရိသ၏အဖြစ်ဖြင့်ရှု၏ ထင်မြင်၏။ ထိုဗာလပုထုဇဉ်တို့ရှုအပ်၊ ထင်မြင်အပ်သော၊ ဇာတ္တိပုရိသ အဖြစ်ကိုကား။ ပရမတ္ထဉာဏ်အမြင်ရှိသော ကလျာဏ ပုထုဇဉ် အရိယာအရှင်တို့သည်။ ထိုကဲ့သို့၊ ဇာတ္တိပုရိသဟူ၍ ရှုအပ်မြင်အပ်သည်မဟုတ်။ စင်စစ်သော်ကား၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့၏ အစုအပုံသာဟူ၍ ရှုမြင်တော် မူကုန်၏။ ထိုကဲ့သို့အရိယာအရှင်၊ ကလျာဏ ပုထုဇဉ်တို့ ရှုအပ်မြင်အပ်သော ခန္ဓာငါးပါးရုပ်နာမ် တရားသာဟူသော အရှု အမြင် မျိုးကိုလည်း။ ဗာလပုထုဇဉ် ပရမတ္ထဉာဏ်မဝင်သူ အပေါင်းသည်ကား။ ကောင်းစွာပိုင်ပိုင် ထိုကဲ့သို့ မရှုမမြင်နိုင်ဘဲ၊ ဇာတ္တိပုရိသဟူ၍ သာရှု၏။ထင်မြင်၏။ ဤသို့လျှင် ပရမတ္ထ တရားကို၊ ပိုင်းခြားထင်ထင်၊ မရှုမမြင်တတ်၍။ ပရမတ္ထတရား၌ တွေဝေသောပုထုဇဉ်ကို။ စင်စစ်သဖြင့်။ သမုဒ္ဒယသတ္တာ တဏှာတည်းဟူသော ကြိုးဖြင့်မြဲစွာ၊ ဖွဲ့အပ် ချည်နှောင် အပ်၏။ ထိုသို့သော သမုဒယကြိုးဖြင့် ဖွဲ့အပ်။ ချည်နှောင်အပ်သော ပုထုဇဉ်သည်။ ဒုက္ခသစ္စာ တည်းဟူသော သံသရာဝဋ်မှ။ မကျွတ်နိုင် မလွတ်နိုင်ရာဟူ၍၊ ရှေးဆရာ မြတ်တို့ ဆိုတော် မူကြကြောင်းဖြင့် သတိ ပဋ္ဌာန ဝိဘင်း အဋ္ဌကထာကြီး၌။ မိန့်တော်မူအပ်၏။ ထို့ကြောင့်၊ ထိုအဋ္ဌကထာကြီး၌။ ၊ယံပဿတိနတံဒိဋ္ဌံ ယံဒိဋ္ဌံတံနပဿတိ၊ အပဿံဗဇ္ဈတေမူဠော၊ ဗဇ္ဈမာနောနမုစ္စတိ။ ၊ ဟူ၍မိန့်တော်မူအပ်၏။ ။ယံ။ အကြင်မိန်းမ ယောကျ်ား စသည်၏ အဖြစ်ကို၊ ဇနော။ ပရမတ်ကိုတတ်အပ်ထင်ထင် မသိမမြင်သော။ ဗာလပုထုဇဉ်သည်။ ပဿတိ။ ယောကျ်ား မိန်းမဟူ၍ပင်ရှုမြင်၏။ တံ၊ပုတုဇဉ်တို့

ရှုမြင်အပ်သော။ မိန်းမ ယောကျ်ားစသည်၏ အဖြစ်သည်။ နဒိဋ္ဌံ။ မုချ ဆတ်ဆတ်၊ ပရမတ္ထအားဖြင့်၊ ရှုအပ်မြင်အပ်သည်မဟုတ်။ ယံ၊ အကြင်ငါ သူတပါး။ ယောကျ်ား မိန်းမ မဟုတ်။ နာမ်ရုပ် အစရှိသော အဖြစ်ကို။ ဒိဋ္ဌံ။ မုချဆတ်ဆတ် ပရမတ္ထအားဖြင့် ရှုအပ် မြင်အပ်၏။ တံ၊ ထိုပရမတ္ထ အားဖြင့်။ ရှုအပ်မြင်အပ်သော၊ နာမ်ရုပ်အစရှိသော အဖြစ်ကို။ ဇနော၊ ပရမတ်ကို။ မတတ် မမြင် မကျွမ်း ကျင်သော။ ဗာလ ပုထုဇဉ်သည်။ နပဿတိ၊ မရှုမထင် မမြင်နိုင်။ အပဿံ၊ အပဿန္တော။ ရုပ်နာမ်စသော ပရမတ္ထတရားကို။ ဉာဏ်သွားပိုင်ပိုင်၊ မရှုမမြင်နိုင်သော။ မုဠှော၊ ပရမတ္ထ တရား၌။ တွေဝေသော ပုထုဇဉ်ကို။ ဗန္ဓတေ၊ သမုဒယသစ္စာ။ တဏှာ တည်းဟူသောကြိုးဖြင့်။ မြဲစွာဘွဲ့အပ်ချည်အပ်၏။ ဗန္ဓမာနော၊ သမုဒယ သစ္စာ။ တဏှာကြိုးဖြင့်။ ခိုင်မြဲအောင်၊ တုတ်နှောင်ရစ်တည်း။ ဘွဲ့စည်း ချည်အပ်သော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ နမုစ္စတိ၊ ဒုက္ခသစ္စာ။ သံသရာဝဋ် မှ၊ မကျွတ်မလွတ်နိုင်။ ။ဤသို့ ဆိုတော်မူသည်ကို ထောက်၍။ ပရမတ် အမြင်၊ ပညတ်အမြင်၊ နှစ်ပါးရှိကြောင်း။ ထို နှစ်ပါးတွင်။ ကလျာဏ ပုထုဇဉ်အရိယာ အရှင်တို့သည်။ ပရမတ် အမြင်ဖြင့်သာ ရှုလေ့ရှိကြ ကြောင်း။ ယင်းသို့ရှုရာတွင်၊ ငါ၏ ကိုယ်ဟူသော အတ္တကို ရှုမြင်ရန် မ ဆိုထား။ ယောကျ်ား မိန်းမ စသည်၏ အဖြစ်မျှကိုလည်း။ ဉာဏ်ဖြင့် မရှု ကြကြောင်း။ ရှု၍လည်းမရကြောင်းများကို။ သိကြွား နားလည်ရသဖြင့်။ အဠွေနဝါ, ပါဠ်အရ။ အဘာသ်မှာသျှင်၊ အတ္တမည့်သောတရား။ ထင်ရှား ရှိနိုင်ပါအံ့နည်းဟု၊ သဘောနှစ်ချက်၊ နှလုံးပိုက်ရာတော့၏။ ထိုမှတပါး ပရမတ္ထဓမ္မ၌၊ မကျွမ်းကျင်မှ။ နာမ်ရုပ်ကိုမျှ မထင်ဘဲ။ ဗုဒ္ဓိပုရိသ စ သည်ဖြင့်၊ ရှုမြင်လေ့ ထင်လေ့ ရှိသော ပုထုဇဉ်ကို မူကား။ သမုဒယ သစ္စာ တဏှာကြိုးဖြင့်။ ပြင်းစွာ နှောင်ဘွဲ့ အပ်သည်ဖြစ်၍။ ထိုပုဂ္ဂိုလ် သည်။ ခန္ဓာအာယတန ဓာတ်တို့၏။ မပြတ်ဖြစ်ရာ၊ ဒုက္ခ သစ္စာဟူသော။ သံသရာဝဋ်မှ၊ မလွတ်မြောက် နိုင်ကြောင်း များကို။ ကြားသိ မှတ်နာရ ၍လည်း။ သတိသံဝေဂပြုံကုန်လျက်။ ပရမတ္ထဉာဏ်အမြင်ဖြင့်၊ မိမိတို့၏ ကိုယ်ကို။ ရှုနိုင်စေခြင်းငှါ။ လုလ္လကြိုးကုတ်၊ အားထုတ်ကုန်ရာ၏။ အား ထုတ်နိုင်ကြ ပါစေကုန်သဘည်း။ ။ဤကား။ အဠွေနဝါ, ပါဠ်ကို ဖွင့် ဆိုရာ၌၊ ငါ၏ကိုယ် မဟုတ်ဟန်ကို ဆိုခြင်းပေတည်း။ ။

အတ္တနိယေနဝါ, ပါဠ်၏အရ။ ထိုနာမ်ရုပ် တရားတို့သည်။ ငါ၏ဥစ္စာ အားဖြင့် မဖြစ်ဟန်ကား။ အဠွေနဝါပါဠ်၌၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်

ငါ၏ ကိုယ်ဟူသော အတ္တတရားမျှ မရှိခဲ့သော်။ ထိုနာမ်ရုပ် တရားတို့သည်။ အဘယ်မှာလျှင်၊ ငါ၏ဥစ္စာဟူသော အတ္တနိယ၏အဖြစ်ဖြင့် တည်ရှိနိုင်တော့အံ့နည်း။ မရှိနိုင်ကုန်ရာသည် သာတည်း။ ထိုစကားမှန်၏။ ငါ၏ ကိုယ်ဟူသော အတ္တရှိသော်သာလျှင်။ ထိုအတ္တ၏ ဥစ္စာဖြစ်သော အတ္တနိယသည် ရှိကောင်း၏။ အတ္တမှ ရှေးမဆွ၊ ပဌမက မရှိခဲ့လေတပြီးကား။ အတ္တနိယသည် မရှိသင့် မရှိကောင်း လေတော့ပြီ။ ထို အကြောင်းကိုကား။ ဓမ္မပဒပါဠိတော်ဗာလဝဂ်၊ အာနန္ဒသေဋ္ဌိဝတ္ထု၌၊ ဘုရားမြတ်စွာ ဟောတော် မူခြင်းကို ထောက်ရှု၍ သိအပ်၏။ ဟောတော် မူဟန်ကား ပုတ္တမတ္ထိ ဓနမတ္ထိ။ ဣတိဗာလောဝိဟညတိ။ အတ္တာဟိ အတ္တနော နတ္ထိ။ ကုတောပုတ္တာ ကုတောဓနံ။ ။ဟူသည်တည်း။ ။အနက်ယောဇနာကား။ ။မေ၊ ငါ့အား။ ပုတ္တာ၊ သားသည်။ အတ္ထိ၊ ရှိ၏။ မေ၊ ငါ့အား။ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဗာလော၊ ခန္ဓာငါးတန် ရုပ်နာမ်နှစ်ရပ်၊ ပရမတ်ကို။ မတတ်မမြင်၊ ဗာလပုထုဇဉ်သည်။ ဝိဟညတိ။ အာသာတဏှာတမ်း။ စိတ်စွဲလန်းသဖြင့်။ ပင်ပမ်းဆင်းရဲရ၏။ ပန၊ ထိုသို့ သားနှင့်သမီး။ ပစ္စည်း ဥစ္စာကို။ အာသာတဏှာတမ်း၊ စိတ်စွဲ လန်း၍။ ပင်ပမ်းဆင်းရဲရသော်လည်း။ ပရမတ္ထတော၊ မုချဆတ်ဆတ်။ ပရမတ္ထအားဖြင့်။ အတ္တနော။ ပညတ် ခေါ်ဆို။ မိမိကိုယ် ဟူသော အတ္တအား။ အတ္တာဟိ၊ အတ္တဧဝ။ အတ္တမည်သော တရားသည်ပင်လျှင်။ နတ္ထိ၊ မုချမသွေ၊ မရှိချေ။ အထ၊ ထိုသို့ အတ္တတရား မရှိငြားဘဲလျက်။ ကုတောပုတ္တာ။ အဘယ် မှာလျှင်၊ အတ္တနိယဟူဘိ။ ရင်နှစ်သား ရှိပါအံ့နည်း။ ကုတောဓနံ၊ အဘယ်မှာလျှင်။ အတ္တနိယဟူဘိ။ ဥစ္စာ ရှိပါအံ့နည်း။ နတ္ထိဧဝ။ ဧကန်တိတိ၊ မရှိဘော့သည် သာလျှင်တည်း။ ။ဤသို့ ဟောတော်မူအပ်သည်ကိုထောက်ရှု၍။ အတ္တနိယေနဝါ, ပါဠိဖြင့်။ ထိုရုပ်နာမ် တရားတို့သည်။ ငါ၏ ဥစ္စာ အစုအပုံ မဟုတ်ကုန် ဟူသည်ကို ပြဆိုခြင်း၌။ သဘောနှစ်ချက်။ နှလုံးပိုက်ဘွယ် ထင်ရှားဖှလေပြီ။ ဤကား။ အတ္တေနဝါ။ အတ္တနိယေနဝါ, ပါဠိကို။ ဖွင့်ဆိုခြင်း ပေတည်း။ ။ယင်းကဲ့သို့ သင်္ခါရုပေက္ခာဉာဏ်ဖြစ်၍။ ထက်မြက် သန့်ရှင်းသည်၏ အဖြစ်။ ရင့်သည် အဖြစ်ဖြင့်။ သင်္ခါရ တို့၌၊ လျစ်လျူ ရှုခြင်း ဖြစ်လတ်သော်။ ထိုသင်္ခါရုပေက္ခာဉာဏ်သည်။ အနိစ္စအားဖြင့်ရင်း။ ဒုက္ခအားဖြင့်ရင်း။ အတ္တအားဖြင့်ရင်း။ သင်္ခါရတရားတို့ကို။ အဖန်တလဲလဲ၊ အကြိမ်များစွာ ရှု၍။ ရင့်ခြင်းသို့ရောက်သဖြင့်။ အနုလောမဉာဏ် ဟူသော အာသေဝန၊ ပစ္စည်း။

အဆုံးထောက်အပင့်ကိုရ၍၊ ဂေါ်တြဘုဉာဏ်၏၊ အဖြစ်သို့ရောက်၍၊ ပုပန်ခပ်သိမ်း။ ငြိမ်းအေးရာဖြစ်သော၊ အမတ ဓါတ်ဟု ဆိုအပ်သော၊ နိဗ္ဗာန်ကို။ ငြိမ်သက်သော၊ သန္တိလက္ခဏာအားဖြင့်။ အကယ်၍ရှုမြင်အံ့။ ထိုသို့ရှုမြင်သောအခါ၌။ အလုံးစုံကုန်သော သင်္ခါရတို့၌။ ဖြစ်ခြင်းအာရုံကို စွန့်လွှတ်၍။ ဂေါ်တြဘု။ ဟူသောအမည်ထူးကို ရရှိသည် အားလျော်စွာ။ နိဗ္ဗာန်သို့သာလျှင် သက်ဝင်ပြေးသွား၏။ ထိုသင်္ခါရုပေက္ခာဉာဏ်သည် အကြင်ရှေ့လောက် ဂေါ်တြဘု၊ ဖြစ်စွမ်းနိုင်လောက်အောင်၊ မရင့်မကျက်သေးသည်ဖြစ်၍ နိဗ္ဗာန်ကိုအာရုံမပြုနိုင်သေး။ ထို၍လောက်သင်္ခါရတရားတို့၌။ အာရုံရှိသည်သာလျှင်ဖြစ်၍။ သင်္ခါရုပေက္ခာဉာဏ်၏ အဖြစ်ဖြင့်မူကား။ အဖန်ဖန် အထပ်ထပ်၊ သာလျှင်ဖြစ်၏။ ဥပမာမည်သည်ကား။ သမုဒ္ဒရာကိုကူးကုန်သော သင်္ဘောသားတို့၏ အရပ်မျက်နှာကို သိစေသော, ဒိသာကာကမည်သော၊ ကျီးငှက်ကဲ့သို့တည်း။ ထိုစကားကိုထင်ရှားစေဦးအံ့။ သမုဒ္ဒရာကိုကူးကုန်သော။ ကုန်သည် တို့သည်။ သင်္ဘောထက်သို့ တက်ကုန်သည်ရှိသော်။ အရပ်မျက်နှာကို သိသော။ ဒိသာကာကမည်သော၊ ကျီးငှက်မည်သည်ကို။ ဆောင်ယူကြကုန်၏။ ထိုသင်္ဘောသားတို့သည်။ လေအဟုန်ဖြင့်လွှင့်အပ်သည်ဖြစ်၍။ သင်္ဘောသည်။ သမုဒ္ဒရာဝယ်၊ မလေ့ကျက် မရောက်ဘူးသောအရပ်သို့၊ အကြင်အခါပြေးသွား၏။ ကမ်းခြေသည် မထင်၊ ထိုအခါ ဒိသာကာက မည်သော၊ ကျီးငှက်ကို လွှတ်ကြကုန်၏။ ထိုကျီးငှက်သည်၊ လင်းယဉ်တိုင်ဖျားမှ ကောင်းကင်သို့ပျံ၍။ အလုံးစုံတို့ရှုဖြစ်သောအရပ်။ အထောင့်ဖြစ်သောအရပ်သို့။ အစဉ်သဖြင့် ပျံလေ၍။ ကမ်းကို အကယ်၍ မြင်သည်ဖြစ်အံ့။ ထိုမြင်ရာကမ်းသို့သာလျှင် ပျံသွား၏။ အကယ်၍ရှေ့ ကမ်းကိုမမြင်တုန်အံ့။ အဖန်တလဲလဲပြန်၍။ လင်းယဉ်တိုင်၌သာလျှင်၊ နားလာပြန်၏ သို့။ ထိုအတူသာလျှင်။ သင်္ခါရုပေက္ခာဉာဏ်သည်။ ပုပန်ခပ်သိမ်း, ငြိမ်းအေးရာဖြစ်သော၊ အမတဓါတ်ဟုဆိုအပ်သော။ နိဗ္ဗာန်ကို၊ ငြိမ်သက်သော သန္တိလက္ခဏာအားဖြင့်။ အကယ်၍မြင်သည်ဖြစ်အံ့။ အလုံးစုံသော သင်္ခါရ၌ဖြစ်ခြင်း။ အာရုံကိုစွန့်လွှတ်၍။ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်၏။ အကယ်၍၊ နိဗ္ဗာန်ကို မမြင်အံ့။ အဖန်တလဲလဲ။ သင်္ခါရအာရုံရှိသည်သာလျှင်ဖြစ်၏။ ဤအရာ၌ ဒိသာကာကမည်သော ကျီးငှက်နှင့် သင်္ခါရုပေက္ခာဉာဏ်၊ လင်းယဉ်တိုင်နှင့်၊ သင်္ခါရအာရုံ။ အရပ်မျက်နှာနှင့် နိဗ္ဗာန်။ ဤသို့အကျဉ်းချုပ်ဥပမာ ဥပမေး တူဟန်ကိုသိ။ ထိုကဲ့သို့နိဗ္ဗာန်ကို

သိစွမ်းနိုင်သော။ ဂေါတြဘုအဖြစ်သို့ မရောက်သေး၍။ ဤသင်္ခါရလျှင် အာရုံရှိသော။ သင်္ခါရုပေက္ခာဉာဏ်သည်။ မန်းစကောများ၌ မုံ့ညက်ကို တီးပြာ ဆင့်ဗိုင်းသကဲ့သို့ရင်း။ ထုတ်အပ်သောအစေ့ရှိသော ဝါဂွမ်းဆိုင်ကို လေးငယ်ဖြင့်၊ ပစ်ခတ်သကဲ့သို့ရင်း။ ခပ်သိမ်းကုန်သော သင်္ခါရဘရေးတို့ကို။ အထူးထူး အပြားပြားအားဖြင့် သိမ်းဆည်း၍။ ကြောက်ခြင်းကိုရင်း။ နှစ်သက်ခြင်းကိုရင်းပယ်၍။ သင်္ခါရတို့ကို စိစစ်ခြင်း၌။ လျစ်လျူရှုသည်ဖြစ်၍။ အနိစ္စနုပဿနာဉာဏ်ဖြင့်ရင်း။ ဒုက္ခာနုပဿနာဉာဏ်ဖြင့်ရင်း။ အနတ္တာနုပဿနာဉာဏ်ဖြင့်ရင်း။ ဤသို့သုံးပါးအပြားရှိသော။ အနုပဿနာဉာဏ်၏ အစွမ်းအားဖြင့် တည်၏။ ဤသို့သုံးပါးအပြားရှိသော၊ အနုပဿနာဉာဏ်၏ အစွမ်းအားဖြင့် တည်သော သင်္ခါရုပေက္ခာဉာဏ်သည်။ ရင့်ကျက်သည်ဖြစ်၍၊ အနိမိတ္တဝိမောက္ခ။ အပဏိဟိတဝိမောက္ခ။ သုညတဝိမောက္ခ၊ တည်းဟူသော။ သုံးပါးအပြားရှိသော ဝိမောက္ခ၏။ အဖြစ်သို့ရောက်၍။ ခွန်နှစ်ယောက် ကုန်သော အရိယာပုဂ္ဂိုလ်တို့ကို ဝေဘန် ခွဲခြမ်းခြင်း၏ အကြောင်းသည် ဖြစ်၏ ထိုစကားရပ်၌၊ သုံးပါးသော အနုပဿနာဉာဏ်၏ အစွမ်း အားဖြင့်။ သုံးပါးသော ဝိမောက္ခ၏အဖြစ်သို့။ ရောက်ဟန်ကား။ အနုပဿနာသုံးပါးတို့တွင်၊ အနိစ္စာနုပဿနာအားဖြင့်၊ ရှုဆင်ခြင်သော ယောဂီသည်။ သဒ္ဓိန္ဒြေများ၏။ ယင်းသို့ သဒ္ဓိန္ဒြေများသောကြောင့်။ အနိမိတ္တဝိမောက္ခကို ရ၏၊ ဒုက္ခာနုပဿနာအားဖြင့်။ ရှုဆင်ခြင်သော ယောဂီသည်။ ပဿဒ္ဓိများ၏။ ယင်းသို့ ပဿဒ္ဓိ များသောကြောင့်။ အပဏိဟိတ ဝိမောက္ခကိုရ၏။ အနတ္တာနုပဿနာအားဖြင့် ရှုဆင်ခြင်သော ယောဂီသည်။ ပညိန္ဒြေများ၏။ ယင်းသို့ ပညိန္ဒြေများသောကြောင့်။ သုညတ ဝိမောက္ခကိုရ၏။ ထိုကဲ့သို့ သဒ္ဓိန္ဒြေ။ သမာဓိန္ဒြေ။ ပညိန္ဒြေ သုံးပါးတို့၏။ ကြီးမှူးကဲမိုး။ သမ္ပယုတ်တို့ကို။ အစိုးရသည်၏၊ အစွမ်းဖြင့်။ သုံးပါးအပြားရှိသော၊ ဝိမောက္ခမုခ၏။ အဖြစ်သို့ရောက်သည်မည်၏။ ဤအနက်ကို ရည်မှတ်တော်မူ၍။ ။ တိဏ္ဏံ ဣန္ဒြိယာနံ အဓိပတေယျ ဝသေနတိ ဝိဓဝိမောက္ခ ဘာဝံအာပဇ္ဇတိနာမ။ ။ဟူ၍အဋ္ဌကထာ၌ မိန့်တော်မူလေပြီ။ ။တိဏ္ဏံ။ သုံးပါးကုန်သော။ ဣန္ဒြိယာနံ၊ သဒ္ဓိန္ဒြေ။ သမာဓိန္ဒြေ။ ပညိန္ဒြေတို့၏။ အဓိပတေယျဝသေန။ သမ္ပယုတ်တရားတို့ကို။ အစိုးရသည့်၏ အစွမ်း အားဖြင့်။ တိဝိဓဝိမောက္ခဘာဝံ၊ သုံးပါးအပြားရှိသော၊ ဝိမောက္ခမုခ၏ အဖြစ်သို့။ အာပဇ္ဇတိနာမ။ ရောက်သည်မည်၏။ ။ဤသို့ယောဇနာ။ ။

၎ဝိမောက္ခ သုံးပါးအရာ၌။ အနိမိတ္တ ဝိမောက္ခ ဟူသည်ကား။ အနိစ္စဟူ၍ရှုသဖြင့်။ အလုံးစုံသော သင်္ခါရနိမိတ်မှ၊ ကင်းခြင်းကြောင့်။ အနိမိတ္တအခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ဖြစ်သော၊ အရိယာမဂ်တည်း။ ထိုအရိယာ မဂ်သည်။ အနိမိတ္တ ဖြစ်သော။ အသင်္ခတ ဓာတ်၌ အာရုံပြုသောအားဖြင့်၊ ဖြစ်သည်၏အဖြစ်ကြောင့်။ အနိမိတ္တမည်၏။ ကိလေသာမှလွတ်သည်၏ အဖြစ်ကြောင့်လည်း။ ဝိမောက္ခ မည်၏။ ထိုဗျုပ္ပတ်နှစ်ရပ်ကိုစွဲ၍။ ထိုအရိယာမဂ်ကို၊ အနိမိတ္တ ဝိမောက္ခဟူ၍ ဆိုအပ် သည်ကို သိလင့်။ ၎နည်းဖြင့်သာလျှင်။ အပ္ပဏိဟိတ ဝိမောက္ခ ဟူ သည်ကို၊ ဒုက္ခဟူ၍ရှုသဖြင့်။ တဏှာတည်းဟူသော၊ တောင့်တခြင်း။ ပဏိဓိမှကင်းခြင်းကြောင့်။ အပ္ပဏိဟိတ အခြင်းအရာအားဖြင့်။ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော အရိယာမဂ်ဟူ၍သိ။ သုညတဝိမောက္ခဟူသည်ကို။ အနတ္တဟူ၍ရှုသဖြင့်။ အတ္တမှဆိတ်ခြင်းကြောင့်။ သုညတာကာရ အခြင်းအရာအားဖြင့်။ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော။ အရိယာမဂ် ဟူ၍သိ။ ဝိမောက္ခဟူရာ၌ကား။ ရှေးအနိမိတ္တ ဝိမောက္ခပုဒ်၌၊ ဆိုအပ်ပြီးသော နည်းအတူ။ ကိလေသာမှလွတ်သည်၏ အဖြစ်ကြောင့်၊ ဝိမောက္ခ မည်ခြင်းကိုသိ။ ၎သို့ ဝိမောက္ခ သုံးပါးတို့၏။ အထူး အပြားကိုသိရာ၏။ ။၎ကားသုံးပါး အပြားရှိသော၊ အနုပဿနာဖြင့် တည်သော။ သင်္ခါရုပေက္ခာ ဉာဏ်သည်၊ အနုလောမ ဉာဏ်ဟူသော၊အာသေဝန ပစ္စည်း အထောက်အပံ့ကို ရသဖြင့်၊ ရင့်ကျက်သည်ဖြစ်၍။ ယောဂီ ပုဂ္ဂိုလ်အား၊ သုံးပါး အပြားရှိသော ဝိမောက္ခ၏ အဖြစ်သို့ရောက်စေခြင်း၌ မှတ်ဘွယ်။ ။

သုံးပါးသော အနုပဿနာ ဉာဏ်၏ အစွမ်းအားဖြင့် တည်သော၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည် ပင်လျှင်။ ခုနစ်ယောက် ကုန်သော၊ အရိယာပုဂ္ဂိုလ်တို့ကို၊ ခွဲခြမ်း ဝေဘန်ခြင်းငှါ အကြောင်းဖြစ်၏ ဟူ၍ဆိုခဲ့ရာ၌။ အရိယာခုနစ်ယောက်ဟူသည်ကား ။

သဒ္ဓါနုသာရီ ပုဂ္ဂိုလ်။ ။သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်။ ။ကာယသက္ခိ ပုဂ္ဂိုလ်။ ။ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်။ ။ဓမ္မာနုသာရီ ပုဂ္ဂိုလ်။ ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်။ ။ပညာဝိမုတ္တ ပုဂ္ဂိုလ်။ ။အားဖြင့်။ ၎ခုနစ်ယောက် ကုန်သော ပုဂ္ဂိုလ်တို့ကို။ ဝေဘန်ခြင်းငှါ၊ ၎သင်္ခါရုပေက္ခာဉာဏ်သည်။ အကြောင်းဖြစ်၏ ဟူလိုသည်။ ဖြစ်ပုံကား၊ အကြင်ယောဂီသည်။ အနိစ္စအားဖြင့်ရှု၍။ သဒ္ဓါများသည်ဖြစ်၍၊ လွန်ကဲသော၊ သဒ္ဓိန္ဒြေကိုရ၏။ ထိုယောဂီသည်။ သောတာပတ္တိ မဂ်ခဏ၌။ သဒ္ဓါသို့ အစဉ်လိုက်သော၊

သဒ္ဓါနုသာရီ ပုဂ္ဂိုလ်မည်၏။ သောတာ ပတ္တိဖိုလ်။ သကဒါဂါမိမဂ်။ သကဒါဂါမိဖိုလ်။ အနာဂါမိမဂ်။ အနာဂါမိဖိုလ်။ အရဟတ္တမဂ်။ အရဟတ္တဖိုလ်၊ ဟူကုန်သော။ ခွန်နှစ်ဋ္ဌာနတို့၌။ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်မည်၏။

အကြင်ယောဂီ သည်ကား။ ဒုက္ခအားဖြင့်ရှု၍။ ပဿဒ္ဓိ များသည် ဖြစ်၍။ လွန်ကဲသောသမာဓိန္ဒြေကိုရ၏။ ထိုယောဂီသည်၊ အလုံးစုံရှစ်ဋ္ဌာနတို့၌။ ကာယသက္ခိ ပုဂ္ဂိုလ်မည်၏။ ။အကြင်ယောဂီသည်ကား။ အရူပဈာန်သို့ ရောက်၍။ ထိုအရူပ ဈာန်မှထ၍၊ အရဟတ္တဖိုလ်သို့ရောက်၏။ ထိုယောဂီသည်၊ ဥဘတောဘာဂ ဝိမုတ္တိ မည်၏။ ။အကြင် ယော ဂီ သည်ကား။ အနတ္တအားဖြင့် ရှုသည်ဖြစ်၍၊ ပညာများရကား။ လွန်ကဲသောပညိန္ဒြေကိုရ၏။ ထိုယောဂီသည်။ သောတာပတ္တိမဂ်ခဏ၌။ ဓမ္မာနုသာရီမည်၏။ ဤအရာ၌ပညာကို ဓမ္မဟူ၍။ အလိုရှိအပ်၏။ သစ္စံဓမ္မောဓိတိစာဂေါ၊ စသည်တို့၌၊ ဓမ္မသဒ္ဒါကဲ့သို့မှတ်။ ထို့ကြောင့် ဓမ္မာနုသာရီဟူသည်၊ ပညာနုသာရီပင်ဟူလို၏။ ။အလယ်ခြောက်ဋ္ဌာနတို့၌၊ ဒိဋ္ဌိပတ္တ ပုဂ္ဂိုလ်မည်၏။ အရဟတ္တ ဖိုလ်၌ကား။ ပညာ ဝိမုတ္တ ပုဂ္ဂိုလ် မည်၏။ ။အကျဉ်း ချုပ်သော်ကား။ အနိစ္စာ နုပဿနာ၏ အစွမ်းအားဖြင့် သဒ္ဓါနုသာရီ၊ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် နှစ်ယောက်၊ ဒုက္ခာ နုပဿနာ၏ အစွမ်းအားဖြင့်။ ကာယသက္ခိ၊ ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ် နှစ်ယောက်။ အနတ္တာနုပဿနာ၏ အစွမ်းအားဖြင့်။ ဓမ္မာ နုသာရီ၊ ဒိဋ္ဌိပတ္တ၊ ပညာဝိမုတ္တ ပုဂ္ဂိုလ်သုံးယောက်။ ဤသို့သုံးပါးသော အနုပဿနာ၏ အစွမ်း အားဖြင့်။ တည်သော။ သင်္ခါ ရုပေက္ခာ ဉာဏ်သည်ပင်လျှင်။ ခွန်နှစ်ယောက်ကုန်သော။ အရိယာပုဂ္ဂိုလ်တို့ကို ခွဲခြမ်း ဝေဘန်ခြင်းငှါ။ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ အကြောင်းဖြစ်ဟန်ကို သိအပ်၏။ အကျယ်ကိုကား။ သုဒ္ဓိမဂ် အဋ္ဌကထာ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၌ရှု။ ။

ယခုအခါ။ ဘယဉာဏ် အစရှိသော ပုရိမဉာဏ်။ ဂေါတြဘု အစရှိသော ပစ္ဆိမ ဉာဏ်တို့နှင့်တကွ၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို ထင်စွာပြခြင်းငှါ၊ တဆယ့်နှစ်ပါးကုန်သော၊ ဥပမာတို့ကိုသိအပ်ကုန်၏။ ထိုဥပမာတို့၏အစဉ်ကား။ ။

ဝဂ္ဂုလိ၊ကဏှာသပ္ပေါစဃရံဂေါယက္ခိဒါရကော။ ခုဒ္ဒံ ပိပါသံ, သီတုဏှံ၊ အန္ဓကာရံ, ဝိသေနစာတိ။ ။ဟူသည်တည်း။ ။

ဝဂ္ဂုလိ၊ လင်းနို့ရင်း။ ကဏှသပ္ပေါ၊ မြွေဟောက်ရင်း။ စဃရံ။ မီးလောင်သောအိမ်ရှင်ယောကျ်ားရင်း။ ဂေါ၊ နွားရင်း။ ယက္ခိ၊ဘီလူးရင်း။

ဒါရကော၊ သတိုးသားသူငယ်ရင်း။ ဥဒ္ဒံ၊ အစာငတ်မွတ်သောသူရင်း။ ပိပါသံ၊ ရေသိပ်သောသူရင်း။ သိတံ၊ အချမ်းဖြင့်နှိပ်စက်သောသူရင်း။ ဥဏှံ၊ အပူဖြင့်နှိပ်စက်သောသူရင်း။ ဝိသေန အဆိပ်သင့်သောသူနှင့် တကွ။ အန္ဓကာရဉ္စ၊ အမိုက်တိုက်ဖြင့် နှိပ်စက်သောသူရင်း။ ။ဇာတိ၊ ဤသည်လျှင်၊ ဥပမာတို့၏ အစဉ်တည်း။ ။ထိုဥပမာအစဉ်တို့တွင်။ လင်းနို့ဥပမာကား။ တကောင်သော လင်းနို့သည်။ ဤသစ်ပင်၌ အပွင့်ကိုရင်း။ အသီးကိုရင်း။ ရအံ့ဟုနှလုံးပိုက်၍။ ခက်မငါးဖြာရှိသော၊ သစ်မည်စည်ပင်၌။ ဝင်နား၍၊ တခုသော သစ်ကိုင်းကို ရုံစမ်းရှာဖွေလတ်သော်။ ထိုသစ်ကိုင်း၌ တရုံတခုသော အပွင့်အသီးကို သုံးစားရန် ယူအပ်သည်ကိုမမြင်။ ယင်းသို့မမြင်၍။ ဤသစ်ကိုင်းကား။ အသီးအပွင့်မရှိသော သစ်ကိုင်းတည်းဟုစွန့်၍။ နှစ်ခုမြောက်သော သစ်ကိုင်းကိုရင်း။ သုံးခုမြောက်သော သစ်ကိုင်းကိုရင်း။ လေးခုမြောက်သော သစ်ကိုင်းကိုရင်း။ ငါးခုမြောက်သော သစ်ကိုင်းကိုရင်း။ စုံစမ်းရှာဖွေပြန်သော်၊ တစုံတခုသောအသီးအပွင့်ကိုမျှမမြင်။ ယင်းသို့မမြင်၍။ ထိုလင်းနို့သည်။ ဤသစ်ပင်ကား။ အသီးမရှိလေစွတကား။ ဤသစ်ပင်၌ သုံးစားရန် ယူအပ်သော တစုံတခု အသီးအပွင့် မရှိချေစွတကား၊ ထိုသစ်ပင်၌ တတ်စွမ်းခြင်း အာလယကိုစွန့်၍။ ဖြောင့်ဖြောင့် တက်သော အလယ်ခက်မသို့ တက်ပြီးလျှင်။ အခွကြားဖြင့်၊ ဥက္ကောင်းကိုဖေါ်၍။ အထက်သို့ ရှုမြော်ခါ၊ ကောင်းကင်သို့ပျံတက်၍။ တပါးသောအသီးရှိသော သစ်ပင်၌နား၍။ ချမ်းသာစွာနေလေ၏။ ထိုဥပမာစကားရပ်၌၊ သုံးစားရန် အသီးအပွင့်ကို အလိုရှိသော လင်းနို့ကဲ့သို့။ ယောဂါဝစရပုဂ္ဂိုလ်ကို မှတ်အပ်၏။ ခက်မငါးဖြာရှိသော သစ်မည်စည်ပင်ကဲ့သို့။ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို မှတ်အပ်ကုန်၏။ ထိုသစ်မည်စည်ပင်၌။ လင်းနို့၏ နားခြင်းကဲ့သို့။ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၌။ ဝိပဿနာရှုခြင်း။ နှလုံးသွင်းခြင်းကို မှတ်အပ်၏။ ထိုလင်းနို့၏ တခုသော သစ်ကိုင်းကို ရုံစမ်းရှာဖွေလတ်သော် ထိုသစ်ကိုင်း၌။ သုံးစားရန်ယူအပ်သော တစုံတခုသော အသီးအပွင့်ကို မမြင်၍။ ကြွင်းသောသစ်ကိုင်းကို သုံးသပ်ရှာဖွေသကဲ့သို့။ ယောဂီ၏။ ရူပက္ခန္ဓာကိုသုံးသပ်၍။ ထိုရူပက္ခန္ဓာ၌ တစုံတခုယူအပ်သော၊ အဇ္ဈတ္တ၊ အတ္တနိယ၊ နိစ္စ၊ သုခ၊ စသည်ကိုမမြင်၍။ ကြွင်းသော ဝေဒနက္ခန္ဓာကိုရင်း။ သညာက္ခန္ဓာကိုရင်း။ သင်္ခါရက္ခန္ဓာကိုရင်း။ ဝိညာဏက္ခန္ဓာကိုရင်း။ သုံးသပ်ခြင်းကိုမှတ်အပ်၏။ ထိုလင်းနို့၏။ ဤသစ်ပင်သည်၊ အသီးမရှိလေစွ

တကားဟု၊ သစ်ပင်၌ကပ်ငြိခြင်း။ အာလယကို စွန့်သကဲ့သို့။ ယောဂီပုဂ္ဂိုလ်၏ ငါးပါးကုန်သော ခန္ဓာတို့၌။ အနိစ္စလက္ခဏာ စသည်ကို မြင်ခြင်း၏ အစွမ်းအားဖြင့်၊ ငြီးငွေ့သည်ဖြစ်၍။ မုဉ္စိတုကမျတာ အစရှိသော ဥာဏ်သုံးတန်ဖြစ်ခြင်းကိုမှတ်အပ်၏။ ထိုလင်းနို့၏ ဖြောင့်ဖြောင့် တက်သော အလယ်ခက်မ အကိုင်းထက်သို့ တက်သကဲ့သို့။ ယောဂီ၏၊ အနုလောမဥာဏ်ကိုမှတ်အပ်၏။ လင်းနို့သည် သစ်ခွကြားဖြင့်၊ ဥက္ကောင်းကို ပေါ်၍။ အထက်သို့ ရှုမြော်သကဲ့သို့။ ဂေါတြဘုဥာဏ်ကို မှတ်အပ်၏။ ကောင်းကင်သို့ ပျံတက်သကဲ့သို့၊ မဂ်ဥာဏ်မှတ်အပ်၏။ တပါးသောအသီးရှိသော သစ်ပင်၌ ဝင်နား၍ ချမ်းသာစွာနေလေသကဲ့သို့၊ ဖိုလ်ဥာဏ်ကိုမှတ်အပ်၏။ ။လင်းနို့ဥပမာပြီး၏။ ။

မြွေဟောက်ဥပမာကိုကား။ ပဋိသင်္ခါနုပဿနာဥာဏ် အဖွင့်၌။ ဆိုအပ်ခဲ့ပြီး ဖြစ်သော်လည်း။ ကြည့်ရှုသူတို့၊ သုံးသပ်လွယ်ကူ စိမ့်သောငှါ။ သိသာရုံမျှဆိုဦးအံ့။ ။တယောက်သော ယောကျ်ားသည်။ ငါးဘမ်းအံ့ဟု။ ငါးဆောင်းကိုကိုင်၍။ ရေကန်၌ချ၍ ဆောင်းလေ၏။ ထိုယောကျ်ားသည်။ ဆောင်းဝဖြင့်နှိုက်၍။ စမ်းသပ်လေသော်။ ရေအတွင်း၌ လည်ရေးသုံးဆင့်ရှိသော၊ မြွေကိုဆုပ်မိ၍။ ငါးကိုဘမ်းမိပြီဟု။ ဆောင်းကိုကြွ၍ ကြည့်ရှုလတ်သော်။ လည်ရေးသုံးဆင့်ကိုမြင်ရ၍။ မြွေဟူ၍သိသဖြင့်။ ကြောက်လန့်တုန်လှုပ်လျက်။ အပြစ်ကိုမြင်၍။ မြွေကိုကိုင်ခြင်း၌။ စက်ဆုပ်ငြီးငွေ့၍။ မြွေမှလွတ်အံ့သော အကြောင်းကိုပြုအံ့ဟု။ အမြီးဖျားမှကိုင်၍။ ဥက္ကောင်းထက် နှစ်ပတ်သုံးပတ်လှည့်၍။ မြွေအားနည်းသောအခါလမှ၊ ဟယ်မြွေဆိုးမြွေပျက်၊ သွားလေလောဟု လွှတ်လိုက်ပြီးလျှင်။ အဆောတလျှင်၊ကန်ပေါင်ရိုးသို့တက်၍။ ငါသည် မြွေ၏ ခံတွင်းမှလွတ်ပေပြီဟု။ ဝမ်းမြောက်ဝမ်းသာ မိမိလာခဲ့သော ခရီးလမ်းကိုရှုမြော်တမ်းလျက်ရပ်၏။ ထိုဥပမာစကားရပ်၌၊ ငါးဘမ်းသမား ယောကျ်ား၏။ ငါးဟူသောအမှတ်ဖြင့်။ မြွေ၏၊ လည်ကိုကိုင်ဆုပ်လျက်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်သော အခါကဲ့သို့၊ ဤယောဂါဝစရ၏။ အစမှသာလျှင်၊ အတ္တဘောကိုရ၍။ ငါ၏ကိုယ်၊ ငါ၏ဥစ္စာ၊ ငါ၏ဥာတိမိတ္တပရိဝါရ၊ ပရိက္ခရာဟုထင်မှတ်လျက်။ နှစ်လိုဝမ်းသာခြင်းကို မှတ်အပ်၏။ ငါးဘမ်းသမား ယောကျ်ားသည်။ ဆောင်းကိုပေါ်ထုတ်၍။ ကြည့်လတ်သော်။ လည်ရေးသုံးဆင့်ရှိသော မြွေကိုမြင်သကဲ့သို့။ ဤယောဂီပုဂ္ဂိုလ်၏။ တခဲနက်သောကိုယ်ကို။ အသီးအသီး၊ ပထဝီ အာပေါ စသည်ဖြင့်။

ခွဲခြမ်း၍။ သင်္ခါရတရားတို့၌။ အနိစ္စ ဒုက္ခ၊ အနတ္တ၊ ဟူသော လက္ခဏာရေးသုံးပါးကို။ ဉာဏ်ဖြင့် မြင်ခြင်းကို မှတ်အပ်၏။ ငါးဖမ်းသမား ထိုယောကျ်ား၏။ မြွေမှန်း သိ၍ ကြောက်ရွံ့သော အခါကဲ့သို့။ ဤယောဂီပုဂ္ဂိုလ်အား၊ သင်္ခါရတို့၌။ ကြောက်ခြင်း ဘယဉာဏ် ဖြစ်ခြင်းကို မှတ်အပ်၏။ ထိုနောင်မှ မြွေ၏အဖြစ်ကို မြင်သကဲ့သို့။ ဤယောဂီ ပုဂ္ဂိုလ်၏၊ အာဒီနဝါနုပဿနာဉာဏ် ဖြစ်ခြင်းကို မှတ်အပ်၏၊ မြွေကိုကိုင်၍ ထားရခြင်း၌။ စိတ်ငြီးငွေ့ သကဲ့သို့။ နိဗ္ဗိဒါနုပဿနာဉာဏ် ဖြစ်ခြင်းကို မှတ်အပ်၏။ မြွေကို လွှတ်ခြင်းငှါ အလိုရှိသကဲ့သို့။ မုဉ္စိတုကမျတာဉာဏ် ဖြစ်ခြင်းကိုမှတ်အပ်၏။ လွှတ်ခြင်း၏အကြောင်း ဥပါယ်ကို ပြုသကဲ့သို့။ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့်၊ သင်္ခါရတို့၌။ လက္ခဏာရေး သုံးပါးသို့ တင်ခြင်းကို မှတ်အပ်၏။ မြွေကိုစွန့်လွှတ်ခြင်းကဲ့သို့။ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏။ လွှတ်ပြီး၍ မိမိလာခဲ့သော ခရီးလမ်းကို ရှုမြှော် တမ်းလျက်။ ရပ်တန့်နေခြင်းကဲ့သို့။ မဂ်ဉာဏ်ဖြစ်ခြင်းကိုမှတ်အပ်၏။ ငါးဘမ်းသမား ထိုယောကျ်ားသည်။ တပါးအရပ်သို့သွား၍။ ဘေးလွတ်ရာ အရပ်၌၊ နေသကဲ့သို့။ မဂ်ဉာဏ်၏အခြားမဲ့၌၊ ဥပါဒ်သော ဖိုလ်ဉာဏ်ကိုမှတ်အပ်၏၊ ။

မြွေဟောက်ဥပမာပြီး၏။ ။

မီးလောင်သော အိမ်၏ ဥပမာကား။ အိမ်ရှင် ယောကျ်ားသည်။ ညချမ်းအခါ ထမင်းစားပြီး၍။ အိပ်ရာသို့ဝင်၍ အိပ်ပျော်နေစဉ်။ အိမ်ကိုမီးလောင်၏။ ထိုယောကျ်ားသည် နိုး၍။ တောက်လောင်သော မီးကို မြင်လတ်သော်။ ကြောက်လန့် တကြားဖြင့်၍၊ ကိုယ်ကို မီးမကျူး မလောင်မီ၊ ငါသည် အကယ်၍ထွက်ရမှုကား။ ကောင်းလေမှု ဘကားဟု၊ ထွက်ရာအရပ်ကို ကြည့်ရှုသည် ရှိသော်။ ခရီးလမ်းကို မြင်၍၊ အဆော တလျှင်ထွက်လတ်ပြီးလျှင်။ ဘေးကင်းရာ အရပ်သို့သွား၍၊ ချမ်းသာစွာ နေလေ၏။ ထိုဥပမာ စကား ရပ်၌။ အိမ်ရှင်ယောကျ်ား၏ ထမင်းသုံးစားပြီး၍၊ အိပ်ရာသို့သက်ဝင်၍၊ အိပ်ပျော်ခြင်းသို့ ရောက်သကဲ့သို့။ ဗာလပုထုဇဉ်၏ ခန္ဓာပဉ္စကာ၌။ အဟံမမဟူ၍၊ စွဲလန်းမှတ်ထင်ယူငင်ခြင်းကို မှတ်အပ်၏။ နိုး၍ မီးကို မြင်သော်။ ကြောက်လန့် တကြား ဖြစ်သော အခါကဲ့သို့။ ကောင်းသောအကျင့်ကိုကျင့်၍။ သုံးပါးသော လက္ခဏာကို မြင်၍။ ဘယတုပဋ္ဌာနဉာဏ် ဖြစ်ခြင်းကို မှတ်အပ်၏။ ထွက်ရာခရီးကို ကြည့်ရှုခြင်းကဲ့သို့။ မုဉ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏။ ထွက်ရာ ခရီးလမ်းကို မြင်သကဲ့သို့။ အနုလောမ ဉာဏ်ကို မှတ်အပ်၏။ မီးလောင်သော အိမ်မှ

ထွက်ခြင်းကဲ့သို့။ ဂေါတြဘုဉာဏ်ကိုမှတ်အပ်၏။ လျှင်သောအဟုံဖြင့် ပြေးသွားခြင်းကဲ့သို့၊ မဂ်ဉာဏ်ကိုမှတ်အပ်၏။ ဘေးမရှိသောအရပ်၌ ချမ်းသာစွာနေလေသကဲ့သို့။ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။ မီးလောင်ဥပမာပြီး၏။ ။

နွားလား ဥသဘ ဥပမာကား။ တယောက်သော လယ်လုပ်သားယောက်ျား၏ ညဉ့်အချိန်၌ အိပ်ပျော်စဉ်။ ခြံကိုဖေါက်၍၊ နွားတို့သည် ပြေးကုန်သတတ်။ ထိုယောက်ျားသည်၊ မိုးသောက်ထ အခါ၌။ ထိုနွားခြံကိုသွား၍၊ ကြည့်ရှုသည်ရှိသော်။ ထိုခြံရှိ နွားတို့၏ ထွက်ပြေး ကြသော အဖြစ်ကို သိ၍၊ ခြေရာခံလျက် အစဉ် အတိုင်း လိုက်လေသော်။ မင်း၏ နွားတို့ကိုမြင်၍၊ ထိုနွားတို့သည်။ ငါ၏နွားတို့ပင်တည်းဟု၊ မိမိနွားအမှတ်ဖြင့် ဆောင်ယူခဲ့၍၊ မိုးသောက်ထ ကာလ၌၊ ကြည့်ရှု လေသော်။ ဤနွားတို့သည်၊ ငါ၏ နွား မဟုတ်ကုန်။ မင်း၏ နွားတို့သာ တည်းဟု၊ ကောင်းစွာသိ၍၊ အကြင်၍လောက်၊ ဤသူသည် သူခိုးတည်းဟု ငါ့ကို ဘမ်းယူ၍၊ မင်းချင်းယောက်ျား တို့သည်၊ ငါ့အား အကျိုးမဲ့ ပျက်စီးခြင်းသို့ မရောက်စေကြကုန်သေး။ ထို၍လောက် ငါသည်၊ ထွက်ပြေးအံ့ဟု၊ မင်းဘေးမှ ကြောက်သည်ဖြစ်၍။ နွားတို့ကို စွန့်ပစ်၍၊ လျှင်သောအဟုန်ဖြင့်ပြေးသွား၍၊ မင်းဘေးမရှိရာ အရပ်၌။ ချမ်းသာစွာ နေလေ၏။ ယိုဥပမာစကားရပ်၌၊ ငါ၏ နွားတို့ပေတည်းဟု၊ မင်း၏ နွားတို့ကို ဘမ်းယူခြင်းကဲ့သို့။ ဗာလ ပုထုဇဉ်၏၊ အဟံမမဟူ၍၊ ခန္ဓာတို့ကို စွဲလမ်းယူခြင်းကို မှတ်အပ်၏။ မိုးသောက်ထ အခါ၌၊ ကြည့်ရှု လေသော်။ ငါ၏ နွားတို့မဟုတ်ကုန်။ မင်း၏နွားတို့သာတည်းဟု၊ ကောင်းစွာသိခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ သုံးပါးသော လက္ခဏာ၏ အစွမ်းအားဖြင့်။ ခန္ဓာတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ သိခြင်းကို မှတ်အပ်၏။ ကြောက်ရွံ့သော အခါကဲ့သို့၊ ဘယတုပဋ္ဌာန၊ ဉာဏ်ဖြစ်ခြင်းကို မှတ်အပ်၏။ စွန့်လွှတ်၍ သွားခြင်းငှါ အလိုရှိသောအဖြစ်ကဲ့သို့၊ မုဉ္စိတုကမျတာ ဉာဏ် ဖြစ်ခြင်းကို မှတ်အပ်၏။ စွန့်လွှတ် ခြင်းကဲ့သို့။ ဂေါတြဘု ဉာဏ်ကို မှတ်အပ်၏။ တိမ်းရှောင်ထွက်ပြေး သကဲ့သို့၊ မဂ်ဉာဏ်ကို မှတ်အပ်၏။ တိမ်းရှောင်ထွက်ပြေး၍၊ ဘေးမရှိရာ အရပ်ဒေသ၌ ချမ်းသာစွာ နေရလေသကဲ့သို့ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။ ။နွားပျောက်ဥပမာပြီး၏။ ။

ဘီလူးဥပမာကား။ တယောက်သော ယောက်ျားသည်။ ဘီလူးမနှင့် တကွ၊ အိမ် ရာ ထောင် ခြင်း ကို ပြုသတတ်။ ထိုဘီလူး မသည်။ ဤယောက်ျား အိပ်ပျော်ပြီဟု သိ၍၊ သူကောင်ခစ်ရာ၊ သုသာန်သို့ သွား၍။

အစဉ်မပြတ် လူသားကိုစား၏ အခါ တပါး၌၊ လင်ယောကျ်ားဖြစ်သောသူသည်။ အိမ်ရာမှ နိုးလတ်၍၊ မိန်းမသည် ဘယ်သို့ သွားလေသနည်းဟု အစဉ်တစိုက် လိုက်လေသော်၊ သုသာန်၌ လူသားကို စားလျက်နေသည်ကို မြင်ရ၍၊ ထိုမိန်းမ၏ ဘီလူးမအဖြစ်ကိုသိ၍၊ အကြင်ရွှေ့လောက်ငါ့ကို မစားသေး။ ထိုရွှေ့လောက် ငါသည် ပြေးအံ့ဟု ကြောက်လန့်သည်ဖြစ်၍၊ လျှင်သောအဟုန်ဖြင့် ပြေးသွား၍၊ ဘေးကင်းရာအရပ်၌၊ ချမ်းသာစွာတည်နေလေ၏။ ထိုဥပမာစကားရပ်၌၊ ဘီလူးမနှင့်တကွ အိမ်ရာထောင်ခြင်းကဲ့သို့။ ခန္ဓာတို့ကို အဟံ မမ။ ဟူ၍ စွဲလမ်းယူငင်ခြင်းကို မှတ်အပ်၏။ သုသာန်၌ လူသားစားလျက်နေသည်ကိုမြင်ရ၍၊ ဤမိန်းမကား။ လူ သားစင်စစ်မဟုတ်။ ဘီ လူးမတည်းဟု သိခြင်းကဲ့သို့။ ခန္ဓာတို့၏ သုံးပါးသော လက္ခဏာကိုမြင်၍ အနိစ္စ၊ အစရှိသည်၏ အဖြစ်ကို သိခြင်းကို မှတ်အပ်၏။ ကြောက်လန့်သော အခါကဲ့သို့။ ဘယတုပဋ္ဌာနဉာဏ်ကိုမှတ်အပ်၏။ ထွက်ပြေးခြင်းငှါ၊ အလိုရှိသောအဖြစ်ကဲ့သို့။ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ သုသာန်ကို စွန့်လွှတ်ခြင်းကဲ့သို့။ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏။ လျှင်သောအဟုန်ဖြင့် ပြေးသွားခြင်းကဲ့သို့။ မဂ်ဉာဏ်ကိုမှတ်အပ်၏။ ဘေးမရှိသောအရပ်၌ ချမ်းသာစွာ တန့်ရပ်တည်နေခြင်းကဲ့သို့။ ဖိုလ်ဉာဏ်ကို မှတ်အင်၏။ ။ ဘီလူးဥပမာပြီး၏။ ။

သတိုးသားငယ်ဥပမာကား။ တယောက်သော မိန်းမသည် သား၌ ချစ်ခြင်းပြင်းစွာ မြတ်နိုး တနာ ရှိသတတ်။ ထိုမိန်းမသည် ပြာသဒ်အထက်၌ နေလျက်သာလျှင်၊ ခရီးအကြား၌ သတိုးသားငယ်၏ ဝိသံကိုကြားရ၍၊ ငါ၏သား ကို တစုံတယောက်သော သူသည်။ ညှင်းဆဲအပ်လေသလောဟု။ အဆောတလျင် သွား၍ မိမိ၏ သားဟူသော အမှတ်ဖြင့်။ သူတပါး၏သားကို ပိုက်ပွေ့ချီယူ၏။ ထိုမိန်းမသည် နောက်မှသေချာစေ့ငု၊ ကောင်းစွာကြည့်ရှုလေသော်၊ ဤသတိုးသား ... ား။ ငါ၏သားမဟုတ်။ သူတပါး၏သားသျှင်တည်းဟု၊ ကောင်းစွာသိ၍ ထိပ်လန့်ရုံ့နိုးလျက် ထိုမှဤမှကြည့်၍ ငါ့ကို တစုံတယောက်သောသူသည်၊ ဤမိန်းမကား။ သတိုးသားငယ်ကို၊ ခိုးယူသော ခိုးသူမတည်းဟု၊ ကဲ့ရဲ့သပြံ့ုတ်အပြစ်မဒပါပါစေနှင့်ဟူ၍။ ထိုခဏ်းအကြား၌ပင်လျှင် ချထားခဲ့၍၊ တဖန်အဆောတလျင် ပြာသဒ်သို့ တက်၍နေလေ၏။ ထိုဥပမာ စကားရပ်၌။ မိမိ၏သားဟူသော အမှတ်ဖြင့်၊ သူတပါး၏ သားကို ပိုက်ပွေ့ ချီယူ

သကဲ့သို့။ အဟာံမမဟူ၍၊ ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တို့ကို။ စွဲလမ်းခြင်းကို မှတ်အပ်၏။ ဤသူငယ်ကား။ သူတပါးသားဟူ၍ သိခြင်းကဲ့သို့။ သုံးပါးသောလက္ခဏာ၏ အစွမ်းအားဖြင့်၊ နဟာံ။ အဓိပ္ပါယ်ကား။ ငါမဟုတ်ဟူ၍ရင်း။ နမမ။အဓိပ္ပါယ်ကား။ ငါ၏ဥစ္စာ မဟုတ်ဟူ၍ရင်း။ သိခြင်းကို မှတ်အပ်၏။ သတိုးသားငယ်ကို ခိုးသောခိုးသူမဟု ဆိုအပ်သည်မှကြောက်ခြင်းကဲ့သို့။ တေဘူမကတရားတို့ကို ကြောက်အပ်သော အဖြစ်ဖြင့်ထင်သော၊ ဘယတုပဋ္ဌာနဉာဏ်ကိုမှတ်အပ်၏။ ထိုမှဤမှ အရပ်သို့သျှင်။ ကြည့်ရှုသကဲ့သို့။ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ ထိုဝိုက်ပွေ့ချီယူရောခင်း၌ သာလျှင်၊ သတိုးသားကို ပစ်ချထားသကဲ့သို့။ အနုလောမဉာဏ်ကို မှတ်အပ်၏။ ချထားပြီး၍ ခရီးအကြား၌ တည်သောကာလကဲ့သို့။ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏။ ပြသာဒ်သို့တက်သကဲ့သို့။ မဂ်ဉာဏ်ကို မှတ်အပ်၏။ ပြသာဒ်သို့တက်၍ ချမ်းသာစွာနေခြင်းကဲ့သို့။ ဖိုလ်ဉာဏ်ကိုမှတ်အပ်၏။ ။သတိုးသားငယ်ဥပမာပြီး၏။ ။

ထမင်းမွတ်သောသူ၊ ရေသိပ်သောသူ၊ အချမ်းနှိပ်စက်သောသူ အပူနှိပ်စက်သောသူ၊ အဆိပ်သင့်သောသူ၊ အမိုက်တိုက်ဖြင့် နှိပ်စက်သောသူ၊ ဤဥပမာ ခြောက်ရပ်တို့ကို။ အရိယာမဂ်သို့ ဆိုက်ရောက်သော။ ပုဗ္ဗဘာဂဖြစ်သော ဝိပဿနာ၌ တည်သောယောဂီအား။ လောကုတ္တရာတရားသို့ ရှေးရှုဆွတ်သည်၏အဖြစ်၊ ငိုင်းသည်၏အဖြစ်၊ ကိုင်းသည်၏အဖြစ်ကိုပြခြင်းငှါ ဆိုအပ်ကုန်၏။ ထိုစကားကိုထင်ရှားစေဦးအံ့။ထမင်းမွတ်သိပ်ခြင်းဖြင့် ပြင်းစွာ နှိပ်စက်အပ်သည်ဖြစ်၍။ အလွန် ငတ်မွတ်သောယောကျ်ားသည် မြိန်မြတ်ကောင်းမွန် အရသာရှိသော ဘောဇဉ်ကို။ တောင့်တဘိသကဲ့သို့။ ထိုအတူ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၌ဖြစ်သော ငတ်မွတ်ခြင်းဖြင့်။ နှိပ်စက်အပ်သော ဤရောဂါ ဝစရသည် အမြိုက်အရသာရှိသော ကာယဂတာ သတိဟူသော ဘောဇဉ်ကိုသာ တောင့်တ၏။ ။ဤကာယဂတာသတိအရကို အရိယာမဂ်နှင့် ယှဉ်သော သမာသတိကိုယူ။ ။

သာပနေဒ္ဓ မဂ္ဂသမ္ပယုတ္တာ သမ္မာသတိ။ ။ဟူ၍မဟာဋီကာဖွင့်သည်ကိုရှု။ ။ပန။အထူးကိုးပြအံ့။ ဧတ္ထ။ဤအရာ၌၊ သာ၊ ထိုကာယဂတာသတိဟူသည်၊ မဂ္ဂသမ္ပယုတ္တာ။ မဂ်နှင့်ယှဉ်သော။ သမ္မာသတိ။သမ္မာသတိတည်း။ ။ဤကား ယောဇနာ။ ။

ထိုမှတပါး ရေသိပ်သော ယောကျ်ားသည်။ ခြောက်တတ်သော

လည်ချောင်းခံတွင်း ရှိသည်ဖြစ်၍။ များစွာသော အဆောက်အဦးရှိသော အဖျော်ယမကာ၊ သောက်ဖွယ်ကိုသာ။ တောင့်တဘိ သကဲ့သို့။ ထိုအတူ သံသရာဝဋ်ဆင်ရဲတည်းဟူသော ရေသိင်ခြင်းခြင့် ပြင်းစွာနှိပ်စက်အပ်သည်ဖြစ်၍။ ပူဆာခြောက်ခြားသော။ ဤယောဂါဝစရသည် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်တည်းဟူသော။ ရသာသုံးလွှန် မွန်မြတ်သော အဖျော်ကိုသာတောင့်တ၏။ ။

ထိုမှတပါး အချမ်းဘေးဖြင့်၊ နှိပ်စက်သော ယောကျ်ားသည်၊ အပူကိုတောင့်တဘိသကဲ့သို့။ ထို့အတူ သံသရာဝဋ်၌ချစ်တပ်။ လွန်စွာ တဏှာတည်း ဟူသော အချမ်းအေး သီတဘေးဖြင့် နှိပ်စက်အပ်သော။ ဤယောဂါဝစရသည်။ ထိုကဲ့သို့ ချစ်တပ် လွန်စွာ ကိလေသာ တည်းဟူသော ချမ်းအေးခြင်းကို။ ကောင်းစွာပြင်းထန် ပူပန်စေဘတ်သော၊ အရိယာမဂ်တည်းဟူသော မီးကိုသာတောင့်တ၏။ ။

ထိုမှတပါး အပူဖြင့်၊ နှိပ်စက်အပ်သော ယောကျ်ားသည်။ အချမ်းကိုသာတောင့်တဘိသကဲ့သို့။ ထို့အတူ သံသရာဝဋ်၌၊ ရာဂဂ္ဂိစသောမီး တဆယ့် တပါးတို့ဖြင့်။ ပြင်းစွာ တောက် လောင်ခြင်းကို ခံရသော။ ဤယောဂါဝစရ ပုဂ္ဂိုလ်သည်။ ထိုရာဂဂ္ဂိစသော မီးတဆယ့်တပါးတို့၏၊ ငြိမ်းရာဖြစ်သော၊ နိဗ္ဗာန်ကိုသာလျှင်တောင့်တ၏။ ။

ထိုမှတပါး၊ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော အမိုက် မှောင်ဖြင့် နှိပ်စက်အပ်သော၊ ယောကျ်ားသည်။ အလင်းကို တောင့်တဘိသကဲ့သို့။ ထိုအတူ မောဟလျှင် တရေး ကိုယ်ရှိသော။ အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ဖြင့်။ ဖုံးလွှမ်းရုံပတ်၊ ထက်ဝန်းကျင်မှ၊ မွေးယှက်အပ်သော။ ဤယောဂါဝစရသည်။ မဂ်ဉာဏ်ဖြင့်၊ ဖြီးသော အရောင် အလင်းကိုသာ တောင့်တ၏။ ။

ထိုမှတပါး၊ အဆိပ်သင့်၍၊ အဆိပ် ဘေး ဖြင့် နှိပ်စက် အပ် သော ယောကျ်ားသည်။ အဆိပ်ကို ပယ်ဖျောက် တတ်သော ဆေးကို တောင့်တဘိသကဲ့သို့။ ထိုအတူ၊ ကိလေသာဟူသော အဆိပ်ဖြင့်၊ နှိပ်စက်အပ်သော၊ ဤယောဂါဝစရ ပုဂ္ဂိုလ်သည်။ တထောင့်ငါးရာ၊ ကိလေသာ ဟူသောအဆိပ်ကို၊ နှိမ်နင်းဖျက်ဆီးနိုင်သော၊ အမတသမိုက်၊ အမြိုက်ဆေး ဟုဆိုအပ်သော။ နိဗ္ဗာန်ကိုသာတောင့်တ၏။ ။

ဤဥပမာစကားရပ်တို့ကို။ ဘယဉာဏ်မှစ၍ အမှတ်မရှိသော ဉာဏ်၌ တည်၍။ ထုတ်ဆောင်ခြင်း၄ါ၊ သင့်လျော်ကုန်သော်လည်း။ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏။ အရာ၌ဆောင်အပ်ကုန်သည်ရှိသော်၊ ဘယဉာဏ်မှစ၍ ဖိုလ်ဉာဏ်တိုင်အောင်။ အလုံးစုံသော ဉာဏ်ကိစ္စသည် ထင်ရှားခြင်းဖြစ်၏။ ထို့ကြောင့်၊ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏၊ အရာ၌သာလျှင်။ ယခင် ဥပမာတို့ကို၊ အဋ္ဌကထာ ဆရာ ဆောင် တော် မူ သည် ဟု သိလင့်။ ။ ဤမျှ အတိုင်း အရှည် ရှိသော၊ ဝိပဿနာ အစဉ်ဖြင့်။ သင်္ခါရုပေက္ခာ ဝိပဿနာဉာဏ် နှင့် ပြည့်စုံသော၊ ဤယောဂီပုဂ္ဂိုလ်သည်။ ဘဝယောနိ ဂတိ စသည်တို့မှ၊ တွန့်လိပ်သော စိတ်ရှိသည်၏ အဖြစ်ဖြင့် ကျင့်တတ် သည်ဖြစ်၍။ ပဋိလိနစရ ပုဂ္ဂိုလ်မည်လေတော့သည်။ ထို့ကြောင့်အဋ္ဌ ကထာ၌။ ။

ပဋိလီနစရဿဘိက္ခုနော။ ဘဇမာနဿ ဝိဝိတ္တမာနသံ။ သာမဂ္ဂိယ။ မာဟုတဿတံ။ ယောအတ္တာနံဘဝနေ၊ န၊ ဒဿယေ။ ။ဟူ၍ပါဠိတော် သာဓကကို ဆောင်တော်မူ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဘိက္ခု၊ သံသရာဘေး။ လာမည့်ရေးကို။ မြော်တွေး ထင်မြင်၊ ရှုဆင်ခြင်သော။အ ကြင်ပုဂ္ဂိုလ်သည်။ ဘဝနေ၊ ကာမ၊ ရူပ၊ အရူပဘုံ၊ မည်ရထင်ရှား။ ဘုံသုံး ပါး၌။ အတ္တာနံ၊ မိမိအတ္တ သဘောကို။ နဒဿယေ၊ နဒဿယေယျ။အဖန် တလဲလဲဖြစ်ခြင်းအားဖြင့်၊ မျက်ဝါးထင်ထင်၊ မပြမမြင်ရာ။ ဝိဝိတ္တ မာနသံ၊ ကာယဝိဝေက၊ စိတ္တဝိဝေက၊ နှစ်ဌာန၌ရှည်သောစိတ်သို့။ ဘဇမာနဿ၊ အမြဲမပြတ်၊ မှီဝဲ ဆည်းကပ်သော၊ ပဋိလီနစရဿ။ ဘဝသုံးပါးမှ။ ဘဲ သွားလိုအင်။ ကြောက်ငြင်ရှုံ့ထိပ်။ တွန့်လိပ်သော စိတ်ရှိသည်၏။အဖြစ် ဖြင့် ကျင့်နိုင်ပေသော။ တဿဘိက္ခုနော၊ သံသရာဘေး၊ လာမည့်ရေး ကို။ မြော်တွေးရှုလို။ ထိုပုဂ္ဂိုလ်အား။ တံအဒဿနံ၊ ထိုဘုံသုံးပါး၌။မျက် ဝါးထင်ထင်။ မိမိအတ္တဘောကို။ နစ်နေဆင်ခြင်သဖြင့်။ မထင်မပြ။ မ မြင်ရခြင်းကို။ သာမဂ္ဂိယံ။ ကောင်းကျိုးမြင့်မြတ်။ လျောက်ပတ်သင့်တင့် လှ၏ဟူ၍။ အာဟ၊ ဘုရားမြတ်စွာ။ အရိယာတို့။ ကောင်းစွာအားရမ်း။ ဘဝင်လွှမ်းအောင်။ ချီးမွမ်းနှစ်လို။ မိန့်ဆိုတော်မူကြကုန်၏။ ။

ဤသို့ဟောတော် မူသည်ကို ထောက်ရှု၍၊ ဘုရားသျှင်တို့ကြည်လင် ရွှင်လန်း ချီးမွမ်းတော်မူကြခြင်း။ မိမိအကျိုးလည်း၊ ပွားတိုးနိုင်ဖြစ်း။ အ လွန် ကြီးမြင့်ခြင်းတို့ကို။ မြော်ရှု၍၊ သင်္ခါရုပေက္ခာ ဉာဏ်သို့၊ ငါတို့

ရောက်စေကုန်အံ့ဟု ဖြောင့်မတ်တည်တံ့။ ခိုင်ခန့်သော၊ သမာဓိဘာရေး အခရင်းထားလျက်။ဝိပဿနာတရားကို ပွါးများကုန်ရာသတည်း။ ။

သင်္ခါရုပေက္ခာဉာဏ်ကိုဖွင့်ပြသည်ကားပြီး၏။ ။

သင်္ခါရုပေက္ခာဉာဏ်၏ အခြားမဲ့၌။ သစ္စာနုလောမဉာဏ်ကို ဆိုပေအံ့။ သစ္စာနုလောမဉာဏ်ဟူသည်။ ခန္ဓာငါးပါးလက္ခဏာရေး သုံးပါးကို အာရုံပြု၍ ဖြစ်သောဉာဏ်တည်း။ ထိုဉာဏ်၏ဖြစ်ဟန်ကား။ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီးသော၊ ယောဂီသည်။ ထိုသင်္ခါရုပေက္ခာဉာဏ်ဖြင့်။သင်္ခါရတို့ကို။ ။

ဣမေသင်္ခါရာအနိစ္စာ၊ ။ဟူ၍ရှင်း။ ။
ဣမေသင်္ခါရာဒုက္ခာ။ ။ဟူ၍ရှင်း။ ။
ဣမေသင်္ခါရာ အနတ္တာ။ ။ဟူ၍ရှင်း။ ။

အဖန်တလဲလဲရှုရာ၏။ ထိုကဲ့သို့ရှုဆင်ခြင်သော၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကိုလျှင်၊ အရှိအသေမှီဝဲသော မီးပွတ်သမား၊ ယောက်ျား၏ အလား။ မနေမနား၊ ပွားများလေလာ။ အကြိမ်များစွာပြုသော ယောဂီအား။ ယုံကြည်ခြင်းသဒ္ဓိန္ဒြေသည်။ အလွန်တရာ အားရှိစွာဖြစ်၏။ ဝီရိယိန္ဒြေသည် ကောင်းစွာ ပင့်ထောက်၊ ချီးမြှောက်အပ်သည်ဖြစ်၏။ သတိန္ဒြေသည် ကောင်းစွာမြော်မြင်။ ဈေးရှုထင်သည်ဖြစ်၏။ သမာဓိန္ဒြေသည်။ အလွန်ငြိမ်သက်တည်ကြည်သည်ဖြစ်၏။ အနုလောမဉာဏ်ဥပါဒ်ပေါ်လာရန် အကြောင်းပင်ဖြစ်ခြင်းငှာ။ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်။ အလွန်ထက်မျက်ထူးကဲစွာ။ သင်္ခါရတို့ကို၊ လျှစ်လျူမှုခါ။ ရှုတတ်စွာသော၊ သင်္ခါရုပေက္ခာပညာသည် ဖြစ်၏။ ထိုကဲ့သို့သော၊ သင်္ခါရုပေက္ခာပညာဖြစ်သော။ ယောဂီအား၊ ယခုအခါမဂ်သည် စင်စစ်ဖြစ်လတံ့ဟူ၍။ ဆိုအပ်သည်ရှိသော်။ ထိုသင်္ခါရုပေက္ခာပညာသည်။ သင်္ခါရတို့ကို။ ။အနိစ္စ၊ဟူ၍ရှင်း။ ဒုက္ခ၊ဟူ၍ရှင်း။ အနတ္တ၊ဟူ၍ရှင်း။ အနိစ္စစသည်တို့တွင်။ တခုခုသောအချင်းအရာတို့အားဖြင့်၊ သုံးသပ်၍။ သောတာပတ္တိမဂ်။ သောတာပတ္တိဖိုလ်သို့ရောက်လိုလတ်သော်။ ယောဂီပုဂ္ဂိုလ်၏။ ပဋိသန္ဓေစိတ်နှင့်၊ ဘဝင်၊ ဇာတိ၊ သမ္ပယုတ္တဓမ္မ။ သင်္ခါရ၊ အာရုံအားဖြင့် တူသော။ ကာလသုံးပါးတွင် အတိတ်။နိမိတ်သုံးပါးတွင် တပါးပါးကို အာရုံပြု၍။ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ဟူ၍။ ဘဝင်ကိစ္စနှင့် နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုဘဝင်ကိစ္စနှစ်ကြိမ်ချုပ်သည်၏ အခြားမဲ့၌။ သင်္ခါရုပေက္ခာ

ပညာသည်ပြုအပ်သော။ အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် အာရုံပြုသောနည်း ဖြင့်သာလျှင်။ သင်္ခါရတို့ကို၊ အနိစ္စဟူ၍၎င်း ဒုက္ခဟူ၍၎င်း။ အနတ္တဟူ၍ ၎င်း။ အာရုံပြုလျက်၊ မနောဒွါရာ ဝဇ္ဇန်းစိတ်သည်။ အာဝဇ္ဇန်းကိစ္စက ကြိမ်ဖြစ်၍ချုပ်၏။ ထိုနောက်မှ။ ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တာ၊ ဟူသော၊ လက္ခ ဏာသုံးပါးကိုပင်လျှင်။ အာရုံပြု၍။ ပရိကံဇောစိတ်သည်၎င်း။ ဥပစာရ ဇောစိတ်သည်၎င်း။ အနုလုံဇောစိတ်သည်၎င်း။ အစဉ်အတိုင်း ဖြစ်၍ ချုပ်၏။ ထိုနောက်မှ၊ နိဗ္ဗာန်ကိုအာရုံပြု၍။ ဂေါတြဘုစိတ်သည်။ တကြိမ် ဖြစ်၍ ချုပ်၏။ ထိုနောက်မှ၊ နိဗ္ဗာန်ကိုလျှင် အာရုံပြု၍။ သောတာပတ္တိ မဂ်စိတ်သည်။ တကြိမ်သာလျှင်ဖြစ်၍ချုပ်၏။ ထိုနောက်မှ၊ မဂ်ကဲ့သို့ အ မှန်၊ နိဗ္ဗာန်ကိုအာရုံပြု၍။ တကြိမ်၎င်း။ နှစ်ကြိမ်၎င်း၊ သုံးကြိမ်၎င်း၊ သော တာပတ္တိဖိုလ် စိတ်သည်သာလျှင် ဖြစ်၍ချုပ်၏။ ထိုဖိုလ်စိတ်ချုပ်ပြီး သောနောက်မှ၊ ဘဝင်ကျသည်ဖြစ်၏။ ဤသို့တိက္ခတရဖြစ်သော။ သင်္ခါ ရုပေက္ခာပညာသည်။ သင်္ခါရတို့ကို၊ အနိစ္စဟူ၍၎င်း၊ ဒုက္ခဟူ၍၎င်း။ အ နတ္တဟူ၍၎င်း။ ဤသို့အနိစ္စ စသည်တို့တွင်၊ တခုခုသော အခြင်းအရာ အားဖြင့်၊ သုံးသပ်သည်ဖြစ်၍။ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် သို့ ရောက်ပုံ အစဉ်ကို မှတ်အပ်၏။ ။ဤသို့ဆိုအပ်ခဲ့ပြီးသော၊ ဝိထိစိတ် အစီအစဉ်ဖြင့်။သစ္စာ နုလောမဉာဏ် ဖြစ်ပုံကို ပြတော်မူခြင်းငှါ။ ။

ယဒါ ဟဝေ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ၊ တဒါ တံ နဝဏ္ဏဗ္ဗာရမ္မဏံ ကတွာ ပရိကမ္မံ ဥပစာရံ အနုလောမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ တံသမ္ပယုတ္တ ဉာဏံ အနုလောမဉာဏံ တတော ပရံ နိဗ္ဗာနံ။ အာရမ္မဏံကတွာ ဂေါ တြဘုဉာဏံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတော ပရံ သကိံ ယေဝမဂ္ဂေါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တထာ တတော ပရံ ဒွေတိက္ခတ္တုံ ဖလမေဝ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ တတော ပရံ ဘဝင် ပါတော ဟောတိ။ ။ဟူ၍ ဤအနုလောမဉာဏ် အခဏ်း၌၊ ကျေးဇူးသျှင် ဆရာတော် ဘုရားကြီး ထုတ်ဆောင်တော်မူအပ်၏။ ။

ဟဝေ၊ စင်စစ်။ ယဒါ၊ အကြင်အခါ၌။ မဂ္ဂေါ၊ မဂ်သည် ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတံ့။ တဒါ၊ ထိုအခါ၌။ တံ၊ ထိုဝိပဿနာစိတ်သည်။ နဝဏ္ဏဗ္ဗာရမ္မ ဏံ၊ ထိုလက္ခဏာရေးသုံးပါးဟုဆိုအပ်သော အာရုံကို။ ကတွာ၊ အာရုံ ပြု၍။ ပရိကမ္မံ၊ ပရိကံဇောစိတ်သည်၎င်း။ ဥပစာရံ၊ ဥပစာရဇော စိတ်သည်၎င်း။ အနုလောမံ၊ အနုလုံ၊ ဇောစိတ်သည်၎င်း။ ဥပ္ပဇ္ဇိတွာ၊

ဖြစ်၍၊ နိရုဒ္ဓတိ၊ချုပ်၏။ တံသမ္ပယုတ္တံ၊ ထိုပရိကံစသည်နှင့် အတူတကွ ယှဉ်သော။ ဉာဏံ၊ ဉာဏ်သည်။ အနုလောမေဉာဏံ၊ အနုလောမဉာဏ် မည်၏။ တဒေတာပရံ၊ ထိုနောက်မှ၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍၊ ဂေါတြဘု ဉာဏံ၊ ပုထုဇဉ်ပုဂ်၊ အနွယ်ယုတ်ကို။ ပယ်နုတ် နှိပ်ကွပ်၍။ အရိယာ ဇာတ်ကို ပွားစေ၊ ဖြစ်စေ တတ်သော၊ ဂေါတြ ဘူဉာဏ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍၊ နိရုဒ္ဓတိ၊ ချုပ်၏။ တဒေတာပရံ။ ထို နောက်မှ၊ သကိံ ယေဝ၊ တကြိမ်သာလျှင်၊ မဂ္ဂေါ၊ သောတာပတ္တိမဂ် သည်။ ဥပ္ပဇ္ဇိတ္တွာ၊ ဖြစ်၍။ နိရုဒ္ဓတိ၊ချုပ်၏။ တဒေတာပရံ၊ ထိုနောက်မှ၊တ ထာ၊ ထိုမဂ်ကဲ့သို့အမှန်၊ နိဗ္ဗာန်ကို အာရုံပြု၍၊ ဧကံဒွိတိက္ခတ္တုံ။ တကြိမ် နှစ်ကြိမ် သုံးကြိမ်။ ဖလမေဝ။ သောတာ ပတ္တိဖိုလ်စိတ်သည်သာလျှင်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဒ္ဓတိချုပ်၏။ တဒေတာပရံ၊ ထိုချုပ်ပြီးသောနောက် မှ။ ဘဝင်ပါတော၊ ဘဝင်ကျသည်။ ဟောတိဖြစ်၏။ ဣတိဣဒံ ပရိသမာ ပန်း။ ဝိပဿနာဉာဏ်၊ ဆယ်တန် ဖြစ်ဟန်ကို၊ ဆိုရန်စကား။ အကျဉ်း အားဖြင့်၊ ပိုင်းခြားရင့်သီး၊ ဤတွင်ပြီး၏။ ။ဟူ၍ယောဇနာတော်မူ၏။ ။

ဤသို့ ယောဇနာတော် မူသော ပါဠိ ဝယ်၊ အထူး မှတ်ဘွယ် ကား။ ဇောကိစ္စ တတ်ကုန်သော၊ စိတ်အပေါင်းတို့တွင်၊ အနုလုံသည်။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ သောတာပတ္တိမဂ်နှင့် သမ္ပယုတ် ဖြစ်သော ဉာဏ်သည်၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဤသို့ ဉာဏ်နှစ်ပါးတို့၏ အ ထူးကိုမှတ်။ အနုလောမဉာဏ် မည်သည်ကိုလည်း။ ပရိကံ ဇောစိတ် ဥပစာရ ဇောစိတ်။ အနုလုံ ဇောစိတ် တို့နှင့် အတူ တကွ၊ ယှဉ်သော ဉာဏ်သည်။ အနုလောမ ဉာဏ်မည်၏ ဟူ၍သိ၊ ဤကဲ့သို့ အနုလောမ မည်သော ဉာဏ်ဖြစ်ခြင်းကိုစွဲ၍။ သင်္ခါရုပေက္ခာ ဉာဏ်၏ အခြားမဲ့၌။ အနုလောမ ဉာဏ်ဖြစ်၏ ဟူသည်ကိုလည်း။ ဤကဲ့သို့သော အရာကိုပင် ဆိုအပ်သည်ဟူ၍မှတ်။ ဤဝိထိအစဉ်၌။ ပရိကံဇောစိတ်။ ဥပစာရဇော စိတ်။ အနုလုံဇောစိတ်။ ဂေါတြဘူဇောစိတ်တို့ဟူသည်။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု တို့သာ တည်း။ ထို လေးခုတို့တွင်။ တခုခု သော ဇောစိတ်သည်။ ပရိကံဥပစာ၊ အနုလုံ၊ ဂေါတြဘူဟူ၍ မန္ဒပုဂ္ဂိုလ် အား၊ လေးကြိမ် ဖြစ်ရာပယ်။ ပရိကံစသည် မည်ခြင်း၏ အကြောင်းကို ကား။ ။

သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပန္နတိ ပဌမံ ဇဝန ဝိတ္တံ ယံပရိကမ္မန္တိ ဝုစ္စတိ။ ။ဟူသော အဋ္ဌကထာ ဖွင့်ကို ရှု၍။ ပရိကံမည်

ခြင်း။ ထိုပရိကံ၏ အာရုံမှုခြင်းကို၊ သိအပ်၏။ ။ယံပထမဇဝနစိတ္တံ။ အကြင်ပထမ ဇောစိတ်ကို၊ ပရိကမ္မန္တိ၊ အရိယာမဂ်ကို ပြုပြင်တတ်သည်၏ အဖြစ်ကြောင့်၊ ပရိကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံပထမဇဝနစိတ္တံ ထိုပထမ ဇောစိတ်သည်။ သင်္ခါရေ၊ တေဘူမက သင်္ခါရ တို့ကို။ အာရမ္မဏံကတွာ။ အာရုံပြု၍၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဤကား။ ပရိကံဟူရာ၌ မှတ်ဘွယ်။ ။ဥပစာရဆိုရခြင်းအကြောင်းကိုကား။ ။

တဒေဝ သင်္ခါရေအာရမ္မဏံကတွာ ဥပ္ပဇ္ဇတိ ဒုတိယ ဇဝန စိတ္တံ၊ ယံဥပစာရံပုစ္စတိ။ ။ဟူသော အဋ္ဌကထာ အဖွင့်ကိုရှု၍။ ဥပစာရမည်ခြင်း။ ဥပစာရ၏ အာရုံပြုခြင်းကိုသိအပ်၏။ ။ယံ ဒုတိယ ဇဝနစိတ္တံ။အကြင် ဒုတိယ ဇောစိတ်ကို။ ဥပစာရန္တိ၊ မဂ်၏အနီး၌ ကျင်လည်သည်၏ အဖြစ်ကြောင့်၊ ဥပစာရဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ တံဒုတိယ ဇဝနစိတ္တံ၊ ထို ဒုတိယ ဇောစိတ်သည်။ တဒေဝ။ ထိုရှေးအတူလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍၊ ဥပ္ပဇ္ဇတိ ဖြစ်၏။ ။ဤကား ဥပစာရ ဟူရာ၌ မှတ်ဘွယ်။ ။အနုလုံဆိုရခြင်း၏ အကြောင်းကိုကား။

တဒေဝ သင်္ခါရေ အာရမ္မဏံကတွာ ဥပ္ပဇ္ဇတိ တတိယ ဇဝနစိတ္တံ ယံအနုလောမန္တိ ဖုစ္စတိ။ ။ဟူသော အဋ္ဌကထာ ဖွင့်ကိုရှု၍၊ အနုလုံမည်ခြင်း။ ထိုအနုလုံ၏ အာရုံမှုခြင်းကို သိအပ်၏။ ။တတိယ ဇဝနစိတ္တံ၊ အကြင် တတိယ၊ ဇောစိတ်ကို၊ အနုလောမန္တိ။ ရှေ့နောက်ဖြစ်ကုန်သော မြွေတို့အား လျော်သည်၏ အဖြစ်ကြောင့်။ ၊အနုလုံဟူ၍ ဖုစ္စတိ။ ဆိုအပ်၏။ တံတတိယ ဇဝနစိတ္တံ။ ထိုတတိယဇောစိတ်သည်။ တဒေဝ။ ထိုရှေးအတူသာလျှင်။ သင်္ခါရေ၊ သင်္ခါရတို့ကို၊ အာရမ္မဏံ ကတွာ။ အာရုံပြု၍၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဤကား အနုလုံဟူရာ၌ မှတ်ဘွယ်။ ။ ထိုမှတပါး၊ ဤပရိကံဥပစာရ၊ အနုလုံဟူသောအမည်သည်။ ထိုဇော သုံးတန်တို့၏ အသီးဖြစ်သော အမည်ပေတည်း။ သာမညအားဖြင့် ထိုဇော သုံးတန်ကိုပင်။ အာသေဝန ဟူ၍ငင်း။ ပရိကမ္မဟူ၍ငင်း။ ဥပစာရဟူ၍ငင်း။ အနုလောမဟူ၍ငင်း။ ခေါ်ဆိုရခြင်း၄ါ သင့်ကြောင်း ကိုလည်း။ အဋ္ဌကထာ၌ မိန့်တော် မူသည် ကိုလည်း သိအပ်၏။ ။ဤအရာ၌ အနုလုံသည်။ ရှေးနောက် ဖြစ်ကုန်သော။ မြွေတို့အား လျော်ပါနိကား။ ဥဒယဗ္ဗယဉာဏ်စသော ရှေး၌ဖြစ်သော ဝိပဿနာဉာဏ် ၉စ်ပါး။ နောက်၌

ဖြစ်သော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး၊ ဤသို့ ရှေ့နောက် ဖြစ်ကုန်သော တရားတို့၏၊ မဖေါက် မပြန် မှန်ကန်သော ကိစ္စရှိသည့်၏ အဖြစ် အားလျော်သည် ဖြစ်၍၊ ထိုတတိယ ဓေါဒိတ်ကို အနုလုံ ဟူ၍ ဆိုလိုသည်။ ဥပမာကား။ တရား စောင့်သောမင်းသည်။ တရားဆုံးဖြတ်ရာ အရပ်၌နေလျက်။ တရားဆုံးဖြတ်ကုန်သော အမတ်ကြီးတို့၏၊ အဆုံးအဖြတ်ကို ကြားနာတော်မူ၍၊ အဂတိ လေးပါးသို့ လိုက်စား ခြင်းကို ပယ်စွန့်လျက်။ မည်သည့် ဘက်ကိုမျှ၊ သက်လျှော လိုက်ပါခြင်းမပြုဘဲ။ လျစ်လျူရှုသည်ဖြစ်၍။ ဤအတိုင်းသာ အဆုံး အဖြတ် ဖြစ်စေဟု။ အနုမောဒနာ ဝမ်းမြောက်စွာ ဖြစ်တော်မူ၍၊ ထိုအမတ်ကြီးတို့၏။ အဆုံး အဖြတ် အားလည်း။ အသင့် အလျော်၊ ရှေးပေါရာဏ မင်းတို့၏။ စည်းမျဉ်း သတ်မှတ်၊ ပညတ် ထုံးဖွဲ့အပ်သော၊ ဥပဒေ ရာဇသတ် အားလည်း။ အသင့်အလျော်၊ ဤသို့ စိတ်နှလုံး ရှိတော်မူသကဲ့သို့။ ထိုအတူ ဥပမာ၏ ပြည့်စုံခြင်းကိုသိအပ်၏။ ပြည့်စုံပုံကား။ တရားစောင့်သော မင်းကဲ့သို့၊ အနုလောမဉာဏ်ကို မှတ်အပ်၏။ တရား ဆုံးဖြတ်ကုန်သော အမတ်ကြီး ရှစ်ယောက်တို့ကဲ့သို့။ ရှေးဉာဏ် ရှစ်ပါးတို့ကို မှတ်အပ်ကုန်၏။ ရှေး၌ဖြစ်သော မင်းကျင့်တရားကဲ့သို့။ သုံးဆယ်ခုနစ်ပါးကုန်သော ဗောဓိပက္ခိယ တရားတို့ကို မှတ်အပ်ကုန်၏။ မင်းသည်၊ ဤသို့ ဖြစ်စေဟု။ အနုမောဒနာ ဝမ်း မြောက်စွာ ပြုသည် ဖြစ်၍။ အမတ်ကြီး ရှစ်ဦးတို့၏ အဆုံး အဖြတ် အားရင်း။ ရှေးမင်းတို့ စည်းမျဉ်းသတ်မှတ်။ ပညတ် ထုံးဖွဲ့အပ်သော၊ ဥပဒေ ရာဇသတ်အားရင်း၊ အလျော်ဖြစ်တော်မူသကဲ့သို့။ အနိစ္စ စသည့်တို့၏၊ အစွမ်းအားဖြင့်။ သင်္ခါရတို့ကို အာရုံပြု၍။ ဤဉာဏ်သည် အောက်၌ ဖြစ်ကုန်သော၊ ရှစ်ပါးကုန်သောဉာဏ်တို့၏။ မဖေါက် မပြန်မှန်ကန်သော၊ ကိစ္စရှိသည့်၏ ဒ. ဖြစ်အားရင်း။ အထက်မဂ်ဉာဏ်၌၊ သုံးဆယ့် ခုနစ်ပါး ကုန်သော။ ဗောဓိ ပက္ခိယ တရား တို့၏၊ မ ဖေါက် မပြန်၊ မှန်သော ကိစ္စရှိသည့်၏ အဖြစ်အားရင်း။ လျော်စွာဖြစ်ခြင်းကို မှတ်အပ်၏။ ထိုကဲ့သို့ အောက်၌ ဖြစ်ကုန်သော ဉာဏ်တို့ အားလျော်ခြင်း အထက် ဗောဓိပက္ခိယ တရားတို့ အား လျော်ခြင်း ကြောင့်သာလျှင်။ ဤဉာဏ်ကို သစ္စာနုလောမ ဉာဏ်ဟူ၍။ ဆိုအပ်သည်ကိုသိ။ ထို ကြောင့် အဋ္ဌကထာ၌။ ။

ဝေဓိမိဒံအနိစ္စာဒိဝသေန သင်္ခါရေ အာရဗ္ဘ ဥပ္ပဇ္ဇမာနံ အဋ္ဌန္နဉ္စ ဉာဏာနံ တထ ကိစ္စ တာယ အနုလောမေတိ။ ဥပရိစ သတ္တတိံသာယ ဗောဓိ

ပဏ္ဍိယမြွာနံ၊ တေနေဝ သဗ္ဗာ နုလောမိက, ဉာဏန္တိ ဝုစ္စတိ။ ။ဟူ၍ မိန့်တော်မူအပ်၏။ ။

ဧဝံ၊ ဤသို့။ အနိစ္စာ ဒိဝသေန၊ အနိစ္စ စသည်တို့၏ အစွမ်းအား ဖြင့်။ သင်္ခါရေ၊ သင်္ခါရ တို့ကို၊ အာ ရဗ္ဘ၊ အာရုံ ပြု၍။ ဥပ္ပဇ္ဇမာနံ။ ဖြစ်သော ဣဒံဉာဏံ၊ ဤဉာဏ်သည်။ အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော၊ ဉာဏာနံ၊ ဉာဏ် တို့၏၊ တထကိစ္စတာယစ၊ မဖေါက် မပြန်သော၊ ကိစ္စ ရှိသည် ၏ အဖြစ် အားရင်း။ ဥပရိမဂ္ဂက္ခဏေ၊ အထက်မဂ်ခဏ၌၊ သတ္တတိံသာယ ဗောဓိ ပက္ခိယမြွာနံ။ သုံးဆယ့် ခုနှစ်ပါး ကုန်သော၊ ဗောဓိ ပက္ခိယ တရား တို့၏။ တထကိစ္စ တာယစ၊ မဖေါက် မပြန်သော ကိစ္စ ရှိသည်၏အဖြစ် အားရင်း။ အနုလောမေတိ၊ လျော်၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ ဣဒံ ဉာဏံ၊ ဤဉာဏ်ကို၊ သဗ္ဗာနုလောမိက ဉာဏန္တိ။ မဂ္ဂသစ္စာ အားလျော် သော၊ အနုလောမဉာဏ်ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားယောဇနာ။

ဤအနုလောမဉာဏ်သည်။ သင်္ခါရလျှင်၊ အာရုံပြုသော၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ၏။ အပြီး အဆုံးဖြစ်၏၊ နိဗ္ဗာန်သို့ အာရုံမှုသော၊ ဂေါတြဘုသို့ မရောက်ဟူလို သည်။ ဂေါတြဘုဉာဏ်သည်ကား။ အချင်းခပ်သိမ်း ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ၏ အပြီး အဆုံး ဖြစ်၏။ နိဗ္ဗာန်သို့ အာရုံမှုသော၊ ဂေါတြဘု တိုင် အောင်၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဟူ၏။ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဟူရာ၌။ ။ဝုဋ္ဌာနံ အရိယ မဂ္ဂံ ဂစ္ဆတိ ဥပေတီတိ ဝုဋ္ဌာန ဂါမိနီ၊ ။ဟူသည်နှင့်အညီ၊ အရိယာမဂ်သို့ ချဉ်းကပ်တတ်သော၊ ဝိပဿနာကို။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟူ၍ ဆိုသည်။ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ ကို၊ သဠာယတန ဝိဘင်္ဂသုတ်၌။ အတမ္မယတာ၊ ဟူ၍ ဟော တော် မူ အပ်၏။ အတမ္မယတာဟူသည်။ တဏှာ၏ ဆန့်ကျင်ဘက် ဖြစ်သော ။ဝုဋ္ဌာနဂါမိနီ ဟူ၍ ဆိုလိုသည်။ ။အလဂဒ္ဒူပမသုတ်၌၊ နိဗ္ဗိဒါ ဟူ၍ဟော တော်မူအပ်၏။ နိဗ္ဗိဒါ ဟူသည်၊ ငြီးငွေ့သည်ဖြစ်၍ တတ်ခြင်း ကင်းခြင်း၊ ကြောင့်၊ ကိလေသာမှ လွတ်သော၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာ ဟူ၍ဆိုလို သည်။ ၊သုသိမ သုတ်၌။ ဓမ္မဋ္ဌိတိ ဉာဏံ၊ ဟူ၍ ဟောတော် မူအပ်၏။ ဓမ္မဋ္ဌိတိ ဉာဏံဟူသည်။ သဘော အားဖြင့်တည်သော၊ ပဋိစ္စ သမုပ္ပါဒ် တရားဘော၌ မတွေမဝေဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာဟူလိုသည်။

ပေါဋ္ဌပါဒသုတ်၌၊ သညဂ္ဂံဟူ၍ ဟောတော်မူအပ်၏။ သညဂ္ဂံ ဟူသည် အထွဋ်အမြတ်ဖြစ်သော၊ ဝုဋ္ဌာနဂါမိနီဝိပဿနာနှင့်၊ ယှဉ်သောသညာ

သို့ရောက်၏ ဟူလိုသည်။ ။ဒသဗ္ဗရသုတ်၌၊ ပါရိသုဒ္ဓိပဓါ နိယင်္ဂဟူ၍ ဟောတော်မူအပ်၏။ ပါရိသုဒ္ဓိ ပဓါနိယင်္ဂ ဟူသည်။ ပါရိသုဒ္ဓိ၏ ပြဋ္ဌာန်းသော အကြောင်းအင်္ဂါမည်သော၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဟူလိုသည်။ ။ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌။ မုဉ္စိတုကမျတာ ဟူ၍ငင်း။ ပဋိသင်္ခါနုပဿနာ ဟူ၍ငင်း။ သင်္ခါရုပေက္ခာဟူ၍ငင်း။ အမည်သုံးပါးတို့ဖြင့်။ ဟောတော်မူအပ်၏။ ။ပဋ္ဌာန်းပါဠိတော်၌။ အနုလုံဟူ၍ငင်း။ ဂေါတြဘုဟူ၍ငင်း။ ဝေါဒါနံဟူ၍ငင်း။ အမည်သုံးပါးဖြင့် ဟောတော်မူအပ်၏။ ။ရထဝိနီတသုတ်၌။ ပဋိ ပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ၊ ဟူ၍ ဟောတော်မူအပ်၏။ ။ဤသုတ် ဒေသနာ တော်ကို ရှု၍၊ အနုလုံသည်၊ ပဋိပဒါဉာဏ ဒဿနဝိ သုဒ္ဓိ မည်ကြောင်းကို ငါတို့ဆိုခဲ့ပေသတည်း။ ။ ဤသို့တပါးမက၊ များစွာကုန်သော အမည်တို့ဖြင့် တင်ဆောင်၍၊ ဟောတော်မူအပ်သော။ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့၊ တိုင်ရောက်စမ့်သော ငှါ။ အဋ္ဌကထာဆရာမဟာထေရ်မြတ်သည်။ ။

ဣတိ နေ့ကေဟိနာမေဟိ။ ကိတ္တိတာယာမဟေသိနာ။ ဝုဋ္ဌာနဂါမိနီ သန္တာ၊ ပရိသုဒ္ဓိဝိပဿနာ။ ။ဝုဋ္ဌာတုကာမော။ သံသာရဒုက္ခ ပင်္ကာ မဟာဘယာ၊ ကရေယျသတတံတတ္ထ။ ယောဂံပဏ္ဍိတ ဇာတိကော။ ။ ဟူသောဥယျောဇည်နှစ်ဂါထာကို။ မိန့်မှာလှစ်ဖွင့်၊ ကြူးရင့်တော် မူခဲ့ပေသတည်း။ ။ဤတိ၊ ဤသို့။ အနေကေဟိ၊ တပါးမကများစွာကုန်သော အမည်တို့ဖြင့်။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ကိတ္တိတာ၊ ချီးမွမ်းတော်မူအပ်သော။ ဝါ၊ ပါဠိတော်မြတ်၊ အရပ်ရပ်တို့၌၊ အထပ်ထပ်ဂုဏ်သကတ်၊ နည်းညွှန်၍ ချီးမွမ်းတော်မူအပ်သော။ သန္တာ၊ ကိလေသာပူရှိန်းမှ။ ငြိမ်းစေတော်မူတတ်သော။ ပရိသုဒ္ဓါ။ ညစ်ကြေးမထင်။ ထက်ဝန်းကျင်မှ။စင်ကြယ်ထသော။ ဝုဋ္ဌာနဂါမိနီ။ ဝုဋ္ဌာနဂါမိနီမည်သော။ ယာဝိပဿနာ။ အကြင်ဝိပဿနာသည်။ အတ္ထိ၊ နေလေပမာ။ သာသနာတော်ဝယ်။အကယ်ပကတိ။ ထင်ရှားရှိ၏။ တတ္ထ၊ ထိုဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌။ မဟာဘယာ၊ ဆင်းရဲကြီးမ်ဖန်၊ ခံ၍မတုံး၊ မဆုံးနိုင်ရေး၊ ကြီးစွာသောဘေးဟု ဆိုအပ်သော သံသာရဒုက္ခပင်္ကာ။ မပေါ်ရပ်စုပ်။ လျှိုးငုတ်နစ်ကျွံ။ သံသာရဒုက္ခညွှန်မှ။ ဝုဋ္ဌာတုကာမော၊ ထမြောက်ခြင်းကို အလိုရှိသော။ ပဏ္ဍိတ ဇာတိကော၊ တိပဟိတ်သန္ဓေ၊ဉာဏ်ခြေရင့်မာ၊ ပညာရှိသော ယောဂီသည်။ ယောဂံ၊ ဘာဝနာကို။ ဝါ။ အားထုတ်ကြောင်း မှန်စွာ။

သမ္မာဝါယမ၊ သမ္မပ္ပဓာန်လုလ္လကို။ သတတံ၊ နေ့ရောညဉ့်ပါ။ အခါခပ်သိမ်း။ ကရေယျ၊ ပြုရာ၏။ ဝါ၊ သတတံကယျေရ၊ အမြဲတစေပြုပါလေလော့၊ ဝါ။ အမြဲတစေပြုပါစေသား။ ဝါ။ အမြဲတစေ ပြုနိုင်ပါစေသတည်း။ ။

ပရိကံ၊ ဥပစာအနုလုံ၊ ဇောစိတ်တို့၏။ အခြားမဲ့၌။ ဂေါတြဘုဉာဏ်ကိုပြဆိုခဲ့သည် အားလျော်စွာ။ ယခုအခါ ဂေါတြဘုကို ဆိုပေအံ့။ ။ ထိုဂေါတြဘုဉာဏ်သည်။ သောတာပတ္တိမဂ်နှင့် အနန္တရ ပစ္စည်းတပ်သည်ဖြစ်၍။ မဂ်၏အာဝဇ္ဇန်းအရာ၌သာ တည်ရကား။ အနိစ္စအစရှိသည်တို့၏အစွမ်းအားဖြင့်၊ သင်္ခါရတို့ကို မယူခြင်းကြောင့်။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ မသက်ဝင်။ နိဗ္ဗာန်ကို အာရုံပြုသော်လည်း မဂ်ကဲ့သို့ ကိလေသာ တို့ကို မကုန်စေနိုင်သည်၏ အဖြစ်ကြောင့်။ ဉာဏဒဿနဝိသုဒ္ဓိသို့လည်း မသက်ဝင်။ စင်စစ်သော်ကား၊ ပဋိပဒါ ဉာဏ ဒဿနဝိသုဒ္ဓိမည်သော၊ အနုလုံ ဇောစိတ်နှင့်၊ ဉာဏဒဿန ဝိသုဒ္ဓိ မည်သော။ သောတာပတ္တိမဂ်တို့၏ အကြား၌တည်၍၊ မည်သည့်ပဋိပဒါဟူ၍။ ခေါ်ဝေါ်ခြင်း၌ မလောက်သော။ အဗ္ဗောဟာရိက အဖြစ်ဖြင့်သာသျှင်ဖြစ်၏ဟုဆိုရသည်။ သို့သော်သည်း၊ ဝိပဿနာအယဉ်၌ ကျသည်၏အဖြစ်ကြောင့်။ ထို ဂေါ တြဘု သည်။ ဝိပဿနာ ဟူသော ခေါ်ဝေါ်ခြင်းသို့ရောက်၏၊ ဟူ၍။ အဋ္ဌကထာဆိုပြန်ရကား။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသို့မှုကား။သက်ဝင်သေး၏ဟု၍သိအပ်၏။ ။

ဝိပဿနာ သောတေပတိတတ္တာ ပနဝိပဿနာ တိသင်္ခံ ဂစ္ဆတိ။ ။ ဟူသောအဋ္ဌကထာကိုရှု။ ။ပန၊ ထိုသို့ အ ဗ္ဗော ဟာ ရိ က ဖြစ်သော်လည်း။ ဝိပဿနာသောတေ၊ ဝိပဿနာအယဉ်၌။ ပတိတတ္တာ၊ ကျသည်၏အဖြစ်ကြောင့်။ ဝိပဿနာတိသင်္ခံ၊ ဝိပဿနာဟု ခေါ် ဝေါ် ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဤပါဠိဖြင့် ဂေါတြဘုဉာဏ်၏။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိသို့ဝင်ခြင်းကို အဋ္ဌကထာဆရာ ပြတော်မူသတည်း။ ထို့ကြောင့်၊ မဟာဋီကာ၌။ ။ဒေနသ ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ ဘဇနံဒဿေတိ။ ။ဟူ၍မိန့်တော်မူအပ်၏။ ။ဒေန။ ထိုပါဠိဖြင့်။ အဿ။ ထိုဂေါတြဘုဉာဏ်၏။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဘဇနံ၊ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိသို့သက်ဝင်ခြင်းကို။ ဒဿေတိ။ အဋ္ဌကထာ ဆရာ ပြတော်မူ၏။ ။ထိုဂေါတြဘု ပုဒ်ကို ဒွန်က ယောဇနာတော်မူသောအခါ။ ။ပုထုဇ္ဇဉ်ပုဂ်။ အနွယ်ယုတ်ကို။ ပယ်နှုတ်နိုပ်

ကွပ်၍။ အရိယာဇာတ်ကို၊ ပွားစေဖြစ်စေတတ်သော။ ဂေါတြဘုဉာဏ်သည်။ ။ဟူ၍ ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား။ အနက်ယောဇနာတော်မူလေသည်။ ထိုယောဇနာ နည်း၌။ ။ပုထုဇဉ်ပုဂ်။ အနွယ်ယုတ်ကို။ ပယ်နှုတ် နှိပ်ကွပ်တတ်သော၊ ဂေါတြဘုဉာဏ်၊ အရိယာဇာတ်ကို။ ပွားစေတတ် ဖြစ်စေတတ်သော။ ဂေါတြဘုဉာဏ်၊ ဟူ၍။ နှစ်တန်ခွဲပြီးမှ၊ ရှေးဦးစွာ။ ။ပုထုဇဉ်ပုဂ်၊ အနွယ်ယုတ်ကို၊ ပယ်နှုတ်နှိပ်ကွပ်၍။ ဟူသည်ကား။ ပုထုဇဉ် ပုဂ္ဂိုလ်တည်းဟူသော၊ အမျိုးအနွယ်ယုတ်ကို၊ စွန့်ပစ်ပယ်ရှား၊ ထုတ်နှုတ်သော အားဖြင့်။ ထိုပုထုဇဉ်ဘဝကို၊ နှိပ်နင်းပိုင်းဖြတ်၊ ကွပ်ညှပ်တတ်သော၊ သဘောသတ္တိသည်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်သော၊ ဇောစိတ်တို့တွင်။ ထူးကဲစွာရှိသော၊ ဂေါတြဘုဉာဏ်ဟူ၍ ဆိုလို၏။ ထိုစကားမှန်၏။ ဂေါတြဘုစိတ်၏ ခဏတ္တယ၌၊ ရှေးဝုဋ္ဌာနဂါမိနီဝိပဿနာ ဇောစိတ်တို့ကဲ့သို့၊ သင်္ခါရကို အာရုံပြုသည် မဟုတ်ဘဲ။ နိဗ္ဗာန်ကိုသာလျှင် အာရုံပြု၍။ ပုထုဇဉ် အနွယ်ကို။ နှုတ်ပယ် နှိပ်ကွပ်လိုက်သဖြင့်။ ပုထုဇဉ်၏အနွယ်သည်။ ပြတ်စဲ၍ သွားလေဘော့သတည်း။ ထို့ကြောင့်၊ ဤပထမဝိကပ်အလို၊ ဂေါတြဘုပုဒ်ကို။ ။ဂေါတ္တံ အဘိဘဝတီတိ ဂေါတြဘု။ ။ဟူ၍၊ ဝစနတ္ထမူ၍။ ယောဇနာတော် မူခြင်းပေတည်း။ ဤယောဇနာ ခြင်းသည်။ ။တဘောပရံ၊ ဂေါတြဘုစိတ္တံ၊ နိဗ္ဗာနမာလမ္ဗိတွာ ပုထုဇ္ဇနဂေါတ္တမတိ ဘဝတိ။ ။ဟူသော သင်္ဂဟအဋ္ဌကထာနှင့်ရင်း။ ။

ပုထုဇ္ဇနဂေါတ္တံ ပုထုဇ္ဇနသင်္ခံ ပုထုဇ္ဇနဘူမိံ အဘိက္ကမမာနံ။ ။ဟူသော၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကြီးနှင့်ရင်း။ ညီညွတ်စွာ၏။ နောက်ဝိကပ်၌။ ။အရိယာဇာတ်ကို၊ ပွားစေ ဖြစ်စေတတ်သော။ ဂေါတြဘုဉာဏ်၊ ဟူသည်ကား။ ထိုဂေါတြဘု စိတ်သည်၊ နိဗ္ဗာန်ကို အာရုံပြု၍၊ သောတာပတ္တိမဂ် အစရှိသော အရိယာဇာတ် မြင့်မြတ်သော အနွယ်ကို၊ မိမိ၏ အခြားမဲ့၌၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ ဥပနိဿယ၊ နတ္ထိဝိဂတ၊ ဤခြောက်ပစ္စယ သတ္တိတို့ဖြင့်၊ ကျေးဇူးပြုလျက်၊ ပွားစေတတ်ဖြစ်စေတတ်၏ ဟူသတည်း။ ထိုကြောင့်။ ဤဒုတိယ ဝိကပ်အလို။ ထိုဂေါတြဘု ပုဒ်ကို၊ ။ဂေါတ္တံ ဘာဝေတိ ဝဍ္ဎေတီတိ ဂေါတြဘု။ ။ဟူ၍၊ ဝစနတ္ထမူရန်၊ ယောဇနာတော်မူခြင်းပေတည်း။ ဤယောဇနာခြင်းသည်။ ။အရိယဂေါတ္တမတိ သမ္ဘောဘဝ ပဝတ္တတိ။ ။ဟူသော သင်္ဂဟ အဋ္ဌကထာ နှင့်ရင်း။ ။အရိယဂေါတ္တံ အရိယသင်္ခံ အရိယဘူမိ

ဩဠာရိကမမာနံ။ ။ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးနှင့်ရင်း။ ညီညွတ်စွာ၏။ ဤအရာ၌၊ ပဋိကာ၊ ဥပစာ၊ အနုလုံတို့ကား။ သင်္ခါရအာရုံ၊ ဂေါတြဘုကား။ နိဗ္ဗာန်အာရုံ၊ ယင်းသို့ အာရုံခြင်း မတူကြသည်ကား။ အဘယ့်ကြောင့်ပါနည်း။ တချက်ထည်းသော အာဝဇ္ဇန်းဖြင့်၊ ဘဝိထိတည်း ဖြစ်ကြသော၊ ဉာဏသမ္ပယုတ် ဇောခြင်း အတူတူပင် မဟုတ် ပါလောဟု၊ စောဒနာခွင့်ကား ရှိချေသည်။ ထိုစောဒနာကို၊ ဤသို့သော ဥပမာဖြင့် ဖြေဆိုအပ်၏။ ကြီးစွာသော ရေမြောင်းကိုခုန်၍၊ ထိုမှာဘက်ကမ်း၌ တည်လိုသော ယောကျ်ားသည်၊ လျင်စွာပြေးလတ်၍။ မြောင်းကြီး၏၊ ဤမှာဘက်ကမ်းရှိ သစ်ကိုင်း၌ ချည်၍၊ ဆွဲကိုင်စရာ ကြိုးကိုရင်း။ ဒုတ် လှံကန်ကိုရင်း။ ကိုင်၍၊ မြောင်း၏အထက်အဘို့ဖြင့် ခုန်၍ ထိုမှာဘက်ကမ်းသို့ ညွတ်သော။ ရှိုင်းသော ကိုင်းသော၊ ကိုယ်ရှိသည် ဖြစ်၍၊ ထိုမှာဘက်ကမ်း၏၊ အထက်အဘို့သို့ ရောက်သည်ရှိသော်။ မိမိကိုင်ခဲ့သော၊ ကြိုး ဒုတ် လှံကန်ကို လွှတ်၍ တုန်လှုပ်လျက်။ ထိုမှာ ဘက်ကမ်းသို့ ဆင်း၍၊ ဖြည်းဖြည်း ညွှင်းညွှင်း ရပ်တည်လေ၏။ ထိုနည်းတူစွာ၊ ဥပမာလျှင်၊ ဤယောဂါဝစရပုဂ္ဂိုလ်သည်လည်း။ ဘဝ, ယောနိ, ဂတိ, ဌိတိ, နိဝါသ,တို့၏။ ထိုမှာဘက်ကမ်းသဘွယ်ဖြစ်သော၊ နိဗ္ဗာန်၌ ရပ်တည်လိုသည် ဖြစ်၍၊ ဖြစ်ခြင်း ပျက်ခြင်းကို ရှုသော၊ ဥဒယဗ္ဗယာ နုပဿနာဉာဏ် အစရှိသော လျင်သောအဟုန်ဖြင့်ပြေးလတ်၍၊ အတ္တဘော တည်းဟူသော သစ်ကိုင်း၌ ဘွဲ့ချည်၍၊ ကိုင်ဆွဲစရာ ဖြစ်သော၊ ရုပ်ဟူသော ကြိုးကိုရင်း။ ဝေဒနာစသည်တို့တွင်၊ တပါးပါး ဟူသော ဒုတ် လှံကန်ကိုရင်း။ အနိစ္စဟူ၍ရင်း။ ဒုက္ခဟူ၍ရင်း။ အနတ္တဟူ၍ရင်း။ အနုလောမ၏ အာဝဇ္ဇန်းဖြင့်ဆွဲကိုင်၍၊ထိုလက္ခဏာရေးသုံးပါး ဟူသော အာရုံကို၊ တနည်း၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူသော အာရုံကို။ မလွှတ်မူ၍ သာလျှင်၊ ရှေးဦးစွာသော အနုလုံစိတ်ဖြင့်၊ ခုန်တက်ခြင်း။ ဒုတိယ အနုလုံစိတ်ဖြင့်၊ ထိုမှာဘက်ကမ်းသို့၊ ညွတ်ကိုင်းရှိုင်းသော ကိုယ်ရှိသကဲ့သို့။ နိဗ္ဗာန် ဟူသော ထိုမှာ ဘက်ကမ်းသို့၊ ညွတ်သော ကိုင်းသော ရှိုင်းသော စိတ်ရှိခြင်း။ တတိယအနုလုံစိတ်ဖြင့်၊ မြောင်းသို့ ခုန်သော ယောကျ်ား၏၊ ထိုမှာဘက်ကမ်းအထက် အဘို့သို့၊ ရောက်ဘိ သကဲ့သို့။ ယခုအခါ၌ ယောဂီသည်၊ ရောက်အပ် ရောက်ထိုက်သော၊ နိဗ္ဗာန်၏၊ အာသန္နဖြစ်၍ ဖြစ်ခြင်း။ ထို တတိယ အနုလုံ စိတ်ချုပ်သဖြင့်ကား။ မြောင်းခုန်သော ယောကျ်ားသည်၊ အထက်အဘို့သို့ ရောက်ဘော့ပြီ ဖြစ်၍၊ မိမိကိုင်ဆွဲခဲ့သော ကြိုးဒုတ်လှံ

ကန်ကို လွှတ်သကဲ့သို့၊ ဂေါတြဘု စိတ်ဖြင့်၊ ထိုသင်္ခါရဟူသော အာရုံကို
လွှတ်၍။ သင်္ခါရ အာရုံမှ ကင်း လွတ်ရာ၊ ထိုမှာဘက်ကမ်း သ ဘွယ်
ဖြစ်၍ ဖြစ်သော နိဗ္ဗာန်၌၊ ယောဂါဝစရ ပုဂ္ဂိုလ်သည်။ အာရုံပြုသော
အားဖြင့်။ ကျရောက်ခြင်းဖြစ်၏။ ထိုသို့ဂေါတြဘု စိတ်သည်။ နိဗ္ဗာန်ကို
အာရုံပြုသော်လည်း။ တကြိမ်တခါသာ အာရုံပြုအပ်သော။ နိဗ္ဗာန်ဟူသော
အာရုံ၌။ အာသေဝနပစ္စည်းကို မရဘဲ။ အာရုံမှုရသည်၏ အဖြစ်ကြောင့်။
တုန်လှုပ်သော၊ ထိုဥပမာပြ ယောက်ျားကဲ့သို့၊ မြဲမြံစွာ မတည်တန့်နိုင်
သေးချေ။ ထိုဂေါတြဘုဖြစ်သည်မှ နောက်၌ကား။ မဂ်ဉာဏ်ဖြင့်၊ မြဲမြံ
စွာ တည်လေ၏။ ဤဥပမာကို ထောက်ရှု၍။ တချက်သော အာဝဇ္ဇန်းဖြင့်၊
တဝိထိတည်းဖြစ်ကြ ကုန်သော်လည်း။ အနုလုံဇောစိတ်နှင့် ဂေါတြဘု၊
ဇောစိတ်တို့၏။ နာနာရမ္မဏ ဖြစ်ခြင်းကို သိအပ်၏။ ထိုစကားမှန်၏။ ပထ
မ အနုလုံစိတ်ဖြင့် ခုန် တက်ခြင်း။ ဒုတိယ အနုလုံစိတ်ဖြင့်၊ ထိုမှာ ဘက်
သို့ကိုင်းရှိုင်းသော ကိုယ်ရှိခြင်း။ တတိယ အနုလုံ စိတ်ဖြင့်၊ ထိုမှာဘက်
ကမ်း၏ အထက် အဘို့သို့ ရောက်ရုံမျှ ရှိခြင်းကြောင့်၊ ယောက်ျားသည်
ကိုင်ဆွဲခဲ့သော၊ ကြိုးဒုတ်လှံကန်တို့ကို မလွှတ်နိုင်သေးသကဲ့သို့ ထိုအနု
လုံ စိတ်တို့သည်၊ သင်္ခါရ အာရုံကို မလွှတ် နိုင်ကြလေ၊ ထိုစိတ်တို့၏
နောက်၊ လေးကြိမ်မြောက် ဖြစ်သော၊ ဂေါတြဘု စိတ်သည်ကား။ ခုန်
သွားသော ယောက်ျားသည်၊ ကမ်း ထက်သို့ ရောက်ပြီ ဖြစ်၍။ ဖြည်း
ဖြည်းညွှင်းညွှင်း တုံလှုပ်သက်ဆင်း၍။ ကမ်းခြေသို့နင်းမိခဲ့ရကား။ ကြိုး
ဒုတ်လှံကန်တို့ကို၊ စွန့်လွှတ် လိုက်လေ သကဲ့သို့။ သင်္ခါရ အာရုံကိုလွှတ်
၍။ သင်္ခါရ ကင်းသော နိဗ္ဗာန်ကို။ အာရုံ မှုနိုင်ခြင်း ဖြစ်တော့ သတည်း။
ဤအရာ၌။ ဉာဏ်ကြီးသူတို့ကား။ ဤဥပမာပြစကားဖြင့်ပင်လျှင်။ ထင်
နိုင်ချေသည်။ နောက်ဝါကျ စကားရပ်ကိုကား။ ဉာဏ်နုသူတို့၏ အလို့
ငှါ။ ဆိုရသည်ဖြစ်ပါ၍။ အပြစ်တင်ခြင်းမှကင်းလွတ်စေကုန်သတည်း။ ။
ထိုအနုလုံ ဂေါတြဘု နှစ်ပါးတို့တွင်။ အနုလုံ သည်၊ သစ္စာကို ဖုံးလွှမ်း
တတ်သော ကိလေသာ အမိုက်တိုက်ကို ပယ်ဖျောက်ခြင်းငှါ စွမ်းနိုင်၏။
နိဗ္ဗာန်ကိုအာရုံပြုခြင်းငှါ မစွမ်းနိုင်ချေ။ ဂေါတြဘုသည်။ နိဗ္ဗာန်ကို သာ
လျှင် အာရုံပြုခြင်းငှါ စွမ်းနိုင်၏။ သစ္စာကိုဖုံးလွှမ်း တတ်သော ကိလေ
သာအမိုက်တိုက်ကို ပယ်ဖျောက် ခြင်းငှါ မစွမ်း နိုင်လေ။ ထို စကား၌၊
ဥပမာကား။ မျက်စိအမြင်ရှိသော တယောက်သော ယောက်ျား သည်။
နက္ခတ်ယှဉ်ခြင်းကို သိအံ့ဟု၊ ညဉ့်အဘို့၌ ထွက်၍ လ ကိုကြည့်ခြင်းငှါ

အထက်သို့ ရှေးရှုမြွက်၏။ ထိုလ၏၊ တိမ်တိုက် တို့ဖြင့် ဖုံးလွှမ်းအပ်သည့် ၏ အဖြစ်ကြောင့်။ လသည်မထင်၊ ထိုအခါ၌၊ တရသောလေသည်ထ၍၊ အလွန်ရုန့်ရင်း ကုန်သော တိမ်တိုက်တို့ကိုဖျက်ဆီး၏။ တပါးသောလေသည်။ အလယ် အလတ် ဖြစ်ကုန်သော တိမ်တိုက် တို့ကို၊ ဖျက်ဆီး၏။ တပါးသောလေသည်၊ သိမ်မွေ့ကုန်သော တိမ်တိုက်တို့ကို၊ ဖျက်ဆီး၏။ ထို့နောင်မှ ထိုယောကျ်ားသည်။ တိမ်တိုက် ကင်း စင်သော ကောင်းကင်၌။ လကိုမြင်၍။ နက္ခတ်ယှဉ်ခြင်းကို သိ၍။ ထိုဥပမာစကား၌။သုံးခုကုန်သော တိမ် တိုက် တို့ကဲ့သို့။ သစ္စာလေးပါးကို ဖုံးလွှမ်း တတ်ကုန်သော။ ရုန့်ရင်းသော ကိလေသာ၊ အလယ် အလတ် ဖြစ်သော ကိလေသာ၊ သိမ်မွေ့သော ကိလေသာ အမိုက်တိုက်ကို မှတ်အပ်၏။ သုံးခုကုန်သော လေတို့ကဲ့သို့၊ သုံးခုကုန်သော အနုလုံတို့ကိုမှတ်အပ်၏။ မျက်စိအမြင်ရှိသောယောကျ်ားကဲ့သို့၊ ဂေါတြဘုဉာဏ်ကို မှတ်အပ်၏။ လကဲ့သို့ နိဗ္ဗာန် ကို မှတ်အပ်၏။ တခုတခုသော လေ၏။ အစဉ် အား ဖြင့်၊ တိမ်တိုက်ကို ဖျက်ဆီး သကဲ့သို့၊ တခု တခုသော အနုလုံ၏ သစ္စာကိုဖုံးလွှမ်းတတ်သော အမိုက် တိုက်ကို ဖျက်ဆီးခြင်းကို မှတ်အပ်၏။ တိမ်တိုက်ကင်းသောကောင်းကင်ပြင်၌။ ထိုယောကျ်ား၏ စင်ကြယ်သော လ ကို မြင်သကဲ့သို့၊ သစ္စာကို ဖုံးလွှမ်းတတ်သော အမိုက်တိုက် ကင်းသော အခါ၌။ ဂေါတြဘုဉာဏ်၏၊ စင်ကြယ် စွာသောနိဗ္ဗာန်ကိုမြင်ခြင်းကိုမှတ်အပ်၏။ ထိုစကားကို ထင်ရှား စေဦးအံ့။ သုံးခုကုန်သော လေတို့သည်။ လကို ဖုံးလွှမ်းတတ် ကုန်သော၊ တိမ်တိုက် တို့ကို သာလျှင်။ ဖျက် ဆီးခြင်းငှါ စွမ်းနိုင်ကုန်၏။ လကို မြင်ခြင်း ငှါကား မစွမ်းနိုင် ကြလေကုန်သကဲ့သို့။ ထိုအတူ အနုလုံဇောစိတ်တို့သည်၊ သစ္စာကိုဖုံးလွှမ်းတတ်သော အမိုက်တိုက်ကို သာလျှင်။ ပယ်ဖြောက်ခြင်းငှါ စွမ်းနိုင်ကုန်၏ နိဗ္ဗာန်ကို မြင်ခြင်းငှါ ကားမစွမ်းနိုင်ကုန်။ ထိုယောကျ်ားသည်။ လကိုသာမြင်ခြင်းငှါစွမ်းနိုင်၍။ တိမ်တိုက်တို့ကိုဖျက်ဆီးခြင်းငှါ မစွမ်းနိုင်သကဲ့သို့။ ထို့အတူ၊ ဂေါတြဘုဉာဏ်သည်။ နိဗ္ဗာန်ကိုသာ မြင်ခြင်းငှါစွမ်းနိုင်၏ ကိလေသာ အမိုက်တိုက်ကို ပယ်ဖြောက်ခြင်းငှါ မစွမ်းနိုင်လေ။ ထို့ကြောင့်ပင်လျှင်။ ထိုဂေါတြဘုစိတ်ကိုမဂ်၏ အာဝဇ္ဇန်းဟူ၍၊ ဆိုအပ်၏၊ ထိုစကားမှန်၏။ ထိုဂေါတြဘု စိတ်သည်၊ အာဝဇ္ဇန်း မဟုတ် သော်လည်း အာဝဇ္ဇန်း၏အရာ၌ တည်၍၊ အချင်းမဂ်စိတ်၊သင်သည်၊ ရှေးအနုလုံစိတ်တို့ကဲ့သို့၊ သင်္ခါရကို အာရုံမပြုမူ၍၊ ငါနှင့် တူစွာနိဗ္ဗာန်ကိုသာ အာရုံ မူ၍ဖြစ်

ပါဠေလလောဟ၊ မဂ်ဗိတ်အား အမှတ်သညာကို ပေးသကဲ့သို့ ဖြစ်၍ ချုပ်၏။ မဂ်ဗိတ်သည်လည်း၊ ထိုဂေါတြဘုစိတ်သည် ပေးအပ်သောအမှတ်သညာကို မလွှတ်မူ၍သာလျှင်။ အကြားမရှိသော စိတ်အစဉ်၏ အစွမ်းအားဖြင့်။ ထိုဂေါတြဘုဉာဏ်သို့၊ အစဉ်လိုက်၍။ မဘောက်မထွင်းဘူးသေး၊ မခွဲမစိတ်ဘူးသေးကုန်သော၊ လောဘဘုံး၊ ဒေါသဘုံး၊ မောဟဘုံးကို၊ ဘောက်ထွင်း ခွဲစိတ်လျက်သာလျှင်ဖြစ်၏။ ဘောက်ခွဲဟန် ဥပမာကား။ တယောက်သော လေးသမားသည်။ ရှစ်ဥသဘ အတိုင်း အရှည်ရှိသောအရပ်၌၊ ပန်းတောက်သားနှစ်ဖြင့် ပြီးသော ပျဉ်ချပ်တရာကိုထားစေ၍။ ပုဆိုးဖြင့် မျက်နှာကိုပတ်ရစ်၍။ မြှားကို ကောင်းစွာဘွဲ့၍။ စက်ယန္တရားဌ်ရပ်၏။ တပါးသောယောကျ်ားသည်။ စက်ယန္တရားကို လည်စေ၍။ အကြင်အခါ ပျဉ်ချပ်သည် လေးသမားအားရှေးရှုဖြစ်၏။ ထိုအခါပျဉ်ချပ်၌၊ ဒုတ်လှံကန်ဖြင့် အမှတ်သညာကိုပေး၏။ လေးသမားသည်။ ဒုတ်လှံကန်ဖြင့် ပေးအပ်သော အမှတ်သညာကို မလွှတ်မူ၍သာလျှင်မြှားကိုပစ်လွှတ်၍၊ ပန်းတောက်သားနှစ်ဖြင့် ပြီးသော ပျဉ်ချပ်တရာကို ဘောက်ထွင်း၏၊ ထိုဥပမာ၌။ ဒုတ်လှံကန်ဖြင့် ခတ်အပ်သောအသံဟူသောအမှတ်သညာကဲ့သို့။ ဂေါတြဘုဉာဏ်ကိုမှတ်အပ်၏။ လေးသမားကဲ့သို့။ သောတာပတ္တိမဂ်ဉာဏ်ကိုမှတ်အပ်၏။ လေးသမား၏။ ဒုတ်လှံကန်ဖြင့် ပေးအပ်သော အမှတ်ကို မလွှတ်မူ၍သာလျှင်။ မြှားကိုပစ်လွှတ်၍။ ပျဉ်ချပ်တရာကိုဖေါက်ထွင်းခြင်းကဲ့သို့။ မဂ်ဉာဏ်၏။ ဂေါတြဘုဉာဏ်သည် ပေးအပ်သောအမှတ်ကို မလွှတ်မူ၍သာလျှင်။ နိဗ္ဗာန်ကို၊ အာရုံပြု၍၊ မဘောက်မထွင်းဘူးသော မခွဲမစိတ် ဘူးသေးကုန်သော လောဘ၊ ဒေါသ၊ မောဟ၊ ဝုံးတို့ကို ဘောက်ခွဲခြင်းကို မှတ်အပ်၏။ သက်သက် သော်ကား။ ဤသောတာပတ္တိမဂ်သည်။ လောဘတုံးစသည်တို့ကိုသာလျှင်၊ ဘောက်ခွဲဖြိုဖျက်ရုံမျှမဟုတ်သေး၊ စင်စစ်သော်ကား။ အနမတဂ္ဂဖြစ်သော သံသရာ ဝဋ်ဆင်းရဲဟူသော သမုဒြာရေကို ခန်းခြောက်စေ၏၊ အလုံးစုံအပါယ်တံခါးကို ပိတ်စေ၏။ သဒ္ဓါသီလ စသောသူတော်ကောင်း ဥစ္စာခွန်နှစ်ပါးတို့၏။ မျက်မှောက် ပြီးသည်၏ အဖြစ်ကို ပြုတတ်၏။ အင်္ဂါရှစ်ပါးရှိသောမိစ္ဆာမဂ်ကို ပယ်စွန့်၏၊ ပါဏာတိပါတာစသော ငါးပါးသောရန်။ နှစ်ဆယ့်ငါးပါးသော ဘေးကြီးတို့ကို ငြိမ်းစေ၏။ သဗ္ဗညုဘုရားရှင်၏။ ရွေရင်တော်နှစ်, သားတော်စစ် အဖြစ်သို့ ဆောင်တတ်၏။ ထိုမှတပါး အရာမက များစွာကုန်သော အာနိသင်

တို့ကိုရခြင်းငှါလည်း ဖြစ်ပေတတ်၏။ ဆိုအပ်ပြီးသော စကားရပ်၌။ လောဘဘုံး, ဒေါသတုံး, မောဟတုံး, ဟူကုန်သော ကိလေသာတို့ကို သောတာပတ္တိမဂ်ဖြင့်၊ ဘောက်ထွင်း နှိမ်တ်၍၊ ပယ်ရာဝယ်၊ အတိတ်အနာဂတ်၊ ပစ္စုပ္ပန်ကိလေသာ သုံးတန်တို့တွင်။ အတိတ် အနာဂတ် ကိလေသာတို့ကို ပယ်လေသလော။ သို့တည်းမဟုတ်။ ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်လေသလော၊ အကယ်၍၊ အတိတ် အနာဂတ် ကိလေသာတို့ကို ပယ်သည်ဖြစ်အံ့။ လုလ္လပြုရခြင်းသည် အကျိုး မရှိသည်ဖြစ်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူကား။ အတိတ် အနာဂတ် ဟူခဲ့သော်၊ ပယ်အပ်သော ကိလေသာတရားတို့၏။ ထင်ရှား မရှိသည်၏အဖြစ်ကြောင့်တည်း။ ထိုသို့မဟုတ်။ ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်သည်ဖြစ်အံ့။ ထိုသို့ပစ္စုပ္ပန် ကိလေသာတို့ကို ပယ်ကုန်သော်လည်း။ အကျိုးမရှိသည်ပင်ဖြစ်ရာ၏။ အဘယ့်ကြောင့်နည်း ဟူမူကား။ လုလ္လနှင့် တကွ ပယ်အပ်ကုန်သော ကိလေသာ တရားတို့၏။ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်တည်း။ ထိုစကားကို ထင်ရှားစေဦးအံ့။ အတိတ်ကိလေသာတို့ကို။ အကယ်၍ ပယ်အံ့။ ကုန်ပြီးသော ကိလေသာကိုပင် ကုန်စေသည်။ ငြိမ်းပြီးသော ကိလေသာကိုပင် ငြိမ်းစေသည်။ ကင်းပြီးသော ကိလေသာကိုကင်းစေသည်။ ချုပ်ခြင်းသို့ ရောက်ပြီးသော ကိလေသာကိုပင် ချုပ်ခြင်းသို့ ရောက်စေသည် မည်ခဲ့ရာ၏၊ ထိုကြောင့်။ အတိတ်ကိလေသာတို့ကို ပယ်ခြင်းငှါ မသင့်၊ အကယ်၍ အနာဂတ် ကိလေသာတို့ကို ပယ်သည်ဖြစ်အံ့။ မဖြစ်သေးသော ကိလေသာကို ပယ်သည်၊ မရောက်သေးသော ကိလေသာကိုပယ်သည်၊ ထင်ရှားစွာ မဖြစ်သေးသော ကိလေသာကို ပယ်သည်မည်ခဲ့ရာ၏။ ထို့ကြောင့်။ အနာဂတ်ကိလေသာတို့ကိုလည်း ပယ်ခြင်းငှါမသင့်၊ အကယ်၍ပစ္စုပ္ပန်ဖြစ်ကုန်သော ကိလေသာတို့ကိုလည်း။ပယ်သည်ဖြစ်အံ့။ ရာဂဖြင့်တတ်စွမ်းလျက်ရာဂကိုပင်ပယ်သည်မည်ခြင်း။ ဒေါသဖြင့်အမျက်ထွက်လျက်၊ ဒေါသကိုပင် ပယ်သည်မည်ခြင်း။ မောဟဖြင့်တွေဝေလျက်၊ မောဟကိုပင် ပယ်သည်မည်ခြင်း။ မာနဖြင့်ခက်ထန်သော စိတ်ရှိသည်ဖြစ်လျက်၊ မာနကို ပယ်သည်မည်ခြင်း၊ ဒိဋ္ဌိဖြင့်၊ မှားသောနှလုံးသွင်းရှိသည်ဖြစ်လျက်၊ ဒိဋ္ဌိကို ပယ်သည်မည်ခြင်း။ ဥဒ္ဓစ္စဖြင့်၊ ပျံ့လွင့်ခြင်းသို့ရောက်လျက်၊ ဥဒ္ဓစ္စကိုပင်ပယ်သည်မည်ခြင်း။ ဝိစိကိစ္ဆာဖြင့် မဆုံးဖြတ်နိုင်ခြင်းသို့ ရောက်လျက်၊ ဝိစိကိစ္ဆာကိုပယ်သည်မည်ခြင်း။ အဖန်တလဲလဲ ကိန်းအောင်းတတ်သော၊ အနုသယ

ရှိသည်ဖြစ်လျက်ပင်၊ အနုသယကို ပယ်သည် မည်ခြင်း ဖြစ်ခဲ့ရကား။
အကုသိုလ်နှင့် ကုသိုလ်တရားဘို့သည်၊ထမ်းပိုး၌ ကအပ်ကုန်သောနွားတို့
ကဲ့သို့၊ အစုံ ယှဉ်ပြိုင်လျက် ဖြစ်ခြင်းကြောင့်၊ သံကိလေသ မည်သော
အကုသိုလ်တရားနှင့်၊ မဂ်ကိုပွားစေခြင်း မည်ခဲ့ရာသည်။ ထိုကြောင့်။
ပစ္စုပ္ပန်ကိလေသာတို့ကိုလည်း ပယ်ခြင်းငှါမသင့်၊ ယင်းသို့ ကာလသုံး
ပါးတို့၌၊ ကိလေသာတို့ကိုပယ်ခြင်းငှါ မသင့်ခဲ့သော်၊ ထိုကိလေသာတို့
သည်လည်း။ ကာလသုံးပါး၌ ဖြစ်ကုန်သော၊ ဘေကာလိက တရားတို့
ဖြစ်ကုန်ရကား။ ယောဂီသန္တာန်၌၊ မဂ်စိတ်ဥပါဒ်သောအခါ၊ ထိုသော
တာပတ္တိမဂ်စိတ်သည်။ မဂ်ကိုပွားစေခြင်း၊ ဖိုလ်ကို မျက်မှောက်ပြုခြင်း။
ကိလေသာကိုပယ်ခြင်း။ သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိခြင်းပင်မရှိ
ရာတော့ပြီဟူ၍။ ဤသို့သော စောဒနာခြင်းသည် ဖြစ်ခဲ့ရာ၏။ ထိုစောဒ
နာကို ဤသို့သော ဥပမာကိုဆောင်၍။ ဖြေဆိုအပ်၏။ ကြီးပွားသော
သစ်ပင်သည်။ မြေအပြင်၌တည်၍။ ပထဝီရသကိုရင်း။ အာပေါရသကို
ရင်း။ မှီ၍၊ ထိုပထဝီရသ။ အာပေါရသဟူသော အကြောင်းကြောင့်။ အ
မြစ်ပင်စည် အခက်အခွ ခက်မ အညွန့်အရွက် အပွင့်အသီးတို့ဖြင့် ကြီး
ပွား၍ ကောင်းကင်ပြင်ကို ပြည့်စေလျက်။ ကမ္ဘာကြီး ကုန်ဆုံးသည်တိုင်
အောင်။ မျိုးစေ့အဆက်ဆက်ဖြင့်၊ သစ်ပင် အဆက်ဆက်ကို၊ အဆင့်
ဆင့်ဖွဲ့စပ်လျက် တည်သည်ရှိသော်။ ထိုပထဝီရသ အာပေါရသသည်။
အမြစ်၌သာလျှင်။ အစဉ်လျှောက်၍နှံ့၏။ ပင်စည်စသည်တို့၌ကား။ အ
စဉ်လျှောက်၍ မနှံ့။ တနည်း။ အသီး၌သာလျှင် အစဉ် လျှောက်၍နှံ့
၏။ အမြစ်စသည်တို့၌ကား။ အစဉ်လျှောက်၍မနှံ့။ ဤသို့မဆိုအပ်။ အ
ဘယ်ကြောင့် နည်းဟူမူကား။ သာမညအားဖြင့်။ အလုံးစုံကုန်သော အ
မြစ်စသည်တို့၌၊ အစဉ်လျှောက်၍နှံ့သည်၏ အဖြစ်ကြောင့်တည်း။ ထို
ကဲ့သို့ စည်ပင်ပျံ့ပွား ကြီးမားသောသစ်ပင်ကြီး၏ အပွင့်အသီး စသည်
တို့၌၊ ငြီးငွေ့စက်ဆုပ်နိုးသော။ တယောက်သော ယောကျ်ားသည်။ အ
ရပ်လေးမျက်နှာတို့၌၊ မဏ္ဍုက၊ ကဏ္ဍက မည်သော၊ အဆိပ်ဆူးရိုးကို
ရိုက်နှက်၍သွင်းရာ၏။ ထိုသို့ရိုက်နှက်သောအခါ၌၊ ထိုသစ်ပင်သည် အ
ဆိပ်နှင့် တွေ့ထိသည်ဖြစ်၍။ ပထဝီရသ၊ အာပေါ ရသတို့၏ ကုန်ခန်း
သည်၏အဖြစ်ကြောင့်။ စည်ပင်ကြီးမား မပွားသော သဘောရှိသည်၏
အဖြစ်သို့ရောက်၍။ တဖန် အစဉ်အဆက် ဖြစ်စေခြင်းငှါ မတတ်နိုင်သ
ကဲ့သို့။ ထိုအတူလျှင် ခန္ဓာတို့၏။ ဆက်ခါဆက်ခါ ဖြစ်ခြင်း၌။ ငြီးငွေ့

စက်ဆုပ်နှိုးသော၊ အမျိုးကောင်းသားသည်။ သစ်ပင်၏ နံပါးလေးဘက်တို့၌။ အဆိပ်ကိုယှဉ်စေဘိသကဲ့သို့။ မိမိ၏သန္တာန်၌ လေးပါးကုန်သော အရိယာမဂ်တို့ကို၊ ပွားစေခြင်းငှါ အားထုတ်၏။ ထိုသို့ အားထုတ်လတ်သော်။ ထိုအမျိုးသား၏ ခန္ဓာအစဉ်သည်၊ ထိုအရိယာမဂ် လေးပါးတည်းဟူသော၊ မဏ္ဍုက ကဏ္ဍကမည်သောအဆိပ်၏ အတွေ့ကြောင့်။ အလုံးစုံ ငင်၏ အကြောင်း ဖြစ်ကုန်သော၊ ကိလေသာတို့သည်၊ ကုန်ခန်းကြလေကုန်၏။ ။ယင်းသို့ ကိလေသာတို့၏။ ကုန်ခန်းသည်၏ အဖြစ်ကြောင့်။ တိုပုဂ္ဂိုလ်သန္တာန်၌ဖြစ်သော၊ ကာယကံ အစရှိသောကံအပြားသည်။ ကုသိုလ် အကုသိုလ် မဟုတ်တော့ဘဲ။ ကြိယာ၏ အဖြစ်မျှသို့ ရောက်သော။ အဗျာကတကံမျိုးဖြစ်၍။ နောင်အခါ၌တဖန် ဘဝသစ်ကို မဖြစ်စေတတ်သော သဘော၏အဖြစ်သို့ ရောက်လတ်ရကား။ ဘဝသစ်ဟူသော ခန္ဓာအစဉ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ဘဲ။ အဆုံးစွန်ဖြစ်သော စရိမက တည်းဟူသော၊ စုတိစိတ် ဝိညာဉ်ချုပ်သဖြင့်။ မီးစာမရှိသောမီးကဲ့သို့။ ငြိမ်းခြင်းဥပါဒါန် မရှိမူ၍။ ပရိနိဗ္ဗာန်ပြုရ၏။ ဤဥပမာစကားရပ်၌၊ အဆိပ်ဆူးရှိုးသည်။ လွန်ကဲပြီးဖြစ်၍။ အတိတ်ဖြစ်သော၊ အပွင့်အသီး စသည်ကိုလည်း။ သတ်သည်မမည်၊ မဖြစ်သေး၍ အနာဂတ်ဖြစ်သော အပွင့်အသီးစသည်ကိုလည်း။ သတ်သည်မမည်။ ပွင့်ဆဲသီးဆဲ မဟုတ်၍ ပစ္စုပ္ပန်အပွင့်အသီး စသည်ကိုလည်း။ သတ်သည်မမည်။ စင်စစ်သော်ကား။ မိမိတည်းဟူသော အဆိပ်နှင့်တွေ့ထိသည်ဖြစ်၍။ အကြောင်းဖြစ်ကုန်သော။ ပထဝီရသအာပေါရသတို့၏ ကုန်ခန်းသည်၏အဖြစ်ကြောင့်။ အကျိုးဖြစ်ကုန်သော အပွင့်အသီးတို့၏။ မဖြစ်ထွန်းနိုင်ကြခြင်းပင် ဖြစ်၏။ ဤကိုစံပြု၍။ အတိတ်ဖြစ်သော အပွင့်အသီး စသည်နှင့်တူစွာ။ အအတိတ်ကိလေသာကိုသိ။ အနာဂတ်ဖြစ်သော အပွင့်အသီး စသည်နှင့်တူစွာ။ အနာဂတ် ကိလေသာကိုသိ။ ပစ္စုပ္ပန်ဖြစ်သော အပွင့်အသီး စသည်နှင့်တူစွာ။ ပစ္စုပ္ပန်ကိလေသာကိုသိ။ အဆိပ်ရှိုးနှင့် တူသော။ မဂ်လေးပါးနှင့်ရိုက်နှက်၍။ ပထဝီရသ၊ အာပေါရသနှင့်တူသော။ အနုသယကိလေသာကို ပယ်ခြင်းကိုသိ။ ဤသို့ အစဉ် အတိုင်း ဟပ်လျက်။ အကြောင်းဖြစ်ကုန်သော၊ ပထဝီရသ အာပေါရသတို့၏ ကုန်ခန်းခြင်းကြောင့်။ အနာဂတ်ကာလ၌၊ အပွင့်အသီး တည်းဟူသော ဝန်ကိုမဆောင်သကဲ့သို့။ ကိလေသာကုန်ခြင်းကိုသိအပ်၏။ ထို့ကြောင့်။မဂ်စိတ် ဥပါဒ်ဆဲခဏ၌၊ မဂ်ကိုပွားစေခြင်း၊ ဖိုလ်ကိုမျက်မှောက်ပြုခြင်း။ ကိလေ

သာကိုပယ်ခြင်း။ သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းကား။ ရှိသည်သာလျှင်တည်း။ မရှိဟူ၍ကား မစောဒနာအပ်။ ဤအရာ၌၊ အကြောင်းတရားချုပ်၍။ အကျိုး တရား ချုပ်ခြင်း ပင်လျှင် ဖြစ်၏ ထို့ ကြောင့် အဋ္ဌကထာ၌။ ။ဟေတု, နိရောဓာ၊ ဖလနိရောဓော။ ။ဟူ၍မိန့်တော်မူအပ်သည်ကို နှလုံးပိုက်ရာ သတည်း။ ။ဥပမာပြ စကား၌။ မဏ္ဍူက ကဏ္ဍက ဟူသည်ကို။ လိပ်ကြောက်ဆူးဟူ၍ငင်း။ ငါးမန်းစွယ်ဟူ၍ငင်း။ဆရာမြတ်တို့ မြန်မာပြန်ဆို ကြကုန်၏။ ။မဏ္ဍူက ကဏ္ဍကောတိ။ ဓေကော မစ္ဆ ကဏ္ဍကောတိဝ ဒန္တိ။ ။ဟူ၍ မဟာဋီကာ ဖွင့်၏။ ။ဤမဟာဋီကာ၌၊ မဏ္ဍူက ကဏ္ဍက ဟူသည်ကို၊ မစ္ဆကဏ္ဍက ဟူရကား။ ငါးဆူးရိုးပင် ဖြစ်တော့သည်။ ငါးဆူးရိုးဖြစ်ခဲ့ချေသော်၊ ဝိနည်း အဋ္ဌကထာတို့၌။ ဥဒက သပ္ပဝေါမဏ္ဍော။ ။ဟူ၍လာရှိချေရကား။ ရေ၌ဖြစ်ကုန်သော လိပ်ကြောက်နှင့်။ ငါးမန်းတို့လည်း။ ငါးပင် မည်ကုန် တော့ သည်ဖြစ်၍။ ဆရာမြတ်တို့ ယောဇနာ ခြင်းသည်။ ဋီကာနှင့် အညီ ဟူထိုက်၏။ ။ဤကားစကားချင်။ ။

ထိုသောတာပတ္တိမဂ်စိတ်သည်။ မိမိ၏စိတ္တက္ခဏ တချက်တည်း၌ပင်လျှင်။ လေးပါးသော ကိစ္စကိုပြီးစေ၏။ လေးပါးဟူသည်ကား။ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း။ ပရိညာဉ်ကိစ္စ။ သမုဒယ သစ္စာကိုပယ်ခြင်း ပဟာနကိစ္စ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း သစ္ဆိကြိယကိစ္စ။ မဂ်ကို ပွား ခြင်း ဘာဝနကိစ္စ၊ ဤကိစ္စ လေးချက်တို့ကို တပြိုင်နက် ခဏ အားဖြင့်ပြီးစေ၏၊ ဥပမာကားဆီမီးသည်၊မရှေးမနှောင်းတပြိုက်နက်အားဖြင့်။ ဆီမီးစာကိုလောင်စေခြင်း။ အမိုက်တိုက်ကို ပယ်ဖျောက် ခြင်း။ အလင်းကို ဖြစ်စေခြင်း။ ဆီကို ကုန်စေခြင်းအားဖြင့်။ လေးပါး ကုန်သော ကိစ္စတို့ကိုပြီးစေသကဲ့သို့ကည်း။ ထိုဥပမာစကား၌။ ဆီမီးသည်။ မီးစာကိုလောင်စေသကဲ့သို့။ မဂ်ဉာဏ် သည်။ ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိခြင်းကို ငင်း။ အမိုက်တိုက်ကို ပယ်ဖျောက် သကဲ့သို့။ သမုဒယသစ္စာကို ပယ်ခြင်းကို ငင်း။ အလင်းကို ဖြစ်စေသကဲ့သို့။ သမ္မာသင်္ကပ္ပစသော၊ သတ္တင်္ဂ ကမဂ်ကို ပွားစေခြင်းကို ငင်း။ ဆီကို ကုန်စေ သကဲ့သို့။ ကိလေသာ ဟူသောအစေး၏၊ ကုန်ရာနိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းကိုငင်း၊ ဤသို့ဥပမာ ဥပမေယျ၊ နှိုးနှော၍ခြင်းကို သိအပ်၏။ တနည်း။ ဥဒည်တောင်၌၊ နေမင်း တက်လတ်သော်။ မရှေးမနှောင်းပင်၊ အဆင်းတည်းဟူသော ရူပါရုံကိုပြခြင်း။ အမိုက် တိုက်ကို ပယ်ဖျောက် ခြင်း။ အလင်းကို ဖြစ်စေခြင်း။ အချမ်းကို

ငြိမ်းစေခြင်း အားဖြင့်။ လေးပါးကုန်သော ကိစ္စတို့ကို ပြီးစေသကဲ့သို့။ ထိုအတူ မဂ်ဉာဏ်သည်၊ လေးပါးသော ကိစ္စကို ပြီးစေ၏။ ပြီးစေဟန် ကား။ နေသည် ရူပါရုံတို့ကို ပြသကဲ့သို့။ မဂ်ဉာဏ်သည်၊ ဒုက္ခ သစ္စာကို ပိုင်းခြား၍ သိခြင်းကိုရင်း၊ အမိုက်တိုက်ကို ပယ်ဖျောက်သကဲ့သို့။ သမုဒယ သစ္စာပယ်ခြင်းကိုရင်း။ အရောင်အလင်းကို ဖြစ်စေသကဲ့သို့။ သမ္မာ သင်္ကပ္ပစသော၊ သတ္တဂ်ိဳကမင်ကို ပွားစေခြင်း ကိုရင်း။ အချမ်းကို ပယ် ဖျောက်သကဲ့သို့။ ကိလေသာ၏ ငြိမ်းရာ နိဗ္ဗာန်ကို မျက် မှောက် ပြုခြင်း ကိုရင်း။ ဤသို့ ဥပမာ ဥပမေယျ နှိုင်းနှောခြင်းကို သိအပ်၏။ ။တနည်း။ လှေသည်။ မရှေး မနှောင်း တပြိုက်နက် ခဏ၌။ ဤမှာဘက် ကမ်းကိုစွန့် ခြင်း။ ရေအယဉ်ကိုဖြတ်ခြင်း။ ဝန်ကို ဆောင်ခြင်း။ ထိုမှာဘက်ကမ်းသို့ ရောက်ခြင်းအားဖြင့်။ လေးပါး ကုန်သော ကိစ္စတို့ကိုပြီးစေသကဲ့သို့။ ထို အတူ၊ မဂ်ဉာဏ်သည်။ လေးပါးသော ကိစ္စကိုပြီးစေ၏။ ပြီးစေဟန်ကား။ လှေသည် ဤမှာဘက်ကမ်းကို စွန့်သကဲ့သို့။ မဂ်ဉာဏ်သည်၊ ဒုက္ခ သစ္စာ ကိုပိုင်းခြား၍ သိခြင်းကိုရင်း၊ ရေအယဉ်ကို ဖြတ် သကဲ့သို့၊ သမုဒယ သစ္စာကို ပယ်ခြင်းကိုရင်း။ ဝန်ကိုဆောင်သကဲ့သို့။ သမ္မာသင်္ကပ္ပစသော သတ္တဂ်ိဳကမင်ကိုပွားစေခြင်းကိုရင်း။ ထိုမှာဘက်ကမ်းသို့ ရောက်သကဲ့ သို့။ ထိုမှာဘက်ကမ်းသဘွယ် ဖြစ်၍ဖြစ်သော၊ နိဗ္ဗာန်ကို မျက် မှောက် ပြုခြင်းကိုရင်း။ ဤသို့ဥပမာ ဥပမေယျ နှိုင်းနှော ခြင်းကို သိအပ်၏။ ဤသို့ လျှင်။ သောတာပတ္တိမဂ်စိတ်သည်။ တကြိမ်သာ ဖြစ်လျက်။ ကိစ္စလေး ချက်ဆောင်ရွက်ခြင်း ပြီးမြောက် ဟန်ကို သိအပ်၏။ ။ဤသို့ ကိစ္စလေး ချက်ကို ဆောင် ရွက်သော၊ သောတာပတ္တိ မဂ် စိတ်၏။ ဉပါဒ်ဆဲ ခဏ၌၊ ယောဂီသည်။ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် မည်၏။ ထို မဂ်စိတ် ၏ အခြားမဲ့၌၊ တကြိမ်ရင်း။ နှစ်ကြိမ်ရင်း။ သုံးကြိမ်ရင်း။ သောတာပတ္တိဖိုလ် စိတ်ဉပါဒ်သောအခါ။ ယခင်မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်။ သောတာပတ္တိ ဖလ ဋ္ဌာန် ပုဂ္ဂိုလ်မည်၏။ ။ဤ၌ အထူးမှတ်ဘွယ်ကား။ တောဘုမ္မကလော ကီကုသိုလ် ဟူသမျှသည်။ မိမိ၏ အခြားမဲ့၌။ အကျိုး ဝိပါက်တို့ကိုမပေး တတ်ချေ။ လောကုတ္တရာ ကုသိုလ်သည် သာလျှင်။ မိမိ၏အခြားမဲ့၌၊ အ ကျိုးကိုပေးတတ်၏။ ထိုကြောင့် တရားတော်၏ ဂုဏ်ခြောက်ပါးတို့တွင် သုံးခုမြောက် ဖြစ်သော။ မဂ်ဂုဏ်တော်ကို၊ အာကာလိက ၊ဟူ၍။ ဟော တော်မူခြင်းကိုသိအပ်၏။ ဤမဂ္ဂဝိထိ၌၊ မဂ်စိတ်သည်။ သစ္စာလေးပါးတို့ ကို သိရာဝယ်။ ဒုက္ခ သစ္စာ၌။ ။ဒုက္ခဿ၊ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊

သန္တာပဋ္ဌော။ ဝိပရိဏာမဋ္ဌော၊ ။ဟူ၍လေးနက်။ ။သမုဒယသစ္စာ၌။ ။သမုဒယသည်၊ အာယူဟနဋ္ဌော၊ နိဒါနဋ္ဌော၊ သံယောဂဋ္ဌော။ ပလိဗောဓဋ္ဌော။ ဟူ၍လေးနက်။ ။နိရောဓသစ္စာ၌။ ။နိရောဓသည်၊ နိဿရဏဋ္ဌော၊ ဝိဝေကဋ္ဌော။ အသင်္ခတဋ္ဌော။ အမတဋ္ဌော။ ။ ဟူ၍လေးနက်။ မဂ္ဂသစ္စာ၌။မဂ္ဂသည်၊ နိယျာနဋ္ဌော။ ။ဟေတွဋ္ဌော။ ဒဿနဋ္ဌော။ အဓိပတေယျဋ္ဌော။ ။လေးနက်။ ။ဤသို့သစ္စာအနက်တဆယ့်ခြောက်ချက်ကုန်သော အခြင်းအရာတို့ဖြင့် ထိုးထွင်း၍သိ၏။ ။ ထိုသစ္စာအနက် တဆယ့်ခြောက်ချက်တို့၏ အနက်ယောဇနာကား။ ။

ဒုက္ခသည်၊ ဒုက္ခသစ္စာ၏။ပီဠနဋ္ဌော။ နှိပ်စက်ခြင်းအနက်သည်ရင်း။ သင်္ခတဋ္ဌော၊ အကြောင်းတရားတို့သည်။ ပေါင်း၍ ပြုပြင်အပ်သည်၏ အဖြစ်ဟူသောအနက်သည်ရင်း။ သန္တာပဋ္ဌော၊ ပူပန်စေခြင်း အနက်သည်ရင်း။ ဝိပရိဏာမဋ္ဌော၊ ဇရာမရဏာတို့သည်။ ဖေါက်ပြန်စေအပ်သည်၏။ အဖြစ်တည်းဟူသောအနက်သည်ရင်း။ တထဋ္ဌော၊ မဖေါက် မပြန် မှန်သော သဘောမည်၏။ ။ဒုက္ခသစ္စာ၌လေးချက်။ ။

သမုဒယသည်၊ သမုဒယသစ္စာ၏။ အာယူဟနဋ္ဌော၊ အားထုတ်တတ်ပေါင်းစည်းတတ်သည်၏ အဖြစ်ဟူ သောအနက်သည်ရင်း။ နိဒါနဋ္ဌော ဝဋ်ဆင်းရဲကိုပေးတတ်၊ နှင်းတတ်သည်၏ အဖြစ်ဟူသော အနက်သည်ရင်း။ သံယောဂဋ္ဌော၊ ဝဋ်၌ယှဉ်စေခြင်း အနက်သည်ရင်း။ ပလိဗောဓဋ္ဌော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို တားမြစ်တတ်သည်၏ အဖြစ်ဟူသော အနက်သည်ရင်း။ တထဋ္ဌော။မဖေါက်မပြန် မှန်သောသဘောမည်၏။ ။ သမုဒယသစ္စာ၌လေးချက်။ ။

နိရောဓသည်။ နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော။ ထွက်မြောက်ရာ၏ အဖြစ်ဟူသောအနက်သည်ရင်း။ ဝိဝေကဋ္ဌော။ ကိလေသာ သင်္ခါရတို့မှ ဆိတ်သည်၏ အဖြစ်ဟူသော အနက်သည်ရင်း။ အသင်္ခတဋ္ဌော။ အကြောင်းတရားတို့သည်။ မပြုပြင်အပ်သည်၏ အဖြစ်ဟူသော အနက်သည်ရင်း။ အမတဋ္ဌော၊ သေခြင်းပျက်စီးခြင်း ကင်းသည်၏။ အဖြစ်ဟူသောအနက်သည်ရင်း။တထဋ္ဌော၊ မဖေါက်မပြန် မှန်သော သဘောမည်၏။ ။နိရောဓသစ္စာ၌လေးချက်။ ။

မဂ္ဂသည်၊ မဂ္ဂသစ္စာ၏။ နိယျာနဋ္ဌော။ ဝဋ်မှထွက်မြောက်ကြောင်း၏ အဖြစ်ဟူသော အနက်သည်ရင်း။ ဟေတုဋ္ဌော၊ နိဗ္ဗာန်သို့ရောက်ကြောင်း၏ အဖြစ်ဟူသော အနက်သည်ရင်း။ ဒဿနဋ္ဌော၊ သစ္စာလေးပါးကိုမြင်

တတ်သည့်၏ အဖြစ်ဟူသော အနက်သည်ရင်း။ အဝိပဋေယျဗ္ဗော၊ သစ္စာလေးပါးကို မြင်ခြင်းကိစ္စ၌ အကြွင်းအမှုး၏ အဖြစ်ဟူသောအနက် သည်ရင်း။ တထဋ္ဌော၊ မဖောက်မပြန်၊ မှန်သောသဘောမည်၏။ ။ မဂ္ဂသစ္စာ၌လေးချက်။ ။

ယခုအခါ၊ ဤသစ္စာအနက် တဆယ့်ခြောက်ချက်၌။ ဉာဏ်သက် လားစိမ့်သော၄ါ။ အထူးဆိုဦးအံ့။ သစ္စာလေးပါးတို့တွင်။ ဒုက္ခသစ္စာ၏ ပိဠနဋ္ဌဟူသော အနက်သည်၊ သဘောအားဖြင့် ထင်ရှားဖြစ်သော အနက် တည်း။ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌအားဖြင့်။ သုံးပါးကုန်သော နောက်အနက်တို့ကား။ သစ္စာသုံးပါးတို့ကို ထောက်ရှု၍။ ထင်ရှားဖြစ် ကုန်သောအနက်တို့ပေတည်း။ ဖြစ်ဟန်ကား။ သမုဒယသစ္စာ၏။ အာယု ဟနဋ္ဌကိုမြင်သဖြင့်။ ဒုက္ခသစ္စာ၏၊ သင်္ခတဋ္ဌဟူသော အနက်သည်ရင်း။ မဂ္ဂသစ္စာ၏၊ ကိလေသာဟူသော ပူပန်ခြင်းမှ ကင်းသည်ကို မြင်သဖြင့်၊ ဒုက္ခသစ္စာ၏၊ သန္တာပဋ္ဌဟူသောအနက်သည်ရင်း။ နိရောဓသစ္စာ၏။ ဇရာ မရဏာနှစ်ပါးတို့ဖြင့် ဖေါက်ပြန်ခြင်းမှ ကင်းသော၊ အဝိပရိဏာမကိုမြင် သဖြင့်၊ ဒုက္ခသစ္စာ၏။ ဝိပရိဏာမဋ္ဌဟူသော အနက်သည်ရင်း။ ထင်ရှား ဖြစ်၏။ ဤသို့ဒုက္ခသစ္စာ၌၊ သဘာဝအားဖြင့် တနက်။ သမုဒယ၊ မဂ္ဂ၊ နိ ရောဓတို့မှထောက်၍၊ သုံးနက်။ ပေါင်းလေးနက်။ ထိုကြောင့်။ ဒုက္ခသစ္စာ ၌။ ။သ၊မ၊နိ၊ဟူ၍ဆိုအပ်၏။ ။

သမုဒယသစ္စာ၌။ အာယုဟနဋ္ဌသည်၊ သဘာဝအားဖြင့်၊ ထင်ရှား ဖြစ်သောအနက်တည်း။ နိဒါနဋ္ဌ။ သံယောဂဋ္ဌ၊ ပလိဗောဓဋ္ဌ၊ အားဖြင့် သုံးပါးကုန်သော နောက်အနက်တို့ကား။ ကြွင်း သစ္စာ သုံး ပါး တို့ ကို ထောက်ရှု၍၊ ထင်ရှားဖြစ်ကုန်သော အနက်တို့ပေတည်း။ ဖြစ်ဟန်ကား။ ဒုက္ခသစ္စာ၏။ ပိဠနဋ္ဌကိုမြင်သဖြင့်၊ သမုဒယ၏ နိဒါနဋ္ဌသည်ရင်း။ နိရော ဓသစ္စာ၏၊ ဝိသံယောဂကိုမြင်သဖြင့်၊ သမုဒယသစ္စာ၏, သံယောဂဋ္ဌ သည်ရင်း။ မဂ္ဂသစ္စာ၏။ နိယျာနဋ္ဌကိုမြင်သဖြင့်၊ သမုဒယသစ္စာ၏၊ ပလိ ဗောဓဋ္ဌသည်ရင်း။ ထင်ရှားဖြစ်၏။ ဤသို့သမုဒယသစ္စာ၌ သဘာဝအား ဖြင့်တနက်။ ဒုက္ခ၊နိရောဓ၊ မဂ္ဂသစ္စာတို့မှထောက်၍။ သုံးနက်၊ ပေါင်း လေးနက်။ ထို့ကြောင့်။ သမုဒယသစ္စာ၌။ ။ဒု၊ နိ၊ မ၊ ဟူ၍ဆိုအပ်၏။ ။

နိရောဓသစ္စာ၌။ နိဿရဏဋ္ဌသည်၊ သဘာဝအားဖြင့်။ ထင်ရှားဖြစ် သော အနက်တည်း။ ဝိဝေကဋ္ဌ၊ အသင်္ခတဋ္ဌ အမတဋ္ဌအားဖြင့်၊ သုံးပါး ကုန်သော နောက်အနက်တို့သည်၊ ကြွင်းသစ္စာသုံးပါးတို့ကို ထောက်ရှု

၍၊ ထင်စွာဖြစ်ကုန်သော အနက်တို့ ပေ၁ည်း။ ဖြစ်ဟန်ကား။ သမုဒယသစ္စာ၏၊ အဝိဝေကဌကို မြင်သဖြင့်၊ နိရောဓသစ္စာ၏၊ ဝိဝေကဌသည်ငင်း။ မဂ္ဂသစ္စာ၏၊ သပစ္စယအဖြစ် ဟူသော သင်္ခတဌကို မြင်သဖြင့်။ နိရောဓသစ္စာ၏ အသင်္ခတဌသည်ငင်း။ ဒုက္ခသစ္စာ၏၊ မရဏအဖြစ်ကို မြင်သဖြင့်၊ နိရောဓသစ္စာ၏၊ အမတဌသည်ငင်း။ ထင်စွာဖြစ်၏။ ဤသို့ နိရောဓသစ္စာ၌၊ သဘာဝအားဖြင့်၊ တနက်။ သမုဒယ၊ မဂ္ဂ၊ ဒုက္ခသစ္စာ တို့မှ ထောက်၍၊ သုံးနက်၊ ပေါင်း လေးနက်။ ထိုကြောင့် နိရောဓသစ္စာ၌။ ။ သ၊ မ၊ ဒု၊ ဟူ၍ ဆိုအပ်၏။ ။

မဂ္ဂသစ္စာ၌၊ နိယျာနဌသည်၊ သဘာဝအားဖြင့်ထင်စွာဖြစ်သောအနက်ပေတည်း။ ဟေတုဌ၊ ဒဿနဌ၊ အဓိပတေယျဌ၊ အားဖြင့်၊ သုံးပါးကုန်သော၊ နောက် အနက်တို့သည်၊ ကြွင်းသော သစ္စာ သုံးပါး တို့ကို ထောက်ရှု၍၊ ထင်စွာဖြစ်ကုန်သော အနက်တို့ ပေတည်း။ ဖြစ်ဟန်ကား၊ သမုဒယသစ္စာ၏၊ နိဗ္ဗာန်သို့ ရောက်ခြင်း၏၊ အကြောင်း မဟုတ်သည်ကို မြင်သဖြင့်၊ မဂ္ဂသစ္စာ၏၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ ဟေတုဌသည်ငင်း။ အလွန်သိမ်မွေ့သော နိဗ္ဗာန်ဟူသော၊ နိရောဓသစ္စာကို မြင်သဖြင့်၊ မဂ္ဂသစ္စာ၏ဒဿနဌသည်ငင်း။ တရံတရာကြီးကဲလွှမ်းမိုး၊ အစိုးမရဘဲ၊ ဆင်းရဲစွာသော ဒုက္ခသစ္စာကိုမြင်သဖြင့်၊ မဂ္ဂသစ္စာ၏၊ ကြီးကဲလွှမ်းမိုး အစိုးရခြင်း။ အဓိပတေယျဌသည်ငင်း။ ထင်စွာဖြစ်၏။ ဤသို့မဂ္ဂသစ္စာ၌၊ သုံးနက်ပေါင်းလေးနက်။ ထို့ကြောင့်၊ မဂ္ဂသစ္စာ၌။ ။သ၊ နိ၊ ဒု၊ ဟူ၍ ဆိုအပ်၏။ ။

ပြအပ်ပြီးသော စကားရပ်၌၊ အကျဉ်းမှတ်ဘွယ်ကိုကား။ ။

မထမံသကလက္ခဏာ မေကပဒံ၊ ဒုတိယာ ဒိပဒဿနိ ဒဿနတော။ သမနိဒုနိမာသမဒ္ဒု, သနိဒ္ဒု, တမတောဝိဘဇေ ပထမေနဝိနာ။ ။ဟူသော အဘိဓမ္မာဋီကာ၊ သင်္ခေပ ဝဏ္ဏနာလာ၊ ဂါထာကို နှုတ်တက်ဆောင်အပ်၏။ ။

အဿ၊ ထိုသစ္စာလေးပါး၏။ ပထမံ၊ ရှေးဦးစွာသော။ ဧကပဒံ၊ တခုတခုသော ပုဒ်သည်။ သကလက္ခဏံ၊ မိမိ၏ သဘောလက္ခဏာကို၊ နိဒဿနတော၊ တိုက်ရိုက် ဟောလျက်။ ဌိတံ၊ တည်၏။ ဒုတိယာဒိပဒံ၊ ဒုတိယအစရှိသောပုဒ်သည်၊ ဝါ၊ ဒုတိယ၊ တတိယ၊ စတုတ္ထပုဒ်သည်။ သမနိ။ သမုဒယသစ္စာ။ မဂ္ဂသစ္စာ။ နိရောဓ သစ္စာ တို့ကို ငင်း။ ဒုနိမာ၊ဒုက္ခသစ္စာ။ နိရောဓသစ္စာ။မဂ္ဂသစ္စာတို့ကိုငင်း။ သမဒ္ဒု။ သမုဒယသစ္စာ။ နိရောဓသစ္စာ။ ဒုက္ခသစ္စာတို့ကိုငင်း။ နိဒဿနတော။ ချင်းချင်းသဘော၊ ညွှန်ပြ

ဟောသျက်။ ဠ္ဌ တံ၊ တည်၏။ ဇာတိ၊ ဤသို့။ ပထမေန၊ မိမိ၏သဘော လက္ခဏာကို ထင်စွာပြသော။ ပထမပုဒ်နှင့်။ ဝိနာ၊ကင်း၍။ ကမတော၊ အစဉ်အားဖြင့်။ ပဏ္ဍိတော၊ပညာရှိသည်။ ဝိဘာဝေ၊ဝေဘန်ရာ၏။ ။

ဤကဲ့သို့ အခြင်းအရာ၊ တဆယ့် ခြောက်ပါး နှင့် တကွ၊ သင်္ခါလေး အင်ကို, သိမြင် တတ်သော၊ သောတာပတ္တိမဂ်ဝိဘ်၏။ အခြားမဲ့၌၊ သော တာပတ္တိဖိုလ်ဝိတ်ကို တကြိမ်ရင်း။ နှစ်ကြိမ်ရင်း။ သုံးကြိမ်ရင်း ဖြစ်၏ ဟူ၍။ ငါတို့ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး၊ ဝိထိစဉ်ကိုပြတော်မူရာ ဝယ်။ ဖိုလ်ဝိတ်ကိုတကြိမ်ဟူ၍ ပြတော် မူခြင်းကား။ မေ့ သင်္ဂဟ်ဘိအဋ္ဌကထာ၌၊ မန္ဒပညာ ပုဂ္ဂိုလ် အား။ အနုလုံ လေးကြိမ် ဖြစ်၍၊ ငါးကြိမ် မြောက်၌၊ ဂေါတြဘုဝိတ်။ ခြောက်ကြိမ်မြောက်၌ မဂ်ဝိတ်၊ ခွန်နှစ်ကြိမ် မြောက်၌ ဖိုလ်ဝိတ်။ ထိုနောက် ဘဝင် ကျ၏၊ ဟူ၍။ ပြဆိုအပ်သော၊မန္ဒ ပညာ ပုဂ္ဂိုလ်၏။ ဝိထိ ဖြစ်ဟန်ကို ဘွင့်ဆိုတော် မူခြင်းနှင့်အညီ ပြတော် မူခြင်းဖြစ်၏။ ထို့ကြောင့်၊ ယင်းအဋ္ဌကထာ၌။ ။

မန္ဒပညဿစတ္တာရိ အနုလောမာနိ ဟောန္တိ။ ပဉ္စမံ ဂေါတြဘု၊ ဆဋ္ဌံ မဂ္ဂစိတ္တံ၊ သတ္တမံဖလံ၊ တတော ဘဝင်္ဂေါတ္တရဏံ။ ။ဟူ၍မိန့်တော် မူအပ်၏။

မန္ဒပညဿ၊ နုံ့သောပညာရှိသော မန္ဒပညာပုဂ္ဂိုလ်အား။ စတ္တာရိအ နုလောမာနိ၊ အနုလုံဇော လေးကြိမ်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပဉ္စမံ ငါးကြိမ်မြောက်။ ဂေါတြဘု၊ ဂေါတြဘုဇော သည်ရင်း။ ဆဋ္ဌံ။ ခြောက် ကြိမ်မြောက်။ မဂ္ဂစိတ္တံ၊ မဂ်ဇောသည်ရင်း။ သတ္တမံ၊ ခွန်နှစ်ကြိမ်မြောက် ဖလံ၊ ဖိုလ်ဇောသည်ရင်း။ ဟောတိ၊ ဖြစ်၏။ တတော၊ထိုဖိုလ်ဇောနောက် မှ။ ဘဝင်္ဂေါတ္တရဏံ၊ ဘဝင်ကျသည်။ ဟောတိ၏။ ။ဤအဋ္ဌကထာ၌ပြဆို အပ်ခဲ့သော ဝိထိအစဉ်သည်။ မေ့သင်္ဂဟ်ဘိ အဋ္ဌကထာနှင့်ပင်ညီစေကာမူ ဝိသုဒ္ဓိ မဂ်အဋ္ဌ ကထာ၌။ ။ကေစိ ပနယဿ စတ္တာရိ အနု လောမာနိ၊ တဿပဉ္စမံ ဂေါတြဘု၊ ဆဋ္ဌံ မဂ္ဂစိတ္တံ၊ သတ္တမံ ဖလစိတ္တန္တိ ဝဒန္တိ။ ။ ဟူ၍ ဤကဲ့သို့သော ဝိထိမျိုးကို ကေစိထိုးလျက် မိန့်တော်မူချေရကား။ ငါတို့ကျေးဇူးသျှင် ဆရာတော်ကြီးဘုရား ရေးသား စီရင်တော်မူသော၊ ဝိပဿနာ ဉာဏ ဘာသာ ပါဠ်ဝယ်။ ။တတော ပရံ ဇော၊ ဒွိတ္တိက္ခတ္တုံ ဖလမေဝ ဉပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ ။ဟူသော ပါဠ်ဖြင့်။ ဖိုလ်ဝိတ်တကြိမ် ဟူ၍ ပြဆိုခြင်းသည်။ ကေစိ ဝါဒကိုပင် ပြဆိုရာရောက်၍၊ ထိုစာတန်း၌ တကြိမ်ဟော၊ ကေပုဒ်ကို မဆိုအပ်ဟူ၍ စောဒနာခဲ့အံ့။ ဆိုအပ်သည်သာ

တည်းဟုဖြေဆိုအပ်၏။ ထိုစကားမှန်၏။ ဤအရာ၌၊ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်။ အဋ္ဌကထာနှင့်ရပ်ကို၊ ဤကဲ့သို့ စေ့စပ်၍ ဆုံးဖြတ်တော်မူ၏။ မဟာပညာ၊ မဇ္ဈိမပညာ ပုဂ္ဂိုလ်အရာကို ရည် မှတ်၍သာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊ ကေဗဝါဒဟု ဆိုအပ်သည်။ မန္ဒ ပုဂ္ဂိုလ်ကိုရည်မှုကား။ သမာနဝါဒပင်ဟု မှတ်ယူအပ်၏။ ထို့ကြောင့် ဓမ္မ သင်္ဂဏီအဋ္ဌကထာ၌၊ ပုဂ္ဂိုလ်သုံးပါးပြား၍။ မန္ဒပညာပုဂ္ဂိုလ်၏၊ မဂ္ဂ ဝိထိဖြစ်ဟန်ကိုလည်း။ ကေဗဝါဒကဲ့သို့ပင် မိန့်အပ်ပြီ၊ ဤဝိသုဒ္ဓိမဂ်အ ဋ္ဌကထာ၌ကား။ ပုဂ္ဂိုလ်နှစ်တန်ကိုသာ ဘွင့်အပ်၏။ သုံးတန်ကိုမဘွင့် အပ်။ ဟူ၍အလွန်တရာ သိမ်မွေ့နက်နဲစွာသော ဥာဏ်တော်ဖြင့်၊ ကွဲ ပြားသကဲ့သို့ လာရှိသော အဋ္ဌကထာစကားနှစ်ရပ်ကို။ ဒေသနာသင့် ဖြစ်အောင်, စေ့စပ်တော်မူပေ၏။ ယင်းသို့ဖြစ်၍ ဖိုလ်စိတ်တကြိမ် ဟူ သောဝါဒကို၊ သမာနဝါဒပင်ဟူ၍ မှတ်အပ်၏။ ထို့ကြောင့် ပုဂ္ဂိုလ်နှစ် တန်အလိုသာ ကေဗသုံးတန်အလိုမူ။ သမာနဝါဒပင်ဖြစ်၍၊ အဋ္ဌကထာ ချင်းချင်း မဆန့်ကျင်တော့ချေ။ ဤသို့သောအရာကို မြော်ရှု၍။ ကျမ်း တတ်ထက်။ ကျမ်းစပ်ခက်၏၊ ဟူ၍ရင်း။ ကျမ်းသိထက်။ ကျမ်းညှိခက် ၏ ဟူ၍ရင်း။ ပညာရှိတို့ ဆိုတော်မူကြ ပေကုန်သတည်း။ ။ဤသို့မန္ဒ ပညာပုဂ္ဂိုလ်အား။ အနုလုံလေးကြိမ်၊ ဂေါတြဘုတကြိမ်၊ မဂ်ဇောတ ကြိမ်၊ ဖိုလ်ဇောတကြိမ်၊ ဖြစ်၏။ ။မဇ္ဈိမပညာပုဂ္ဂိုလ်အား။ အနုလုံ သုံးကြိမ်၊ ဂေါတြဘုတကြိမ်၊ မဂ်ဇောတကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ် ဖြစ် ၏။ ။မဟာပညာပ ပုဂ္ဂိုလ်အား။ အနုလုံနှစ်ကြိမ်၊ ဂေါတြဘုတကြိမ်၊ မဂ်ဇောတကြိမ်၊ ဖိုလ်ဇောသုံးကြိမ်ဖြစ်၏။ ။ဤသို့ဖြစ်ခြင်းကို ရည် မှတ်တော်မူ၍။ ။ဒေကမ္ဘိတ္တိကဒွတ္တံဖလမေဝ။ ။ဟူ၍။ မိန့်တော်မူ သည်ကို သိအပ်၏။ ။ထိုကဲ့သို့ မဂ္ဂဝိထိဖြစ်ပြီးသည်မှ နောက်၌။ မဂ် ကိုဆင်ခြင်ခြင်း။ ဖိုလ်ကိုဆင်ခြင်ခြင်း၊ နိဗ္ဗာန်ကိုဆင်ခြင်ခြင်း။ ပယ်ပြီး ကိလေသာကိုဆင်ခြင်ခြင်း။ ကြွင်းကိလေသာကို ဆင်ခြင်ခြင်းအားဖြင့်၊ ပစ္စဝေက္ခဏာငါးဝိထိ ဖြစ်သည်ကိုလည်းသိ။ ။ယခုအခါသောတာပန် ထုထပ်ပေါ်များသော ခေတ်ကြီးဖြစ်၍၊ အလျဉ်း သင့်သည် အား လျော်စွာ။ သောတာပန် ဖြစ်သောအရိယာ၏၊ ဂုဏ်ပုဒ်ကို။ ဘုရားရှင် ဟောတော်မူအပ်သော၊ သုတ္တနိပါတ်ပါဠိတော်သာ၊ ရတနသုတ်တော် ကြီးကိုမှီ၍၊ ဆိုပေအံ့။ ။ဂှစ်တောင် ဆယ်တောင်ခန့်မျှ မြေ၌၊ မြှုပ် ထားအပ်သော တံခါးတိုင်သည်၊ အရပ်လေးမျက်နှာတို့မှ လာကုန်သော

လေတို့ဖြင့်၊ မတုံလှုပ်သကဲ့သို့။ အကြင်သောတာပန်ပုဂ္ဂိုလ်သည်။ အရိယာသစ္စာတို့ကို ပညာဖြင့်သက်၍သိ၏။ သူတော်သူမြတ်ဖြစ်သော၊ ထိုသောတာပန်ပုဂ္ဂိုလ်ကို၊ တည်တန့်မြဲခိုင်၊ ထိုတံခါးတိုင်နှင့်တူ၏ ဟူ၍၊ ငါဘုရား ဟောတော်မူချေသည်ဟု။ သောတာပန်ဂုဏ်ပုဒ်ကို၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်၏၊ ဤစကား၏ အနက် အဓိပ္ပါယ်ကို။ ။ယထိန္ဒခီလောပထဝိသိတော။ ။စသည်ဖြင့်၊ သောတာပန်ဂုဏ်ပြ ဂါထာကိုရှု။ ။ထိုမှတပါး။ နက်နဲသော ပညာရှိသော ဘုရားရှင်သည်။ ကောင်းစွာ ဟောတော်မူအပ်ကုန်သော၊ အရိယာ သစ္စာတို့ကို။ အကြင်သတ္တက္ခတ္တုပရမ သောတာပန်တို့သည်၊ ပညာရောင်ဖြင့် ထင်စွာ ပြုံကုန်၏။ ထိုသတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ် တို့သည်။ ပြင်းစွာ မေ့လျော့ကုန်သည်၊ အကယ်၍ကား၊ ဖြစ်ကုန်ရှင့်၊ ထိုသို့ပင် မေ့လျော့ ကုန်သော်လည်း။ ထိုသတ္တက္ခတ္တုပရမ သောတာပန် ပုဂ္ဂိုလ်တို့သည်။ ရှစ်ခုမြောက်သောဘဝကို မယူကြကုန်ဘဲ။ လူပြည်နတ်ပြည်တို့၌၊ ခွန်နှစ်ဘဝသာ ကြဉ်လည်၍။ နိဗ္ဗာန်သို့ ရောက်ကြကုန်၏ ဟူ၍။ မြတ်စွာဘုရား ဟောကြားတော်မူအပ်၏။ ဤစကားရပ်၏ အနက်အဓိပ္ပါယ်ကို။ ။ယေအရိယသစ္စာနိဝိဘာဝယန္တိ။ ။စသည်ဖြင့်၊ သောတာပန်ဂုဏ်ပြဂါထာကိုရှု။ ။ထိုမှတပါး၊ ထိုသောတာပန် ပုဂ္ဂိုလ်အား၊ သောတာပတ္တိမဂ်၏ ပြည့်စုံသည်နှင့် တကွသာလျှင်။ မိမိကိုယ်ကို၊ အတ္တဘောထင်ရှားရှိ၏ဟု။ မှားသောအယူဟူသော၊ သက္ကာယဒိဋ္ဌိတရား။ ရှစ်ပါးသောဌာန ယုံမှားခြင်းဝိစိကိစ္ဆာတရား။ နွားတို့၏အလေ့အကျင့်။ ခွေးတို့၏အလေ့အကျင့်ဖြင့်။ သံသရာဝဋ်မှ ထွက်မြောက်၏ ဟူသော၊ သီလဗ္ဗတ တရား။ ဤသုံးပါးကုန်သော အကုသိုလ်တရားတို့ကို။ ပယ်အပ်စွန့်အပ်ကုန်သည်၊ စင်စစ်ဖြစ်ကုန်၏။ ဤတရား သုံးပါးမှတပါး။ တစိုးတစိအကြင်မှားသော အယူသည်ရှိ၏။ ထိုမှားသောအယူကိုလည်းစွန့်အပ်လေတော့ပြီ၊ အပါယ်လေးပါးတို့မှလည်း ကင်းလွတ်လေတော့ပြီ။ အနန္တရိယကံငါးပါးနှင့်၊ ရတနာသုံးပါးမှတပါး။ အခြားကိုးကွယ်ခြင်းဟုဆိုအပ်သော၊ အညသတ္ထာရုဒ္ဒေသ၊ တနည်းပဉ္စသီငါးပါးမမြဲခြင်းနှင့်။ အညတ္ထာရုဒ္ဒေသအားဖြင့်။ ခြောက်ပါးကုန်သော အပြစ်။ ကြီးကုန်သော အကြောင်းတို့ကိုလည်း။ ပြုခြင်းငှါ မထိုက်လေတော့ပြီ။ ဟူ၍ မြတ်စွာဘုရား၊ ဟောကြားတော်မူအပ်၏။ ဤစကားရပ်၏ အနက် အဓိပ္ပါယ်ကို။ ။သဟာဝဿ ဒဿန သမ္ပဒါယ။ ။စသည်ဖြင့်၊

သောဘာပန် ဂုဏ်ပြ ဂါထာကိုရှု။ ။သိုမှတပါး၊ ထိုသောတာပန် ပုဂ္ဂိုလ်သည်၊ ကိုယ်ဖြင့်ရင်း။ နှုတ်ဖြင့်ရင်း။ စိတ်ဖြင့်ရင်း။ မကောင်းသော အမှုကို အကယ်၍၊ ပြုမိအံ့။ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ ထိုမကောင်း မှုကို ဖုံးလွှမ်းခြင်းငှါ မယိုက်။ မင်ဖြင့် ပြုပြီးသော နိဗ္ဗာန်ရှိသော, သော တာပန်ပုဂ္ဂိုလ်၏၊ မကောင်းမှုကို ဖုံးလွှမ်းခြင်းငှါ မထိုက်သော၊ အဖြစ် ကို မြတ်စွာဘုရား ဟောကြားတော် မူအပ်၏။ ဤစကားရပ်၏ အနက်အ ဓိပ္ပါယ်ကို ။ကိစ္စာပိသောကမ္မံ ကရောတိ ပါပကံ။ ။စသည်ဖြင့်။ သောတာပန် ဂုဏ်ပြ ဂါထာကိုရှု။ ။ဤအရာ၌၊ သောတာပတ္တိမဂ်ဖိုလ် ကိုရ၍၊ မိမိတို့၏ မကောင်းမှုကို၊ မထိန်ကျန်ဘဲ။ ဟုတ်မှန်တိုင်း ဝန်ခံ ပြောဆိုရာ၌၊ သာဓကကား။ ခုဇ္ဇုတ္တရာ မည်သော ကျွန်မသည်။ သော တာပန်မတည်မှီက၊ သာမာဝတီ၏ အတွက် အရာ ဖြစ်သော၊ ပန်းဘိုးငွေ ရှစ်သပြာအနက်တွင်၊ တဝက်ငွေကို မိမိအတွက် ခိုးယူထားလျက်၊ ကျန်အ သပြာငွေ လေးကျပ်တို့ဖြင့်သာ ပန်းတို့ကို ဝယ်ယူ၍သွား၏။ တနေ့၌မူ၊ ပန်းသည်ကြီးထံ ပန်းဝယ်သွားရာ၊ ဘုရားသျှင်ကို ဖူးတွေ့ရ၍၊ တရား တော်ကိုနာသဖြင့်၊ သောတာပန် ဖြစ်လေရကား။ ငွေ ရှစ်သပြာ အလုံး တို့ဖြင့် ဝယ်ယူ၍သွားရာတွင်၊ မိခင် ယနေ့ ကွန်တော်မတို့အား၊ မင်း သည် မြတ်နိုးတော်မူသဖြင့်၊ နှစ်ဆထက်တိုး၍၊ ပန်းဘိုးကို ပေးတော်မူ ပါသလောဟု၊ သာမာဝတီကမေး၏။ ထိုအခါ ခုဇ္ဇုတ္တရာက အရှင်မ, မ ဟုတ်ပါဟု တင်လျှောက်၏။ ယင်းသို့ ဖြစ်လျှင် အဘယ့်ကြောင့်၊ ယနေ့ ပန်းတွေ များပါသနည်းဟု၊ မေးလေလျှင်။ ခုဇ္ဇုတ္တရာသည်၊ ယေဘုယျ အားဖြင့်၊ မုသား ထိန်ကျန်လျက်၊ လိမ်ဥာဏ် ဝါဥာဏ် များပြားတတ် သော သုံးထောင်ဝတ် မိမ္မသားပင် ဖြစ်စေကာမူ၊ အရိယာဇာတ် မြင့် မြတ်သော၊ မင်ဖိုလ် ဂုဏ်အားဖြင့်၊ လှည့်ပတ် ကွယ်ထောင့်လျက်။ မာ ယာဖြင့် မမှောင့်ကော့ဘဲ၊ ဖြောင့်ဖြောင့်စင်းစင်းကြီး၊ ဝန်ခံချက် ပေးလိုရ ကား။ အခေ့ဒသ ဒိဝသေသု အဟံစတ္တာရော ကဟာပဏေ ဂဟေတွာ စတုဟိပုပ္ဖါနိ အာဟာရာမိတိ။ ။ဟူ၍၊ အတိ အလင်း၊ မိမိအဖြစ်ကို ထုတ်ဘော် လိုက်ဘော့၏။ ဤကား၊ အရိယာဇာတ် မြင့်မြတ်ကုန်သော သောတာပန်တို့၏ ဓမ္မတာ ပေဘည်း၊ ထိုပါဠိ၏ ယောဇနာကား။ ။

အသုဒသ၊ တပါးကုန်သော။ ဒိဝသေသု၊ သောတာပန် မဖြစ်မှီ နေ့ တို့၌။ အဟံ၊ ခုဇ္ဇုတ္တရာ၊ သညာမည်ရ၊ ကျွန်တော်မသည်။ စတ္တာရောက ဟာပဏေ၊ အသပြာငွေ လေးကျပ်တို့ကို။ ဂဟေတွာ၊ လောဘလွှမ်းမိုး၊

စရိုက်ဆိုးဖြင့်၊ ဖွက်ထားခိုးယူ၍။ စတျပ်၊ တင်ဝက်ကနုံ့သင်း၊ ငွေလေး ကျပ်တို့ဖြင့်၊ ပုဖ္ဖါနှိ၊ ပန်းတို့ကို၊ အသားရေးမိ၊ ဝယ်ယူပြီးခါ၊ ဆောင်ခဲ့ပါ ၏။ ဤသို့ ထင်ထင်ရှားရှား၊ တင်လျှောက်ထား၏။ ။ထိုအခါသာ မာဝတိက၊ ယနေ့ကား အဘယ့်ကြောင့် သင်ယေယူ သနည်းဟု ဒမေးပြန် ရာ၊ ယနေ့မှု, သမ္မာသမ္ဗုဒ္ဓမည်သော ဘုရားမြတ်စွာ၏၊ မွေကထာတော် ကို ကျွန်တော်မ ကြားနာရပါ၍၊ သောတာပတ္တိ မဂ်ဖိုလ်တရားကို၊ ရရှိ အပ်သည်၏ အဖြစ်ကြောင့်၊ မခိုးမယူတော့ပါ ဟူ၍၊ တင်လျှောက် လေ သတည်း။ ဤသာဓကကိုထောက်ရှု၍၊ အရိယာမှန်က၊ သောတာပန် ဟူ သောအနိမ့်စား၊ မာတုကာမ ပုဂ္ဂိုလ်များပင်၊ ဒုစရိုက်အစ ခိုးမှုအဗ္ဗနူဒါန် သည်၊ လောကဌ ရှက်ဘွယ် အသရေပျက်ဘွယ်ဟူ၍ မမြော်မတွေး မင်း ဘေးမင်းဒဏ် သင့်အံ့ဟူ၍လည်း၊ မထိန်ကျန် မလျှည့်ပတ်ဘဲ၊ ရိုးဖြောင့် တည့်မတ်စွာ၊ မိမိပုထုဇဉ် ဘဝက၊ ဖြစ်ပျက်ခဲ့သမျှ အမှုကို၊ ဖုံးလွှမ်း ခြင်းငှါ မထိုက်သည်အတိုင်း။ မဖုံး မလွှမ်းခြင်းသည်၊ ယခင်က ဘုရား ဟောဒေပါ ပါဠိတော် အရ၊ သောတာပန် စစ်တို့၏ ဂုဏ် ဖြစ်ပေရကား။ ယခုအခါ ပညာရှိ သူတို့ သတိမူဘွယ် ကောင်းလှသော အချက်ပေ ကည်း။ ။ထို့မှတပါး၊ အရိယာ သာကေမှန်သော, သောတာပန်သည်၊ ဤဘဝကိုမဆိုထား။ ဘဝတပါး၌ သော်လည်း၊ မိမိ၏ အသက် ဟူသော အကြောင်း ကြောင့်လည်း၊ သူ့ အသက်ကို မသတ်၊ သေကိုလည်း မ သောက်လေတော့ပြီ။ အကယ်၍တည်း။ ထိုသောတာပန် အရိယာအား၊ သောကိုရင်း။ နို့ရေကိုရင်း။ ရော၍ ခံတွင်း၌ထည့်ကုန်အံ့။ နို့ရေသည်သာ လျှင်ဝင်၏။ သေကားမဝင်။ ဤအရာ၌ သေနှင့်နို့ရေသည်၊ အသီးအခြား မဟုတ်၊ ရောစပ်မွှေနှောက်၍ သောက်စေသော အရာဖြစ်လုက်။ ဘယ် အတွက် နို့ရေသာဝင်၍ သေမဝင်ချေပါသနည်း။ လောက၌၊ ယုံဘွယ် ထုံးပုံ ဥဒါဟရဏ် သာဓက ပြဆိုပါဦးလောဟု မေးဘွယ်ရှိ၏။ ထိုအ မေး၌၊ ကြိုးကြာငှက်တို့ကဲ့သို့ဟူ၍ ဖြေဆိုအပ်၍၊ ထိုစကားမှန်၏။ ကြိုး ကြာငှက်တို့အား၊ နို့ရေနှင့်ရောသောရေကို တိုက်ရာ၏၊ နို့ရေသည် သာ လျှင်ဝင်၏။ ရေကားမဝင်။ ဤသို့ ဖြစ်ခြင်းကား၊ အမျိုးအားဖြင့်ပြီးသော ယောနိ သိဒ္ဓိပေတည်း။ အရိယာ ဖြစ်ကုန်သော, သောတာပန် ပုဂ္ဂိုလ် တို့အားမူ အရိယာမဂ် တရားတို့၏ သဘောအားဖြင့် ပြီးသော၊ ဓမ္မတာ သိဒ္ဓိပေတည်း။ ထိုအကြောင်းကို၊ သုမင်္ဂလဝိလာ သိနီမည်သော၊ ဒီဃ နိကာယ်အဋ္ဌကထာကုန္ဒ္ကသုတ်၌ မိန့်ဆိုတော် မူသည်ကား။ ။

ဘာဝနာ့ရေ ပဿိအရိယသာဝကော ဇိဝိတဟေတုပိနေဝ ပါဏံဟာန တိ၊ န၊ သုရံပိဝတိ၊ သစေပိဿ သုရဋ္ဌ၊ ခီရဋ္ဌ။ မိဿေတွာ မုခေပက္ခိ ပန္တိ ခီရမေဝပဝိသတိ၊ နသုရ၊ ယထာကိံ ကောဥ္စသကုဏာနံ ခီရ မိဿကေ ဥဒကေ ခီရမေဝပဝိသတိ၊ နဥဒကံ၊ ဣဒံယောနိ သိဒ္ဓံစေဝ၊ ဓမ္မတာ သိဒ္ဓံစာတိ ဝေဒိတဗ္ဗံ။ ။ ဤသည်တည်း။ ။အနက် ယောဇနာ သော်ကား။ ။

ပဿိ သဗ္ဗံ။ မှန်၏။ အရိယသာဝကော။ အရိယာသာဝကသည်။ ဘာဝနာ့ ရေပိ။ ဘာဝနာပါး၌သော်လည်း။ ဇိဝိတဟေတုပိ။ အသက်ဟူသော အ ကြောင်းကြောင့်လည်း။ ပါဏံ။ သတ္တဝါကို။ နေဝဟာနတိ။ မသတ်။ သုရံ။ သေကို။ နပိဝတိ။ မသောက်။ သစေပိ။ အကယ်၍လည်း။ အဿ။ ထို သောတာပန် အရိယာအား။ သုရဋ္ဌ၊ သေကိုဎင်း။ ခီရဋ္ဌ။ နို့ရေကိုဎင်း။ မိဿေတွာ။ ရော၍၊ မုခေ။ ခံတွင်း၌။ ပက္ခိပန္တိ။ ထည့်ကုန်အံ့။ ခီရမေဝ။ နို့ရေသည်သာလျှင်။ ပဝိသတိ၊ဝင်၏။ သုရ။ သေသည်။ နပဝိသတိ။မ ဝင်။ ယထာကိံ။ ဥပမာပုံဆို အဘယ်လိုနည်း ဟူမူကား။ ကောဉ္စသကု ဏာနံ။ ကြိုးကြာငှက်တို့အား။ ။ခီရမိဿကေ။ နို့ရေနှင့်ရောသော၊ ဥဒ ကေ။ ရေ၌။ ခီရမေဝနို့ ။ရေသည်သာလျှင်။ ပဝိသတိ။ ဝင်၏။ဥဒကံ။ရေ သည်၊ နပဝိသတိ။ မဝင်။ ဣဒံ။ ဤနို့ရေသာဝင်၍။ ရေမဝင်ခြင်းဟု။ သ ဘာဝအမှုကို။ ယောနိသိဒ္ဓံစေဝ။ စဉ်လာတိုး။ အမျိုးအားဖြင့် ပြီး သော။ ယောနိသိဒ္ဓံ ဟူ၍ဎင်း။ ဓမ္မတာသိဒ္ဓံစ။ အရိယာမဂ် တံထွာ။ အားဖြင့်ပြီးသော။ ဓမ္မတာသိဒ္ဓံ ဟူ၍ဎင်း။ ဝေဒိတဗ္ဗံ။ သိအပ်၏။ ။

ဤသို့ ဗုဒ္ဓမာဘည [ ၃ န်စွာ။ အဋ္ဌကထာ ဆရာတို့သည်၊ ပညာမဲ့သူ လူပြိန်း လူမိုက်တို့ကို လှည့်ပတ်ခြင်းမှ ကင်းစိမ့်သောငှါ။ အရိယာစစ် သောတာပန်ဖြစ်မဖြစ်၌။ စိစစ်ရန် နည်းဥပဒေသကို။ ညွှန်ပြတော်မူခဲ့ ပေရကား။ ယခုအခါ ထိုစစ်ချက်စစ်ဘန်းများကိုလည်း။ ကျမ်းဂန်သိ မြင် ပညာရှင်တို့, နှလုံးပိုက်ဘွယ်ကြီးပေတည်း။ ။

ဤဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားမည်သည်ကို။ မိမိတို့မရမရှိဘဲ လျက်။ လူတကာ တကာမတို့အား။ ရဟန်းတော်တို့က၊ မိမိတို့ကို ဈာန် ရ,မဂ်ရ, ဖိုလ်ရ,ထင်အောင် မကောင်းသောအလိုဆိုးဖြင့်။ ပြောကြား ခဲ့အံ့။ ပါရာဇိက လေးပါးတို့တွင်။ စတုတ္ထသိက္ခာပုဒ်ဖြစ်သော။ ဥတ္တရိ

မနုဿာဝမ္မ ပါရာဇိကာကို လွန်ကျူး၍။ ပါရာဇိက အာပတ်သင့်သဖြင့်။
ထိုရဟန်းတော် များသည်။ သာသနာတော်မှ ဆုံးရှုံး၍။ လုံးလုံး ကြီး
ရဟန်းမဖြစ်တော့ပြီ ဟူသော, ပါရာဇိက သိက္ခာပုဒ်။ အကယ်၍ ဈာန်
မဂ်ဖိုလ်တရားကို ရရှိသော်လည်း။ ငမ်းစာဟူသော အကြောင်းကြောင့်။
လူဘောကာ တကာမတို့အား ပြောကြားအံ့။ ဟုတ်မှန်သည်ပင် ဖြစ်စေ
ကာမူ။ ပါစိတ်အာပတ် သင့်စေဟူသော။ သုဒ္ဓပါစိတ်သိက္ခာပုဒ်။ ဤ
သိက္ခာပုဒ်တို့ဖြင့်။ ဈာန်မဂ်ဖိုလ်၏ တရားများကို။ မပြောကြားစေမူသော
ဌါ။ ဝိနည်းဒေသနာတော်၌ ပညတ်တော် မူလေသည်။ ထိုကြောင့် ရ
ဟန်းတော်များ။ မပြောကြားရ။ အကယ်၍ တဦးတယောက်သောသူ
သည်။ မိမိကို ဖြစ်မှား၍ ထိုသူ၌ မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်လတံ့ပင် မှန်
စေကာမူ။ တိုက်ရိုက်မပြောဆိုဘဲ၊ ပရိယာယ်မျှကိုသာလျှင်။ ပြောဆို
သော ထုံးစံသည်။ ကျမ်းဂန်တို့၌ထင်၏။ ဤအကြောင်းကား။ တခုသော
ရွာ၌၊ ရဟန္တာအရှင်နှင့်၊ သောတာပန် ရဟန်းငယ်တို့၊ ဆွမ်းခံကြွရာ
ဝယ်။ ဒါယကာတယောက်သည်။ လော်လာပူသော. ရေဂုကို လောင်း
၏။ ရဟန္တာဖြစ်သော အရှင်သည်။ တခါးခုံ၏ တုံးအထက်၌ ထိုင်၍။
လောလောပူသော ယာဂုကို လေနာ၍ ငြိမ်းစိမ့်သောဌါ။ ချက်ခြင်းပင်
သောက်သုံးတော်မူသည်ကို၊ သောတာပန် ရဟန်းငယ်ကမြင်၍။ မှက်
နိုးသဖြင့်။ ဤရဟန်းကြီးသည်။ အလွန် မွတ်သိပ်ဆာလောင်ခြင်းပြင်း၏။
ငါတို့ကို ရှက်စေဘိ၏ တကားဟု။ စိတ်နှလုံးဖြင့် ဖြစ်မှားလျက်။ ကျောင်း
၏။ ညချမ်းအခါ၌၊ ရဟန္တာအရှင်မြတ်က။ ငါ့ရှင် ဤသာသနာတော်၌
သင့်အား ဆောက်တည်ရာရှိပါ၏လောဟု မေးရာတွင်။ မှန်ပါသည် တ
ပည့်တော်များ, သောတာပန်ပါဘုရားဟု လျှောက်၏။ ထိုအခါရဟန္တာ
အရှင်မြတ်က၊ ငါ့ရှင် သင်သည်၊ အထက်မဂ်သုံးတန်၏ အလို့ငှါ အား
မထုတ်လင့်ဘော့။ သင်သည် ရဟန္တာကို, ကျောင်း စွပ်စွဲအပ်၏ဟု မိန့်
တော်မူ၏။ ထိုအခါတွင်မှ။ သောတာပန် ရဟန်းငယ်သည်။ ကံတော့ရ
လေ၏။ ဤကဲ့သို့ မဂ်ဖိုလ်အန္တရာယ် ငြိတွယ်ရန် ရှိချေ၍ သော်လည်း။
တိုက်ရိုက် မပြောဘဲ။ ပရိယာယ်မျှ ကိုသာလျှင်။ မြွက်ကြားတော်မူ
ကုန်၏။ တိုက်ရိုက်ပင် ပြောကြားစေကာမူ။ သိက္ခာပုဒ်ဘော်ဖြင့် အပြစ်
အာပတ်မသင့်ကောင်းသော အရာ၌သာလျှင်။ ချင်းချင်း ပြောကြားကြ
ကုန်၏။ ထိုစကားမှန်၏။ အရှင်မောဂ္ဂလာန်သည်၎င်း။ အရှင်သောဘိတ
သည်၎င်း။ ရဟန်းတော်တို့အား။ ဈာန်အဘိညာဉ်ကို ကြားခြင်းသည်။

အပြစ်အာပတ် ကင်းလွတ်၍သာလျှင်။ ပြောကြားတော်မူကုန်၏။ ထို စကားကို ထင်ရှားစေဦးအံ့၊ မောဂ္ဂလာန် အရှင်မြတ်သည်။ သပ္ပိနိက မည်သောမြစ်ကမ်းနား၌။ စဘုဋ္ဌဗျာနသမာဓိကို ဝင်စားသည်ရှိသော်။ ရေအိုင်သို့သက်ဆင်း၍။ တက်သောဆင်ပြောင်ကြီးတို့၏။ ကြိုးကြာသံ ကဲ့သို့သော အသံကို ငါကြားပြီဟူ၍ ရဟန်းတို့အား ပြောကြားခြင်း။ သောဘိတ မထေရ်သည်လည်း။ တဘဝကည်းသာ ဇာတိရှိသော။ မဟာ ကပ်ငါးရာတို့ကို အောက်မေ့ စွမ်းနိုင်သည် ဖြစ်၍။ ငါရှင်တို့ ငါ သည်၊ ငါးရာကုန်သော မဟာကပ်တို့ကို၊ အာဝဇ္ဇန်း တချက်ဖြင့် အ ဆက်ဆက် အောက်မေ့နိုင်၏ဟူ၍၊ ရဟန်းတို့အား ပြောကြားခြင်း များ ကို။ စတုတ္ထပါရာဇိကအာပတ်မသင့်ဟူ၍။ ဟောတော်မူ၏။ ဤသို့ဟော တော်မူခြင်းငှါလည်း။ အလွန်ထိုက်ပါပေ၏။ အကြောင်းမူကား။ ထိုအ ရှင်နှစ်ပါးစလုံးပင်အမှန်ဖြစ်၍။ အနုဘိဇာနန်မဟုတ်ကြ။ အဘိဇာနန်ချည်း ဖြစ်ကြသည် ထို့ကြောင့်ပါဠိတော်ကြီး၌ပင်။ ။

သစ္စံဘိက္ခဝေမောဂ္ဂလာနော အာဟ။ ။ဟူ၍ငင်း။ ။
သစ္စံဘိက္ခဝေသောဘိတော။ ။ဟူ၍ငင်း။ ။

ဟောတော်မူချက်ရှိ၏။ ထို့ကြောင့်။ ။အနာပတ္တိဘိက္ခဝေ။ ။စသည် ဖြင့်။ နှစ်ဌာနလုံးကိုပင် ဟောတော်မူ၏။ ထိုကဲ့သို့ ဟုတ်မှန်တိုင်း ပြော ကြားသဖြင့်။ စတုတ္ထပါရာဇိက အာပတ်မှ ကင်းလွတ်ကြလေ၏။ ပြော ကြားပြန်သောအခါ။ ထိုအရှင် နှစ်ပါးလုံးပင်။ လူသာမဏော ဖြစ်သော၊ အနုပသမ္ပန္နပုဂ္ဂိုလ်တို့အား, ပြောကြားသည် မဟုတ်ဘဲ။ ရဟန်းချင်းချင်း ဖြစ်ကြကုန်သော၊ ဥပသမ္ပန္နပုဂ္ဂိုလ်တို့အားသာလျှင် ပြောကြားခြင်းဖြစ် ရကား။ မုသာဝါဒဝဂ်သတ္တမသိက္ခာပုဒ်တော်ဖြင့်၊ ပါစိတ်အာပတ်သင့် ခြင်းမှလည်း၊ ကင်းလွတ်ကြပေ၏။ ဤသို့ စတုတ္ထပါရာဇိကအာပတ်ဖြင့် ငင်း။ သုဒ္ဓပါစိတ်အာပတ်ဖြင့်ငင်း၊ မသင့်ကောင်းသော အရာ၌သာလျှင်။ ချင်းချင်းပြောကြားကြကုန်၏။ ယင်းသို့ သိက္ခာပုဒ်တော်ဖြင့်, မြစ်တား အပ်သည်ကို စောင့်စည်း၍။ ဝိနည်းတော်အတိုင်းကျင့်ဆောင်ခြင်းသည်။ ရဟန်းတော်တို့၏အရာ၌။ သိက္ခာပုဒ်တော်ရှိခြင်းကြောင့်သာဟု သိရန် ရှိသေးသည်။ ။အရိယာဖြစ်သူ ဝတ်ကြောင် လူသားတို့၏ လျှို့ဝှက် ပုံကိုထောက်မူကား။ သိက္ခာပုဒ် တော်ကြောင့် ဟူ၍လည်း။ ဆိုရမည် မဟုတ်ချေ။ အရိယာဇာတ်,မြင့်မြတ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို,စင်

စစ်ဒုက္ခန်ရရိုးနှန်ကြကုန်မူကား။ အရဟတ္တဓာတ်ကို ဆင်ဝတ်ရုံသွမ်းကုန်သော၊ ရဟန်းသာမဏေတို့ကို ဆိုထား။ ဝတ်ကြောင် လူသားဖြစ်၍။ အိမ်ရာတည်ထောင် လူ့ဘောင်၌၊ အတူနေကြကုန်လျက်၊ သူစိမ်းပြင်ပဖြစ်သူလည်းမဟုတ်ဘဲ၊ သားအဘချင်းအရင်းဖြစ်ကြကုန်သော၊ သူတို့သော်လည်း၊ ချင်းချင်းမပြောကြားကြကုန်၊ ပိုကား။ အနာထပိဏ် သေဌေးကြီးနှင့်၊ သွီး,သုမနဒေဝီတို့သည်။ ကာလလျှင်းစွာ၊ အတူတကွနေကြကုန်သော်လည်း၊ သွီးကလည်း အရိပ်အမြွက်မျှ၊ မည်သို့မည်ပုံ မဂ်ကိုရသည်ဟု၊ အဘအားမပြောကြား။ အဘကလည်း,။ သွီးအားမပြောကြားကြပေ။ သေရာပြောင်စောင်း၍၊ သျောင်းစက်သောအခါ၊ အဘသေဌေးကြီးကို။ သွီး,သုမနဒေဝီက၊ မောင်ကလေးဟူ၍။ မိမိကိုခေါ်ဝေါ် ပြောဆိုသွားရ၍။ ဘုရားသျှင်အား, မိမိသွီး ဤကဲ့သို့ရောင်ရမ်း၊ မြည်တမ်းလျက်။ ဂတိလမ်းမှားအံ့သည်ကို စိုးရိမ်သဘောဖြင့် လျှောက်ထား၏။ ထိုအခါ၊ ဘုရားမြတ်စွာက၊ သင်ဒါယကာသေဌေးကြီးသည်။ လောကကြောင်း၌၊ အဘပင်ဖြစ်စေကာမူ။ ဓမ္မကြောင်း၌မူ၊ သောတာပန်မျှဖြစ်၏။ သွီး,ဖြစ်သော သုမနဒေဝီသည်ကား။ သကဒါဂါမ်ဖြစ်သောကြောင့်၊ ထိုသကဒါဂါမ်မှထောက်သော်၊ သင်ဒါယကာသေဌေးကြီးသည်။ မောင်ငယ်မျှလောက် ဖြစ်သည်အရာ၌ တည်ရှိ၍။ မောင်ကလေးဟူသော၊ ခေါ်ဝေါ် ပြောဆိုသွားခြင်းဖြင့်သည်ဟု၊ မိန့်တော်မူရာတွင်မှ၊ ဖိတ်ကြေနပ်စွာလျက်၊ ချမ်းသာခွင့်ကို။ သေဌေးကြီးရရှိလေသတည်း။ ဤသာဓကကိုထောက်ရှုသော်။ အရိယာဇကန်အစစ်မှန်ခဲ့ချေမူ၊ အိမ်နေသူလူဝတ်ကြောင်သားဖြစ်ခြင်း။ တအိမ်ဘာစင်တည်း ကိန်းပိုက်နေကြခြင်း၊ ဆွေရင်းမျိုးချာ၊ ဥာတကာအစစ် သားအဘလည်း ဖြစ်ခြင်း။ မပြောမကြားအပ်ပဟူ၍၊ ရဟန်းတော်တို့ကဲ့သို့။ သိက္ခာပုဒ်ဖြင့် ပညတ်မြစ်ကားတော်မူခြင်းမှလည်း ကင်းလွတ်ခြင်း။ ယင်းသို့ဖြစ်ပါလျက်။ ဆိုအပ်ပြီးသောနည်းဖြင့်။ စောင့်ရှောက်သိမ်းဆည်းတော် မူကြခြင်းသည်။ မိမိတို့ရရှိအပ်သော, မဂ်ဖိုလ်တည်းဟူသော ပဋိဝေဓမ္မ၌၊ သူတော်ကောင်းပြီစွာ၊ အဓိဂမ အပ္ပိစ္ဆဂုဏ်နှင့် ပြည့်စုံခြင်းကြောင့်သာဟု မှတ်ယူရန်ရှိ၏။ ထိုကဲ့သို့ပဋိဝေဓကိုမဆိုလင့်ဦး။ ပဋိပတ္တိဓမ္မ၌ပင်သော်လည်း။ သီလပက္ခ သိက္ခာကာမ အရှင်တို့မည်သည်။ သိတင်းသုံးဘော်ချင်း။ ညီအရင်းဖြစ်သူကိုမျှမရိပ်မိ, မသိစေဘဲ။ အနှစ်ငါးဆယ်တိုပတ်လုံး။ မိုးရွာတင်ကျင့်သုံးသည်ကို ဖုံးသွမ်း လျှို့ဝှက်တော် မူကြကုန်သေး သည်ပင်။ ထိုအ

ကြောင်းကို။ မူလပဏ္ဏာသပါဠိတော်။ ရထဝိနီတသုတ်လာ။ ဒွေဘာတိကထေရဝတ္ထုကိုထောက်ရှု၍သိအင်၏။ ဝတ္ထုလာဟန်ကား။ ။

စေတိယပဗ္ဗတတောင်၌၊ သိတင်း သုံးတော်မူကုန်သော၊ ညီနောင်နှစ်ပါးတို့တွင်။ နောင်တော်မထေရ်ကြီး ဆွမ်းကိစ္စပြီး၍။ ခံတွင်းဆေးကြောနေဆဲဝယ်၊ ညီငယ်မထေရ်သည်။ ကြံပိုင်းကိုကပ်လာ၍။ ငါ့နှင်တော်ပြီဟု ဆိုသောအခါ။ အသို့ပါနည်း ဘုရား။ နောင်တော်သည်။ ကြေသနိုက် ရွတင်ကို ဆောင်တော်မူပါ ကုန်သလောဟု။ ညီငယ်မထေရ်ကလျှောက်ရာတွင်။ ငါ့ငှာ်, သင်၏ကြံပိုင်းကိုဆောင်ခဲ့လောဟုဆို၍။ အနှစ်ငါးဆယ်ပတ်လုံး၊ ကျင့်သုံးဆောက်တည်အပ်သော ရွတင်ပင်ဖြစ်လင့်ကစား ငါးကျင့်သုံးသော ရွတင်ကို။ လျှို့ဝှက်လိုရကား။ သုံးဆောင်ခြင်းကို ပြု၍။ ခံတွင်း ဆေးကြောပြီးခါ။ တဖန်--ရွတင်ကို ဆောက်တည်၍ သွားသတတ်။ ဤသို့ ရှေးဘုန်းကုန်သော။ သီလဝန္တ သိက္ခာ ကာမသခင်၊ အရှင်ကောင်းတို့သည်။ ပဋိပတ္တိဓမ္မ ဖြစ်သော၊ ရွတင်အပ္ပိစ္ဆဂုဏ်နှင့်၊ ပြည့်စုံတော်မူကြပါပေစွ။ နှလုံးစိတ်ဓါတ် မြင့်မြတ်စင်ကျယ်၍လည်း အလွန်ကြည်ညိုဘွယ်ကောင်းလှတော့၏။ ယခုအခါ, သူတော်သူမြတ် ပဋိပတ်ကျင့်သူတို့နည်းယူဘွယ် ရာ ထုံးဟောင်း သာဓကကြီးလည်း ဖြစ်ပါပေသတည်း။ ။သို့သော်၊ ယခုခေတ်ယခုအခါ၌၊ ထိုကဲ့သို့သော အပ္ပိစ္ဆတရားကိန်းရန် မဆိုထားဘိ၊ မိမိ၌ထင်ရှား မရှိသော အရိယာမဂ် အရိပ်အရောင်ကိုပင်လျှင် ပြဆိုတင်ဆောင်သကဲ့သို့။ ဖြစ်ကုန်ရကား။ ကဿပ သံယုတ်လာစကားနှင့်တသားတည်း ဖြစ်စေတော့၏။ ကဿပသံယုတ်ဒေသနာတော်၌၊အရှင်မြတ်စွ ဘုရား,အရှင်၏ ။သဒ္ဓမ္မမည်သောတရားတော်သည်။အဘယ်နံ့ရေအခါ၊ကွယ်ပျောက်ရပါသနည်းဟု ကဿပမထေရ်မြတ်က လျှောက်ထားသောအခါ။ ချစ်သားကဿပ။ဤလောက၌၊ ရွှေငွေရတနာအစစ်သည်။ ရွှေတုငွေတုပေါ်လာသဖြင့်၊ ကွယ်ပျောက်လေသကဲ့သို့။ ထို့အတူ၊ ငါဘုရား၏သဒ္ဓမ္မမည်သော မဂ်လေးတန်, ဖိုလ်လေးတန်၊နိဗ္ဗာန်ပရိယတ်၊ဆယ်ပါးသောတရားတော်မြတ်သည်လည်း။ မဂ်တု၊ဖိုလ်တု၊နိဗ္ဗာန်တု၊ပရိယတ်တု တည်းဟူသော။ အတုအပဖြစ်သော၊ သဒ္ဓမ္မ ပဋိရူပကတရားမျိုးသည်။ အကြင်အခါ၊လောက၌ ဖြစ်ပေါ်လာ၏။ ထိုအခါ၊ကွယ်ပျောက်လတံ့ဟူ၍။ဟောတော်မူသည်ကိုသာ နှလုံးပိုက်၍။ ဘုရားမြတ်စွာသည် အနာဂတံသဉာဏ်တော်ဖြင့် မြင်တော်မူပါပေ၏ဟု၊ ရွှေဉာဏ်တော်ကို ကြည်ညိုမြတ်နိုးအပ်ပေစွ။

နတာဝကဿပ သဒ္ဓမ္မအန္တရဓါနံဟောတိ၊ ယာဝန သဒ္ဓမ္မပတိရူပကံလောကေ ဥပ္ပဇ္ဇတိ၊ ယတောစ ခေါကဿပ သဒ္ဓမ္မ ပတိရူပကံလောကေ ဥပ္ပဇ္ဇတိ၊ တတော သဒ္ဓမ္မဿ အန္တရဓာနံဟောတိ။ ။

ဤကား-ကဿပသံယုတ်၌၊ ဟောတော်မူပုံ။

ကဿပ၊ ချစ်သားကဿပ။ ယာဝ၊ အကြင်မျှလောက်။ သဒ္ဓမ္မပတိရူပကံ။ သူတော်ကောင်းတို့၏တရားပုံဟန်။ သဏ္ဌာန်ရုပ်ဆောင်၊ အတုအရောင်သည်။ လောကေ၊ လောက၌။ နဥပ္ပဇ္ဇတိ၊ မဖြစ်သေး။ တာဝ၊ ထိုမျှလောက်။ သဒ္ဓမ္မဿ၊ ငါ့ဘုရား၏။ သူတော်ကောင်း တရားအစစ်အမှန်သည်။ အန္တရဓါနံ၊ ကွယ်ခြင်းသည်။ နဟောတိ၊ မဖြစ်။ ကဿပ၊ ချစ်သားကဿပ။ ယတောစခေါ၊ အကြင်ကြောင့်ကား။ သဒ္ဓမ္မပတိရူပကံ၊ သူတော်ကောင်းတို့၏ တရားပုံဟန်။ သဏ္ဌာန် ရုပ်ဆောင်၊ အတုအရောင်သည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တတော၊ ထိုသို့ဖြစ်ပေါ်လာခြင်းကြောင့်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ အန္တရဓာနံ၊ ကွယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ဖြစ်လတ့်။

ဤသဒ္ဓမ္မပတိရူပက အရာနှင့်စပ်၍။ အံ့ဘွယ်မှုကို ပြတတ်သော၊ ကုဟနဝတ္ထုသည်၊ ပစ္စယသေဝနတပါး၊ သာမန္တဇပ္ပနတပါး။ ဣရိယာပထသန္နာပနတပါး။ အားဖြင့်,သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်၊ ယုတ်မာသော အလိုရှိသောရဟန်း၏။ ကြမ်းထမ်းခေါင်းပါး။ ရှားသော၊ သက်နီးစသော ပစ္စည်းလေးပါးကို။ ခေါင်းပါးသောအကျင့် မိမိ၌ ရှိ၏ဟူ၍၊ လူတို့မှတ်ထင်အောင်၊ ဝတ်ရုံသုံးဆောင်ခြင်းသည်။ ပစ္စယပဋိသေဝနမည်၏။ တပါးသူတို့က၊ ဈာန်ရ မဂ်ရ ထင်ကြ လေအောင် မိမိကိုယ်ကို ဈာန်မဂ်ဖိုလ်တည်ဟူသော၊ ဥတ္တရိမနုဿဓမ္မကို ရခြင်း၏ အနီး၌ပြု၍ ပြောဆိုခြင်းသည်။ သာမန္တဇပ္ပနမည်၏။ လေးပါးသော ဣရိယာပုထ်ကို၊ ပြုပြင်စီရင်ခြင်းဟုဆိုအပ်သော။ လူတကာ, တကာမတို့မြင်လျှင်၊ ကြည်ညိုဘွယ်ရှိသည်၏ အဖြစ်ကို ပြုခြင်းသည်၊ ဣရိယာပထသန္နာပနမည်၏။ ဤဘရားသုံးပါးသည်။ ဆိုးပါး ကြမ်းကြုပ်၊ အလွန်စက်ဆုပ်ဘွယ်ရာ၊ ဗ-ထွင်၍အထိပ်သို့ရောက်သော၊ ကောဋိပတ္တမိစ္ဆာဇီဝ၊ အသက်မွေးမှုမျိုး ဖြစ်ခြင်းကြောင့်ရင်း။ မိမိသည် အရိယာ ဧကန်မဟုတ်မမှန်ဘဲလျက် အရိယာပုံဟန်ပြုမှုသည်ကို၊ ရှုမြင်ရသူလူတို့၏ စိတ်နှလုံး၌လည်း။ အရိယာဝင်ဟု ထင်မှတ်ယုံကြည်ခဲ့သော်၊ သဂါထာဝဌ

သံယုတ်, ကောကာလိက သုတ်ပါဠိတော် အဋ္ဌကထာစသည်တို့၌၊ လာရှိသော။ ကဲ့ရဲ့ရှုံ့ချအပ်သော၊ နိန္ဒိတဗ္ဗ ဒုဿီလပုဂ္ဂိုလ်ကို၊ ချီးမွမ်းမြှောက်စားအပ်သော ဝိဏ္ဏုသဝပုဂ္ဂိုလ်ပေဟူ၍။ မိမိတို့၏ မသိမလိမ္မာမှုဖြင့်၊ ပသံသနပြုမှုတတ်ခြင်း၊ ပသံသိတဗ္ဗ၊ ယှဉ်းချွတ်ဖေါက်ပြား၊ ဝိဏ္ဏုသဝပုဂ္ဂိုလ်ကိုလည်း၊ ကဲ့ရဲ့ရှုံ့ချဒုဿီလပုဂ္ဂိုလ်ဟူ၍၊ နိန္ဒအမှုကိုပြုမှုတတ်ခြင်း။ ဤကဲ့သို့ ပြုမှုတတ်ခြင်း နှစ်ပါးသည်။ ဝင်စစ်အားဖြင့်၊ အကျိုးသွားတူမျှသော၊ သမဝိပါကဟူ၍။ ဟောကြားဖွင့်ဆိုအပ်သည်ကို။ နယင္ဂါဟမှုသင့်ရာသောကြောင့်ရင်း၊ ပါဠိအဋ္ဌကထာ ဆရာနှင့်တကွ ယုံကြည်မှုရှိသူတကာတို့၌။ အလွန်နစ်နာ ကြီးလေးစွာသော။ မိစ္ဆာဒိဋ္ဌိမဟာသာဝဇ္ဇ အမှုကြီးမျိုးဖြစ်၍။ အပြစ်ဒေါသတို့မှ ကင်းပလွတ်မြောက် မကျမရောက်ပါစိမ့်သောငှါရင်း။ ကရုဏာမေတ္တာ ရှေ့ထားလျက်။ ဤသောတာပတ္တိမဂ္ဂဝိထိအခန်းအနား၌။ ကျမ်းလာစကား တို့ဖြင့်။အလျဉ်းသင့်၍၊ ပြဆိုရေးသားလိုက်ရပေ၏။ ကောင်းမြတ်သော စိတ်ထားဖြင့် နာကြားနိုင်ကြပါစေကုန်သတည်း။ ။ဤကား–သောတာပတ္တိမဂ် သောတာပတ္တိဖိုလ်၌။ ဘာဝနာအစီအရင်စကားရပ်ပေတည်း။ ဤပဌမမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ရောက်သောအရိယာသည်။ နိဗ္ဗာန်ဟူသောမဟာသမုဒ္ဒရာသို့၊ စီးဆင်းသက်လားတတ်သည် ဖြစ်၍။ သောတမည်သော အရိယာမဂ္ဂင်ရှစ်ပါးသို့၊ ရှေးဦးစွာ, ကပ်တပ်ရောက်တတ်သောကြောင့်။ သောတာပန်မည်၏ဟူ၍သိ။ ။

သောတာပတ္တိ မဂ်၏အခြားမဲ့၌၊ သကဒါဂါမိ မဂ်ကိုဆိုပေအံ့။ ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့်။ သောတာပန်ဖြစ်ပြီးသော, အရိယာသာဝကသည်။ ထိုနေရာ၌ရင်း။ တပါးသောနေရာ၌ရင်း နေလျက်၊ တပါးသောအခါသမယဝယ်၊ ကာမရာဂ ဗျာပါဒတို့ကို၊ ခေါင်းပါးစေခြင်းငှါရင်း။ သကဒါဂါမိမဂ် တည်းဟူသော၊ ဒုတိယဘုမ္မိသို့ ရောက်စေခြင်းငှါရင်း၊ လုံ့လပြု၏။ ထိုအရိယာသာဝကသည်။ ဣန္ဒြေဗိုလ် ဗောဇ္ဈင်တို့ကို,ပေါင်း၍။ ထိုရုပ်ဝေဒနာ သညာ, သင်္ခါရ, ဝိညာဉ် အားဖြင့်၊ ပြားသော, သင်္ခါရ တရားဖြစ်၌သော။ အနိစ္စ ဒုက္ခ အနတ္တကို။ ဉာဏ်ဖြင့်သုံးသပ် ဆင်ခြင်အပ်သည်ဖြစ်၍။ ဝိပဿနာဝိထိအစဉ်ကို သက်ဝင်၍ယူ၏။ ထိုကဲ့သို့ကျင့်သော အရိယာပုဂ္ဂိုလ်အား၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌၊ ဟုခသော အာဝဇ္ဇန်းဖြင့်။ ပရိကံ,ဥပစာ,အနုလုံ,ဂေါ်ဒါနိတို့သည် ဖြစ်ကုန်သည်ရှိသော် အနုလုံ၏အခြားမဲ့၌။ သကဒါဂါမိမဂ်သည်ဖြစ်၏။ ထိုမဂ်နှင့်ယှဉ်သော

ဉာဏ်သည်၊ ဒုတိယဉာဏဝိသုဒ္ဓိမည်၏။ ထိုသကဒါဂါမိ မဂ်ဉာဏ်၏ အခြားမဲ့၌။ ဖိုလ်ဇောတို့သည်၊ ယထာရဟ ဖြစ်ကုန်၏။ ထိုဖိုလ်ဇော နောက်မှ ဘဝင်ကျ၏။ ထိုနောင် ပစ္စဝေက္ခဏာ ငါးဝိထိတို့သည် ဖြစ်ကုန်၏၊ ။ဤဝိထိအစဉ်ဝယ်။သကဒါဂါမိ မဂ်ဇော၏ အခိုက်၌၊ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မည်၏၊ ဖိုလ်ဇောသို့ ရောက်သော အခါကား။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မည်၏။ ဤဒုတိယ မဂ်ဉာဏ် ဖိုလ်ဉာဏ် သို့ရောက်သော၊ အရိယာသည်။ တကြိမ် လူ့ပြည်သို့၊ ပဋိသန္ဓေအစွမ်း အားဖြင့်။ ပြန်လာတတ်သောကြောင့်။ သကဒါဂါမိမည်၏ဟူ၍သိ။ ။

ဤကား=သကဒါဂါမိမဂ်ဖိုလ်၌၊ ဘာဝနာအစီအရင်တည်း။

ဤကဲ့သို့ သုံးသပ်ဆင်ခြင်၍။ သကဒါဂါမိဖြစ်ပြီးသော၊ အရိယာ သာဝကသည်။ ထိုနေရာ၌ပင်း။ တပါးသောနေရာ၌ပင်း။ နေလျက်။ တပါးသော အခါ သမယ၌။ ကာမရာဂ ဗျာပါဒတို့ကို။ အကြွင်းမဲ့ ပါယ်ခြင်းငှါပင်း။ အနာဂါမိမဂ်တည်းဟူသော တတိယဘုံသို့ ရောက် စေခြင်းငှါပင်း။ လုလ္လပြု၏။ ထိုအရိယာ သာဝကသည်။ ဣန္ဒြေဗိုလ် ဗောဇ္ဈင်တို့ကိုပေါင်း၍။ ထို, ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်အား ဖြင့်၊ပြားသော။ သင်္ခါရတရား၌ ဖြစ်သော။ အနိစ္စ-ဒုက္ခ အနတ္တ-ကို။ ဉာဏ်ဖြင့်သုံးသပ်၊ အဖန်တလဲလဲ ဆင်ခြင်အပ်သည်ဖြစ်၍။ ဝိပဿနာ ဝိထိအစဉ်သို့သက်ဝင်၍ ယူ၏။ ဤကဲ့သို့ကျင့်သော အရိယာသာဝက အား။ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာသျှင်၊ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌။ တခုသောအာဝဇ္ဇန်းဖြင့်၊ ပရိကံ ဥပစာ အနုလုံ ဂေါ်ဒါန်တို့သည် ဖြစ်ကုန်ပြီးသည်ရှိသော်။ ဂေါ်ဒါန်၏ အခြားမဲ့၌။အနာဂါမိ မဂ်စိတ်သည် ဖြစ်၏။ ထိုအနာဂါမိ မဂ်နှင့် ယှဉ်သော ဉာဏ်သည်။ တတိယ ဉာဏ ဝိသုဒ္ဓိမည်၏။ ထိုအနာဂါမိမဂ်၏ အခြားမဲ့၌၊ ဖိုလ်ဇောတို့သည်၊ ယထာ ရဟာဖြစ်ကုန်၏။ ထိုဇော၏နောက်မှကား။ ဘဝင်ကျ၏။ ထိုနောင်ပစ္စ ဝေက္ခဏာ ငါးဝိထိတို့သည် ဖြစ်ကုန်၏။ ဤဝိထိအစဉ်ဝယ်၊ အနာဂါ မိမဂ်ဇော၏ အခိုက်၌၊ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မည်၏။ ဖိုလ်ဇောသို့ ရောက်သောအခါကား။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မည်၏။ ဤတတိယ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်သော အရိယာသည်။ ဤကာမဘုံသို့ ပဋိသန္ဓေ၏ အစွမ်းအားဖြင့်၊ မလာသည်၏အဖြစ်ကြောင့်။ အနာဂါမိ မည်၏ဟူ၍သိ။ ။

ဤကား-အနာဂါမိမဂ်ဖိုလ်၌၊ ဘာဝနာ အစီအရင်တည်း။

ဤကဲ့သို့ ဆင်ခြင်သုံးသပ်ပြီးသော၊ အနာဂါမိ အရိယာသာဝကသည်၊ထိုနေရာ၌ရှင်း။ တပါးသောနေရာ၌ရှင်း, နေလျက်။ တပါးသောအခါသမယ၌။ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ တို့ကို။ အကြွင်းမဲ့ပယ်ခြင်း ငှါရှင်း။ အရဟတ္တမဂ် တည်းဟူသော။ စတုတ္ထ ဘုံသို့ရောက်စေခြင်းငှါရှင်း။ လုဋ္ဌပြုခြင်း။ထိုအနာဂါမိအရိယာသာဝကသည်။ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်တို့ကိုပေါင်း၍၊ ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်အားဖြင့် ပြားသော၊ သင်္ခါရ တရားတို့၌ဖြစ်သော၊ အနိစ္စ၊ ဒုက္ခ အနတ္တကို, ဉာဏ်ဖြင့် သုံးသပ်၊ အဖန်တလဲလဲ ဆင်ခြင်အပ်သည် ဖြစ်၍။ ဝိပဿနာ, ဝိထိအစဉ်သို့ သက်ဝင်၍ ယူ၏။ ဤကဲ့သို့.ကျင့်သော၊ အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်အား။ ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင်။ သင်္ခါရုပေက္ခာ ဉာဏ်၏ အဆုံး၌၊ တခုသော အာဝဇ္ဇန်းဖြင့်။ ပရိကံ, ဥပစာ အနုလုံ, ဝေါဒါန် တို့သည် ဖြစ်ကုန်ပြီးသည် ရှိသော်။ ဝေါဒါန်၏ အခြားမဲ့၌၊ အရဟတ္တ မဂ်သည် ဖြစ်၏။ ထိုအရဟတ္တ မဂ်နှင့်ယှဉ်သော ဉာဏ်သည်။ စတုတ္ထဉာဏ ဝိသုဒ္ဓိမည်၏။ ဤအရဟတ္တ မဂ်ဉာဏ်၏ အခြားမဲ့၌။ ဆိုအပ် ပြီးသော နည်းဖြင့် သာလျှင်။ ဖိုလ်ဇောတို့ သည်၊ ယထာရဟ ဖြစ်ကုန်၏။ ထိုဖိုလ် နောက်မှ ကား။ ဘဝင် ကျ၏။ ထိုနောင်--ကြွင်းကိလေသာ ကို ဆင်ခြင် ဘွယ် မရှိ၍။ ပစ္စဝေက္ခ ဏာ, လေးဝိထိတို့သာလျှင် ဖြစ်ကုန်၏။ ဤဝိထိ အစဉ်ဝယ်။ အရဟတ္တ မဂ်ဇော၏ အခိုက်၌။ အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်မည်၏။ အရဟတ္တဖိုလ်ဇောသို့ ရောက်သောအခါမှုကား။ အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ် မည်၏။ ဤစတုတ္ထမဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်သော၊ ရှစ်ယောက် မြောက်သော အရိယာပုဂ္ဂိုလ်သည်။ ပူဇော် အထူးကို ခံထိုက်၍။ အရဟာ လည်း မည်၏။ အောက်, အောက်မဂ်တို့ထက်၊ ကိလေသာကိုကုန်စေခြင်း၌၊ ကြီးမြတ်သည်ဖြစ်၍ မဟာခီဏာ သဝ လည်းမည်၏။ အဆုံးစွန်သော ကိုယ်ကို ဆောင် သည်ဖြစ်၍။ အန္တိမဒေဟလည်းမည်၏။ ချအပ်ပြီးသော၊ ခန္ဓာဝန်,ကိလေသာဝန်, အဘိ သင်္ခါရဝန်၊ ရှိသည် ဖြစ်၍လည်း။ ဩပဟိတ ဘာရမည်၏။ အစဉ် အတိုင်း, ရောက်အပ် ပြီးသော၊ အရဟတ္တ ဖိုလ် ဟူသော၊ မိမိအကျိုးရှိသောကြောင့်။ အနုပ္ပတ္တသဒတ္ထလည်းမည်၏။ ကုန်ပြီးသော ဘဝသံယောဇဉ် ဆယ်ပါးရှိသည်ဖြစ်၍။ ပရိက္ခီဏ ဘဝ သံယောဇနလည်းမည်၏။ ခန္ဓာစသည်တို့၏ သဘော ကို၊ အသင့် အားဖြင့် သိ၍၊ အသင့်အားဖြင့် လွတ်ပြီး ဖြစ်၍။ သမ္မဒညာဝိမုတ္တ လည်းမည်၏။ နတ်နှင့် တကွ

သော၊ သတ္တလော ကဓ၏၊ မြဘ်သော အလှူ ဝတ္ထုကို၊ ခံထိုက် သည့်၏ အဖြစ်ကြောင့် အငွေဇက္ခိ ဏေယျ လည်းမည်၏။ ဤကဲ့သို့ အင္ဂဒ:ကွဲဏေ ယျမည် ကုန်သော။ ရဟန္တာ သခင်၊ အရှင်မြတ်တို့သည်။ အတိတ် ကာ လက, မိမိတို့၏၊ ဇနကသတ္တ ရှိတော်မူသည်အားလျော်စွာ အာယု ကပ် အတွင်း၌၊ တည်နေတော် မူကြ သော်လည်း။ ဝဋ္ဋ မူလက ဖြစ်ကုန်သော ကိလေ သာတို့၏ ကုန်ခန်းသည် အဖြစ်ကြောင့်။ ကုသိုလ် အကု သိုလ် ဟူ၍ မဖြစ်တော့ချေ။ တရား နာခြင်း၊ တရား ဟောခြင်း၊ ဘုရားသျှင်ကို အရိုအသေပြုခြင်း။ လှူဒါန်း ပူဇော် ခြင်းစသော၊ ပြုပြုသမျှ အနဝဇ္ဇအမှု ဖြစ်သော, ချင်းရှုဥသုံ၊ အလုံးစုံသည်။ ကြိယာ၏ အရာ၌သာဘည်၏။ ထိုကြောင့်၊ နောင် အခါ၌။ ဘဝသစ်ကို မဖြစ်စေတတ်သော သဘော၏ အဖြစ်သို့ ရောက်၍။ ဥပမာ မည်သည်ကား၊ ဆီမီးဇာနှင့် ဆီ အသစ်ကို တဖန်၊ ထပ်လောင်း ဖြည့် စွက်၍။ မထည့် သွင်းအပ် သော ဆီမီးခွက် သည်။ ဇွေးက ရှိလင့် ရင်း အဟောင်း ဖြစ်သော ဆီမီးဇာနှင့် ဆီတို့၏ ကုန်ခန်းသဖြင့်။ ချုပ်ငြိမ်းရလေသော ပမာ။ ပဋိသန္ဓေကို ပစ်ချသော အတိတ် ဇနက ကုသိုလ် ကံကုန်၍။ စရိမက မည် သော ဝိညာဉ် ချုပ် သဖြင့်။ ဥပါဒါန်မရှိမူ၍။ ပရိနိဗ္ဗာန်ပြုလေတော့သတည်း။ ။

ဤစကားရပ်၏=သာဓကေကား။ ။

ခီ ဏံ ပု ရာ ဏံ နဝနတ္ထိ သမ္ဘဝံ၊ ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊ တေခီဏဗီဇာ၊ အ, ဝိရုဠ္ဟိဆန္ဒာ၊ နိဗ္ဗန္တိဓီရာ ယထာယံ ပဒီပေါ။ ။ ဟူသော သုတ္တနိပါတ် ပါဠိ တော်လာ၊ ရတန သုတ်ပင် တည်း။ အနက် ယောဇနာကား။ ။

ယေသံ၊ အကြင် ရဟန္တာ အရှင် တို့အား။ ပုရာဏံ၊ ဈေး၌ ဖြစ်သော ကံသည်။ ခီဏံ၊ ကုန်ပြီ။ နဝံ၊ အသစ် ဖြစ်သော။ သမ္ဘဝံ၊ ကံသည်။ နတ္ထိ၊ မရှိ။ အာယတိကေ၊ နောင်လာလတံ့သော။ ဘဝသ္မိံ၊ အနာဂတ် ဘဝ၌။ ဝိရတ္တ စိတ္တာ၊ တပ်ခြင်း ကင်းသော စိတ်ရှိကုန်သည် ဖြစ်၍။ ခီဏဗီဇာ၊ ကုန်ပြီးသော ကံဟူသော မျိုးစေ့ရှိကုန်၏။ အဝိရုဠ္ဟိဆန္ဒာ၊ ဘဝသစ်၌ မဖြစ် ပြန် လိုသော ဆန္ဒ ရှိကုန် သော။ ဓီရာ၊ ပညာရှိကုန်သော။ တေ၊ ထိုရဟန္တာ အရှင်တို့သည်။ အယံပဒီပေါ၊ဤဆီမီးသည်။ နိဗ္ဗုတိယထာ၊ ငြိမ်း သကဲ့သို့။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏။ ။

ဤသို့ ဆိမိုးငြိမ်းသကဲ့သို့။ ဥပါဒါန်မရှိမူ၍။ ပရိနိဗ္ဗာန် ပြုရခြင်းသည်။ သုဒ္ဓိ ခွန်နှစ်ပါးတို့၏၊ အစီအစဉ်တိုင်းသာတည်းဟု, နှစ်လုံးပိုက်အပ်၏။ ဥပမာ မည်သည်ကား – သာဝတ္ထိ ပြည်မှ၊ ဘုရင် ကောသလမင်းကြီး သည်၊ မိမိစိုးစံရာ သာဝတ္ထိ ပြည်မှ၊ သာကေတ ပြည်သို့၊ ထွက်စံစွမ်းယ် တော် မူလိုသဖြင့်။ သာဝတ္ထိ ပြည်နှင့် သာကေတ ပြည်၏ အကြားခွ၊ မင်းကြီး စီးနင်းတော် မူရန်။ ရထားခွန်နှစ်ဆူတို့ကို၊ စီစဉ်ပြီးခါ နေရာ ချထား လျက်ရှိ၏။ ထိုအခါ၊ ကောသလ မင်းကြီးသည်၊ သာဝတ္ထိ ပြည်မှ ထွက်တော်မူ၍၊ မြို့တွင်းတံခါးမှ။ ပထမ ရထား ကို စီးနင်း တော် မူ၏။ ထိုပထမ ရထားဖြင့် မောင်းနှင်၍ ထွက်တော်မူခဲ့ရာ၊ ဒုတိယရထားသို့ ဆိုက် ရောက် တော်မူ၏။ ထိုအခါ မူလ စီးနင်းတော် မူခဲ့သော၊ ပထမ ရထားကို စွန့်၍။ ဒုတိယ ရထားကို စီးနင်းတော်မူ၏။ ထိုဒုတိယ ရထား ဖြင့် မောင်း နှင်၍၊ ကြွတော် မူလေ သော်။ တတိယ ရထား သို့ ဆိုက် ရောက် တော်မူ၏။ ထိုအခါ ဒုတိယရ ထားကို စွန့်၍။ တတိယရထားကို စီးနင်း၍ ကြွတော်မူ၏။ ထို တတိယ ရထား ဖြင့် ကြွတော် မူခဲ့သော်။ စတုတ္ထရထားသို့ ဆိုက်ရောက်တော်မူ၏။ ဤနည်းဖြင့်၊ စတုတ္ထရထားမှ ပဉ္စမရထားသို့။ ပဉ္စမရထားမှ၊ ဆဋ္ဌမရထားသို့၊ ဆဋ္ဌမရထားမှ၊သတ္တမ ရထားသို့ ဆိုက် ရောက် တော် မူ၍ ထိုအခါ ဆဋ္ဌမ ရထား ကို စွန့်၍ သတ္တမရထားကို စီးတော်မူ၍။ ထိုသတ္တမ ရထားဖြင့်ကား။ မောင်းနှင်၍ ကြွတော် မူလေသော်။ သာကေတပြည် စံနန်းတော် တံခါးသို့၊ စက်ပြန့် ကွန့်ထောက်၊ အစဉ်အတိုင်း ကြွရောက်တော် မူလေသတည်း။ ။

ဤဥပမာစကားရပ်၌။ ဥပမာ, ဥပမေယျသံသန္ဒန နှိုးနှောဟန်ကား။ ပသေနဒီကောသလမင်းကဲ့သို့။ ဇရာဘေး၊ မရဏဘေးတို့မှ၊ ကြောက် ရွံ့ တတ်သော။ ယောဂါဝစရကို မှတ်အပ်၏။ ။သာဝတ္ထိ မြို့ကဲ့သို့၊ သက္ကာယဘည်းဟူသော မြို့ကိုမှတ်အပ်၏။ သာကေတမြို့ ကဲ့သို့၊ နိဗ္ဗာန် တည်းဟူသော၊ ရွှေဘုံ ရွှေနန်းမြို့ကို မှတ်အပ်၏။ ပသေနဒီကောသလ မင်းအား၊ အဆောတလျှင် ကြွရောက်၍။ အခွန် အထုပ် တိုးတက်ပွါးစီး ကြီးမြင့်ရန် ဆောင်ရွက်ဘွယ်ကိစ္စ။ ဖျောင်တခင် ဖြစ်ပေါ်သောကာလ ကဲ့သို့။ ယောဂီအား,ထိုးထွင်း၍ မသိအပ်ကုန်သေးသော။ သစ္စာလေးပါး တရားတို့ကို။ ထိုးထွင်း၍သိရန်ကိစ္စ၏။ ဖြစ်ပေါ်လာခြင်းကို မှတ်အပ်၏။ ရထားခွန်နှစ်ဆူတို့ကဲ့သို့။ ခွန်နှစ်ပါးကုန်သော၊ ဝိသုဒ္ဓိတို့ကို မှတ်အပ် ကုန်၏။ ပထမရထားကို စီးနင်းသော ကာလကဲ့သို့၊ သီလဝိသုဒ္ဓိ၌တည်

သောကာလကိုမှတ်အပ်၏။ ဒုတိယရထားကိုစီးနင်းသော ကာလကဲ့သို့။ စိတ္တဝိသုဒ္ဓိ၌ တည်သော ကာလကို မှတ်အပ်၏။ တတိယ ရထားကို စီးနင်းသောကာလကဲ့သို့။ ဒိဋ္ဌိဝိသုဒ္ဓိ၌ တည်သော ကာလကို မှတ်အပ်၏ စတုတ္ထရထားကိုစီးနင်းသော ကာလကဲ့သို့။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌ တည်သော ကာလကိုမှတ်အပ်၏။ ပဉ္စမရထားကိုစီးနင်းသော ကာလ ကဲ့သို့။ မဂ္ဂါ မဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၌ တည်သော ကာလကိုမှတ်အပ်၏။ ဆဋ္ဌမ ရထားကို စီးနင်းသော ကာလကဲ့သို့၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ၌ တည်သောကာလကိုမှတ်အပ်၏။ သတ္တမရထားကိုစီးနင်း၍ ထိုသတ္တမ ရထားဖြင့်ကား။ သာကေတ ပြည်သို့ ရောက်၍။ ထိုပြည်၏ စံနန်းတော် တံခါး၌ သက်ဆင်း၍။ ပြဿဒ်၏ အထက် ၌။ ဆွေ တော် မျိုး တော် အပေါင်းတို့ဖြင့် ခြံရံလျက်။ အလွန်ကောင်းမြတ်လှစွာ။ အရသာရှိသော ဘောဇဉ်ကို၊ သုံးဆောင်ခြင်းကို ပြုသော ကာလ ကဲ့သို့။ ယောဂီ အား၊ သောတာ ပတ္တိမဂ်။ သကဒါဂါမိ မဂ်။ အနာဂါမိ မဂ်။ အရဟတ္တ မဂ် တည်းဟူသော၊ လေးတန်သော မဂ်ဉာဏ် အမြင် ၏။ စင်ကြယ် ခြင်း တည်းဟူသော၊ ဉာဏဒဿန ဝိသုဒ္ဓိဖြင့်။ အလုံးစုံ ကုန်သော ကိလေသာ တို့ကို ကုန်စေ၍။ မြတ်သော တရားပြဿဒ် ထက်သို့တက်၍။ ငါးဆယ် အလွန် ရှိကုန် သော၊ ပရောပဏ္ဏာသ ကုသိုလ် တရားတို့ဖြင့် ခြံရံလျက်။ နိဗ္ဗာန်လျှင် အာရုံ ရှိသော။ ဖလသမာပတ်ကို ဝင်စား၍။ နိရောဓ တည်း ဟူသော၊ အိပ်ရာ ပလ္လင်ထက်၌။ ထက်ဝယ် ဘွဲ့ခွေ၊ စမွယ်နေခါ။ လော ကုတ္တရာ ချမ်း သာကို ခံစား စံစားသော ကာလ ကို မှတ်အပ်၏။ ဤသို့ ဥပါဒါန်မရှိမူ၍။ ပရိနိဗ္ဗာန်ပြုရခြင်း အကျိုးကား၊ သီလဝိသုဒ္ဓိစသော သုဒ္ဓိ ခွန်နှစ်ပါးဖြင့်။ အစဉ်မပျက်၊ အဆင့်ဆင့် တက်၍။ ရအပ်သော အကျိုးဆက်ပေတည်း။ ။ထိုကြောင့်။

သီလဝိသုဒ္ဓိ ယာဝဒေဝ စိတ္တဝိသုဒ္ဓတ္ထာ၊ စိတ္တဝိသုဒ္ဓိ ယာဝ ဒေဝ ဒိဋ္ဌိဝိသုဒ္ဓတ္ထာ။ ဒိဋ္ဌိဝိသုဒ္ဓိ ယာဝဒေဝ ကင်္ခါဝိတရဏဝိသုဒ္ဓတ္ထာ။ ကင်္ခါ ဝိတရဏဝိသုဒ္ဓိ ယာဝဒေဝ မဂ္ဂါမဂ္ဂဉာဏဝိသုဒ္ဓတ္ထာ။ မဂ္ဂါမဂ္ဂဉာဏ ဝိသုဒ္ဓိ ယာဝဒေဝ ပဋိပဒါဉာဏ ဝိသုဒ္ဓတ္ထာ။ ပဋိပဒါဉာဏ ဝိသုဒ္ဓိ ယာဝ ဒေဝ ဉာဏဒဿန ဝိသုဒ္ဓတ္ထာ။ ဉာဏဒဿနဝိသုဒ္ဓိ ယာဝဒေဝ, အနု ပါဒါ ပရိနိဗ္ဗာနတ္ထာ၊ ။ဟူ၍၊ မူလပဏ္ဏာသပါဠိတော်၊ ရထဝိနီတ သုတ်၌။ တရားစစ်သူကြီး ဖြစ်တော်မူသော။ အရှင်မဟာသာရိပုတ္တရာ

ဟောတော်မူအပ်၏။ ။အနက်သဘောကား။ ရှေးဥပမာပြ စကားရပ်တို့ဖြင့်၊ သိသာထင်ရှားလှပြီဖြစ်၍ အနက်မယောဇနာတော့ပြီ။ ။

အထူး မှတ် ဘွယ် ကား=မှုညကြံယာဆယ်ပါးသည်။ အကျဉ်းအားဖြင့်။ ဒါန, သီလ, ဘာဝနာဟူ၍။ သုံးပါးသာသျှင်ဖြစ်သကဲ့သို့။ ဤသုဒ္ဓိခွန်နှစ်ပါးသည်။ စင်စစ်အားဖြင့်၊ သီလ, သမာဓိ, ပညာဟူ၍၊ သုံးပါးသာသျှင်ဖြစ်၏။ အကြောင်း မူကား။ သီလဝိသုဒ္ဓိ တပါး တည်းဖြင့်၊ အပ္ပိစ္ဆကထာ၊ သန္တုဋ္ဌိကထာ၊ အသံသဂ္ဂကထာ။ သီလကထာ ဟူ၍၊ ကထာ လေးရပ် ဖြစ်ကြောင်း။ စိတ္တဝိသုဒ္ဓိ တပါးတည်းဖြင့်။ ဝိဝေကကထာ၊ ဝီရိယရမ္ဘ ကထာ။ သမာဓိကထာ ဟူ၍၊ ကထာသုံးရပ် ဖြစ်ကြောင်း။ ဒိဋ္ဌိဝိသုဒ္ဓိ။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ။ ဉာဏဒဿန ဝိသုဒ္ဓိအားဖြင့်၊ ငါးပါးကုန်သော ဝိသုဒ္ဓိတို့သည်။ တခုသော ပညာကထာ သာသျှင် ဖြစ်ကြောင်းများကို၊ ရထဝိနီတသုတ်၌၊ အဋ္ဌကထာဆရာ မိန့်တော်မူအပ်၏။ ယင်းသို့ မိန့်တော်မူရကား။ သုဒ္ဓိခွန်နှစ်ပါးသည်။ အကျဉ်းချုပ် အားဖြင့်၊ သီလ, သမာဓိ, ပညာဟူ၍ သုံးပါးသာသျှင် ဖြစ်ကြောင်းကို သိအပ်၏။ ယခုအခါ ဆိုအပ်ခဲ့ကုန်ပြီးသော၊ ဝိသုဒ္ဓိမဂ်ဆယ်ပါးတို့နှင့်။ ဤသုဒ္ဓိ ခွန်နှစ်ပါးတို့ကို၊ နှိုးနှော၍ပြအံ့ပေအံ့။ ။သုဒ္ဓိ ခွန်နှစ်ရပ် တို့တွင်။ သီလဝိသုဒ္ဓိ မည်သည်ကား။ လူ, ဥပါသကာ- ဥပါသိကာ တို့၌။ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလကို၊ ကြိုးပေါက် ပြောက်ကြားခြင်း မရှိမူ၍၊ စင်ကြယ်စွာ စောင့်ရှောက်ခြင်း သည့်ရင်း။ ရဟန်းတော် တို့၌၊ နှစ်ရာ့ နှစ်ဆယ် ခွန်နှစ်ပါး ကုန်သော သိက္ခာပုဒ် တို့ကို။ ကောင်းစွာ စောင့်ရှောက်ခြင်းဟူသော၊ ပါတိမောက္ခ သံဝရသီလ၊ စက္ခု, သောတ စသည် ခြောက်ထွေ၊ ဣန္ဒြေကို စောင့်ရှောက်ခြင်း ဟူသော။ ဣန္ဒြိယ သံဝရသီလ။ သစ်သီးပေးခြင်း၊ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း စသော၊ ကုလဒူသက ရှစ်ပါး။ အနေသန နှစ်ဆယ့် တပါးစသော၊ မိစ္ဆာဇီဝမှ ကင်းသဖြင့်။ အသက်မွေး• စင်ကြယ်ခြင်း ဟူသော၊ အာဇီဝပါရိသုဒ္ဓိ သီလ။ ပစ္စည်းလေးပါးတို့ကို မှီ၍၊ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးရှိ၏ဟု။ အဖန် တလဲလဲ၊ ပဋိသင်္ခါ ယောနိသော စသည်ဖြင့်။ ဆင်ခြင်၍ သုံးဆောင်ခြင်း ဟူသော၊ ပစ္စယသန္နိဿိတ သီလ၊ ဤဆိုအပ်ပြီးသော၊ စတုပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း သည့်ရင်း။ သီလဝိသုဒ္ဓိ မည်၏။ သီလဝိသုဒ္ဓိသည်၊ ရှေးဦးစွာ ပြည့်စုံစေရာသည် ဖြစ်၍၊ ပထမ

ရထားသဘွယ် ဖြစ်ပေ၏။ စိတ္တဝိသုဒ္ဓိ မည်သည်ကား။ အပ္ပနာ ဈာန်၏ အနီး၌ တည်ကြည်ခြင်းဟူသော၊ ဥပစာရသမာဓိသည်၎င်း။ အပ္ပနာဈာန် ၌ဖြစ်သော၊ တည်ကြည်ခြင်း ဟူသော။ အပ္ပနာ သမာဓိသည်၎င်း။ မိမိ ကိုယ်တွင်း၌ဖြစ်သောစိတ်ကို။ နီဝရဏမှ ကင်းသော အဖြစ်သို့၊ ရောက် စေသဖြင့်၊ စင်ကြယ်စေတတ် သောကြောင့်။ စိတ္တဝိသုဒ္ဓိမည်၏။ ဤစိတ္တ ဝိသုဒ္ဓိသည်။ နှစ်ကြိမ်မြောက် ပြည့်စုံစေရာသည် ဖြစ်၍၊ ဒုတိယ ရထား သဘွယ်ဖြစ်၏။ ဒိဋ္ဌိဝိသုဒ္ဓိ မည်သည်ကား။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့်၊ နာမ်ရုပ်ကို သိမ်းဆည်းခြင်းလျှင်။ အယူ၏ စင်ကြယ်ခြင်းဖြစ်၍၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဤစကားရပ်၌၊ နာမ်ရုပ်ကို, သိမ်း ဆည်းခြင်း ဟူရာဝယ်။ နာမ်သည်, ဤအရာ၌၊ စိတ် စေတသိက် ဟူ၍၊ နှစ်ပါး ရှိရာတွင်။ စိတ်နာမ်သည်၊ အာရုံကို သိခြင်း လက္ခဏာ ရှိ၏။ ပြဋ္ဌာန်းခြင်း ကိစ္စရှိ၏။ အစဉ် မပြတ်သော သန္တာန်လျှင်၊ ရှေးရှုထင် သော အခြင်းအရာရှိ၏။ နာမ်ရုပ်လျှင်၊ နီးစွာသောအကြောင်းရှိ၏။ ဤသို့ ဝိညာဏက္ခန္ဓာ ဟူသော။ စိတ်နာမ်၌၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကိုကောက်။ စေတသိက်နာမ်သည်၊ ညွတ်ခြင်း လက္ခဏာ ရှိ၏။ ဝိညာဉ်နှင့်ဘက်ဖွဲ့ ရောယှက်ခြင်း ကိစ္စရှိ၏။ ဝိညာဉ်နှင့် အသီး မဝေဘန် ခြင်းသည်လျှင်၊ ရှေးရှုထင်သော အခြင်းအရာ ရှိ၏၊ ဝိညာဉ်လျှင် နီးစွာ သောအကြောင်းရှိ၏။ ဤသို့ စေတသိက် နာမက္ခန္ဓာသုံးပါး၌။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ကို ကောက်။ ရုပ်သည်၊ ဖောက် ပြန် ခြင်း လက္ခဏာရှိ၏။ ညီညွတ်ခြင်းကိုပယ်ခြင်းကိစ္စ ရှိ၏။ အဗျာကတ အဖြစ် လျှင် ရှေးရှု ထင်သော အခြင်း အရာ ရှိ၏။ ဝိညာဉ်လျှင် နီးစွာသော အကြောင်းရှိ၏။ ဤသို့ ရူပက္ခန္ဓာဟူသော၊ ရုပ်တရား၌။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ကို ကောက်။ ဤသို့ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်၊ နာမ်ရုပ်ကို သိမ်းဆည်း ခြင်း၌၊ ဒိဋ္ဌိဝိသုဒ္ဓိဖြစ် ဟန်ကိုသိ။ ဤဒိဋ္ဌိ ဝိသုဒ္ဓိသည်၊ သုံး ကြိမ် မြောက် ပြည့်စုံ စေရာသည် ဖြစ်၍၊ တတိယ ရထားသဘွယ် ဖြစ်ပေ၏။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည် သည်ကား။ ထို နာမ်ရုပ် တို့၏ အကြောင်းကို၊ သိမ်းဆည်း ခြင်းသည် ပင်လျှင်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ဤအရာ၌ - ပုနရုတ္တ ဒေါသကို မငဲ့ဘဲ၊ နာမ်ရုပ်တို့၏ အကြောင်းကို ဆိုဦးအံ့။ နာမ်ရုပ် နှစ်ပါးစုံသည်၊ ပဋိသန္ဓေအခါ၌၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကံဟူသော။ ဟေတု၏အစွမ်း ကြောင့်ဖြစ်၏။ ပဝတ္တိအခါ၌၊ ရုပ်သည်၊ ကံ စိတ် ဥတု အာဟာရဟူသော

ပစ္စည်း အစွမ်းကြောင့် ဖြစ်၏။ ဤသို့- ရုပ် ဖြစ်ကြောင်းကို သိအပ်၏။ နာမ်သည်၊ စက္ခုပသာဒ၊ ရူပါရုံ စသော၊ နိဿယ ပစ္စည်း။ အာရမ္မဏ စသော၊ ပစ္စည်းတို့၏ အစွမ်းကြောင့် ဖြစ်၏။ ဝိသေသ အားဖြင့်ကား။ ယောနိသော မနသိ ကာရ စသော၊ လေး ပါး သော၊ စက္ကာသမ္ပတ္တိ ကြောင့်၊ ကုသိုလ်ဟူသော နာမ်သည် ဖြစ်၏။ ထိုမှ ပြန်သောအားဖြင့် အယောနိသောမနသိကာရစသော၊ လေးပါးသော စက္ကာသမ္ပတ္တိတို့၏။ ချို့တဲ့ခြင်းကြောင့်၊ အကုသိုလ် ဟူသောနာမ်သည်၊ ဖြစ်၏။ ကုသိုလ် အကုသိုလ်၊ နှစ်ပါးစုံ၏အစွမ်းဖြင့်။ ဝိပါက်ဟူသော နာမ်သည်ဖြစ်၏။ ဘဝင်စသည်၏ အစွမ်းဖြင့်။ အာဝဇ္ဇန်းဟူသော နာမ်သည် ဖြစ်၏။ ရဟန္တာအရှင်တို့၏ သန္တာန်၌ဖြစ်သည်၏ အစွမ်းဖြင့်။ ကြိယာဇောဟူ သောနာမ်သည်ဖြစ်၏။ ဤသို့ နာမ်ဖြစ်ကြောင်းကို သိအပ်၏။ ဤသို့ သာဓာရဏ၊ အသာဓာရဏ၏ အစွမ်းဖြင့်၊ ကာလသုံးပါးတို့၌။ နာမ် ရုပ်၏ဖြစ်ခြင်းကို။ ပစ္စက္ခစသည်ဖြင့်ပြီးသော၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ တည်းဟူသော အကြောင်းကို၊ သိမ်းဆည်းခြင်း၊ ထိုမှတပါး၊ အကြောင်း ဖြစ်သော သမုဒယသစ္စာကို ပိုင်းခြားခြင်းသည်။ ယုံမှားခြင်းမှ စင်စစ် ကင်းလွတ်နိုင်တော့သဖြင့်။ ငါသည်အတိတ်ကာလ၌။ ဖြစ်ဘူးခဲ့လေပြီ လော၊ မဖြစ်ဘူးခဲ့လေပြီလော၊ စသည်ဖြင့်။ တဆယ့် ခြောက်ပါးသော ယုံမှားခြင်းမှ၎င်း။ ဘုရားမြတ်စွာ၌။ ယုံမှားခြင်း-သတ္တုရိကင်္ခတိ-စသော၊ ရှစ်ပါးသောယုံမှားခြင်းမှ၎င်း။ လွန်မြောက်နိုင်ခြင်း။ ညစ်ကြေးစွန်းထင်း။ မသန့်ရှင်းသော အယူကို သုတ်သင်ခြင်းတို့ကြောင့်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ဤကင်္ခါဝိဘရဏာဝိသုဒ္ဓိမည်သည်။ လေးကြိမ်မြောက်ပြည့်စုံ စေရာသည်ဖြစ်၍ စတုတ္ထရထား သဘွယ်ဖြစ်ပေ၏။ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိမည်သည်ကား။ ထိုကဲ့သို့ စတုတ္ထရထားသဘွယ် ဖြစ်ပေ သော။ ကင်္ခါဝိဘရဏ ဝိသုဖြစ်ဒ္ဓသည်မှနောက်၌။ ထိုသို့သော အခြင်း အရာအားဖြင့်၊ သိမ်းဆည်းအပ်ကုန်သော၊ တေဘူမ္မက သင်္ခါရတို့၌။ နောက်ကဦ့နပြအပ်ခဲ့ပြီးသော၊ နည်းအားလျော်စွာ။ ကာလ၏ အစွမ်း အားဖြင့်၎င်း။ ခဏ၏အစွမ်းအားဖြင့်၎င်း။ ပိုင်းခြားသိးသန့်လျက်။ သမ္မ သနဉာဏ်ဖြင့်။ အနိစ္စ,ဒုက္ခ,အနတ္တဟူ၍၊ လက္ခဏာယဉ် သုံးပါးကို သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏၎င်း၊ ထို တေဘူမ္မက သင်္ခါရတို့၌သာ လျှင်။ အကြောင်း၏ အစွမ်းဖြင့်၎င်း၊ ဥဒယဗ္ဗယဉာဏ်ဖြင့်၎င်း၊ အဖြစ် အပျက်ကို အဖန်တလဲလဲရှုသော၊ ယောဂီပုဂ္ဂိုလ်၏၎င်း။ ဩဘာသ

စသော၊ ဝိပဿနာညစ်ညူးကြောင်း၊ ဘေးရန်ဆယ်ပါးကို။ သိမ်းဆည်း
သည်၏ အစွမ်းဖြင့်။ မဂ်ဟုတ်သည် မဟုတ်သည်ကို။ သိမြင်နိုင်သော
ဉာဏ်အမြင်၏ စင်ကြယ်ခြင်းသည်။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ
မည်၏။ ဤမဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိသည်။ ငါးကြိမ်မြောက် ပြည့်စုံ
စေရာသည်ဖြစ်၍။ ပဥ္စမ ရထားသဘွယ်ဖြစ်ပေ၏။ ပဥ္စမရထားသဘွယ်
ဖြစ်သော။ ဤမဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိသည်။ ဝိပဿနာဉာဏ်
ဆယ်ပါးအနက်တွင်။ သမ္မသနဉာဏ်နှင့်ရင်း။ ဥဒယဗ္ဗယဉာဏ်နှင့်ရင်း။
ဆက်ဆံခြင်းဖြစ်၏ ဟူ၍မှတ်။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်သည်
ကား။ ထိုသို့ဆိုအပ်ခဲ့ပြီးသော၊ အခြင်းအရာအားဖြင့်။ ဝိပဿနာ ညစ်
ညူးကြောင်း၊ ဆယ်ပါးကုန်သော ဘေးရန်တို့မှလွတ်သော။ ထိုယောဂီ
ပုဂ္ဂိုလ်၏။ ဥဒယဗ္ဗယဉာဏ်မှစ၍။ သစ္စာနုလောမဉာဏ် တိုင်အောင်။
လက္ခဏာယဉ်သုံးပါးကို။ ဝိပဿနာအဆင့်ဆင့် အားဖြင့် တက်၍၊
ကျင့်ဆောင် လုလ္လပြုသဖြင့်။ အဆင့်ဆင့်ပင် ဖြစ်ပေါ်လာကုန်သော။
ထိုယောဂါဝစရပုဂ္ဂိုလ်၏၊ ကိုးပါးကုန်သော ဝိပဿနာ ဉာဏ်တို့သည်
ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏၊ ထိုပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ
သည်။ ခြောက်ကြိမ်မြောက် ပြည့်စုံစေရာသည်ဖြစ်၍၊ ဆဋ္ဌမရထား
သဘွယ်ဖြစ်ပေ၏၊ ဆဋ္ဌမရထား သဘွယ်ဖြစ်သော။ ဤပဋိပဒါဉာဏ
ဒဿနဝိသုဒ္ဓိသည်။ ဝိပဿနာဉာဏ် ဆယ်ပါးအနက်တွင်။ ဥဒယဗ္ဗယ
ဉာဏ်မှ၊ အနုလောမဉာဏ်တိုင်အောင်။ ကိုးပါးကုန်သော ဝိပဿနာ
ဉာဏ်တို့နှင့် ဆက်ဆံ၏။ ထို့ကြောင့်၊ ဥဒယဗ္ဗယဉာဏ်နှင့်။ ပဋိပဒါ
ဉာဏဒဿနဝိသုဒ္ဓိ၏၊ ဆက်ဆံခြင်းကိုရင်း။ ဘင်္ဂါနုပဿနာဉာဏ်နှင့်
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ ဆက်ဆံခြင်းကိုရင်း။ ဘယ ဉာဏ်နှင့်
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ ဆက်ဆံခြင်းကိုရင်း။ အာဒီနဝါ နုပဿနာ
ဉာဏ်နှင့်၊ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ၏ ဆက်ဆံခြင်းကိုရင်း။ နိဗ္ဗိဒါ
နုပဿနာဉာဏ်နှင့်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၏ ဆက်ဆံခြင်း
ကိုရင်း။ မုဉ္စိတုကမျတာဉာဏ်နှင့်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၏
ဆက်ဆံခြင်းကိုရင်း။ ပဋိ သင်္ခါနုပဿနာ ဉာဏ်နှင့်။ ပဋိပဒါဉာဏ
ဒဿနဝိသုဒ္ဓိ၏ ဆက်ဆံခြင်းကိုရင်း။ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမ
ဉာဏ်နှင့်။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ၏ ဆက်ဆံခြင်းကိုရင်း မှတ်အပ်
၏ ဤအနက်ကိုရည်မှတ်တော်မူ၍။ ။

နဝဝိပဿနာဉာဏာနိ ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိနာမ။ ဟူ၍ သင်္ဂဟအဋ္ဌကထာ၌ မိန့်တော်မူသည်ကိုလည်းသိအပ်၏ ။

ဉာဏဒဿန ဝိသုဒ္ဓိ မည်သည်ကိုကား။ မဂ်လေးပါး တို့၌ ယှဉ်သောဉာဏ်သည်။ ဉာဏဒဿန ဝိသုဒ္ဓိမည်၏ ဟူ၍သိ၊ ထို့ကြောင့်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ။စတူသု မဂ္ဂေသုဉာဏံ၊ ဉာဏဒဿန, ဝိသုဒ္ဓိ နာမ။ ။ဟူ၍မိန့်တော်မူလေပြီ။ ။သင်္ဂဟအဋ္ဌကထာ၌လည်း။ ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဟုဆိုအပ်သော၊ ခြောက်ပါးသောဝိသုဒ္ဓိ၏ အစဉ်ဖြင့်။ ပွါးစေအပ်သော လေးပါး အပြားရှိသောမဂ်ကို။ ဉာဏဒဿန ဝိသုဒ္ဓိ မည်၏ ဟူ၍။ မိန့်တော်မူသည်ပင်။ ထို့ကြောင့်၊ ဤဉာဏဒဿန ဝိသုဒ္ဓိအရာ၌။ ။

ဆဗ္ဗိသုဒ္ဓိကမေနေဝံ။ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။ ဉာဏဒဿန ဝိသုဒ္ဓိ၊ နာမ၊မဂ္ဂေါ ပဝုစ္စတိ။ ။ဟူ၍ဖွင့်ဆိုတော်မူသတည်း။ ။အနက်ယောဇနာကား။ ။

ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဆဗ္ဗိသုဒ္ဓိကမေန၊ ခြောက်ပါးသောဝိသုဒ္ဓိအစဉ်ဖြင့်။ ဘာဝေတဗ္ဗော၊ ပွါးစေအပ်သော။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ဉာဏဒဿနဝိသုဒ္ဓိနာမ၊ ဉာဏဒဿန ဝိသုဒ္ဓိမည်၏ ဟူ၍။ ဝါ၊ နိဗ္ဗာန်ကိုသိနိုင် မြင်နိုင်သော။ မဂ်ဉာဏ်၏စင်ကြယ်ခြင်းဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်၏။ ။

ဤဉာဏဒဿနဝိသုဒ္ဓိသည်။ နိဗ္ဗာန်ထုတ်ချောက်။ ပေါက်ရောက်နိုင်သော။ သတ္တမ ရထားသဘွယ် ဖြစ်ချေရကား။ သာကေတပြည်၏ စံနန်းတော်တံခါး၌၊ သက်ဆင်း၍။ ကောသလမင်းသည်။ ပြဿာဒ်၊ အထက်၌၊ ဆွေတော်မျိုးတော် အပေါင်းတို့ဖြင့်။ သောင်းသောင်းဖျဖျ ဝန်းရံခလျက်၊ ကောင်းမြတ်လှစွာသော၊ ဘောဇဉ်ခဲဘွယ်ကို။ သုံးဆောင်တော်မူသောပမာ၊ ဉာဏဒဿန ဝိသုဒ္ဓိမည်သော။ လေးပါးသောမဂ်ဉာဏ်ဖြင့်။ ကိလေသာ အပေါင်းတို့ကို၊ ကုန်ခန်း စေလျက်။ မြတ်သော တရားပြဿဒ်အထက်သို့ တက်၍။ ငါးဆယ်အလွန်ရှိကုန်သော၊ ပရောပဏ္ဏာသ ကုသိုလ်တရားတို့ဖြင့်ခြံရံလျက်၊ နိဗ္ဗာန်လျှင် အာရုံရှိသော၊ ဖလသမာပတ်ကို ဝင်စား၍။ နိရောဓ တည်းဟူသော

ဇွိပ်ရာပလ္လင်ထက်၌၊ ထက်ဝယ်ဖွဲ့ခွေ၊ စမ္ပယ်နေလျက်၊ လေးကုဋ္ဋာရာ
ချမ်းသာကို။ ခံစားစံစားခြင်းကို၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သိလင့်။
ဤသို့ ဝိပဿနာဉာဏ်ဆယ်ပါးတို့နှင့်။ သုဒ္ဓိခွန်နှစ်ပါးတို့၏၊ ရောနှော
ဆက်ဆံခြင်းကိုမှတ်ရာသတည်း။ ။ဤမျှသော စကားအစဉ်ဖြင့်။ သမ္မ
သနဉာဏ်စသော။ ဝိပဿနာဉာဏ် ဆယ်ပါး။ သီလဝိသုဒ္ဓိ စသော
သုဒ္ဓိခွန်နှစ်ပါးတို့ကို၊ အစဉ်အတိုင်း ဆင်ခြင်သုံးသပ်၊ ကျင့်ဆောင်အပ်
ကုန်သည်ရှိသော်။ ရှေးရှေးကာလ၌။ ဗောဓိကိုရစိမ့်သောငှါ။ ဆည်း
ဘူးသင့် ဆည်းဘူးထိုက်သော။ ဗောဓိသမ္ဘာရ ဂုဏ်ကို။ ပြည့်စုံစွာ
ဆည်းဘူးခဲ့သဖြင့်၊ ပါရမီဆယ်တန် ရဲရဲလျှရင့်ကျက်သော၊ ယောဂီ
သည်။ မိမိသန္တာန်ဝယ်၊ ဇာတိပဋိသန္ဓေ၏။ တိဟိတ်သန္ဓေ တည်နေ
ရ၍။ ဉာဏ်ခြေရင့်မာသော၊ ဇာတိပညာ။ ထိုဇာတိပညာပါရှိတိုင်းပင်
လျှင်။ ဆင်ခြင်သုံးသပ်၊ ပွါးများအပ်သော။ ဝိပဿနာပညာ၊ ထိုဝိပဿနာ
ပညာဖြင့်၊ အဖန်ဖန် ပွါးများအပ်သည်ဖြစ်၍။ မဂ်ဉာဏ်ဖိုလ်ဉာဏ်
တည်းဟူသော။ ပါဋိဟာရိယပညာ။ ဤပညာသုံးရပ်ဖြင့်။ အနုပါဒိ
သေသနိဗ္ဗာနခါတ်သို့၊ ကူးခတ်ကြရ၏။ ယင်းသို့ကူးခတ် ကြရခြင်း၌။
ဇာတိပညာသည်သာလျှင်။ အရင်းအစစ်၊ ရေ သောက် မြစ် သ ဘွယ်
ဖြစ်ချေသည်။ ထိုဇာတိပညာမရှိခဲ့သော်။ ဝိပါက နှင့် ရာယ် တားမြစ်
ခြင်းကြောင့်။ မည်ကဲ့သို့သောနည်းမျှ၊ ကူးခတ်ခြင်းငှါ မစွမ်းနိုင်ကြ
ချေ။ ဤကဲ့သို့သောအရာကို။ ယခုအခါ ယောဂီပုဂ္ဂိုလ်တို့ သတိပြုအပ်၏။
ထိုစကားမှန်၏။ ဗြဟ္မာသံယုတ် ပါဠိတော် အဋ္ဌကထာ စသည်တို့၌။
ချွတ်၍ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်၊ ဘုရား ရဟန္တာတို့ပင်၊ ချေချွတ်
တော် မူ ကုန် သော် လည်း။ မကျွတ်ထိုက်သော၊ အဘဗ္ဗပုဂ္ဂိုလ်တို့ကို။
ဝေဘန်ပိုင်းခြားလျက်။ ပုဂ္ဂိုလ်လေးပါးကို၊ ဟောကြားဖွင့်ဆိုတော်
မူအပ်၏။ ထိုစကားကိုချဲ့ဦးအံ့။ ပုဂ္ဂိုလ်သည်။ ဥဃဋိတညုပုဂ္ဂိုလ်။
ဝိပဉ္စိတညုပုဂ္ဂိုလ်။ နေယျပုဂ္ဂိုလ်။ ပဒပရမပုဂ္ဂိုလ် ဟူ၍။ ပုဂ္ဂိုလ်
လေးယောက် ရှိသည်တွင်။ အကြင်ပုဂ္ဂိုလ်အား။ ဒေသနာတော်ကို
ထုတ်ဆောင် အပ်သည် နှင့်တကွ။ နက်။ သစ္စာလေးပါး တရားကိုသိ
သည်ဖြစ်အံ့။ ဤပုဂ္ဂိုလ်ကို။ ဥဃဋိတညုပုဂ္ဂိုလ် ဟူ၍ ဆိုအပ်ကြောင်း
အကြင်ပုဂ္ဂိုလ်အား။ အကျဉ်းအားဖြင့် ဟောအပ်သော တရားတော်ကို
အကျယ်အားဖြင့် အနက်ကို ဝေဘန်အပ်သော်၊ သစ္စာလေးပါးတရား
ကို၊ သိသည်ဖြစ်အံ့။ ဤပုဂ္ဂိုလ်ကို ဝိပဉ္စိတညုပုဂ္ဂိုလ် ဟူ၍ ဆိုအပ်

ကြောင်း၊ အကြွင်ပုဂ္ဂိုလ်အား။ ပါဠိသင်ခြင်း ဥဒ္ဒေသ အားဖြင့်ရင်း။ အဋ္ဌကထာ သင်ခြင်းဟူသော။ ပရိပုစ္ဆာအားဖြင့်ရင်း။ အသင့်နှလုံး သွင်းခြင်းဟူသော၊ ယောနိသော မနသိကာရ အားဖြင့်ရင်း။ ကလျာဏ ပုထုဇဉ်ကို မှီဝဲဆည်းကပ် ခစားသော အားဖြင့်ရင်း။ အစဉ်သဖြင့် သစ္စာလေးပါး တရားတို့ကို။ ထိုးထွင်း၍ သိသည်ဖြစ်အံ့။ ဤပုဂ္ဂိုလ်ကို နေယျပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ကြောင်း။ အကြွင်ပုဂ္ဂိုလ်အား။ များစွာ သော သင်ကြားခြင်းဖြင့်ရင်း။များစွာရွတ်ဘာသ် သရဇ္ဈာယ်ခြင်းဖြင့်ရင်း။ များစွာ အာဂုဏ်နှုတ်တက်၊ ဆောင်ရွက်ခြင်းဖြင့်ရင်း။ များစွာပို့ချခြင်း ဖြင့်ရင်း။ ထိုဘဝဝယ် သစ္စာလေးပါး တရားကို၊ ထိုးထွင်း၍သိခြင်းသည် မဖြစ်ခဲ့တုံအံ့၊ ဤပုဂ္ဂိုလ်ကို၊ ပဒပရမပုဂ္ဂိုလ် ဟူ၍ ဆိုအပ် ကြောင်း ဖြင့်။ ဖြဟ္မသံယုတ် ပါဠိတော် အဋ္ဌကထာတို့၌။ ပုဂ္ဂိုလ် လေးပါး ကို၊ ဟော ကြားဘွင့်ဆိုအပ်သော ဒေသနာတော်သည် ရှိ၏။ ထိုဒေသနာတော်ဖြင့် မိမိကိုယ်ကိုရင်း၊ သူတပါးကိုယ်ကိုရင်း။ပုဂ္ဂိုလ်လေးရပ်တို့တွင်။မည်သည့် ပုဂ္ဂိုလ်၌၊ တွက်ကြိုး ဝင်၏ ဟူ၍။ စိစစ် အပ်၏။ ယင်းသို့ စိစစ်ပြီးလျှင်။ ဤသို့သော ဥပမာကိုရှုအပ်၏။ တသောင်းသော ဤစကြာဝဠာလောက ဓါတ်ကို။ ကြာတောကြီးနှင့်တူစွ။ ဥပမာပြုပြီးလျှင်။ ယနေ့ ပွင့်အံ့သော ကြာပန်းကဲ့သို့။ ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်ကို မှတ်အပ်၏။ နက်ဖန်ပွင့်အံ့သော ကြာပန်း ကဲ့သို့။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်ကို မှတ် အပ်၏၊ သုံး ရက် မြောက် သောနေ့၌ ပွင့်အံ့သော ကြာပန်း ကဲ့သို့။ နေယျပုဂ္ဂိုလ်ကို မှတ်အပ်၏။ ပွင့်ခြင်းငှါ မစွမ်း နိုင်၍။ ငါး လိပ် တို့၏ သုံး စားရာ၊ အစာ အဟာရ အဖြစ်သို့ ရောက်လတံ့သော ကြာပန်း ကဲ့သို့။ ပဒပရမ ပုဂ္ဂိုလ်ကိုမှတ် အပ်၏။ ဘဗ္ဗ အဘဗ္ဗ နှစ်ဌာန အားဖြင့် ခွဲ၍ ဆိုသော်ကား။ နေအာရုံနှင့်, ပထာ ချိန်သင့်၍၊ ရင့်ကျက် ကုန်သော ကြာပန်းတို့၏။ ကားကားစွင့်စွင့်၊ ပွင့်ကုန် သကဲ့သို့။ ဘုရား မြတ်စွာ၏ ဒေသနာ တော်ကို၊ ကြားနာလင့်ရ သဖြင့်။ ရင့်ကျက် ကုန်သော၊ ပါရမီ အဆောက် အဦး ရှိကုန် သော။ ဥဂ္ဃဋိတ ညူ ပုဂ္ဂိုလ်။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်။ နေယျ ပုဂ္ဂိုလ် တို့ကို၊ ဘဗ္ဗ ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်ကုန်၏။ နေအာရုံနှင့်ပင် တွေ့ကြုံရစေကာမူ။ ကားကား စွင့်စွင့်, မပွင့်စွမ်း နိုင်မူ၍။ ငါးလိပ်တို့၏ သုံးစားရာ၊ အစာ အဟာရ အဖြစ်သို့ ရောက်ရ လတံ့ဖြစ်သော ကြာပန်းကဲ့သို့။ မြောက် များစွာ သင်ကြား၊ ဆောင်ရွက်, လေ့ ကျက် လုလ္လ၊ ပို့ချ ရ ငြား သော် လည်း။ ထိုဘဝ၌ သစ္စာလေးပါးတရားကိုထိုးထွင်း၍၊ အဝဗောဓ အား

ဖြင့်၊ မသိစွမ်းနိုင်ဘဲ။ ဇရာမရဏ တည်းဟူသော။ ငါးလိပ်တို့၏, အစာ အာဟာရ၏ အဖြစ် သို့သာ ရောက်ရအံ့သော။ ပဒ ပရမ ပုဂ္ဂိုလ်ကို။ အဘဗ္ဗ ပုဂ္ဂိုလ်ဟူ၍ မှတ်အပ်၏။ ဤ အဘဗ္ဗ ဖြစ်သော၊ ပဒပရမပုဂ္ဂိုလ်၏ အရာ၌။ ဘုရား မြတ်စွာကို ဖူး တွေ့ ရ၍။ ဘုရားမြတ်စွာ၏ တရားတော်ကို လည်း၊ နာကြား ရကုန် သော၊ ပသေနဒီ, ကောသလ မင်း။ မလ္လိကာ မိဘုရား၊ သစ္စက ပရ ဗိုဇ် စ သော ပုဂ္ဂိုလ် တို့ ပေ တည်း။ ထိုပုဂ္ဂိုလ် တို့တွင်။ ကောသလမင်း၊ မလ္လိကာ မိဖုရားတို့သည်။ ဘုရားသျှင်ကို မပြတ် ပင်လျှင်၊ ဖူးတွေ့ ကြရ၍။ နန်း တော်သို့ ကြွ လာတော်မူလျှင်။ ခရီးဦးကြိုဆိုခြင်း။ သပိတ်တော်ကို လှမ်းလင့်ခြင်း၊ နန်းတော်မှ ပြန်ကြွတော် မူသော အခါ။ သပိတ် တော်ကို ထမ်း ဆောင်၍ ပို့ခြင်း စသည်ဖြင့်။ ဝေယျာဝစ္စ ကပ္ပိယကာရက အလားပင်။ ကျင့်ဆောင်ကြကုန်၏။ အသဒိသဒါနကြီးကို လည်း။ ခန်းနား စွာစီမံ၍၊ လှူဒါန်း ပူဇော်ကြရကုန်၏။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ဘယ်။ ကောသလသံယုတ်ဟူ၍လည်း၊ တသီး တခြား၊ ထိုမင်း ကြီး အား၊ ဆုမ္မ ဟော ကြား အပ်သော ဒေသနာတော်လည်း၊ အထင်အရှားပင် လာရှိ၏။ ထိုသော်လည်း၊ သရဏဂုမ် သီလ၌သာလျှင်, တည်ကြ ကုန်၏။ မဂ်ဖိုလ်ကို မရကြ ချေ။ သစ္စက ပရဗိုဇ် ကိုလည်း။ စူဠ သစ္စက သုတ်၊ မဟာ သစ္စက သုတ်ဟူ၍။ မူလ ပဏ္ဏာသ ပါဠိ တော်၌ နှစ်ဘာဏ ဝါရခွဲရှိသော။ သုတ်တို့ဖြင့် ဟောကြား ဆုမ္မတော်မူအပ်၏။ ယင်းသို့, ဟောကြား ဆုမ္မ အပ် သော်လည်း။ စျာန် မဂ်ဖိုလ်ကိုမဆိုထား။ ထိုသစ္စက သည်။ ကောသလမင်း၊ မလ္လိကာ မိဖုရား တို့ကဲ့သို့။ သံရဏဂုမ် မျှ၌ ပင် မ တည် လေ။ စင် စစ် မူကား။ နောင်အခါ, ဝါသနာအထုံ၊ ပါစေရုံမျှသာဖြစ် ၏။ ထိုကြောင့်။ ပုဂ္ဂိုလ် လေးရပ် ကို ဝေဘန်၍။ ဟော ကြားအပ်၊ ဖွင့်ဆို အပ် သော။ ယခင် ပြဟ္မသံယုတ်၊ အဋ္ဌကထာစသည်တို့၌။ ။

ပဒ ပရ မာနံ အနာဂ တ ဏ္ဏာယ ဝါ သ နာ ဟော တိ။ ။ဟူ ၍ ဖွင့်ဆိုအပ်၏။ ။

ပဒပရမာနံ၊ ပဒပရမ ပုဂ္ဂိုလ်တို့အား။ အနာဂ တဏ္ဏာယ၊ အနာဂတ်အကျိုးငှါ။ဝါသနာ၊ စရိုက်ဘာသာဝါသနာသည်။ ဟောတိ၊ဖြစ်၏။ ဤသို့ ကျမ်းဂန်လာရကား။ ပဒပရမပုဂ္ဂိုလ်တို့အား။ ဝါသနာအထုံ, ပါစေရုံမျှ ဖြစ်၏။ ယင်းသို့ဖြစ်ခြင်းသည်။ နောင်ပါရမီရင့်ကျက်သောအခါ။ မဂ်ဖိုလ်

နိဗ္ဗာန်ကိုရရန်အကြောင်းပင်ဖြစ်၏။ သာဓကကို ထုတ်ဆောင်၍ပြရမူ။ အတိတ်ကာလက၊ ပြဟ္မဒတ်မင်းဖြစ်၍ဆင်ဖြူတော်ဖြင့်လှည့်လည်သောအခါ။ နဖူးနေခ၍ ချွေးကျသည်ကို ပုဝါဖြူဖြင့် သုပ်လိမ်းရာ၊ ပုဝါဖြူ၌ညစ်ထေးခြင်းကိုသံဝေဂယူခဲ့ဘူးသဖြင့်။ ငါတို့ဘုရား သာသနာတော်ဝယ်။ရဟန်းဖြစ်၍၊ တဂါထာမျှ ကိုပင်၊ ဝါတွင်းသုံးလပတ်လုံး။ အစဉ်မပြတ်အားထုတ်ကျက်မှတ် သော်လည်း။ နှုတ်မတက် နိုင်အောင်လျှင်။ ဉာဏ်နုံ့နှေးရှာ၏။ ထိုသို့ပင် နုံ့နှေး စေကာမူ။ အတိတ်ကာလအဘို့၌။ ပါရမီဆယ်တန်ကို၊ ထက်သန်စွာဆည်းဘူးခဲ့ချေရကား။ ရှေးပကတူပအားလျော်စွာ၊ ပုဝါ ဖြူကိုဖန် တည်း၍။ ဘုရားမြတ်စွာက၊ ပေးသနား တော်မူ အပ်သည့်အတိုင်း။ထိုပုဝါဖြူကိုဆုပ်နယ်စေသဖြင့်။ သစ္စာလေးအင်ကို၊သိမြင်တော်မူသော၊ ရူဋ္ဌပန် မထေရ်ကို ထောက်သော်။ ဝမ်းမြောက် ဘွယ်ကြီးပင်ဖြစ်၏။ ထို့ကြောင့်၊ သုံးသပ်အပ်သော သင်္ခါရတရား။ ပွါးများအပ်သော ဘာဝနာကို မူကား။ ပြုကောင်း တော့သည်။ ထိုကဲ့သို့ ပြုခြင်းသည်၊ နောင်အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်း၏၊ ပကတူပနိဿယ ပစ္စည်းဖြစ်နိုင်၏ဟူ၍မှတ်။ ဤသို့ ပုဂ္ဂိုလ်အပြား၊ လေးပါး တို့တွင်။ ရှေးသုံးယော ကား။ မဂ်ဖိုလ်ကို ရထိုက်ကြောင်း။ နောက် ပုဂ္ဂိုလ်ကား။ မဂ်ဖိုလ်ကို မရထိုက်ကြောင်းကို၊ သိရှိပြီးလျှင်၊ မိမိတို့၏ ကိုယ်ကို၊ မဂ်ဖိုလ်ကိုရနိုင်သော။ ဥဃဋိတညူ စသော ပုဂ္ဂိုလ် သုံးတန်သို့ ရောက်စိမ့်သောငှါ။ ပါရမီဆယ်ပါးကို၊ ကြိုးစားမယုတ်, အားထုတ်ဆည်းဘူးရာ၏။ ထိုစကားမှန်စွ။ သယမ္ဘူဉာဏ်ကိုမရသော သာဝကအလောင်းကို မဆိုထားလင့်ဦး။ သယမ္ဘူဉာဏ်ကို ရ၍၊ ဆရာမရှိ, မိမိ အလိုလိုသာလျှင်၊ သစ္စာလေးပါး၊ အလုံးစုံသော တရားကို သိစွမ်းနိုင်သော။ သမ္မာသမ္ဗုဒ္ဓ ဆုတောင်း၊ ဘုရား လောင်းပင် ဖြစ်စေကာမူ။ ပါရမီ မပြည့်ဝခဲ့သော်။ စင်စစ် နောက်ကျ၍။ နောက်နှောင်း ကာလမှသာလျှင်၊ ပွင့်ရသလျှင်ကတည်း။ သက်သေကား။ ဤဘဒ္ဒကမ္ဘာ၌။ ငါတို့ဘုရားမြတ်စွာ၏ အလောင်းတော်ပင်လျှင်, သက်သေတည်း။ ထိုစကားကို ထင်ရှားစေဦးအံ့။ ကကုသန် ဘုရားသျှင်။ ဂေါဏဂုမ် ဘုရားသျှင်။ ကဿပဘုရားသျှင်။ ဤသဗ္ဗညု ဘုရားသျှင် သုံးဆူတို့သည်၊ အသက်တန်း အစဉ်အတိုင်း။ လေးသောင်း၊ သုံးသောင်း၊ နှစ်သောင်းတန်းတို့၌။ အသီးအသီး ပွင့်တော် မူကြကုန်၏။ လေးကြိမ်မြောက် ပွင့်တော်မူရန်ဖြစ်သော၊ ငါတို့ဘုရား အလောင်းတော်သည်။ အကယ်၍၊ ဖြည့်ဆည်း

ဘူးတော်မူအပ်သော။ ပါရမီတော်သည် ပြည့်မှီခဲ့အံ့။ တ႙သောင်းတန်း၌ ပင်လျှင်၊ ပွင့်တော်မူရာ၏။ ရာ့တန်း၌ ပွင့်တော်မမူလေရာ။ ပါရမီတော သည်၊ မပြည့် မမှီတော် မူခြင်းကြောင့် သာလျှင်။ တသောင်း တန်းမှ၊ သ႙ဲလျှော ရွေ့ပြောင်း၍။ ခေတ်နှောင်း ကာလ၊ တရာ့တန်း၌၊ ပွင့် တော်မူရချေ၏။ ။ဤသို့ သမ္မာသမ္ဗောဓိ ဆုတောင်း။ အလောင်းတော် များပင် သော်လည်း။ ပါရမီတော် မပြည့်၍၊ ပွင့်တော် မမူနိုင်ကြဘဲ။ ကာလ ကြာပြောင်းစွာ၊ နှောင်းတော် မူကုန် သေးရကား။ သာဝက ဗောဓိအလောင်းတို့၌မူ၊ ဆိုဘွယ် မရှိချေ။ မိမိတို့ပါရမီ မပြည့်က။ စင် စစ်မုချ၊ ကာလမြင့်ပြောင်းအောင်၊ နှောင်းကြရလိမ့်မည်ကား၊ မချွတ် ရာတော့ပြီ။ ထို့ကြောင့်၊ ဤကဲ့သို့ မနှောင်းကြရစိမ့်သောငှါ။ မိမိတို့၏ သာဝက ဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာ သမ္ဗောဓိ, ဟူသော ဗောဓိသုံး ပါး၊ ရင့်ကျက်စေကြောင်း။ ကောင်းမြတ်သော ပါရမီ ဆသ်တန်ကို။ ဆည်းဘူးခြင်းကား။ မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၌။ လိုရင်း အချက်ကြီးပေ တည်း။ ထိုသို့သော အကြောင်းကြောင့်၊ ငါတို့ ဘုရားအလောင်းတော် သုမေဓါ ရှင်ရသေ့ကို။ ဒီပင်္ကရာ ဘုရားသျှင်က၊ သင်သည်, ငါကဲ့သို့ ဘုရားဖြစ်အံ့ ဟူ၍။ ဗျာဒိတ်စကား, ကြားတော်မူသော အခါ။ ငါတို့ ဘုရား အလောင်းတော် မြတ်ကြီး, ဆင် ခြင် တော် မူသည်ကား။ ယခု အခါ, ဘုရားဖြစ်အံ့ဟု၊ ငါ့အား ဗျာဒိတ်စကားကို၊ ကြားတော် မူချေပြီ။ သို့ရာတွင်၊ ဘုရားဖြစ်ဟူသည်။ အကြောင်းမဲ့ အလိုအလျောက်။ ဘုရား ဖြစ်စွမ်းနိုင်သည် မဟုတ်။ ဘုရားအဖြစ်ကို ပြုတတ်ကုန်သော။ ဗုဒ္ဓကရ တရား တို့ကို။ ဖြည့်ဆည်းဘူးမှသာလျှင်၊ ဘုရား ဖြစ် နိုင် ရာသည်။ ထို့ကြောင့်။ ယခုအခါ ငါသည်၊ ဘုရားအဖြစ်ကို ပြုတတ် ကုန်သော ဗုဒ္ဓကရတရားတို့ကို၊ ထိုမှဤမှ စုံစမ်း ဆင်ခြင်အံ့ဟု။ အထက် အရပ် အောက်အရပ်၊ ဘိလာ ရှစ်မျက်နှာ အရပ်။ ဤကဲ့သို့ ဆယ်မျက်နှာရှိ။ တောဘူမက, ဓမ္မဓါတ်၌၊ စုံစမ်းဆင်ခြင်သည်ရှိသော်။သိလက္ခန္ဓ,စသည် ကျေးဇူး ဂုဏ်အထူးကို။ ရှာမှီးလေ့ ရှိကုန်သော။ ရှေးရှေး ကုန်သော ဘုရားအလောင်းတို့သည်။ ဆည်းဘူး လေ့ကျက်။ မပျက်အမြဲ မှီဝဲအပ် သည်ဖြစ်၍။ မြတ်သောခရီးမ, သဘွယ် ဖြစ်ပေသော။ ဒါန ပါရမီကို။ ငါအလော်းတော်သည်၊ လက်မွှန်မဆွ၊ အစဦးစွာ မြင် တော် မူ လေ ပြီဟူ၍။ ဗုဒ္ဓဝင်ပါဠိတော်၊ သုမေဓ ကထာ၌။ အရှင်မဟာ သာရိပုတ္တရာ အား။ ဘုရားမြတ်စွာဟောတော်မူလေသည်။ ။ထို့ကြောင့်။ ။

ဟန္တဗုဒ္ဓကရေ ဓမ္မေ၊ ဝိဝိနာဝိ ဈတောဝိသော၊
ဥဒ္ဓံအဓော ဒသဒိသာ ယာဝတာ မေဓာတုယာ။ ။
ဝိဝိနန္တော တဒါဒက္ခိံ၊ ပဌမံ ဒါနပါရမိံ၊
ပုဗ္ဗကေဟိ မဟေသိဟိ၊ အနုစိဏ္ဏံ မဟာပထံ။ ၈
ဟူ၍ လာရှိချေသတည်း။ ။

အဟံ၊ ငါသည်။ ဟန္ဒ၊ ယခုအခါ၌။ ဗုဒ္ဓကရေ၊ ဘုရားအဖြစ်ကို ပြု တတ်ကုန်သော၊ အကြောင်း တရားတို့ကို။ ဈတော၀ိတော၊ ထိုမှ ဤမှ။ ဝိဝိနာဝ်၊ စုံစမ်းဆင်ခြင်အံ့။ ဥဒ္ဓံ၊ အထက်အရပ်၌၎င်း။ အဓော၊ အောက် အရပ်၌၎င်း။ တိရိယံ၊ ဘီလာ၇စ်မျက်နှာ၌၎င်း။ ဈတိ၊ ဤသို့။ ယာဝတာ၊ အကြင်မျှ လောက်ကုန်သော။ ဒသဒိသာ၊ အရပ် ဆယ်မျက်နှာ တို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုအရပ် ဆယ်မျက်နှာတို့၌။ သန္တိယာ၊ ထင်ရှား ရှိသော။ ဓမ္မဓာတုယာ၊ တေဘူမက, ဓမ္မဓာတ်၌။ ဝိဝိနန္တော၊ စုံစမ်းဆင် ခြင်သည်ရှိသော်။ တဒါ၊ ထိုအခါ၌။ ပုဗ္ဗကေဟိ၊ ဂဂ်ါဝါဠုံ, သဲစုတဝေး ရှေးရှေး၌ ဖြစ်ကုန်သော။ မဟေသိဟိ၊ သီလက္ခန္ဓ, စသည် ကျေးဇူးကို အထူး ရှာမှီး လေ့ ရှိကုန်သော၊ အလောင်းတော် တို့သည်။ အနု စိဏ္ဏံ၊ ဆည်းဘူး လေ့ကျက်၊ မပျက်အမြဲ၊ မှီဝဲအပ်သော။ မဟာပထံ၊မြတ်သော ခရီးမ သဘွယ် ဖြစ် ထသော၊ ဒါနပါရမိံ၊ ဒါနပါရမီကို။ ပထမံ၊ ရှေးဦး စွာ။ အဒက္ခိံ၊ မြင်ပြီ။ ။ဤဒေသနာတော်ကိုထောက်ရှု၍။ ဗောဓိသုံးပါး ရင့်ကျက် စေကြောင်း။ ကောင်းမြတ်သော ပါရမီဆယ်တန်ကို။ ဆည်း ဘူး ခြင်း ကား။ ဂင်္ဂါဝါဠု, သဲစု မက။ ဘုရား လောင်း ဟူသမျှ တို့၏။ အနုစိဏ္ဏ, မဟာ ပထ ဖြစ်၍။ လိုရင်း အချက်ကြီး ပေတည်း ဟု။ ငါတို့ ဆိုခဲ့ပေ သတည်း။ ဤအရာ၌ ဆယ်ပါးသော ပါရမီ သည်။ ပြည့်ဝ စုံညီ ပြီးသောယောဂီအား။ ရှေးရှေး ကုန်သော ဘုရားသျှင်တို့၏။ လက် ထက် တော် အ ခါ က။ သုံးသပ် အပ် ပြီးသော, သင်္ခါရ။ ပွားအပ်ပြီးသော ဘာဝနာသည်။ အကယ်၍ ဖြစ်ခဲ့ဘူးငြားအံ့။ ထိုကဲ့သို့သော ယောဂီ၏ ဗောဓိသည်။ ပရိပက္ကဂဏ္ဍဟု ဆိုအပ်သော။ ရင့်ကျက်သော အိုင်းအမာ သဖွယ် ကဲ့သို့၎င်း။ ပရိဏတ ပဒုမဟု ဆိုအပ် သော။ ရင့်ကျက် သော ပဒုမ္မာကြာဖူး, ကြာငုံသဖွယ်ကဲ့သို့၎င်း။ စင်စစ် ဖြစ်ချေတော့ သတည်း။ ယင်းသို့ ဖြစ်ခဲ့ချေတပြီးကား။ ရင့်ကျက်သော, ပရိပက္ကအိုင်းအမာသည်။ ထိုးဖေါက်အံ့ သော ဆူးကိုသာ, ငံ့သကဲ့သို့၎င်း။ ရင့်ကျက် သော, ပရိ

ဏာတ, ပဒုမ္မာကြာဖူး ကြာငုံသည်။ နေအာရုံကို သာ ငဲ့လင့်သကဲ့သို့ရင်း။ ဘုရား အစရှိကုန်သော။ ကလျာဏ မိတ္တ ပုဂ္ဂိုလ်တို့၏ အထံ၌။ တရားတော်သံကို နာခံရခြင်းတည်း ဟူသော။ ပရတော ဃောသ ပစ္စည်းမှုကို သာလျှင်၊ ကြားနာခြင်းကို လိုအပ်၏ ထိုကဲ့သို့ လိုအပ်သော။ ပရတော ဃောသ ပစ္စည်းကို ရခဲ့ပါသော်၊ ကြံ့ကြာ နှောင့် နှေးခြင်းမရှိ တော့ပြီ။ ကမ္မဋ္ဌာန်း၌ နှလုံးသွင်း ခြင်းကို။ အားထုတ် ခါမျှ၌ပင်လျှင်။ သကြား၏ လက်နက်။ မိုးယံကြိုး စက်သည်။ ကြံ့ခိုင် ခက်မာ, ကြီးမားစွာသော ကျောက် တောင်ကို။ မှုံ့မှုံ့ ညက်ညက်၊ ဖြိုဖျက် ဖေါက်ခွဲ သကဲ့သို့။ ကိလေသာ ဟူကုန်သော။ ကြီးမားမြင့်ခေါင်၊ အနမတဂ္ဂကျောက်တောင် တို့ကို။ မှုံ့မှုံ့ ညက်ညက်။ ဖြိုဖျက် ဖေါက်ခွဲ လျက် သာလျှင်၊ ဝရဇိန် လက်နက်၊ မိုးယံကြိုးစက်အလား။ လေးပါးသောမဂ်ဥာဏ်သည်။ ယောဂီ သန္တာန်အားဖြစ်၏။ ဆံ ရိပ်ပယ်သော သင်ရုန်းထား။ အပြီး အဆုံး၌ပင် လျှင်။ အရဟတ္တ ဖိုလ်သို့ ရောက်လေတော့၏။ ထို စကားမှန်၏။ အကြွင်း အမှတ် မရှိကုန်သော အမျိုး သား တို့သည်။ အရဟတ္တ ဖိုလ်သို့ ရောက် ကြရ လေကုန်၏။ ထို အမျိုးသား အလုံးစုံ တို့သည်။ ဤကဲ့သို့သဘော ရှိသော။ ပရတော ဃောသ ပစ္စည်းဟူသော တရားတော်ကို ကြားနာ ရခြင်းကိုရရှိကုန်၍။ ကလျာဏမိတ္တ ဖြစ်သောဆရာသည် ပေးအပ်သော နည်းကိုမှီး၍၊ အရဟတ္တ ဖိုလ်သို့ရောက်ကြရကုန်၏။ သယမ္ဘူဥာဏ်ရှင် မဟုတ်၍၊ မမှီဘဲ ကိုကား, မရောက် နိုင် ကြလေ ကုန်။ ဤ ဆိုအပ်ခဲ့ပြီး သော စကားရပ်ကား။ ဝိနည်းမဟာဝါ။ ပါဠိတော်ကိုဖွင့်ဆိုရာ။ မဟာဝါ အဋ္ဌကထာ ပဗ္ဗဇ္ဇ ကထာ၌။ လာရှိသော စကားရပ်ဖြစ်၏။ ဤမှတပါး၊ သတိုးသား ငယ်တို့ကို ရှင်သာမဏေ ပြုသောအခါ၊ ဆရာ ရဟန်းတော် တို့သည်။ သံသရာဝဋ်မှ ထွက်မြောက်ကြောင်းမဟုတ်သော။ အနိယျာ နိက, ကထာကို၊ မပြော မဆိုအပ်။ စင်စစ် သော်ကား။ ထိုသာမဏေ လောင်းအား၊ ငါ့ရှင်သာမဏေလောင်း။ သင်သည် ကောင်းစွာဆင်ခြင် လော့။ သတိကို ရှေးရှု ထင်စေလော့, ဟု ဆို၍ တစပဉ္စက ကမ္မဋ္ဌာန်း ကိုကြား အပ်၏။ ကြားသော ဆရာ ရဟန်း သည်လည်း။ ဝဏ္ဏ သဏ္ဌာန, ဂန္ဓ, အာသယ, ဩကာသ ၏ အစွမ်း ဖြင့်။ မစင် မကြယ်၊ ထွေ ဘွယ်၊ ရွံဘွယ်၊ စက်ဆုပ်ဘွယ် အဖြစ်။ နိဇ္ဇီဝ၊ နိဿတ္တ ၏၊ အဖြစ်ကို။ ထင်ထင် ရှားရှားပြုသဖြင့်၊ ကြားအပ်၏ ဟူ၍လည်း၊ လာရှိ၏။ ထိုသို့ ကြား သည့် အတွင်း။ သာမဏေ လောင်း သည်။ ရှေးရှေး သော ဘဝ၌။ သုံးသပ်အပ်

ပြီးသော။ သင်္ခါရတရား။ ပွားအပ်ခဲ့ပြီးသော၊ ဘာဝနာတရား၊ အကယ်၍ရှိခဲ့ ငြားအံ့။ ပြည့်မှည့် ပြီးသော အိုင်းအမာ၏ ပမာပုံ။ ရင့်ကျက်သော ပဒုမ္မာကြာဝံ့၏၊ ပမာပုံ စသည်တို့ကို။ ရှေး၌ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဥပမာထုတ်ဆောင်၍၊ ပြတော်မူအပ်၏။ ။

ထို့ကြောင့်အဋ္ဌကထာ၌။ ။

အနိယျာနိက ကထာ နကာဘေ ကဗ္ဗာ။ အထခွသ အာဂုသော သုဒ္ဓု၊ ဥပဓါရေယာ သတ္တိံ ဥပဋ္ဌာပေဟိတိဝတွာ။ တစပဉ္စက ကမ္မဋ္ဌာနံ အာဝိကတ္တိ တဗ္ဗံ။ အာဝိကတ္တ နေ့နစ၊ ဝဏ္ဏ, သဏ္ဌာန, ဂန္ဓာသယော ကာသ ဝသေန၊ အသုဝိ ဇေဂုစ္ဆ ပဋိကူလဘာဝံ၊ နိဇ္ဇီဝနိသတ္တ ဘာဝံဝါ၊ ပါကဋံ ကရောန္တေန အာဝိကတ္တိတဗ္ဗံ။ သစေ ဟိ သော ပုဗ္ဗေ မဒ္ဒိတသင်္ခါရော ဟောတိ၊ ဘာဝိတဘာဝနော။ ကဏ္ဌကပေခပေက္ခော ဝိယပရိပက္ကဂဏ္ဍော၊ သူရိယုဂ္ဂမနာပေက္ခံ ဝိရစပဒုမ်ာဘာပဒုမံ၊ အထဿအာရဒ္ဓမတ္တေကမ္မဋ္ဌာနမနသိကာရေ၊ ဂရုန္ဓာသနိဝိယပဗ္ဗတေ, ကိလေသပဗ္ဗတေ၊ စုဏ္ဏယ မာနံ ယေဝ ဥာဏံ ပဝတ္တတိ။ ခရဂ္ဂေယေဝ အရဟတ္တံပါပု ဏာတိ။ ယေဟိကေစိခရဂ္ဂေ အရဟတ္တံပတ္တာ၊ သဗ္ဗေတေဧဝရူပံသဝနံ လဘိတွာ ကလျာဏ မိတ္တေန အာစရိယေန ဒိန္နနယံ နိဿာ ယ၊ နော အနိဿာယ။ ။ဟူ၍ ဖွင့်ဆိုတော်မူအပ်၏။ ။

အနက်ယောဇနာကား=

အနိယျာနိကကထာ၊ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော၊အနိယျာနိကကထာကို။ နကထေတဗ္ဗာ၊ မပြော မဆိုအပ်။ အထခေါ၊ စင်စစ်သော်ကား။အာဂုသော၊ ငါ့အရှင်သာမဏေလောင်း။ သုဋ္ဌု။ ကောင်းစွာ။ ဥပဓါရေယာ၊ ဆင်ခြင်လော။ သတိံ၊ သတိကို။ ဥပဋ္ဌာပေဟိ၊ ရှေးရှုထင်စေလော၊ ဣတိ၊ ဤသို့။ ဝတွာ ဆို၍။ တစပဉ္စက ကမ္မဋ္ဌာနံ တစပဉ္စကကမ္မဋ္ဌာန်းကို။ အာဝိကတ္တိတဗ္ဗံ၊ ကြားအပ်၏။ အာဝိကတ္တနေ့နစ၊ ကြားသော ဆရာသည်လည်း။ ပဏ္ဏသဏ္ဌာန ဂန္ဓာသ ယော ကာ သ ဝသေန၊ အဆင်းသဏ္ဌာန်၊ အနံ့အာသယဩကာသ ဖြစ်ရာအရပ်ဟူသော ဩကာသ၏ အစွမ်း အားဖြင့်။ အသုဝိ ဇေဂုစ္ဆ ပဋိကူလ ဘာဝံ ဝါ၊ မစင်မကြယ် စက်ဆုပ် ရွံ့ရှာဘွယ်၏ အဖြစ်ကိုရင်း။ နိဇ္ဇီဝနိသတ္တ ဘာဝံဝါ၊ ဇီဝလည်းမဟုတ်၊ သတ္တလည်း မဟုတ်သည်၏ အဖြစ်ကိုရင်း။

ပါကဋံ။ ထင်ထင်ရှားရှား။ ကရေ နေ့နှုန်း၊ ပြုသဖြင့်။ အာဝိကတ္ထံ၊ ကြား အပ်၏။ ဟိသစ္စံ၊ ထိုစကားမှန်၏။ သော၊ ထိုသာမဏေလောင်းသည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ မဒ္ဒဝိတသင်္ခါရော၊ သုံးသပ်အပ်ပြီးသော သင်္ခါရ ရှိသည်။ ဘာဝိတဘာဝနော၊ ပွါးအပ်ပြီးသော ဘာဝနာရှိသည်။ စေပဟောတိ၊ အကယ်၍ဖြစ်အံ့။ ကဏ္ဏာကဝေဝပေက္ခော၊ ဆူးဖြင့် ထိုး ဖေါက် ခြင်း ကိုငဲ့လင့်သော။ ပရိပက္ကဂဏ္ဍာဝိယစ၊ ပြည့်မှည့်ကျက်သော, အိုင်း အမာကဲ့သို့ရင်း။ သူရိယဂ္ဂမနာပေက္ခံ နေအာရုံ၏ တက်လတ်ခြင်းကို ငံ့လင့်သော။ ပရိဏတပဒုမံဝိယစ၊ ရင့်ကျက်သော ပဒုမ္မာကြာငုံကဲ့ သို့ရင်း။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသာမဏေ လောင်းအား။ ကမ္မဋ္ဌာနမနသိကာရေ၊ ကမ္မဋ္ဌာန်း၌ နှစ်လုံးသွင်းခြင်းကို။ အာရဒ္ဓမတ္တေ၊ အားထုတ်ခါမျှ၌။ ဇုန္ဒာသနီ၊ သိကြားလက်နက်၊ မိုးယံး ကြိုးစက်သည်။ ပဗ္ဗတေ၊ တောင်တို့ကို။ စုဏ္ဏဝိယမာနာဝိယ၊ ဖေါက်ထွင်း ဖြိုဖျက်၊ မှုံ့မှုံ့ညက်ညက်ပြုသကဲ့သို့။ ကိလေသ ပဗ္ဗတေ၊ အစွန့်ရှည်စွာ ကိလေသာဟူကုန်သော တောင်တို့ကို။ စုဏ္ဏယမာနံယေဝ၊ မြူမှုန့်မကြွင်း ဖေါက်ထွင်းဖြိုဖျက်၊ မှုံ့မှုံ့ညက်ညက်၊ ပြု၍သာလျှင်။ ဉာဏံ၊ အရဟတ္တမဂ်ဉာဏ်သည်။ ပဝတ္တတိ၊ ဖြစ်၏။ ခုရဂ္ဂေယေဝ၊ သင်ရုန်း၏ အဆုံး၌သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဟိယုတ္တံ၊ ထိုစကားသင့်၏။ ယေကေစိ၊ ခပ်သိမ်းကုန်သော သူတို့ သည်၊ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကြကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံကုန်သောသူတို့သည်။ ဧဝရူပံ၊ ဤသို့သဘောရှိသော၊ သဝနံ၊ ကြားနာရခြင်းကို။ လဘိတွာ၊ အခါမလင့်, အခွင့်ကြိုက်ကြုံ၊ ရရှိကုန်၍၊ ကလျာဏမိတ္တေနး ကလျာဏမိတ္တ ဖြစ်သော။ အာစရိ ယေန၊ ဆရာသည်။ ဒိန္နနယံ၊ ပေးအပ်သောနည်းကို။ နိဿာယ၊ မှီ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကြရကုန်၏။ အနိဿာယ၊ မမှီမူ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ နေဝပတ္တာ၊ မရောက်နိုင်ကြ လေကုန်။ ။ဤသို့ဆရာကို မှီ၍သာလျှင်။ အရဟတ္တဖိုလ်သို့ ရောက်ကြရ လေသောကြောင့်။ ထိုသာမဏေလောင်းအား။ ရှေးမဆွ, ပဌမမှသာ လျှင် ဤကဲ့သို့ သဘောရှိသော တစပဥ္စကကမ္မဋ္ဌာန်းဟူသော ကထာကို ဆရာရဟန်းတော်တို့က။ ပြောကြားအပ်ကြောင်းကို။ အဋ္ဌကထာဆရာ ဆုံးဖြတ်ချက်ချတော်မူအပ်၏။ ။ထို့ကြောင့်,ယင်းအဋ္ဌကထာ၌။ ။

တသ္မာသေအာဒိတောဝ၊ ဝေရူပီကထာကထေတဗ္ဗ။ ။
ဟူ၍မိန့်တော်မူလေပြီ။

တသ္မာ၊ ထိုသို့ဆရာမရှိ၍။ အရဟတ္တဖိုလ်သို့ ရောက်ကြရချေသော ကြောင့်၊ အဿ၊ ထိုသာမဏေလေးအား။ အာဒိတောဝ၊ အစမှသာ လျှင်၊ ဝေရူပီ၊ ဤသို့သဘောရှိသော။ ကထာ၊ တစပဉ္စက, ကမ္မဋ္ဌာန်း တည်းဟူသောကထာကို။ ကထေတဗ္ဗာ၊ ဆရာရဟန်းတို့က။ ပြော ကြားအပ်,ပြောကြားသင့်၏။ ဝါ၊ ပြောကြားထိုက်ချေသတည်း။ ။

ဤသို့ ဝိနည်းအဋ္ဌကထာ၊ ဒေသနာဇော်၌။ လာရှိသည်ကို၊ မြင် တော်မူ၍။ ငါတို့,ကျေးဇူးသျှင်၊ အဂ်ပူဆရာတော်ဘုရားကြီး သည်ငှင်း။ စံလွန်တော်မူသော။ ကျေးဇူးတော်သျှင်၊ အရှင်, အုဂ်ဖိုရ်ဆရာတော် ဘုရားကြီးသည်ငှင်း။ သာမဏေလေးတို့အား။ တစပဉ္စက,ကမ္မဋ္ဌာန်း ကို။ အမြဲပင် ကြားတော်မူကြ ကုန်သတတ်။ ထိုသို့ ကြားတော်မူကြ ခြင်းသည်။ ဝိနည်း ဒေသနာတော်နှင့်သာ၊ သင့်လျော် ညီညွတ်သည် မဟုတ်သေး။ စင်စစ်သဖြင့်၊ သုတ်အဋ္ဌကထာကြီးတို့မှ လာရှိသော။ သာမဏေလေးတို့အား။ တစပဉ္စက, ကမ္မဋ္ဌာန်းကို။ မကြားခြင်းဟူ သောအကြောင်းကြောင့်။ မနှစ်သက်လို။ အပြစ် တင်ဆိုခြင်းမှလည်း။ ကင်းလွတ်တော်မူကြ ပေကုန်သတည်း။ ထိုစကားမှန်၏။ သုတ်အဋ္ဌ ကထာတို့၌။ သာမဏေလေးတို့အား။ အလုံးစုံသော ဒွတ္တိံသ,အခြင်း အရာကိုပင်လျှင်။ ပြောဆိုခြင်းငှါ သင့်၏။ အလုံးစုံကို ဆိုခြင်းငှါ၊ မစွမ်း နိုင်သဖြင့်ကား။ တစပဉ္စက, တမ္မဋ္ဌာန်းကိုမူ။ကြားအပ်သည် သာလျှင် တည်း။ အဘယ့်ကြောင့် နည်းဟူမူကား။ ဤဒွတ္တိံသ ကမ္မဋ္ဌာန်းသည်။ အလုံးစုံကုန်သော ဘုရားမြတ်စွာတို့၏။ မစွန့်အပ်သည် သာလျှင် ဖြစ် သော။ ကမ္မဋ္ဌာန်း ဖြစ်ချေသောကြောင့်တည်း။ ထိုကြောင့်၊ ကေသာ စသည်တို့တွင် တခုခုသော ကောဋ္ဌာသ၌။ အရဟတ္တဖိုလ်သို့ရောက်ကြ ကုန်သော၊ ရဟန်းယောကျ်ားတို့၏ငှင်း။ ရဟန်းမိန်းမတို့၏ငှင်း။ ဥပါ သကာယောကျ်ားတို့၏ငှင်း။ ဥပါသိကာ မိမ္မတို့၏ငှင်း အပိုင်းအခြား မရှိဟူ၍လည်း။ ကမ္မဋ္ဌာန်းကျေးဇူးဂုဏ်ကို မိန့်ဆိုအပ်၏။ ယင်းသို့မိန့် ဆိုတော်မူပြီးမှ။ ထိုကဲ့သို့မကြားဘဲ၊ သကိန်းဆီးဝတ်၍ ပေးကြကုန် သော၊ ဆရာရဟန်းတို့ကို။ အထူးသတိရှိစေလိုရကား။ ။

အဗျတ္တာဘိက္ခူပန ပဗ္ဗာဇေန္တာ၊ အရဟတ္တသ္မာပ နိဿယံ နာသေန္တိ။ ။ဟူ၍၊ ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၊ တိဿသာမဏေရဝတ္ထု၌။ နိဂ္ဂဟစကားကို မိန့်ကြားတော်မူအပ်၏။ ။

အဗျတ္တာ၊ မလိမ္မာကုန်သော။ ဘိက္ခူပန၊ ဆရာအချို့ ရဟန်းတို့သည်ကား။ ပဗ္ဗာဇေန္တာ၊ ရှင်ပြုကြကုန်သည်ရှိသော်။ အရဟတ္တသ္မာ၊ တစပဉ္စက၊ ကမ္မဋ္ဌာန်းကို ပြောကြားသဖြင့်။ ရသင့် ရထိုက်သော။ အရဟတ္တဖိုလ်၏။ ဥပနိဿယံ၊ အကြောင်း ဖြစ်သော။ ဥပနိဿယကို။ နာသေန္တိ၊ ဖျက်ဆီးကြကုန်၏။ ။ဤသို့မိန့်ဆိုအပ်သော အရာများသည် အကယ်၍ အာပတ်ကင်, မသင့်စေကာမူ။ လေးနက်စွာ အပြစ်တင်ဆိုတော်မူရကား။ ဆရာဖြစ်သူတို့ အထူးသတိချပ်ဖွယ် ကောင်းလှသော အရာဖြစ်ပေသတည်း။ ဤသို့ တစပဉ္စက, ကမ္မဋ္ဌာန်းကိုမျှ၊ ကြားခြင်းကိုအစပြု၍။ သင်္ခါရတရားတို့ကို သုံးသပ်ခြင်း။ ပွါးများခြင်း ဟူသည်။ ယခုဘဝ၌ မဂ်ဖိုလ်ကို မရစေကာမူ၊ နောင်အနာဂတ် ကာလဝယ်၊ မဂ်ဖိုလ်၏ ဥပနိဿယ ဖြစ်ကြောင်းဖြင့် လာရှိသော။ ပဗ္ဗဇ္ဇခန္ဓကအရာကို ထောက်ရှု၍၊ ကျေးဇူးတော်သျှင်ကြီးဘုရား။ စီရင်ရေးသားတော်မူအပ်သော၊ ဝိပဿနာဆယ်ပါး၊ ဘာဝနာတရားကို စင်စစ်ပွါးအပ်၏။ ထိုမှတပါး၊ သတ္တဝါတို့၏ ခန္ဓာသန္တာန်၌။ လောဘကဣန္ဒ။ ဒေါသကဣန္ဒ။ မောဟကဣန္ဒ, ဟူကုန်သော၊ လောဘတုံး၊ ဒေါသတုံး၊ မောဟတုံးတို့သည်။ ဘဝထိုထိုက၌, စည်ပင်ခြောက်များ၊ ကြီးပွါးလျက် ရှိကြရာဝယ်၊ ထိုလောဘကဣန္ဒ စသည်တို့ကို။ အကြွင်းမဲ့အားဖြင့်။ ဖြိုဖျက် ဖေါက်ထွင်းခြင်း။ ခွဲစိတ်ခြင်းငှါမစွမ်းနိုင်၍။ တပုံတခုသော လောကီတရားစုသည်။ နိဗ္ဗေဓိက၊ ပညာဟူသော၊ အမည်အထူးကို မရမရှိကြလေ။ စွမ်းရေသတ္တိအသုံးရှိသော၊ သောတာပတ္တိမဂ်။ သကဒါဂါမိမဂ်။ အနာဂါမိမဂ်။ အရဟတ္တမဂ် တည်းဟူသော။ လောကုတ္တရာမဂ်ပညာသည်သာလျှင်။ အကြွင်းမဲ့ သမုစ္ဆေဒအစွမ်းအားဖြင့်။ အနမတဂ္ဂ သံသရာဘဝက။ တကြိမ်တခါမျှ မဖေါက် မထွင်းဘူး။ မခွဲမိတ်ဘူး သေးသော။ လောဘတုံးကိုရင်း။ ဒေါသတုံးကိုရင်း။ မောဟတုံးကိုရင်း။ ဖေါက်ထွင်းကာတ်။ ခွဲစိတ်တတ် လေသောကြောင့်။ စင်စစ် နိဗ္ဗေဓိက ပညာမည်၏ဟူ၍ ဆိုအပ်ချေသည် လောကုတ္တရာ မဂ်ပညာနည်းတူ။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌။ သုံးသပ် ပွါးများသော။ ယောဂီ၏

ဝိပဿနာပညာသည်။ ယခင်လောဘက္ခန္ဓ စသည်တို့ကို။ သမုစ္ဆေဒ အားဖြင့်ပင် မပယ်နိုင်သေးသော်လည်း။ တဒင်္ဂ၏အစွမ်းအားဖြင့်၊ လောဘအုံးကိုရင်း၊ ဒေါသတုံးကိုရင်း။ မောဟတုံးကိုရင်း။ ဖေါက်ထွင်း တတ်၊ ခွဲစိတ်တတ်ပေရကား။ မဂ်ပညာကဲ့သို့၊ နိဗ္ဗေဓိက ပညာမည်၏ ဟူ၍ ဆိုခြင်းငှါ၊ သင့်လျော်ကြောင်းဖြင့်။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ သေခသုတ်၌ရင်း။ ပဉ္စအင်္ဂုတ္တရ အဋ္ဌကထာ၊ သေခဗာလဝဂ်၌ရင်း။ ချီးကျူး၍ အထူးသဖြင့် ဖွင့်ဆိုတော်မူအပ်၏။ ။သို့ကြောင့်၊ ယခင်အဋ္ဌကထာ တို့၌။ ။

တဏ္ဍမဂ္ဂပညာ သမုစ္ဆေဒ ဝသေန, အနိဗ္ဗိဒ္ဓပုဗ္ဗံ, အပဒါလိတပုဗ္ဗံ လောဘက္ခန္ဓံ၊ ဒေါသက္ခန္ဓံ၊ မောဟက္ခန္ဓံ၊ နိဗ္ဗိဇ္ဈတိ ပဒါလေတီတိ နိဗ္ဗေဓိကာ။ ဝိပဿနာ ပညာတဒင်္ဂ ဝသေနနိဗ္ဗေဓိကာတိ ဝတ္တုံဝဋ္ဋတိ။ ။ ဟူ၍မိန့်တော်မူအပ်၏။ ။

အနက်ယောဇနာကား။ ။

တတ္ထ ဝစနေ၊ ထို စကားရပ်၌။ မဂ္ဂ ပညာ၊ လောကုတ္တရာ မဂ်ပညာ သည်။ သမုစ္ဆေဒ ပသေန၊ အကြွင်းမဲ့နုတ်။ သမုစ္ဆေဒ၏အစွမ်းအားဖြင့်၊ အနိဗ္ဗိဒ္ဓပုဗ္ဗံ၊ မဖေါက် မထွင်း ဘူးသေး သော။ အ ပ ဒါလိ တ ပုဗ္ဗံ၊ မခွဲ မစိတ်ဘူးသေးသော။ လောဘက္ခန္ဓံ၊ လောဘ တုံးကိုရင်း။ ဒေါသက္ခန္ဓံ။ ဒေါသတုံးကိုရင်း။ မောဟက္ခန္ဓံ၊ မောဟတုံးကိုရင်း။ နိဗ္ဗိဇ္ဈတိ၊ ဖေါက် ထွင်း တတ်၏။ ပဒါလေတိ၊ ခွဲစိတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဗ္ဗေဓိကာ၊ နိဗ္ဗေဓိက ပညာမည်၏။ ဝိပဿနာ ပညာ၊ ဝိပဿနာ ပညာ သည်။ တဒင်္ဂဝ သေန။ တဒင်္ဂ၏ အစွမ်းအားဖြင့်။ဝါ၊ လောဘ, ဒေါသ, မောဟ, တုံးကို။ လုံးလုံး လျားလျား၊ ပယ်ရှားမနုတ်။ တမဟုတ်မတ္တ။ တဒင်္ဂ၏ အစွမ်း အားဖြင့်။ လော ဘက္ခန္ဓံ၊ လော ဘ တုံး ကို ရင်း။ ဒေါ သက္ခန္ဓံ၊ ဒေါသ တုံးကိုရင်း။ မောဟက္ခန္ဓံ၊ မောဟ တုံးကိုရင်း။ နိဗ္ဗိဇ္ဈတိ ဖေါက်ထွင်း တတ်၏။ ပ ဒါ လေ တိ၊ ခွဲစိတ် တတ် ၏။ ဣ တိ တ သ္မာ၊ ထို့ကြောင့်။ နိဗ္ဗေဓိ ကာတိ၊ နိဗ္ဗေဓိက ပညာဟူ၍ ဝတ္တုံ၊ ဆို ခြင်း ငှါ၊ ဝဋ္ဋတိ၊သင့်၏။ ။

ဤကဲ့သို့ ဝိပဿနာ ပညာကို။ မဂ် ပညာ နှင့်၊ အမည်သကတ်တူ စွာ။ နိဗ္ဗေဓိက ပညာ အဖြစ်ဖြင့်။ ခိုင်းနှိုင်း စံထား လျက်။ ဖွင့်ဆို အပ်သည်ကို

ထောက်ရှု၍။ ကျေးဇူးသျှင်ကြီးဘုရား စီရင် တော်မူအပ်သော။ ဝိပဿနာဆယ်ပါး။ ဘာဝနာ တရားကို ပွားအပ် လှတော့၏။ ထိုမှတပါး။ မဂ်ပညာသည်။ အသင့် အားဖြင့်၊ ဝဋ်ဆင်းရဲ ဟူသော ဝဋ္ဋ ဒုက္ခကို၎င်း။ ကိလေသာ ဆင်းရဲ ဟူသော။ ကိလေသ ဒုက္ခကို၎င်း၊ ကုန် စေ လျက် သွားတတ်သော ကြောင့်။ သမ္မာဒုက္ခက္ခယဂါမိနီ မည်ကြောင်း။ ယိုနည်းတူစွာ။ ဝိပဿနာ ပညာ သည်လည်း။ တဒင်္ဂ၏ အစွမ်း အားဖြင့်။ ဝဋ္ဋ၊ ဒုက္ခကို၎င်း၊ ကိလေသ ဒုက္ခကို၎င်း။ ကုန်စေလျက်။ သွားတတ် ရကား။ သမ္မာဒုက္ခက္ခယဂါမိနီ မည်နိုင်ကြောင်း တနည်း။ ဆင်းရဲ ဒုက္ခ၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက် စေ တတ် သော ကြောင့်။ မဂ် ပညာ သည်။ စင် စစ် ဒုက္ခက္ခယ ဂါမိနီ မည်၏။ ထို ဒုက္ခက္ခယ ဂါမိနီ မည် သော မဂ် ပညာကို ရခြင်း၌၊ ကောင်းစွာ ဖြစ်တတ် သော ကြောင့်။ ဝိပဿနာ ပညာ ကို၊ ဒုက္ခက္ခယ ဂါမိနီ မည်၏ ဟူ၍၊ သိအပ် ကြောင်းဖြင့်၊ ယင်း အဋ္ဌ ကထာ တို့၌ ပင် ဝိ ပဿနာ ကမ္မဋ္ဌာန်း ကို၊ နှစ် သက် အားရမ်း၊ ချီးမွမ်းတော်မူ အပ်၏၊ ထို့ကြောင့်၊ သမ္မာ ဒုက္ခက္ခယ ဂါမိနီ ယာ၊ ဟူ သော ပါဠိတော် ပါဠိကိုဖွင့်ပြရာ၌။ ။

ဇုဓာပိ မဂ္ဂပညာ သမ္မာ ဟေတုနာ ဥာယေန၊ ဝဋ္ဋ ဒုက္ခဉ္စ ကိလေသ ဒုက္ခဉ္စ ခေပယ မာနာ ဂစ္ဆတီတိ သမ္မာ ဒုက္ခက္ခယ ဂါမိနီ နာမ။ ဝိပဿနာပိတဒင်္ဂဝသေန၊ ဝဋ္ဋဒုက္ခဉ္စ၊ ကိလေသ ဒုက္ခဉ္စ၊ ခေယမာနာ ဂစ္ဆတီတိ ဒုက္ခက္ခယ ဂါမိနီ။ ဒုက္ခက္ခယ ဂါမိနီဝါ မဂ္ဂ ပညာယ။ ပဋိ လာ ဘာ ယ၊ သံဝတ္တန တော၊ ဒုက္ခက္ခယ ဂါမိနီတိ ဝေဒိတဗ္ဗာ။ ။ဟူ၍မိန့်တော်မူအပ်၏။ ။

ဇုဓာပိ၊ ဤသမ္မာဒုက္ခက္ခယ ဂါမိနီ အရာ၌လည်း။ မဂ္ဂပညာ၊ လောကုတ္တရာ မဂ် ပညာ သည်။ သမ္မာ၊ ကောင်းစွာ။ ဟေတုနာ၊ အကြောင်း အားဖြင့်။ ဥာယေန၊ အသင့်အားဖြင့်။ ဝဋ္ဋ ဒုက္ခဉ္စ၊ ဝဋ် ဆင်းရဲကို၎င်း။ ကိလေသ ဒုက္ခဉ္စ၊ ကိလေသာ ဆင်းရဲ ကို ၎င်း။ ခေပယမာနာ၊ ကုန်စေလျက်။ ဂစ္ဆတိ၊ သွားတတ်၏။ ဇုတိ ဧသ္မာ၊ ထိုကြောင့်။ သမ္မာဒုက္ခက္ခယ ဂါမိနီနာမ၊ သမ္မာ ဒုက္ခက္ခယ ဂါမိနီ မည်၏။ ဝိ ပ ဿ နာ၊ ဝိ ပ ဿနာ ပညာ သည်။ တ ဒင်္ဂ ဝ သေ န။ တဒင်္ဂ ၏ အစွမ်း အား ဖြင့်။ ဝဋ္ဋဒုက္ခဉ္စ၊ ဝဋ်ဆင်းရဲကို၎င်း။ ကိလေသ ဒုက္ခဉ္စ၊ ကိလေသာဆင်းရဲကို၎င်း။ ခေပယ မာနာ၊ ကုန်စေလျက်။ ဂစ္ဆတိ သွားတတ်၏။ ဇုတိတသ္မာ။ ထို့ကြောင့်။

ဒုက္ခက္ခယ ဂါမိနီ။ ဒုက္ခက္ခယဂါမိနီ မည်၏။ ဝါ, တနည်းကား။ ဒုက္ခ က္ခယ ဂါမိနီယာ၊ ဒုက္ခက္ခယ ဂါမိနီ မည်သော။ မဂ္ဂ ပညာယ၊ လော ကုတ္တရာ မဂ် ပညာကို။ ပဒိုလာ ဘာ ယ၊ ရ ခြင်း ၄ါ။ သံဝတ္တန တော၊ ဖြစ်ဘတ် သောကြောင့်။ ဝိပဿနာ ပညာ။ ခန္ဓာ ရုပ် နာမ်။ ဝေဘန်ပိုင်းခြား။ ဆယ် ပါး သော ဝိ ပ ဿနာ ပညာသည်။ ဒုက္ခက္ခယ ဂါမိနီ၊ ဒုက္ခက္ခယ ဂါမိနီ မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ။

ဤသို့ လော ကုတ္တရာ မဂ် ပညာ ၏။ ဒုက္ခက္ခယ ဂါမိနီ ဟူသော အ မည်ကို။ လောကီ ကုသိုလ် စိတ်ပင် ဖြစ်လင့်ကစား။ ဝိပဿနာ ပညာ သည်။ ထဒဂ် အား ဖြင့်။ မဂ်ပညာနှင့် အလားတူ။ ဒုက္ခက္ခယ ဂါမိနီ မည်၏ ဟူရကား။ ကျေးဇူးသျှင် ဆရာတော်ဘုရားကြီး။ ထုတ်ဆောင် ရေးသား အပ်သော။ ဥာဏ်တော် ဆယ်ပါး, ဝိပဿနာ တရားကို၊ ပွား များထပ်ထပ်၊ ဆင်ခြင်သုံးသပ်အပ်၏။ ။

ထိုမှတပါး။ မဂ် တရား၊ ဖိုလ် တရား၊ နိဗ္ဗာန်တရား ဟူကုန်သော ပဒိုဝေဒတရား သုံးပါးတို့ကို။ အလိုရှိသော ယောဂီ သည်၊ ရရန် အ ကြောင်းတို့ကို ကောင်းစွာစိစဉ်။ ဆင်ခြင်လတ်သော်။

သဗ္ဗေဓမ္မာ ဟေတု ပလဘာဝေန အသမ္ဘန္ဓာနာမနတ္ထိ၊ ။

ဟူသည်နှင့်အညီ။ တရားဟူဟူသမျှ တို့သည်။ အကြောင်းအကျိုး၏ အဖြစ်ဖြင့်။ မစပ် မဆက် ခြင်းတို့ မည်သည်၊ မရှိကုန် ရကား။ ဤ သို့ သက်ဝင် ဆင်ခြင် ရာ၏။ နိဗ္ဗာန် တရား ဟူသည်။ အသင်္ခတဓမ္မ ဖြစ်၍။ အလုံးစုံကုန်သော သင်္ခါရတရားတို့မှ။ ငွန့်လွှတ်ခြင်း သည်၊ နိဗ္ဗာန် မည် ၏။ ဖိုသ်တရားဟူသည်။ သင်္ခတ,တရားမျိုးဖြစ်၍။ အကြောင်းမဲ့ သက် သက် မဖြစ်ဘဲ။ မဂ်၏ အကျိုး၊ မဂ်၏နိဿန္ဒ ဖြစ်ရကား။ မဂ်တည်းဟူ သော အကြောင်း ကြောင့်။ ဖြစ်ပေါ် လာသော တရားပေတည်း။ယင်း မဂ်သည်လည်း။ အကြောင်း အကျိုးမဆက်။ သက် သက် ပေါ်လာနိုင် ခြင်းမဟုတ်။ လုလ္လ ကြိုးကုတ်။ အားထုတ်အပ်သော၊ ဝိပဿနာ၏ အာနိ သံသအစွမ်းကြောင့် ဖြစ်ပေါ်လာသော။ တရားပေတည်းဟု။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန် တရားတို့၏ အစီ အစဉ်ကို။ ယောဂီ၏ ဉာဏ်အမြင် ဖြင့်။ ကောင်းကောင်းကြီး ထင်မြင်ခဲ့မှုကား။ ။

ပဥ္စအင်္ဂုတ္တရ အဋ္ဌကထာပါဠိ, ကိမိလဝဂ္ဂ။ ။
ပဋိဝေဒဓမ္မေ ကာမ်မာနော ဝိပဿနာ,နိဿန္ဒော၊ မဂ္ဂေါနာမ။
မဂ္ဂနိဿန္ဒဖလံနာမ။ သဗ္ဗသင်္ခါရ ပဋိနိဿဂ္ဂေါ နိဗ္ဗာနံမ။ ။

ဟူ၍ မိန့်မြွက် ထုတ်ဖေါ်, ဖွင့်ဆိုတော် မူအပ်သော။ ဒေသနာစကား နှင့်။ တသားတည်း ညီညွတ်ချေတော့သည် ဖြစ်၍။ မဂ်၏ နိဿန္ဒအကျိုး ဆက် ဖြစ်သော။ ဝိပဿနာ ဆယ်ပါး, ဉာဏ်တရားကို။ ငါတို့ကျေးဇူး တော်သျှင် ကြီး ဘုရား။ ထုတ်ဖေါ် ရေး သား၊ ပြော ကြား ဆုမွှတိုင်း။ အသျှိုင်းတကြီး၊ စီးဖြန်းပွားများ။ အားထုတ် အပ်လှပေတော့သတည်း။

ဤမျှအတိုင်းအရှည်ရှိသော၊ စကား အစဉ်ဖြင့်။ ငါတို့ ကျေးဇူးတော် သျှင်။ အရှင် အုဂ်ဖိုရ် ဆရာတော် ဘုရားကြီး သည်။ စီရင်တော်မူအပ် သော၊ (ဝိပဿနာ ဉာဏတန္တိ) စာတန်းကို၊ ကျမ်းဂန်နှင့် အညီ။ ဖွင့်ဆို ရေးသား အပ် သော။ "ဝိပဿနာ ဉာဏတန္တိ ဋီကာ" စာတန်းကား။ တထောင့်နှစ်ရာ, ကိုးဆယ်ခွန်နှစ်ခု၊ သီတင်းကျွတ်လဆန်း။ တိထိ(၁၀) ရက်။ တနင်္ဂနွေနေ့တွင်၊ ပြီးအောင်မြင်သတည်း။ ။

ဝိပဿနာ ဉာဏတန္တိ, ဋီကာကျမ်းကား။
ဤတွင်-ပြီး၏။

## ကျမ်းပြီးနိဂုမ်း-ဂါထာပါဠိအနက်

(၁) အဂ္ဂံလောကုတ္တရာနံပိ။ အနိစ္စာဒိဇ္ဇုတိသာဂတံ။
ပဋိစ္စကရိမာစရေ၊ ဥာဏတန္တိံ သိရုတ္တမော။

(၂) အဿယုဇ္ဇေဆရျက္ခာတေ၊ ဇုဏှပက္ခ ဒသာဒိနေ။
ဝိဇ္ဇာရေတံ,ယထာစိတ်၊ နိဋ္ဌိတာ,ယံ,မယာကတာ။
ပတျာဝဏ္ဏ, ဂါထာချည်းသာတည်း။

လောကုတ္တရာနံပိ၊ လောက သုံးတန်မှ၊ ကျော်လွန် ပေါက် ရောက် လျှက်။ လွန်မြောက် အစဉ်။ ဘဲကြည်ခွါထွက် လပ်သော။ မဂ်လေးရပ် မှန်စွာ။ လောကုတ္တရာ ကုသိုလ်တို့ ထက် လည်း။ အနိစ္စာ ဇုတိ၊ အနိစ္စ သညာဇုတိ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်,ဟူသား။ ငါးပါး သောခန္ဓာ၌။ အနိစ္စသညာ၊ ထင်မြင်ခါဖြင့်။ ကောင်းစွာထင်ထား။ ပွား များခြင်း အနိစ္စသညာ။ ဝိပဿနာသည်။ အဂ္ဂံ၊ စဘုဘူမက၊ကုသလ၏။ မုချထူးချွန်။ ကြောင်းရင်မွန်ကြောင့်။ သာလွန်မြတ်သည်။ဝါ,မဂ်ကုသိုလ် တို့ကို။ ညီညွတ်မရှိ။ ပဋိလာဘ၊ရရန်မသွင်း။ပြုဘတ်ခြင်းအနက်ကြောင့်။ ဇိမ်၏အထက်ချားဝယ်။ အချင်းသနယ် ဗိုင်း များတို့၏,တမွတ်။ အထွင့် ပမာ။ မြင့်မြတ်စွာသည်။ ဟောတိ၊ စင်စစ်မသွေ၊ ဖြစ်ပချေ၏။ ဇုတိအာ ဂတံ၊ ဤသို့ကျမ်းလာ၊ ဒေသနာကို။ ပဋိစ္စ၊ ဆင်ခြင် နက်နဲ။ ဝေခွဲပိုင်း ဖြတ်၊ ဥာဏ်ရည်မှတ်၍။ သိရုတ္တမော၊ လက်ာဒီပ, သီဟဠဟူ။ရံကျွန်းဌ နှင့်တကွ။ ပြန့်ဇမ္ဗူ တိုင်း၊ မိမှိုင်း ကျော် ထိပ်။ ဂုဏ် ဝိ သိဋ္ဌ ကြောင့်။ ပဏ္ဍိတ် ထိုထိုတို့၏။ ကြည်ညို လေးမြတ်၊ ဆည်း ကပ် ကိုးစားရာ။ မဟာ နိကာယ၊ ဝ္ပါရဂိုဏ်းသားတို့၏။ ရွှေသွားကုဋ္ဌရ၊ ပုဂ်ဝ မှူးပိုင်။ ဦးခိုင် ပါမောက်၊ လျှတောက် ဥာဏ်မီး။ အံ့မပြီးအောင်။ကြီးမြတ်သော ဘုန်းကြက်သရေ ရှိတော် မူပေသော။ အာစရော၊ ကျေးဇူးတော်သျှင်။ အရှင် ဆရာတော်ဘုရားကြီး သည်၊ သံ,သံခေပေန၊ အကျယ်အဓိပ္ပါယ် ဆက်သွယ်မဆို၊ တိုတိုလိုရင်း အကျဉ်းသင်္ခေပအားဖြင့်။ ဥာဏ တန္တိံ၊ ဝိပဿနာ ဆယ်အင်၊ ဖြစ်စင်ရုံညီ။ မြတ် တန္တိကို၊ အကရိ၊ ရေးသား ပြုပြင်စီရင်ခဲ့လေပြီ။ ။

တံ၊ ထိုဥာဏတန္တိ။ သည်းမည်ဆန်း။ မြတ်စာတန်းကို။ ဝိဇ္ဇာရေ၊ ဝိဇ္ဇာရေထ၊ အနက်အဓိပ္ပါယ်, ဆက်သွယ်သွင်းဖွဲ့။ ချဲတော်မူပါကုန်။

ဣတိ၊ ဤသို့။ ယထာစိတံ၊ ယာထာယာစိတံ၊ ဒါယကာတို့, နှစ်လိုညွတ်ညောင်း။ လျှောက်တောင်းပန်အပ်သည့်အားလျော်စွာ၊ မယာ၊ မြှိုပန်းတောင်း၌။ ကောင်းစွာမြဲရှည်။ စာပွဲယှဉ်လျှက်။ အစဉ်ပြကတော့၊ သီတင်းသုံး နေလေ့ရှိသော။ ဆုတောင်းပြည့် သမိုက်၊ ကျောင်းသစ်တိုက်ဆရာ။ မည်ရှိငါသည်။ ကထာ၊ ရေးသားပြုပြင်၊ ချဲ့စီရင်အပ်သော။ အယံ၊ ဤဝိပဿနာတန္တိ၊ သညီမည်သာ၊ ကျမ်းဋီကာသည်။ ဆဗျက္ခာတော၊ ထောင်နှစ်ရာကိုးဆယ်။ ခွန်းကယ်ခွန်နှစ်၊ သက္ကရာဇ်၌ ။ (၁၂၉၇) အဿယုဇ္ဇေ၊ သီတင်းကျွတ်ဟူစွာ၊ သံတူလ၌။ ဝါ, သံတူလ၏၊ ဇုဏှပက္ခ,ဒသာဒိနေ၊ စန်းလပေါ်တက်၊ ဆန်းဆယ်ရက်၌။ နိဋ္ဌိတာ၊ နှောင့်ရှက်ဘေးဒါဏ်၊ ရန်မာရ် မရှိ။ ပကတိ ရွှင်လန်း။ ငြိမ်းဇေးချမ်းလျှက်။ ဆုံးခန်းတိုင်မြောက်။ အပြီးသို့ ရောက်သတည်း။ ။

ကျမ်းပြီးနိဂုမ်း-ဂါထာပါဠိအနက်ကား။

ဤတွင်-ပြီး၏။

နိဂုမ်းစကားရပ်၌၊ အထူးသတိချပ်။
မှတ်သားညွှတ်ရာ, အမှာစကား။

ဤနိဂုမ်းဂါထာ၌၊ အနိစ္စသညာစကားရပ်ကို။
ထုတ်ဆိုချီးမွမ်းအပ်သည်ကား။ ။

သေယျထာပိ ဘိက္ခဝေ၊ ကုဋာဂါရဿ။ ယာကာစိ ကာပါနသိယော၊ သဗ္ဗာတာ ကုဋနိန္နာ၊ ကုဋသမော သရဏာ။ ကုဋံတာသံ အဂ္ဂမက္ခာယတိ၊ ဧဝမေဝခေါ ဘိက္ခဝေ အနိစ္စသညာ။ ဘာဝိတာ စသော။ ။ဗုဒ္ဓဝဂ် (၁၁၄) နံပါတ်။ ခန္ဓဝဂ္ဂသံယုတ်, ပါဠိတော်ပါဌ်ကို ထောက်ရှု၍ရင်း။ ။

ကုဋံဝိယ အနိစ္စသညာ၊ ဂေါပါန သိယောဝိယ။ စာတုဘူမက။ ကုသလဓမ္မာ။ ယထာသဗ္ဗဂေါပါနသိနံ။ ကူဋံအဂ္ဂံ၊ ဇေံကုသလဓမ္မာနံ။ အနိစ္စသညာ၊ အဂ္ဂံ၊နနုစ၊ အနိစ္စသညာ၊ လောကိယာ။ သာ, လောကိယ ကုသလာနံ၊ တာဝအဂ္ဂံ ဟောတု။ လောကုတ္တရာနံ ကထံ၊ အဂ္ဂန္တိ။ တေသမ္ပိ ပဋိလာဘကရဏတ္တေန။ အဂ္ဂန္တိ ဝေဒိ တဗ္ဗာ, ပဒူ၍။ ပါဠိတော် ပြဥပမာကို။ သံသန္ဒနန္ဒ်းနှောလျက် စောဒနာတက်ခါ၊ ဖွင့်ဆိုအပ်သော (၂၉၇)နံပါတ်လာ။ ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာပါဌ်ကို၊ ထောက်ရှု၍ ရင်း။ နိဂုမ်း ဂါထာပါ စကားရပ်ကို။ ဖွဲ့ဆိုအပ်သည် ဖြစ်ရကား။ ။ အနိစ္စသညာ, ဘာဝိတာဖြစ်သော။ လောကီကာမ ကုသိုလ်၏။ လောကုတ္တရာမဂ် ကုသိုလ်တို့ထက်။ အဂ္ဂဖြစ်ခြင်း၌၊ တိုက်ရိုက် ဟောကြား ဖွင့်ဆိုအပ်သော။ ပါဠိအဋ္ဌကထာ၊ ကျမ်းလာစကား ဖြစ်ချေတကားဟု ယုံမှားခြင်းမှကင်းစေလျက်။ ယင်းအနိစ္စ သညာကို။ ပွါးသောအခါ လည်း။ ပဋ္ဌမာနိမဟာရာဇ, ပဓါနိယင်္ဂါနှ၊ စသည်ဖြင့်။ ကောသလမင်း မြတ်အားရင်း။ ဗောဓိရာဇမင်းသားအားရင်း။ ဟောကြားတော် မူသည့် အတိုင်း။ ဘုရားသျှင်၏ ဗောဓိဉာဏ်ကို ယုံကြည်ခြင်း သဒ္ဓါတပါး။ ။ မျှသော ကမ္မဇတေဇော, ဓာတ်မီးရှိသည့်ဖြစ်၍။ အချမ်း အပူတို့မှ၊ မကြောက်ရွံ့ဘဲ။ ဆင်းရဲမဲ့စွာ၊ အနာရောဂါ မရှိခြင်းဟူသော၊ အပ္ပါ ဗာဓတပါး။ ။ဆရာဖြစ်သော မြတ်စွာဘုရား၌ရင်း။ ပညာရှိသိတင်း သုံးဘော်တို့၌ရင်း။ ဟုတ်မှန်တိုင်း၊ မိမိကိုယ်ကို၊ ထင်စွာ ပြုသဖြင့်။ ကောက်ကျစ်စဉ်းလဲမှုမရှိခြင်း၊ အသဌ အမာယာဝီ တပါး။ ။အကု

သိုလ်တရားတို့ကို ပယ်ခြင်း။ ကုသိုလ်တရားတို့ကို။ ပြည့်စုံစွာ ဆည်းဘူးခြင်း၄၊ မြဲမြံသောလုလ္လအား အစွမ်းရှိသည်ဖြစ်၍။ ကုသိုလ်တရားတို့၌။ မချသော ဝန်ရှိခြင်း ဟူသော၊ ဝီရိယတပါး။ ။ဖြစ်ခြင်းပျက်ခြင်းကို ပိုင်းခြားလျက်၊ မဖေါက်မခွဲ ဘူးသေးကုန်သော။ လောဘတုံးစသည်တို့ကို ဖေါက်ခွဲဖြိုဖျက်၍။ တဒင်္ဂအစွမ်းဖြင့်။ ကိလေသာ ဒုက္ခအပေါင်း၏။ ကုန်ခြင်းသို့ရောက်စေခြင်း၄၊ စွမ်းနိုင်သော။ဖြူစင်သော, ဝိပဿနာပညာနှင့်၊ ပြည့်စုံခြင်းဟူသော၊ ပညာရှိခြင်းတပါး။ ။ဤသို့ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ခြင်း။ လုလ္လရှိသော ယောဂီ၏ ပဓါနိယအင်္ဂါငါးပါးကို၊ ပြည့်စုံစေ၍။ အနိစ္စသညာကို ပွါးအပ်၏ဟု, သတိပြု။ ထိုစကားမှန်၏။ ။ထို ပဓါနိယ အင်္ဂါငါးတန်မှ။ ဖေါက်ပြန် ချွတ်ယွင်းသောအားဖြင့်။ သဒ္ဓါတရားကင်းမဲ့သော။ အသဒ္ဓပုဂ္ဂိုလ်။ အနာရောဂါများသော၊ ဗဟွာဗာဓပုဂ္ဂိုလ်။ မဖြောင့်မစင်း၊ ကောက်ကျစ်စဉ်းလဲးလှည့်ပတ်ခြင်းရှိသော။ သဌမာယာဝီပုဂ္ဂိုလ်။ ပျင်းယိသော၊ ကုသိတပုဂ္ဂိုလ်။ ပညာနည်းပါးသော၊ ဒုပ္ပည ပုဂ္ဂိုလ်, ဟူသမျှသည်။ ဈာန်မဂ်ဖိုလ်ရောက်အံ့သော အကြောင်းသည်။ အလျှင်းမရှိဟူ၍၊ ဘုရားရှင်တားမြစ်တော်မူချေသည်။ ထို့ကြောင့်။ မဇ္ဈိမပဏ္ဏာသ, ပါဠိတော်ကဏ္ဏကတ္ထလသုတ် (၃၁၇) နံပါတ်၌။ ။

အသဒ္ဓေါ၊ ဗဟွာဗာဓော။ သဌောမာယာဝီ၊ ကုသိတော၊ ဒုပ္ပညော၊ ပါပုဏိဿတီတိ၊နေတံဌာနံဝိဇ္ဇတိ။ ။ဟူ၍။ ကောသလမင်းမြတ်အားဟောကြားတော်မူအပ်၏။ ။

အသဒ္ဓေါ၊ ငါဘုရား၏၊ ဗောဓိဉာဏ်၌၊ ယုံကြည်ခြင်း သဒ္ဓါကင်းမဲ့သောပုဂ္ဂိုလ်သည်၎င်း။ 'ဗဟွာဗာဓော၊ အနာရောဂါများသော ပုဂ္ဂိုလ်သည်၎င်း။ သဌော၊ ကောက်ကျစ်စဉ်းလဲးသော။ မာယာဝီ၊ လှည့်ပတ်သောပုဂ္ဂိုလ်သည်၎င်း။ ကုသိတော၊ ပျင်းရိသော ပုဂ္ဂိုလ်သည်၎င်း။ ဒုပ္ပညော၊ ပညာနည်းပါးသော၊ ဒုပ္ပညပုဂ္ဂိုလ်သည်၎င်း။ ပါပုဏိဿတိ၊ ဈာန်မဂ်ဖိုလ်သို့ရောက်လတ္တံ့။ ဧတံဌာနံ၊ ဤသို့သော အကြောင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ။ဤသို့အနက်ယောဇနာ။ ။

ဤဒေသနာတော်ကို ထောက်ရှု၍။ ဝိပဿနာအရာ၌။ မဂ်ဖိုလ်သို့ရောက်ကြောင်းဖြစ်သော။ ကောင်းမြတ်သော၊ ပဓါနိယအင်္ဂါ, ငါးပါး

တရားကို။ မိမိတို့၏ ကိုယ်တွင်း သန္တာန်၌ တည်ထား ရှိစေလျက်။ ပွါးများနိုင်ပါမှ၊ မဂ်ဖိုလ်၏ ပဋိလာဘ။ အကြောင်း ဖြစ်သည်ကိုလည်း။ ဉာဏ်သတိပြု။ ထို့ကြောင့်၊ ယခုကာလ, ရူပဿနာ ကထိက။ ဆရာ တပည့် အလုံးစုံတို့သည်။ ပဟာတော် မူအပ်သော။ ပဓါနိယ အင်္ဂါ အတိုင်း။ ဖြောင့် စင်း တည့် မတ် စွာ။ လိုက် နာ နိုင်ကြ ပါ စေ ကုန် သတည်း။ ။

နိဂုမ်းစကားရပ်၌၊ အထူးသတိချပ်။
မှတ်သားဘွယ်ရာ, အမှာစကား။
ဤတွင်-ပြီး၏။